ရန်ကုန်မြို့

## ထူးကြီးဆရာတော်

ဟောကြားအပ်သော

# မဟာအဿပုရသုတ္တန်

## ပါဠိတော်ဟောစဉ်
## ဝိပဿနာရှုနည်းကျမ်း

ဓမ္မဒါန



၂၁၄၂၄

ရန်ကုန်မြို့

## ထူးကြီးဆရာတော်

## အရှင်ဝဏ္ဏိဿရမထေရ်

ဟောကြားအပ်သော

# မဟာအဿပုရသုတ္တန်

## ပါဠိတော်ဟောစဉ်

# ဝိပဿနာရှုနည်းကျမ်း

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၇၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

၁၃၄၀-ခု (သာသနာ ၂၅၂၂) ၁၉၇၈-ခု

H 667—A [ဟံသာဝတီ]

မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ်
ဝိပဿနာရှုနည်းကျမ်း
ပုံနှိပ်ခြင်း

**ပထမအကြိမ်** ၁၉၇၀-ခု၊ ဇူလိုင်လ

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၁၀၉၉၆)

**စာအုပ်ရေ** ၃၀၀၀

**စာတည်းစာပြင်** (ဓမ္မာစရိယ) ဆရာဦးခင်စိုး၊ ဦးသိန်းဟန်၊ ဦးထွန်းအောင်


**ထုတ်ဝေသူ** ဦးအောင်ကြည်၊ ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ်
(၀၄၅၄၁) ၁၄၇-မြန်မာ့ဂုဏ်ရည်လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဇော်ဝင်း (၀၁၄၀၅) ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ဒေါ်ငွေတင်၊ သုံးသုံးလုံး၊ လှဲ့စွလမ်း။

**မျက်နှာဖုံး** ကာလာမောင်ဝင်း၊ ရေကျော်။

**ဒီဇိုင်း** ဆရာဦးအေးတင်၊ ၃၇၀-၁၆-အနော်ရထာကင်း။



ရန်ကုန်မြို့ ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိဿရမထေရ်

မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ်
ဝိပဿနာရှုနည်းကျမ်း

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

* နိဒါန်း

**မဟာအဿပုရသုတ္တန်-ပဌမပိုင်း**

တရားပလ္လင်ခံနှင့် ဘုရားရှိခိုး .... ၁
သုတ္တန်နိဒါန်း .... ၃
ရဟန်းဟုလူတွေကသိနေကြခြင်း .... ၄
ရဟန်းဟုဝန်ခံလျှင် ရဟန်းဖြစ်အောင်ကျင့်ရန် .... ၅
နိဂုံးသားတို့၏ သာသနာကြည်ညိုပုံ .... ၆
ရဟန်းတရားကျင့်မှ ဒါယကာများအကျိုးရှိမည် .... ၈
မမြဲသော ရဟန်းအဖြစ် .... ၉
သိက္ခာသုံးပါးအကျင့်တရား .... ၁၁
သိက္ခာသုံးပါးကို ကျင့်ပုံကျင့်နည်း .... ၁၄
နွားယောင်ဆောင်သောမြည်း ဥပမာ .... ၁၅
အကျင့်သိက္ခာမရှိဘဲ ရဟန်းယောင်ဆောင်သူ .... ၁၇
ရဟန်းဖြစ်ကြောင်းတရားများ .... ၂၁
ဟိရီနှင့် ဩတ္တပ္ပ အကျယ်ဝေဘန် ဟောကြားချက် .... ၂၁
ဟိရီနှင့်ဩတ္တပ္ပအထူး .... ၂၂
ရှက်ခြင်းအကြောင်းလေးပါး .... ၂၂
ကြောက်လန့်ခြင်းအကြောင်း .... ၂၆
အလေးဂရုပြု၍ ရှောင်ကြဉ်ပုံ .... ၂၇
လောကကို အလေးဂရုပြုပုံ .... ၃၁

**မဟာအဿပုရသုတ္တန်-ဒုတိယပိုင်း**

တရားအချီး .... ၃၄
ဟိရီ, ဩတ္တပ္ပမည်ပုံတနည်း .... ၃၆
ဟိရီ၏ အမျိုးကောင်းသမီးနှင့် တူပုံ .... ၃၆
ဩတ္တပ္ပ၏ ပြည့်တန်ဆာနှင့်တူပုံ .... ၃၆
ဟိရီ၏ ကျင်ကြီးစွန့်သူဥပမာ .... ၃၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သြတ္တပ္ပ၏ သံတွဲဥပမာ | .... | ၃၈ |
| ရှက်ခြင်း၏ အကြောင်းလေးပါး | .... | ၃၉ |
| ကြောက်ခြင်းအကြောင်း လေးပါး | .... | ၄၀ |
| ရှက်ကြောက်ခြင်း၏ အကျိုးတရားများ | .... | ၄၀ |
| လောကပါလတရား | .... | ၄၂ |
| ဟိရီ, သြတ္တပ္ပမရှိသူ တိရစ္ဆာန်ဥပမာ | .... | ၄၄ |
| ဒေဝဓမ္မတရားမည်ပုံ | .... | ၄၅ |
| နတ်သုံးမျိုး | .... | ၄၆ |
| ဒေဝဓမ္မဇာတ်ကို ဟောတော်မူခြင်း အကြောင်း | .... | ၄၇ |
| ပစ္စည်းများသောရဟန်း | .... | ၄၈ |
| သင်္ကန်းသုံးထည်သာ ဘုရားခွင့်ပြု | .... | ၄၉ |
| ဘုရားရှင်၏ ဆုံးမချက် | .... | ၅၀ |
| ကိုယ်ရုံသင်္ကန်းကို စွန့်ခွာ၍ ဘုရားအားနှုတ်လှုံထိုးသောရဟန်း | .... | ၅၂ |
| ဒေဝဓမ္မဇာတ်ဝတ္ထု | .... | ၅၄ |
| မင်းသားသုံးယောက်လုံး တောထဲသို့သွားခြင်း | .... | ၅၇ |
| သူရိယကုမာရမင်းသားအား ဘီလူးဖမ်းခြင်း | .... | ၅၈ |
| စန္ဒကုမာရမင်းသားအား ဘီလူးဖမ်းခြင်း | .... | ၅၉ |
| ဒေဝဓမ္မတရားကို ဖြေဆိုနိုင်သည့် မင်းသား | .... | ၆၁ |
| ဘီလူးကြီးဝမ်းမြောက်ခြင်း | .... | ၆၂ |
| မင်းသားနှစ်ဦးကို ဘီလူးက ပြန်ပေးခြင်း | .... | ၆၃ |
| ဟိရီ, သြတ္တပ္ပမရှိလျှင်တရား ၆-မျိုး ပျက်စီးခြင်း | .... | ၆၄ |
| အကုသိုလ်ဖြစ်မည်, ကုသိုလ်ပျက်စီးမည်ကိုတွေး၍ မကြောက်လန့်သူ | .... | ၆၇ |
| သစ္စာလေးပါးကို မသိထိုက်သူ | .... | ၆၈ |
| နစ္စဇာတ်ဝတ္ထု | .... | ၆၉ |
| ကိုယ်ရုံနှင့်သင်းပိုင်ကို ချွတ်၍ရပ်သောရဟန်း | .... | ၆၉ |
| အရှက်ကင်းသောရဟန်း၏ အတိတ်ဝတ္ထု | .... | ၇၁ |


## မဟာအဿပုရသုတ္တန်-တတိယပိုင်း


| | | |
|---|---|---|
| ဟိရီ,သြတ္တပ္ပပြည့်စုံရုံနှင့် မတင်းတိမ်သင့်ပုံ | .... | ၇၅ |
| စင်ကြယ်သော ကိုယ်အမူအရာစသည်ကို ဆက်လက်ကျင့်ရန် | .... | ၇၈ |

## မာတိကာ




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သာမညနှင့် သာမညတ္တနှစ်မျိုး | .... | ၇၈ |
| မဂ္ဂင်ရှစ်ပါးနှင့် သိက္ခာသုံးပါးယှဉ်တွဲပုံ | .... | ၇၉ |
| အဓိသီလသိက္ခာ | .... | ၈၀ |
| အဓိစိတ္တသိက္ခာ | .... | ၈၀ |
| အဓိပညာသိက္ခာ | .... | ၈၁ |
| မဂ်ဖိုလ်တရားသည် သာမညတ္တ | .... | ၈၁ |
| မစင်ကြယ်သော ကိုယ်အမူအရာ | .... | ၈၃ |
| ဘိက္ခုဟု ခေါ်ဆိုခြင်းအကြောင်း | .... | ၈၄ |
| မစင်ကြယ်သောကိုယ်အမူအရာ | .... | ၈၆ |
| မှိုဝဲအပ်၊ မမှိုဝဲအပ်သောကိုယ်အမူအရာ | .... | ၈၈ |
| ကြည့်မှန်ဥပမာ | .... | ၉၀ |
| မိမိကိုယ်ကိုမမြှောက်ပင့်၊ သူတပါးကို မရှုတ်ချရန် | .... | ၉၀ |
| နှုတ်အမူအရာစင်ကြယ်ရခြင်း | .... | ၉၃ |
| မုသာဝါဒလေးမျိုးနှင့် အနရိယဝေါဟာရရှစ်မျိုး | .... | ၉၄ |
| ထေ့ငေါ့လှောင်ပြောင်ရှင်မြူးလိုသောစကားကိုပင် မပြောဆိုရခြင်း | .... | ၉၆ |
| မုသားပြောလေ့ရှိသူသည် မပြုလုပ်သော အကုသိုလ်မရှိ | .... | ၉၈ |
| မုသားစကားနှင့် မဂ်ဖိုလ်အကျိုးကို ရေခွက်ဥပမာဖြင့် ဟောတော်မူခြင်း | .... | ၉၈ |
| စိတ်အမူအရာစင်ကြယ်ရပုံ | .... | ၁၀၂ |
| အသက်မွေးမှုစင်ကြယ်ရပုံ | .... | ၁၀၄ |
| ရဟန်းတော်များ၏နှုးညံ့လှသောကျင့်ဝတ်များ | .... | ၁၀၄ |
| သိမ်းဆည်းသုံးဆောင်လျှင် အာဇီဝမစင်ကြယ်ပုံ | .... | ၁၀၇ |
| အရိပ်အမြွက်မျှမပြောအပ် | .... | ၁၀၇ |
| အာဇီဝပျက်ခြင်းကြောင့် သင့်သောအာပတ် ၆-မျိုး | .... | ၁၀၉ |
| ဘေသဇ္ဇသိက္ခာပုဒ်ကိုပညတ်တော်မူခြင်း | .... | ၁၁၁ |
| ရှင်ဘုရင်နှစ်ပါးတောထွက်ခြင်း အတိတ်ဝတ္ထု | .... | ၁၁၂ |
| ဆားတပွင့်နှစ်ပွင့်သိမ်းဆည်းမိ၍ ရသေ့နှစ်ပါးငြင်းခုံကြပုံ | .... | ၁၁၃ |
| ဩဝါဒပေးခြင်းသည် ဘုရားလမ်းစဉ် | .... | ၁၁၆ |
| နည်းနာမခံယူပဲကျင့်သူသည် ကျဲကန်းအကျင့် | ... | ၁၁၉ |
| အာဇီဝပါရိသုဒ္ဓိနှင့် အရှင်သာရိပုတ္တရာဝတ္ထု | .... | ၁၂၀ |

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နို့ဆနာဖြင့် လေနာပျောက်ကူးခြင်း | .... | ၁၂၁ |
| ရွာသူကြီးသားနတ်ပူးခြင်း | + | ၁၂၂ |
| မသုံးဆောင်ထိုက်သောနို့ဆနာ | .... | ၁၂၄ |
| အာဇီဝပါရိသုဒ္ဓိဖြင့် လေနာရောဂါပျောက်ခြင်း | .... | ၁၂၄ |
| အသက်သေလျှင်သေစေ အာဇီဝအပျက်မခံ | .... | ၁၂၅ |

### မဟာအဿပုရသုတ္တန်-စတုတ္ထပိုင်း

| | | |
|---|---|---|
| အနုသန္ဓိတကထာ | .... | ၁၂၇ |
| ဣန္ဒြေ ၆-ပါးကို လုံခြုံစွာစောင့်ရှောက်ခြင်း | .... | ၁၂၉ |
| စက္ခုန္ဒြေကို သတိဖြင့်စောင့်ရှောက် | .... | ၁၃၀ |
| စက္ခုတံခါးပေါက်မှ လောဘ,ဒေါသဝင်နိုင်ခြင်း | .... | ၁၃၁ |
| တံခါးပွင့်လျှင်လုယက်ဖျက်ဆီးခံရမည် | .... | ၁၃၃ |
| မျက်စိကိုသံပူဖြင့်ထိုးသည်ကမြတ်ပုံ | .... | ၁၃၃ |
| ဣန္ဒြေလုံခြုံ၍ရဟန္တာဖြစ်ပုံသာဓက | .... | ၁၃၅ |
| သတ္တဝါမှန်သမျှအရိုးစု | .... | ၁၃၆ |
| ကျား-မဟူ၍မမြင်၊ အရိုးစုသာမြင်သောရဟန်း | .... | ၁၃၇ |
| ရာဂမီးလောင်ခံရသောဝင်္ဂီသမထေရ်အကြောင်း | .... | ၁၃၉ |
| အသုဘနိမိတ်ရှုပွား၍ရာဂမီးပျောက်ပုံ | .... | ၁၄၀ |
| သုဘာထေရီနှင့်အရက်သမား | .... | ၁၄၁ |
| မျက်လုံးကိုချွတ်ပေးခြင်း | .... | ၁၄၂ |
| စက္ခုန္ဒြေရှိ၍ကျော်ကြားသောရဟန်းတပါး | .... | ၁၄၃ |
| ရှင်ဘုရင်က ပင့်၍မရ | .... | ၁၄၄ |
| သားသည်အမေဟူသရွေ့နို့များကိုချိပ်ပိတ်ခြင်း | .... | ၁၄၅ |
| မထေရ်ကြီးနန်းတော်ကြွခြင်း | .... | ၁၄၆ |
| တောအရပ်သို့ပြန်ကြွခြင်း | .... | ၁၄၇ |
| မယ်တော်၏ရောဂါကိုသစ္စာတည်းဟူသော ဆေးဖြင့်ကုသောမဟာမိတ္တမထေရ် | .... | ၁၄၈ |
| သစ္စာအရာမှတ်စရာဇာတ်ဝတ္ထု | .... | ၁၅၀ |
| မိမိ၏မကောင်းသောအကျင့်ကိုပင်အမှန်ဖွင့်ဟဆိုခြင်းကြောင့် ရောဂါပျောက်ပုံ | .... | ၁၅၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **မဟာအဿပုရသုတ္တန်-ပဥ္စမပိုင်း** | | |
| ရှေ့နောက်စကားအဆက်အစပ်ကိုပြဆိုခြင်း | .... | ၁၅၄ |
| ဆက်လက်ကျင့်ရန်တရား | .... | ၁၅၇ |
| စားသောက်ဖွယ်၌ပညာဖြင့်ဆင်ခြင် ၍မှီဝဲခြင်း | .... | ၁၅၈ |
| ဆင်ခြင်ပုံပဋိက္ခေပအင်္ဂါ ၄-ပါး | .... | ၁၆၀ |
| စားပိုးနှင့်သေသောရဟန်းနှင့်သုကဇာတ် | .... | ၁၆၁ |
| အသက်တိုကြောင်းတရားငါးပါး | .... | ၁၆၃ |
| ရှာဖွေ-ခံယူ-သုံးဆောင်သည့်အခါအပြစ်ကင်းအောင်လုပ်ရန် | .... | ၁၆၄ |
| အာဟာရ၌စက်ဆုပ်ဖွယ်ဟုဆင်ခြင်ပုံ | .... | ၁၆၆ |
| ခွေးအန်ဖတ်ပမာ | .... | ၁၆၇ |
| ကိုယ်ဟောတဲ့တရားကိုယ်ကြားဘို့လိုပုံ | .... | ၁၆၉ |
| ဘောဇနေမတ္တညူ၌ပမာဏနှစ်မျိုး | .... | ၁၆၉ |
| အလှူခံယူရာ၌သိဖွယ်သုံးရပ် | .... | ၁၇၀ |
| အလှူခံယူရမည့်ပမာဏသုံးရပ် | .... | ၁၇၁ |
| နည်းနည်းသာအလှူခံသောပုဂ္ဂိုလ်၏အကျိုးတရား | .... | ၁၇၃ |
| ဘောဇဉ်၌ ဓာတ်အနေအားဖြင့်ဆင်ခြင်ပုံ | .... | ၁၇၅ |
| လှည်းအိုကြီးဥပမာ | .... | ၁၇၅ |
| ခန္ဓာကိုယ်နှင့်စားသောက်ဖွယ်တို့အချင်းချင်းမသိကြပုံ | .... | ၁၇၆ |
| ပဋိက္ခေပအင်္ဂါလေးချက်ကိုမပယ်လျှင် ဝင်လာမည့် အကုသိုလ်များ | .... | ၁၇၇ |
| မှီဝဲရမည့်ဂဟေတဗ္ဗအင်္ဂါ အဋ္ဌကထာဖွင့်ဆိုချက်များ | .... | ၁၈၀ |
| ပုတ္တမံသူပမသုတ်အမြွက် | .... | ၁၈၁ |
| မိမိ၏သားကိုသတ်စား မပျော်ပါးနိုင်သလို | .... | ၁၈၁ |
| အကျိုးသုံးပါးကိုပြဆိုချက် | .... | ၁၈၄ |
| **မဟာအဿပုရသုတ္တန်-ဆဋ္ဌမပိုင်း** | | |
| ဘုရားရှိခိုးခြင်း၏ရည်ရွယ်ချက် | .... | ၁၈၅ |
| စကားအဆက်အစပ်ကိုပြဆိုချက် | .... | ၁၈၅ |
| တင်းတိမ်ကျေနပ်မနေရန်ဟောကြားချက် | .... | ၁၈၇ |
| ဆက်လက်ကျင့်သုံးရန် ဇာဂရိယာနုယောဂတရားများ | .... | ၁၉၀ |
| နေ့နှင့်ညကို၆-ပုံပုံ ၁-ပုံသာအိပ်ရပုံ | .... | ၁၉၁ |
| အိပ်ချိန်နှင့်အိပ်နည်း | .... | ၁၉၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အိပ်ခြင်းလေးမျိုး | .... | ၁၉၃ |
| ဇာဂရိယာနုယောဂမှတဆင့်တက်ပုံ | .... | ၁၉၇ |
| သတိသမ္ဗောဇ္ဈင်တရားများ | .... | ၁၉၈ |
| သမ္ဗောဇ္ဈင်တရား ၇-ပါး | .... | ၂၀၁ |
| တိရစ္ဆာန်တို့သိပုံကဲ့သို့သောအသိမျိုးသည်သမ္ဗောဇ္ဈင်မဖြစ် | .... | ၂၀၂ |
| အတ္တသညာကိုမစွန့်လျှင်ဝိပဿနာမဖြစ် | .... | ၂၀၃ |
| လှုပ်ရှားမှုမှန်သမျှဝါယောကာယ | .... | ၂၀၄ |
| လှေနှင့်မြွားပြေးသွားကြသည့်ဥပမာ | .... | ၂၀၆ |
| ဝါယောရုပ်အကြောင်း၌သဏ္ဌာန်ကွဲပြားပုံ | .... | ၂၀၈ |
| ယန္တရားရုပ်ဥပမာ | .... | ၂၀၉ |
| သွားမှုရပ်မှုစသည်တို့သည် စိတ်နှင့်ဝါယောဓာတ်<br>စသည်တို့ကြောင့်ဖြစ်ပုံ | .... | ၂၁၀ |
| သမ္ဗောဇ္ဈင်တရားလေးပါး | .... | ၂၁၂ |
| စိတ်တမျိုးဖြစ်ပေါ်လာလျှင် စိတ်တမျိုးချုပ်ပျောက်ပုံ | .... | ၂၁၄ |
| **မဟာအဿပုရသုတ္တန်- သတ္တမပိုင်း** | | |
| သတိသမ္ဗောဇ္ဈင်တရားမျှနှင့် ကျေနပ်မနေရန် | .... | ၂၁၆ |
| ဆိတ်ငြိမ်ရာအရပ် ၉-ပါး | .... | ၂၁၈ |
| ဟိရီ, ဩတ္တပ္ပမှစ၍ အဆင့်ဆင့်တက်ပုံများ | .... | ၂၁၉ |
| လူများနှင့်ကင်းအောင်နေရန် | .... | ၂၂၁ |
| ကြောက်မက်ဖွယ်ဘေးရန်ငါးမျိုး | .... | ၂၂၂ |
| ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ဘုရား | .... | ၂၂၃ |
| ဘေးရန်ငါးမျိုးကိုမကြောက်ရ | .... | ၂၂၄ |
| ကာကွယ်ရန်လက်နက်ခြောက်မျိုး | .... | ၂၂၅ |
| သုညာဂါရ ၂-မျိုး | .... | ၂၂၆ |
| ကာလသုညာဂါရအခိပ္ပါယ် | .... | ၂၂၇ |
| ဆိတ်ငြိမ်သောအခါတရားအားထုတ် | .... | ၂၂၈ |
| အဘိဇ္ဈာကိုပယ်ခြင်း | .... | ၂၂၉ |
| ဒေါသကိုခွါ | .... | ၂၃၀ |
| ဒေါသသည်မိမိကိုအရင်ဖျက်ဆီးတတ်ခြင်း | .... | ၂၃၁ |
| ထိနမိဒ္ဓကိုစွန့် | .... | ၂၃၂ |
| ဥဒ္ဓစ္စ, ကုက္ကုစ္စနှင့် ဝိစိကိစ္ဆာကိုပယ်ပစ်ခြင်း | .... | ၂၃၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နီဝရဏတရားငါးပါးကို ဥပမာတမျိုးစီ ပြ၍ဟောပုံ | .... | ၂၃၄ |
| ကာမစ္ဆန္ဒသည်ကြွေးတင်သူဥပမာ | .... | ၂၃၄ |
| ကာမစ္ဆန္ဒကင်းလျှင်ကြွေးကင်းပုံ | .... | ၂၃၆ |
| ကုမ္ဘကာရဇာတ်ဝတ္ထုမှ ထုတ်နှုတ်ချက် | .... | ၂၃၇ |
| ခလေးနှစ်ယောက်ထား၍တောထွက်ခြင်း | .... | ၂၃၈ |
| ရောဂါစွဲသူဥပမာ | .... | ၂၄၀ |
| ထောင်ကျနေသူဥပမာ | .... | ၂၄၂ |
| အစေခံ=ကျွန်ဥပမာ | .... | ၂၄၃ |
| ခရီးဆိုးသို့ ဥစ္စာထုပ်နှင့်သွားသူဥပမာ | .... | ၂၄၄ |
| ပယ်ပြီးသောနီဝရဏတို့ကို ရှုဆင်ခြင်နေပုံ | .... | ၂၄၆ |


## မဟာအဿပုရသုတ္တန်-အဋ္ဌမပိုင်း


| | | |
|---|---|---|
| အနုသန္ဓေစကားရပ် | .... | ၂၄၈ |
| နီဝရဏပိုင်း | .... | ၂၄၉ |
| နီဝရဏတရားငါးပါး | .... | ၂၄၉ |
| ဉာဏ်မျက်စိကိုကန်းအောင်ပြုလုပ်သည့်တရားများ | .... | ၂၅၀ |
| နီဝရဏကွာအောင်ရှုဆင်ခြင်ပုံ | .... | ၂၅၁ |
| အာရမ္မဏူပစျာန်နှင့်လက္ခဏူပစျာန် | .... | ၂၅၂ |
| စျာန်အင်္ဂါငါးပါး | .... | ၂၅၃ |
| ဆန္ဒ,ပါမောဇ္ဇ,ပီတိဖြစ်ပေါ်ပုံ | .... | ၂၅၄ |
| ထူးကြီးဆရာတော်၏တရားမဟုတ် | .... | ၂၅၅ |
| ပီတိဖြစ်ပုံ | .... | ၂၅၆ |
| ပီတိငါးမျိုး၏အဓိပ္ပါယ် | .... | ၂၅၇ |
| နီဝရဏငါးပါး၏ဆန့်ကျင်ဘက်တရားများ | .... | ၂၅၈ |
| တရားငါးမျိုး ဝင်လာအောင်လုပ်၊ နီဝရဏများထွက်သွားမည် | .... | ၂၅၉ |
| ပဟာနင်္ဂအင်္ဂါနှင့်သမ္ပယုဂ်အင်္ဂါ | .... | ၂၆၀ |
| ပဌမစျာန်ဖြစ်ပုံ | .... | ၂၆၁ |
| ဆပ်ပြာမှုန့်နှင့်ရေဥပမာ | .... | ၂၆၃ |
| ဒုတိယစျာန်ဖြစ်ပုံ | .... | ၂၆၄ |
| ဝိတက်နှင့်ဝိစာရကင်းခြင်း | .... | ၂၆၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စမ်းရေအိုင်ဥပမာ | .... | ၂၆၆ |
| ပီတိခွာပုံ | .... | ၂၆၇ |
| တတိယစျာန်ဖြစ်ပုံ | .... | ၂၆၈ |
| ကြာနှင့်ရေဥပမာ | .... | ၂၆၉ |
| စတုတ္ထစျာန်ဖြစ်ပုံ | .... | ၂၇၀ |
| တကိုယ်လုံးဖြူစင်ကြည်လင်နေပုံ | .... | ၂၇၀ |
| စောင်ဖြူကိုခေါင်းမြီးခြုံသူဥပမာ | .... | ၂၇၁ |


## မဟာအဿပုရသုတ္တန်-နဝမပိုင်း


| | | |
|---|---|---|
| တရားစဉ် ပြန်လည်ဟောချက် အကျဉ်းချုပ် | .... | ၂၇၃ |
| စျာန်အင်္ဂါငါးပါးနှင့်ဝိတက်သုံးမျိုး | .... | ၂၇၄ |
| စတုတ္ထစျာန်ချမ်းသာ | .... | ၂၇၅ |
| စိတ်နူးညံ့ တည်ကြည်လာပုံ | .... | ၂၇၆ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်ပုံ | .... | ၂၇၇ |
| သံဝဋ္ဋကပ်ပတ်လုံးအမည်အနွယ်စသည်သိခြင်း | .... | ၂၇၈ |
| အဆင်းသဏ္ဌာန်အစားအစာစသည်ကိုသိခြင်း | .... | ၂၇၉ |
| ဘဝများစွာကချမ်းသာဆင်းရဲကိုသိခြင်း | .... | ၂၈၀ |
| ရုပ်နာမ်များပြားသော်လည်းခန္ဓာတစုတည်းသာ | .... | ၂၈၁ |
| ဖြစ်ခဲ့ဘူးသည့်ခန္ဓာအစဉ်ကိုဆင်ခြင်ပုံဥပမာ | .... | ၂၈၃ |
| သတ္တဝါတို့၏စုတိနှင့်ပဋိသန္ဓေကိုသိခြင်း | .... | ၂၈၄ |
| သတ္တဝါတို့၏လားရာဘုံဘဝကိုသိခြင်း | .... | ၂၈၆ |
| ဒုစရိုက်ရှိသူသည်ဒုဂ္ဂတိဘုံသို့ | .... | ၂၈၇ |
| သုစရိုက်ရှိသူသည်သုဂတိဘုံသို့ | .... | ၂၈၈ |
| အထက်တန်းစိတ်နှင့်အောက်တန်းစိတ် | .... | ၂၈၉ |
| ဒိဗ္ဗစက္ခုဉာဏ်နှင့်အိမ်နှစ်လုံးဥပမာ | .... | ၂၉၁ |
| အာသဝက္ခယဉာဏ် | .... | ၂၉၂ |
| သတ္တဝါနှင့်ပဋိစ္စသမုပ္ပါဒ် | .... | ၂၉၃ |
| ကမ္မနှင့်ဝိပါက-အကြောင်းအကျိုး ဆက်စပ်ဖြစ်မှုအစဉ် | .... | ၂၉၄ |
| အကြောင်းအကျိုး ဆက်သွယ်ပုံ | .... | ၂၉၅ |
| ဝိပဿနာဉာဏ်ပွားပုံ | .... | ၂၉၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လက္ခဏာယာဉ်သို့တင်ပုံ | .... | ၂၉၇ |
| သစ္စာလေးပါးသို့ ဆိုက်ရောက်လာပုံ | .... | ၂၉၇ |
| အာသဝတရားတို့မှ လွတ်မြောက်ခြင်း | .... | ၂၉၉ |
| သမဏဟု ခေါ်ဆိုထိုက်သူ | .... | ၃၀၀ |
| အကုသိုလ်တရားတို့ ငြိမ်းအေးပြီးသူ | .... | ၃၀၀ |
| သုတ္တန်နိဂုံး | .... | ၃၀၁ |
| * အက္ခရာစဉ်အညွှန်း | | |



**မဟာအဿပုရသုတ္တန် ပါဠိတော် ဖော်စဉ်**
**(ကျမ်းဦးမှတ်ဘွယ်)**

# နိဒါန်း

## သေမင်းတမန်သတိဖန်

အမောင်လူသား....သင်သည် လူ့ပြည်လူ့ဘဝမှာ ဖြစ်နေစဉ်တုန်းက ခါးကုန်းပြီး တောင်ဝှေးကိုအားထားလျက် တုန်တုန်ရီရီနှင့် သွားရသော ဆံဖြူသွားကျိုး ကိုယ်သားကိုယ်ရေတွန့်လိပ်လျက် အသက် ၈၀-၉၀-၁၀၀-ခန့်ရှိသော **အဘိုးအဖွား** ကိုငင်း၊ သို့မဟုတ်-

အနာရောဂါ ပြင်းပြင်းထန်ထန် နှိပ်စက်ခံနေရသဖြင့် ကျင်ကြီး ကျင်ငယ်ပေပေကျံကျံနှင့် အိပ်နေရသော, သူတပါးထူပေးမှ ထနိုင် ရွေ့ရှားနိုင်သော **လူနာ**ကိုငင်း၊ သို့တည်းမဟုတ်-

ရုပ်ပျက်ဆင်းပျက် ညိုမဲဖူးရောင်ကာ ရွံစရာ အပုပ်ရည်များ ယိုစီးနေသော **လူသေကောင်**ကိုသော်ငင်း အသင်လူသားသည်မြင်ခဲ့ဘူးပါသလော-

အရှင်မင်း**ကြီး**....အကျွန်ုပ် မြင်ခဲ့ဘူးပါသည်။

အသင်လူသား....ထိုသို့ သင် မြင်ဘူးသောအရွယ်သည် စဉ်းစားတွေးခေါ်နိုင်းချိန်တတ်သောအရွယ်, သိကြားလိမ္မာသောအရွယ် ဖြစ်နေပါလျက်"ငါသည်လည်း ထိုကဲ့သို့ပင် အိုရ နာရ သေရမည်ကား အမှန်ပင်ဖြစ်ချေသည်၊ငါသည် ယခုပင်လျှင် ကိုယ် နှုတ် စိတ်တို့ဖြင့် ကောင်းမှုတခုခုကို ပြုလုပ်မှဖြစ်တော့မည်"ဟူသော အတွေးအခေါ် အကြံအစည်သည် မဖြစ်ခဲ့ဘူးလော-

အရှင်မင်း**ကြီး**....အကျွန်ုပ်သည် အမှုမဲ့အမှတ်မဲ့ ဖာသိဖာသာ နေခဲ့မိသဖြင့် ကောင်းမှုပြုရန် မေ့လျော့ခဲ့မိပါသည်။

**ပမာဒ၏အပြစ်** အသင်လူသား....သင်သည် ကာယကံသုံးပါးဖြင့် သော်ငင်း, ဝစီကံလေးပါးဖြင့်သော်ငင်း, မနောကံသုံးပါးဖြင့်သော်ငင်း ကုသိုလ်ကောင်းမှုများကို မပြုလုပ်ခဲ့ချေ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တည်းဟူသော မကောင်းမှုမျိုးကိုသာ သင်ပြုမိခဲ့ချေပြီ၊သင်ပြုမိခဲ့သော ထိုမကောင်းမှုကို သင်၏အမိအဘ ညီအကိုမောင်နှမတို့က ပြုလုပ်ပေးကြသည်မဟုတ်၊သင်၏ **သားသမီး** အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကလည်း ပြုလုပ်ပေးကြသည်မဟုတ်၊ထိုမကောင်းမှုကို သင်ကိုယ်တိုင်ပင် ပြုလုပ်ခဲ့သည်အတွက် မကောင်းကျိုးကို သင်ကိုယ်တိုင် ခံစားရပေတော့မည်။

အထက်ပါ အမေးအဖြေစကားတို့ကား မကောင်းမှုကံ တခုခုကြောင့် ငရဲရောက်၍ ငရဲထိန်းတို့က ဖမ်းဆီးခေါ်ဆောင်ပြီး ထိုက်သင့်သောအပြစ် ဒဏ် ပေးရန်အတွက် ယမမင်းထံ ပြသ ပြောဆိုလာသဖြင့် ယမမင်းက အကျဉ်းသားအား မေးမြန်းစစ်ဆေး ပြောဆိုပုံကို ဘုရားဟောတော်မူသည့် တိကင်္ုတ္တိုရ်ပါဠိတော် ဒေဝဒူတသုတ်မှ ထုတ်နုတ်၍ အကျဉ်းဖော်ညွှန်းပြသ ခြင်းဖြစ်ပါသည်၊ ဥပရိပဏ္ဏာသ၌မူ ကလေးသူငယ်နှင့် မင်းဒဏ်မင်းပြစ်ခံရသူ ၂-မျိုးထည့်၍ နတ်တမန်ငါးမျိုးအဖြစ် ဘုရားဟောတော်မူပါသည်။

သတ္တလောက၌ လူသားအချို့တို့သည် နေ့စဉ်နှင့်အမျှ နံနက်အိပ်ရာထမှ ညအိပ်ရာဝင်သည့်အထိ မကောင်းမှုကံ သုံးပါးတို့နှင့်သာလျှင် လုံးထွေးလျက် နေ့တွေ လတွေ နှစ်တွေ ကုန်ခန်းကာ မိမိတို့လူ့ဘဝ ဝတ်စားနေထိုင်မှုအဝဝ ကို ပြုလုပ်ဖန်တည်းနေကြရသည်၊ ကောင်းမှုပြုလုပ်ဘို့ရန်ကိုမူကား ပေးသမျှ ရသမျှ အခွင့်အခါ အခြေအနေလေးကိုပင် အလဟဿ ပြုန်းတီးစေလျက် အမှုမဲ့အမှတ်မဲ့ နေခဲ့ကြ၏၊ မေ့လျော့ခဲ့ကြ၏။

သို့ဖြစ်၍ လောက လူသားတို့သည် အပ္ပမာဒတရားကို လက်မလွှတ်ပဲ ကာယကံ အကုသိုလ်, ဝစီကံအကုသိုလ်, မနောကံအကုသိုလ် ဒုစရိုက်များကို ပယ်ရှားလျက် ကုသိုလ်သုစရိုက်တရားများကိုသာ တနေ့ထက်တနေ့ ကြိုးစား ပွားများ အားထုတ်ရပါမည်။

မှန်ပါသည်၊မြတ်စွာဘုရားသည် ဧကင်္ုတ္တိုရ်အဋ္ဌကထာသဿတဝဂ်၌“ရဟန်း တို့....မဖြစ်သေးသော ကုသိုလ်တရားများဖြစ်လာရန်, ဖြစ်နေဆဲ အကုသိုလ် တရားများ ယုတ်လျော့သွားရန်အတွက် အပ္ပမာဒ ခေါ်တဲ့ သတိတရားမှလွဲ၍ အခြားတရားကို ငါဘုရားမြင်တော်မမူပေ၊ မမေ့မလျော့ပဲ သတိရှိနေသူအား မဖြစ်သေးသော ကုသိုလ်တရားတို့ဖြစ်ကုန်၏၊ ဖြစ်နေဆဲ အကုသိုလ်တို့လည်း ဆုတ်ယုတ်ကုန်၏” စသည်ဖြင့် ဟောတော်မူခဲ့သည်။

ကုသိုလ်က ဓမ္မယောဂီ သုတေသီတို့ သိသာအောင် ရှင်းလင်းပါဦး
အကုသိုလ်ကိုပယ်ခြင်း မည်၊ဤနေရာဝယ်အကုသိုလ်ကား မည်သည့်တရားကိုမျှ ပယ်ရှားဖျောက်ဖျက်နိုင်သော သတ္တိမရှိသော အဖျက် အဆီးခံ တရားစုတခုသာ ဖြစ်ပေသည်၊ ကုသိုလ်သည်ကား အကုသိုလ်ကိုပယ် ဖျက်ရာ၌ သုံးမျိုးသုံးစား ကွဲပြားလျက်ရှိသည်၊ သုံးမျိုးမှာ-ကာမကုသိုလ်ခေါ် မဟာကုသိုလ်တရားတို့သည် အကုသိုလ်ကို အခိုက်အတန့် တဒင်္ဂအနေဖြင့် ပယ်ရှားနိုင်ပါသည်၊ ရူပ,အရူပခေါ် မဟဂ္ဂုတ် ကုသိုလ်တို့သည် သမာဓိ

အားကောင်းသည်ဖြစ်၍ အတော်အတန်ကြာကြာ **ဝိက္ခမ္ဘန** အနေဖြင့် ပယ်ရှားနိုင်ပါသည်၊ လောကုတ္တရာ မဂ်ကုသိုလ်ကား အကုသိုလ် တရားများ မည်သည့်အခါမှ တဖန်ပြန်မဖြစ်အောင် အပြီးအပိုင် လက်စသတ် ယတိပြတ် **သမုစ္ဆေဒ**အနေဖြင့် ပယ်ဖြတ်နိုင်သော သတ္တိရှိပေသည်။

မဟာကုသိုလ်သည် အကုသိုလ်ကို တဒင်္ဂပယ်ရာ၌ သတိပဋ္ဌာန်တရားတော်အတိုင်း ရာဂစိတ်ဖြစ်နေသူသည် 'ငါ့အား မကောင်းသော ရာဂစိတ်ဖြစ်နေပေပြီ' ဟု ရှုပွားလိုက်လျှင်ပင် အကုသိုလ်ရာဂသည် လွင့်ပျောက်သွားပေသည်၊ ထို့အတူ ဒေါသ အကုသိုလ်ဖြစ်နေလျှင် မေတ္တာပွားပေးပါက ဒေါသ လွင့်ပျောက်သွားပေမည်၊ ဒါနစသော ကုသိုလ်ပြုရာ၌လည်း လောဘ, မစ္ဆရိယ စသော အကုသိုလ်တို့ ဝင်မလာနိုင်တော့ပေ၊ ထို့ကြောင့် တဒင်္ဂဟုဆိုရသော်လည်း ကုသိုလ်အဖြစ်များလေလေ အကုသိုလ်ပျောက်ပျက် **နည်း**ပါးလေလေ ဖြစ်သည်။

လောကဝယ် သတ္တဝါတို့၌ အကုသိုလ်အဖြစ်များနေခြင်းကား သတိလက်လွှတ် စိတ်ကိုလွှတ်ထားခြင်းကြောင့်သာဖြစ်ရာ အကယ်၍သာ သတိလက်ကိုင်မြဲခိုင်စွာထားမည်ဆိုလျှင် **မူလပဏ္ဏာသ** သလ္လေခသုတ်၌ ဟောတော်မူသကဲ့သို့ "သူတပါးတို့သည် သတ်ဖြတ်ညှဉ်းဆဲနှိပ်စက်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို ပြုလုပ်နေကြကုန်၏၊ ငါတို့သည် ထိုသို့မပြုလုပ်ပဲ နေကုန်အံ့" ဟု စိတ်ဖြစ်ပေါ်နေရုံမျှနှင့်ပင် ကုသိုလ်ဖြစ်၍ နေပေတော့၏၊ ကိုယ်တိုင် ကောင်းမှုပြုလုပ်ပါမူ ဆိုဘွယ်မရှိတော့ပါ၊ ဤသို့ ကုသိုလ်ဖြစ် နေခြင်းသည်ပင် အကုသိုလ်တရား ဝင်မလာသဖြင့် ကုသိုလ်ကြောင့် အကုသိုလ်မဖြစ်သဖြင့် ကုသိုလ်တရားက အကုသိုလ်တရားကို ပယ်သည်ဟုဆိုလိုခြင်း ဖြစ်ပေသည်။

**ကြောင်နှင့်ကြွက်ဥပမာ** အကယ်၍ တစုံတယောက်က "ပုဂ္ဂိုလ်တဦးဦးသည် သတ်ဖြတ်ခိုးဝှက် မကောင်းကြံစည်မှု အကုသိုလ်တခုခုကို ပြုလုပ်နေစဉ် ကုသိုလ်စိတ်မဖြစ်ခြင်းကြောင့် အကုသိုလ်တရားသည်လည်း ကုသိုလ်တရားကို ပယ်ရာရောက်သည် မဟုတ်ပါလား" ဟု ဆိုလာပါမူ ကုသိုလ်ဝင်မလာရုံ မဖြစ်ရုံမျှဖြင့် အကုသိုလ်က ကုသိုလ်ကိုပယ်သည်ဟု မဆိုနိုင်ပါ။

လောက၌ 'ကြောင်မရှိကြွက်ထ' ဟုရင်း၊ 'ကြောင်ရှိ၍ ကြွက်ငြိမ်သည်–ကြွက်မလာ' ဟုရင်း ဆိုကြ၏၊ ဤသို့ဆိုရာ၌ ကုသိုလ်တရားသည် ကြောင်နှင့်တူ၍ အကုသိုလ်တရားကား ကြွက်နှင့်တူပေသည်၊ ကြောင်မှာကြွက်ကို သတ်ဖြတ်

ကိုက်စားနိုင်သော အစွမ်းသတ္တိ ရှိသောကြောင့်သာ ကြောင်လာလျှင် ကြွက်ပြေးခြင်း ကြွက်ငြိမ်ခြင်းဖြစ်ပြီး ကြောင်မှာ ကြွက်ကိုနိုင်သော အစွမ်းသတ္တိရှိသောကြောင့် ကြွက်များထကြွနေခြင်းမဟုတ်ပေ၊ ကြောင်လာသောကြောင့်သာ ကြွက်ပြေးခြင်းဖြစ်သည်၊ ကြွက်ထသောကြောင့် ကြောင်မလှာခြင်း (ကြောင်မရှိခြင်း) မဟုတ်ပေ၊ ကုသိုလ်ဟူသောကြောင်သည် အကုသိုလ်ဟူသောကြွက်ကိုနိုင်သည့်သဘောရှိသည်၊ ကြွက်သည် ကြောင်ကိုကြောက်သည့်သဘောရှိပေသည်၊ ထိုဥပမာအတိုင်း ကုသိုလ်တရားသည်သာ အကုသိုလ်တရား ဖြစ်မလာအောင် ဝင်မလာအောင် ပယ်နိုင်သောသဘောကို စွဲမြဲစွာမှတ်ယူသင့်ပေသည်။

မဟဂ္ဂုတ်ကုသိုလ်တရားတို့သည် သမာဓိအားထက်သန်သော ကုသိုလ်ချွန်တရားများဖြစ်၍ ကာမစ္ဆန္ဒစသော အကုသိုလ်တို့ဖြစ်မလာအောင် အတော်အတန် ပယ်ခွာနိုင်ခြင်း ဟူသော ဝိက္ခမ္ဘနသဘောကိုရင်း, မဂ်ကုသိုလ်သည် အင်္ဂုလိမာလမထေရ်ကဲ့သို့ ပြုခဲ့မိသော အကုသိုလ်များစွာကို မည်သည့်အခါမှ ပြန်၍အကျိုးမပေးနိုင်သည့် အဟောသိကံဖြစ်အောင် အမြစ်ပြတ်ပယ်ဖြတ်သော သဘောကိုရင်း ဓမ္မယောဂီတို့ သိသာပေပြီ။

**အကုသိုလ်ထက် ကုသိုလ်က အစွမ်းထက်**

ထိုသို့ ပြဆိုခဲ့ပြီးသော ကုသိုလ် အဆင့်ဆင့်သည် အကုသိုလ်တရားအားလုံးကို နိုင်နင်းသော စွမ်းပကားရှိသောကြောင့် ကုသိုလ်သည် အကုသိုလ်ထက်အားကြီးပေသည်၊ မှန်ပါသည်၊ ကုသိုလ် သုစရိုက်တရားတို့၌သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပဟုခေါ်သည့် စွမ်းအင် ၇-ပါး ရှိပေသည်၊ အကုသိုလ် ဒုစရိုက်တရား၌မူကား မရှက်ခြင်း, မကြောက်လန့်ခြင်း ဟူသော အဟိရိကနှင့် အနောတ္တပ္ပ စွမ်းအင် နှစ်ပါးသာရှိသည်၊ ထိုစွမ်းအင် နှစ်ပါးသည်လည်း အားခုနစ်ပါးရှိသည့် ကုသိုလ်တရားနှင့် ရင်ဆိုင်ထိပ်တိုက် တွေ့ကြုံလာပါက ခုခံကာကွယ်နိုင်စွမ်း ရှိကြသည်မဟုတ်ပေ။

**မျက်မှောက်၌ အကျိုးခံစားရသူများ**

ဤသို့ ကုသိုလ်က အကုသိုလ်ထက် အားကြီးသည်ဟု ဆိုသော စကားနှင့်စပ်လျဉ်း၍ သဘောမကျ လက်မခံနိုင်သဖြင့် မိလိန္ဒမင်းကြီးက အရှင်နာဂသိန် မထေရ်မြတ်အား ဤသို့လျှောက်ထား မေးမြန်းဘူးပေသည်။

အရှင်ဘုရား....ယခုလောက၌ သူ့အသက်ကိုသတ် ခိုးဆိုးတိုက်ခိုက် လိမ်လည်လှည့်စား စော်ကားညှဉ်းဆဲမှု ဒုစရိုက်အဖုံဖုံကို ပြုမိသောသူတို့အား နေ့တွင်းချင်းသော်ရင်း, ညတွင်းချင်းသော်ရင်း, ရက်အနည်းငယ် အတွင်း၌သော်ရင်း

သူတို့၏ မကောင်းမှု အကုသိုလ်ကံကြောင့် သူတို့သည် တဖန်ပြန်၍ ညှဉ်းဆဲ နှိပ်စက်မှုကို ခံစားကြရပါသည်၊ ရေနွေးပူ ဆံပူစသည်တို့ဖြင့်၎င်း၊ ရိုက်နှက်ခြင်းဖြင့်၎င်း ညှဉ်းဆဲခံကြရပါသည်၊ နောက်ဆုံး အရှင်လတ်လတ် သံတံကျင်လျှိုခြင်း၊ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်းအထိ အသတ်ခံကြရပါသည်၊ ထိုသို့ အကုသိုလ်မှုကို ပြုခြင်းကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာပင် အကုသိုလ်ကျိုးကို ခံစားကြရပါသည်ဘုရား၊ ကောင်းမှုပြုခြင်းကြောင့် မျက်မှောက်ဘဝ၌ စည်းစိမ်ချမ်းသာ ခံစားရသူ တစုံတယောက်ရှိပါသလားဘုရားဟု လျှောက်ထားပေသည်။

ထိုအခါ အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်က တကာတော်မင်းမြတ်.... ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကြောင့် မန္ဓာတုစကြာမင်းသည်၎င်း၊ နေမိမင်း၊ သာဓိနမင်း၊ ဂုတ္တိလစောင်းသမားတို့သည်၎င်း မျက်မှောက်ဘဝမှာပင် ဤလူ၏ ခန္ဓာကိုယ်အတိုင်း တာဝတိံသာ နတ်ပြည်သို့ ရောက်ကြဘူးကြောင်း မိန့်တော်မူပါသည်။

အရှင်ဘုရား....အရှင်ဘုရား မိန့်ကြားသော ကုသိုလ်အကျိုးတို့သည် အရှင်ဘုရားနှင့် တပည့်တော်တို့၏ မျက်ကွယ်ဖြစ်၍ နေပါသည်၊ ထို ဒိဋ္ဌဓမ္မအကျိုးသည်လည်း ဘဝတထောင်လောက် ကွာခြားနေပါသည်၊ အရှင်ဘုရားစွမ်းနိုင်ပါမူ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က မျက်မှောက်အကျိုး ပေးဘူးသူတို့ကို မိန့်ကြားတော်မူပါဟု လျှောက်ပြန်၏။

အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်က ပုဏ္ဏကကျွန်သည် ဆွမ်းလှူသောနေ့၌ပင် သူဌေးရာထူးသို့ရောက်၍ ယခုတိုင် ထင်ရှားရှိနေပုံ၊ နွားကျောင်းသားမိခင်သည် ဆံပင်ရောင်းရသောငွေဖြင့် ဆွမ်းလှူရသည့်အကျိုးကြောင့် လှူသောနေ့၌ပင် စန္ဒပဇ္ဇောတမင်း၏ မိဖုရားဖြစ်သွားရပုံ၊ သုပ္ပိယ ဉပါသိကာမသည် မကျန်းမာသော ရဟန်းတပါးအား မိမိ၏ ပေါင်သားဖြင့် အသားဟင်းချက်လှူသောကြောင့် နှစ်ရက်မြောက်နေ့မှာပင် ထိုပေါင်မှအနာသည် ပကတိအတိုင်းဖြစ်သွားပုံ၊ မလ္လိကာအမျိုးသမီးသည် မြတ်စွာဘုရားအား မုယောမုံ့တို့ဖြင့် ပေးလှူသောကြောင့် နေ့ချင်းပင် ကောသလမင်း၏ မိဖုရားကြီးဖြစ်သွားပုံ၊ သုမနပန်းသည်သည် မုလေးပန်းတို့ဖြင့် ဘုရားကိုပူဇော်သောကြောင့် နေ့ချင်းပင် စည်းစိမ်ဥစ္စာ များစွာပြည့်စုံခြင်းသို့ရောက်ပုံ၊ ကေသာဋ္ဌကပုဏ္ဏားသည် အပေါ်ရုံပုဆိုးဖြင့် 'ဘုရားကိုပူဇော်သောကြောင့် ဆင်မြင်းစသော အခြံအရံတို့ကို ရရှိပုံတို့ကို မိန့်ကြားတော်မူသည်။

## နိဒါန်း

ဤသို့ မိန့်ဆိုသော်လည်း မိလိန္ဒမင်းကြီးသည် လက်မခံနိုင်သေးသဖြင့် အရှင်ဘုရားသည် ကုသိုလ်အားကြီး၍ မျက်မှောက်၌ခံစားရသူ ခြောက်ယောက်မျှကိုသာ ညွှန်ပြနိုင်ပါသည်၊ တပည့်တော်သည်ကား အကုသိုလ်အကျိုးကြောင့် မျက်မှောက်၌ပင် တံကျင်လျှိုခံကြရသူ ရာထောင်လောက်ရှိကြောင်း ညွှန်ပြနိုင်ပါသည်၊ ဘုရား၊ အကယ်၍သာ ကုသိုလ်ဒါန၏အကျိုးသည် အားကြီးမည်ဆိုလျှင် ဤဘုရားသာသနာတော်၌ အာသူမရှိအောင် အသဒိသအလှူကြီးကို ပေးလှူသော ကောသလမင်းသည် မျက်မှောက်၌ပင် ထူးထူးခြားခြား စည်းစိမ်အခြံအရံ ချမ်းသာတခုခုကို ရရှိနိုင်ပါသည်၊ ယခုမူ ဤသို့လည်းမရရှိခဲ့ပါ၊ ထို့ကြောင့် ကုသိုလ်သည် အကုသိုလ်ထက် အားမကြီးနိုင်ပါဟု စောဒကတက် မေးချက်ထုတ်ပြန်ပါသည်။

**ဖြစ်မှုဥပဒေသာရှိ**
**ကျိုးမှုဥပဒေမရှိ**

အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်သည် ထိုထိုပြဿနာရပ်တို့ကို နည်းအမျိုးမျိုး ဥပမာအဖုံဖုံတို့ဖြင့် ဖြေကြားပြီး နောက်ဆုံး၌–မင်းမြတ်....သူ့အသက်သတ် ခိုးဆိုးတိုက်ခိုက်လိမ်လည်လှည့်စား စော်ကားညှဉ်းဆဲမှု ဒုစရိုက်တို့ကို ပြုမိကြသောသူတို့အား ရှင်ဘုရင်တို့၏ အာဏာ(ဖြစ်မှုဥပဒေ) အမိန့်အရ မျက်မှောက်၌ ခံစားကြရကြောင်း–အကယ်၍သာ ရှင်ဘုရင်များ အစိုးရမင်းများက ကုသိုလ်ကောင်းမှုပြုလုပ်သူတို့အား (ကျိုးမှုဥပဒေ ပြဋ္ဌာန်း၍) မေးမြန်းစုံစမ်းစိစစ်ကာ စည်းစိမ်ဥစ္စာကိုင်း, အခြံအရံတို့ကိုင်း ပေးမည်ဆိုလျှင် ကုသိုလ်အကျိုးသည် မျက်မှောက်၌ခံစားရသူ အများအပြားရှိကြမည်ဖြစ်ကြောင်း စသည်ဖြင့် ဖြေဆိုမိန့်ကြားသောအခါဝယ် မိလိန္ဒမင်းကြီးသည် လောကီအကြောင်းကို လောကုတ္တရာအကြောင်းနှင့် ချိန်ထိုးဆက်စပ်ကာ ကျေနပ်လက်ခံပေတော့သည်။

ဤသို့ ရေးသားဖော်ညွှန်းခဲ့ပြီးသည့် စကားအစဉ်အရ–

ပဌမအချက် (အပ္ပမာဒ) သတိထားရန်,

ဒုတိယအချက် (ကုသလကမ္မပထ) ကုသိုလ်ပြုရန်,

ဤနှစ်ချက်သာ လိုရင်းဖြစ်ပေသည်၊ ကုသိုလ်တရားသည် ဒါန, သီလ, ဘာဝနာ အစရှိသည့် ကုသလကမ္မပထတရား ဆယ်ပါးပင်ဖြစ်သည်၊ ထိုကုသိုလ်တရားများ ဖြစ်ပေါ်ရန်အတွက် (ဗောဇ္ဈင်္ဂသံယုတ် ပဌမကုသလသုတ်အရ) သတိသည် မူလအကြောင်းရင်းဖြစ်သည်၊ သတိဦးစွာဖြစ်ပြီးမှ ကုသိုလ်ဖြစ်ပေါ်လာရသည်၊ ဤသို့ သတိခေါ် အပ္ပမာဒတရားနှင့် ကုသိုလ်တရားများကို လက်ကိုင်ထားမှ ဘုရားအဆုံးအမတော်ကို လိုက်နာရာကျပေမည်။

**ဘုရားသတ်၍သေသူ** ဟုတ်ပါသည်၊ မြတ်စွာဘုရားသည် သတ္တဝါတို့အား အဆုံးအမပေးတော်မူရာဝယ် အနုနည်းဖြင့် ကောင်းမှု၏ အကျိုးတရားများကို ပြ၍လည်း ဆုံးမတော်မူသည်၊ အကြမ်းနည်းဖြင့် မကောင်းမှု၏ အကျိုးတရားများကိုပြ၍လည်း ဆုံးမတော်မူသည်၊ အနုအကြမ်း ဖြစ်သည့် ကောင်းကျိုးဆိုးကျိုး နှစ်မျိုးလုံးကိုပြ၍လည်း ဆုံးမတော်မူခဲ့ပါသည်၊ ထိုသုံးမျိုးနှင့်မှ ဆုံးမ၍မရသူအား မြတ်စွာဘုရားသည် ဥပေက္ခာပြုသတ်ပစ်တော့သည်သာဖြစ်၏။

ထို့ကြောင့်ပင်-အင်္ဂုတ္တိုရ် စတုက္က ကေသိသုတ်၌–"သုံးမနည်းသုံးမျိုးတို့ဖြင့် ငါဘုရားဆုံးမက ဖြစ်ပါလျက် မလိုက်နာသေသူအား ငါသည်သတ်ပစ်တော့၏။ ပ ။ ငါဘုရားဆုံးမ မရ၍ လက်လျှော့လိုက်လျှင် ထိုသူသည်သေသည်မည်၏" ဟု ဟောတော်မူသည် မဟုတ်ပါလော။

**ဘုရားသခင်တို့၏ အဆုံးအမ** သို့ဖြစ်၍ ရှေးအခါက ပွင့်တော်မူခဲ့ကြသည့် ဝိပဿီမြတ်စွာဘုရားသခင်မှစ၍ ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားတိုင်အောင်သော ဘုရားခုနစ်ဆူတို့သည် အတိုနည်း အကျဉ်းနည်းဖြင့်–

"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ"–[၁]

ဟူ၍ **အဆုံးအမ** ပေးတော်မူခဲ့ကြပေသည်။

**အဓိပ္ပါယ်မှာ–**

မည်သည့်အကုသိုလ်ကိုမျှ မပြုလုပ်ကြနှင့်။
ကုသိုလ်တရားနှင့် ပြည့်စုံအောင်နေကြ။
မိမိစိတ်ကို ဖြူစင်စွာထား။
ဤကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

အထက်တွင် ရေးသားဖော်ညွှန်းခဲ့ပြီးသော စကားရပ်တို့သည်ကား ဤမဟာအဿပုရသုတ္တန် ပါဠိတော် ဟောစဉ်ကျမ်း၏ နိဒါန်းစာရေးသားရာ၌ ဓမ္မပလ္လင်ခံ ပဏာမအချီးစကားရပ်ပင် ဖြစ်ပါသည်၊ ဤသို့သော ပဏာမနိဒါန်းအချီးစကားကို ရေးသားရခြင်းမှာ ဤမဟာအဿပုရသုတ္တန် ဟောစဉ်ကျမ်း၌ ဝိပဿနာရှုကွက် လုပ်ငန်း အနည်းငယ်မျှသာပါရှိပြီး ဝိပဿနာ၏ အဓိက

---

[၁] ဒီ၊ ၂၊ ၄၂။

အချက်အချာ ပညာဖြစ်သည့် လူတို့ကျင့်ဝတ်, ရဟန်းတို့ကျင့်ဝတ်, ဝိပဿနာ ဝမ္မယောဂီတို့၏ အခြေခံကျင့်ဝတ်သီလ အကျင့်တရားတို့သာ များစွာပါရှိခြင်း အကြောင်းကြောင့် ကိုထို ကျင့်ဝတ်တရားတို့၌ အပ္ပမာဒတရား မြဲခိုင်စွာ ထားလျက် ကျင့်ကြံအားထုတ်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ရေးသားခြင်း ဖြစ်ပါသည်။

## ပါဠိတော် ဟောစဉ်ကျမ်းများ ဖြစ်ပေါ်လာပုံ

အချီးစကားရပ်၏နောက်၌ ဤကျမ်းစာဖြစ်ပေါ်လာပုံ အခြေ အနေသုံးသပ် ထင်မြင်ချက် စသည်တို့ကို ရေးသားရန် ဆိုက်ရောက်လာခဲ့ပေပြီ၊ ဤ နိဒါန်း ရေးသူကား ဂိရိမာနန္ဒသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်း၌လည်း နိဒါန်းရေးခဲ့ သည်တကြောင်း, အချိန်အားလပ်မှု မရှိသည် တကြောင်းကြောင့် ယခု မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်းကို နိဒါန်းရေးရန် တာဝန်မယူ လိုပါ၊သို့သော် ဆရာတော်ကား နိဒါန်းရေးသူ၏ အရည်အသွေးကို သိရင်းစွဲ ရှိခဲ့သည့်အတွက်ရင်း, ကျမ်း၏အခြေအနေကိုလည်း စာရေးသူကိုယ်တိုင် သိပြီး ဖြစ်သည့်အတွက်ရင်း မရေးမနေရတိုက်တွန်းပါသဖြင့် ဤကျမ်းဦးနိဒါန်းစာကို ရေးသားရန် ဝန်ခံခဲ့ခြင်းဖြစ်ပေသည်။

ဆရာတော်၏ ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်းများနှင့် နိဒါန်း ရေးသူ ဆက်နွယ်နေပုံကို ဓမ္မသက ဓမ္မကာမီ သုတေသီတို့ရှင်းလင်းစေရန် အနည်းငယ် ထုတ်နှုတ် တင်ပြလိုပါသည်။

**ထူးကြီးဆရာတော်နှင့် နိဒါန်းရေးသူ**

ထူးကြီးဆရာတော်နှင့် နိဒါန်းရေးသူသည် တရပ်တည်း တနယ်တည်းဖြစ်၍ ငယ်စဉ်ကပင် ဆရာတော်အကြောင်းကို သိခဲ့သည်၊ဆရာတော်သည် ရဟန်းဖြစ်စ အချိန်မှစ၍ သာရေးနာရေး အလှူအတန်းတို့၌ တရားပေးခြင်း ဟောခြင်းများကို ပြုလုပ်ခဲ့သည်၊ စာပေပရိယတ်ကိုလည်း သင်ယူခဲ့သည်၊ အချိန်အားဖြင့် ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ မရောက်မီအတွင်းက ဖြစ်ပါသည်၊ ထူးကြီးမြို့နယ် ပတ်ဝန်းကျင်တွင် ဓမ္မကထိကပုဂ္ဂိုလ်အဖြစ် ပျံ့နှံ့ကျော်ကြား ခဲ့သည်၊ ထိုခေတ် အချိန်ကာလ အားလျော်စွာ ဆရာတော်သည် သုတ္တန် တရားတော်များကို မကြာမကြာဟောသဖြင့် စာရေးသူကိုယ်တိုင် နာကြား မှတ်သားခဲ့ရဘူးပေသည်။

ထိုနောက်၌ ၁၉၅၁-ခုနှစ်လောက်က ဆရာတော်သည် ရန်ကုန်မြို့ အချင်းအာဒိစ္စဝံသကျောင်းတိုက်၌ သီတင်းသုံးလျက် ပရိယတ္တိစာပေများကို ရဟန်းငယ်များအား ပို့ချနေသည်ကို သိခဲ့သည်၊ ၁၉၅၄-၅၅-ခုနှစ် နောက်ပိုင်းတွင် ဆရာတော်နှင့် ကင်းကွာပြီး အကြောင်းမဆုံဆည်းပဲ ရှိနေခဲ့ရာ ၁၉၆၇-ခုနှစ် ဩဂုတ်လလောက်တွင် ထူးကြီးဝိပဿနာ ပါဠိတော်ဟောစဉ် ပဌမအုပ်နှင့် ပတ်သက်၍ သတင်းစာများ၌ ကြော်ငြာတွေ့ရမှ ဆရာတော်သည် ဝိပဿနာတရား ဟောကြားနေကြောင်း သိရတော့သည်။

**တရားအသံမှ လက်ရေးအဖြစ်သို့** ထိုသို့ သိရလျှင်ပင် ဖူးမြော်လိုသဖြင့် ဆရာတော် သီတင်းသုံးသည့် ကျောင်းတိုက်သို့ စုံစမ်းကာ သွားရောက်ဖူးမြော်ရပေသည်၊ ထိုသို့ ဆရာတော်နှင့် ပြန်လည်ဖူးတွေ့ဆုံဆည်းသော အချိန်မှစတင်၍ စာရေးသူအား တရားတိတ်ခွေမှ အသံများကို ရေးကူးမှု တာဝန်ကို ပေးအပ်ပါတော့သည်၊ ထိုအခါ စာရေးသူ၏ အသိ၌ ဗုဒ္ဓသာသနာ ထွန်းကားခဲ့သော မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ ညှိုးမှိန်နေမှုမှ ကာကွယ်ရန်, လက်ရှိသာသနာတော်ထက်ပို၍ မတိုးတက်သည့် တိုင်အောင် လက်ရှိသာသနာတော်အတိုင်း မြဲခိုင်စွာတည်တံ့ရေးအတွက် တတ်အားသမျှ အခါအခွင့်သင့်ပြီ၊ ထိုသို့ အကူအညီပြုရန်လည်း ကျမ်းဂန်ပရိယတ္တိ တတ်သိထားသူ သာသနာစိတ်ဓာတ်ရှိသူ တယောက်အနေဖြင့်လည်း တာဝန်ရှိသည်ဟု နားလည်လာသည်၊ အသိအာရုံ၌ ထင်ရှားလာခဲ့သည်။

ထို့ကြောင့် မိမိ၏ ကိုယ်ရေးကိစ္စများကို လျစ်လျူရှုလျက် ပေးအပ်ချက် တာဝန်ကို ခံယူကာ ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ ဒုတိယအုပ်မှစ၍ ရေးကူးခဲ့ပေသည်၊ ၎င်းနောက် တနှစ်ပြီးတနှစ် ရေးကူးလာခဲ့ရာ ပါဠိတော် ဟောစဉ် ထူးကြီးဝိပဿနာ တတိယအုပ်, (အကြောင်းမညီညွတ်၍ ပုံနှိပ်ခြင်း မပြုခဲ့ရ) ပါရာယနဝဂ် ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်း ပဌမအုပ်နှင့် ဒုတိယအုပ်, ဂိရိမာနန္ဒသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်း, မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်း, ဤမဟာအဿပုရသုတ္တန် ပါဠိတော် ဟောစဉ်ကျမ်း ဟူ၍ ဟောစဉ်ကျမ်းကြီး ၇-အုပ်အထိ ရေးကူးပြီးစီးခဲ့၏။

**တည်းဖြတ်ပြင်ဆင်ခြင်း** စင်စစ်အားဖြင့် စာရေးကူးသူသည် ပါဠိတော်ဟောစဉ် တရားသံကို သာမန်ရေးကူးရုံသာမဟုတ်၊ ရေးကူးပြီးတိုင်းသော တရားစာများကို ပါဠိ, မြန်မာ, သတ်ပုံ ဆရာတော်၏ နှုတ်ထွက် စကားအသုံးအနှုန်း, စာပိုဒ်, ဝါကျ, ခေါင်းစဉ် စသည်

အားဖြင့် မှမ်းမံ ပြင်ဆင်မှုကိုပါ တဆက်တည်း ပြုလုပ်ခဲ့ရသည့်ချည်း ဖြစ်သည်၊ အဟူးသဖြင့် မေဃိယသုတ္တန် ပါဠိတော်ဖောာစဉ်ကျမ်းကို ပို၍ပြင် ဆင် တည်းဖြတ်ခဲ့ရသည်၊ ထိုသို့ တည်းဖြတ်ရာ၌ မလွယ်ကူပါ၊ ဆရာတော် ကား ဖောာစဉ်ဒေသနက္ကမအတိုင်း စပ်မိစပ်ရာ မိမိမှတ်မိထားသလို နိကာယ် ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာထည်းမှ ပါဠိများကို ကိုးကားလျက် အလွတ် ဟောကြားခြင်းဖြစ်ရာ ထိုထိုပါဠိများကို အတိအကျမှန်ကန်စေရန် ဆိုင်ရာကျမ်း များမှ ကျမ်းညွှန်းစာမျက်နှာများ ညွှန်းပြခြင်း, ဟာကွက်လိုကွက် ရှိနေလျှင် တိမ်မြုပ်နေလျှင် မထင်မရှားဖြစ်နေလျှင် အောက်ခြေမှတ်ချက်၌ ဖြည့်စွက်ရေး သားပေးခြင်းစသော အထက်ဖော်ပြပါ မွမ်းမံပြင်ဆင် တည်းဖြတ်မှုတို့ကို ချို့ ယွင်းချက် နည်းနိုင်သမျှနည်းအောင် ပြုပြင်ရေးသားပေးခဲ့သည်။

ထိုသို့တည်းဖြတ်ပြီးနောက် လက်နှိပ်စက်အချော ရိုက်ပြီးသည့်တိုင်အောင် ယင်းစာမူကို နောက်ဆုံးအဆင့်အဖြစ် ထပ်မံစစ်ဆေးမှု ပြုရပြန်ပါသည်၊ ထိုမှ တဖန် ပုံနှိပ်တိုက်သို့ အပ်နှံရိုက်နှိပ်သည့်အခါတွင်လည်း ပုံနှိပ်စာများကို ဆိုင်ရာစာပြင်ဆရာ ပညာရှင်ကြီးများ၏ တိုက်ဆိုင်ပြုပြင် မွမ်းမံမှုကောင်းလျှင် ကောင်းသလောက် ကျမ်းစာကောင်းတအုပ်ဖြစ် ပေါ်လာရပေသည်။

မှန်ပါသည်၊အလွန်ခိုင်ခံ့သည့် ကျောက်တိုင်ကြီးများ, အုဋ္ဌ်နံရံကြီးများဖြင့် စိုက်ထူတည်ဆောက်သော နန်းတော်ကြီးပင် ဖြစ်စေကာမူ ပန်းချီဆေးရေးခြင်း, အချောကိုင်ခြင်း, အချွန်အတက်ဘုံပြာသာဒ် စသည့်မွမ်းမံချယ်လှယ်မှုမရှိလျှင် ၎င်းအဆောက်အဦးသည် ခိုင်ပင်ခိုင်ငြားလည်း နန်းတော်နှင့်တူမည်မဟုတ်ပါ၊ ထို့အတူ အစ အလယ် အဆုံး သုံးပါးလုံးကောင်းသည့် ဘုရားရှင်တော်မြတ် ၏ ဒေသနာတရားတော်ကို ဒေသကဖြစ်သည့် ထူးကြီးဆရာတော်က သရုပ် အမိုပ္ပါယ် ဥပမာ သာဓကတို့ဖြင့် ခိုင်ခိုင်မာမာ ထပ်ဆင့်ဟောကြားသော ဟော စဉ်တရား ခိုင်မာငြားလည်း ကျမ်းစာ၌ အထားအသိုမှစ၍ ပြုပြင်မွမ်းမံမှုမရှိလျှင် ကျမ်းစာနှင့်မတူနိုင်တော့ပါ။

ထိုသို့ ရေးကူးခြင်း, တည်းဖြတ်ခြင်း တာဝန်များကို ပြုလုပ်ရသဖြင့်လည်း ဤနိဒါန်းရေးသူကိုယ်တိုင် ဤကျမ်း၏အခြေအနေကို သိထားပြီးဖြစ်ခဲ့သည်၊ ဥပမာအားဖြင့် အလွန်နက်သော တောကြီးထဲသို့ မလှည့်ဘူးသေးသူတို့သည် ထိုတော၏အခြေအနေကို မသိနိုင်မခန့်မှန်းနိုင်ပေ၊လှည့်ဘူးရောက်ဘူးသူများသာ ထိုတော၏နက်နဲပုံ, သစ်သီးပန်းမာလ်ဝေဝေဆာဆာဖြင့် သာယာကြည်နူးဘွယ် ရှိပုံကို သိနိုင်မြင်နိုင်ကြပေသည်၊ တနည်းဆိုရသော် လူဝင်ရန် တံခါးတပေါက်

တည်းသာရှိသော နန်းမြို့တမြို့၌ တံခါးမှူးတဦးသည် ထိုမြို့သို့ဝင်ထွက်သွားလာသူ အသီးသီးကို မည်သည့်ပုဂ္ဂိုလ်များဖြစ်သည်ဟု ဦးစွာသိရသကဲ့သို့ ဤဟောစဉ်ကျမ်း၏ အခြေအနေ ဟောပုံဟောဟန် စာနေစာထားမှစ၍ ရေးကူးတည်းဖြတ်သူ ကြိုတင်သိခဲ့ပေသည်၊ထိုအကြောင်းကြောင့်လည်း ဆရာတော်သည် တည်းဖြတ်သူအား နိဒါန်းရေးရန် တိုက်တွန်းခြင်းဖြစ်ပေသည်။

**ပါဠိတော်ဟောစဉ်ကျမ်းများ၏ ထူးခြားချက်** ထူးကြီးဆရာတော် ဟောကြားသည့် ပါဠိတော်ဟောစဉ်ကျမ်းများ၏ ဂန္ထဝင်မြောက်သော ပြည့်စုံ ကုံလုံသော ထူးခြားသော အချက်အလက် အင်္ဂါရပ်များကို ဖော်ပြလိုပေသေးသည်၊ ပါဠိတော်ဟောစဉ်ကျမ်းများ၌–

(၁) ပါဠိ-ပါဠိသား ကျမ်းညွှန်းများနှင့်တကွ စာမျက်နှာအောက်ခြေ မှတ်ချက်များကို လိုအပ်သလို ထည့်သွင်းထားခြင်း၊

(၂) ဟောစဉ်ကျမ်း၏ နောက်ပိုင်းတွင် (Index) ခေါ်မှတ်သားဘွယ် အက္ခရာစဉ် အညွှန်းကို ခေတ်မီစွာ ကုတ်နှုတ်ဖော်ပြထားခြင်း၊

(၃) စာပိုဒ်၏ ဆိုလိုရင်းနှင့် ညီညွတ်သော ခေါင်းစဉ်များဖြင့် တန်ဆာဆင်ထားခြင်း၊

(၄) အရေအတွက် သရုပ်များကို တပိုဒ်စီ ဂဏန်းဖြင့်ပြထားခြင်း၊

(၅) ကျယ်လွန်းသည်ကို အကျဉ်းချုံး-ကျဉ်းလွန်းသည်ကို အကျယ်ချဲ့ပြခြင်း၊

(၆) မြုပ်သည်ကို ဖော်၍ ကျမ်းအချင်းချင်း မညီညွတ်သည်ကို ညှိပြခြင်း, ညွှန်းပြခြင်း–

**စာဖတ်သူတို့၏ ကျေနပ်မှု** ဤသို့သော စီစဉ်မှု အင်္ဂါရပ်များနှင့် ပြည့်စုံခြင်းကြောင့်–

(၁) စာပေပညာရှင် ပုဂ္ဂိုလ်များအတွက် ဝိပဿနာရေးရာများကို ပိဋကနယ်ပယ်၌ အလွယ်တကူ ထောက်လှမ်း ရှာမှီးကြည့်ရှုနိုင်ခြင်း၊

(၂) ဟောစဉ်ကျမ်းကို ဖတ်ရှုရာ၌ လွယ်ကူ,သိလွယ်-ရှင်းလင်းခြင်း၊

(၃) မိမိသိလိုသော အချက်များကိုရွေးချယ်၍ စာမျက်နှာအလိုက် တခဏချင်း လှန်လှော ရှာမှီးဖတ်ရှုနိုင်ခြင်း၊

(၄) ပါဠိများကို မဖတ်လိုသော ယောဂီများပင် ဖြစ်စေကာမူ ပါဠိနှင့်အနက်များကိုကျော်၍ (ချန်လှပ်၍) မြန်မာပြန်အဓိပ္ပါယ် စကားပြေသက်သက်ကိုသာ ရွေးချယ် ဖတ်ရှုနိုင်ခြင်း၊

(၅) ထိုသို့ကျော်လွှားဖတ်ရှုသော်လည်း တရားတော်ဟောစဉ်မပျက် ပဲ အဓိပ္ပါယ်စကားပြေ ဆက်စပ်လျက်ပင် ရှိသဖြင့် တရား သဘောပေါက်နိုင်ခြင်း—

အစရှိသော အကျိုးများကြောင့် ထူးကြီးဆရာတော်၏ ပါဠိတော်ဟောစဉ် ကျမ်းများကို ဖတ်ရှုရသူတိုင်း နှစ်သက်ကျေနပ်မှုတို့ကို အပြည့်အဝရရှိခဲ့ပြီး ဖြစ်သည်မှာ ပါရာယနဝဂ် ပါဠိတော်ဟောစဉ် ကျမ်းစာကြီးများမှစ၍ မေဃိယ သုတ္တန် ပါဠိတော်ဟောစဉ်သို့ တိုင်ခဲ့ပေပြီ၊ ယခုတဖန် **မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်း**ကိုလည်း ဤသို့သော ထူးခြားချက် ကျေနပ်ဖွယ်ရာ များဖြင့် ရှင်းရှင်းလင်းလင်း ဖတ်လွယ် မှတ်လွယ်အောင် စီစဉ်ထားပြီး ဖြစ် ပေပြီ။

**အဿပုရသုတ္တန် ၂ သုတ်** ဤမဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ် ကျမ်းသည် ဆရာတော်က ဟောစဉ်ကို တရားနာ ပရိသတ်တို့အားရင်း ရင်းနှီးနှီး အားနောတမ်း ပွင့်လင်းစွာ ပြောဟောထားသော ကျမ်းဖြစ်၍ အချို့နေရာတို့၌ ခပ်ကြမ်းကြမ်းသုံးသည့်အခါ သုံးသွားသည်ကို တွေ့ရသည်၊ မြတ်စွာဘုရားသည် ရဟန်းတော်များအား ရဟန်းတရားကျင့်ရန် ဟောထားသော ဤမဟာအဿပုရသုတ္တန်ကို ထူးကြီးဆရာတော်က အနက် အဓိပ္ပါယ်တို့ဖြင့် သုတ္တန်အမျိုးမျိုးဆက်နွယ်လျက် နားလည် သဘောပေါက် အောင် ချဲ့ထွင်ဟောကြားခြင်း ဖြစ်ပါသည်၊ မဟာအဿပုရသုတ္တန်သည် ပါဠိ တော်စာမျက်နှာ ၁၀-မျက်နှာ ခွဲမျှသာရှိ၍ ၎င်းသုတ်အဖွင့် အဋ္ဌကထာ၏ စာမျက်နှာသည်လည်း ၁၃-မျက်နှာသာသာမျှ ရှိသည်။

ဤအဿပုရနိဂုံးရွာ၌ပင် သုတ်နှစ်သုတ်ကို ဘုရားဟောတော်မူခဲ့သဖြင့် ရှေ့ သုတ်ကို မဟာအဿပုရဟုရင်း, နောက်သုတ်ကို စူဠအဿပုရဟုရင်း သင်္ဂါယနာ တင် မထေရ်မြတ်တို့ မှည့်တပ်ခြင်း ဖြစ်ပါသည်၊ စူဠအဿပုရသုတ်၌ ရှေးရှု ကြံစည်ခြင်း (အဘိဇ္ဈာ) ဖျက်ဆီးလိုခြင်း (ဗျာပါဒ) အမျက်ထွက်ခြင်း (ကောဓ) အစရှိသော တရား ၁၂-ပါးကိုပယ်၍ မေတ္တာစသော အပ္ပမညာတရား လေး ပါးတို့ဖြင့် အရပ်မျက်နှာအားလုံးကို ပြန့်နှံ့ပွားများကာ နေထိုင်ကျင့်သုံးရန်နှင့် သက်နှီးဝတ်ထားရုံဖြင့် သမဏ=ရဟန်းဟုမခေါ်သိုထိုက်ပုံများကို ဘုရားဟော ကြားထားလေသည်။

**အကျယ်ဟောကြားခြင်း** ဤသို့ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ အနည်းငယ်မျှသာ ဟောကြားဖွင့်ဆိုထားသော ဤသုတ္တန်ကို ထူးကြီးဆရာတော်သည် ဤမျှကျယ်ကျယ်ဝန်းဝန်း ဟောကြားရခြင်းအကြောင်းမှာ တရားနာပရိသတ်တို့ နားလည်စေရန်ငှင်း, တရားနာသူတို့၏ အဇ္ဈာသယအားလျော်စွာ တနည်းဖြင့်သဘောမကျသေးလျှင် တနည်းဖြင့် သဘောပေါက်စေရန်ငှင်း မေတ္တာဆန္ဒဖြင့် ကျယ်ပြန့်စွာဟောခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ မြတ်စွာဘုရားရှင်သည် သုတ္တန်တရားများကို ဟောတော်မူလျှင် နာယူမည့်ပုဂ္ဂိုလ်၏ အလိုဆန္ဒသဘောကျ-မကျ ပုဂ္ဂလဇ္ဈာသယကိုငှင်း, သဒ္ဓါနှင့်ပညာ, ဝီရိယနှင့် သမာဓိတို့တွင် အဘယ်တရားကလိုနေ၍ အဘယ်တရားက ပိုနေသည်ကိုငှင်း, ထိုသူ၏ပညာမျက်စိ၌ ရာဂ ဒေါသ မောဟစသော ကိလေသာမြူတို့တွင် အဘယ်မြူများ၍ အဘယ်မြူပါးနေသည်ကိုငှင်း ကြည့်တော်မူသည်၊ ထိုသို့ ဉာဏ်တော်ဖြင့်ကြည့်တော်မူပြီးမှ ဘုရားကိုယ်တော်တိုင် သိတော်မူထားသော တရားအမျိုးမျိုးထည်းမှ တရားတမျိုး ကျင့်နည်းတဖုံကို ထိုက်တန်တော်သင့်ရုံမျှ ဟောတော်မူပါသည်၊ ထိုသို့ကြည့်နိုင်သိနိုင်သော ဉာဏ်တော်မျိုးကို ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကစသော ရဟန္တာမထေရ်ကြီးတို့သော်မှ ရရှိတော်မမူကြပေ၊ ထူးကြီးဆရာတော်မူကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ တရားနာ ပရိသတ်တို့၏ အဇ္ဈာသယကို မသိရ မမှန်းဆနိုင်သဖြင့် သုတ္တန်ပါဠိတော်တခုမှ တခုသို့ဆက်နွယ်ကူးပြောင်းကာ အဓိပ္ပါယ်ဥပမာ သာဓကသွင်းလျက် ကျယ်ကျယ်ဝန်းဝန်း ဟောကြား ရခြင်းပင်ဖြစ်ပါသည်။

**နားထောင်ကောင်းသည့် ဟောစဉ်** ထူးကြီးဆရာတော် ဟောသည့် ပါဠိတော်ဟောစဉ်များသည် ပါဠိတော်ဟောစဉ်ဟူသော အမည်နှင့်လိုက်လျော၏၊ သုတ္တန်တခုလုံးကို ရွတ်ဆိုသည်မှာ တလုံးတပါဒမျှမကျန် ကြွင်းမဲ့ဥဿုံ ကုန်အောင်စုံလှပေသည်၊ ပါဠိတော်ကို တပိုဒ်ရွတ်, အနက်ပေး, မြန်မာပြန်, အဓိပ္ပါယ်ပြော, ဥပမာသာဓကတို့ဖြင့်နှောကာ ကျယ်ပြန့်လှ၏၊ အဓိပ္ပါယ်သဘောပြောသည့်အခါ အဋ္ဌကထာများကိုလည်းရွတ်သည်၊ တခါတရံ ဋီကာများကိုလည်း ဖတ်သည်၊ ကျေးဇူးရှင် ရှေးဆရာတော်ကြီးများ၏ ဂန္ထန္တရပါဠိများကိုလည်း သရဇ္ဈာယ်လိုက်သေးသည်။

ထိုသို့သောမူဖြင့် ထူးကြီးဆရာတော် ဟောခြင်းကြောင့် ဆရာတော်နာမည်ကြီးသည်ဟုတော့ မဆိုလိုပါ၊ ဟောပုံဟောဟန်မှာ လေးလွန်းခြင်း, သွက်လွန်းခြင်း, အသံတိမ်ခြင်းလည်းမရှိ၊ အညု အချဲ့ အသံဆွဲမှုလည်းမပါ၊ ပကတိ

အတိုင်း အစဉ်တစိုက် အသံပြတ်သားမှု၊ ကြည်လင်မှု၊ စကားအသုံးအနှုန်း ပေါ်ဟာရကြွယ်ဝမှုတို့ကြောင့် နားထောင်၍လည်း ကောင်းသည်၊ မှတ်တန် သလောက်လည်း မှတ်မိသည်၊ ထို့ကြောင့် ဆရာတော် **နာမည်ကြီးသည်**ဟု နိဒါန်းရေးသူ ဆိုချင်သည်၊ တရားဟောနေစဉ် တခါတရံ "မှတ်မိအောင်လား နားထောင်ကောင်းအောင်လား" ဟု ဆရာတော်က ပရိသတ်ကိုမေးတတ်ပါ သည်၊ ထိုအခါ ပရိသတ်များက "မှတ်မိအောင်ပါဘုရား" ဟု ဖြေကြသည်၊ အမှန်မှာ ဆရာတော်၏ တရားနာရသည်မှာ မှတ်မိတာထက် နားထောင်ရတာက ပို၍ကောင်းပါသည်။

မှန်ပါသည်၊ တရားသဘာဝသက်သက် အနှစ်သာရကိုသာ ရွေး၍နာကြား လိုသူ နည်းလှပေသည်၊ အများအားဖြင့် မြင်ကွင်းကောင်းမှလည်း ကြည့်ချင် ကြသည်၊ အသံကောင်းမှလည်း ကြားချင်ကြသည်၊ ထိုသို့သောမြင်ကွင်းနှင့် အသံ အစရှိသည့် ငါးဝအာရုံတို့သည် မိမိ၏ခေတ်ခံနှင့် ကုံကြိုက်လာခဲ့သော် နှစ် သက်ကြ၏၊ ညီတော်မင်းနန့်၊ ဇနပဒကလျာဏီ စသည်တို့ကဲ့သို့ ဓမ္မသဘာဝ နှင့်စပ်လျှင် အမြင်နှင့်အတွေး တပြေးတည်းညီမှ သဘောကျမည်၊ အတွေး နှင့်အကြား တသားတည်းဖြစ်မှသာလည်း တရားရမည်ဖြစ်သည်၊ အပြောအဟော ကောင်းသော်လည်း ခေတ်ခံ၊ ညာဉ်၊ အဇ္ဈာသယ၊ ဥပနိဿယမရှိလျှင် တရား မရနိုင်ပေ၊ တရားနာသူတို့ တရားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထူးကြီးဆရာ တော်ကား ကောင်းကောင်းဟောသဖြင့် အဟောကောင်း ဆရာတော်ကြီးပင် ဖြစ်ပါသည်၊ အဟောကောင်း၍ နာမည်ကြီးသည်၊ ထိုသို့ နာမည်ကြီးခြင်းကို အကြောင်းပြု၍ ကြည်ညိုသူ (ရာခိုင်နှုန်း ရှစ်ဆယ်မျှသော ဃောသပမာဏိက ပုဂ္ဂိုလ်)များပြားလာသည် ဟု ဆိုချင်ပါသည်၊ ကြည်ညိုသူလေးမျိုးအကြောင်း ကို မေဃိယသုတ္တန် စာမျက်နှာ-၄၇၃-၌ ဆရာတော် ထည့်သွင်းဟောကြား ခဲ့ပြီး ဖြစ်သည်။

ထိုသို့ နားထောင်ကောင်းသော တရားတော်ကို ကောင်းလို့နားထောင် နေရုံနှင့် မပြီးသေး၊ မှတ်မိဘို့ကို ပဌမ အရေးကြီးသည်၊ မှတ်မိချင်ကြ၍လည်း တတ်နိုင်သည့် ပရိသတ်များက ထပ်မံနာကြားနိုင်ရန် ကြိုးခွေများဖြင့် အသံ သွင်းယူထားကြပေသည်၊ ရုပ်ကွက်ဓမ္မာရုံများ၌လည်း တရားတိတ်ခွေဖွင့်လျက် ကြားနာကြသည်၊ တိတ်ခွေတရားသံကို ကြားနာရသဖြင့် ဆရာတော်၏ တရားပွဲသို့ ကိုယ်တိုင်လာရောက် နာကြားသူများနှင့် နယ်ပယ် မြို့ရွာ ဒေသသို့ တရားဟောကြွရန် ပင့်လျှောက်ကြသူများလည်း မနည်းလှပါ၊ ထိုသို့သော တရားသံကို နာကြားဘို့ရန်လည်း လူမှုကိစ္စ များပြားလှသည့် ဓမ္မမိတ်ဆွေ

သူတော်စဉ်များအတွက် "ကာလေနဓမ္မသဝန"အရ အခွင့်အခါက ကြုံကြိုက်ခဲ့ပြီ၏။

## မဟာအဿပုရသုတ္တန် ဟောစဉ်အကျဉ်း

ဤသို့ အခါအခွင့်မသင့် ကြုံကြိုက်ရန်ခဲယဉ်းလှသည့် ဓမ္မယောဂီ ပါရမီရှင်ပုဂ္ဂိုလ်များ အချိန်အခါမရွေး အလျဉ်းသင့်သလို မှတ်မိအောင်ဖတ်နိုင်ကြည့်နိုင်ကျင့်ကြံအားထုတ် နိုင်ကြစေရန် ရည်သန်လျက် ယခု မဟာအဿပုရသုတ္တန်ပါဠိတော် ဟောစဉ်ကျမ်းကို ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤမဟာအဿပုရသုတ္တန် ဟောစဉ်ကျမ်းကို ဆရာတော်သည် ၁၃၃၆-ခုနှစ် ဝါခေါင်လပြည့်နေ့မှစ၍ ဥပုသ်သီတင်းနေ့တိုင်း ဟောကြားတော်မူရာ-သီတင်းကျွတ် လပြည့်နေ့ ကိုးရက်မြောက်တွင် အပြီးသတ်ခဲ့၏၊ တရက်ဟောသောတရားကို တပိုင်းထား၍ ၉-ရက်ကို ၉-ပိုင်းအနေဖြင့် ဟောတော်မူပါသည်။

ထိုသို့ ၉-ပိုင်း ဟောကြားသည့်အနက် ဟိရီနှင့် ဩတ္တပ္ပ တရားနှစ်ပါးကို ပဌမပိုင်းနှင့် ဒုတိယပိုင်း၊ ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိ တရားလေးပါးကို တတိယပိုင်း၊ ဣန္ဒြိယသံဝရကို စတုတ္ထပိုင်း၊ ဘောဇနေမတ္တညုတ (အာဟာရေ ပဋိကူလ)တရားကို ပဉ္စမပိုင်း၊ ဇာဂရိယာနုယောဂနှင့် သတိသမ္ပဇညတရား နှစ်ပါးကို ဆဌမပိုင်း၊ ဝိဝိတ္တသေနာသန တရားကို သတ္တမပိုင်း, အဋ္ဌမပိုင်း, နဝမပိုင်း သုံးပိုင်းခွဲခြား၍ ဆရာတော် ဟောကြားထားသည်ကို တွေ့ရပေသည်။

အထက်ပါ တရား ၁၁-ပါးကို အခြေခံဖြစ်သည့် ဟိရီနှင့်ဩတ္တပ္ပ တရားမှစပြီး တဆင့်ထက်တဆင့် တက်လှမ်းနိုင်ကြစေရန် ဟောကြားရာ၌ ဆရာတော်၏ မေတ္တာစေတနာအလျောက် "ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" (လောက၌ ပညာရှိအချို့တို့သည် ဥပမာထည့်၍ဟောမှ သဘောကျကုန်၏) ဟူသော ပါဠိစာဆိုလာအတိုင်း ဥပမာပေါင်း ၂၀-ကျော်နှင့် မှတ်သားစရာသာဓကဝတ္ထုပေါင်း ၁၂-ပုဒ်ကျော်ကျော် ထည့်သွင်းဟောကြားထားပါသည်။

ဝိဝိတ္တသေနာသန-ဟူသော ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ တရားအားထုတ်ရန် ဟောကြားရာ၌လည်း အဘိဇ္ဈာ, ဗျာပါဒစသော နီဝရဏကင်းကွာလာသည့်အခါ ကြွေးမြီကျေသူ, ရောဂါပျောက်သူ စသောသူတို့နှင့်တူပုံကို ပါဠိတော်ရင်းအတိုင်း ဥပမာ ငါးမျိုးဖြင့် ဟောကြားထားသည်မှာလည်း မှတ်သားစရာ ကောင်းလှသည်။

ထိုမှ တဖန် ဈာန်အစဉ်တက်၍ ပုဗ္ဗေနိဝါသာနုဿတိ, စုတူပပါတ,ဒိဗ္ဗစက္ခု, အာသဝက္ခယဟူသော ဉာဏ်လေးပါးရပုံ, ပဋိသန္ဓေနေမှု အိုမှု သေမှုကို ဖြစ်စေတတ်သော အကုသိုလ်တရား အားလုံးငြိမ်းသဖြင့် "သမဏ" အဖြစ်ရောက်ပုံ တို့ကို ဟောကြား၍ နိဂုံးသတ်ထားပေသည်၊ ဤကား ဆရာတော်၏ အဿပုရသုတ္တန်ဟောပုံ အမြွက်မျှသာဖြစ်၏။

**ဟိရိဩတ္တပ္ပနှင့် မဃဒေဝလင်္ကာ** ထိုထက်အနည်းငယ် သုံးသပ်ဝေဘန်ရပါမူ ဤသုတ္တန်၌ ဟိရီနှင့်ဩတ္တပ္ပ တရားနှစ်ပါးကို အတန် ကျယ်ကျယ် ဆရာတော် ဟောကြားထားပေသည်၊ အရေးကြီးသော တရားဖြစ်၍လည်း ,ကျယ်ကျယ်ဟောသင့်၏၊ လူတို့သည် မိမိပြုလုပ်ပြောဆိုကြံစည်မှုများသည် ကုသိုလ်လော, အကုသိုလ်လော, စက်ဆုပ် ရွံရှာ ဘွယ်လော ဟူသည်ကို မိမိကိုယ်ကို ပြန်လည်သုံးသပ်သူ နည်းလှပါ၏၊ မိမိပြုလုပ်ပြောဆိုကြံစည်နေမှုသည် မည်သည့်ကိစ္စဖြစ်သည်ကို ပြုလုပ်ခိုက်၌ မိမိစိတ်ကို အခြားသူတဦးအနေထား၍ မိမိကိုယ်ကိုပြန်ကြည့်လျှင် ပါရမီရင့်ကျက်သူဖြစ်ပါက မလွဲမသွေ ကိုယ့်ကိုယ်ကို ကိုယ်ပြန်ရှက်လာချေမည်၊ တနည်းအားဖြင့် ထိုမကောင်းမှုကို မလွဲရှောင်နိုင်၍သာ ပြုရသည်၊ ရှက်တော့ရှက်နေမည်ပင်၊ ရှက်တတ်ကြောက်တတ်မှုဖြစ်လာပါက စိတ်လည်းကြည်လင်၍ ဖြူစင်လာပေမည်၊ ထို့ကြောင့်လည်း ဤတရားနှစ်ပါးသည် **သုက္ကဓမ္မ(ဖြူစင်သောတရား)**ဟု အမည်ရပေသည်၊ ဤသို့ရှက်တတ်,ကြောက်တတ်မှု အဆင့်ရောက်ရန်ကား မလွယ်ကူပေ။

ထိုသို့ရှောင်နိုင်ခဲသော ဟိရောတ္တပ္ပတရားပင်ဖြစ်စေကာမူ တနေ့တခြားလျော့နည်းပါးအောင် အလေ့အကျက်ပြုရပေမည်၊ ထိုသို့ထိန်းသိမ်းမှုအလေ့အကျက်ကိုမျှ ပြုလုပ်မှုမရှိပဲ ကိုယ်နှုတ်စိတ်တို့ကို လွှတ်ထားသူများအတွက် ဤကျမ်းစာမျက်နှာ(၄၄)၌ဟောထားသလို တိရစ္ဆာန်နှင့်ခြားနားတော့မည် မဟုတ်ပါချေ။

ဆရာတော်သည် ဤနေရာ၌ မင်းသားသုံးယောက် ဘီလူးခံတွင်းမှလွတ်သော ဒေဝဓမ္မဇာတ်ကိုရှင်း, အရှက်ကင်းသော ရဟန်းဝတ္ထု-နှစ် ဇာတ်ကိုရှင်း စာမျက်နှာ (၆၉)မှစ၍ ထည့်သွင်းဟောကြားထားသည်ကို တွေ့ရပါသည်၊ ဤ ·မာ·စဉ်ကိုတွေ့ရသည့်အခါ ဤနိဒါန်းရေးသူသည် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာ သစ်ကို အမှတ်ရရှိလာမိပါသည်၊ သပ္ပုရိသ ဓမ္မမိတ်ဆွေများအတွက် သိမှတ်ဘို့ရန် အနည်းငယ် ထုတ်နှုတ်ရေးသားဦးအံ့။

"ထွတ်ထား ဒွိပဒုတ်၊ မြတ်သမ္ဗုဒ်တို့၊ ရွှေနှုတ်ချိမော၊ မြွက်ဘော်ဟောသား၊ လောကပါလ၊ သုက္က, ဒေဝစံ၊ နာမံသုံးမည်၊ ရွှေဘွဲ့

ချီလျက်၊ နတ်ပြည် ထင်ရှား၊ ဂုဏ်ထူး အားနှင့်၊ တရား နှစ်ရပ်၊ ဟိရောတ္တပ်ကို၊ ကိုယ်ကြပ်ရကြစေသတည်း''။ (ဓမ္မစရိယာနုငယာဇဉ်၊ အပိုဒ်–၅၄၂)

''ဟိရီဩတ္တပ်၊ ကိုယ်ကိုကြပ်၍၊ တည်းကွပ်မရှိ၊ သတိမရ၊ လူထို မျှကား၊ လောကလူ့ဝယ်၊ ကဲရှဲဘွယ်နှင့်၊ အပါယ်ဆင်းခွင့်၊ ဟင်း လင်းပွင့်ခဲ့၊ ခွေးနှင့်ဝက်လား၊ ကျွဲနွားသိုးဆိတ်၊ အဟိတ်တရစ္ဆာန်၊ သဏ္ဌာန်တမျှ၊ မိုက်မောဟဖြင့်၊ ဘဝဆုံတွေ့၊ ဘုံအလေ့သား၊ အောက် မေ့သိမှတ်၊ ကြံစည်တတ်၍၊ လူနတ်စီးပွား၊ မပြီးငြားတည့်၊ မြသားအဆင်း၊ မွေးအတောင်နှင့်၊ ဆင်းရောင်လှရှောင်း၊ ငှက် ဥဒေါင်းလျှင်၊ ရှက်ကြောင်းဟိရီ၊ မရှိသော့သွမ်း၊ ကျင့်ဟော့ရမ်း၍၊ ဖုံးလွှမ်းအပ်ရာ၊ ကိုယ်အင်္ဂါကို၊ ဖွင့်ကာပြငြား၊ က–သောအား ကြောင့်၊ မယားရတနာ၊ ရလုစွာ၌၊ လွဲကာဒဿချွတ်၊ မရလွတ်၏။'' (နစ္စဇာတ်)

''အမြဟ်ထင်ရှား၊ နှစ်ပါးကိုယ်ကြပ်၊ ဟိရောတ္တပ်နှင့်၊ မြဲကပ်ရှိသူ၊ ထိုနတ်လူမျှ၊ သပ္ပုရိသ၊ ဟူထိုက်စွဟု၊ ရှေးကာအထူး၊ တော်မြိုင် ဦးဝယ်၊ ဘီလူးကြည်ညွတ်၊ မစားလွှတ်၏''၊ – –(အပိုဒ်–၅၄၃)

ဆရာတော်၏ ဟောဘဉ်– ဒုတိယပိုင်းကို ဖတ်ပြီးမှ ဤလင်္ကာ၏အဓိပ္ပါယ်ကို ထင်ရှားသိမြင်လာပေမည်။

ဤကျမ်းဟောစဉ် တတိယပိုင်းဝယ် ကိုယ်အမူအရာစင်ကြယ်မှု၌ စားကြွင်း စားကျန်ကို စားသောက်ကြတဲ့ ကျေးငှက်များကိုသော်မှ ခြိမ်းချောက်မှု အမူအရာ မပြုသင့်ပုံနှင့် မိမိ၏ကိုယ်အမူအရာ သီလစင်ကြယ်ကာမျှနှင့် မိမိ ကိုယ်ကို အထင်ကြီးမြှောက်ပင့်လျက် သူတပါးအားအထင်သေးကာ နှိမ်ချ ရှုတ်ချမှု မပြုသင့်ပုံစသည်တို့ကိုရင်း–

နှုတ်အမူအရာ စင်ကြယ်မှု၌ မြတ်စွာဘုရားက မုသားပြောလေ့ရှိသူသည် မပြုလုပ်ဝံ့သော အကုသိုလ်ဟူ၍မရှိကြောင်း ဟောကြားသဖြင့် မုသာဝါဒကံ လေးပါး အဒရးကြီးပုံ စသည်ကိုရင်း–

စိတ်အမူအရာစင်ကြယ်မှု၌ မနောကံသုံးပါး စောင့်ထိန်းရန်နှင့် ကြံစည်မှု ဝိတက်သုံးမျိုးကို မကြံစည်ရန် စသည်တို့ကိုရင်း–

အာဇီဝပါရိသုဒ္ဓိတရား၌ ရဟန်းတော်များနှင့်ပတ်သက်၍မှတ်သားလိုက်နာ ရန် အများအပြားပါရှိပြီး ယောဂီရသေ့ကြီးနှစ်ဦး၏ဖြစ်ပုံ,စကားအခြေအတင် ပြောဆိုပုံ စသည်တို့ကိုရင်း ပါဠိတော်,အဋ္ဌကထာများ၌ လာရှိသည့်အတိုင်း ဟောကြားထားသည်မှာ စိတ်ဝင်စားဘွယ်ရှိပါသည်။

စဟုတ္တပိုင်း၌ ဣန္ဒြိယ သံဝရသီလနှင့် ပတ်သက်၍ ဣန္ဒြေမလုံခြုံပါလျှင် ကြောက်လန့်ဘွယ် ဘေးအန္တရာယ်များနှင့်တွေ့ပြီး ပျက်စီးဒုက္ခရောက်ပုံ, ဣန္ဒြေ လုံခြုံသဖြင့် မဂ်ဖိုလ်ချမ်းသာတိုင်အောင် အကျိုးတရားများရရှိပုံတို့ကို အစီပွါယ် နှင့်တကွ သာဓကပြ၍ ဟောထားသည်မှာလည်း ယောဂါဝစရပုဂ္ဂိုလ်တို့ သတိချုပ်သိမှက်စရာပင်ဖြစ်ပါသည်။

ထို့အတူ ပဉ္စမပိုင်း၌ အစာအာဟာရကိုပဋိကူလအနေ ဓာတ်အနေဖြင့်ဆင်ခြင် ပုံကိုဘောဇနေပစ္စဝေက္ခဏာပြ ပါဠိတော်တပုဒ်ကိုမူတည်၍ သရုပ် အစီပွါယ်ဥပမာ သာဓကတို့ဖြင့် ပါဠိအရပ်ရပ် အဋ္ဌကထာအမျိုးမျိုးမှ ထုတ်နှုတ် ဟောကြား ထားပါသည်။

ဆရာတော်ဟောစဉ်ကျမ်းကို ဤနည်းအတိုင်း နဝမပိုင်း သို့တိုင်အောင် အကျဉ်းချုပ်ဓဝဖန်ရေးသားနေပါက ဂန္ထဂရုဖြစ်ရုံသာရှိချေမည်၊ သို့ဖြစ်ခြင်း ကြောင့် တရားစာဖတ် ယောဂီမြတ်တို့ မှတ်အပ်သရာ မာတိကာကို ကြည့်ရှု ကာမျှပင် ကျမ်း၏ဟောပုံ တရားစုံကို ခန့်မှန်းသိသာနိုင်ပေမည်။

**ဆရာတော်၏သံဝေဂ** အထူးသဖြင့် ဤဟောအဿပုရသုတ္တန်ကို ဟောကြား ရာဝယ် ထူးကြီးဆရာတော်သည် သမဏဓမ္မလုပ်ငန်း အကျင့်စခန်းကို တက်လှမ်းရာ၌ မိမိကိုယ်တိုင်ကိုပင် မိမိအားရကျေနပ်မှုမရှိပဲ တရားမပြည့်စုံသေးသဖြင့် သတိပြု၍ ကျင့်သုံးအားထုတ်ရန် မိမိကိုယ်ကို မိမိ ပြန်၍ သတိပေးနေသည်ကို အောက်ပါအတိုင်း တွေ့ရပေသေးသည်။

> "တကာ တကာမတွေ့တင် မဟုတ်ဘူး၊ ဒီတရားဟောပလ္လင်ပေါ်က ကိုယ်တော်လဲပါတယ်-" (၇၃)
>
> "ငါ ဒီသုတ္တန်ကို ရွေးကတည်းက ငါနဲ့တော်မဲ့သုတ္တန်ကို ငါရွေး ဟောတာ-" (၁၀၄)

"အခု ဘုန်းကြီးရည်ရွယ်ဟောနေတာဘုန်းကြီးလဲ တရားဓာတ်တွေ ဝင်စေ တော့-" (၁၄၅)

"ကိုယ်က သူတပါးကိုသာ ဟောနေဘာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ရော ဘာ ရော အကုန်ပြန်ဟောနေတာ-" (၁၆၉)

"အဲဒီတရား ငါနားထဲရောက်ဘို့ သိပ်လိုတယ်-" (၁၇၁)

**ပရိယတ်မှ ပဋိပတ်သို့** "စာရိကံ ဘိက္ခဝေ စရထ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ" ဟု ဘုရားမိန့်မှာတော်မူသည်နှင့်အညီ ဆရာတော်သည် အနယ် နယ်သို့ သာသနာပြု တရားဟောလှည့်လှည်နေရခြင်းနှင့်ထိုသို့ ဟော

ပြရန် ပါဠိအဋ္ဌကထာ စသည်တို့ကို လေ့ကျက်နေရခြင်းဖြင့်သာ အချိန်ကုန်လျက် ရှိပေသည်၊ ထိုသို့ ဟောပြောပြသမှုတို့သည်လည်း ပရိယတ္တိကို အကြောင်းရင်းပြု၍ ကျင့်စဉ် ပဋိပတ္တိသာသနာပြန့်ပွားခြင်းဟူသော အကျိုးတရားများကို ရနိုင် ပေသည်။

ဥပမာအားဖြင့် နွားကျောင်းသားသည် မိမိနွားအရေအတွက် အရောင် အဆင်းတို့ကို လေ့လာ မှတ်သားမထားလျှင် မပျောက်ပျက်အောင် စောင့် ရှောက် ထိန်းသိမ်းခြင်းငှာ မတတ်နိုင်သကဲ့သို့ သင်ကြားလေ့လာမှု (ပရိယတ္တိ) မရှိလျှင် ကျင့်သုံးလိုက်နာအားထုတ်မှု မဖြစ်နိုင်ကြောင်းကိုလည်း ဝိနည်း မဟာဝါ ပါဠိတော် မဟာခန္ဓကဌ် ဟောတော်မူခဲ့ပေသည်။

ထို့အတူ ကန်ဘောင်မရှိလျှင် ရေမတည်နိုင်၊ ရေမရှိလျှင် ကြာမတည် မပွင့်နိုင်သကဲ့သို့ သာသနာရေကန်ကြီးသည် ပရိယတ္တိကန်ဘောင် မရှိပါက ရေနှင့်တူသော ပဋိပတ္တိ မတည်နိုင်၊ ပဋိပတ္တိ ရေမရှိပါက ကြာပန်းတည်း ဟူသော မဂ် ဖိုလ် ပဋိဝေဓတရားများ ပွင့်ထွန်းလာနိုင်မည် မဟုတ်ပါ။ (သံ၊ ဋ္ဌ၊ ၂။ ၁၈၈)

ပရိယတ္တိဟူသည် သုတ်, အဘိဓမ္မာ, ဝိနည်းပိဋကတ်တရပ်ရပ်ကို ဖြစ်စေ အများကိုဖြစ်စေ သင်ယူလေ့ကျက်ခြင်း, ပို့ချခြင်း,ဟောပြောခြင်းတို့ဖြစ်၍ ထိုထို ပရိယတ္တိဓမ္မများကို လေ့ကျက်ဟောပြောရင်း လောဘ ဒေါသ စသော ကိလေသာများလည်း နည်း၍နည်း၍ သွားတတ်ပါသည်၊ သဒ္ဓါ ပညာ သမာဓိ ဝီရိယများလည်း ကြီး၍ကြီး၍လာတတ်ပါသည်။

**အရှင်ဥပါလိနှင့် အရှင်အာနန္ဒာ** မှန်ပါသည်၊ မြတ်စွာဘုရားလက်ထက် အရှင်ဥပါလိရဟန်းသည် လွတ်ရာ လွတ်ကြောင်း တောကျောင်းသို့ သွား၍ ကမ္မဋ္ဌာန်း အလုပ်ဖြင့် အားထုတ်နေလိုကြောင်း ဘုရားထံ လျှောက်ထားဘူးသည်၊ ထိုအချိန်က မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် အရှင်ဥပါလိသည် တောကျောင်း၌နေလျှင် သူ့ အကျိုးသက်သက် ကိုသာဆောင်၍ ဘုရားထံပါး၌နေလျှင် သံဃာအများ၏ အကျိုးကိုပါ ဆောင်နိုင်မည်ကို မြော်မြင်တော်မူသောကြောင့် ဖြစ်ပါသည်၊ ထိုနောက် မြတ်စွာဘုရားကိုယ်တော်တိုင် ဝိနည်းပရိယတ္တိကို အရှင်ဥပါလိအား သင်ပေးတော်မူခဲ့ပါသည်၊ အရှင်ဥပါလိထေရ်သည် နောင်အခါ ရဟန္တာဖြစ်ပြီး ဝိနည်းပိဋကအရာ၌ "ဧတဒဂ်"ရတော်မူခဲ့၏။

ထို့အတူပင် အရှင်အာနန္ဒာအား မြတ်စွာဘုရားသည် ရှစ်သောင်းနှစ်ထောင် သော ဓမ္မက္ခန္ဓာတို့ကိုရင်း, အရှင်သာရိပုတ္တရာစသောရဟန္တာမထေရ်ကြီးတို့သည်

နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကိုရင်း သင်ပေးတော်မူခဲ့ကြပါသည်၊ အရှင်အာနန္ဒာသည် ထို ဓမ္မက္ခန္ဓာတို့ကို မပျောက်ပျက်အောင် ဆောင်ရွက်ထားရသည့် တာဝန်ကြောင့် ရဟန္တာမဖြစ်နိုင်ပဲ ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် သံဂါယနာတင်အံ့ဆဲ ကာလတွင်မှ ရဟန္တာဖြစ်ခဲ့ရပေသည်။

ဤအကြောင်းများကိုထောက်၍ ထူးကြီးဆရာတော်သည် ဘုရားရှင်ကိုယ်တော်တိုင် ကြောင့်ကြစိုက်ဆောင်ရွက်တော်မူခဲ့သော မူလအခြေခံ ပရိယတ္တိဓမ္မတဆင့် သမထာဓမ္မအကျင့်စခန်းသို့ ရှေးရှုတက်လှမ်းသွားရပါမူ အားရကျေနပ်လိမ့်မည်ဟု မြော်လင့်မိပါသည်။

**နှစ်သက်ရာဌာနဥ္စ တရားအားထုတ်ရန်** ဤသို့ ထူးကြီးဆရာတော်ဘုရား၏မိန့်ဆိုချက်သတိသံဝေကို ထောက်၍ ယောဂီသူမွန်တို့လည်း အတုမှု၍သံဝေယူရန်လိုအပ်ပေသေးသည်၊ ရဟန်း၌ ရဟန်းကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံမှ လူတို့၌လည်း လူနှင့်ဆိုင်ရာ သီလသိက္ခာပြည့်စုံပါမှ အေးငြိမ်းရာစခန်းသို့ ရောက်နိုင်ပေမည်၊ အေးငြိမ်းရာစခန်းသို့ တက်လှမ်းဘို့ရန်အတွက် အရိယာလမ်းစဉ် ကျင့်စဉ်များကို ဘုရားဟောပါဠိဓမ္မများနှင့်အညီ ဟောပြောပြသ၍ နည်းမှန် လမ်းမှန် ကျင့်စေအားထုတ်စေသော ကမ္မဋ္ဌာနာစရိယများလည်း မြန်မာပြည်အရပ်ရပ်တွင် ရှိပြီးပင်ဖြစ်ချေပြီ၊ နီးရာဒေသ ကမ္မဋ္ဌာန်းဌာန၌ အချိန်မရွေး ပုဂ္ဂိုလ်မရွေးပဲ အားထုတ်ကျင့်သုံးနိုင်ကြပေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ဆရာတော်သည် တရားဟောရင်း ပရိသတ်တို့အား ပုဂ္ဂိုလ်ကိုမရွေးချယ်ကြဘို့၊ တရားစစ်တရားမှန်ကိုသာ ရွေးချယ်ကြဘို့အကြောင်း, ထူးကြီးတရားမဟုတ်၊ ဘုရား၏ဘုရားသာဖြစ်ကြောင်း (၁၇၀) ထူးကြီးဆရာတော်မှာ မူပိုင်ပြုလုပ်ထားတဲ့ တရားမရှိကြောင်း(၂၀၂)သူတပါးအား အပြစ်မပြောရန်နှင့် ကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းရိပ်သာများ၌အားထုတ်ရှုပွားကြစေလိုကြောင်း(၂၃၁)စသည်တို့ကို တိုက်တွန်းမိန့်မှာထားပြီးဖြစ်ပေပြီ။

**လောကီရတနာ ၇-ဖြာနှင့် အရိယာဥစ္စာ ၇-ဖြာ** သို့ဖြစ်၍ လောက၌ ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, စိန်, သန္တာ ဟု ခေါ်သည့် လောကီရတနာ ခုနစ်ဖြာတို့နှင့် ကုံလုံကြွယ်ဝ၍ ချမ်းသာစွာနေရစေကာမူ ထိုလောကီရတနာတို့သည် မီး, ရေ, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူတို့နှင့်သာ ဆက်ဆံကုန်၏၊ ထိုသူတို့၏ အမွေခံသာဖြစ်ကုန်၏ဟုရင်း-

**လောကုတ္တရာလမ်းစဉ်ဖြစ်သည့်** အရိယဥစ္စာ ခုနစ်ဖြာသော တရားတို့နှင့် ပြည့်စုံကုံလုံကြွယ်ဝသူ မိန်းမ, ယောကျ်ားတို့သည်ကား ဆင်းရဲသူများမဟုတ်ကြ၊ ၎င်းတို့အသက်ရှင်နေခြင်းသည် အချည်းနှီးမဟုတ်ဟုရင်း (သတ္တင်္ဂုတ္တိုရ် အနုသယဝဂ်ဥဂ္ဂသုတ်၌) ဥဂ္ဂအမတ်အား ဘုရားမိန့်ပြွက်ဆုံးမတော်မူချက်ကို အစဉ်အောက်မေ့လျက် သီလသိက္ခာ ကျင့်မှန်ရာကို ဖန်ဖန်အားထုတ်ကြရာ၏။

ထိုအကြောင်းကို မန်လည်ဆရာတော် ဘုရားကြီးကလည်း အောက်ပါ လင်္ကာဖြင့် ဆုံးမတော်မူခဲ့ပေသတည်း။

ခုနစ်မဟာ၊ ရတနာတိ၊ **သဒ္ဓါ**-ပတ္တမြား၊ ဘိုးများနဂ္ဂ၊ **သီလ**-ပုလဲ၊ မျက်ရွဲ-**သုတ**၊ **စာဂ**-**သန္တာ**၊ **ပညာ**-စိန်ကျောက်၊ ထိန်တောက်**ဝင်းညို**၊ **ဟိရီ**-ကျော့ငွေ၊ **သြတ္တပ်**-ရွှေဟု၊ **မသွေ**ပြည့်န်၊ ဥစ္စာမွန်နှင့်၊ ဂုဏဝန်ကျော်၊ အိုသူတော်တို့-

ရှုမြှော်ပညိန်၊ နှိုင်းချိန်မမေ့၊ တရားမွေ့၍၊ စေ့စေ့ဆင်ခြင်၊ သိစေချင်၏။ ကိုယ်ပင်တရား၊ အခြားမဟုတ်၊ မုချမှန်ဘိ၊ သံတယိုက၊သပ္ပုရိခေါ်၊ မြတ်သူတော်ကား၊ အကျော်ခုနစ်ပါး၊ ဥစ္စာများ၍၊ တရားယုံလစ်၊ သီလချစ်လျက်၊ ခုနစ်သုစရိုက်၊ ကိုယ်၌ဖြူဆွတ်၊ အာဇီဝ၌နှင့်၊ မချွတ်ပြည့်ငြား၊ ပြီးသောအားဖြင့်၊ မလားပါယ်ရပ်၊ မကပ်ဝေးကွာ၊ ကျင့်သမ္မာနှင့်၊ အရိယာသူမွန်၊ သောတာပန်သို့၊ လမ်းမှန်ဖြောင့်စွာ၊ မထောင့်ရာသည်။ ။နတ်ရွာရောက်ရေးကွာမဝေး။ ။

သဒါ သုခီ ဘဝန္တု တေ၊

ဓမ္မာစရိယ-ဦးတင့်အောင်
ကမ္ဘာအေး
၁၃၃၈-ခုနှစ်၊ ပြာသိုလဆန်း ၇-ရက်၊
(၂၆-၁၂-၇၆)

# ထုတ်ဝေသူ၏ပန်ကြားချက်

ဤမဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်းသည် ဝါကျနှင့်စာသား ကောင်းမွန်လှပစေရန် အချိန်ယူကာ တွေးတောကြံဆ စီစဉ်ရေးသားရသော ကျမ်းစာမဟုတ်မူ၍ တရားနာပရိသတ် ဓမ္မယောဂီပုဂ္ဂိုလ်များ အထူးနားလယ် သဘောပေါက်စေရန် ကျေးဇူးရှင်ထူးကြီးဆရာတော်ဘုရား၏ နှုတ်ဖြင့်အလွတ် ဟောကြားထားသည့် ပါဠိတော်ဟောစဉ် တိတ်ကြိုးခွေများမှ လက်ရေးဖြင့် ကူးယူပုံနှိပ်ထားသောကျမ်းစာ ဖြစ်ခြင်းကြောင့်–

၁။ ပါရှိပြီး ပါဠိ, မြန်မာ အဓိပ္ပါယ်စကားရပ်များ ထပ်မံပါရှိခဲ့လျှင်၎င်း၊

၂။ အကြောင်းအရာတခုခုကိုစွဲ၍ တိုတို ဟောရမည့်နေရာ၌ ရှည်ရှည် ဟောကြားချက်များ ပါရှိခဲ့လျှင်သော်၎င်း။

၃။ ဆိုလိုရင်းအဓိပ္ပါယ် မပျက်သော်လည်း သဒ္ဒါရေးအားဖြင့်ချွတ်ချော် မှုများ တွေ့ရှိခဲ့လျှင်သော်၎င်း၊

၄။ တခါတရံ စကားစပ်မိ၍ ကျင့်စဉ်သဘောတရားနှင့် မသက်ဆိုင်သော သဒ္ဒါရေးရှင်းလင်းဟောကြားချက်, ကျမ်းဂန်တခုနှင့်တခု ညှိနှိုင်း ဟောကြားချက်များကို တွေ့ရှိခဲ့လျှင်သော်၎င်း၊

ဤကျမ်းစာဖတ်ရှုသူ ဓမ္မမိတ်ဆွေများက တညစီ တညစီ ဟောကြားထားသော ဝိပဿနာတရားတော်အသံကို နာခံမှတ်သား နေရဘိသကဲ့သို့ စိတ်တွင် စွဲမှတ်၍ အဆိုပါချို့ယွင်းချက်များကို ခွင့်ပြုကြပါရန်နှင့်–

ပုံနှိပ်ရာ၌ ပုဒ် ပါဌ် အက္ခရာ ချို့ယွင်းမှု, ပါဠိ မြန်မာ ပုဒ်တွဲ ပုဒ်ခွဲ ချို့ယွင်းမှုစသည်တို့ ပါရှိကောင်းပါရှိမည်ဖြစ်၍ တွေ့ရှိပါက ထိုချို့ယွင်းချက် များကိုလည်း ခွင့်ပြုပါရန် မေတ္တာဖြင့် ပန်ကြားပါသည်။



# မဟာအဿပုရသုတ္တန်ပါဠိတော်ဟောစဉ်
# ဝိပဿနာရှုနည်းကျမ်း

## ပဉ္စမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၅-ရက်၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင်ဟောကြားအပ်သော မဇ္ဈိမနိကာယ်မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်၌ လာသော မဟာအဿပုရသုတ္တန် တရားဒေသနာ။

**တရားပလ္လင်ခံနှင့် ဘုရားရှိခိုး**

ဋင်းသုတ္တန်တရားဒေသနာတော်မြတ်ကိုသဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင်ဟောတော်မူခဲ့ပါတယ်၊ သဗ္ဗညုရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်များကို တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်တို့ အနေဖြင့် တရားဟောရမှာ တရားနာရမှာဖြစ်တဲ့အတွက် ဋင်းမဟာအဿပုရသုတ္တန်ဒေသနာကို ဟောကြားတော်မူအပ်ခဲ့သည့် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက ဒီဓမ္မာသနပလ္လင်ထက်မှနေ၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များကိုရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးပါမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီးတော့ ဒီကနေ့တရားနာ

ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃)ခေါက်

* အရဟတော၊တထောင့်ငါးရာကိလေသာ ရန်သူအပေါင်းတို့မှဝေးကွာကင်းလွတ်တော်မူပါပေထသော။

* အရဟတော၊ တကောင့်ငါးရာ ကိလေသာရန်သူအပေါင်းတို့ကို အောင်တော်မူ နိုင်တော်မူ သတ်တော်မူတတ်ပါပေထသော။

* အရဟတော၊ သံသရာစက်၏ အကန့်အကွက် အချက်အခြာ အဝိဇ္ဇာတဏှာတရားနှစ်ပါးဦးစီးတဲ့ သံသရာစက်တို့ကို ချိုးဖျက်တော်မူပါပေထသော။

* အရဟတော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပစ္စည်းလေးဖြာလှူဒါန်းဘွယ်ရာနှင့်တကွ အရိုအသေပြုခြင်း အလေး အမြတ်ပြုခြင်း မိုဝဲဆည်းကပ်ခြင်းတို့ကို ခံယူခြင်းငှာ ထိုက်တော်မူပါပေထသော။

* အရဟတော၊ ဆိတ်ကွယ်ရာ၌ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူရာတို့ဖြင့် မကောင်းမှုမှန်သမျှကို ပြုတော်မမူတတ်ပါပေထသော –ပြောတော်မမူတတ်ပါပေထသော– ကြံစည်တော်မမူတတ်ပါပေထသော။

* သမ္မာသမ္ဗုဒ္ဓဿ၊ သစ်ိတ အသစ်ိတအားဖြင့် ပြားသောဥဧယျငါးတန်တရားအမှန်ကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။

* ဘဂဝတော၊ " ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည်, ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူပါပေထသော၊

* တဿ တာဒိသဿ၊ လောကဓမ်ဓလေ့ မုန်တိုင်းဒေ့လည်း မရွှေ့မယိုင်ကျောက်စာတိုင်ကဲ့သို့ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိပကတိသောတာဒိဂုဏ်နှင့် ပြည့်စုံတော်မူပါပေထသော ထိုဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်အား။

* အမှာကံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဖြစ်ကြကုန်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။

* နမော၊ ကရားဟော တရားနာ ဘေးရန်ကွာ၍ အန္တရာယ်ကင်းလို ခြင်း, နာသူမှတ် ...း၍ ပွားများအားထုတ်သော တရားတော်မြတ်၏ ...ရဟတ္တဖိုလ်ပေါက် ဒ.ပြီးအဆုံး သို့ရောက်ပါစေခြင်းငှာ ကိုယ်နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံ မိုးလျက် ရှိခိုးခြင်းသည်။

* အတ္တု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

---

**သုတ္တန်နိဒါန်း** မဟာအဿပုရသုတ္တန် တရားဒေသနာတော်ကို ဟောပေးဖို့ ဆိုပြီးတော့ ဒီလိုနှလုံးသွင်းထားပါတယ်၊ ဘုန်းကြီးတို့ သာသနာတော်မှာ သရဏဂုဏ်ဟည်တဲ့ပုဂ္ဂိုလ်, သရဏဂုဏ်သီလတည်တဲ့ပုဂ္ဂိုလ်,ငါးပါး သီလ–ရှစ်ပါးသီလ–ဆယ်ပါးသီလစတဲ့ သီလတည်တဲ့ပုဂ္ဂိုလ်များ, ရှင်သာမဏေ များ, ရှင်ရဟန်းတော်များ, တရားနှလုံး ကျင့်သုံးအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ ကိုရည်ရွယ်လို့ မြတ်စွာဘုရားက ဒီဒေသနာတော်ကြီးကို ဟောကြားတော်မူ ပါတယ်၊ ဘယ်လိုဟောကြားတော်မူခဲ့ပါသလဲဆိုယင် သုတ္တန်ရဲ့နိဒါန်းမှာ–

"ဧကံ သမယံ ဘဂဝါ အင်္ဂေသု ဝိဟရတိ အဿပုရံနာမ အင်္ဂါနံ နိဂမော"။

ဒီသုတ္တန်ဒေသနာ တော်ကြီးကို ဟောကြားတော့မယ်လို့ဆိုတော့ မြတ်စွာ ဘုရားကိုယ်တော် မြတ်နဲ့တကွ တရားဟောစဉ်ကရှိတဲ့ တရားနာပရိသတ်ကို မြော်မှန်းကြည်ညိုပြီး တော့ စိတ်ထားရောက်ဘို့ရန်အတွက် သံဂါယနာတင် ဆရာတော်များက ဒီ နိဒါန်းကလေးကို မြွက်တန်းပြီးတော့ ထားခဲ့ပါတယ်၊ ဒီ မဟာအဿပုရသုတ္တန် ဒေသနာတော်ကြီးကို ဘယ်သူဟောသလဲဆိုတော့ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတယ်၊ ဘယ်နေရာမှာ ဟော ကြားတော် မူသလဲလို့ ဆိုတော့ အင်္ဂတိုင်း မဟာအဿပုရ နိဂုံးရွာကြီးကို ဆွမ်းခံရွာပြု၍ သီတင်းသုံးနေတော်မူစဉ်အခါမှာ ဒီသုတ္တန်ကို ဟောကြားတော်မူ ပါတယ်၊ ဒါကို နိဒါန်းက–

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အင်္ဂေသု၊ အင်္ဂတိုင်းတို့၌။ အဿပုရံနာမ၊ အဿပုရအမည်ရှိသော။ နိဂမော၊ နိဂုံးသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအဿပုရနိဂုံးရွာ၌။ ဝိဟရတိ၊ မျှတစွင် ပြုံး သီတင်းသုံးနေတော်မူ၏။

အင်္ဂတိုင်း အဿပုရနိဂုံးရွာကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ အခါ–

"တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါ"တိ။

တတြခေါ၊ ထိုသို့သီတင်းသုံးနေတော်မူသောအခါ၌။ ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ ဘိက္ခူ၊ သာသနာ့တာဝန်ကို ထမ်းဆောင်၍နေကြကုန်သော ရဟန်းတော်များကို။ ဘိက္ခဝေါတိ၊ သာသနာ့ဝန်ထမ်း အိုချစ်သား ရဟန်းတို့....ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။

သံဃာ့ပရိသတ်တွေ စည်းဝေးပြီးနေတဲ့နေရာမှာ မြတ်စွာဘုရားက ဓမ္မာသနပလ္လင်ထက်က နေပြီးတော့ ချစ်သားတို့....လို့ ဒီလိုခေါ်တော်မူတယ်၊ ဘာလုပ်ဘို့ခေါ်သလဲဆိုတော့ တရားဟောမယ်လို့ မြတ်စွာဘုရားက ခေါ်တယ်၊ ဒီတော့ ရဟန်းတော်များက–

"ဘဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ"။

တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ ဘဒန္တေတိ၊ အိုအရှင်မြတ်ဘုရားဟူ၍။ ပစ္စဿောသုံ၊ တုန့်ပြန် လျှောက်ထားကြကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ **ဧတံ**ဝစနံ၊ ဤတရားဒေသနာတော်ကို။ အဝေါစ၊ ဟောကြားတော်မူ၏။

**ရဟန်းဟုလူတွေက သိနေကြခြင်း** ရဟန်းတော်များကို ခေါ်ပြီးတော့ တရားဟောတော်မူတယ်၊ ဒေသနာတော်ကို ဘယ်လိုစပြီးတော့ ဟောတော်မူသလဲဆိုတော့–

"သမဏာ သမဏာ"တိ ဝေါ ဘိက္ခဝေ ဇနော သဉ္ဇာနာတိ။

ဘိက္ခဝေ၊ သာသနဝန်ထမ်း အိုရဟန်းတို့။ ဇနော၊ လူအပေါင်းသည်။ **ဝေါ**၊ သင်ချစ်သားအပေါင်းတို့ကို။ သမဏာ သမဏာတိ၊ ရဟန်းတော် ရဟန်းတော်တို့ဟူ၍။ သဉ္ဇာနာတိ၊ ကောင်းစွာသိ၏။

ချစ်သားတို့....သင်တို့ကိုလူတိုင်းက ဘယ့်နှယ်သိနေကြသလဲ– ကိလေသာကုန်အောင် ကိလေသာငြိမ်းအောင် ကျင့်နေကြတဲ့ပုဂ္ဂိုလ်တွေ၊ ကိလေသာကုန်ပြီးသား ငြိမ်းပြီးသားဖြစ်လို့ သမဏ–ကိလေသာငြိမ်းနေကြတဲ့ပုဂ္ဂိုလ်တွေ၊ ကိလေသာငြိမ်းအောင် ကျင့်တဲ့ပုဂ္ဂိုလ်တွေ၊ လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ စတဲ့ကိလေသာတရားတွေ ငြိမ်းပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်တွေဘဲလို့ ငြိမ်းအောင် ကျင့်နေကြတဲ့ပုဂ္ဂိုလ်တွေဘဲလို့ သင်တို့ကို လူတိုင်းလူတိုင်းက သိနေကြတယ်တဲ့၊ ဘုန်းကြီးတို့ပရိသတ် သိမနေကြဘူးလား၊ (သိနေပါတယ်ဘုရား)

ဒီနေ့ဟောတဲ့တရားတွေက များသောအားဖြင့် တရားဟောတဲ့ ပုဂ္ဂိုလ်ကော တရားနာတဲ့ပုဂ္ဂိုလ်တွေကိုပါ သတိရအောင်ဟောပေးနေတာပါ – ရည်ရွယ်ချက်က၊ ဘုန်းကြီးတို့ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ကြည့်မယ်ဆိုယင် ဘုန်းကြီးတို့ကို လူတွေ များများက ဘယ်လိုသိနေကြသလဲလို့ ဆိုတော့– ဩော်–ရဟန်းတော်တွေဘဲလို့ ဒီလိုသိမနေကြဘူးလား၊ (သိနေပါတယ်ဘုရား) တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ့ တရားနာကြတဲ့ပုဂ္ဂိုလ်တွေ့ သာသနာတော်ကိုမှီခိုပြီးတော့ကြည်ညိုနေကြတဲ့ပုဂ္ဂိုလ် တွေကိုလဲဘဲ သူဟာ ယောဂီပုဂ္ဂိုလ်တယောက်ပဲ၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ် တယောက်ပဲလို့ အဲဒီလို သိမနေကြဘူးလား၊ (သိနေကြပါတယ်ဘုရား) ဘုန်း ကြီးတင်မဟုတ်ဘူးနော် – တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေပါ အကုန်လုံးပါတယ်။

"တုမှေ စ ပန ကေ တုမှေတိ ပုဋ္ဌာ သမာနာ သမဏာမှာတိ ပဋိဇာနာထ"။

ဟုမှေ စ ပန၊ သင်တို့ကလည်း။ တုမှေ၊ အရှင်တို့သည်။ ကေ၊ အဘယ်သူတို့ နည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်လတ်သော်။ သမဏာမှာတိ၊ ငါတို့ရဟန်းတော် ဖြစ်ကြကုန်၏ဟူ၍။ ပဋိဇာနာထ၊ ဝန်ခံစကား ပြောကြားကြ ကုန်၏။

**ရဟန်းဟုဝန်ခံလျှင် ရဟန်းဖြစ်အောင်ကျင့်ရန်** လူတွေကလဲဘဲ သင်တို့ကို သမဏလို့–ရဟန်းလို့ သိနေကြတယ်၊ သင်တို့ကို တစုံတယောက်သော ပုဂ္ဂိုလ်က သင်တို့ဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲလို့ မေးယင်လဲဘဲ ဘယ့်နှယ်ပြောမလဲ–ငါတို့သည် သမဏ–ရဟန်းဖြစ်ကြကုန်၏ ဟု ဝန်ခံစကား ပြန်လှန်ပြီးတော့ ပြောကြားကြတယ်၊ ဒီတော့ မြတ်စွာဘုရားက–

"တေသံ ဝေါ ဘိက္ခဝေ ဧဝံသမညာနံ သတံ ဧဝံပဋိညာနံ သတံ ယေ ဓမ္မာ သမဏကရဏာစ ဗြာဟ္မဏကရဏာစ၊ တေ ဓမ္မေ သမာဒါယ ဝတ္တိဿာမ"။

ဘိက္ခဝေ၊ သာသနဝန်ထမ်း အိုရဟန်းတို့။ တေသံ ဝေါ၊ ထိုသင်တို့သည်။ ဧဝံသမညာနံ၊ ဤသို့ သမဏဟူသော အမည်ရှိကြကုန်သည်။ သတံ၊ ဖြစ် လတ်သော်။ ဧဝံ ပဋိညာနံ၊ ဤသို့သမဏဟူသော တာဝန်ကို ခံယူကြကုန် သည်။ သတံ၊ ဖြစ်လတ်သော်။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ သမဏ ကရဏာစ၊ ရဟန်းဖြစ်ကြောင်းလည်း ဟုတ်ကုန်၏။ ဗြာဟ္မဏကရဏာစ၊ ဗြာဟ္မဏ ဖြစ်ကြောင်းလည်း ဟုတ်ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ ဝတ္တိဿာမ၊ ကျင့်ကြကုန်အံ့။

သင်တို့ကိုလူတွေက သမဏလို့ သိနေတယ်၊ သင်တို့ကလဲ သင်တို့ဟာ ဘယ်သူလဲလို့ မေးယင် သမဏလို့ သင်တို့ အမည်ခံထားကြတယ်ဆိုယင် အဲဒီ သမဏဆိုတဲ့ အမည်နဲ့ လိုက်လျောအောင်၊ သမဏလို့ ဝန်ခံစကားလဲ ဝန်ခံတဲ့ အတိုင်း ဖြစ်လာအောင်၊ ပြည့်စုံလာအောင် သမဏဖြစ်ကြောင်းတရား၊ ဗြာဟ္မဏ ဖြစ်ကြောင်းတရားတွေကို သင်ချစ်သားတို့ ကျင့်ရမယ်တဲ့–မြတ်စွာဘုရားက။

ဘာဖြစ်လို့ ဒီဒေသနာတော်ကို အင်္ဂတိုင်း အဿပုရနိဂုံးမှာ ဟောရသလဲ ဆိုတော့ ဒီအင်္ဂတိုင်း အဿပုရ နိဂုံးမှာနေကြတဲ့ နိဂုံးသူ နိဂုံးသားတွေက– (အဋ္ဌကထာ ပြောထားတယ်)

"တသ္မိံ ကိရ နိဂမေ မနုဿာ သဒ္ဓါ ပသန္နာ ဗုဒ္ဓမာမကာ ဓမ္မ မာမကာ သံဃမာမကာ"။ [၁]

တသ္မိံ နိဂမေ၊ ထိုအဿပုရနိဂုံးရွာ၌။ မနုဿာ၊ လူတို့သည်။ သဒ္ဓါ၊ သဒ္ဓါတရားရှိကုန်၏။ ပသန္နာ၊ ရတနာသုံးပါး၌ ကြည်ညိုကြကုန်၏။ ဗုဒ္ဓ မာမကာ၊ ဘုရား၌ မြတ်နိုးကြကုန်၏။ ဓမ္မမာမကာ၊ တရားတော်၌ မြတ်နိုးကြ ကုန်၏။ သံဃမာမကာ၊ သံဃာတော်တို့၌ မြတ်နိုးလေးစားကြကုန်၏။

**နိဂုံးသားတို့၏ သာသနာကြည်ညိုပုံ** အဿပုရနိဂုံးမှာ နေကြတဲ့ အမျိုးကောင်း သားတွေ အမျိုးကောင်း သမီးတွေက ဘုရား တရား သံဃာ ရတနာ သုံးပါးကို သိပ်ပြီးတော့ ကြည်ညိုကြတယ်၊ ရိုသေကြတယ်၊ သိပ်ပြီးတော့ လေးစားကြတယ်၊ သိပ်ပြီးတော့ မြတ်နိုးကြ တယ်၊ဘယ်လောက်များကြည်ညိုကြ လေးစားကြသလဲဆိုတော့ အဋ္ဌကထာက–

"တဒဟုပဗ္ဗဇိတသာမဏေရမ္ပိ ဝဿသတိက ထေရသဒိသံ ကတွာ ပသံသန္တိ"တဲ့။ [၂]

တဒဟုပဗ္ဗဇိတသာမဏေရမ္ပိ၊ ယနေ့မှ ရှင်သာမဏေပြုတဲ့ ကိုရင် ကလေးကို သော်လည်း။ ဝဿသတိကထေရသဒိသံ။ ဝါ တရာရသော မထေရ်ကြီးနှင့် အတူ။ ကတွာ၊ ပြု၍။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။

ဘယ့်နှယ်ချီးမွမ်းသလဲ၊ ချီးမွမ်းပုံက–

"စတ္တာရော မဂ္ဂဋ္ဌာ စတ္တာရော ဖလဋ္ဌာတိ အဋ္ဌပုဂ္ဂလာ အရိယ သံဃောနာမ"။ [၂]

---

၁။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ၃၊ နှာ–၂၁၂။

၂။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ၃၊ နှာ–၂၁၂။

စတ္တာရော မဂ္ဂဋ္ဌာ၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်။ စတ္တာရော ဖလဋ္ဌာ၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်။ ဧသ၊ ဤသို့။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်အပေါင်းတို့သည်။ အရိယသံဃောနာမ၊ အရိယသံဃာမည်၏။

"တေ ဓဝရူပေန သီလေန ဓဝရူပေန အာစာရေန ဓဝရူပါယ ပဋိပတ္တိယာ သမန္နာဂတာ လဇ္ဇိနော ပေသလာ ဥဠာရဂုဏာတိ ဘိက္ခုသံဃဿေဝ ဝဏ္ဏံ ကထေန္တိ"။

တေ၊ ထို အရိယသံဃာအပေါင်းတို့သည်။ ဓဝရူပေန၊ ဤသို့သဘောရှိသော။ သီလေန၊ သီလနှင့်။ ဓဝရူပေန၊ ဤသို့သဘောရှိသော။ အာစာရေန၊ ကိုယ်ကျင့်တရားနှင့်။ ဓဝရူပါယ၊ ဤသို့သဘောရှိသော။ ပဋိပတ္တိယာ၊ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်နှင့်။ သမန္နာဂတာ၊ ပြည့်စုံတော်မူကြကုန်၏။ လဇ္ဇိနော၊ မကောင်းမှုအကုသိုလ် ဒုစရိုက်ကို ရှက်ခြင်း လန့်ခြင်း ကြောက်ခြင်းသဘော ရှိကြကုန်၏။ ပေသလာ၊ သီလသိက္ခာကို ချစ်မြတ်နိုးကြကုန်၏။ ဥဠာရဂုဏာ၊ လွန်မြတ်သောဂုဏ်တော် ကျေးဇူးတော် ရှိကြကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ဘိက္ခုသံဃဿေဝ၊ ရဟန်းသံဃာတော် အပေါင်း၏သာလျှင်။ ဝဏ္ဏံ၊ ဂုဏ်တော်ကျေးဇူးတော်ဟူသော ချီးမွမ်းစကားကို။ ကထေန္တိ၊ ပြောဆိုကြကုန်၏။

အဿပုရနိဂုံးသူ နိဂုံးသားတွေက စကားပြောစရာရှိယင် တခြားစကားကို မပြောဘူးတဲ့–ဘုရားနဲ့ ပတ်သက်တဲ့စကား၊ တရားနဲ့ ပတ်သက်တဲ့စကား၊ သံဃာနဲ့ ပတ်သက်တဲ့စကား၊ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ဂုဏ်ကျေးဇူးစကားတွေကိုသာ ပြောကြားလေ့ရှိကြတယ်၊ ဘယ်လောက်များ သံဃာကို ကြည်ညိုကြသလဲဆိုတာတော့ အဋ္ဌကထာက ပြောထားတယ်။

နံနက်စောစော အိပ်ရာကထလို့ ထွန်တုံးထွန်သန်တွေယူပြီးတော့ လယ်တောထဲသွားကြတဲ့ပုဂ္ဂိုလ်တွေ၊ ပေါက်ဆိန် ပဲခွပ် စသည်တို့ကိုယူပြီးတော့ တောထဲသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ သံဃာတော်တွေ ဆွမ်းခံကြွလာတာကိုမြင်ယင် အဲဒီ ထွန်တုံး ထွန်သန်တွေကို ခေတ္တထား၊ ပေါက်ဆိန်တွေ ဓားမတွေကို ခေတ္တထားပြီးတော့ သံဃာတော်များရဲ့ ဝေယျာဝစ္စကိစ္စကြီးငယ် အသွယ်သွယ်တွေကို ပြုလုပ်ပြီးမှ ကိုယ်လုပ်စရာရှိတဲ့ လုပ်ငန်းကို နောက်မှသွားပြီးတော့ လုပ်ကြတယ်၊ သံဃာတော်များရဲ့ ဝေယျာဝစ္စ ပြည့်စုံမှသာလျှင် သူတို့လုပ်စရာရှိတဲ့ လောကလုပ်ငန်းဖြစ်တဲ့ လယ်ထွန် ထင်းခုတ်စတဲ့ လုပ်ငန်းတွေကို လုပ်ကြသတဲ့။ အဲဒါ

အဿပုရနိဂုံးက ပုဂ္ဂိုလ်တွေ၊ ဒို့ရန်ကုန်က ပုဂ္ဂိုလ်တွေကတော့ ဘယ်လိုတုံးဗျ၊ ဘုန်းကြီးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို နောက်မှ လုပ်မယ်၊ ကိုယ့်ကိစ္စက အရင်အရေးကြီးတယ်၊ ဒီလိုဘဲမဟုတ်လား။

အေး–မဟာအဿပုရနိဂုံးက ပုဂ္ဂိုလ်တွေကတော့ ဒီလိုမဟုတ်ဘူး၊ သူတို့ကိစ္စတွေကို တန်းလန်းထားပြီးတော့မှ သံဃာကိစ္စတွေကို ကျေပြွန်အောင် ရွက်ဆောင်ပြီးမှ သူတို့လုပ်စရာရှိတဲ့ လုပ်ငန်းတွေကို အင်း–မီးပွားရေး ကြီးပွားရေး စားရေး ဝတ်ရေးဆိုတဲ့ ဒီလိုလုပ်ငန်းတွေကို လုပ်ကြသတဲ့၊ အဲဒါ လောက်ပဲ ဒီပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို ကြည်ညိုတာတွေ အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဒီဒေသနာတော်ကို ဟောတယ်၊ သင်တို့သည် သမဏဟု ဝန်ခံကြကုန်သည်ရှိသော် သင်တို့သည် သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်းတရားတို့ကို ကျင့်ကြရလိမ့်မယ်။

"ယေ ဓမ္မာ သမဏကရဏာစ ဗြာဟ္မဏ ကရဏာစ။"

ယေ ဓမ္မာ၊အကြင်တရားတို့သည်။ သမဏ ကရဏာစ၊ ရဟန်းဖြစ်ကြောင်းလည်း ဟုတ်ကုန်၏။ဗြာဟ္မဏကရဏာစ၊ဗြာဟ္မဏဖြစ်ကြောင်းလည်းဟုတ်ကုန်၏။ တေဓမ္မေ၊ ထိုတရားတို့ကို။ သမာဒါယ၊ ကောင်းစွာ ဆောက်တည်ကြကုန်၍။ ဝတ္တိဿာမ၊ ကျင့်ကြကုန်အံ့။

"ဧဝံ နော အယံ အမှာကံ သမညာစ သစ္စာ ဘဝိဿတိ ပဋိညာစ ဘူတာ"။

ဧဝံ၊ ဤသို့ကျင့်ကြကုန်သည်ရှိသော်။ နော–အမှာကံ၊ ငါတို့၏။ သမညာစ၊ ရဟန်းဟူသော အမည်သည်လည်း။ သစ္စာ၊ မှန်ကန်သည်။ဘဝိဿတိ၊ ဖြစ်ပေလိမ့်လတ္တံ့။ အယံပဋိညာစ၊ ဤသမဏဟု ဝန်ခံသော စကားသည်လည်း။ ဘူတာ၊ ဟုတ်မှန်သော ဝန်ခံခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်လတ္တံ့။

**ရဟန်းတရားကျင့်မှ ဒါယကာများအကျိုးရှိမည်**

သမဏဖြစ်ကြောင်း တရား, ဗြာဟ္မဏ ဖြစ်ကြောင်း တရားတို့ကို သင်ချစ်သားတို့က ကျင့်မှသာလျှင်သင်တို့သည် သမဏဟူသော အမည်ကို တာဝန်ခံတဲ့ ဝန်ခံချက်နဲ့ ဟုတ်ကြ မှန်ကြလိမ့်မယ်၊ အစစ်အမှန် ဖြစ်ကြလိမ့်မယ်တဲ့၊ သမဏလို့ အမည်ခံထားပြီးတော့ ဘာမှလုပ်ငန်းတွေ မလုပ်ဘူးဆိုယင် သင်တို့ဝန်ခံစကားတွေ အပိုဖြစ်မယ်တဲ့၊ ပြီးတော့ ဘာပြောလဲ- မြတ်စွာဘုရားက။

"ယေသဉ္စ မယံ စီဝရပိဏ္ဍပါတ သေနာသနဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပရိဘုဉ္ဇာမ၊ တေသံ တေ ကာရာ အမှေသု မဟပ္ဖလာ ဘဝိဿန္တိ မဟာနိသံသာ"။

(ဒီအပိုဒ်ကတော့ဖြင့် အင်မတန်ကိုဘဲ ကောင်းတဲ့အပိုဒ်)ဒီလိုသမဏဟူသော အမည်ကို သင်တို့ယူထားကြယင် သင်တို့ဘယ့်နှယ် နှလုံး-သွင်းပြီး ကျင့်ရ ပလဲ။

မယံ၊ ငါတို့သည်။ ယေသံ၊ အကြင်ပစ္စည်း လေးပါးတို့ဖြင့် လှူဒါန်း ထောက်ပံ့၍ နေကြကုန်သော ဥပါသကာ ဒါယကာ ဒါယိကာမ အပေါင်း တို့၏။ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ သင်္ကန်း ဆွမ်း ကျောင်း ရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်သော အသက်၏အရံအတား ဖြစ်သော ဆေးပစ္စည်းကိုလည်း။ ပရိဘုဉ္ဇာမ၊ သုံးဆောင်ခံစား၍ နေကြလေ ကုန်၏။ တေသံ၊ ထိုပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း၍ နေကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့၏။ အမှေသု၊ ငါတို့အပေါ်၌။ တေကာရာ၊ ထိုကုသိုလ်ကောင်း မှုပြုလုပ်ခြင်းတို့သည်။ မဟပ္ဖလာ၊ များသော အကျိုးရှိကုန်သည်။ မဟာ နိသံသာ၊ များသောအာနိသင်ရှိကုန်သည်။ဘဝိဿန္တိ၊ ဖြစ်ကြပေကုန်လိမ့်လတ္တံ့။

သမဏဖြစ်ကြောင်းတရား၊ ဗြာဟ္မဏဖြစ်ကြောင်းတရားတွေကို သင်ချစ်သား တို့က ကျင့်နေမှသာလျှင် သင်ချစ်သားတို့ကို လူဒကာ ဒကာမတွေက ဆွမ်းလဲ လှူရတယ်၊ သင်္ကန်းလဲလှူရတယ်၊ ဆေးပစ္စည်းလဲလှူရတယ်၊ ပြီးတော့ ဘာတုံး.... (ကျောင်းပါဘုရား) အေး–ကျောင်းလဲလှူရတယ်၊ အဲဒီလို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းတာကို သင်ချစ်သားတို့သည် သုံးဆောင်ခံစားပြီးတော့ နေကြရတာ သင်တို့ရဲ့ အပေါ်ကို အမှီပြုပြီးတော့ လှူကြတန်းကြတဲ့ပုဂ္ဂိုလ်တွေသည် သင်တို့က သမဏဟူသောအကျင့်၊ ဗြာဟ္မဏ ဟူသောအကျင့်ကို ကျင့်မှသာလျှင် လှူဒါန်းကြရတဲ့ ဒါယကာ ဒါယိကာမတွေ မှာ များသောအကျိုးအာနိသံသတွေ ရှိလိမ့်မယ်လို့ ဒီလိုရည်ရွယ်ပြီးတော့ သမဏဖြစ်ကြောင်းတရား၊ ဗြာဟ္မဏဖြစ်ကြောင်းတရားတွေကို သင်ချစ်သားတို့ မကျင့်ဘဲနေလို့ မဖြစ်ဘူး၊ ကျင့်ရမယ် တဲ့–မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ ဒီလိုနေလို့ဖြစ်ပါမလား–ဟင်၊ စားလိုက် သောက်လိုက် ပျော်လိုက် ပါးလိုက် ဒီလိုနေလို့ဖြစ်ပါမလား၊ (မဖြစ်ပါဘူးဘုရား) မဖြစ်ဘူးဟုတ်လား။

**မမြဲသောရဟန်းအဖြစ်** တနည်း–ဘုန်းကြီး ပြောချင်တာကတော့ သာသနာ တော်အတွက်သာ ဒီတရားဒေသနာတော်အတွက်သာ သေသေချာချာ ငဲ့ပြောရမယ်ဆိုယင် ဘုန်းကြီးတို့ကလဲ ဆွမ်း သင်္ကန်း ကျောင်း

ဆေး ပေါများဘို့ကိုချည်း လုံးပမ်းနေဘို့အခါ မဟုတ်ဘူး၊ ဒီဒေသနာတော်အရ သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်းကိုသာလျှင် ဘုန်းကြီးတို့က လုံးပမ်းရမယ်၊ ဘုန်းကြီးတို့က ကြိုးစားရမယ်၊ အဲ-ဆွမ်း သင်္ကန်း ကျောင်း ဆေး ပြည့်စုံဘို့ကတော့ ဘယ်သူ့တာဝန်တုံး-ဟင်၊ (ဒါယကာ ဒါယိကာမတာဝန်ပါဘုရား) အင်း-ဒါကျသော့ နတ်ကတယ်လေးသကိုးကွ-ဟင်၊ သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်းတရားတွေကို သင်ချစ်သားတို့ ကြိုးစား၍ကျင့်မှသာလျှင် သင်တို့ကို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့်လှူဒါန်းနေကြတဲ့ ဒါယကာ ဒါယိကာမတွေ များသောအကျိုးရှိကြလိမ့်မယ်လို့ ဆိုပြီးတော့ သမဏဖြစ်ကြောင်း, ဗြာဟ္မဏ ဖြစ်ကြောင်းတရားတွေကို သင်တို့က ကြိုးစားပြီးတော့ ကျင့်ပေးရမယ်တဲ့။

"အမှာကဉ္စေဝါယံ ပဗ္ဗဇ္ဇာ အဝဉ္ဈာ ဘဝိဿတိ သဖလာ သဥဒြယာ"။

အယံ ပဗ္ဗဇ္ဇာ၊ ဤသို့သော ရဟန်းအဖြစ်သည်။ အမှာကဉ္စေဝ၊ ငါတို့အားသာလျှင်။ အဝဉ္ဈာ၊ မမြုံသည်။ သဖလာ၊ အကျိုးရှိသည်။ သဥဒြယာ၊ တိုးပွားခြင်းရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

"ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ။ ကျင့်ရာ၏။

သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်း တရားတွေကို သင်ချစ်သားတို့က ကြိုးစားကျင့်မှသာလျှင် သင်တို့ရဟန်းပြုရခြင်း၏ အဖြစ်သည် မမြုံဘူးတဲ့၊ အကျိုးရှိလာမယ်တဲ့၊ မြုံနေတယ်ဆိုတာ မျိုးစေ့ကလေးတော့ဟုတ်ပါရဲ့၊ ဒီမျိုးစေ့ကလေးက အပင်မပေါက်နိုင်တဲ့ မျိုးစေ့ကလေးဖြစ်ဘယ်၊ ဒါဖြင့် သမဏဖြစ်ကြောင်းတွေ, ဗြာဟ္မဏဖြစ်ကြောင်းတွေက ဘာလဲလို့ဆိုတော့ ဒီ မဟာအဿပုရ ဒေသနာတော်ကြီးမှာတော့ဖြင့် ဟိရိ,ဩတ္တပ္ပ တရားနှစ်ပါးက စပြီးတော့ဟောတယ်၊ သို့ရာတွင် အဋ္ဌကထာ ဆရာတော်ကဟို အင်္ဂုတ္တိုရ် ပါဠိတော်မှာရှိတဲ့ သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်းတွေကို ယူပြီးတော့ဟောထားတဲ့ သုတ္တန်တခုရှိတယ်၊ အဲဒါ ဘုန်းကြီးထည့်ဟောပေးမယ်။

"တီဏိမာနိ ဘိက္ခဝေ သမဏဿ သမဏိယာနိ သမဏကရဏီယာနိ"။[၁]

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ-အုပ်၊ နှာ-၂၃၀။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ သမဏာသာ၊ ကိလေသာကုန် အောင်ကျင့်နေကြတဲ့ ရဟန်းတော်တို့၏။ သမဏီယာနိ၊ ရဟန်းတော်တို့ရဲ့ ဥစ္စာဖြစ်ကုန်သော။ သမဏကရဏီယာနိ၊ရဟန်းတော်များသည် ပြုကျင့်အပ်ကုန်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်တို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ ပေတည်း။

**သိက္ခာသုံးပါးအကျင့်တရား** သာသနာတော်ကိုဝင်ပြီးတော့ ရဟန်းပြုနေတဲ့ ရဟန်းတော်များရဲ့ဥစ္စာ, ရဟန်းတော်များရဲ့ လုပ်ငန်းဟာ ဘာလဲ–သုံးမျိုးဘဲရှိတယ်တဲ့၊ ဘယ်နှစ်မျိုးရှိတုံး၊ (သုံးမျိုးပါ ဘုရား) ရဟန်းတော်များရဲ့ကိစ္စ ဘယ်နှစ်ကိစ္စရှိသလဲ၊ (သုံးမျိုးပါဘုရား) သုံးကိစ္စဘဲရှိတယ်။

ကတမာနိ တီဏိ၊ ဒီ သုံးပါးက ဘာတဲ့တုံး။

"အဓိသီလသိက္ခာ သမာဒါနံ အဓိစိတ္တသိက္ခာသမာဒါနံ အဓိပညာ သိက္ခာ သမာဒါနံ"န္တိ။[၁]

အဓိသီလသိက္ခာ သမာဒါနံ၊ အဓိသီလသိက္ခာကိုကျင့်ခြင်းရင်း။ အဓိစိတ္တ သိက္ခာသမာဒါနံ၊ အဓိစိတ္တသိက္ခာကို ကျင့်ခြင်းရင်း။ အဓိပညာသိက္ခာ သမာဒါနံ၊ အဓိပညာသိက္ခာကိုကျင့်ခြင်းရင်းတည်း။

ရဟန်းတော်များရဲ့ဥစ္စာ, ရဟန်းတော်များရဲ့လုပ်ငန်း ဘယ်နှစ်ခုတုံး၊ (သုံးခုပါဘုရား) အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာလို့ ဒီ သိက္ခာသုံးပါးဘဲကျင့်ရမယ်တဲ့၊ ဒီသိက္ခာ သုံးပါးသည်သာ လျှင်ရဟန်းတော် များရဲ့ဥစ္စာ၊ ဒီသိက္ခာသုံးပါးသည်သာလျှင် ဒီလုပ်ငန်းအကျင့်တို့သည်သာလျှင် ရဟန်းတော်များရဲ့လုပ်ငန်း၊ တခြားလုပ်ငန်းသည် ရဟန်းတော်များရဲ့ လုပ်ငန်း မဟုတ်ဘူး-ဟုတ်လား၊ (မှန်ပါ)

ဒီနေရာမှာ သဗ္ဗညုမြတ်စွာဘုရားက အဓိသီလသိက္ခာဆိုတာဘာတုံး-ဆိုတော့ သုတ္တန်တခုပြောင်းလိုက်–

"ကတမာစ ဘိက္ခဝေ အဓိသီလသိက္ခာ"။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာသည်။ ကတမာ၊ အဘယ်နည်း။

---

၁။ စူဠနိဒ္ဒေသ၊နှာ–၃၅။ မဟာနိဒ္ဒေသ၊ နှာ–၂၉–၃၀။

"သီလဝါ ဟောတိ ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ အာစာရဂေါစရ သမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"။

သီလ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဆိုတဲ့ ဒိစတုပါရိသုဒ္ဓိသီလ လေးခုကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတာသည် ရဟန်းတော်များရဲ့ဥစ္စာ၊ ရဟန်းတော်များရဲ့လုပ်ငန်း၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဘုန်းကြီး မေဃိယသုတ္တန်ဒေသနာတော်ကြီးမှာ အကျယ်ဟောပြီးပြီ၊ * ဒီမှာတော့ အကျယ်ဟောလို့မဖြစ်ဘူး။

အဓိစိတ္တသိက္ခာ ဆိုတာ ဘာလဲ-

"ကတမာ စ ဘိက္ခဝေ အဓိစိတ္တသိက္ခာ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့နဲ့ ယှဉ်တဲ့သမာဓိသည် အဓိစိတ္တသိက္ခာ။

"ကတမာ စ ဘိက္ခဝေ အဓိပညာ သိက္ခာ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဝုစ္စတိ အဓိပညာသိက္ခာ"။

သစ္စာလေးပါးတရားကို သိအောင်ကြိုးစားအားထုတ်နေယင် အဓိပညာသိက္ခာ၊ တနည်း-ခပ်တိုတိုပြောကြမယ်ဆိုယင် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်နေတဲ့ ရဟန်းတော်သည် အဲဒီသိက္ခာသုံးပါးကို ကျင့်နေတဲ့ ရဟန်းတော်ဖြစ်ပေတယ်၊ တခါတည်းနဲ့ ကိစ္စပြီးတယ်၊ အဲဒါကိုတော့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်က ပြောပေးတယ်။

"သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိသိက္ခတိ၊
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ"။

---

* မေဃိယသုတ္တန် ပါဠိတော်ဟောစဉ် ပဋ္ဌမပိုင်းနှင့် နဝမပိုင်း၊ နှာ--၃၀၇-- စသည်ရှုပါ။

သဗ္ဗကာယပဋိသံဝေဒီ၊အလုံးစုံသောထွက်သက်ဝင်သက်လေကိုထင်ရှားအောင် ပြုလုပ်သည်ဖြစ်၍။ • အဿသိဿာမိ၊ ထွက်သက်ကို လွှတ်အံ့။ ပဿသိဿာမိ၊ ဝင်သက်ကို ရှူအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

သိက္ခတိ၊ ကျင့်၏ဆိုတဲ့နေရာမှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က –

"အဓိသီလမ္ပိ သိက္ခတိ၊ အဓိစိတ္တမ္ပိ သိက္ခတိ၊ အဓိပညမ္ပိ သိက္ခတိ"။ လို့ သိက္ခတိ သုံးခုပြတယ်။ အာနာပါနကမ္မဋ္ဌာန်းကိုစီးဖြန်းနေတဲ့ ပုဂ္ဂိုလ်သည် အဓိသီလမ္ပိ၊ အဓိသီလသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။ အဓိစိတ္တမ္ပိ၊ အဓိစိတ္တသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။ အဓိပညမ္ပိ၊ အဓိပညာ သိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။

အာနာပါနကမ္မဋ္ဌာန်းတခုခုကို ပွားနေယင်–

အဓိသီလသိက္ခာဘယ်လိုကျင့်သလဲ၊ မိမိစိတ်ကိုထွက်လေဝင်လေတည်းဟူသော အာရုံပေါ်မှာနေပြီးတော့ တခြားအာရုံသို့ရောက်မသွားအောင် စောင့်ရှောက်တယ် ထိန်းသိမ်းတယ်ဆိုတာသည်ပင်–

"သံဝရဋ္ဌေန အဓိသီလသိက္ခမ္ပိ သိက္ခတိ"။

သံဝရဋ္ဌေန၊ မိမိစိတ်ကို အာရုံတပါးမပြေးသွားရအောင် စောင့်ရှောက်ခြင်းတည်းဟူသော အနက်သဘောသတ္တိရှိသောကြောင့်။ အဓိသီလသိက္ခမ္ပိ၊ အဓိသီလ သိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။

မိမိစိတ်အာရုံတပါးသို့ ရောက်မသွားအောင် စောင့်ရှောက်ထိန်းသိမ်းနေတယ် ဆိုတာဟာ အဓိသီလသိက္ခာကို ထိန်းသိမ်းနေတာပါတဲ့ .... ပဋိသမ္ဘိဒါမဂ်ပါဠိ တော်က။

"အဝိက္ခေပဋ္ဌေန အဓိစိတ္တသိက္ခမ္ပိသိက္ခတိ"။

ဒီလိုထိန်းသိမ်းနေတဲ့အခါမှာ– အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်ခြင်းတည်းဟူသော အနက်သဘောရှိသောကြောင့်။ အဓိစိတ္တသိက္ခမ္ပိ၊ အဓိစိတ္တသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ပုဂ္ဂိုလ်ဟာ မိမိစိတ်သည် အာနာပါန ဝင်လေထွက်လေရုပ်တရားပေါ်က တခြားကိုမရွေ့သေးသရွေ့ ကာလပတ်လုံး အဝိက္ခေပ ရှိနေတယ်၊ မပျံ့လွင့်တဲ့ကိစ္စ ၊ အဲဒီလို မပျံ့လွင့်သရွေ့ ကာလပတ်လုံး ဘာသိက္ခာကို ကျင့်နေတာလဲလို့ ဆိုတော့ အဓိစိတ္တသိက္ခာကိုကျင့်နေတာပါတဲ့– အာနာပါနဿတိ အားထုတ်ယင်၊ ဒါတင်လားဆိုတော့မကသေးဘူးတဲ့–

"ဒဿနဋ္ဌေန အဓိပညာသိက္ခာပိ သိက္ခတိ"။

ဒဿနဋ္ဌေန၊ ဝင်လေထွက်လေတည်းဟူသော ရုပ်တရားနှင့် ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်တရားကိုခွဲခြား၍ သိခြင်းတည်းဟူသော အနက်သဘော သတ္တိရှိသောကြောင့်လည်း။ အဓိပညာသိက္ခံ၊ အဓိပညာသိက္ခာကို။ သိက္ခတိ၊ကျင့်သည်မည်၏။

ချစ်သား....အာနာပါနတပုံးကိုသာ အားထုတ်နေပါတဲ့၊ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာခေါ်တဲ့ သိက္ခာသုံးပါးကို ကျင့်နေရာမည်တယ်တဲ့၊ ဒီသိက္ခာသုံးပါးသည်သာလျှင် သမဏာသာ၊ ရဟန်း၏။ သမဏိယာနိ၊ ရဟန်းတော်တို့ရဲ့ ဥစ္စာဖြစ်ကုန်သော။ သမဏကရဏီယာနိ၊ ရဟန်းတော်များသည် ပြုကျင့်အပ်ကုန်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်တို့ဖြစ်ပါတယ်တဲ့၊ ဒါရဟန်းတော်များလုပ်ရမဲ့ ကိစ္စတဲ့၊ ဒီပြင် ဘာမှမလုပ်ရဘူး၊ဒါဘဲလုပ်ရမယ်။

**သိက္ခာသုံးပါးကိုကျင့်ပုံကျင့်နည်း** ဒါရဟန်းတော်များ လုပ်ရမဲ့ လုပ်ငန်းကို ပြောနေတာနော်၊ (မှန်ပါဘုရား) အခုဟောနေတာက မူလပဏ္ဏာသပါဠိတော်က မဟာအဿပုရသုတ္တန်ကို ဟောနေတာနော်၊ (မှန်ပါဘုရား) သို့သော်လဲဘဲ ဆိုင်ရာဆိုင်ရာ နိကာယ်ငါးရပ်မှာရှိတဲ့ ပါဠိတော်တွေကို သွင်းနိုင်သလောက် ဒီအထဲမှာထည့်ပြီး ဟောပေးမယ်၊ ဟုတ်လား၊ (မှန်ပါ)ဒီနေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကအကျယ်ချဲ့ပြီးတော့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဘာဟောပေးပြန်သလဲဆိုတော့–

"တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ"။[၁]

ဘိက္ခဝေ၊သာသနာ့ဝန်ထမ်းအိုရဟန်းတို့။တသ္မာတိဟ-တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဝါ၊ ရဟန်းတော်များရဲ့ဥစ္စာ, ရဟန်းတော်များရဲ့လုပ်ငန်းကိစ္စသည် ဒီသုံးမျိုးသာရှိသောကြောင့်သာလျှင်။ ဧဝါ၊သင်ချစ်သားတို့သည်။ ဧဝံ၊ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဒီလိုကျင့်ကြတဲ့–မြတ်စွာဘုရားက၊ ဘယ့်နှယ်ကျင့်ရမလဲလို့ဆိုတော့ ကျင့်ပုံကျင့်နည်းကို မြတ်စွာဘုရားက ဟောတယ်။

"တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိသီလသိက္ခာသမာဒါနေ၊ တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိစိတ္တသိက္ခာသမာဒါနေ၊တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိပညာသိက္ခာသမာဒါနေ"။[၁]

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ–၂၃၀။

နော၊ ငါတို့သည်။ အဓိသီလသိက္ခာသမာဒါနေ၊ အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၌။ တိဗ္ဗော၊ ထက်သန်လှစွာသော။ ဆန္ဒော၊ ကုသိုလ်ဆန္ဒသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ အဓိစိတ္တသိက္ခာသမာဒါနေ၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၌။ တိဗ္ဗော၊ ထက်သန်လှစွာသော။ ဆန္ဒော၊ ကုသိုလ်ဆန္ဒသည်။ ဘဝိဿတိ ဖြစ်အံ့။ အဓိပညာသိက္ခာသမာဒါနေ၊ အဓိပညာသိက္ခာကို ဆောက်တည်ခြင်း၌။ တိဗ္ဗော၊ ထက်သန်သော။ ဆန္ဒော၊ ကုသိုလ်ဆန္ဒသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

အဓိသီလသိက္ခာကို ဆောက်တည်တဲ့နေရာမှာ ထက်မြက်သောဆန္ဒတွေ ရှိရမယ်တဲ့၊ အင်တိုက်အားတိုက် အဓိစိတ္တသိက္ခာကို ကျင့်တဲ့နေရာမှာလဲ ထက်ထက်သန်သန်ကြီး ထက်ထက်မြက်မြက်ကြီး ရှိရမယ်တဲ့၊ အဓိပညာသိက္ခာကို ကျင့်တဲ့နေရာမှာလဲဘဲ ထက်သန်သောဆန္ဒ, အားကြီးသော လုံ့လဝီရိယရှိရမယ်တဲ့၊ ဒီတရားဒေသနာတော်နဲ့ ပတ်သက်ပြီးတော့ တရားဟောနေတဲ့ ကိုယ်တော်ကလဲ ကိုယ့်ကိုယ် ကိုယ်ပြန်စဉ်းစား၊ တရားနာနေကြတဲ့ ပရိသတ်ကလဲ ကိုယ့်ကိုယ် ကိုယ်ပြန်စဉ်းစား၊ ငါတို့ဟာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကိုရအောင် ကြိုးစားတာနဲ့ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို ရအောင်ကြိုးစားတာ ဘယ်သူကပိုပြီးတော့ ဆန္ဒအားကြီးသလဲဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်မေးယင် မသိဘူးလားလို့၊ (သိပါတယ်ဘုရား) ဟင်-ဒါကို စဉ်းစားရမယ်၊ ဒါက တရားဟောတဲ့ပုဂ္ဂိုလ်။

တရားနာနေတဲ့ပုဂ္ဂိုလ်က ငါတို့ဟာ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာတွေကို ရအောင်ကြိုးစားပြီးတော့ ဒီတရားတွေကို လိုချင်မှု ကုသိုလ်ဆန္ဒထက် ကြီးပွါးလိုချင်တဲ့ဆန္ဒ ဘယ်သူကအားကောင်းသလဲဆိုတာ အဲဒါစဉ်းစားကြည့်ကြ၊ ဘယ်သူက အားကောင်းသလဲ- ဟင်၊ (ကြီးပွါးရေးကပိုပြီးအားကောင်းပါတယ်ဘုရား) သိပြီမဟုတ်လားလို့၊ (သိပါတယ်ဘုရား) နော်-သဗ္ဗညုမြတ်စွာဘုရားကသိယင် ချစ်သားတို့ကျင့်ကြပါ- ဒါဘဲတတ်နိုင်တယ်နော်၊ ရှင်တော်မြတ်ဘုရားက တရားဟောပေးတဲ့ပုဂ္ဂိုလ်က ကျင့်ပေးလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)

**နွားယောင်ဆောင်သော မြည်းဥပမာ**

ဒီနေရာမှာ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာကလေးဥပမာပေးပြီး ဟောထားပြန်သလဲဆိုတော့- အင်မတန်ကောင်းတဲ့ဥပမာလေးဘဲ-

"သေယျထာပိ ဘိက္ခဝေ ဂဒြဘော ဂေါဂဏံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓော ဟောတိ၊အဟမ္ပိ ဒမ္မော အဟမ္ပိ ဒမ္မော"တိ။¹

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ ဂဒြဘော၊မြည်းသည်။ အဟမ္ပိ၊ ငါသည်လည်း။ ဒမ္မော၊ ဆုံးမထိုက်သောနွားပေတည်း။ အဟမ္ပိ၊ ငါသည်လည်း။ဒမ္မော၊ဆုံးမထိုက်သော နွားပါပေတည်း။ဣတိ၊ ဤသို့ပြောဆိုလျက်။ ဂေါဂဏံ၊ နွားအပေါင်း၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓော၊ အစဉ်လိုက်၍နေသည်။ ဟောတိ၊ ဖြစ်၏။

ချစ်သားတို့....လောက ဥပမာလေးတခု ငါပြောမယ်၊ မြည်းတကောင်ဟာ မြည်းဆိုတာရှိတယ်မဟုတ်လား၊ (ရှိပါတယ်ဘုရား) သိလား– ဘယ်လိုနေလဲ မြည်းဆိုတာ၊ သူ့လဲခြေထောက်လေးချောင်းဘဲမဟုတ်လား၊ (မှန်ပါ) အမြီးနဲ့ဘဲမဟုတ်လား၊ (မှန်ပါ) မြည်းမှာ ချိုပါသလား၊ (မပါပါဘူးဘုရား) အေး– ဒါပေမဲ့ ဥပမာကတော့ အဲဒီမြည်းဘဲပေးတယ် နော်၊ သူ့လဲခြေထောက်လေးချောင်းဘဲဆိုပြီးတော့ ငါလဲနွားဘဲ ငါလဲနွားဘဲလို့ ဆိုပြီးတော့ အဲဒီလို နှုတ်ကတတွတ်တွတ်အော်ပြီး နွားအုပ် ကြီးနောက် အဲဒီ မြည်း တကောင်လိုက်နေတယ်တဲ့၊ လိုက်မနေဘူးလား၊ (လိုက်နေပါတယ် ဘုရား) အဲဒီလိုလိုက်နေတဲ့အခါကျတော့ ဘာပေါ်လာသလဲ–

"တဿ န တာဒိသော ဝဏ္ဏော ဟောတိ သေယျထာပိ ဂုန္နံ"။

တဿ၊ ထိုမြည်းအား။ ဂုန္နံ၊ နွားတို့၏။ ဝဏ္ဏော၊ အဆင်းသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ တာဒိသော၊ ထိုနွားနှင့်တူသော အဆင်းသည်။ နဟောတိ၊ မဖြစ်။

"နတာဒိသော သရော ဟောတိ သေယျထာပိ ဂုန္နံ"။

ဂုန္နံ၊ နွားတို့၏။ သရော၊ အသံကဲ့သို့သောအသံသည်။ ဟောတိသေယျထာပိ၊ ဖြစ်သကဲ့သို့။ တဿ၊ ထိုမြည်းအား။ တာဒိသော၊ ထိုနွားအသံမျိုးသည်။ န ဟောတိ၊မဖြစ်။

အရောင်အသွေးကကော နွားနဲ့တူရဲ့လား၊ (မတူပါဘူးဘုရား)အသံကကော နွားသံနဲ့တူရဲ့လားလို့၊ (မတူပါဘူးဘုရား)သို့သော် သူကတော့ နွားအုပ်ကြီး နောက်ကနေပြီးတော့ ငါလဲနွားဘဲ ငါလဲနွားဘဲဆိုပြီးတော့ နောက်ကချောက် လိုက်နေတယ်–ဟုတ်လား၊ (မှန်ပါဘုရား)

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ–၂၃၀။

"န တာဒိသံ ပဒံ ဟောတိ သေယျထာပိ ဂုန္နံ"။

ဂုန္နံ၊ နွားတို့၏။ ပဒံ၊ ခြေရာကဲ့သို့သောခြေရာသည်။ ဟောတိသေယျထာပိ၊ ရှိသကဲ့သို့။ တဿ၊ ထိုမြည်းအား။ တာဒိသံ၊ ထိုနွားခြေရာမျိုးသည်။ န ဟောတိ၊ မရှိ။

နွားအုပ်ရှေ့ကသွားတော့ ခြေရာမထင်ဘူးလားလို့၊ (ထင်ပါတယ်ဘုရား) မြည်းခြေရာကလဲ့ဘဲ အဲဒီနွားခြေရာနဲ့ ခြေရာချင်းကောတူပါ့မလား၊ (မတူပါဘူးဘုရား) အဲဒီလို အသံလဲမတူ အဆင်းအရောင်လဲမတူ ခြေရာချင်းလဲမတူပေမဲ့ သူကဘာလိုက်လုပ်နေသလဲဆိုတော့–

"အဟမ္ပိ ဒမ္မော အဟမ္ပိ ဒမ္မောတိ ဂေါဂဏံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓော"တိ။

အဟမ္ပိ၊ ငါသည်လည်း။ ဒမ္မော၊ နွားပါပေတည်း။ အဟမ္ပိ၊ ငါသည်လည်း။ ဒမ္မော၊ ဆုံးမထိုက်သောနွားပါပေတည်း။ ဣတိ၊ ဤသို့ပြောဆိုလျက်။ ဂေါဂဏံယေဝ၊ နွားအပေါင်း၏သာလျှင်။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှနောက်မှ။ အနုဗန္ဓော၊ အစဉ်လိုက်၍နေသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ (ဒါ-ဥပမာစကားရပ်)

**အကျင့်သိက္ခာမရှိဘဲ ရဟန်းယောင်ဆောင်သူ** "ဧဝ မေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စော ဘိက္ခု"။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အို-ရဟန်းတို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ အဲဒီ ဥပမာ အတူသာလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စော ဘိက္ခု၊ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို မလိုက်စားတဲ့ ပုဂ္ဂိုလ်သည်။ (သီလလဲမကျင့်ဘူး, သမာဓိသိက္ခာလဲ အားမထုတ်ဘူး, တရားလဲအားမထုတ်ဘူး-စသည်ဖြင့်ပေါ့လေ)အဲ-သူကဘာလုပ်သလဲ–

"ဘိက္ခုသံဃံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓော ဟောတိ အဟမ္ပိ ဘိက္ခု အဟမ္ပိ ဘိက္ခူ"တိ။

အဟမ္ပိ၊ ငါသည်လည်း။ ဘိက္ခု၊ ရဟန်းတော်ပါပေတည်း။ အဟမ္ပိ၊ ငါသည်လည်း။ ဘိက္ခု၊ ရဟန်းတော်ပါပေတည်း။ ဣတိ၊ ဤသို့ပြောဆိုလျက်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာ၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှနောက်မှ။ အနုဗန္ဓော၊ အစဉ်လိုက်၍နေသည်။ ဟောတိ၊ ဖြစ်၏။

ဤလောကမှာမြည်းကဲ့သို့ဘဲတဲ့–သီလသိက္ခာ သမာဓိသိက္ခာ ပညာ သိက္ခာ ရှားပါးကြတဲ့ ပုဂ္ဂိုလ်များ, သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ဘာမှ

မကျင့်ရတဲ့ ပုဂ္ဂိုလ်များဟာလဲဘဲ ရဟန်းတော်များရဲ့ နောက်က **တကောက်** ကောက်လိုက်ပြီးတော့ ငါလဲရဟန်းဘဲ, ငါလဲရဟန်းဘဲဆိုပြီး **အဲဒီသံဃာတန်း** ကလေး တန်းလိုက်တော့ သူလဲနောက်က ပါမလာဘူးလား၊ **(ပါလာပါတယ်** ဘုရား) လူတွေကတော့ သူကိုဘယ်နှယ်သိသလဲ၊ "သာကော **သမဏာတိ** ဇနော သဥ္စာနာတိ-ဩော် သူလဲ ရဟန်းဘဲ ရဟန်းဘဲ"လို့ လူတွေကမသိဘူး လား၊ (သိပါတယ်ဘုရား) သူ့ကိုမေးတော့ သူကဘယ်နှယ်ပြောမလဲ-

ကေ ကုမှေတိ ပုဋ္ဌာ သမာနာ သမဏာမှာတိ **ပဋိဇာနာထ**။[1]

ကုမှေ၊ သင်တို့သည်။ ကေ၊ အဘယ်သူတို့နည်း။ ဣတိပုဋ္ဌာ၊ ဤသို့မေး သည်ရှိသော်။ သမဏာမှာတိ၊ ကျုပ်လဲရဟန်းပါဘဲဟူ၍ ပဋိဇာနာထ၊ သင် ဝန်ခံကုန်၏။

အခုနင်က မြည်းကဘယ်နှယ်ပြောတုံး၊ သူလဲ နွားဘဲလို့**ပြောတယ်**- ဟုတ်လား၊ ဒါ ပါဠိတော်လာတဲ့ အဓိပ္ပါယ်စစ်စစ်ကာ၊ **ထူးကြီးဆရာတော်ရဲ့** စကား တလုံးမှမဟုတ်ဘူး၊ ဒါ ထူးကြီးဆရာတော်ရဲ့ **တရားလဲမဟုတ်ဘူး**၊ မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်ကို ဘုန်းကြီးကပြန်ပြီးတော့ သာ သနာ့တာဝန်ကို ထမ်းနေတဲ့အနေနဲ့ ဒီလုပ်ငန်းလုပ်ပေးနေတာ။

"တဿ န တာဒိသော ဆန္ဒော ဟောတိ အဓိသီလသိက္ခာ သမာ ဒါနေ၊ သေယျလာပိ အညေသံ ဘိက္ခူနံ"။[2]

အညေသံ၊ တပါးကုန်သော။ ဘိက္ခူနံ၊ သီလကိုချစ်ခင်မြတ်နိုး၍ ကျင့် ဆောင်နေကြကုန်သော ရဟန်းတော်တို့၏။ အဓိသီလသိက္ခာ **သမာဒါနေ**၊ အဓိသီလသိက္ခာကို ဖြည့်ကျင့်ခြင်း၌။ ဆန္ဒော၊ ကုသိုလ်ဆန္ဒသည်။ **ဟောတိ** သေယျထာပိ၊ ဖြစ်သကဲ့သို့။ တဿ၊ ထိုသို့သိက္ခာသုံးပါး မလိုက်စား **မကျင့်** ဆောင်သော ပုဂ္ဂိုလ်အား။ တာဒိသော၊ ထိုသို့ဖြည့်ကျင့်ဆည်းပူးလိုသော **သဘော** ရှိသော။ ဆန္ဒော၊ ဆန္ဒသည်။ န ဟောတိ၊ မဖြစ်။

သီလဖြည့်ကျင့်ဆည်းပူးလိုတဲ့စိတ် ရှိကိုမရှိဘူးတဲ့၊ သီလစင်ကြယ်ဘို့နဲ့ ပတ် သက်ပြီး သူစိတ်လဲမကူးဘူးတဲ့၊ ရဟန်းတော်များ စောင့်ရမဲ့သီလဆိုတာ ရှိတယ်မဟုတ်လား၊ (မှန်ပါ) ဒါ အားလုံးဘဲသိကြတယ်-မဟုတ်လား၊ အဲဒီ ရဟန်းတော်များ သီလကို ဖြည့်ကျင့်ဆည်းပူးဘို့ရန်အတွက် အခြားသီလရှိတဲ့ ရဟန်းတော်များ သီလတရား၌ ထက်သန်သောဆန္ဒ,ဝီရိယရှိသလို အဲဒီပုဂ္ဂိုလ်မှာ သီလတရား၌ ဖြည့်ကျင့်ဘို့ရန်အတွက် ထက်သန်သောဆန္ဒ, ဝီရိယ မရှိဘူးတဲ့။

---

၁။ မူလပဏ္ဏာသပါဠိ၊ နှာ-၃၃၈။ ၂။ အင်္ဂုတ္တိုရ်ပါဠိ၊ပ၊နှာ-၂၃၀။

"န တာဒိသော ဆန္ဒော ဟောတိ အဓိစိတ္တသိက္ခာ သမာဒါနေ၊ သေယျထာပိ အညေသံ ဘိက္ခူနံ"။

အညေသံ၊ သီလသမာဓိသိက္ခာကို ဖြည့်ကျင့်ဆည်းပူး နေကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ အဓိစိတ္တသိက္ခာသမာဒါနေ၊ အဓိစိတ္တသိက္ခာကို ကျင့်ကြံခြင်း၌။ ဆန္ဒော၊ အားကြီးသောဆန္ဒသည်။ ဟောတိ သေယျထာပိ၊ ရှိသကဲ့ဖြစ်သကဲ့သို့။ တာဒိသော၊ ထိုသို့ အဓိစိတ္တသိက္ခာကို ဖြည့်ကျင့်ဆည်းပူး လိုသောသဘောရှိသော။ ဆန္ဒော၊ ဆန္ဒမျိုးသည်။ နဟောတိ၊ ၎င်းပုဂ္ဂိုလ်မှာ မရှိ။

တရားအားထုတ်ဘို့ ဝါသနာကို မပါတဲ့ပုဂ္ဂိုလ်၊ သို့သော် ဘုန်းကြီး တော့ ဝတ်နေတယ်–နော်၊ ဟုတ်လား–ဝါသနာကို မပါဘူးတဲ့၊ ဆန္ဒကို ပရှိဘူး၊ ဒီ အတိုင်းဘဲ–

"န တာဒိသော ဆန္ဒော ဟောတိ အဓိပညာ သိက္ခာသမာဒါနေ၊ သေယျထာပိ အညေသံ ဘိက္ခူနံ"။

အညေသံ၊ တပါးကုန်သော။ ဘိက္ခူနံ၊ ဝိပဿနာ ပညာကို ကြိုးစား အားထုတ်နေကြကုန်သော ရဟန်းတော်တို့၏။ အဓိပညာသိက္ခာ သမာဒါနေ၊ အဓိပညာသိက္ခာကို ကျင့်ကြံအားတုတ်ခြင်း၌။ ဆန္ဒော၊ ဆန္ဒသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ တာဒိသော၊ ထိုသို့ ဝိပဿနာပညာကို ကျင့်ကြံ ပွားများ အားထုတ်လိုသော သဘောရှိသော။ ဆန္ဒော၊ ဆန္ဒသည်။ တဿ၊ ထိုပုဂ္ဂိုလ်အား။ န ဟောတိ၊ မဖြစ်။

သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ သုံးပါးကို အခြားရဟန်းတော် များ ကျင့်ကြံပွားများ အားထုတ်နေကြတဲ့ဆန္ဒမျိုး၊ အဲဒီပုဂ္ဂိုလ်မှာ ဒီဆန္ဒမျိုး သီလကျင့်ဘို့ သမာဓိကျင့်ဘို့ ဝိပဿနာတရားအားထုတ်ဘို့ ဆန္ဒလုံးလုံးမရှိဘူးတဲ့၊ မရှိသာ မရှိတယ်၊ သူ့မေးကြည့်တော့ "ကော တုမှေတိ ပုဋ္ဌာ သမာနာ–အရှင် ဘုရား ဘယ်သူလဲ"လို့ မေးကြည့်၊ သူဘယ့်နှယ်ပြောမလဲ၊ "သမဏာမှာတိ ပဋိဇာနာထ–သူရဟန်းပါ"လို့ သူပြောလိမ့်မယ်၊ မြတ်စွာဘုရားက....ထူးကြီး ဆရာတော်ကလား–မြတ်စွာဘုရားကလား၊ (မြတ်စွာဘုရားကပါဘုရား)အဲဒီလို သီလသိက္ခာကျင့်ဘို့ သမာဓိသိက္ခာကျင့်ဘို့ ဝိပဿနာ ပညာသိက္ခာကျင့်ဘို့ စိတ်ဆန္ဒသာမရှိတယ်–သူ့ကိုမေးကြည့်ယင် သူကဘယ့်နှယ်ပြောမလဲ–သူ့ကိုလဲပရိ သတ်က ဘယ့်နှယ်သိနေသလဲ၊ (ရဟန်းလို့သိနေပါတယ်ဘုရား) "သမဏာ သမဏာတိ ဇနော သဥ္ဇာနာတိ–သူ့ကိုလဲ ရဟန်းရဟန်း"လို့ လူအများကသိ နေတယ်"နော်၊ သူ့မေးတော့ကော–သူရဟန်းပါလို့ သူက ဝန်ခံလိမ့်မယ်။

အခုနင်ကမြည်းဟာ နွားအပေါင်းနောက်ကတကောက်ကောက်လိုက်ပြီးတော့ သူလဲနွားပါဘဲလို့ဆိုပေမဲ့ သူဟာ နွားရဲ့အရောင်အဆင်းနဲ့လဲမတူ နွားရဲ့အသံနဲ့လဲမတူ၊ နွားရဲ့ခြေရာနဲ့လဲမတူသလို၊ သာသနာဘောင်မှာ ဝင်ပြီးတော့ ရဟန်းပြုနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ အခြား သီလ သမာဓိ ပညာ သိက္ခာသုံးပါးတို့နဲ့ ကျင့်ကြံပြီးနေကြတဲ့ ပုဂ္ဂိုလ်တွေကဲ့သို့ သီလ သမာဓိ ပညာသိက္ခာသုံးပါး အကျင့်တရား ကျင့်ဘို့အတွက် နဲနဲမှ သူ့မှာဆန္ဒမရှိဘူး၊ အသံကျတော့ကော သူ့မှာ ဘာသံထွက်သလဲ–ကျောင်းများများရဘို့၊ အဲဒါတွေသာ ထွက်နေယင်တော့ ဟင်–ဘုန်းကြီးလဲ မကြာမကြာပြောနေပါတယ်၊ ချမ်းသာတဲ့ တကာကောင်း တကာမကောင်းတွေ များများရဘို့ထက် သီလကောင်းကောင်း ရဘို့ သမာဓိကောင်းကောင်းရဘို့ ဝိပဿနာ ပညာကောင်းကောင်းရဘို့ ဘုန်းကြီးတို့ အနေနဲ့ ကြိုးစားဘို့ တော်နေပြီ၊ ကြိုးစားကြစမ်းပါလို့ – ဟုတ်လား။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေကော နေ့တိုင်း နေ့တိုင်း ငွေတွေများများကြီး ဝင်တာထက် သီလ သမာဓိ ပညာရတာ ဘယ်ဒင်းကြိုက်တုံး–ဟင်၊ ဒီကနေ့ကျောင်းလာ ဥပုသ်စောင့်နေတယ် ဆိုပေမဲ့ အရောင်းအဝယ်တို့ ဘာတို့ ဟုတ်လား၊ လုပ်ငန်းတွေ ထားပစ်ခဲ့ပြီး ယနေ့ ငွေဝင်သင့်သလောက် မဝင်ပြန်ဘူး မဟုတ်လား၊ ဒီတော့–ကြီးပွား မကြီးပွားတာ ဘုန်းကြီးတာ မကြီးတာထား၊ သီလ သမာဓိ ပညာ များများ ဖြစ်အောင်ကြိုးစားဘို့ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ဒီတော့ မြတ်စွာဘုရားက–

"တသ္မာ တိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ"။

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာဟိ–တသ္မာဧဝ၊ ထို့ကြောင့် သာလျှင်။ တုမှေ၊ သင်တို့သည်။ ဧဝံသိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်ရမယ်။ ဘယ်နှယ်ကျင့်ရမလဲ–

"တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိသီလသိက္ခာ သမာဒါနေ၊
တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိစိတ္တသိက္ခာ သမာဒါနေ၊
တိဗ္ဗော နော ဆန္ဒော ဘဝိဿတိ အဓိပညာသိက္ခာ သမာဒါနေ။

အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာဆိုတဲ့ သိက္ခာသုံးပါးကို ကျင့်တဲ့နေရာမှာ ထက်သန်သောဆန္ဒ၊ ဝီရိယကြီးဖြစ်အောင် ချစ်သားတို့ ကြိုးစားပြီးတော့ ကျင့်ကြတဲ့၊ အဲဒီတရားသုံးပါးသည် သမဏဖြစ်ကြောင်းတရား၊ ဗြာဟ္မဏဖြစ်ကြောင်းတရားတွေဘဲတဲ့– မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီလိုဟောတယ်။

**ရဟန်းဖြစ်ကြောင်း တရားများ** ဒီအခု မဟာအဿပုရ ဒေသနာပေါ်ကြီးကျတော့ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို အဦးမူပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတယ်၊ မဟာအဿပုရ သုတ္တန်မှာ–

"ကတမေ စ ဘိက္ခဝေ ဓမ္မာ သမဏကရဏာ စ ဗြာဟ္မဏ ကရဏာ စ"။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ သမဏကရဏာ စ၊ ရဟန်းဖြစ်ကြောင်းလည်းဖြစ်ကုန်သော။ ဗြာဟ္မဏကရဏာစ၊ ဗြာဟ္မဏ ဖြစ်ကြောင်းလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

ပြီးတော့မှ မြတ်စွာဘုရားက–

"ဟိရောတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီဩတ္တပ္ပတရား နှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကြကုန်အံ့ဟူ၍။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

**ဟိရီနှင့်ဩတ္တပ္ပ အကျယ်ဝေဘန်ဟောကြားချက်** ဟိရီတရား, ဩတ္တပ္ပတရား–အကျယ်ဟောရမယ်၊ အကျယ် ဟောတော့ ပါဠိတော် ထောက်ထားချက်, အဋ္ဌကထာ ကိုးကားချက်နဲ့ ဒီလိုဟောရမယ်၊ ဘုန်းကြီးသဘောနဲ့ ဘုန်းကြီးဟောလို့ မဖြစ်ဘူး၊ ဒီတော့–ပါဠိတော် ထောက်ထားချက်, အဋ္ဌကထာဖွင့်ဆိုချက်ကို ဟောရမယ် နော်၊ **ဟိရီဩတ္တပ္ပ** ဆိုတာ ဘယ်လိုလဲ–ဘုရားရှိခိုးပါဆိုယင် ရှက်တယ်၊ ဥပုသ်စောင့်ပါဆိုယင် ရှက်တယ်၊ တရားနာရမှာဆိုယင် ရှက်တယ်၊ အဲဒါ ဟိရီတရား မဟုတ်ဘူး၊ မာယာတရားတဲ့၊ သာဌေယျတရားတဲ့၊ လူကြီးကိုကြောက်တယ်၊ တစ္ဆေကိုကြောက်တယ်၊ သရဲကိုကြောက်တယ်လို့ ဆိုတာ အပြစ်ရှိလို့ ကြောက်နေတယ် ဆိုတာဟာ ဩတ္တပ္ပတရား မဟုတ်ဘူးတဲ့၊ အဲဒါ ဒေါသတဲ့။

ဘုရားရှိခိုးလိုက်ပါ၊ လူကြီးတွေကို ကန်တော့လိုက်ပါ၊ ဆွမ်းတော်တင်လိုက်စမ်းပါဆိုယင် ခလေးတွေ ရှက်ကိုးရှက်ကန်း ဖြစ်မနေဘူးလား၊ (ဖြစ်နေ ပါတယ်ဘုရား) အင်း–အဲဒါ ဟိရီမဟုတ်ဘူး၊ သူ့ရဲ့ဘောနဲ့တာ–တနည်း အားဖြင့်တော့ ဟုတ်လား။

ဟိရီသြတ္တပ္ပ တရားနှစ်ပါးဆိုတာ ဘာတွေကိုခေါ်သလဲဆိုတော့ ဟောဒီ ဒေသနာတော်က ဘုန်းကြီးတို့ အဋ္ဌကထာထဲကနေ ထုတ်ပြီး ဟောပြော ပေးရမယ်၊ အဲ-ဒါနဲ့ ပတ်သက်လို့ ဘုန်းကြီး ဒီသုတ္တန်ဒေသနာတော်ကြီးကို ဟောတော့မယ်ဆိုတော့- ဒီ ဟိရီ, သြတ္တပ္ပ တရားတွေကို ရှာကြပြီး လေ့လာ ကြည့်တယ်၊ ဒီတော့ ဟိရီ, သြတ္တပ္ပတရား နှစ်ပါးရဲ့ ထူးခြားချက် တွေကို ဣတိဝုတ် အဋ္ဌကထာမှာ တွေ့တယ်၊ ဥဒါန်း အဋ္ဌကထာမှာ တွေ့တယ်၊ အဋ္ဌသာလိနီ အဋ္ဌကထာမှာ တွေ့တယ်၊ အင်း-တော်တော် ခပ်များများ ပေါ့ လေ-ဟုတ်လား၊ ဇာတ်အဋ္ဌကထာမှာ တွေ့တယ်၊ ဟိရီသြတ္တပ္ပ တရားတွေနဲ့ ပတ်သက်ပြီးတော့ အတူတူဘဲ၊ ဒီတွေ့တဲ့ အထဲမှာ အဋ္ဌသာလိနီ အဋ္ဌကထာက နေပြီးတော့ ဟိရီ, သြတ္တပ္ပတရား နှစ်ပါးတို့ရဲ့အကြောင်းကို ခွဲခြမ်းဟောလိုက် ယင် အဋ္ဌကထာတွေ အားလုံးစုံသွားမယ်၊ ကောင်းလဲကောင်း သွားမယ်။

**ဟိရီနှင့်သြတ္တပ္ပအထူး** ဟိရီသြတ္တပ္ပ၊ မကောင်းမှုဒုစရိုက်တွေကို ပြုလုပ်ရမှာကို ရှက်ခြင်းသည်-ဟိရီ၊ မကောင်းမှုဒုစရိုက်တွေကို ပြုယင် ငါ့မှာ အပါယ်ဘေး သံသရာဘေး သူတပါးကဲ့ရဲ့မဲ့ဘေးတွေ ရတော့မယ်လို့ ဆိုပြီးတော့ ကြောက်လန့်၍နေခြင်းသည်-သြတ္တပ္ပ။

အဲဒီ ဟိရီ, သြတ္တပ္ပတရားနှစ်ပါးနဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာက လေး နည်းခွဲပြောထားတယ်၊ ဟိရီဆိုတာ ဘာပြုလို့ဟိရီဖြစ်သလဲ၊ သြတ္တပ္ပဘာပြုလို့ ဖြစ်သလဲဆိုတော့ အဋ္ဌကထာက-ဟိရီနဲ့သြတ္တပ္ပ တရားနှစ်ပါးရဲ့ခြားနားချက်။

ပဌမနည်းက-

"အဇ္ဈတ္တသမုဋ္ဌာနာ ဟိရီနာမ။
ဗဟိဒ္ဓသမုဋ္ဌာနံ သြတ္တပ္ပံ နာမ"။

အဇ္ဈတ္တသမုဋ္ဌာနာ၊ မိမိ၏အမျိုးဇာတ်မြတ်ခြင်းစသည်ကို အစွဲပြု၍ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသောတရားသည်။ ဟိရီနာမ၊ ဟိရီမည်၏။ မိမိကိုယ်ကို မိမိသုံးသပ် ဆင်ခြင်ပြီးတော့ မကောင်းမှုဒုစရိုက်တွေကို ပြုလုပ်ရမှာကို ရှက်နေတာသည် ဟိရီ။

သြတ္တပ္ပံနာမ၊ သြတ္တပ္ပ မည်သည်ကား။ ဗဟိဒ္ဓသမုဋ္ဌာနံ၊ ဗဟိဒ္ဓဝတ္ထုလျှင်ဖြစ် ကြောင်းရှိ၏။

**ရှက်ခြင်းအကြောင်းလေးပါး** ဟိရီဖြစ်ခြင်းရဲ့အကြောင်းက မိမိကိုမှီပြီးတော့ ဟိရီတရားဖြစ်တယ်၊ သူတပါးကို မှီပြီးတော့ သြတ္တပ္ပဖြစ်တယ်၊ ကိုင်း-အဲဒီအပိုင်းလေး ဟောရအောင်၊ အဇ္ဈတ္တသမုဋ္ဌာန်-

မိမိကိုအကြောင်းပြု၍ ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသော ဟိရီသည် လေးမျိုးကွဲသွားတယ်၊ ဘယ်လိုလေးမျိုးကွဲသလဲဆိုတော့-

"ဇာတိံ ပစ္စဝေက္ခိတွာ ဝယံ ပစ္စဝေက္ခိတွာ သူရဘာဝံ ပစ္စဝေက္ခိတွာ ဗာဟုသစ္စံ ပစ္စဝေက္ခိတွာ"[၁]-တဲ့။

ဇာတိံ၊ မိမိရဲ့အမျိုးဇာတ်ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ရင်း။ ဝယံ၊ မိမိရဲ့အရွယ်ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ရင်း။ သူရဘာဝံ၊ မိမိရဲ့ သူရသတ္တိရဲရင့် တည်ကြည်တယ်ဆိုတဲ့ သဘောကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ရင်း။ ဗာဟုသစ္စံ၊ မိမိရဲ့ အကြားအမြင် ဗဟုသုတ ရှိတယ်ဆိုတဲ့ သဘောကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ရင်း။ ဟိရိံ၊ ဟိရီကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ (အဇ္ဈတ္တသမုဋ္ဌာန်မှာ၊ ဟိရီဖြစ်ပုံလေးချက်)

အဲဒီလေးချက်မှာ ဇာတ်ကိုအစွဲပြု၍ ဟိရီဖြစ်ပုံက-

(၁) "ပါပကရဏံ နာမေတံ န ဇာတိသမ္ပန္နာနံ ကမ္မံ၊ ဟီနဇစ္စာနံ ကေဝဋ္ဋာဒီနံ ကမ္မံ၊ မာဒိသဿ ဇာတိသမ္ပန္နဿ ဣဒံကမ္မံ ကာတုံ န ယုတ္တန္တိဝေ တာဝ ဇာတိံ ပစ္စဝေက္ခိတွာပါဏာတိပါတာဒိပါပံ အကရောန္တော ဟိရိံ သမုဋ္ဌာပေတိ"။

(ဟိရီဖြစ်ပုံကိုပြတယ်) ဇေတံ ပါပကရဏံ နာမ၊ ဤမကောင်းမှုကိုပြုခြင်းမည်သည်ကား။ ဇာတိသမ္ပန္နာနံ၊ ငါကဲ့သို့သော အမျိုးဇာတ်နဲ့ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့၏။ န ကမ္မံ၊ အလုပ်မဟုတ်။

ကိုယ့်မိဘ ပြန်ကြည့်စမ်း- ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်လား၊ ကိုယ့်မိဘ ကတော့ ဘုရားတကာကြီး ကျောင်းတကာကြီး၊ ကိုယ့်ကျမှ မကောင်းတဲ့အလုပ်တွေ လုပ်နေရမယ်ဆိုယင် ငါတော်ပါ့မလားလို့ ဒီလိုပြန်ဆင်ခြင်ပြီးတော့ ကိုယ့်ရဲ့ အမျိုးဇာတ်ကိုကြည့်ပြီးတော့-ဣဒံကမ္မံ၊ ဒီမကောင်းမှုကို လုပ်တယ်ဆိုတာ။ ကေဝဋ္ဋာဒီနံ၊ တံငါသည်အစရှိကုန်သော။ ဟီနဇစ္စာနံ၊ ယုတ်နိမ့်သောပုဂ္ဂိုလ်အပေါင်းတို့၏။ ကမ္မံ၊ အမှုအလုပ်ပါပေတည်း။

ငါတို့က မျိုးရိုးမိဘကတည်းကစပြီးတော့ စင်ကြယ်သန့်ရှင်းလာတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီမကောင်းမှုကို ပြုလုပ်တယ်ဆိုတာဟာ အမျိုးဇာတ်အားဖြင့် ယုတ်နိမ့်တဲ့ပုဂ္ဂိုလ်များသာ ပြုလုပ်တဲ့လုပ်ငန်းဖြစ်တယ်။

ဇာတိသမ္ပန္နဿ၊ အမျိုးဇာတ်နှင့်ပြည့်စုံသော။ မာဒိသဿ၊ ငါသို့သဘောရှိသောပုဂ္ဂိုလ်အား။ ဣဒံကမ္မံ၊ ဤကဲ့သို့သော မကောင်းမှုအကုသိုလ်ကံတွေကို။

---

၁။ သဒ္ဓမ္မသာလိနီ၊ နှာ-၁၆၀။

ကာတုံ၊ပြုခြင်းငှာ။နယုတ္တံ၊ မသင့်တော်ချေ။ ဣတိ၊ဤသို့။ဇာတိ ၊မိမိရဲ့အမျိုး ဇာတ်ကို။ ပစ္စဝေက္ခိတွာ၊ဆင်ခြင်၍။ ပါဏာတိပါတာဒိပါပံ၊ ပါဏာတိပါတ စသောမကောင်းမှုကို။အကရောန္တော၊ မပြုလုပ်သည်ဖြစ်၍။ ဟိရိ ၊ ရှက်ခြင်းဟု ဆိုတဲ့တရားကို။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

ဒါ ဟိရိရဲ့ အဇ္ဈတ္တသမုဋ္ဌာန်ဖြစ်တယ်၊ တပါးပြီးသွားပြီ၊ ဟိရိရဲ့အဇ္ဈတ္တ သမုဋ္ဌာန်ဖြစ်ပုံက လေးပါးနော်၊ (မှန်ပါ)

(၂) "ပါပကရဏံ နာမေတံ ဒဟရေဟိ ကတ္တဗ္ဗံ ကမ္မံ၊ မာဒိသဿ ဝယေ ဌိတဿ ဣဒံ ကမ္မံ ကာတုံ န ယုတ္တန္တိ ဧဝံ ဝယံ ပစ္စဝေ- က္ခိတွာ ပါဏာတိပါတာဒိပါပံ အကရောန္တော ဟိရိံ သမုဋ္ဌာ ပေတိ"။

ဧတံ ပါပကရဏံ နာမ၊ဤမကောင်းမှုကို ပြုခြင်းမည်သည်ကား။ ဒဟရေဟိ လူငယ်လူရွယ်တို့သည်။ ကတ္တဗ္ဗံ ကမ္မံ၊ပြုအပ်သော အမှုကိစ္စပေတည်း။မာဒိသဿ၊ ငါကဲ့သို့သဘောရှိသော။ ဝယေ၊ အရွယ်၌။ဌိတဿ၊ တည်သောပုဂ္ဂိုလ်အား။ ဣဒံ ကမ္မံ၊ ဤမကောင်းမှု အကုသိုလ်ကံကို။ ကာတုံ၊ပြုလုပ်ခြင်းငှါ။ နယုတ္တံ၊ မသင့်လျော်ချေ။ဣတိ၊ ဤသို့။ ဝယံ၊ အရွယ်ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပါဏာတိပါတာဒိပါပံ၊ပါဏာတိပါတစသော မကောင်းမှုကို။ အကရောန္တော၊ မပြုလုပ်သည်ဖြစ်၍။ဟိရိ ၊ ရှက်ခြင်းဟုဆိုတဲ့တရားကို။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။

ငါ့အရွယ်ကြီးနဲ့ ဒီလုပ်ငန်းလုပ်လို့ မတော်တော့ဘူး၊ အခုနေ အသက် ကြီးနေကြတဲ့ပုဂ္ဂိုလ်တွေ ဘိုင်စကုတ်ရုံ သွားတိုးလို့ တော်ပါ့အုံးမလား၊ (မတော်ပါဘူးဘုရား) ယောဂီဝတ်ကြီးနဲ့ ဘိုင်စကုတ်ရုံသွားယင် ဘယ့်နှယ် ကုံးကွဲ့၊ (ရှက်ပါတယ်ဘုရား) ရှက်တယ်၊ အဲဒါ ဟိရိ၊မကောင်းမှုဒုစရိုက်မှာ သူကလန့်တယ်၊ ဒီကာမဂုဏ်ငါးပါးဆိုတဲ့ မကောင်းမှုဒုစရိုက်တွေဟာ လူငယ် လူရွယ်ကလေးတွေ လုပ်တဲ့လုပ်ငန်းမျိုး၊ ငါကဲ့သို့သော အရွယ်ကိုရောက်နေတဲ့ ပုဂ္ဂိုလ်မျိုးသည် ဤကဲ့သို့သော မကောင်းမှုများကို ပြုလုပ်ဘို့ရန် မသင့်လျော် ဘူးလို့ မိမိအရွယ်ကိုဆင်ခြင်ပြီးတော့ မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းသည် အဇ္ဈတ္တသမုဋ္ဌာန်ဖြစ်သော ဟိရိ။

ဘယ်နှစ်မျိုးရှိသွားပလဲကွဲ့၊(နှစ်မျိုးပါဘုရား)

(၃) "ပါပကမ္မံ နာမေတံ ဒုဗ္ဗလဇာတိကာနံ ကမ္မံ၊န သူရဇာတိကာနံ။ မာဒိသဿ သူရဇာတိကဿ ဣဒံ ကမ္မံ ကာတုံ န ယုတ္တန္တိ ဧဝံ သူရဇာတိ ပစ္စဝေက္ခိတွာ ပါဏာတိပါတာဒိ ပါပံ အကရောန္တော ဟိရိံ သမုဋ္ဌာပေတိ"။

ဧတံ ပါပကမ္မံ နာမ၊ ဤမကောင်းမှုကံ မည်သည်ကား။ ဒုဗ္ဗလဇာတိကာနံ၊ အားနည်းသော သဘောရှိကုန်သော။ ဝါ၊ ပျော့ညံ့သော လူညံ့တို့၏။ ကမ္မံ၊ အလုပ်ပါပေတည်း။ (ကိုယ်ကလူညံ့လား၊ ကိုယ်ကအထက်တန်းစားလူ၊ ဒီမကောင်းမှုလုပ်တယ်ဆိုတာ အထက်တန်းစားတို့ရဲ့ လုပ်ငန်းလား၊ လူညံ့တွေရဲ့လုပ်ငန်းလားကွဲ့၊ (လူညံ့တွေပါဘုရား)

ဧတံ ပါပကမ္မံ နာမ၊ ဤမကောင်းမှုကံမည်သည်ကား။ ဒုဗ္ဗလဇာတိကာနံ၊ သဒ္ဓါပညာအားနည်းသောသူတို့၏၊ သူရဲဘောကြောင်ကုန်သောသူတို့၏။ ဝါ၊ ညံ့ကုန်သောသူတို့၏။ ကမ္မံ၊ အမှုပေတည်း။ သူရဘာဝါနံ၊ ရဲရင့်တည်ကြည်ကုန်သော၊ ဝါ–သူရသတ္တိနှင့်ပြည့်စုံကုန်သော အထက်တန်းကျကုန်သော ပုဂ္ဂိုလ်တို့၏။ နကမ္မံ၊ အလုပ်မဟုတ်။ မာဒိသဿ၊ ငါသို့သဘောရှိသော။ သူရဘာဝသမ္ပန္နဿ၊ ရဲရင့်တည်ကြည် သတ္တိရှိသောပုဂ္ဂိုလ်အား။ ဤဒိကမ္မံ၊ ဤမကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ န ယုတ္တံ၊ မသင့်။ ဣတိဧဝံ၊ ဤသို့။ သူရဘာဝံ၊ ရဲရင့်တည်ကြည် မြင့်မြတ်သည်၏အဖြစ်ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပါဏာတိပါတာဒိပါပံ၊ ပါဏာတိပါတ အစရှိသော မကောင်းမှုကို။ အကရောန္တော၊ မပြုလုပ်သည်ဖြစ်၍။ ဟိရိံ၊ ဟိရီကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

အင်း–ငါလိုပုဂ္ဂိုလ်ကမကောင်းမှုပြုရမှာကိုရှက်ပါတယ်ဆိုပြီးတော့ မကောင်းမှုမှ ရှောင်ကြဉ်ထားတာသည်–ဟိရီ၊ ဘယ်နှစ်မျိုးလဲကွဲ့၊ (သုံးမျိုးပါဘုရား) နောက်တနည်း–ဗာဟုသစ္စ။

(၄) "ပါပကမ္မံ နာမေတံ အန္ဓဗာလာနံ ကမ္မံ၊န ပဏ္ဍိတာနံ။ မာဒိသဿ ပဏ္ဍိတဿ ဗဟုဿုတဿ ဤဒိ ကမ္မံ ကာတုံ န ယုတ္တန္တိ ဧဝံ ဗာဟုသစ္စံ ပစ္စဝေက္ခိတွာ ပါဏာတိပါတာဒိပါပံ အကရောန္တော ဟိရိံ သမုဋ္ဌာပေတိ"။

ဧတံ ပါပကမ္မံ နာမ၊ ဤမကောင်းမှုကံမည်သည်ကား။ အန္ဓဗာလာနံ၊ ပညာမျက်စိကန်း၍ မိုက်ကြကုန်သောသူတို့၏။ ကမ္မံ၊ လုပ်ငန်းပေတည်း။ ပဏ္ဍိတာနံ၊ ပညာရှိလူလိမ္မာသူတော်ကောင်းတို့၏။ န ကမ္မံ၊ အလုပ်မဟုတ်။ ပဏ္ဍိတဿ၊ ပညာရှိသော။ ဗဟုဿုတဿ၊ များသောအကြားအမြင်ရှိသော။ မာဒိသဿ၊ ငါသို့သောပုဂ္ဂိုလ်အား။ ဤဒိ ကမ္မံ၊ ဤမကောင်းမှုကံကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ နယုတ္တံ၊ မသင့်။ ဣတိ၊ ဤသို့။ ဗာဟုသစ္စံ၊ အကြားအမြင်များသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပါဏာတိပါတာဒိပါပံ၊ ပါဏာတိပါတ

အစရှိသောမကောင်းမှုကို။ အကရောန္တော၊ မပြုလုပ်သည်ဖြစ်၍။ဟိရီ၊ ရှက်ခြင်းသဘောတရားကို။ သမင္ဂါပေတိ၊ ဖြစ်စေ၏။

ဟိရီက ဘယ်နှစ်မျိုးကွဲသွားသလဲ၊ (လေးမျိုးပါဘုရား)
နံပါတ် တစ်ကဘာတဲ့တုံး....ဇာတိ။
နံပါတ် နှစ်က....အရွယ်။
နံပါတ် သုံးက....သူရဘာဝ၊ ရဲရင့်တည်ကြည်တဲ့ ပုဂ္ဂိုလ်။
နံပါတ်လေးက....ဗဟုဿုတ ပညာနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်။

ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီးတော့ ကိုယ့်မှာ ဒီလေးချက်နဲ့ ပြည့်စုံနေသည်ဖြစ်သောကြောင့် မကောင်းမှုကိုပြုရမှာ ရှက်နေတဲ့ သဘောသည် ဘာတဲ့တုံး ဟိရီ–နော်၊ဒါ အဇ္ဈတ္တသမုဋ္ဌာန် ဟိရီ။

**ကြောက်လန့်ခြင်းအကြောင်း** ဗဟိဒ္ဓသမုဋ္ဌာနံ ဩတ္တပ္ပံ (ဩတ္တပ္ပက ဘာတုံး) ဩတ္တပ္ပံ၊ဩတ္တပ္ပမည်သည်ကား။ ဝါ၊ မကောင်းမှုပြုရမှာလန့်တယ်ကြောက်တယ်ဆိုတဲ့ သဘောမည်သည်ကား။ ဗဟိဒ္ဓသမုဋ္ဌာနံ၊ ဗဟိဒ္ဓလျှင်ဖြစ်ကြောင်းရှိ၏။

ဗဟိဒ္ဓဝတ္ထုက ဘာကုံး၊ ဘာပြောလဲဆိုတော့–

"သစေ တွံ ပါပကမ္မံ ကရိဿသိ၊ စတူသု ပရိသာသု ဂရဟပ္ပတ္တော ဘဝိဿသိ"တိ။ ၁

တွံ၊ သင်သည်။ ပါပကမ္မံ၊ မကောင်းမှုကို။ သစေကရိဿသိ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ စတူသု ပရိသာသု၊ ပရိသတ်လေးပါးတို့ အလယ်၌။ ဂရဟပ္ပတ္တော၊ ကဲ့ရဲ့ ရှုတ်ချခံရခြင်း အဖြစ်သို့ရောက်သည်။ ဘဝိဿသိ၊ ဖြစ်ပေလိမ့်မည်။

ငါသည် မကောင်းမှုကိုသာပြုယင် ပရိသတ်ထဲမှာ ရှက်စရာကြီးဖြစ်တော့မှာဘဲလို့ ပရိသတ်တည်းဟူသော ပရဝတ္ထုကို မှီပြီးတော့ သူများကဲ့ရဲ့မှာကို ကြောက်ပြီးတော့ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပ၊ ဒါ ဗဟိဒ္ဓသမုဋ္ဌာန်။

"ဂရဟိဿန္တိ တံ ဝိညူ၊ အသုစိံ နာဂရိကော ယထာ။
ဝဇ္ဇိတော သီလဝန္တေဟိ၊ ကထံ ဘိက္ခု ကရိဿသိ"။ ၁
(အဋ္ဌကထာက ဒီဂါထာ ကလေး စီထားတယ်။)

---

၁။ ဇာတက၊ ၄၊ ပ၊ နှာ-၁၄၆။ အဋ္ဌသာလိနီ၊နှာ- ၁၆၉။

တံ၊ သင့်ကို။ ဝိညူ၊ ပညာရှိတို့သည်။ ဂရဟိဿန္တိ၊ ကဲ့ရဲ့ကြပကုန်လိမ့်လတ္တံ့။ (သင်မကောင်းမှု လုပ်နေလို့ရှိယင် ပညာရှိတွေ ကဲ့ရဲ့ကြလိမ့်မယ်၊ ပညာရှိ ကဲ့ရဲ့မှာကြောက်တယ်၊ ဒီတော့ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည်-ဩတ္တပ္ပ၊) နာဂရိကော၊ မြို့ကြီးသားသည်။ အသုစိ၊ စက်ဆုပ်ရွံရှာဖွယ်ရှိ တဲ့ မစင် ကို။ ဝဇ္ဇေတောယထာ၊ ရှောင်ကြဉ်ဘိသကဲ့သို့။ (လူလုပ ဝတ်ဆင်ထားတဲ့ ပုဂ္ဂိုလ်က မစင်လူးလဲပေကျံမှာကို ကြောက်သကဲ့သို့ ရှောင်ကြဉ်ဘိသကဲ့သို့ တဲ့-ဟုတ်လား) သီလဝန္တေဟိ၊ သီလရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဝဇ္ဇေ တော၊ သင့်ကိုရှောင်ကြဉ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ကထံ၊ အဘယ့်ကြောင့်။ ပါပံ၊ မကောင်းမှုကို။ ကရိဿသိ၊ ပြုလတ္တံ့နည်း။

သူများ တွေကဲ့ရဲ့လိမ့်မယ်၊ သူများကဲ့ရဲ့မှာကြောက်ပြီးတော့ မကောင်းမှု ကို မပြုဘဲနဲ့ ရှောင်ကြဉ်နေတာသည်-ဩတ္တပ္ပ၊ ငါမကောင်းတာတွေလုပ်ယင် ပရိသတ်ထဲမှာ သူတပါးက ငါ့ကို ကဲ့ရဲ့တော့မှာဘဲလို့ ပညာရှိပရိသတ်များ ကဲ့ရဲ့မှာကို ကြောက်လန့်တာသည်-ဩတ္တပ္ပ၊ ဗဟိဒ္ဓသမုဋ္ဌာန်၊ ဒါ တတွဲပြီးပြီ နော်၊ နောက်သုံးတွဲကျန်သေးတယ်၊ ဘာလဲဆိုတော့–

"အတ္တာဓိပတေယျာ ဟိရီ၊ လောကာ ဓိပတေယျံ ဩတ္တပ္ပံ"။[၁]

အတ္တာဓိပတေယျာ၊ မိမိကိုယ်ကို အကြီးအမှူး အဦးပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည်။ ဟိရီ၊ ဟိရီမည်၏။ ဩတ္တပ္ပံ၊ ဩတ္တပ္ပမည်သည်ကား။ လောကာဓိပတေယျံ၊ လောကလျှင် အကြီးအမှူးအဦးပြု၏။

**အလေးဂရုပြု၍ ရှောင်ကြဉ်ပုံ** မိမိကိုယ်ကို မိမိအလေးဂရုပြုပြီးတော့ မကောင်းမှုပြုလုပ်ရမှာကို ရှက်ခြင်းသည်-ဟိရီ၊ လောကကို အလေးဂရုပြုပြီးတော့ မကောင်းမှုပြုရမှာကို လန့်ခြင်းသည်-ဩတ္တပ္ပ၊ အတ္တာဓိပတေယျ, လောကာဓိပတေယျ-နှစ်ခုရှိတယ်၊ အတ္တာဓိပတေယျသည်-ဟိရီ၊ လောကာဓိပတေယျသည်-ဩတ္တပ္ပ၊ အတ္တာဓိပတေယျက ဘယ်လိုလဲဆို တော့–

"မာဒိသဿ သဒ္ဓါပဗ္ဗဇိတဿ ဗဟုဿုတဿ ဓုတင်္ဂဓရဿ န ယုတ္တံ ပါပကမ္မံ ကာတုန္တိ ပါပံ န ကရောတိ"။[၂]

---

၁။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ပ၊ နှာ–၂၁၃။ ဇာတက၊ ဋ္ဌ၊ ပ၊ နှာ–၁၄၅–၁၄၆။
၂။ အဋ္ဌသာလိနီ၊ နှာ–၁၆၉။

မာဒိသဿ၊ ငါကဲ့သို့သဘောရှိသော။ သဒ္ဓါပဗ္ဗဇိတဿ၊ သဒ္ဓါတရားနှင့် သာသနာတော်သို့ဝင်ရောက်လာသော။ ဗဟုဿုတဿ၊ များသောပရိယတ္တိဗဟုဿုတပ ဋိပတ္တိဗဟုဿုတ အကြားအမြင်ရှိသော။ ခုတင်္ခရဿ၊ ခုတင်ကိုဆောင်သော။ဝါ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်နေသောပုဂ္ဂိုလ်အား။ပါပကမ္မံ၊ မကောင်းမှုအကုသိုလ်ကံကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ နယုတ္တံ၊ မသင့်။ ဣတိ၊ဤသို့နှလုံးသွင်း၍။ ပါပံ၊မကောင်းမှုကို။ နကရောတိ၊မပြု။

ငါကဲ့သို့ သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်, ငါကဲ့သို့သော တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တယောက်သည် မကောင်းမှုကိုပြုလုပ်လို့ မတော်ဘူးလို့ ဆိုပြီးတော့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီးရှက်ပြီးတော့ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည်-ဟိရီတရား၊ အဲဒါကို ပါဠိတော် အထောက်အထားက ဘာလာသလဲဆိုတော့-အတ္တာဓိပတေယျ- မိမိကိုယ် မိမိအကြီးအမှူးပြုပြီးတော့ မကောင်းမှုမှရှောင်ကြဉ်တယ်လို့ ဆိုတဲ့အကြောင်းနဲ့ပတ်သက်လို့ ပါဠိတော်က ဘာပြောထားသလဲဆိုတော့-

"ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ"။ ၁

ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤလောက၌။ ဘိက္ခု၊ရဟန်းသည်။ အရညဂတော ဝါ၊ တောအရပ်သို့ကပ်သည်ဖြစ်၍ငှင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍ငှင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ငှင်း။ ဣတိပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်စဉ်းစား၏။

သာသနာတော်ကို သဒ္ဓါတရားနဲ့ သက်ဝင်လာတဲ့ပုဂ္ဂိုလ်က ဆိတ်ငြိမ်ရာချဉ်းကပ်ပြီးတော့ သူ့ကိုယ်သူစဉ်းစားတယ်၊ ဘယ့်နှယ်စဉ်းစားသလဲဆိုတော့ (အတ္တာဓိပတေယျ-နဲ့) စဉ်းစားပုံက-

"န ခေါ ပနာဟံ စီဝရဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော"။ ၂

သာသနာတော်ကို အဟုတ်တကယ် သက်ဝင်ယုံကြည်လို့ ဝင်လာတဲ့ ပုဂ္ဂိုလ်များရဲ့ စဉ်းစားချက် ဘယ်လောက်ကြည်ညိုစရာကောင်းသလဲလို့။

---

၁-၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ- ၁၄၆။

အဟံ၊ ငါသည်။ စီဝရဟေတု၊ သင်္ကန်းကလေးတတည် ရဘို့ဟူသော အကြောင်းကြောင့်။ အဂါရသ္မာ၊ လူ့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင်သာသနာ့ဘောင်သို့။ ပဗ္ဗဇိတော၊ ဝင်ရောက်ရဟန်းပြုသည်။ န၊ မဟုတ်။

သင်္ကန်းဝတ်ချင်လို့ သာသနာ့ဘောင် ဝင်လာတာမဟုတ်ပါဘူး။

"န ခေါ ပနာဟံ ပိဏ္ဍပါတဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော"။[၁]

အဟံ၊ ငါသည်။ ပိဏ္ဍပါတဟေတု၊ ဆွမ်းကောင်းကောင်းစားဘို့ဟူသော အကြောင်းကြောင့်။ အဂါရသ္မာ၊ အိမ်ရာထည်ထောင် လူ့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော၊ ရဟန်းအဖြစ်ဝင်ရောက်လာသည်။ န၊ မဟုတ်။

ဆွမ်းအတွက်လဲ သာသနာတော်ဝင်လာတာ မဟုတ်ဘူးတဲ့။

"န ခေါ ပနာဟံ သေနာသနဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော"။[၂]

အဟံ၊ ငါသည်။ သေနာသနဟေတု၊ ကျောင်းကောင်းကောင်းနဲ့ ကျယ်ကျယ်ဝန်းဝန်းနေရာကို ရဘို့ရန်အတွက်။ အဂါရသ္မာ၊ လူ့ဘောင်မှ။ အနဂါရိယံ၊ ရဟန်းဘောင်သို့။ ပဗ္ဗဇိတော၊ ဝင်ရောက်ရဟန်းပြုသည်။ နခေါ၊ မဟုတ်သည်သာလျှင်တည်း။

ကျောင်းကောင်းကောင်း နေရာကောင်းကောင်းရဘို့ သာသနာ့ဘောင်ကို ဝင်လာတာမဟုတ်ပါဘူးတဲ့၊ အောင်ကြည်–(ဘုရား) ငါ့တရားနဲ့ မင်းတို့နဲ့ တော့ ခက်နေပြီထင်တယ်၊ ဟင်–တရားဆိုတာ မှန်တာသာဟောရမယ်ဟုတ်လား။

"န ခေါ ပနာဟံ ဣတိဘဝါဘဝဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော"။[၃]

ဒီဘဝကောင်းစားရေး, ဟို တမလွန်ဘဝကောင်းစားရေးအတွက် ရည်ရွယ်ပြီးတော့ ရဟန်းပြုလာတာမဟုတ်ဘူးတဲ့၊ဒါဖြင့် ဘာဖြစ်လို့သာသနာတော်ဝင်လာတုံးဆိုတော့–

"ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ။ ဒုက္ခော တိဏ္ဏော ဒုက္ခပရေတော၊ အပ္ပေဝနာမ ဣမဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အန္တကိရိယာ ပညာယေထာ"တိ။[၄]

---

၁–၂–၃–၄။အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ– ၁၄၆။

ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မီးဟုင်းကြီးထဲ ကျရောက်ပြီးတော့ ဒုက္ခတွင်းကြီးထဲသို့ ကျရောက်နေသည်ဖြစ်သောကြောင့် သာသနာ့ဘောင် ဝင်ရောက်ပြီးတော့လာယင် ဒီဒုက္ခတွင်းမှ လွတ်ကင်းနိုင်ရာရဲ့ဆိုတဲ့ယုံကြည်ချက်နဲ့ သာသနာတော်သို့ ဝင်လာတာပါတဲ့– ဟုတ်လား၊ဒီတော့ ဘုန်းကြီးမြင်ယင် သူတို့က အလှူခံတော့မယ်ချည်း အောက်မေ့နေတယ်-ဟုတ်တယ် မဟုတ်လား၊ တော်တော်ကြာသက်န်းလှူပါအုံး၊ တော်တော်ကြာ ကျောင်းလှူပါအုံးနဲ့ ဟုတ်လား။

"အဟဉ္စေဝ ခေါ ပန ယာဒိသကေ ကာမေ ပြဟာယ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော၊တာဒိသကေ ဝါ ကာမေ ပရိယေသေယျံ တတော ဝါ ပါပိဋ္ဌတရေ၊ န မေတံ ပတိရူပ"န္တိ။ ၁

ခေါ ပန၊ စင်စစ်သော်ကား။ အဟဉ္စေဝ၊ ငါသည်သာလျှင်။ ယာဒိသကေ၊ အကြင်သို့သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို။ ပြဟာယ၊ ပယ်စွန့်ခဲ့၍။ (လူ့ပြည်လောကကြီးမှာ ကာမဂုဏ်တွေရှိတယ်မဟုတ်လား၊ အဲဒီ ကာမဂုဏ်တွေကို ပယ်စွန့်ခဲ့၍။) အဂါရသ္မာ၊ လူ့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင် သာသနာ့ဘောင်သို့။ ပဗ္ဗဇိတော၊ ဝင်ရောက်ရဟန်းပြုပါလျက်။ ဝါ၊ ကာမဂုဏ်တွေကို စွန့်ပယ်ခဲ့ပါလျက်။ တာဒိသကေ ကာမေဝါ၊ထိုကဲ့သို့လူ့ဘဝကရှာမှီးခဲ့သည့် ကာမဂုဏ်တို့ကိုရင်း။ တတော၊ ထိုကာမဂုဏ်တို့ထက်။ ပါပိဋ္ဌတရေ ကာမေဝါ၊ သာ၍အညံ့စားဖြစ်ကုန်သော ကာမဂုဏ်တို့ကိုရင်း။ ပရိယေသေယျံ၊ ရှာမှီးပါမူကား။ ဧတံ၊ ဤသို့ရှာဖွေခြင်းမျိုးသည်။ မေ၊ ငါအား။ န ပတိရူပံ၊ မသင့်တော်ပေရာ။

ဟို လူ့ဘဝတုန်းက ရွှေငွေပစ္စည်းဥစ္စာတွေကို မလိုချင်လို့စွန့်ပြီးတော့ ဘုန်းကြီးဘောင် သာသနာ့ဘောင် ဝင်လာကာမှ-ဒီကျမှ တခါ စီးပွါးဥစ္စာတွေ တိုက်တွေ တာတွေ ပြန်ရှာနေအုံးမယ်ဆိုယင် ဘယ့်နှယ်လုပ်မလဲ-ဟုတ်လား- တရားတော် တရားတော်၊အဲဒါကြောင့် ဘာလုပ်ရမလဲဆိုတော့–ဒီလိုမိမိကိုယ်ကို မိမိအကြီးအမှူး အဦးပြုပြီးတော့ ဘာလုပ်မလဲ–

"အာရဒ္ဓံ ခေါ ပန မေ ဝီရိယံ ဘဝိဿတိ အသလ္လီနံ၊ ဥပဋ္ဌိတာ သတိ အသမ္မုဋ္ဌာ၊ ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါ၊ သမာဟိတံ စိတ္တံ ဧကဂ္ဂ"န္တိ။ ၂

မတည်ကြည်သေးတဲ့သမာဓိတွေ တည်ကြည်အောင်လုပ်မယ်၊ မရသေးတဲ့ တရားထူးတွေ ရအောင်လုပ်မယ်၊ စိတ်မငြိမ်သက်ယင် ငြိမ်သက်အောင် ထိန်းမယ် ကျောင်းမယ်နဲ့ – အဲဒီလိုလုပ်ငန်းကို ငါလုပ်မှတော်မယ်လို့ မိမိကိုယ်ကို မိမိအကြီးအမှူးအဦးပြုပြီး၍တရားတော်ကို ကျင့်ခြင်းသည် မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် ဟိရီမည်၏၊ ဒါ- ဟိရိတရား။

**လောကကိုအလေးဂရုပြုပုံ** ဩတ္တပ္ပ=ကဘာတုံး–လောကာဓိပတေယျ၊သံသရာဝဋ်ဆင်းရဲက လွတ်ဘို့ရည်ရွယ်ပြီးတော့ သာသနာတော်ဝင်လာခဲ့ပြီး ဒီသာသနာ့ဘောင်ရောက်ခါမှ "ကာမဝိတက္ကံ ဝါ ဝိတက္ကေယျံ ဗျာပါဒဝိတက္ကံဝါ ဝိတက္ကေယျံ ဝိဟိံသာဝိတက္ကံ ဝါ ဝိတက္ကေယျံ–ကာမဂုဏ်တွေ မျှားမျှားရဘို့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံ သာဝိတက်တွေကို ကြံစည်နေမယ်ဆိုယင်" ငါ့ကိုသူများသိတော့မယ်တဲ့၊ ဘယ်လိုသိသလဲ-

"မဟာ ခေါပနာယံ လောကသန္နိဝါသော"။[၁]

အယံလောကသန္နိဝါသော၊ ဤစကြာဝဠာလောကကြီးသည်။ မဟာ ခေါ၊ ကျယ်ဝန်းလှပေ၏။

ကိုယ့်တယောက်ထဲနေတာလား၊ (မဟုတ်ပါဘူးဘုရား) ကိုယ့်တနိုင်ငံထဲလား၊ (မဟုတ်ပါဘူးဘုရား)သိပ်ကျယ်တယ်။

"မဟန္တသ္မိံ ခေါပန လောကသန္နိဝါသေ သန္တိ သမဏဗြာဟ္မဏာ ဣဒ္ဓိမန္တော ဒိဗ္ဗစက္ခုကာ ပရစိတ္တဝိဒုနော။ တေ ဒူရတောပိ ပဿန္တိ။ အာသန္နာပိ န ဒိဿန္တိ။ စေတသာပိ စိတ္တံ ပဇာနန္တိ"။[၂]

မဟန္တသ္မိံ၊ ကြီးကျယ်လှစွာသော။ လောကသန္နိဝါသေ၊လောကဓာတ်ကြီး အတွင်း၌။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်သော။ ဒိဗ္ဗစက္ခုကာ၊ ဒိဗ္ဗစက္ခုဉာဏ် အမြင်ရှိကြကုန်သော။ပရစိတ္တဝိဒုနော၊ သူတပါးတို့ရဲ့စိတ်ကို သိတတ်ကုန်သော။ သမဏဗြာဟ္မဏာ၊ရဟန်းပုဏ္ဏားတို့သည်။သန္တိ၊ရှိကြလေကုန်၏။ (ကိုယ့်အနားမှာ မရှိပေမဲ့ ဒီနေရာမှာ မရှိပေမဲ့ လောကဓာတ်ကြီးတခုလုံးမှာ အင်မတန်ကျယ်ဝန်းသည် ဖြစ်သောကြောင့် ဣဒ္ဓိဝိဓအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်, သူတပါး စိတ်ကိုသိနိုင်တဲ့ ပရစိတ္တဝိဇာနန အဘိညာဉ်တွေကို ရနေကြတဲ့ ရဟန်းသံဃာတော်တွေ ဒီလောကဓာတ်ကြီးထဲမှာ မဆိတ်သုဉ်းသေးဘူးတဲ့၊ သူတို့တွေရှိနေကြတယ်တဲ့-ဟုတ်လား) တေ၊ ထို ဣဒ္ဓိမန္တ-တန်ခိုး ရှိကြကုန်သော ပုဂ္ဂိုလ်

---

၁–၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ–၁၄၆။

အပေါင်းတို့သည်။ ဒူရတောပိ၊ ဝေးသောအရပ်မှလည်း၊ ပဿန္တိ၊ မြင်နိုင်ကြကုန်၏။ အာသန္နာပိ၊ ကိုယ့်အနီးအနားမှာလာပြီးတော့ စောင့်ရှောက်နေကုန်သော်လည်း။ န ဒိဿန္တိ၊ မမြင်ရကုန်။ တေ၊ ထိုကန်ခိုးရှင်တို့သည်။စေတသာပိ၊ ပိမိစိတ်ဖြင့်လည်း။ စိတ္တံ၊ သူတပါးတို့၏စိတ်ကို။ ပဇာနန္တိ၊ သိကြကုန်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ သူတော်ကောင်းတရား လုပ်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်နားမှာ အမြဲတမ်း စောင့်ရှောက်နေတဲ့ ဣဒ္ဓိဝိဓ အဘိညာဉ်ရနေတဲ့ ပုဂ္ဂိုလ်တွေ အနားမှာ လာရပ် နေပေတဲ့ ကိုယ်မမြင်ရဘူးတဲ့ - ဟုတ်လား၊ ကိုယ့် အနားမှာ ဘယ်သူမှ မရှိဘူး အောက်မေ့ပြီးတော့ မကောင်းမှုတော့ မလုပ်လိုက်လေနဲ့၊ သိလိမ့်မယ်–သူတို့က၊ ဟုတ်တယ်မဟုတ်လား – လောကာဓိပတေယျ၊ဒါ လောကာဓိပတေယျပိုင်းကို ပြောနေကာ၊ ဒါဟာင်လားဆိုကော့ မကာသေးဘူးတဲ့-

"ဒေဝတာပိ ခေါ သန္တိ ဣဒ္ဓိမန္တိနိယော ဒိဗ္ဗစက္ခုကာ ပရစိတ္တဝိဒုနိယော"။[၁]

ဣဒ္ဓိမန္တိနိယော၊ ဣဒ္ဓိမန္တအဘိညာဉ်ရှိကြကုန်သော။ ဒိဗ္ဗစက္ခုကာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကြကုန်သော။ ပရစိတ္တဝိဒုနိယော၊ သူတပါးစိတ်ကို သိတတ်ကုန်သော။ ဒေဝတာပိ၊ နတ်အပေါင်းတို့သည်လည်း။ သန္တိ၊ ရှိကြလေကုန်၏။

တန်ခိုးကြီးတဲ့ နတ်တွေရှိတယ်တဲ့၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ–

"တာ ဒူရတောပိ ပဿန္တိ၊ အာသန္နာပိ န ဒိဿန္တိ၊ စေတသာပိ စိတ္တံ ပဇာနန္တိ"။[၂]

တာ၊ ထိုနတ်အပေါင်းတို့သည်။ ဒူရတောပိ၊ ဝေးသောအရပ်မှလည်း။ ပဿန္တိ၊ မြင်နိုင်ကြကုန်၏။ အာသန္နာပိ၊ ကိုယ့်အနီးအနားမှာ လာပြီးတော့ စောင့်ရှောက်နေကုန်သော်လည်း။ န ဒိဿန္တိ၊ မမြင်ရကုန်။ စေတသာပိ၊ မိမိစိတ်ဖြင့်လည်း။ စိတ္တံ၊သူတပါးတို့၏ စိတ်ကို။ ပဇာနန္တိ၊ သိနိုင်ကြလေကုန်၏။

ပုဂ္ဂိုလ်တယောက်ရဲ့စိတ်ကို ဟိ ပုဂ္ဂိုလ်တယောက်က သိနိုင်တယ်ဆိုတာရှိတယ်၊ ပရစိတ္တဝိဒုနော တဲ့-ဟုတ်လား၊ ဒါတွေဟာ အဟုတ်ကိုရှိတာနော်၊ ပါဠိတော်မှာကို ဒါတွေဟာ ရှိနေတာ၊ ပရစိတ္တဝိဒုနော-ဆိုတဲ့ သူတပါးစိတ်အကြံကိုသိတဲ့ ပုဂ္ဂိုလ်တွေရှိ၏၊ အဲဒီပုဂ္ဂိုလ်တွေက အဝေးကနေပြီး မြင်နေမယ် ကြားနေမယ်ဆိုယင်၊ သို့မဟုတ် ကိုယ့်အနားလာနေပေတဲ့ ကိုယ်က မမြင်လို့ မကောင်းမှုကို လုပ်နေတာကို သိသွားမယ်ဆိုယင်-

---

၁-၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ– ၁၄၆။

"ပဿထ ဘောဂ္ဂမံ ကုလပုတ္တာ သဒ္ဒါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော သမာနော ဝေါကိဏ္ဏော ဝိဟရတိ ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ" တိ။

ကြည့်ကြစမ်းပါအုံး၊ ဒီပုဂ္ဂိုလ်သည် သာသနာ့ဘောင်ဝင်ပြီးတော့ ရဟန်းအမည်ခံထားပါလျက်သားနဲ့ ရဟန်းလို့ သူ့ကိုလူတိုင်းက သိနေပါလျက်သားနဲ့-

ဘော၊ အချင်းတို့။ ဂ္ဂမံ ကုလပုတ္တံ၊ ဤအမျိုးကောင်းသားကို။ ပဿထ၊ ကြည့်ကြစမ်းပါအုံး။ သဒ္ဒါ-သဒ္ဒါယ၊ သဒ္ဒါတရားနှင့်။ အဂါရသ္မာ၊ လူ့ဘောင်မှ။ အနဂါရိယံ၊ ရဟန်းဘောင်သို့။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ သမာနော၊ ဖြစ်ပါလျက်သားနဲ့။ ပါပကေဟိ၊ ယုတ်မာလှစွာကုန်သော။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့ဖြင့်။ ဝေါကိဏ္ဏော၊ ရောပြွမ်းလျက်။ ဝိဟရတိ၊ • နေ၏။ ဣတိ၊ ဤသို့။ တေပိ၊ ထိုတန်ခိုးရှိသောပုဂ္ဂိုလ်တို့သည်လည်း။ မံ၊ ငါ့ကို။ ဇာနိဿန္တိ၊ သိကြကုန်လတ္တံ့။

အဲဒီလိုနှလုံးသွင်းမိယင် မကောင်းမှုပြုဝံ့ပါအုံးမလား၊ (မပြုဝံ့ပါဘူးဘုရား) ဩတ္တပ္ပတဲ့-ဟုတ်လား၊ဟိရိဩတ္တပ္ပ၊ ဘယ်နှစ်တွဲပြီးသွားပလဲ၊ (နှစ်တွဲပါဘုရား) နောက် ဘယ်နှစ်တွဲကျန်သေးသလဲ၊ (နှစ်တွဲပါဘုရား) နာရီဘယ်လောက် ကျန်သေးသလဲ- ဘုန်းကြီးက ဒီကနေ့ပြီးအောင် ဟောမယ်လို့ ရည်ရွယ်ထားတယ်၊ ဒါပေမဲ့ မပြီးဘူးဟုတ်လား၊ နောက်တပတ်မှ အဲဒီ ဟိရိ-ဩတ္တပ္ပတရားကို ဆက်ပြီးတော့ဟောကြစို့နော်။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုတရားဒေသနာတော်မြတ်ကို။သုတွာ၊ ကြားနာရသောကြောင့်။နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို။သစ္ဆိကရောထ၊ ကောင်းစွာမသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

### မဟာအဿပုရသုတ္တန်

# ဒုတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈-ရက်၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ္ဂလာသော မဟာအဿပုရသုတ္တန် ဒုတိယပိုင်း တရားဒေသနာ။

**ဒုတိယပိုင်းတရားအချီး** (တရားတော်အချီး တရားပလ္လင်ခံနှင့် ဘုရားရှိခိုးရှေးနည်းအတိုင်း။) ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မဟာအဿပုရနိဂုံးရွာ၌ သီတင်းသုံးတော်မူစဉ်အခါမှာ ရဟန်းတော်များကို ခေါ်တော်မူ၍ ချစ်သားတို့.... လူအပေါင်းတို့သည် သင်ချစ်သားတို့အား သမဏဟု သိထားကြကုန်၏၊ သင်ချစ်သားတို့ကလဲဘဲ သမဏဟူသော အမည်ကို ဝန်ခံကြကုန်၏၊ ဤသို့ သမဏဟု အသိခံ အမည်ခံပြီးတော့ တာဝန်ယူထားကြယင် သမဏအဖြစ်ကိုရောက်အောင် ပြုတတ်တဲ့တရား, ဗြာဟ္မဏအဖြစ်ကို ပြုပေးတတ်တဲ့တရားတို့ကို သင်ချစ်သားတို့သည် ကျင့်ကြရမယ်။

ဒီတရားတွေကဘာတွေလဲ၊ ဒီလိုသမဏ အဖြစ်, ဗြာဟ္မဏအဖြစ်ကို ရောက်အောင် ကျင့်တတ်တဲ့ တရားမျိုး သင်တို့သန္တာန်မှာ ရှိမှသာလျှင် သင်တို့ကို လူတွေက သိထားတဲ့အသိအတိုင်း သင်တို့က သမဏဟု ဝန်ခံထားတဲ့အတိုင်း သင်တို့ရဲ့ရဟန်းပြုခြင်း ရည်ရွယ်ချက်သည် မမြုံဘဲနဲ့ အကျိုးရှိလိမ့်မယ်၊ သင်တို့ကို ပစ္စည်းလေးပါး တို့ဖြင့် လှူဒါန်းပြီးတော့နေကြတဲ့ ဘကာ တကာမတွေကလဲဘဲ ရည်ရွယ်မှန်းထားသော လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကောင်းကျိုးတွေကို ရကြလိမ့်မယ်၊ ဒါကြောင့် သင်ချစ်သားတို့သည်–

"ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

သမဏဖြစ်ကြောင်းကို ပြုတတ်တဲ့တရား, ဗြာဟ္မဏဖြစ်ကြောင်းကို ပြုတတ်တဲ့ တရားများကို သင်ချစ်သားတို့သည် ဤသို့ ကျင့်ရမယ် တဲ့၊ ဘယ်နှယ်ကျင့်ရမလဲ–

"ဟိရောတ္တပ္ပေနမှ သမန္နာဂတာ"။

မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရိတရား, သြတ္တပ္ပတရားနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

အဲဒီ ဟိရီ, သြတ္တပ္ပတရားနှစ်ပါးနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ဝါခေါင်လပြည့်နေ့က ဘုန်းကြီးဟောခဲ့တယ်၊ ဟိရီ, သြတ္တပ္ပတရားနှစ်ပါးရဲ့ အဓိပ္ပါယ် အကျယ်ဝေဘန်ပြီးတော့ ဟောခဲ့တာ မဆုံးသေးဘူး။

ဟိရီတရား, သြတ္တပ္ပတရားလို့ တရားနှစ်မျိုးရှိတယ်၊ တရားကိုယ်ကတော့ ဒုစရိုက်မှုကို ပြုလုပ်ရမှာကို စက်ဆုပ်ခြင်း–ရှက်ခြင်း၊ ဒုစရိုက်မှုကိုပြုလုပ်ရမှာကို ကြောက်ခြင်းလန့်ခြင်း။

အဲဒီတရားကိုယ်နှစ်ပါးရှိတဲ့ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးရဲ့ ဖြစ်ခြင်းအကြောင်းတွေကို ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးလေးမျိုးလောက် ခွဲပေးပြီးတော့ ဟောခဲ့တယ်၊ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးရဲ့ ဖြစ်ခြင်းအကြောင်း–

၁။ ဟိရီ သြတ္တပ္ပတရားဘာဖြစ်လို့ ဖြစ်သလဲ–

ဟိရီ, သြတ္တပ္ပ မကောင်းမှုဒုစရိုက်ကိုစက်ဆုပ်တယ်၊ မကောင်းမှုဒုစရိုက်ကိုပြုရမှာ လန့်တယ်ဆိုတာဟာ အဇ္ဈတ္တသမုဋ္ဌာန်, ဗဟိဒ္ဓသမုဋ္ဌာန်လို့ ဒီလိုနှစ်ခုရှိတယ်၊ အဇ္ဈတ္တသမုဋ္ဌာနာ ဟိရီနာမ၊ ဗဟိဒ္ဓါသမုဋ္ဌာနံ သြတ္တပ္ပံနာမ- ဒီအပိုဒ်ဟော ပြီးပြီနော်၊ (မှန်ပါဘုရား) နောက်တနည်း-

"အတ္တာဓိပတေယျာ ဟိရီ၊လောကာဓိပတေယျံ သြတ္တပ္ပံ"။

ဒီအပိုဒ်ကောကွယ်၊ (ဟောပြီးပါပြီဘုရား) ဒါဖြင့် ဘယ်နှစ်ပိုဒ်ကျန်နေသလဲ၊ (နှစ်ပိုဒ်ကျန်နေပါတယ်ဘုရား) ဘာတုံးကွအဲဒါ၊ ရှေ့အပတ်တုန်းက ဟောပြီးပြီမဟုတ်လား၊ မင်းတို့မေ့ပြန်ပြီမဟုတ်လား၊ (မေ့နေပါပြီဘုရား) အေး–သူများတွေ ဆိုယင်တော့ တရားဟောပြီးမှ တရားကိုမေ့တယ်၊ တို့တရားနာပရိသတ်တွေက ဘယ်နှယ်ဖြစ်နေသလဲဆိုတော့ ဟောနေတုန်းကိုဘဲတရားကို မေ့တယ်- ဟုတ်လား၊အေး- ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက အသိဉာဏ်ပညာတွေ ပြည့်စုံကြတဲ့ ပုဂ္ဂိုလ်တွေဟုတ်လား၊ ပညာတွေလဲသင်ထားကြလို့ အောင်ကြည်တို့ဆို ပညာတတ်ပုဂ္ဂိုလ်ဘဲ မဟုတ်လားလို့–ဟုတ်လား၊ လောကီပညာတတ်ပုဂ္ဂိုလ်တွေနော်၊ အဲဒီပညာတွေကို တောင် တတ်အောင်သင်ယူနိုင်သေးတာဘဲ အခုမြတ်စွာဘုရား ဟောကြားထားတဲ့ ဒီ ပါဠိတော်ကြီးများက အနက်အဓိပ္ပါယ်တွေကို အခုတရားနာနေတယ်ဆိုတာ သိအောင်လို့သင်တန်းလုပ်နေကြတာ–ဟုတ်လား။

**ဟိရိဩတ္တပ္ပမည်ပုံတနည်း** နောက်နှစ်ပါးက ဘာလဲလို့ဆိုတော့-

"လဇ္ဇာသဘာဝသဏ္ဌိတာ ဟိရိနာမ။ ဘယသဘာဝသဏ္ဌိတံ ဩတ္တပ္ပံ နာမ"။[၁]

လဇ္ဇာသဘာဝသဏ္ဌိတာ၊ ပကတိပင်ကိုသဘောအားဖြင့် ရှက်တတ်ခြင်း ကြောက်တတ်ခြင်း အကုသိုလ်မှု၌ စက်ဆုပ်ရွံရှာတတ်ခြင်း ဟူသောအဘို့၌ တည်သောသဘောတရားသည်။ ဟိရိနာမ၊ ဟိရိမည်၏။ ဘယသဘာဝသဏ္ဌိတံ၊ မကောင်းမှုကိုပြုလုပ်သဖြင့် ကျရောက်လာလတ္တံ့ဖြစ်သောဘေးကို ကြောက်လန့်သောအဘို့၌ တည်သောသဘောသည်။ ဩတ္တပ္ပံနာမ၊ ဩတ္တပ္ပမည်၏။

အဲဒီအဓိပ္ပါယ်ကို ဟောပေးရမယ်နော်၊ လဇ္ဇာသဘာဝသဏ္ဌိတာ- ဒီနေရာမှာ ဋီကာကျော်ကတော့ဖြင့် အဲဒီ လဇ္ဇာသဘာဝသဏ္ဌိတာကို-

"အတ္တဂါရဝဝသေန ပါပတော ဇိဂုစ္ဆနတော ကုလဝဓူဝိယ ဟိရီ"တဲ့။

ဋီကာကျော်ဆရာက ဒိုင်ယယ်ကသင်ခဲ့တဲ့ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၊ ဋီကာကျော်လို့လဲခေါ်တယ်၊ ဋီကာလှလို့လဲခေါ်တယ်၊ ဒီဋီကာကို-

**ဟိရီ၏အမျိုးကောင်းသမီးနှင့်တူပုံ** ကုလဝဓူဝိယ- အမျိုးကောင်းသမီးကဲ့သို့၊ မိမိ ကိုယ်ကို မိမိ အလေးဂရု ပြုပြီးတော့ မကောင်းမှု ဒုစရိုက်တွေကို စက်ဆုပ်နေတဲ့ဒီတရားနဲ့ အိမ်ရှင်အမျိုးကောင်းသမီးနဲ့ တူတယ်တဲ့။

"ပရဂါရဝဝသေန ပါပတော ဥတ္တာသနတော ဝေသိယာဝိယ ဩတ္တပ္ပံ"။

**ဩတ္တပ္ပ၏ပြည့်တန်ဆာနှင့်တူပုံ** ဒီအဓိပ္ပါယ်ကတော့- သူတပါးကို အလေး ဂရုပြုသောအားဖြင့် မကောင်းမှုမှ ကြောက်တတ်သောကြောင့် ဩတ္တပ္ပတရားသည် ပြည့်တန်ဆာမနှင့် တူတယ်-တဲ့[၂]၊ကဲ-ဒီအဓိပ္ပါယ်ကိုတော့ ဘုန်းကြီးတို့ပရိသတ် နားလည်လောက်ပြီ။

၁။ အဋ္ဌသာလိနီ၊ နှာ-၁၆၈။ဇာတကဋ္ဌကထာ၊ပ၊နှာ-၁၄၅-စသည်လည်းရှု။

၂။ ဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့်တူပုံ- ပြည့်တန်ဆာမသည် အကယ်၍ ငါ့အား ကိုယ်ဝန်ရှိသည်ဖြစ်အံ့၊ ယောကျ်ားတို့သည် ငါ့ထံမလာရောက်ရာ၊ ယင်းသို့မလာလျှင် ငါ့မှာလာဘ်မဆိတ်ရာ၏ဟု မိမိထံလာရောက်နေကျ ယောကျ်ားတို့ကို အလေးပြုသောအားဖြင့် ပဋိသန္ဓေစွဲနေမှာကို ကြောက်သကဲ့သို့၊ ထို့အတူ ဩတ္တပ္ပတရားသည် အကယ်၍ငါသည် ပါဏာတိပါ တစသော မကောင်းမှု ဒုစရိုက်ကို ပြုသည်ဖြစ်အံ့၊ သူတော်ကောင်းတို့သည် ငါ့အားကဲ့ရဲ့ကုန်ရာ၏ ဟု တပါးသောသူတို့ကို အလေးပြုသောအား ဖြင့် မကောင်းမှုဒုစရိုက် ပြုရမှာကိုကြောက်၏၊ဤသို့ ဥပမာ, ဥပမေယျကို သိအပ်၏။

အိမ်ရှင်အမျိုးကောင်းသမီးတယောက် မိမိရဲ့ဂုဏ်သိက္ခာကို ရိုသေလေးစားပြီးတော့ မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသည်- ဟိရီ၊ ဒါ အိမ်ရှင်အမျိုးကောင်းသမီးနဲ့ ဟိရီနဲ့တူတယ်လို့ ဋီကာကျော်ကပြတယ်၊ ဒါ လဇ္ဇာသဘာဝသဏ္ဍိတ။

ဩတ္တပ္ပကတော့ဖြင့် မကောင်းမှုမှ ကြောက်လန့်တဲ့ ဩတ္တပ္ပတရားကို ပြည့်တန်ဆာကဲ့သို့ မှတ်ရမယ်လို့ ဒီလိုသူကပြောပါတယ်၊ ဒီ အဓိပ္ပါယ် ဒါလောက်ပြောယင် နားလယ်လောက်ပြီနော်- မလယ်သေးဘူးလားလို့၊ လယ်ရဲ့လား-မလယ်လဲ ဒီအဓိပ္ပါယ်ကို ဒါထက်တိုးပြီးတော့ မပြောပါရစေနဲ့၊ မင်းတို့လယ်လောက်ပါတယ်-နော်။

အဋ္ဌသာလိနီ အဋ္ဌကထာကတော့ ဘာပြောထားသလဲ ဆိုတော့- လဇ္ဇာသဘာဝသဏ္ဍိတာ၊ မကောင်းမှုအကုသိုလ် ဒုစရိုက်တွေကို စက်ဆုပ်တယ် ရှုံ့ရှာတယ်ဆိုတာ ဘာနဲ့တူသလဲလို့ဆိုတော့ ပကတိပင်ကို သဘောအားဖြင့်-

> "ကေစွော ဟိ ယထာနာမ ဧကော ကုလပုတ္တော ဥစ္စာရပဿာဝါဒီနံ ကရောန္တော လဇ္ဇိတဗ္ဗယုတ္တကံ ဧကံ ဒိသွာ လဇ္ဇနာကာရပ္ပတ္တော ဘဝေယျ"။[၁]

**ဟိရီ၏ကျင်ကြီးစွန့်သူဥပမာ** ယထာနာမ၊ ဥပမာမည်သည်ကား။ ကေစွော၊ အချို့သောသူသည်။ ဥစ္စာရပဿာဝါဒီနံ၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းစသည်ကို။ ကရောန္တော၊ ပြုနေသော။ ဧကော ကုလပုတ္တော၊ အမျိုးကောင်းသား တယောက်သည်။ လဇ္ဇိတဗ္ဗယုတ္တကံ၊ ရှက်ဖွယ်ဖြစ်လောက်သော။ ဧကံ၊ သူတယောက်ကို။ ဒိသွာ၊ မြင်ရ၍။ လဇ္ဇနာကာရပ္ပတ္တော၊ ရှက်သော အခြင်းအရာသို့ရောက်သည်။ ဘဝေယျ ယထာ၊ ဖြစ်ရာသကဲ့သို့-တဲ့။

ပကတိသဘောအားဖြင့် ဒါရှက်တဲ့သဘော၊ မိမိရဲ့ အညစ်အကြေးတွေကို စွန့်လွှတ်တဲ့အခါမှာ အင်း-တစုံတယောက်သော ပုဂ္ဂိုလ်မြင်မှာကို မိမိပကတိသဘောကိုက ဘယ့်နှယ်နေသလဲ၊ (ရှက်ပါတယ်ဘုရား) အင်း-ရှက်တယ်၊ အဲဒါကိုဘာလို့ ခေါ်သလဲ၊ ဟိရီ-တဲ့နော်၊

ဩတ္တပ္ပဆိုတာကတော့ အပါယ်ဘေးကို ကြောက်ပြီးတော့ ဆင်ခြင်သည်ဖြစ်သောကြောင့် အပါယ်ဘေးကို လန့်ပြီးတော့ ဆင်ခြင်သည်ဖြစ်သောကြောင့် သူက-ဩတ္တပ္ပ၊ ဒါ-ဟိရီ, ဩတ္တပ္ပ။

---

၁။ အဋ္ဌသာလိနီ၊ နှာ-၁၇၀။

**ဩတ္တပ္ပ၏ သံတွေခဲဥပမာ** အဋ္ဌကထာက ဘာကိုဥပမာပေးထားသလဲလို့ဆိုတော့ သံတွေခဲနှစ်ခုရှိတယ်တဲ့၊ တခုကတော့ဖြင့် အေးတဲ့ သံတွေခဲ၊မစင်တွေလူးလဲပေကျံပြီးတော့နေတယ်၊တခုကတော့ပူလောင်တဲ့သံတွေခဲ တဲ့၊ဘယ်သံတွေခဲကိုကိုင်ကြမှာတုံး၊အေးတယ်ဆိုတဲ့ သံတွေခဲကျပြန်တော့မစင်တွေ လူးလဲ ပေကျံနေသည်ဖြစ်သောကြောင့် စက်ဆုပ်ရွံရှာတဲ့ သဘောရှိခြင်းကြောင့် အဲဒီအေးတဲ့ သံတွေခဲကိုလည်း ကိုင်တွယ်ခြင်းငှာ အလိုရှိသလား၊ (မရှိပါဘူး ဘုရား) ပူလောင်တဲ့ သံတွေခဲကျပြန်တော့လဲ မစင်တော့ မလူးလဲမပေကျံဘူး၊ ပူတဲ့ဘေးကို ကြောက်ပြီးတော့ ပူတဲ့ သံတွေခဲကိုလဲ မကိုင်ယူဘူး။

အေးတဲ့သံတွေခဲကို မစင်တွေလူးလဲပေကျံနေတဲ့အတွက် မကိုင်ယူတာနဲ့ ဟိရီ တရားကို အကြောင်းပြုပြီးတော့ မကောင်းမှုဒုစရိုက်တွေမှ ရှောင်ကြဉ်တာနဲ့ တူတယ်တဲ့-ဟုတ်လား၊ ပူတဲ့သံတွေခဲကို ပူတာကိုကြောက်ပြီးတော့ မကိုင်ယူ တာလို အပါယ်လေးပါးကြောက်ရွံ့ပြီးတော့ မကောင်းမှုဒုစရိုက်တို့မှ ရှောင် ကြဉ်ခြင်းသည် ဩတ္တပ္ပတရားမည်တယ်လို့-"လဇ္ဇာသဘာဝသဏ္ဌိတာ ဟိရီနာမ၊ ဘယသဘာဝသဏ္ဌိတံ ဩတ္တပ္ပံနာမ"၊ ဒါ-ပဏ္ဍာသ အဋ္ဌကထာ၊ ရှက်တဲ့အမှု အရာ, ကြောက်တဲ့အမှုအရာ နှစ်ပိုင်းပြီးရော-နော်၊ (မှန်ပါ)

အခု သုံးချပြီးသွားပြီမဟုတ်လား၊ (မှန်ပါ) ပဌမပတ်ကဟောခဲ့တာ နှစ် ပိုင်း၊ အခုတပတ်ဟောပေးတာ တပိုင်း-နော်၊ (မှန်ပါ) နောက်တပိုင်းက ဘာပြောသလဲဆိုတော့-

၂။ "သပ္ပဟိဿဝ လက္ခဏာ ဟိရီ။ ဝဇ္ဇဘီရုကဘာယဒဿာဝိလက္ခဏံ ဩတ္တပ္ပံ"။[၁]

သပ္ပဟိဿဝလက္ခဏာ၊ ရိုသေကိုင်းညွတ်ခြင်းနှင့်တကွ ဖြစ်သောလက္ခဏာ သည်။ ဟိရီ၊ဟိရီမည်၏။ ဝဇ္ဇဘီရုကဘာယဒဿာဝိလက္ခဏံ၊ကျရောက်လာလတ္တံ့ သော အပြစ်ဘေး အာဒီနဝတွေကို ရှုဆင်ခြင်ခြင်းသဘောရှိသော လက္ခဏာ သည်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပ မည်၏။

ဟောဒါ အဋ္ဌသာလိနီအဋ္ဌကထာ၊ ရိုသေထိုက်သူတို့ကို အလေးဂရုပြုပြီး တော့ မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည်-ဟိရီ။ အပါယ်ဘေးစသည် တို့ကို ကြောက်ရွံ့ပြီးသကာလ မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည်- ဩတ္တပ္ပ။

---

၁။ အဋ္ဌသာလိနီ၊နှာ-၁၇၀။

ရှုက်ခြင်း၏အကြောင်းလေးပါး ဒီနေရာမှာ အဋ္ဌကထာဆရာတော်က ဘာကို အကျယ်ပြောထားလဲဆိုတော့-

"ကေစ္စော ဟိ ဇာတိမဟတ္တပစ္စဝေက္ခဏာ သတ္ထုမဟတ္တပစ္စဝေက္ခဏာ ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏာ သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏာတိ စတူဟိ ကာရဏေဟိ သပ္ပတိဿဝက္ခဏံ ဟိရိံ သမုဋ္ဌာပေတွာ ပါပံ န ကရောတိ"[၁]

(၁) ဟိ၊ အကျယ်ကိုဆိုအံ့။ ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ဇာတိမဟတ္တပစ္စဝေက္ခဏာ၊ မိမိရဲ့ဇာတ်အမျိုးကို ဆင်ခြင်ရှုရင်း။ (ဩော်-ငါ ရဟန်းတော်ပါလား၊ ငါဟာ တရားအားကုက်နေတဲ့ ပုဂ္ဂိုလ်ပါလား၊ ငါဟာ လူကြီးလူကောင်းတစ်ယောက်ပါလား စသည်ဖြင့် အဲဒီလို မိမိရဲ့ အမျိုးဇာတ်ကို ဆင်ခြင်ရှုရင်း။)

(၂) သတ္ထုမဟတ္တ ပစ္စဝေက္ခဏာ၊ မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမြင့်ခြင်းဟုဆိုအပ်သော အဖဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ဆင်ခြင်နေရှုရင်း။ (ဩော်-ငါလိုဘုရားသားတော်တစ်ယောက်က မကောင်းမှုတွေကို လုပ်လို့တော်ပါ့မလားလို့ဆိုပြီး ဆင်ခြင်တယ်၊ မိကောင်းဖခင်ရဲ့ သားသမီးတစ်ယောက်ဖြစ်ပါလျက်သားနဲ့ မကောင်းမှုလုပ်လို့တော်ပါ့မလားလို့ဆင်ခြင်ပုံတွေကို ပြောနေတာ။)

(၃) ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏာ၊ အမွေခံမှုနှံမြတ်သည်၏အဖြစ်ကို ဆင်ခြင်စဉ်းစားသည်ဖြစ်၍ရှုရင်း။ (အမွေခံက ဘာတုံး-သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတည်းဟူသော အမွေခံအမျိုးသား၊ အမျိုးသမီးဖြစ်ပါလျက်သားနဲ့ မကောင်းမှုပြုကျင့်လို့ တော်ပါ့မလားလို့ ဒီလိုဆင်ခြင်တယ်။)

(၄) သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏာ၊ မိမိရဲ့သီတင်းသုံးဘော်တို့၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေကို ဆင်ခြင်စဉ်းစားသည်ဖြစ်၍ရှုရင်း။ (ကိုယ်နဲ့ အတူဖြစ်တဲ့ သီတင်းသုံးဘော်တွေက ရှင်သာရိပုတ္တရာ တို့တွေ၊ ရှင်မဟာမောဂ္ဂလ္လာန်တို့တွေ၊ ရှင်မဟာကောဋ္ဌိကတို့တွေ၊ ရှင်မဟာကဿပတို့တွေ၊ ပြီးတော့ မြတ်စွာဘုရားသားတော်တွေ၊ ပြီးတော့ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရာထေရီ၊ ဓမ္မဒိန္နာထေရီ စတဲ့ထေရီကြီးတို့သည် မိမိတို့နဲ့ ပတ်သက်တဲ့ သီတင်းသုံးဘော်ကြီးတွေဘဲ၊ ထိုသီတင်းသုံးဘော်ကြီးတို့ရဲ့ ဂုဏ်သိက္ခာကြီးကျယ်မြင့်မြတ်မှုကို အကြောင်းပြုပြီးတော့ ငါလဲ ဒီသီတင်းသုံးဘော်ထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တာဘဲလို့ ဆင်ခြင်ပြီးတော့ မကောင်းမှုကို မပြုမကျင့်ခြင်း။)

---

၁။ အဋ္ဌသာလိနီ၊ နှာ-၁၇၀။

ဣတိ၊ ဤသို့။ စတူဟိကာရဏေဟိ၊ လေးပါးသောအကြောင်းတို့ဖြင့်။ သပ္ပတိဿဝ လက္ခဏံ၊ ရှိသေထိုက်သောပုဂ္ဂိုလ်တို့ရဲ့စကားကို နားထောင်လိုက်နာခြင်းလက္ခဏာရှိသော။ ဟိရိံ ၊ ဟိရီတရားကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ပါပံ၊ မကောင်းမှုကို။ န ကရောတိ၊ မပြု။ (အဲဒါက ဟိရီတရား)

**ကြောက်ခြင်းအကြောင်းလေးပါး** ဩတ္တပ္ပတရားကျတော့ ဘယ်နှယ်ဖြစ်သလဲ- သူကလဲ လေးမျိုးဘဲဆင်ခြင်တယ်။

"ကေ စွော အတ္တာ နုဝါဒဘယံ ပရာ နုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယန္တိ စတူဟိ ကာရဏေဟိ ဝဇ္ဇဘီရုကဘယဒဿာဝိလက္ခဏံ ဩတ္တပ္ပံ သမုဋ္ဌာ ပေတွာ ပါပံ န ကရောတိ"။[၁]

ကေစွော၊ အချို့သူသည်။ အတ္တာနုဝါဒဘယံ၊ မိမိကိုယ်ကို မိမိစွပ်စွဲကဲ့ရဲ့ခြင်းဘေးကိုင်၄င်း။ ပရာနုဝါဒဘယံ၊ သူတပါးတို့က၊ စွပ်စွဲကဲ့ရဲ့ခြင်းဘေးကိုဆင်ခြင်၍၄င်း။ ဒဏ္ဍဘယံ၊ မင်းပြစ်မင်းဒဏ်စသော အမျိုးမျိုးသောအပြစ်ဒဏ်ကိုဆင်ခြင်စဉ်းစား၍၄င်း။ (မကောင်းမှုတော့ လုပ်ချင်သားဘဲ၊ ဒီအလုပ်လုပ်လိုက်ယင်ဖြင့် ငါ့အားမင်းပြစ်မင်းဒဏ် သင့်လိမ့်မယ်ဆိုပြီးတော့ မင်းပြစ်မင်းဒဏ်သင့်မှာကို ကြောက်ပြီးတော့ မကောင်းမှုမှရှောင်ကြဉ်ခြင်းသည် - ဩတ္တပ္ပ၊ ဒါလဲ ဩတ္တပ္ပ)ဒုဂ္ဂတိဘယံ၊ အပါယ်လေးပါးကျမယ်ဆိုတဲ့ဘေးကို၄င်း။ ဣတိ၊ ဤသို့။ စတူဟိ ကာရဏေဟိ၊ ဤလေးပါးသောဘေးတို့ကို ဆင်ခြင်သဖြင့်။ ဝဇ္ဇဘီရုကဘယဒဿာဝိလက္ခဏံ၊ ကျရောက်လာလတ္တံ့သော အပြစ်ဘေးတွေကို ရှုကြည့်လေ့လက္ခဏာရှိသော။ ဩတ္တပ္ပံ၊ ဩတ္တပ္ပတရားကို။ သမုဋ္ဌာပေတွာ၊ မိမိကိုယ်၌ဖြစ်စေ၍။ ပါပံ၊ မကောင်းမှုကို။ န ကရောတိ။ မပြု။ (ဟောဒါ ဩတ္တပ္ပ)

အဲဒီ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံနေတဲ့ပုဂ္ဂိုလ် ဘာအကျိုးတွေရတုံး၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး မိမိသန္တာန်မှာ ရှိနေပြီးတော့-ဣမေ ဓမ္မာ၊ ဤဟိရီ, ဩတ္တပ္ပတရားနှစ်ပါးတို့ကို။ သမာဒါယ၊ မိမိကိုယ်၌ ကောင်းစွာ ဆောက်တည်၍။ ပရိပူရိတ၊ ပြည့်အောင် ဖြည့်ကျင့်ကြကုန်သည် ရှိသော်-ဘယ်လို အကျိုးတရားတွေကို ရမလဲလို့ဆိုတော့-

**ရှက်ကြောက်ခြင်း၏ အကျိုးတရားများ** "သမိတပါပသမဏံ နာမ ဗာဟိတပါပ ဗြာဟ္မဏံနာမ ကရောန္တိ"။[၂]

---

၁၊ အဋ္ဌသာလိနီ။ နှာ-၁၇၀။

၂။ မူလပဏ္ဏာသ အဋ္ဌကထာ၊၃၊ နှာ-၂၁၃။

ကိလေသာ ငြိမ်းခြင်းဖြစ်တဲ့ သမဏအဖြစ်ကို ပြုတတ်သော မကောင်းမှု ဒုစရိုက်ကို ပယ်ရှောင်ခြင်းဟု ဆိုအပ်သော ဗြာဟ္မဏ အဖြစ်ကို ပြုတတ်သော အဖြစ်ကိုလည်း။ လဘတိ၊ ရ၏။ ဟောဒါ အကျိုးတပါး။ သမဏဆိုတာ ကိလေသာတွေ ငြိမ်းတာ၊ ကိုယ်အမူအရာ, နှုတ်အမူအရာ,စိတ်အမူအရာတွေ စင်ကြယ်သန့်ရှင်းပြီးတော့ ကိလေသာ ငြိမ်းတဲ့သဘောကို–သမဏ။

ဗြာဟ္မဏဆိုတာက မကောင်းမှု မှန်သမျှတွေကို အပပြုပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ် မကောင်းမှု ဒုစရိုက်တွေ ကင်းနေတဲ့ပုဂ္ဂိုလ်-ဗြာဟ္မဏ၊ ဟိရိ, ဩတ္တပ္ပတရား နှစ်ပါးသည် သမဏ, ဗြာဟ္မဏခေါ်တဲ့ ကိလေသာ ငြိမ်းခြင်းကိုလဲ ပြုပေးတတ်၏၊ ကိလေသာ ကင်းခြင်းကိုလဲ ပြုလုပ်၍ ပေးတတ်၏၊ ဒါ အကျိုးတပါး။

"စတုပစ္စယလာဘံ ဥပ္ပါဒေန္တိ"[၁]။

စတုပစ္စယလာဘံ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါးတည်း ဟူသော လာဘ်လာဘကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။

ဆွမ်းကောင်းကောင်း စားချင်ယင် သင်္ကန်းကောင်းကောင်း ဝတ်ချင်ယင် ကျောင်းကောင်းကောင်း – ပြီးတော့ကော – ပြီးတော့ အသုံးအဆောင် တွေ ကောင်းကောင်းနဲ့ ဆေးပစ္စည်း ကောင်းကောင်းနဲ့ ဒီလို သီတင်းသုံးနေချင်ယင် ဟိရိ, ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံရမယ်၊ အဲဒါက တပါး၊ ဘယ်နှစ်ပါး ရှိပလဲ၊ (နှစ်ပါးပါဘုရား) နောက်တပါးက ဘာလဲဆိုတော့–

"ပစ္စယဒါယကာနံ မဟပ္ဖလတံ သမ္ပာဒေန္တိ"[၂]။

ပစ္စယဒါယကာနံ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း၍ နေကြကုန်သော ဒါယကာ, ဒါယိကာမအပေါင်းတို့၏။ မဟပ္ဖလတံ၊ များမြတ်ကြီးကျယ်ဖွံ့ဖြိုး နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တယ်ဆိုတဲ့ အကျိုး စီးပွားကို။ သမ္ပာဒေန္တိ၊ ပြီးစေနိုင်ကုန်၏။

ကိုယ့်ကို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် ပေးကမ်း ချီးမြှောက် လှူဒါန်းပြီးတော့ မှီဝဲဆည်းကပ်နေကြတဲ့ ပုဂ္ဂိုလ်များကိုလဲဘဲ လူနတ် နိဗ္ဗာန် သုံးတန်သော ကောင်းကျိုးချမ်းသာတွေကို ပြည့်စုံစေနိုင်ပါ တယ်တဲ့။

"ပဗ္ဗဇ္ဇံ အဝဥ္ဈံ သဖလံ သဉဒြယံ ကရောန္တိ"[၃]။

အဝဥ္ဈံ၊ မမြုံသော။ သဖလံ၊ အကျိုးရှိသော။ သဉဒြယံ၊ တိုးပွားခြင်း ရှိသော။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်းအဖြစ်ကို။ ကရောန္တိ၊ ပြုလုပ်ရာရောက်ကုန်၏။

---

၁–၂–၃။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဒု၊ နှာ–၂၁၃။

နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တဲ့ တရားစုပါတဲ့၊ ဟိရီ၊ သြတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဒီအကျိုးတရားတွေကို ရတယ်တဲ့–မြတ်စွာဘုရား ဒီလိုဟောတယ်။

**လောကပါလတရား** နောက်တပိုင်းကို ဘာပြောသလဲလို့ဆိုတော့ ဒီ ဟိရီ၊ သြတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အကျိုးလေးပါးကိုရပြီးတဲ့အပြင် ဒီ ဟိရီ၊ သြတ္တပ္ပ ဘရားနှစ်ပါးကို အဋ္ဌကထာက သုက္ကဓမ္မလို့ ဒီလိုလဲဟောပါသေးတယ်၊ ဖြူစင်တဲ့တရား သန့်ရှင်းတဲ့တရား၊ လောကကြီးကခုလုံးမှာ အဲဒီ ဟိရီ၊ သြတ္တပ္ပတရားနှစ်ပါးသာ မရှိယင် လူတွေဟာ တိရစ္ဆာန်တွေကဲ့သို့ ဖြစ်ကုန်ကြလိမ့်မယ်တဲ့၊ ဟိရီ၊ သြတ္တပ္ပတရားနှစ်ပါး ရှိနေလို့သာလျှင် လူတွေဟာ တိရစ္ဆာန်တို့နဲ့ ခြားနားနေကြတာ၊ သတ္တဝါတွေ မခြားနားဘူးလား (ခြားနားပါတယ်ဘုရား) တိရစ္ဆာန်သတ္တဝါနဲ့ လူသတ္တဝါ ခြားနားချက်ရှိတယ်၊ မရောလဲ မရောယှက်ဘူး။ အဲဒါကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားကြောင်းကို အဋ္ဌကထာက လှမ်းပြီးတော့ ကိုးထားတယ်။

"ဣမေ ဒွေ ဓမ္မာ လောကံ ပါလေန္တော လောကပါလဓမ္မာ နာမာတိ ကထိတာ"။[၁]

ဣမေဒွေဓမ္မာ၊ ဤဟိရီ၊ သြတ္တပ္ပတရားနှစ်ပါးတို့သည်။ လောကံ၊ လောကကို။ ပါလေန္တော၊ စောင့်ရှောက်တတ်သောကြောင့်။ လောကပါလဓမ္မာ နာမာတိ၊ လောကပါလတရား မည်ကုန်၏ဟူ၍။ ကထိတာ၊ ဆိုအပ်ကုန်၏။

ဘာတရားတဲ့တုံး–လောကပါလတရား၊ လောကက သုံးမျိုးရှိတယ်၊ သတ္တလောက, သင်္ခါရလောက, ဩကာသလောက၊ ဟိရီ၊ သြတ္တပ္ပတရားနှစ်ပါးက ဘယ်လောကကို စောင့်ရှောက်သလဲလို့ဆိုတော့ သတ္တလောကလို့ခေါ်သတဲ့ သတ္တဝါတွေကို စောင့်ရှောက်နေတယ်၊ ဟိရီ၊ သြတ္တပ္ပတရားနှစ်ပါးက သတ္တဝါတွေကို စောင့်ရှောက်နေသည် ဖြစ်သောကြောင့် ဟိရီ၊ သြတ္တပ္ပတရားသည် လောကပါလတရား။

"ဒွေမေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ"[၂]။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေ ဒွေ ဓမ္မာ၊ ဤတရားနှစ်ပါးတို့သည်။ လောကံ၊ သတ္တလောကတည်းဟူသော လူအပေါင်း သတ္တဝါအပေါင်းကို။ ပါလေန္တိ၊ စောင့်ရှောက်၍ နေကြကုန်၏။

---

၁။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၁၊ နှာ–၂၁၃။
၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၁၊ နှာ-၅၁။

လူတွေကိုစောင့်ရှောက်ပေးနေတာ ဘယ်သူတုံးကွယ့်။ (လောကပါလတရား ပါဘုရား)၊ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါး၊ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးရှိလို့ လူထဲ သူ့ထဲကို ဝင်နိုင်တာ။ ဟိရီတရားမရှိတဲ့လူ ဩတ္တပ္ပတရားမရှိတဲ့လူဟာ လူထဲဝင် နိုင်ပါ့မလား၊ (မဝင်နိုင်ပါဘူးဘုရား) ဝင်ကောဝင်ဝံ့ပါ့မလား၊ (မဝင်ဝံ့ပါဘူး ဘုရား) မဝံ့ဘူး၊ အခုဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်း သမီးတွေ လူထဲသူထဲကို ဝင်နေနိုင်တာဟာ ဘယ်သူစောင့်ရှောက်ပေးထားလို့ တုံးဆိုတော့ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးက စောင့်ရှောက်ပေးထားလို့ လူထဲ သူထဲကို ဝင်လို့ရတာ၊ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါး မရှိတဲ့ပုဂ္ဂိုလ်ကတော့ဖြင့် လူထဲဝင်လို့ကို မဖြစ်ဘူး။

အဲဒီ ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးသာမရှိယင် အကုန်လုံးစည်းပျက် ကမ်း ပျက်ချည်း ဖြစ်မယ်၊ ဒီတရားဟာ လောကမှာလဲသုံးလို့ရတယ်-နော်၊ (မှန်ပါ ဘုရား) ဒီ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးသည် သမထအဖြစ်ကို ပြုတတ်တဲ့တရား၊ ဗြဟ္မာအဖြစ်ကိုပြုတတ်တဲ့တရားလဲဖြစ်တယ်၊ လောကမှာလဲသူကသုံးလို့ရတယ်။

"ဣမေ ခေါ ဘိက္ခဝေ ဒွေ သုက္ကာ ဓမ္မာ လောကံ န ပါလေယျုံ"[၁] ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုက္ကာ၊ ဖြူစင်ကုန်သော။ ဣမေ ဒွေ ဓမ္မာ၊ ဤဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးတို့သည်။ လောကံ၊ သတ္တလောကကို။ နပါလေယျုံ၊ မစောင့်ရှောက်ကုန်ငြားအံ့။ အကယ်၍သာ ချစ်သားတို့…ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးကို လူတွေမစောင့်ရှောက်ကြတော့ဘူးလို့ဆိုယင်တဲ့။

"နယိဓ ပညာယေထ မာတာတိ ဝါ မာတုစ္ဆာတိ ဝါ မာတုလာ နီတိ ဝါ အာစရိယ ဘရိယာတိ ဝါ ဂရူနံ ဒါရာတိ ဝါ၊ သမ္ဘေဒံ လောကော အဂမိဿ"[၂]။

ဣဓ၊ ဤလောက၌။ မာတာတိ ဝါ၊ အမိဟူ၍၎င်း။ မာတုစ္ဆာတိ ဝါ၊ မိကြီး မိထွေးဟူ၍၎င်း။ မာတုလာနီတိ ဝါ၊ ဦးကြီး၏ဇနီးဟူ၍၎င်း။ အာစရိယ ဘရိယာတိ ဝါ၊ ဆရာသမား၏ ဇနီးဟူ၍၎င်း။ ဂရူနံ၊ အလေးဂရုပြုတတ်ကုန် သော ဘကြီးဘထွေးတို့၏။ ဒါရာတိဝါ၊ ဇနီးဟူ၍၎င်း။ န ပညာယေထ၊ မထင် ရှားတော့ကုန်ရာ။ လောကော၊ သတ္တဝါအပေါင်းသည်။ သမ္ဘေဒံ၊ တဦးနှင့် တဦးရောယှက်ခြင်းသို့။ သမ္ဘေဒံ၊ အပိုင်းအခြားကိုလွန်ခြင်းသို့။ အဂမိဿ၊ ရောက်ရာ၏။

---

၁-၂ ။အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ ၅၁–၅၃။

**ဟိရိဩတ္တပ္ပမရှိသူ တိရစ္ဆာန်ဥပမာ**

ဒီ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးသာ မရှိဘူးဆိုယင် အမေ မိကြီး မိထွေး ဒေါ်ကြီး ဒေါ်လေး ညီအကို မောင်နှမ ရယ်လို့ အပိုင်းအခြား အကန့်အသတ်မရှိ တော့ဘူးတဲ့။ သမ္ဘေဒံ လောကော အဂမိဿ။ လောကော၊ လူအပေါင်းသည်။ သမ္ဘေဒံ၊ ပဉ်းနှံ့ပဉ်းဆက်ဆံခြင်း၊ ဝါ-အပိုင်းအခြားအကန့်အသတ်ကို လွန်ခြင်းသို့။ အဂမိဿ၊ ရောက်ရာ၏။

ဥပမာ ဘယ်လိုပြောရမလဲဆိုတော့ မြတ်စွာဘုရားက-

"ယထာ အဇေဠကာ ကုက္ကုဋသူကရာ သောဏသိင်္ဂါလာ"[၁]။

ဆိတ်များသိုးများကဲ့သို့ရင်း, ကြက်တို့ ဝက်တို့ အိမ်ခွေးတို့ တောခွေးတို့ ကဲ့သို့ရင်း ရောယှက်ခြင်းသို့ရောက်ရာ၏ တဲ့-မြတ်စွာဘုရားက။

ခွေးတွေလို ကြက်တွေလို ဝက်တွေလို တိရစ္ဆာန်သတ္တဝါတွေနဲ့ အတူတူရော နေပ်ပြီးတော့ ရောက်သွားကြမှာဘဲတဲ့။ မာတာတိဝါ၊ အမိဟူ၍လဲဘဲ အပိုင်း အခြားမထားတော့ဘူး။ မာတုစ္ဆာတိဝါ၊ မိကြီး,မိထွေးဟူ၍လဲ အပိုင်းအခြား မထားတော့ဘူး။ ဟုတ်လား၊ ပြီးတော့- မာတုလာနီတိဝါ၊ ဦးကြီးရဲ့ဇနီးဟူ၍ လည်း အပိုင်းအခြားမထားတော့ဘူး။အာစရိယဘရိယာတိဝါ၊ဆရာသမားတို့ရဲ့ ဇနီးမယားဟူ၍ရင်း။ ဂရူနံဒါရာတိဝါ၊ အလေးဂရုပြုအပ်ကုန်သော ဘကြီး ဘထွေးတို့ရဲ့ ဇနီးဟူ၍ရင်း။နပညာယေထ၊ မထင်ရှားတော့ပေ။ သမ္ဘေဒံ၊ ရောယှက်ခြင်းသို့။ ဝါ၊ အပိုင်းအခြား အကန့်အသတ်မရှိခြင်းသို့။ အဂမိဿ၊ ရောက်နိုင်ပေရာ၏။

အခုဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေမှာ ဒီတရားနှစ်ပါးရှိနေသည်ဖြစ်သောကြောင့် အဲဒီအပိုင်းအခြား အကန့်အသတ် ကလေးတော့ ရှိမနေပေဘူးလားလို့ (ရှိနေပါတယ်ဘုရား) အဲဒါဘယ်တရားက စောင့်ရှောက်ထားတာတုံး၊ (ဟိရီ, ဩတ္တပ္ပတရားကပါဘုရား) ဘုန်းကြီးတို့ တတွေလဲ ဒီလိုဘဲ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးက စောင့်ရှောက်ထားသည်ဖြစ် သောကြောင့် အခုနေ ဘုန်းကြီးဝတ်ကြီးနဲ့ ဘိုင်စကုတ်သွားကြည့်လို့ဖြစ်ပါ့ မလား၊ ဘုန်းကြီးတော့သွားပါဆိုလဲမသွားဘူး၊အဲဒါဘာဖြစ်လို့လဲ၊ အဲ-လန့်နေ တယ်၊ မတော်ဘူးလို့-ကိုယ့်ကိုယ်ကိုယ်လဲ အာရုံပြု၍သော်ရင်း၊ ကိုယ့်အနေ နဲ့ဘိုင်စကုတ်ရုံကြီးရှေ့ ကားကား ကားကားနဲ့ သွားနေလို့ သူများတွေမြင်ယင် ဘယ့်နှယ်နေမလဲ—ရှက်စရာမကောင်းပေဘူးလား၊ (ကောင်းပါတယ်ဘုရား) အဲဒါတွေကြောက်ပြီးတော့ မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, မကောင်းမှု

---

၁။ အင်္ဂုတ္တိုရ်ပါဠိ၊ ပါ၊နှာ-၅၃။

ဒုစရိုက်ကို မပြုလုပ်ဘဲလန့်ခြင်းကြောက်ခြင်း၊ ဒီ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးက စောင့်ရှောက်ထားရတယ်၊ ဒီ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးကို ဒီလိုသိရုံတင်သိနေလို့ ပြီးမလားဆိုတော့ မပြီးသေးဘူး–တဲ့။

"တေ အတ္တနော စိတ္တသန္တာနေ ပဝေသေတွာ ပါပါနိ ပရိဝဇ္ဇေတဗ္ဗာနိ"။

တေ၊ ထိုသိရုံသိထားကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ အတ္တနော၊ မိမိ၏။စိတ္တသန္တာနေ၊ စိတ်အစဉ်၌။ ပဝေသေတွာ၊သွင်း၍။ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇေတဗ္ဗာနိ၊ ရှောင်ကြဉ်အပ်ကုန်၏။

အခု ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးအကြောင်းတော့ သိကြပြီ–နော်၊ (မှန်ပါဘုရား)အဲဒီ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးအကြောင်းကို သိရုံသိကြရမှာလား၊ ထိုတရားနှစ်ပါးကို မိမိစိတ်ထဲသွင်းပြီးတော့ မကောင်းမှုကို ရှောင်ကြဉ်ရမှာလား၊ (မကောင်းမှုကိုရှောင်ကြဉ်ရမှာပါဘုရား) ဒီတရားကို သိဘို့ဟောတာလား၊ ရှောင်ကြဉ်ဘို့ ဟောနေတာလား၊ (ရှောင်ကြဉ်ဘို့ ဟောနေတာပါဘုရား) ရှောင်ရမယ်–နော်။ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးရှိမှလဲ မကောင်းမှုဒုစရိုက်အကုသိုလ်ကိုရှောင်နိုင်တယ်၊ သမဏအဖြစ်,ဗြာဟ္မဏအဖြစ်မျိုးကို ရောက်အောင်ပြုလုပ်ပေးနိုင်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောတယ်၊ ဒါ သုက္ကဓမ္မတရား– လောကပါလတရားလို့ ဒီလိုဟောတယ်။

**ဒေဝဓမ္မတရားမည်ပုံ** ပြီးတော့ ဒီ ဟိရီ, သြတ္တပ္ပတရား နှစ်ပါးကို ဘာခေါ်သေးသလဲလို့ဆိုတော့ ကြားဘူးကြပါလိမ့်မယ်–ဒေဝဓမ္မ တရားလို့ကော မခေါ်ဘူးလား၊ သဗ္ဗညုမြတ်စွာဘုရားက ဒေဝဓမ္မတရားခေါ်ကြောင်းကို ဟိုပါဠိဇာတ် ပါဠိတော်ကြီးနဲ့ ပါဠိဇာတ် အဋ္ဌကထာကဇာတ်တော်တွေကို ထုတ်ပြီးတော့ ဟောဒီနေရာမှာ ဟောထားတယ်၊ ဒီတော့ ဒါတွေကို ပြည့်စုံအောင် ထည့်ဟောပေးရမယ်၊ ဟုတ်တယ်မဟုတ်လား၊ (မှန်ပါဘုရား) ပရိယတ္တိနယ်ထဲက နေပြီးတော့ ပါဠိတော်ကို မူချပြီးတော့ နေတယ်ဆိုတာ အဋ္ဌကထာအစွမ်း ထုတ်ထားတာကလေးကို တော့ဖြင့် ချန်ထားပစ်ခဲ့လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) အဲဒါ မရ ရအောင် လိုက်ပြီးတော့ ရှာ– ဒါရအောင်ကျက်–ဟုတ်လား၊ ဒါရအောင်နှလုံးသွင်းပြီးတော့ ဘုန်းကြီးတို့ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်း နေကြတဲ့ တကာ တကာမတွေကို ကိုယ်ကတဆင့်ပြန်ဟော–ဟုတ်လား။

ဒီလိုသာ ဘုန်းကြီးတို့ သာသနာ ပြုသွားကြမယ်ဆိုယင် ဘုန်းကြီးတို့ သာသနာကြီး ရှေ့အဓွန့်ရှည်စွာ တည်မယ်မဟုတ်လားလို့၊ (မှန်ပါတယ်ဘုရား) တဆက်တဆက် လက်ဆင့်ကမ်း အနေမျိုးဖြင့် ဒီသာသနာတော်ကြီးကို ဆက်လက်ပြီးတော့ စောင့်ရှောက် ပေးသွားဘို့အတွက် ဒီတရား ဒေသနာတော်တွေကို ဘုရားပရိနိဗ္ဗာန် စံပြီးနောက် သာသနာနှစ်ပေါင်း ၂၅၀၀–ကျော်လာသည့်တိုင်အောင် ဒီကနေ့ နာရတုန်း မဟုတ်လားလို့၊ (မှန်ပါဘုရား)အဲဒါ စောင့်ရှောက်လာကြလို့ပေါ့-ဟုတ်လား၊ (မှန်ပါ) ဟိရိ, ဩတ္တပ္ပတရား နှစ်ပါးကို ဘယ်လိုဟောပြန်သလဲလို့ ဆိုတော့ သဗ္ဗညုမြတ်စွာဘုရားက ဒေဝဓမ္မတရား၊ ဒေဝ-လို့ ဆိုတာက ဘာတုံး။

"ဒေဝါတိ သမ္မုတိဒေဝါ ဥပပတ္တိဒေဝါ ဝိသုဒ္ဓိဒေဝါတိ တိဝိဓာ"[၁]။

နတ်သုံးမျိုး ဒေဝဘယ်နှစ်မျိုးရှိတုံး၊ (သုံးမျိုးပါဘုရား) သမုတိဒေဝဆိုတာက မင်း, အိမ်ရှေ့မင်း, မိဖုရား, မင်းညီ မင်းသားများကို သမုတိနတ်လို့ ဒီလိုခေါ်တယ်၊ အဲဒီသမုတိနတ်မှာ ဟိရိ, ဩတ္တပ္ပတရား နှစ်ပါးရှိတယ်၊ သမုတိနတ်များ လက်ကိုင်ထားရမဲ့ တရားနှစ်ပါးက အဲဒီ ဟိရိ, ဩတ္တပ္ပ တရားနှစ်ပါးတဲ့၊ အဲဒါကြောင့် ဟိရိ, ဩတ္တပ္ပတရားနှစ်ပါးသည် တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်များ လက်ကိုင်ထားရမယ့် တရား ဖြစ်သောကြောင့် ဒေဝဓမ္မ-နတ်တရား၊ ဘာတရားတုံး၊ (နတ်တရားပါဘုရား) ဘာနတ်တရားလဲဆိုတော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဒီတရား ရှိရမယ်၊ သမုတိနတ်ရဲ့ တရားဟာ ဘာတရားတုံး-ဟိရိ တရား, ဩတ္တပ္ပတရား၊ အဲဒီ တရားနှစ်ပါးရှိမှ ဖြစ်သောကြောင့် ဒေဝ-နတ်၊ ဓမ္မ-တရား၊ ဒေဝဓမ္မ-နတ်တရား၊ နတ်၏တရား။

တနည်း-နတ်ဖြစ်ခြင်း၏ အကြောင်းတရား–ဟုတ်လား၊ (မှန်ပါဘုရား) ဥပပတ္တိနတ်လို့ ဆိုတာက စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာနှစ်ဆယ်မှာရှိကြတဲ့ နတ်တွေ ဗြဟ္မာတွေကို ဥပပတ္တိနတ်လို့ခေါ်တယ်။ အဲဒီ ဥပပတ္တိနတ်တွေဟာ ဟိရိတရား, ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံကြလို့သာလျှင် နတ်တွေဖြစ်ကြတယ်၊ ဗြဟ္မာတွေဖြစ်ကြတယ်၊ ဟိရိလဲမရှိဘူး၊ ဩတ္တပ္ပလဲ မရှိဘူး၊ အရှက်လဲမရှိဘူး အကြောက်လဲမရှိဘူး၊ ဒုစရိုက်တွေကို ပြုချင်တိုင်းပြုနေမယ်ဆိုယင်

---

၁။ ဇာတ်အဋ္ဌကထာ၊ ပ၊ နှာ–၁၄၉။ ဂိရိမာနန္ဒသုတ္တန်–ဟောစဉ်၊ နှာ–၅ လည်းရှု။

နတ်ဖြစ်ပါမလားလို့၊ (မဖြစ်ပါဘူးဘုရား) ဒီတော့ နတ်ဖြစ်တဲ့တရား, ဗြဟ္မာဖြစ်တဲ့တရားဖြစ်ပါသောကြောင့် သူ့ကိုဒေဝဓမ္မတရားလို့ ဒီလိုခေါ်တယ်-နော်၊ (မှန်ပါဘုရား) ဒါ ဒေဝဓမ္မတရား။

ပြီးတော့ ဝိသုဒ္ဓိနတ်၊ ဝိသုဒ္ဓိနတ်ဆိုတာ ဘယ်သူတွေလဲဆိုတော့ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ၊ သူကဘာတုံး၊ (ဝိသုဒ္ဓိနတ်ပါဘုရား) ဘာပြုလို့ ဝိသုဒ္ဓိနတ်ဖြစ်သလဲဆိုတော့ ဝိသုဒ္ဓိနတ်အဖြစ်ကို ပြုပေးတတ်တဲ့တရား နှစ်ပါးက ဘယ်သူတုံး။

"ယေ ဓမ္မာ သမဏကရဏာစ ဗြာဟ္မဏကရဏာစ"။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ သမဏကရဏာစ၊ သမဏဖြစ်ကြောင်းလည်း ဟုတ်ကုန်၏။ ဝါ၊ ဘုရားဖြစ်ကြောင်း, ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း, ရဟန္တာဖြစ်ကြောင်းလည်း ဟုတ်ကုန်၏။ ဗြာဟ္မဏကရဏာစ၊ မကောင်းမှုကို အပပြုပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဖြစ်ကြောင်းလည်းဟုတ်ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ ဝတ္တိဿာမ၊ ကျင့်ကြကုန်အံ့–လို့။

ပဌမသုတ္တန်ရဲ့ နိဒါန်းမှာ မပါဘူးလား။ (ပါပါတယ်ဘုရား) သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်းတရား, ရဟန္တာဖြစ်ကြောင်းတရား, ပစ္စေကဗုဒ္ဓါဖြစ်ကြောင်းတရား, ဘုရားဖြစ်ကြောင်းတရားက ဘာတုံး–ဟိရီ ဩတ္တပ္ပတရားနှစ်ပါး–နော်၊ (မှန်ပါ) အဲဒါကြောင့် ဝိသုဒ္ဓိနတ်လို့ခေါ်တဲ့ ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း တရားဖြစ်တဲ့အတွက်လဲဘဲ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို ဘာလို့ခေါ်တုံး၊ (ဒေဝဓမ္မတရားလို့ခေါ်ပါတယ် ဘုရား) အဲဒီ ဒေဝဓမ္မတရားနှစ်ပါးနဲ့ ပတ်သက်ပြီးတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဘယ်မှာဟောတုံးလို့ဆိုတော့ ပါဠိဇာတ်ပါဠိတော်မှာ ဟောတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကြားဘူးနေကြတယ်မဟုတ်လား။

"ဟိရီ ဩတ္တပ္ပသမ္ပန္နာ၊ သုက္က ဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ"[၁]–တဲ့။

**ဒေဝဓမ္မဇာတ်ကို ဟောတော်မူခြင်းအကြောင်း** ဒီ ဒေဝဓမ္မတရားကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အကျယ်ချဲ့၍ ဟောကြားတော်မူ၏၊ ဘာကြောင့် ဟောရသလဲ–

---

၁။ ပါဠိတော်၏ အနက်သည် နောက်၌ ထင်ရှားလတ္တံ့။

သာဝတ္ထိပြည်မှာ ပစ္စည်းဥစ္စာ အင်မတန်ကြွယ်ဝချမ်းသာတဲ့ သူဌေးတယောက် ရှိတယ်၊ မိဘတွေလဲ ကွယ်လွန်သွားတယ်၊ ဇနီးသည်လဲ ကွယ်လွန်သွားတယ် လို့ဆိုတော့ သူ့တယောက်ထည်းကျန်ရစ်ခဲ့တယ်- ပစ္စည်းတွေနဲ့၊ ဒီတော့သူက ဘာလုပ်ခဲ့သလဲဆိုတော့ နောက်ထပ်အိမ်ထောင်ခြင်းအမှုကို မပြုမူ၍ ဆံမုတ်ဆိတ် ကိုပယ်ပြီးတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာကော် ဝင်ပြီးတော့ ရဟန်းပြုတယ်။

**ပစ္စည်းများသောရဟန်း** ဇနီး ကွယ်လွန်သွားတဲ့နောက် သူကဘာလုပ်သလဲ၊ (ရဟန်းပြုပါတယ်ဘုရား) ရဟန်းပြုပြီးတော့ သူ့မှာ ရှိတဲ့ပစ္စည်းတွေကို အကုန်လုံးသိမ်းထားပြီး ကျောင်းကောင်းကောင်း တလုံး ဆောက်တယ်၊ သူ့ပစ္စည်းနဲ့သူ၊ ကျောင်းတကာရယ်လို့မရှိဘူး၊ ပြီးတော့ ဂိုဒေါင်တလုံး ကျကျနနလုပ်တယ်၊ အဲဒီပစ္စည်းတွေကို ဒီဂိုဒေါင်ထဲသို့ထည့်- ဟုတ်လား၊ ကျောင်းကောင်းကောင်းတလုံးဆောက်၊ ကျောင်းပေါ်မှာ သူက နေ၊ လူ့ဘဝက အခစခံကျေးကျွန်တွေကို ခေါ်ပြီးတော့ အခိုင်းအစေတွေနဲ့ နေတယ်၊ နေ့ခင်း သင်္ကန်းတမျိုးဝတ်တယ်၊ ညကျတော့ သင်္ကန်းတမျိုးဝတ် တယ်၊ သူဌေးရဟန်းက-ဟုတ်လား၊ (မှန်ပါ) နေ့ခင်းကျတော့ (တမျိုးပါဘုရား) ညကျတော့သင်္ကန်းတမျိုးဝတ်တယ်၊ နေ့ခင်းကျတော့အိပ်ရာခင်းတမျိုး, ညကျ တော့အိပ်ရာခင်းတမျိုး-ဟုတ်လား၊ ပစ္စည်းတွေချမ်းသာတော့ လုပ်ချင်တိုင်း လုပ်လို့ရတာပေါ့၊ ပြီးတော့ ဘာလုပ်သလဲ-သူ့အစေခံတွေကို ခေါ်ပြီးတော့ စားချင်တာတွေကို ချက်ပြုတ်ခိုင်းပြီးတော့ အဲဒီလို စားသောက်သုံးဆောင်ပြီး နေတယ်။

တနေ့သောအခါကာလကျတော့ အခုလိုမိုးတွင်းနဲ့တူပါရဲ့၊ အဝတ်အစား တွေ့သင်္ကန်းပရိက္ခရာတွေကို နေထုတ်ပြီးလှန်းတယ်၊ ကျောင်းစဉ်ကိုလှည့်လည်လာ ကြတဲ့ ဧည့်သည်အာဂန္တုရဟန်းတော်တွေက ဒါဘယ်သူ့သင်္ကန်းလဲ-ငါ့သင်္ကန်း၊ ဒါ ဘယ်သူ့သင်းပိုင်လဲ- ငါ့သင်းပိုင်၊ ဒါ ဘယ်သူ့အခင်းလဲ-ငါ့အခင်း၊ ဒါ ဘယ်သူ့ဝတ်ရုံသင်္ကန်းလဲ- ငါ့ဝတ်ရုံသင်္ကန်းစသည်ဖြင့် ပြောလိုက်တော့ နည်းတဲ့ ပစ္စည်းတွေမဟုတ်ဘူး၊ ဒီတော့ ကျောင်းစဉ်လှည့်လည်လာကြတဲ့ ရဟန်းတွေက သူ့ဘာပြောသလဲလို့ဆိုတော့-

"အာဝုသော ဘဂဝတာ ကတိ စီဝရာနိ အနုညာတာနိ"[၁]။

---

၁။ ဇာတ်အဋ္ဌကထာ၊ ပ၊ နှာ-၁၄၃။

အာဝုသော၊ ငါ့ရှင်။ ဘဂဝတာ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ တိဏ္ဏံစီဝရာနိ၊ သင်္ကန်းသုံးထည်တို့ကို။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်၏။

**သင်္ကန်းသုံးထည်သာဘုရားခွင့်ပြု** ငါ့ရှင်....မြတ်စွာဘုရားက သာသနာ့ဘောင် ဝင်တဲ့ ရဟန်းတို့မည်သည်မှာ သင်္ကန်းသုံး ထည်ထက်ပိုမထားရဘူး– သုံးထည်သာထားရမယ်လို့ ဒီလိုခွင့်ပြုထားတယ်၊ ငါ့ရှင်မှာပစ္စည်းပရိက္ခရာ သင်္ကန်းတွေများလှချည့်လား၊ ပစ္စည်းများတဲ့ဘုန်းကြီး ဆိုယင် ဒါ သတိထားရအုံးမယ်မဟုတ်လား၊ ဒီပလ္လင်ပေါ်ကကိုယ်တော်ကော မပါဘူးလား၊ (ပါပါတယ်ဘုရား) နကိုထည်းက သုတ္တန်ရွေးဟောကတဲက ဘုန်းကြီးနဲ့တော်တဲ့ သုတ္တန်ရွေးဟောနေတာဟုတ်လား၊ ဘုန်းကြီးကရှေ့တုန်း ကတော့ ဒကာတွေနဲ့ ပတ်သက်တဲ့ သုတ္တန်တွေချည်း ဟောနေတာ၊ ဒီနှစ် တော့ဖြင့် ဘုန်းကြီးနဲ့ပတ်သက်တဲ့ သုတ္တန်ကို ရှာဟောအုံးမယ်လို့ ဆိုပြီး ဒီသုတ္တန်ကိုရှာဟောတာ၊ ကြားလား–(မှန်ပါဘုရား)

အဲဒီမှာ ဘယ့်နှယ်ဖြစ်နေသလဲဆိုတော့ ရဟန်းတော်တွေက ပြောတယ်၊ ငါ့ရှင်....သဗ္ဗညုရှင်တော်မြတ်ဘုရားက သင်္ကန်းသုံးထည်တည်းသာ ခွင့်ပြုပာယ်၊ ငါ့ရှင်မှာ သင်္ကန်းတွေများလှချည့်လား။

"တံ ဧဝံ အပိစ္ဆဿ ဗုဒ္ဓဿ သာသနေ ပဗ္ဗဇိတ္ဂာ ဧဝံ ဗဟုပရိက္ခာရော ဇာတော"၈။

တွံ၊ သင်သည်။ ဧဝံ၊ ဤသို့သောအခြင်းအရာအားဖြင့်။ အပိစ္ဆဿ၊ အလို နည်းသော။ ဝါ၊ ပစ္စည်းလာဘ်လာဘတွေအပေါ် အလိုဆန္ဒနည်းတဲ့သဘော ရှိသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနေ၊သာသနာတော်၌၊ ပဗ္ဗဇိတွာ၊ ဝင်ရောက်ရဟန်းပြု၍။ ဧဝံ ဗဟုပရိက္ခာရော၊ ဤသို့ များပြားလှစွာသော သင်္ကန်းပရိက္ခရာတွေရှိသည်။ ဇာတော၊ဖြစ်၏။

များလှချည့်လားတဲ့၊ အပ္ပိစ္ဆဂုဏ်နဲ့ပြည့်စုံတဲ့ မြတ်စွာဘုရား သာသနာ တော်ကို ဝင်ရောက်နေသည်ဖြစ်ပါလျက်သားနဲ့ သင့်မှာ ဒီ ပစ္စည်းဥစ္စာတွေ များလှချည့်လား–တဲ့။

"ဧဟိ တံ ဒသဗလဿ သန္တိကံ နေဿာမ"၂။

အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလော့။ တံ၊သင့်ကို။ ဒသဗလဿ၊မြတ် စွာဘုရား၏။ သန္တိကံ၊ အထံတော်သို့။ နေဿာမ။ ခေါ်ဆောင်သွားကြကုန် အံ့–တဲ့

မင်း လာလိုက်ခဲ့-ဘုရားထံကို၊ ပစ္စည်းတွေများတဲ့ အတွက်-ဟုတ်လား၊ အဲဒါနဲ့ဘဲ ဘုရားဆီအတင်းဆွဲခေါ်သွားတယ်၊သူကဘုရားဆီသိပ်မလိုက်ချင်ဘူး၊ အဲဒါနဲ့ ကန့်လန့်ကန့်လန့်နဲ့ ပါသွားရော၊ ခေါ်သွားတော့ သူကရှန်းကန် ရှန်းကန်လုပ်နေတာ မြတ်စွာဘုရားက မြင်တယ်၊ ဒီတော့ မြတ်စွာဘုရားက ဘယ့်နှယ်လုပ်မေးသလဲဆိုတော့-

"ကိံ နု ခေါ ဘိက္ခဝေ အနိစ္ဆမာနကံယေဝ ဘိက္ခုံ ဂဏှိတွာ အာဂတတ္ထာ"တိ၁။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ အနိစ္ဆမာနကံယေဝ၊ ငါ ဘုရားထံသို့ မလာလိုသော သဘောရှိသည်သာလျှင်ဖြစ်သော။ ဘိက္ခုံ၊ ရဟန်း ကို။ ဂဏှိတွာ၊ ခေါ်ဆောင်၍။ ကိံနု၊အဘယ့်ကြောင့်၊အာဂတတ္ထ၊အတင်း ဆွဲခေါ်လာကြကုန်သနည်း။

ငါ့ဆီမလာချင်တဲ့ ရဟန်းကို မင်းတို့ ဘာပြုလို့အတင်း ဆွဲခေါ်လာကြ ရသလဲကွယ်လို့ မြတ်စွာဘုရားက မေးတော့ ရဟန်းတော်များက လျှောက် တယ်။

"ဘန္တေ အယံ ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော"တိ၂။

ဘန္တေ၊ အရှင်ဘုရား။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ဗဟုဘဏ္ဍော၊ များ သောဥစ္စာ ဘဏ္ဍာတွေရှိပြီးကော့။ ဗဟုပရိက္ခာရော၊ များသောအသုံးအဆောင် တွေ စုဆောင်း၍ထားပါသည်ဘုရား။

**ဘုရားရှင်၏ဆုံးမချက်** အရှင်ဘုရား....မြတ်စွာဘုရားသာသနာတော်မှာ အပိစ္ဆ- အလိုနည်းရမယ်ဆိုတဲ့ ဂုဏ်ကျေးဇူးနဲ့ပြည့်စုံတဲ့ မြတ် စွာဘုရား သာသနာတော်မှာ ဝင်နေပြီးပေ့ော ၎င်းရဟန်းတော်သည် မြောက် မြားလှစွာသော စီးပွားဥစ္စာ ဘဏ္ဍာတွေ စုဆောင်းပြီးတော့ ထားပါတယ် ဘုရားလို့ မြတ်စွာဘုရားကို လျှောက်တယ်၊ ဒီတော့ ဘုန်းကြီးဆိုတာ ပစ္စည်း တွေ စုရမလား-မစုရဘူးလား၊ (မစုရပါဘူးဘုရား) ဘုန်းကြီးဆိုတာ ပစ္စည်း မရှိလေ ကောင်းလေဘဲ၊ အခုတော့ ဘယ့်နှယ်ဖြစ်နေသလဲ၊ (ရှိလေကောင်း လေပါဘုရား) ပြောင်းပြန်ကြီးတွေ ဖြစ်မနေဘူးလား၊(ဖြစ်နေပါတယ်ဘုရား) ဒီတော့ ပစ္စည်းတွေ များတယ်ဆိုတဲ့ ရဟန်းကို မြတ်စွာဘုရားက-

"သစ္စံ ကိရ တွံ ဘိက္ခု ဗဟုဘဏ္ဍော"တိ၃။

---

၁-၂-၃။ ဇာတကဋ္ဌကထာ၊ ပ၊ နှာ-၁၄၃။

မြတ်စွာဘုရားကမေးတယ်-ချစ်သား ....ဒီ ရဟန်းတွေ ပြောတဲ့အတိုင်း သင့်မှာ ပစ္စည်းဥစ္စာတွေ ပရိက္ခရာတွေ သိပ်များနေတယ်ဆိုတာ မှန်သလားတဲ့-မြတ်စွာဘုရားက မေးတယ်၊ သူကလဲ မလိမ်ဘူး၊ မှန်ပါတယ်ဘုရား၊ "သစ္စံ ဘဂဝါ-မှန်ပါတယ်ဘုရား"တဲ့၊ ဒီတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်က သူ့ကို ဘာတရားဟောသလဲဆိုတော့-

"ကသ္မာ ပန တွံ ဘိက္ခု ဗဟုဘဏ္ဍော ဇာတော။ နနု အဟံ အပ္ပိစ္ဆတာယ သန္တုဋ္ဌိတာယ ပဝိဝေကဿ ဝီရိယာရမ္ဘဿ ဝဏ္ဏံ ဝဒါမိ"တိ[၁]။

ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဗဟုဘဏ္ဍော၊ များသောဥစ္စာဘဏ္ဍာတွေရှိသည်။ ဗဟုပရိက္ခာရော၊ များသော အသုံးအဆောင်တွေရှိသည်။ ဇာတော၊ ဖြစ်ဘိသနည်း။ အဟံ၊ ငါဘုရား ကိုယ်တော်မြတ်သည်။ အပ္ပိစ္ဆတာယ၊ အလိုနည်းခြင်း၏။ သန္တုဋ္ဌိတာယ၊ ရသမျှ သော • ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးဖြင့် ရောင့်ရဲ တင်းတိမ်လွယ်ခြင်း၏။ ပဝိဝေကဿ၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကဟု ဆိုအပ်သော ဝိဝေကတရားသုံးပါး၏။ ဝီရိယာရမ္ဘဿ၊ မရသေးတဲ့ တရားထူးကို ရအောင်,မသိသေးတဲ့ အသိဉာဏ်ကိုသိအောင် ကြိုးစားအားထုတ်နေတဲ့ ဝီရိယာရမ္ဘတရား၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဝဒါမိ နနု၊ ငါဘုရားဟောခဲ့သည် မဟုတ်တုံလော။

ချစ်သားတို့....သင်တို့ကို ငါဘုရားကိုယ်တော်မြတ်က ရသမျှကျောင်းလေးနဲ့ တင်းတိမ်ပါလို့ ဟောထားတယ် မဟုတ်လားတဲ့- မြတ်စွာဘုရားက၊ အောင်ကြည်-(ဘုရား) ရသမျှနဲ့ တင်းတိမ်- ဟိုဟာတွေ ဒီဟာတွေ အကျယ် ချဲ့မနေနဲ့၊ ဒီသင်္ကန်းလေးရယင် ဒီသင်္ကန်းနဲ့ဘဲ ကိုယ်ကတင်းတိမ်ရမယ်၊ နောက် သူ့ထက်ကောင်းတဲ့ သင်္ကန်းရလာလဲဘဲ ဟို-သန္တောသဆိုတာ ငါတလောက အကျယ်ဟောထားတယ်-မဟုတ်လား၊ (မှန်ပါ) မေဃိယသုတ္တန်မှာ ငါအကျယ်ဟောထားတာရှိတယ်-ဒီသန္တောသ ၁၂-ပါးအကြောင်းကို။

သန္တုဋ္ဌဿ၊ ရသမျှ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၏။ အပိစ္ဆဿ၊ အလိုနည်းခြင်း၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးတွေကို။ ဝဒါမိ နနု၊ သင်ချစ်သားတို့အား ငါဘုရားဟောကြားခဲ့သည်မဟုတ်တုံလော။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ ဗဟုဘဏ္ဍော၊ များသောဥစ္စာဘဏ္ဍာတွေရှိသည်။ ဗဟုပရိက္ခာရော၊ များသောပရိက္ခရာတွေရှိသည်။ ဇာတော၊ ဖြစ်ဘိသနည်း။

---

၁။ ဇာတကဋ္ဌကထာ၊၁၊ နှာ-၁၄၃။

မြတ်စွာဘုရားက အဲဒါလောက်ကလေး, သူ့ကို တရားဟောလိုက်တယ်၊ ဒီတော့ပရိသတ်အလယ်မှာ သူက ဘာလုပ်သလဲဆိုတော့–

"သော သတ္ထုဝစနံ သုတွာ ကုပိတော"[၁]။

သောဘိက္ခု၊ ထိုရဟန်းသည်။ သတ္ထုဝစနံ၊ မြတ်စွာဘုရား ဟောကြားတဲ့ တရားစကားတော်ကို။ သုတွာ၊ ကြားနာရသောကြောင့်။ ကုပိတော၊အမျက် ထွက်သည်ဖြစ်၍–

ကိုယ်ရှိသက်န်းကိုဝတ်၍ တပည့်သားမြေးကို ဆုံးမတယ်ဆိုတာလဲ ဘုရားအားနှုတ်လှန်တိုးသောရဟန်း အောက်သားကွဲ၊ အခု သဗ္ဗညု မြတ်စွာ ဘုရားက သူ့တပည့် ပစ္စည်းပေါတဲ့ရဟန်း ကိုဆုံးမနေတာပေါ့၊ (ဆုံးမနေပါတယ်ဘုရား) သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံရမယ် လို့ ဆိုပြီး ဆုံးမနေတယ်မဟုတ်လား၊ (မှန်ပါ) အဲဒီဆုံးမစကားကလေးနှစ်လုံး သုံးလုံးပြောပါတာနဲ့ အဲဒီရဟန်းက ဘုရားကိုစိတ်ဆိုးသတဲ့၊ "သောဘိက္ခု၊ ထို ရဟန်းသည်။ ကုပိတော၊အမျက်ထွက်၍"။ အမျက်ထွက်ရှိတင်မကဘူး၊ သူဘာ လုပ်သလဲဆိုတော့–

"ကုမိနာ ဒါနိ နိဟာရေန စရိဿာမီတိ ပါရုပနံ ဆဍ္ဍေတွာ ပရိသ- မဇ္ဈေ ဧကစီဝရော အဋ္ဌာသိ"[၂]။

ဘုရားကိုသူက စိတ်ဆိုးရှိတင်မကဘူး၊ ဘယ်နှယ်ပြောသလဲ–

ဒါနိ၊ယခုအခါ၌။ကုမိနာ နိဟာရေန၊ ဤနည်းဤပုံစံမျိုးဖြင့်။ စရိဿာ မီတိ၊ ကျင့်ရတော့အံ့လောဟူ၍။ ပါရုပနံ၊ အပေါ်ရုံသက်န်းကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ပရိသမဇ္ဈေ၊ ဘိက္ခုပရိသတ်, ဘိက္ခုနီပရိသတ်, ဒါယကာ ဥပါသကာ ပရိသတ်, ဒါယိကာမ ဥပါသိကာမ ပရိသတ်တို့အလယ်၌။ ဧကစီဝရော၊ ခါး ဝတ်သင်းပိုင် တထည်တည်းဖြင့်။ အဋ္ဌာသိ၊ရပ်တည်၍ပြ၏။

ဘုရားရှင် အပိစ္ဆဂုဏ်တွေကို ဒါလောက်ဟောနေတော့ သူကစိတ်ဆိုးနေ တာကိုး-ဟုတ်လား၊ (မှန်ပါ) ဘာပြုလို့စိတ်ဆိုးလဲ၊ မြတ်စွာဘုရားက သူ့ကို တရားသဖြင့်ဆုံးမလို့ သူကစိတ်ဆိုးတာမဟုတ်လား၊ (မှန်ပါ) ဘုန်းကြီးတော့ အခု တော်တော်သံဝေဂရတယ်၊ ငါလိုဘုန်းကြီးက ဘာဟုတ်သေးလဲ၊သဗ္ဗညု မြတ်စွာဘုရားရှင်မှာကြီးကိုတောင်မှ သူ့တပည့်က ဘုရားကိုစိတ်ဆိုးပြီးတော့ ပြန်ပြောနေသေးတယ်-မဟုတ်လား၊ (မှန်ပါဘုရား) ပြန်ပြောရှိတင်လားကွဲ

---

၁-၂။ ဇာတကဋ္ဌကထာ၊ ပ၊ နှာ-၁၄၃။

(မဟုတ်ပါဘူးဘုရား)ဒီလိုသာ အရှင်ဘုရားက အပိဋ္ဌဂုဏ်တွေကို ဒါလောက် ဟောနေယင် ဒီအတိုင်းကျင့်ရတော့မှာလားဆိုပြီး တကတဲ ပရိသတ်လေးပါး အလယ်မှာ အပေါ်ရုံသက်န်းကြီးချွတ်ပြီးတော့ မတ်တတ်ရပ်ပြတယ်၊ မြတ်စွာ ဘုရားကလေ ဘယ်လောက်သည်းခံလဲလို့-ဟုတ်လား၊ (မှန်ပါ) ချော့လိုက်တာ ချစ်သား....သင်ဒီလိုမလုပ်နဲ့ ဆိုပြီးတော့ မြတ်စွာဘုရားက သူ့အကြောင်းလေးကို ပြောတယ်။

"နနု တွံ ဘိက္ခု ပုဗ္ဗေ ဟိရောတ္တပ္ပဂဝေသကော ဒကရက္ခသကာလေပိ ဟိရောတ္တပ္ပံ ဂဝေသမာနော ဒွါဒသသံဝစ္ဆရာနိ ဝိဟာသိ"[1]။

ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်သည်။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဟိရော တ္တပ္ပဂဝေသကော၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို ရှာမှီးသော။ ဒကရက္ခသ ကာလေပိ၊ ရေကန်စောင့် ဘီးလူးဖြစ်သော အခါကလည်း။ဟိရောတ္တပ္ပံ၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို။ ဂဝေသမာနော၊ ရှာမှီးလျက်။ ဒွါဒသသံပစ္ဆရာနိ၊ တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး။ ဝိဟာသိနနု၊ နေခဲ့ဘူးပြီမဟုတ်တုံလော။

ချစ်သား....သင်ဟာ ရှေးက တဆဲ့နှစ်နှစ်ကာလပတ်လုံး ဟိရီ,ဩတ္တပ္ပတရား နှစ်ပါးကို ရှာမှီးပြီးတော့ ရေကန်စောင့် ဘီလူးကြီး အဖြစ်နဲ့ နေခဲ့ဘူးတယ် မဟုတ်လားတဲ့-နော်။

"အထ ကသ္မာ ဣဒါနိ ဧဝံ ဂရုကေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ စတုပရိသမဇ္ဈေ ပါရုပနံ ဆဍ္ဍေတွာ ဟိရောတ္တပ္ပံ ပဟာယ ဌိတောသိ" တိ[2]။

အထ၊ ထိုသို့ဖြစ်ပါလျက်။ ဣဒါနိ၊ ယခုအခါ၌။ ဂရုကေ၊ အလေးအမြတ် ပြုအပ်သော။ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ပဗ္ဗဇိတွာ၊ရဟန်းပြု နေသည်ဖြစ်ပါလျက်။ စတုပရိသမဇ္ဈေ၊ ပရိသတ်လေးပါးအလယ်၌။ ပါရုပနံ၊ အပေါ်ရုံသက်န်းကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ဟိရောတ္တပ္ပံ၊ ဟိရီ, ဩတ္တပ္ပ တရား နှစ်ပါးကို။ ပဟာယ၊ ပယ်၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ဌိတော၊ ရပ်တည် နေသည်။ အသိ၊ ဖြစ်ပါသနည်း။

ဟိုအခါ တဆဲ့နှစ်နှစ်လုံးလုံး ရေကန်စောင့်ဘီလူးကြီးဖြစ်တုန်းက ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးကို ရှာမှီးပြီးတော့ သင်နေခဲ့ပြီးကာမှ အခု မြတ်စွာဘုရား သာသနာတော်ရောက်လို့ ရဟန်းဖြစ်နေကာမှ သင်ဘာပြုလို့ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးပယ်ပြီးတော့ ပရိသတ်လေးပါးတို့ရဲ့ အလယ်မှာ အပေါ်ရုံသက်န်း

---

၁-၂။ ဇာတက ဋ္ဌကထာ၊ ပါဠိ-၁၄၃။

စွန့်ပစ်ပြီးတော့ ဟိရီ, ဩတ္တပ္ပကင်းပြီး သင်နေဘိသနည်းလို့ မြတ်စွာဘုရားက ဒီလိုပြောတော့မှ သံဝေဂရပြီး ကဗျာကရာ သက်နှဲ့ကလေး ပြန်ကောက်ရုံတယ်၊ သူကတော့ အတော်သားကွဲ့-နော်၊ (မှန်ပါ) အဲဒါ မတော်ဘူးလား၊ (တော်ပါတယ်ဘုရား)

သက်နှဲ့ကလေး ပြန်ကောက်ရုံပြီးတော့မှ တပည့်တော်ရဲ့ ဖြစ်ကြောင်းကုန်စင် ပြန်လည်၍ဟောကြားတော်မူပါဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက-"အတီတံ အာဟရိ-ရှေးအတိတ်ဘဝက ဖြစ်ခဲ့တဲ့ အကြောင်းကိုဆောင်ပြတော်မူတယ်"၊ ရှေးက ဒီ ရဟန်းတော်ဟာ ဘယ်လိုဖြစ်ခဲ့သလဲလို့ ဆိုတော့-

"အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ... ဗောဓိသတ္တော ဓမ္မေန ... အဟောသိ"[၁]။

**ဒေဝဓမ္မဇာတ်ဝတ္ထု** ဒီလို အဋ္ဌကထာက ပြောတယ်၊ ရှေးက ဗြဟ္မဒတ်မင်းကြီး မင်းလုပ်တဲ့အခါမှာ ဘုန်းကြီးတို့ ဘုရားအလောင်းကြီးက အဲဒီ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးရဲ့ တောင်ညာစံ ဒေဝီ မဟေသီမိဖုရားခေါင်ကြီးရဲ့ ဝမ်းမှာ ပဋိသန္ဓေနေရတယ်၊ ကိုးလလွန်မြောက် ဆယ်လရောက်တဲ့အခါကျတော့ သားယောကျ်ားကလေး ဖွားလာတယ်၊ မဟိံသကကုမာရလို့ နာမည်မှည့်ထားတယ်၊ နောက်ဒုတိယမြောက် သားတော်ကလေး ဖွားပြန်တော့ စန္ဒကုမာရမင်းသားလို့ ဒီလိုမှည့်ထားတယ်။

အဲဒီသားနှစ်ယောက်လဲ ဖွားပြီးရော ဘုရားအလောင်းမယ်တော်က နတ်ရွာစံ ကံတော်ကုန်သွားတယ်၊ ဒီတော့ ဗာရာဏသီမင်းကြီးက နောက်မိဖုရားတယောက် မြှောက်ပြီးတော့ထားပြန်တော့ အဲဒီမိဖုရားက သားတယောက် နောက်တခါရတယ်၊ သူ့ကို ဘယ့်နှယ်နာမယ်မှည့်ထားသလဲ ဆိုတော့ "သူရိယကုမာရောတိဿနာမံ အကံသု-သူရိယကုမာရလို့နာမယ်မှည့်ထားတယ်"၊နောက် မိဖုရားရဲ့သား-နော်။ (မှန်ပါ)

အဲဒါနဲ့ တနေ့ကျတော့ ဒီသူရိယကုမာရ မင်းသားကလေး ဖွားတော့ ဖခမည်းတော်ကြီးက မြတ်နိုးတော်မူလိုက်တာ မိဖုရားကြီးကို ဘာပြောသလဲလို့ ဆိုတော့-

"ဘဒ္ဒေ ပုတ္တဿ တေ ဝရံ ဒမ္မီ"တိ[၂]။

ဘဒ္ဒေ၊ အို မိဖုရားကြီး။ တေ၊ သင်၏။ ပုတ္တဿ၊ သားအား။ ဝရံ၊ ဆုကို။ ဒမ္မိ၊ ငါပေးအံ့။

---

၁-၂။ ဇာတကဋ္ဌကထာ၊ ပ၊ နှာ-၁၄၃-၁၄၄၊ ဒေဝဓမ္မဇာတ်။

နောက်သားကလေးဖွားလာတော့ အဆောတလျင် ဝမ်းမြောက်ဝမ်းသာနဲ့ ရှင်ဘုရင်ကြီးက သားကလေးအတွက် မင်းကိုငါဆုပေးပါ့မယ်၊ လိုချင်တဲ့ ဆုတောင်းပါလို့ ဒီလိုပြောထားတာရှိတယ်၊ မိဖုရားက လိုတဲ့အခါ တောင်းပါ့မယ်ဘုရားလို့ဆိုပြီး ဒီလိုဘဲနေခဲ့တယ်၊ နောက် အဲဒီ သူရိယကုမာရ မင်းသားကလေး အရွယ်ရောက်လာတဲ့အခါကျတော့မှ မိဖုရားက ရှင်ဘုရင်ထံ ဆုတောင်းပြီး ဟိုတုန်းကပေးမယ်ဆိုတဲ့ဆု ဘယ်နှယ်တောင်းသလဲ ဆိုတော့-

"ဒေဝေန မယှံ ပုတ္တဿ ဇာတကာလေ ဝရော ဒိန္နော၊ ပုတ္တဿ မေ ရဇ္ဇံ ဒေဟိ" တိ[၁]။

ဒေဝေန၊ သမုတိနတ် အရှင်မင်းမြတ်ကြီးသည်။ မယှံ၊ အကျွန်ုပ်၏။ ပုတ္တဿ၊ သားအား။ ဇာတကာလေ၊ ဖွားစ အခါကာလက။ ဝရော၊ ဆုကို။ ဒိန္နော၊ ပေးအပ်ပါပြီ။ ဒါနိ၊ ယခုအခါ၌။ မေ၊ အကျွန်ုပ်၏။ ပုတ္တဿ၊ သူရိယကုမာရမင်းသားလို့ ခေါ်တဲ့သားငယ်ကလေးအား။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ဒေဟိ၊ ပေးပါလော့။

ဘာပေးရမတဲ့လဲ၊ (ပြည်စည်းစိမ်ပါဘုရား) ပေးနိုင်ပါ့မလားကွဲ့- ဟင်၊ ဒီတော့ ရှင်ဘုရင်က ဘာပြန်ပြောသလဲဆိုတော့-

"မယှံ ဒွေ ပုတ္တာ အဂ္ဂိက္ခန္ဓာဝိယ ဇလမာနာ ဝိစရန္တိ"[၂]။

ဘဒ္ဒေ၊ အို မိဖုရားကြီး။ မယှံ၊ ငါ့အား။ ဒွေ ပုတ္တာ၊ ပဌမသားတော်ကြီး နှစ်ယောက်တို့သည်။ အဂ္ဂိက္ခန္ဓာဝိယ၊ မီးပုံကြီးနှစ်ပုံကဲ့သို့။ ဇလမာနာ၊ အလျှံတပြောင်ပြောင် တောက်လောင်လျက်။ ဝိစရန္တိ၊ လှည့်လည်သွားလာနေကြကုန်၏။

"န သက္ကာ တဝ ပုတ္တဿ ရဇ္ဇံ ဒါတုံ"[၃]။

တဝ ပုတ္တဿ၊ သင့်သားငယ်အား။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ဒါတုံ၊ ပေးခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်၊

ဘယ်နှယ်ပြောသလဲ-မိဖုရား....ဒီလိုမပြောနဲ့၊ နောင်တော်ကြီးနှစ်ယောက်က မီးပုံကြီးနှစ်ပုံကဲ့သို့ ငါ့မှာသားတော်ကြီးနှစ်ယောက် ရှိနေသေးတယ်၊ အဲဒါကြောင့် သင့်သားကို ပြည်စည်းစိမ်ကိုတော့ ငါပေးလို့မဖြစ်ဘူး၊ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) ဒီတော့ မိဖုရားက မရ မကတောင်းတယ်၊ အကြိမ်ကြိမ်အခါခါ ထပ်တောင်းတယ်၊ အစတုန်းကတော့ ဘာပြုလို့ ပေးမယ်ပြောသလဲ၊မပေးနိုင်ယင် အစတုန်းက ကတည်းက မပြောဘဲနေပါလား-လို ရန်တွေ ဘာတွေ တွေ့ချင်တွေ့မှာဘဲ-ဟုတ်လား၊ စာထဲမှာတော့မပါဘူး၊ဒါပေမဲ့

၁-၂-၃။ ဇာတကဋ္ဌကထာ၊ ပ၊ နှာ-၁၄၄။

တွေ့မှာပါဘဲ-ဟုတ်လား၊ (မှန်ပါ) ဒီ မိဖုရားက စကားကလဲတတ်ပုံပေါ်တယ်၊ အဲဒီလို အကြိမ်ကြိမ်အခါခါတောင်းပေမဲ့ ရှင်ဘုရင်ကလဲ မပေးနိုင်ဘူးလို့ ဖြစ်နေတယ်။

နောက်တော့ ရှင်ဘုရင်ကြီးက စဉ်းစားတယ်။

"အယံ မယှံ ပုတ္တာနံ ပါပကမ္မိ စိန္တေယျ"¹။

အယံ၊ ဤမိဖုရားကြီးသည်။ မယှံ၊ ငါ၏။ ပုတ္တာနံ၊ သားကြီးသားငယ် မင်းနှစ်သွယ်တို့အား။ ပါပကံ၊ မကောင်းမှုကို။ စိန္တေယျ၊ ကြံစည်ရာ၏။

ငါက သူ့သားသူရိယကုမာရမင်းသားကို မပေးယင်တော့ ဒီမိဖုရားသည် ဒီသားတော်လေး နှစ်ပါးအပေါ်မှာ မကောင်းကြံတော့မှာဘဲတဲ့၊ တနေ့နေ့ မကောင်းကြံလိမ့်မယ်တဲ့- ဟုတ်လား၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဇာတ်တော်နိပါတ်တော်တွေမှာ အဲဒီလို မိဖုရားတွေ မကောင်းကြံကြံနေတာ မတွေ့ဘူးဘူးလား၊ (တွေ့ဘူးပါတယ်ဘုရား) ဇာတ်တော်တွေ ဘာတွေ တော်တော်ဖတ်ဘူးကြပါလိမ့်မယ်၊ မိဖုရားမကောင်းကြံတာနဲ့ ရှင်ဘုရင်က မကောင်းကြံတာ သယ်သူကများသလဲ။ (မိဖုရားကများပါတယ်ဘုရား)

ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံစည်၍။ ရှင်ဘုရင်ကြီးက အဲဒီလိုကြံစည်ပြီးတော့-သားနှစ်ယောက်တို့ကို ခေါ်ပြီးတော့-

"တာတာ အဟံ သူရိယကုမာရဿ ဇာတကာလေ ဝရံ အဒါသိံ၊

ဣဒါနိဿ မာတာ ရဇ္ဇံ ယာစတိ"¹။

တာတာ၊ သားတော်တို့။ အဟံ၊ ငါသည်။ သူရိယကုမာရဿ၊ သူရိယကုမာရမင်းသား၏။ ဇာတကာလေ၊ ဖွားစကာလတုန်းက။ ဝရံ၊ ဆုကို။ အဒါသိံ၊ ပေးခဲ့ဘူးပြီ။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ သူရိယကုမာရမင်းသား၏။ မာတာ၊ မိခင်သည်။ ရဇ္ဇံ၊ မင်းစည်းစိမ်ကို။ ယာစတိ၊ တောင်း၍နေ၏။

သူရိယကုမာရမင်းသား ဖွားစတုန်းက ငါဆုပေးခဲ့ဘူးတယ်၊ အဲဒီဆုပေးခဲ့ဘူးတဲ့ စကားအရ ယခုအခါမှာတော့ သူ့အမေက သူ့သားကို ထီးနန်းလွှဲအပ်ပါတော့လို့ ငါ့ကိုတောင်းနေပြီ။

ရှင်ဘုရင်ကသားတော်နှစ်ပါးကို တောထဲသို့စေလွှတ်ခြင်း

မာတုဂါမော နာမ ပါပေါ-အမျိုးသမီး ဆိုတာ မကောင်းတဲ့အကြံကို ကြံတတ်တဲ့ သဘော ရှိတယ်၊ တုမှာကံ ပါပကမ္မိ

---

၁-၂။ ဇာတကဋ္ဌကထာ၊၁၊နှာ-၁၄၄။

စိန္တေယျ၊ တုမှာကမ္ဘိ၊ သင်သားကြီး သားငယ် မင်းနှစ်သွယ်တို့အပေါ်၌လည်း။ ပါပကံ၊ မကောင်းမှုကို။ စိန္တေယျ၊ ကြံချင် ကြံလိမ့်မယ်၊ ဒါကြောင့်–

"တုမှေ အရညံ ပဝိသိတွာ မမ အစ္စယေန ကုလသန္တကေ နဂရေ ရဇ္ဇံ ကရေယျာထ"၁။

တုမှေ၊ သင်သားနှစ်ယောက်တို့သည်။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်သွားကြကုန်၍။ မမစ္စယေန၊ ငါနတ်ရွာစံကံတော်ကုန်သဖြင့်။ကုလသန္တကေ၊ အဖ၏ဥစ္စာနှစ်ဖြစ်သော။ နဂရေ၊ မြို့၌။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကရေယျာထ၊ သင်တို့ပြုကြကုန်လော့။

သားတွေတောထဲသွားပါတော့ဆိုပြီး ဖခင်ဘုရင်ကြီးက မျက်ရေစက်လက်နဲ့ သားတွေကို "သီသေ စုမ္ဗိတွာ–ဥကွောင်းကိုနမ်းစုတ်ပြီးတော့" မခွဲချင်ခွဲချင်နဲ့ တောထဲလွှတ်လိုက်ရတယ်။

"တေ ပိတရံ ဝန္ဒိတွာ ပါသာဒါ ဩတရန္တေ ရာဇင်္ဂဏေ ကီဠမာနေ သူရိယကုမာရော ဒိသွာ"၂–

**မင်းသားသုံးယောက်လုံး တောထဲသို့သွားခြင်း** မဟိံသက မင်းသားနဲ့ စန္ဒကုမာရ မင်းသားနှစ်ယောက်ကလဲ ဖခင်ဘုရင်ကြီးကိုရှိခိုးပြီး နန်းတော်ပေါ်က ငိုပြီးဆင်းလာတဲ့အခါကျတော့ သူရိယကုမာရမင်းသားကလေးက မြင်တယ်၊ သူရိယကုမာရမင်းသားကလေးက ဘယ်မှာလဲဆိုတော့ နန်းယင်ပြင်မှာ ကစားပြီးတော့ နေတယ်၊ဒီတော့ အကိုကြီးတို့ ဘယ်လဲ–ဖခမည်းတော်က တောထဲသွားနေရမယ်ဆိုလို့ ငါတို့တောထဲသွားမလို့ ဆိုတော့ သူရိယကုမာရမင်းသားကလေး ဘယ့်နှယ်ပြောလဲ။

"အဟမ္ပိ ဘာတိကေဟိ သဒ္ဓိံ ဂမိဿာမီတိ တေဟိ သဒ္ဓိံယေဝ နိက္ခမိ"၃။

အဟမ္ပိ၊ ငါသည်လည်း။ ဘာတိကေဟိ၊ နောင်တော်ကြီးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဂမိဿာမိ၊ လိုက်သွားပေတော့အံ့။ ဣတိ၊ ဤသို့ပြောဆိုပြီးတော့။ တေဟိ၊ ထိုနောင်တော်ကြီးတို့နှင့်။ သဒ္ဓိံယေဝ၊ အတူတကွသာလျှင်။ နိက္ခမိ၊ နန်းတော်ကထွက်လေ၏။

ဘယ်သူပါသွားသလဲ – သူရိယကုမာရ မင်းသားပါ ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)နှင့်တူနိုးကဘယ်သူ့သာနှင်တုံး၊ (သားကြီးနှစ်ယောက်ကိုပါဘုရား) မဟိံသကမင်းသားနဲ့ စန္ဒကုမာရမင်းသား ဒီနှစ်ပါးကိုသာနှင်

၁–၂–၃။ ဇာတကဋ္ဌကထာ၊ပ၊နှာ–၁၄၄။

လိုက်ပြီး အခုတော့–ဟာ ငါ့နောင်တော်ကြီးတွေမှ မရှိယင် ငါလဲမနေဘူးသို ပြီး သူပါလိုက်သွားတယ်၊ သူရိယကုမာရမင်းသားကလေးက အလိမ္မာ၊ သူရိယ ကုမာရမင်းသားကလေးက ဘာတုံး၊ (အလိမ္မာပါဘုရား) ဘယ်သူကခက်နေတုံး (မိဖုရားကြီးကပါဘုရား) အေး–အဲဒါနဲ့ လိုက်သွားရော၊ဟော ဟိမဝန္တာတော ကြီးထဲ ရောက်တဲ့အခါကျတော့ သစ်ပင်ရင်းမှာ ညီအကိုသုံးယောက်ထိုင်ပြီးတော့ ခရီးကလဲပန်း ရေကလဲငတ်လို့ပေါ့လေ၊ ဟို ခပ်လှမ်းလှမ်းမှာ ရေကန်ကြီးတခု တော့ မြင်တယ်၊ မြင်တော့ မဟိံသကမင်းသားကလေးက သူရိယကုမာရ မင်းသားကလေးကို ပြောတယ်–

"တာတ သူရိယကုမာရ ဧတံ သရံ ဂန္တွာ နှတွာ စ ပိဝိတွာ စ ပဒုမိနိပဏ္ဏေဟိ အမှာကမ္ပိ ပါနီယံ အာနေဟိ"[၁]။

တာတ သူရိယကုမာရ၊ ညီတွေ့သူရိယကုမာရမင်းသား။ ဧတံသရံ၊ ထိုရေ အိုင်သို့။ ဂန္တွာ၊ သွား၍။ နှတွာစ၊ ရေလည်းချိုး၍။ ပိဝိတွာစ၊ ရေကိုလည်း သောက်၍။ ပဒုမိနိပဏ္ဏေဟိ၊ ပဒုမ္မာကြာရွက်တို့ဖြင့်။ အမှာကမ္ပိ၊ ငါတို့အတွက် လည်း။ ပါနီယံ၊ သောက်ရေကို။ အာနေဟိ၊ ဆောင်ယူခဲ့ပါလော့။

**သူရိယကုမာရမင်းသားအား ဘီလူးဖမ်းခြင်း**

အဲဒီလိုဆိုပြီး သူရိယကုမာရ မင်းသားလေးကို လွှတ်လိုက်တယ်။ ဒီတော့ သူရိယကုမာရ မင်း သားက သွားတယ်၊ သွားလို့ ရေကန်ရောက် တော့ ရေကန်ထဲဆင်းပြီးတော့ ရေချိုးတယ်၊ ရေတွေသောက်၊ ကြာရွက်ထဲ ရေတွေထည့်–

ဒီရေကန်ကဘယ်လိုရေကန်လဲဆိုတော့ ဘီလူးစောင့်နေတဲ့ရေကန်၊ဒကရက္ခသ၊ ဒက–ဆိုတာက ရေ၊ရက္ခ–ဆိုတာက ဘီလူး၊သ–ဆိုတာကသိမ်းဆည်းတာ၊ ပိုင် ဆိုင်တာ၊ ဒီရေကန်က ဘီလူးသိမ်းဆည်းထားတဲ့ ရေကန်၊ အဲဒီဘီလူးက ဝေဿဝဏ်နတ်မင်းကြီးထံမှ ဘာကိုအမိန့်ရထားသလဲဆိုတော့–

"ဌပေတွာ ဒေဝဓမ္မဇာနနကေ ယေ အညေ ဣမံ သရံ ဩတရန္တိ၊ တေ ခါဒိတုံ လဘသိ၊ အနောတိဏ္ဏေ န လဘသိ"[၂]။

(ဝေဿဝဏ်နတ်မင်းကြီးထံက အမိန့်က)

တွံ၊ သင်ဘီလူးသည်။ ဒေဝဓမ္မဇာနနကေ၊ ဒေဝဓမ္မတရားနှစ်ပါးကို သိကုန် သောသူတို့ကို။ ဌပေတွာ၊ လွှတ်၍။ အညေ၊ ဒေဝဓမ္မတရားနှစ်ပါးကိုမသိကုန် သော။ ယေ၊ အကြင်သူတို့သည်။ ဣမံသရံ၊ ဤရေကန်သို့။ဩတရန္တိ၊ သက်ဆင်း

---

၁–၂။ ဇာတကဋ္ဌကထာ၊ပ၊ နှာ–၁၄၄။

ကြကုန်၏။တော၊ ထိုဒေဝဓမ္မတရားကို မသိဘဲနဲ့ သက်ဆင်းကုန်သောပုဂ္ဂိုလ်တို့ကို။ တွံ၊သင်သည်။ ခါဒိတုံ၊ စားခြင်းငှာ။ လဘာသိ၊ ရ၏။ အနေဝဟိဏ္ဏော၊ ရေအိုင်သို့မဆင်းတဲ့ပုဂ္ဂိုလ်ဆိုယင်။ န လဘာသိ၊စားခွင့်မရ။

ဒီလို ဟိုကအမိန့်ပေးတယ်၊ ဒေဝဓမ္မတရားကို သိသိပသိသိ မင့်ရေကန်ထဲကို မဆင်းခဲ့လို့ရှိယင် မင်းဒီလူကိုစားခွင့်မရဘူး၊ ရေကန်ထဲကိုဆင်းတဲ့လူဆိုယင် ဒေဝဓမ္မတရားနှစ်ပါးကို မင်းမေးလို့မရယင် အဲဒီလူကိုမင်းစားတော့၊ဝေဿဝဏ် နတ်မင်းကြီးထံက သူ ဒီလို အမိန့်ရထားတယ်၊ ဒီတော့သူရိယကုမာရမင်းသား ကလေးက ရေကန်ထဲအခုနကဆင်းတယ်၊ဆင်းပြီးတော့ ကြာဖူးတွေနဲ့ ရေတွေ သောက် ရေတွေချိုးပြီးတော့ ရေကန်ထဲက ပြန်တက်မလို့လုပ်တုန်း ဘီလူးက ပေါ်လာပြီးတော့-

"ဒေဝဓမ္မေ ဇာနာသိ"တိ ပုစ္ဆိ[၁]။

ကုမာရ၊ မင်းသား။ တွံ၊ သင်သည်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားနှစ်ပါးတို့ကို။ဇာနာသိ၊ သိ၏လော။

ဒေဝဓမ္မတရားနှစ်ပါးကို သင်သိရဲ့လားတဲ့၊ အာမဇာနာမိ၊ အကျွန်ုပ်သိပါ၏၊သိပါတယ်တဲ့၊သိယင် ဒေဝဓမ္မတရားနှစ်ပါးကို ပြောပါလို့ဆိုတော့-

"ဒေဝဓမ္မာ နာမ စန္ဒိမသူရိယာ"တိ[၂]။

ဒေဝဓမ္မလို့ဆိုတာ နေနဲ့လကို ခေါ်တာလို့ ဒီလိုပြောတယ်၊ ဟုတ်လား သူပြောတာ၊ (မဟုတ်ပါဘူးဘုရား)ဒီတော့ ဘီလူးကဘာပြောသလဲဆိုတော့-

"တွံ ဒေဝဓမ္မေ န ဇာနာသိ"[၃]။

တွံ၊ သင်သည်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားတို့ကို။ န ဇာနာသိ၊ မသိလို့ ဆိုပြီးတော့ သူ့ကို ဖမ်းထားတယ်၊ မသွားရဘူး။

**စန္ဒကုမာရမင်းသားအား ဘီလူးဖမ်းခြင်း** ဟိုက မဟိံသက မင်းသားနဲ့ စန္ဒကုမာရ မင်းသား **တို့က စောင့်နေလိုက်တာ ငါ့ညီလေး လာသဲလာသဲ နဲ့၊ မလာနိုင်တော့ စန္ဒကုမာရမင်းသားကို** လွှတ်လိုက်ပြန်တယ်-မဟိံသက ကုမာရမင်းသားက၊ ကဲ-သွားချေအုံးမင်း၊ သွားချေအုံးဆိုတော့ သွားပြီးရေတွေချိုး ရေတွေသောက်၊ ဘီလူးက လာပြန်တယ်၊ "တွံ ဒေဝဓမ္မေ ဇာနာသိ-သင် ဒေဝဓမ္မတရားကို သိရဲ့လား"။ "အာမ ဇာနာမိ-အကျွန်ုပ်သိ၏"။ ပြောစမ်းပါ၊ ဘာလဲလို့ဆိုတော့-

၁-၂-၃။ ဇာတကဋ္ဌကထာ၊ပ၊နှာ-၁၄၄။

"ဒေဝဓမ္မာ နာမ စတသော ဒိသာ"၁။

ဒေဝဓမ္မာ နာမ၊ ဒေဝဓမ္မမည်သည်ကား။ စဘသောဒိသာ၊ အရပ် လေးမျက်နှာကိုခေါ်ပါ၏၊ ဟုတ်လား အဲဒါလဲ၊ (မဟုတ်ပါဘူးဘုရား) ဒီတရားတော်တွေသာ မရှိယင် ဒေဝဓမ္မတရား နှစ်ပါးဟာ ဘာလဲမေးယင် မင်းတို့ကောဘာပြောမလဲ၊ ပြောချင်တာတွေ ပြောမှာဘဲ၊ အမိန့်အဖသည် ဒေဝဓမ္မတရားနှစ်ပါးလို့လဲ ပြောချင်ပြောမှာဘဲ-ဟုတ်လား၊ နှစ်ခုကိုတော့ ပြောမှာပေါ့လေ၊ အခု နေနဲ့လကိုပြောတယ်၊ ပြီးတော့ အရပ်လေးမျက်နှာတဲ့-ဟုတ်လား၊ အရပ်လေးမျက်နှာသည် ဒေဝဓမ္မတရားလို့ဆိုတော့-"တွံ ဒေဝဓမ္မေ န ဇာနာသိ-သင်ဟာ ဒေဝဓမ္မတရား နှစ်ပါးကို မသိဘူး"၊ ကျွန်ုပ်သည် ဒေဝဓမ္မတရားကို မသိတဲ့ပုဂ္ဂိုလ်များ ဒီရေအိုင်ထဲဆင်းယင် ကျွန်ုပ်စားပစ်ရမယ်ဆိုပြီး သူ့ကိုလဲ ဖမ်းထားတယ်။

ဒီတော့ မဟိံသကမင်းသား ဘုရားအလောင်းတော်က ဘယ့်နှယ်လဲ-ငါ့ညီနှစ်ယောက်လာခဲ လာခဲ့နဲ့-"ဧကေန အန္တရာယေန ဘဝိတဗ္ဗံ-အန္တရာယ်တခုခုတော့ ဖြစ်နေပြီထင်တယ်"ဆိုပြီးတော့ သူကိုယ်တိုင် လိုက်သွားတယ်၊ လိုက်သွားပြီ မဟုတ်လား၊ (မှန်ပါဘုရား) ဘုရားအလောင်းတော်များ ကတော့ဖြင့် သူတို့က ပညာပါရမီတွေ ရင့်ကျက်လာတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ ရေကန်ရဲ့ အနေအထားကို ကြည့်လိုက်ကတည်းက မတွေ့ရ မမြင်ရသေးခင် ဒီရေကန်ဟာ ဘီလူးစောင့်တဲ့ ရေကန်နဲ့တူရဲ့-သူ့စိတ်ထဲမှာ၊ ရုတ်ပရက်သူက ရေကန်ထဲကို မဆင်းဘူး၊ ဆင်းသလား၊ (မဆင်းပါဘူးဘုရား) အဲဒါ ရုတ်တရက် ရေကန်ထဲ မဆင်းတော့ ဘီလူးက လဲ ဆင်းစေချင်လှပြီ မဟုတ်လား။ (မှန်ပါဘုရား)

ဘုရားလောင်းကလဲ ဟိုကြည့်ဒီကြည့်နဲ့ စဉ်းစားတယ်၊ ဒီရေကန်ထဲကို ငါ့ညီတွေဆင်းတဲ့ခြေရာဘဲတွေ့ရတယ်၊ တက်လာတဲ့ ခြေရာတွေကို မမြင်တော့ သူမဆင်းတော့ဘူး။

ဒီတော့ ဘီလူးကမနေနိုင်တော့ဘူး၊ ဘာလုပ်ရသလဲ-ခရီးသွားတဲ့ယောကျ်ားယာန်ဆောင်လာပြီးတော့ ဘီလူးကဘာလာပြောသလဲ-

"ဘော ပုရိသ တွံ မဂ္ဂကိလန္တော"၂။

ဘောပုရိသ၊ အိုအမျိုးကောင်းသား မင်းယောကျ်ား။ တွံ၊ သင်သည်။ မဂ္ဂကိလန္တော၊ ခရီးပန်းလာတဲ့လူနဲ့တူ၏။

မိတ်ဆွေ....သင် ခရီးပန်းလာတယ် မဟုတ်လား။

---

၁-၂။ ဇာတကဋ္ဌကထာ၊ ပ၊နှာ-၁၄၄-၁၄၅။

"ကသ္မာ ဣမံ သရံ ဩတရိတွာ နှတွာ ပိဝိတွာ ဘိသမုဠာလံ ခါဒိတွာ ပုပ္ဖာနိ ပိဠန္ဓိတွာ ယထာသုခံ န ဂစ္ဆသီတိ"[၁]။

ကသ္မာ၊ အဘယ့်ကြောင့်။ ဣမံ သရံ၊ ဤရေအိုင်တွင်းသို့။ ဩတရိတွာ၊ သက်ဆင်း၍။ နှတွာ၊ ရေချိုး၍။ ပိဝိတွာ၊ သောက်၍။ ဘိသမုဠာလံ၊ ကြာရိုး ကြာစွယ်ကို။ ခါဒိတွာ၊ စား၍။ ပုပ္ဖါနိ၊ ပဒုမ္မာကြာပန်းတို့ကို။ ပိဠန္ဓိတွာ၊ ပန်ဆင်၍။ ယထာသုခံ၊ ချမ်းချမ်းသာသာ။ နဂစ္ဆသိ၊ မသွားဘဲရပ်တည်၍ နေပါသနည်း။

**ဒေဝဓမ္မတရားကို ဖြေဆိုနိုင်သည့် မင်းသား**

သင်ခရီးပန်းလာတယ်မဟုတ်လား၊ ရေလေး ဘာလေး ရေကန်ထဲဆင်းသောက်ပါအုံးလား၊ ကြာရိုး ကြာစွယ်လေးများ ဆင်းပြီးတော့စားပါအုံးလား၊ ပန်းကလေးများဆင်းပြီးတော့ ခူးပါအုံးလားနဲ့- ဘီလူးကလာပြီးပြောတော့ ဘုရားအလောင်းကသိတယ်၊ သူ့ပုံစံမြင်တာနဲ့ ဒါဟာဘီလူးဆိုတာသိတယ်။ ဘီလူးဆိုတာ ဘယ်လိုဘဲ လူယောင်ဖန်ဆင်းထားထား ဘီလူးတော့သိတာဘဲ မဟုတ်လားလို့၊ ဘီလူးကိုသိကြောင်း မှတ်ကြောင်းဖြစ်တဲ့ လက္ခဏာတွေကို ဟိုဇာတ်တော်မှာဟောထားတာရှိတယ်မဟုတ်လား၊ အဲဒီလိုဘီလူးကပြောတော့-

"ဧသော ယက္ခော ဘဝိဿတိ" တိ-ဒီလူသည်ဘီလူးနဲ့ တူ၏လို့ သိပြီးတော့- "တယာ မေ ဘာတိကာ ဂဟိတာ" တိ-တယာ သင်သည်။မေ၊ငါ၏။ဘာတိကာ ညီငယ်နှစ်ယောက်တို့ကို။ ဂဟိတာ၊ ဖမ်းယူ၍ထားသည်မဟုတ်လားလို့ ဘုရားလောင်းက ဒီလိုမေးတယ်။

"အာမ ဂဟိတာတိ-ဟုတ်တယ် အကျွန်ုပ် ဖမ်းထားတယ်"၊ "ကိံ ကာရဏာ-ဘာပြုလို့ ဖမ်းထားသလဲ၊ ကျွန်ုပ်က ဒီရေအိုင်ထဲဆင်းတဲ့လူကို စားခွင့်ရှိတယ်၊ ဒါကြောင့် သူတို့ကိုဖမ်းတယ်၊ ဆင်းတဲ့လူတိုင်းကို သင်စားခွင့်ရှိသလားတဲ့-ဘုရားလောင်းက ဆက်မေးတယ်၊ မဟုတ်ဘူးတဲ့ ဒေဝဓမ္မတရားနှစ်ပါးကို မသိတဲ့လူကိုသာ ဒီရေအိုင်ထဲ ဆင်းယင် ကျွန်ုပ်ကစားခွင့်ရှိတာတဲ့။

"အတ္ထိ ပန တေ ဒေဝဓမ္မေဟိ အတ္ထော"[၂]။

ဒါဖြင့်ယင် ဒေဝဓမ္မတရားနှစ်ပါးကို သင် သိချင်သလား၊ သိချင်ပါတယ်၊ ဘယ်လောက်ကြာပလဲ ရှာနေတာ၊ တအဲ့နှစ်နှစ်ရှိပြီ၊ ကိုင်း-ဒီလိုဆိုယင် ငါ သင့်ကို ဒေဝဓမ္မတရားနှစ်ပါးကို ဟောမယ်၊ သင် ဒေဝဓမ္မတရားနှစ်ပါးကို နားထောင်ပေတော့။

---

၁-၂။ ဇာတကဋ္ဌကထာ။ ပ၊ နှာ-၁၄၅။

"အဟံ တေ ဒေဝဓမ္မေ ကထေဿာမိ"၁။

အဟံ၊ ငါသည်။ တေ၊ သင်အား။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားနှစ်ပါးတို့ကို။ ကထေဿာမိ၊ ဟောပေအံ့-လို့ ဆိုပြီးတော့ ဘာဟောလဲ-

"ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ"၂။

အဲဒီဂါထာကို ဘုရားအလောင်းက ဟောတယ်။

လောကေ၊ လောက၌။ ဟိရိ ဩတ္တပ္ပသမ္ပန္နာ၊ ဟိရိတရား, ဩတ္တပ္ပတရားနှစ်ပါးနှင့် ပြည့်စုံကြကုန်သော။ သုက္ကဓမ္မသမာဟိတာ၊ ဖြူစင်သောကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ၌ ကောင်းစွာတည်ကြည် ကုန်သော။ သန္တော၊ လောဘ ဒေါသ မောဟဆိုတဲ့ အသံတွေ မထွက်ဘဲ ငြိမ်းအေး၍ နေကြကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့ကို။ ဒေဝဓမ္မာတိ၊ 'ဒေဝဓမ္မတရားတို့'ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

**ဘီလူးကြီးဝမ်းမြောက်ခြင်း** အဲဒီလို ဟောလိုက်တော့ ဝမ်းမြောက်လိုက်ထာ ဘီလူးကြီးက ဒေဝဓမ္မတရား နှစ်ပါးနာရပုံကို။ ပဏ္ဍိတ၊ ပညာရှိ။ အဟံ၊ ငါသည်။ တုမှာကံ၊ သင်တို့အား။ ပသန္နော၊ ကြည်ညိုပါ၏။ အဟံ၊ ငါသည်။ ကံ၊ တယောက်သော။ ဘာတရံ၊ ညီကို၊ ဒေမိ၊ ပေးအံ့။

အေး-ငါ သင့်ကိုသိပ်ကြည်ညိုတယ်၊ နှစ်ယောက်ဖမ်းထားတဲ့ အနက် တယောက်ကိုပြန်ပေးမယ်။

ကတရံ အာနေမိ။ ကတရံ၊ အဘယ်မည်သောညီကို။ အာနေမိ၊ဆောင်ယူခဲ့ရပါအံ့နည်း။

သယ်သူ့ပြန်တောင်းမလဲ တယောက်ဘဲ ပြန်ပေးမယ်တဲ့၊ ပကတိသဘောနဲ့ ပြောရယင် ဘယ်သူ့ပြန်တောင်းရမလဲ၊ (ညီရင်းကိုပြန်တောင်းရမှာပါဘုရား) ဟိုတယောက်ကော။ (မတောင်းရပါဘူးဘုရား) ဟင်-အဲဒီလိုဆိုယင် သူဟာ ဒေဝဓမ္မတရားကိုလိုက်နာ ကျင့်သုံးတာ ဟုတ်ပါ့မလားလို့၊ (မဟုတ်ပါဘူးဘုရား) ဒီတော့ သူက ဘာပြောသလဲဆိုတော့-ကနိဋ္ဌံ အာနေဟိ။ ။မေ၊ ငါ၏။ ကနိဋ္ဌံ၊ ညီအငယ်ဆုံးဖြစ်တဲ့ သူရိယကုမာရမင်းသားကို။ အာနေဟိ၊ ခေါ်ဆောင်ခဲ့ပါလော့။

---

၁-၂။ ဇာတ်ပါဠိတော်၊ ပ၊ နှာ ၂။ ၎င်းအဋ္ဌကထာ၊ နှာ-၁၄၅။

ညီအငယ်ဆုံးဖြစ်တဲ့ သူရိယကုမာရမင်းသားကို ပြန်ပေးပါတဲ့-ဟုတ်လား၊ (မှန်ပါ) ဒီတော့ ဘီလူးကဘယ့်နှယ်ပြောသလဲ။ တံ၊ သင်သည်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားတို့ကို။ ဇာနာသိ၊ သိ၏။ ပန-တထာပိ၊ ထိုသို့သိသော်လည်း။ တေသု၊ ထိုဒေဝဓမ္မတရားနှစ်ပါးတို့၌။ နဝတ္တသိ၊ လိုက်နာကျင့်သုံးသောသူ မဟုတ်။ သင်ဟာ ဒေဝဓမ္မတရားနှစ်ပါးသာ သိတာတဲ့၊ ဒေဝဓမ္မတရားနှစ်ပါး ကို ကျင့်သုံးတဲ့ပုဂ္ဂိုလ် မဟုတ်ဘူးတဲ့- ဘုရားလောင်းကို သူကပြန်ပြောတယ်၊ ဘာပြုလို့လဲဆိုတော့- ဇေဋ္ဌပစာယိ၊ ကြီးတဲ့သူကိုသာ ချီးမြှောက်ရမယ်တဲ့-၊ ဒေဝဓမ္မတရားက၊ အခုတော့ ကြီးတဲ့လူကိုမချီးမြှောက်ဘဲနဲ့ ငယ်တဲ့လူကိုချီး မြှောက်တယ်ဆိုတော့ သင့်မှာဒေဝဓမ္မတရား ကျင့်သုံးကာမရှိဘူးလို့ဆိုတော့- သင်ဘာသိလို့လဲတဲ့-ဘုရားအလောင်းက။

ငါတို့ဒီတောကြီးထဲ လာရတာကိုက ဒီသူရိယကုမာရမင်းသားကိုအကြောင်း ပြုပြီးတော့ ဒီတောကြီးထဲကို လာခဲ့ရတယ်၊ သူရိယကုမာရမင်းသားက ဖခင် သာတူပြီး မိခင်မတူတဲ့ ညီဖြစ်တယ်၊ သူ့ကိုအကြောင်းပြုပြီးတော့ သူ့မိခင်က တိုင်းပြည်ထီးနန်းကို တောင်းတဲ့အတွက် "ချစ်သားတို့....သင်တို့အန္တရာယ်ဖြစ် လိမ့်မယ်၊ သင်တို့ တောထဲသွားနေကြ" လို့ ဖခမည်းတော်က လွှတ်လို့ ဒို့ညီ အကိုနှစ်ယောက် တောထဲလာခဲ့ရတယ်၊ သူ့ရိယကုမာရမင်းသားက သူလဲ လိုက်မယ်ဆိုပြီး သူ့ဖာသာသူလိုက်လာခဲ့တဲ့ မင်းသားကလေးတယောက်၊ ဒီ ညီ အကိုသုံးယောက် လာခဲ့ကြရတာဟာ သူကိုအကြောင်းပြုပြီးတော့ တို့တော ထဲလာခဲ့ကြရတယ်၊ တောထဲကျတော့ သူရိယကုမာရမင်းသားကို ဘီလူး ကယောက်ဖမ်းစားလို့ သေတယ်ဆိုယင် ဘယ်သူယုံမလဲ၊ ယုံပါ့မလား၊ (မယုံ ပါဘူးဘုရား) အဲဒီလို ပရူပဝါဒဘေးကို ငါ ရှက်သည် ကြောက်သည် ဖြစ် သောကြောင့် ညီအငယ်ကိုသာ ငါ့ကို ပြန်ရှ်ပေးပါ၊ ငါဟာ ဒေဝဓမ္မတရား နှစ်ပါးကို ကျင့်တာတဲ့။

**မင်းသားနှစ်ဦးကို ဘီလူးကပြန်ပေးခြင်း**

သူတပါးကဲ့ရဲ့တဲ့ဘေး- ပရာနုဝါဒဘေး မဟုတ်လား၊ (မှန်ပါဘုရား) ဟိရီ,ဩတ္တပ္ပတရားကို ငါလိုက်နာကျင့် သုံးတာ-ပေးပါတဲ့ ငါ့ညီလေး၊ ဟို ညီ စန္ဒကုမာရကို တော့ မင်းသဘောဘဲတဲ့၊ အဲဒီလိုဆိုတော့မှ ဩော်-သင်သည် ဒေဝဓမ္မတရား နှစ်ပါးကိုလဲ သိ၏၊ ဒေဝဓမ္မတရားနှစ်ပါးကိုလဲ လိုက်နာကျင့်သုံး၏၊ ထို့ကြောင့် ညီ အကိုနှစ်ယောက်စလုံးဘဲ ပေးမယ်ဆိုပြီး ပြန်ရှ်ပေးလိုက်၏၊ နှစ်ယောက် စလုံး ပြန်ရလာတယ်မဟုတ်လား၊ (မှန်ပါ)

အဲဒါ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးကို ဒေဝဓမ္မတရားနှစ်ပါးလို့ ခေါ်ပုံ၊ အဲဒီတုန်းက သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မဟိံသကမင်းသား၊ ရေကန်စောင့်ဘီလူးက ဘယ်သူတုံး၊ ဒီ ရဟန်းတော်ဘဲလို့ ဒီဒေသနာတော်ကို ပြန်ဟောပြီးတော့မှ မြတ်စွာဘုရား ဇာတ်ပေါင်းလို့ သစ္စာလေးပါးပြတဲ့နေရာမှာ အဲဒီအပေါ်ရုံသက်န်းကို စွန့်ပစ်ခဲ့တဲ့ရဟန်းသည် သောတာပန်ပုဂ္ဂိုလ် ဖြစ်လေ၏။

ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးကို သိတဲ့အတွက် ဟိရီ,ဩတ္တပ္ပတရား နှစ်ပါးကို လိုက်နာကျင့်သုံးတဲ့အတွက် အခုအကျိုးရလာပြီ မဟုတ်လား၊ (မှန်ပါဘုရား)

**ဟိရီဩတ္တပ္ပမရှိလျှင် တရား ၆-မျိုး ပျက်စီးခြင်း**

ဟိရီ, ဩတ္တပ္ပတရား မရှိသည် ဖြစ်သောကြောင့် ဣန္ဒြိယ သံဝရ-ပျက်စီးခြင်း, သီလပျက်စီးခြင်း အစရှိတဲ့ အကြောင်းတွေရှိသေးတယ်၊ အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောသေးတယ်ကွဲ့-မြတ်စွာဘုရားက။

"ဟိရောတ္တပ္ပေ ဘိက္ခဝေ အသတိ ဟိရောတ္တပ္ပဝိပန္နဿ ဟတူပနိသော ဟောတိ ဣန္ဒြိယ သံဝရော"၁။

ခုနစ်ချက်ဟောတယ်ကွဲ့၊ ဒီ ခုနစ်ချက်ကို အကုန်ဟောမယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှာကံ၊ သင်တို့၏ သန္တာန်၌။ ဟိရောတ္တပ္ပေ၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးသည်။ အသတိ၊ မရှိခဲ့သော်။ ဟိရောတ္တပ္ပ ဝိပန္နဿ၊ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါး ပျက်စီး၍နေသော ပုဂ္ဂိုလ်အား။ ဣန္ဒြိယသံဝရော၊ စက္ခု သောတ ဃာန ဇိဝှာ စသောဣန္ဒြေကို စောင့်စည်းခြင်းသည်။ ဟတူပနိသော၊ ပျက်စီးခြင်းအကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဟိရီ, ဩတ္တပ္ပ မရှိတဲ့ပုဂ္ဂိုလ်မှာ ဣန္ဒြိယသံဝရ မရှိဘူး။

"ဣန္ဒြိယသံဝရေ အသတိ ဣန္ဒြိယသံဝရဝိပန္နဿ ဟတူပနိသံ ဟောတိ သီလံ"၂။

ဣန္ဒြိယသံဝရေ၊ ဣန္ဒြိယသံဝရသည်။ အသတိ၊ မရှိခဲ့သော်။ ဣန္ဒြိယသံဝရ ဝိပန္နဿ၊ ဣန္ဒြိယသံဝရ ပျက်စီးနေတဲ့ ပုဂ္ဂိုလ်၏ သန္တာန်၌။ သီလံ၊ သီလ တရားသည်။ ဟတူပနိသံ၊ ပျက်စီးသောအကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဣန္ဒြိယသံဝရ မရှိယင် ဒီပုဂ္ဂိုလ်မှာ သီလရှိပါအုံးမလား၊ (မရှိတော့ပါဘူး ဘုရား)။

---

၁-၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ နှာ-၄၇၂၊ ၄၇၃။

"သီလေ အသတိ သီလဝိပန္နဿ ဟတူပနိသော ဟောတိ သမ္မာသမာဓိ"[၁]။

သီလေ၊ သီလသည်။ အသတိ၊ မရှိခဲ့သော်။ သီလဝိပန္နဿ၊ ကိုယ်ကျင့်တရား သီလပျက်စီး၍နေသော ပုဂ္ဂိုလ်၏သန္တာန်၌။ သမ္မာသမာဓိ၊ သမ္မာသမာဓိတရားသည်။ ဟတူပနိသော၊ ပျက်စီးသော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဟိရီ, ဩတ္တပ္ပမရှိယင် ဣန္ဒြိယသံဝရမရှိဘူး၊ ဣန္ဒြိယသံဝရ မရှိယင် သီလမရှိဘူး၊ သီလမရှိယင် – (သမာဓိမရှိပါဘူးရား) သမာဓိပျက်၏။

"သမ္မာသမာဓိမှိ အသတိ သမ္မာသမာဓိ ဝိပန္နဿ ဟတူပနိသံ ဟောတိ ယထာဘူတဉာဏဒဿနံ"[၂]။

သမ္မာသမာဓိမှိ၊ သမ္မာသမာဓိ တရားသည်။ အသတိ၊ မရှိခဲ့သော်။ သမ္မာသမာဓိ ဝိပန္နဿ၊ သမ္မာသမာဓိတရား ပျက်စီး၍ နေသော ပုဂ္ဂိုလ်၏ သန္တာန်၌။ယထာဘူတဉာဏဒဿနံ၊ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မဖောက်မပြန် သိနိုင်မြင်နိုင်မှုခေါ်တဲ့ တရုဏဝိပဿနာဉာဏ်သည်။ ဟတူပနိသံ၊ ပျက်စီးသော အကြောင်းရှိသည်။ ဟောတိ၊ဖြစ်၏။

ဟိရီ,ဩတ္တပ္ပမရှိယင် ဣန္ဒြိယသံဝရမရှိဘူး၊ ဣန္ဒြိယသံဝရမရှိယင်– (သီလမရှိပါဘူးရား) ဘယ်နှစ်ချက်တုံး၊ (သုံးချက်ပါဘုရား) သီလမရှိယင်– (သမာဓိမရှိပါဘုရား) ဘယ်နှစ်ချက်တုံး၊ (လေးချက်ပါဘုရား) သမာဓိမရှိယင် – (တရုဏဝိပဿနာမရှိပါဘုရား)တရုဏဝိပဿနာခေါ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိနိုင်တဲ့ယထာဘူတဉာဏ်ဆိုတဲ့ တရုဏဝိပဿနာဉာဏ် မရှိဘူး။

"ယထာဘူတဉာဏဒဿနေ အသတိ ယထာဘူတဉာဏဒဿနဝိပန္နဿ ဟတူပနိသော ဟောတိ နိဗ္ဗိဒါဝိရာဂေါ"[၃]။

ယထာဘူတဉာဏဒဿနေ၊ ယထာဘူတဉာဏ်ဆိုတဲ့ တရုဏဝိပဿနာ ဉာဏ်သည်။ အသတိ၊ မရှိခဲ့သော်။ ယထာဘူတဉာဏဒဿန ဝိပန္နဿ၊ ယထာဘူတဉာဏ် ပျက်စီး၍နေတဲ့ပုဂ္ဂိုလ်အား။ နိဗ္ဗိဒါဝိရာဂေါ၊ တေဘူမိက သင်္ခါရတရားတို့ကို ငြီးငွေ့တယ်ခေါ်တဲ့ ဗလဝ ဝိပဿနာဉာဏ်, တေဘူမိက သင်္ခါရတရားတို့ကို တပ်ခြင်းကင်းတယ်ဆိုတဲ့ မဂ်ဉာဏ်သည်။ ဟတူပနိသော၊ ပျက်စီးသော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

---

၁–၂–၃။ အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊နှာ–၄၇၃။

H 667—9 [ဟံသာဝတီ]

ယထာဘူတဉာဏ် မရှိယင် နိဗ္ဗိဒါလို့ခေါ်တဲ့ ဗလဝ ဝိပဿနာဉာဏ်ရှိပါ့အုံး မလား၊ (မရှိပါဘူးဘုရား)မဂ်ဉာဏ်ကော ရပါအုံးမလား၊ (မရပါဘူးဘုရား)။

"နိဗ္ဗိဒါဝိရာဂေ အသတိ နိဗ္ဗိဒါဝိရာဂဝိပန္နဿ ဟတူပနိသံ ဟောတိ ဝိမုတ္တိဉာဏဒဿနံ"။

သိက္ခဝေ၊ ရဟန်းတို့။ နိဗ္ဗိဒါဝိရာဂေ၊ နိဗ္ဗိဒါဝိရာဂလို့ခေါ်တဲ့ ဗလဝ ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည်။ အသတိ၊ မရှိခဲ့သော်။ နိဗ္ဗိဒါဝိရာဂ ဝိပန္နဿ၊ ဗလဝ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ပျက်စီးနေသော ပုဂ္ဂိုလ်၏ သန္တာန်၌။ ဝိမုတ္တိ ဉာဏဒဿနံ၊ ကိလေသာတို့မှ လွတ်သော အရဟတ္တဖိုလ်၏ ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟတူပနိသံ၊ ပျက်စီးခြင်းအကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်ကို ရပါအုံးမလားကွဲ့၊ (မရပါဘူးဘုရား), ခုနစ်ချက်ကွဲ့၊ (မှန်ပါ) ဘယ်နှစ်ချက်တုံး၊ (ခုနစ်ချက်ပါဘုရား) ဘာရယ် ဘာရယ်လဲ၊ (ဟိရီဩတ္တပ္ပရယ်, ဣန္ဒြိယသံဝရ, သီလ, သမာဓိ, တရုဏ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ပါဘုရား) ခုနစ်ချက်-နော်၊ (မှန်ပါ) အေး-မင်းတို့ တော်တယ်ကွဲ့-မှတ်မိတယ်၊ ငါလဲ ဝမ်းမြောက်တယ်-ဟုတ်လား။

"ဟိရောတ္တပ္ပေ ဘိက္ခဝေ သတိ ဟိရောတ္တပ္ပသမ္ပန္နဿ ဥပနိသသမ္ပန္နော ဟောတိ ဣန္ဒြိယသံဝရော"။

ဟိရီဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ ဣန္ဒြိယသံဝရ တရားရှိ၏၊ ဣန္ဒြိယသံဝရတရား ရှိတဲ့ပုဂ္ဂိုလ်မှာ သီလပြည့်စုံ၏၊ သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာ သီလမပျက်စီးတဲ့ပုဂ္ဂိုလ်မှာ သမာဓိတရားရှိ၏၊ သမာဓိမပျက်စီးတဲ့ ပုဂ္ဂိုလ်မှာ တရုဏဝိပဿနာဉာဏ်ခေါ်တဲ့ ယထာဘူတဉာဏ်ကိုရနိုင်၏၊ ယထာဘူတဉာဏ် ရှိနေတဲ့ပုဂ္ဂိုလ်- ယထာဘူတဉာဏ် မပျက်စီးတဲ့ပုဂ္ဂိုလ်သည် နိဗ္ဗိဒါဝိရာဂလို့ ခေါ်တဲ့ ဗလဝဝိပဿနာဉာဏ်, မဂ်ဉာဏ်ကိုရနိုင်၏၊ ဗလဝဝိပဿနာဉာဏ်, မဂ်ဉာဏ်ကိုရတဲ့ပုဂ္ဂိုလ်သည် ဝိမုတ္တိပစ္စဝေက္ခဏာဉာဏ်ကို ရနိုင်၏၊ ဘယ်နှစ်ချက်တုံးကွဲ့။ (ခုနစ်ချက်ပါဘဲဘုရား)

အဲဒါကြောင့် ချစ်သားတို့....ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံအောင် ကျင့်ကြပါ၊ "ဟိရောတ္တပ္ပေဟိ သမန္နာဂတာ ဘဝိဿာမာတိ" ဟောရင်းစဲ့ပါဠိ တော်မှာ-

မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေဟိ၊ ဟိရီ, ဩတ္တပ္ပတရား နှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ ဘဝိဿာမ၊ ဣတိ၊ ဖြစ်ကြကုန်အံ့ဟူ၍။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

**အကုသိုလ်ဖြစ်မည်–ကုသိုလ်ပျက်စီးမည်ကို တွေး၍မကြောက်လန့်သူ**

ပီးတော့–အနောတ္တပ္ပီပုဂ္ဂိုလ်, ဩတ္တပ္ပီပုဂ္ဂိုလ်ရယ်လို့ ဒီလို နှစ်မျိုးရှိသေးတယ်ကွဲ့၊ဒါကတော့ သုတ္တန်တခု။

“ကထဉ္စာဝုသော အနောတ္တပ္ပီ ဟောတိ”[၁]။

အာဝုသော၊ ငါ့ရှင်တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ အနောတ္တပ္ပီ၊ ဒုစရိုက်မှုကို မလန့်သောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ရှင်သာရိပုတ္တရာက ပြန်ဟောနေတဲ့တရား။

“ဣဓာဝုသော ဘိက္ခု အနုပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ န ဩတ္တပ္ပတိ”[၂]။

အာဝုသော ၊ငါ့ရှင်တို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာ၊မဖြစ်သေးကုန်သော။ ပါပကာ၊ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မေ၊ငါ့အား။ အနတ္ထာယ၊ အကျိုးမဲ့ကိုဖြစ်စေခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့။န ဩတ္တပ္ပတိ၊မလန့်။

ငါ့မှာမဖြစ်သေးတဲ့ အကုသိုလ်တွေဖြစ်လာယင် အကျိုးစီးပွါးတွေ ပျက်စီးလိမ့်မယ်လို့ ဆိုပြီးတော့ မလန့်ဘူးတဲ့။

“ဥပ္ပန္နာမေ ပါပကာ အကုသလာ ဓမ္မာ အပ္ပဟီယမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ န ဩတ္တပ္ပတိ”[၃]။

မေ၊ ငါ၏သန္တာန်၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့ကို။ အပ္ပဟီယမာနာ၊ မပယ်အပ်ကုန်သည်ရှိသော်။ အနတ္ထာယ၊ အကျိုးမဲ့ကိုဖြစ်စေခြင်းငှါ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့။ န ဩတ္တပ္ပတိ၊ မလန့်။

ငါ့မှာဖြစ်ကုန်ပြီးသော အကုသိုလ်တွေ မပျက်စီး မဆုတ်ယုတ်ဘူးဆိုယင် ဆုံးရှုံးမှုဖြစ်လိမ့်မယ်ဆိုတာကို မလန့်တဲ့ပုဂ္ဂိုလ်–တဲ့။

“အနုပ္ပန္နာ မေ ကုသလာ ဓမ္မာ နုပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ န ဩတ္တပ္ပတိ”[၄]။

---

၁–၂–၃–၄။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ (အနောတ္တပ္ပီသုတ်) နှာ–၄၀၁။

မေ၊ ငါ့အား။ အနုပ္ပန္နာ၊ မဖြစ်သေးကုန်သော၊ ကုသလာဓမ္မာ၊ ကုသိုလ်တရားကိုသည်။ နုပ္ပဇ္ဇမာနာ၊ မဖြစ်ပေါ်ခဲ့သည်ရှိသော်။ အနတ္ထာယ၊ အကျိုးမဲ့ကို ဖြစ်စေခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ဤသို့။ န ဩတ္တပ္ပတိ၊ မလန့်။

ငါ့မှာမဖြစ်သေးတဲ့ ကုသိုလ်တွေမဖြစ်ယင် အကျိုးစီးပွားတွေ မဲ့လိမ့်မယ်လို့ ဆိုတာလဲ သူတွေးပြီးတော့ မကြောက်ဘူး-တဲ့။

"ဥပ္ပန္နာ မေ ကုသလာ ဓမ္မာ နိရုဇ္ဈမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ န ဩတ္တပ္ပတိ"။

ဖြစ်ပြီးသားကုသိုလ်တွေ ပျက်စီးကုန်ယင်ဖြင့် အကျိုးမဲ့ဖြစ်တော့မှာဘဲဆိုပြီးတော့ သူဒီလိုလဲတွေးပြီးတော့ မလန့်ဘူး-တဲ့။

"ဧဝံ ခေါ အာဝုသော အနာတာပီ အနောတ္တပ္ပီ အဘဗ္ဗော သမ္ဗောဓာယ အဘဗ္ဗော နိဗ္ဗာနာယ အဘဗ္ဗော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ"။

**သစ္စာလေးပါးကို မသိထိုက်သူ** ပါဠိတော်မှာ အရှင်သာရိပုတ္တရာက ဒီအတိုင်းဘဲ ဟောတယ်၊ အဲဒီလို မကြောက်မလန့်တဲ့ ပုဂ္ဂိုလ်ဟာ- တဲ့။

အာဝုသော၊ ငါ့ရှင် မဟာကဿပ။ (အရှင်မဟာကဿပကို အရှင်သာရိပုတ္တရာက ဟောတာ) ဧဝံ ခေါ၊ ဤသို့လျှင်။ အနာတာပီ၊ ပြင်းစွာအားထုတ်ခြင်း မရှိသူသည်။ အနောတ္တပ္ပီ၊ ကြောက်လန့်ခြင်း မရှိသောသူသည်။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို သိခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနာယ၊ ငြိမ်းအေးခြင်းငှာ။ နိဗ္ဗာန်ချမ်းသာကိုရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ ယောဂက္ခေမဿ၊ ယောဂလေးပါး၏ ကုန်ရာဖြစ်သော။ အနုတ္တရဿ၊ အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

အဲဒီလိုမလန့်မကြောက်တဲ့ ပုဂ္ဂိုလ်, ဟိရီ ဩတ္တပ္ပတရားမရှိတဲ့ ပုဂ္ဂိုလ်ဟာ သစ္စာလေးပါးကိုသိခြင်းငှာ ထိုက်ပါ့မလား၊ (မထိုက်ပါဘူးဘုရား) မထိုက်ဘူးတဲ့။

ဟိရီ,ဩတ္တပ္ပတရားမရှိတဲ့ ပုဂ္ဂိုလ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မရထိုက်ဘူး၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး မရှိသည်ဖြစ်သောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မှဆုံးရှုံးတဲ့ ဝတ္ထုကြောင်းတခုရှိသေးတယ်–ချစ်သား, တို့....ဆိုပြီး သုတ္တန်တခုထုတ်ပြောတယ်၊ အဲဒီသုတ္တန်ဆုံးယင်တော့ နားကြအုံးစို့ကွယ် နော်၊ (မှန်ပါ)

**နစ္စဇာတ်ဝတ္ထု၊** အဲဒီလို ဟိရီ,ဩတ္တပ္ပတရားနှစ်ပါး မရှိသည်ဖြစ်သောကြောင့် သာသနာတော်တည်းဟူသော လာဘ်ကြီးလွဲသွားတဲ့ ဝတ္ထု ကြောင်းတခုရှိသေးတယ်၊ ချစ်သားတို့....နားထောင်ကြ–ဆိုပြီး မြတ်စွာဘုရားက ပါဠိဇာတ်ပါဠိတော်မှာဘဲ နစ္စဇာတ်¹ဆိုတာရှိတယ်၊ နစ္စဇာတ်ဆိုတာ ကတဲ့ဇာတ်၊ အဲဒီ နစ္စဇာတ်တော်ကြီးကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဟောတော် မူ၏၊ ဟိရီ,ဩတ္တပ္ပတရား မရှိသည်ဖြစ်သောကြောင့် သာသနာတော်မှ အရှုံးကြီး ရှုံးပြီးတော့လာဘ်လာဘတွေဆုတ်ယုတ်ခြင်းမကဆုတ်ယုတ်သွားတဲ့ဝတ္ထုကြောင်း တခု မြတ်စွာဘုရားက ဟောတော်မူတယ်။

အဲဒီဇာတ်က စောစောပိုင်းကပြောခဲ့တဲ့ ဗဟုဘဏ္ဍ ဘိက္ခုဇာတ်လိုဘဲ ဒေဝ ဓမ္မဇာတ်လိုဘဲ။

သာဝတ္ထိပြည်မှာ ရဟန်းတပါး ပစ္စည်းပရိက္ခရာတွေက သိပ်ပြီးတော့များ တယ်၊ ဗဟုဘဏ္ဍော၊ များသောအသုံးအဆောင် ပစ္စည်းဥစ္စာဘဏ္ဍာတွေ ပေါများ ၍နေသည်။ ဟောတိ၊ ဖြစ်၏။

ရဟန်းတော်တွေက သူ့ကို မြတ်စွာဘုရားထံ ခေါ်သွားတယ်၊ ခေါ်သွား ပြီးတော့ ဟိုကျတော့ သူ့ကိုမြတ်စွာဘုရားက မေးတယ်၊ "သစ္စံ ကိရ တွံ ဘိက္ခု ဗဟုဘဏ္ဍော ဇာတော" တဲ့။ ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်သည်။ ဗဟု ဘဏ္ဍော၊ များသောစီးပွားဥစ္စာ ဘဏ္ဍာတွေရှိသည်ဟူသောစကားသည်။ သစ္စံ ကိရ၊ မှန် လား။

ချစ်သား....ဘာ့ကြောင့်မှာစီးပွားဥစ္စာတွေ သိပ်ပြီးတော့များနေတယ်ဆိုတာ မှန် သလားလို့ဆိုတော့–"အာမဘန္တေ၊ ဟုတ်ပါတယ်ဘုရား" တဲ့။

**ကိုယ်ရုံနှင့်သင်းပိုင်ကို ချွတ်၍ရပ်သောရဟန်း** "ကိံ ကာရဏာ တွံ ဘိက္ခု ဗဟုဘဏ္ဍော ဇာတောသိ"။ ချစ်သား....ဘာပြုလို့ ဒီပစ္စည်းဥစ္စာတွေကို ဒါလောက် များများ စုထားရသလဲလို့ ပြောရုံရှိသေးတယ်၊ သူက သိပ်စိတ်တိုတဲ့ကိုယ်တော်ကိုကွဲ့ –ဒီကိုယ်တော်က၊သူက အခုနင်က ကိုယ်တော် ထက်ဆိုးတယ်၊ သဗ္ဗညုရှင်တော်ဘုရားက အဲဒီလိုဆုံးမစကား ပြောကြားမယ့်ကြံရုံ ရှိသေးတယ်၊ အပ္ပိစ္ဆဂုဏ်နဲ့ ဒါလောက်တောင်ပြည့်စုံချင်တာဖြင့်ယင် အရှင် ဘုရား....ဒီနည်းဘဲ ကျင့်ရတော့မလားလို့ ဆိုပြီးတော့–

"ဣဝါသနပါရုပနံ ဆဍ္ဍေတွာ ဧကမိနာ ဒါနိ ဣမိနာ နိဝါသနေန ဝိစရာမိတိ သတ္ထုပုရတော နဂ္ဂေါ အဋ္ဌာသိ"¹။

---

၁။ ဇာတကဋ္ဌကထာ၊ ဧကကနိပါတ်၊ ပ၊ နှာ–၂၂၂။

နိဝါသနပါရုပန်၊ အပေါ်ကိုယ်ရုံနှင့်တကွ သင်းပိုင်ကို။ ဆင္ဓေတွာ၊ စွန့်ပြီး၍။ ဒါနိ၊ ယခုအခါ၌။ ဣမိနာ နိဟာရေန၊ ဤနည်းဖြင့်သာလျှင်။ ဝိစရာမိတိ၊ ကျင့်ရတော့အံ့လောဟူ၍။ သတ္ထုပုရတော၊ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ရှေ့မှောက်၌။ နဂ္ဂေါ၊ အဝတ်မစည်း အချည်းနှီး။အဌာသိ၊ ရပ်တည်၍ပြလေတော့၏။

ဦးအောင်ကြည်၊ (ဘုရား) ဘုန်းကြီးက ဦးပဥ္စင်းကလေးတွေကို တရားသဖြင့်သုံးမတဲ့အခါမှာ သူတို့က ဘုန်းကြီးကိုပြန်ပြောယင် နာစရာရှိသေးလား၊ (မရှိပါဘူးဘုရား) သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်ရင့်မကြီးက– ချစ်သား.... ဘာပြုလို့ ဒီပစ္စည်းဥစ္စာတွေကို ဒါလောက်များများ စုရသလဲလို့ ဆုံးမမယ်ကြံရုံရှိသေးတယ်၊ စိတ်ဆိုးပြီးတော့သူက ဘာလုပ်သလဲ – စဉ်းစားကြည့်ကြတော့ တကာ တကာမတို့၊သဗ္ဗညုမြတ်စွာဘုရားဟာ ဒီလိုမထေမဲ့မြင်ပြုတာတွေကို မခံရဘူးလားလို့၊ (ခံရပါတယ်ဘုရား) ကြားဘူးကြလား၊ ဒီတော့ ခပ်ရိုင်းရိုင်းပြောရမယ်ဆိုယင် မြတ်စွာဘုရားကို မတော်တာတွေ လုပ်ပြတာဘဲ မဟုတ်လား၊ (မှန်ပါ) မြတ်စွာဘုရားကိုတောင်မှ ဒီလိုမတော်တရော်တွေ လုပ်ပြသေးတာဘဲ၊ ခုလောက်ပင် ကိုယ်ရင်တွေ ဦးပဥ္စင်းတွေ ကိုယ့်စကားနားထောင်တာဘဲ သူတို့ကိုကျေးဇူးတင်ဘို့ မကောင်းဘူးလားလို့၊ (ကောင်းပါတယ်ဘုရား)

အဲဒီလိုဖြစ်တော့ ပရိသတ်တွေက–"မနုဿာ ခီဓိတိ အာဟံသု"၊ လူတွေက ဝိုင်းပြီးတော့ ယှိုယှိုနဲ့ တံတွေးနဲ့ထွေးကြတော့ယင် တကတဲ သူလူတောထဲ မနေဝံ့ဘူး၊ အဲဒီလိုအဝတ်မပါဘာမပါနဲ့ တခါထဲပရိသတ်ထဲက ထွက်ပြေးတယ်၊ထွက်ပြေးတော့ မြတ်စွာဘုရားကလဲတရာဟောမယ်ကြံရုံရှိသေးတယ်၊ သူက ဒီလိုလုပ်သွားတော့ ဘာမှဟောလို့ မဖြစ်တော့ဘူး။

အဲဒီနောက်တချိန်ကျတော့ ရဟန်းတော်တွေက စုဝေးပြောဆိုနေကြတယ်– အဲဒီရဟန်းရဲ့ အကြောင်းကို။

"သတ္ထု နာမ ပုရတော ဧဝရူပံ ကရိဿတီတိ တဿ အဂုဏ ကထံ ကထေသုံ"။

သတ္ထု ပုရတော၊မြတ်စွာဘုရား၏ရှေ့တော်မှောက်၌ပင်လျှင်။ ဧဝရူပံ၊ ဤသို့သဘောရှိတဲ့အမှုကို။ ကရိဿတ်နာမ၊ ပြုလုပ်ဘိ၏။ ဣတိ၊ ဤသို့။ တဿ၊ထိုရဟန်း၏။ အဂုဏ်ကထံ၊ ဂုဏ်ကျေးဇူးမဲ့စကားကို။ကထေသုံ၊ပြောဆိုကြကုန်၏။

**အရှက်ကင်းသောရဟန်း၏ အတိတ်ဝတ္ထု**

ရဟန်းတော်တွေက ဒီရဟန်းရဲ့ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့တဲ့စကားတွေကို စုပြီးတော့ပြောနေကြတယ်၊ သဗ္ဗညုမြတ်စွာဘုရား ကြွလာတဲ့ အခါကျတော့ ချစ်သားတို့ .... ငါဘုရား ကြွမလာခင် သင်တို့ဘာစကားတွေ ပြောကြသလဲ၊ (ကဲ–တိုတိုပြောကြစို့ကွယ်–နော်။ (မှန်ပါ) ဘာစကားတွေပြောနေကြသလဲဆိုတော့–

"သော ဟိ နာမ ဘိက္ခု တုမှာကံ ပုရတော စတုပရိသမဇ္ဈေ ဟိရောတ္တပ္ပံ ပဟာယ ဂါမဒါရကောဝိယ နဂ္ဂေါ ဠုတွာ မနုဿေဟိ ဇိဂုစ္ဆိယမာနော ဟီနာယာဝတ္တိတွာ သာသနာ ပရိဟီနောတိ"။

ဘန္တေ၊ ဘုန်းတော်နေ့ဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပုရတော၊ ရှေ့မှောက်၌။ စတုပရိသမဇ္ဈေ၊ ပရိသတ်လေးပါးတို့၏အလယ်၌။ ဟိရောတ္တပ္ပံ၊ အရှက်အကြောက်ကို။ ပဟာယ၊ ပယ်စွန့်လျက်။ ဂါမဒါရကောဝိယ၊ ရွာသူသား ငယ်ကလေး တွေကဲ့သို့။ နဂ္ဂေါ၊ အဝတ်မစည်းအချည်းနှီး။ ဠုတွာ၊ တည်၍။မနုဿေဟိ၊ လူအပေါင်းတို့သည်။ ဇိဂုစ္ဆိယမာနော၊ စက်ဆုပ်ရွံရှာကဲ့ရဲ့ခံရတဲ့အခါမှာ။ဟီနာယာဝတ္တိတွာ၊လူဝတ်လဲ၍။သာသနာ၊ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးမှ။ ပရိဟီနော၊ ဆုတ်ယုတ်ရ၏။

ဒီစကားတွေ ပြောနေကြပါတယ်ဘုရားလို့ဆိုတော့ မြတ်စွာဘုရားက ချစ်သာတို့....

"န ဘိက္ခဝေ ဣဒါနေဝ သော ဘိက္ခု ဟိရောတ္တပ္ပါဘာဝေန ရတနသာသနာ ပရိဟီနော၊ ပုဗ္ဗေ ဣတ္ထိရတန ပဋိလာဘတောပိ ပရိဟီနောယေဝါတိ ဝတွာ အတီတံ အာဟရိ"။

ချစ်သားတို့....ဒီရဟန်းသည် အခုမှသာ ဒီလို မြင့်မြတ်စင်ကြယ်တဲ့ သာသနာတော်တည်းဟူသော လာဘ်ကြီးက လွဲသွားတာမဟုတ်ဘူးတဲ့၊ ရှေးကလဲ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါး မရှိတဲ့ လူဖြစ်သောကြောင့် ဒီလိုဘဲ အမျိုးသမီးကညာရတနာကို ရဘို့လာဘ်ကြီးက သူလွဲခဲ့ဘူးတယ်တဲ့၊ ဒီ ရဟန်းဖြစ်ခဲ့ဘူးတဲ့ အကြောင်းကို ပြန်ဟောတော်မူတယ်။

ရှေးတုန်းက မဟာသမ္မတမင်းက စပြီးတော့ လူအပေါင်းတွေက ထိုဘုရားအလောင်းတော်ကို မင်းဆိုပြီးတော့ မြှောက်ကြတယ်–ဟုတ်လား (မှန်ပါ)

ကမ္ဘာဦးက အခြေလေးချောင်းရှိတဲ့ တောသားတိရစ္ဆာန်တွေကလဲ ကေသရာဇာ ခြင်္သေ့မင်းကို မင်းမြှောက်ထားကြတယ်၊ အခြေမရှိတဲ့ ငါးတွေကလဲဘဲ အာနန္ဒာငါးကြီးကို မင်းမြှောက်ကြတယ်၊ အခြေနှစ်ချောင်းရှိတဲ့ ငှက်တွေကတော့ ဟင်္သာငှက်ကို မင်းလို့ဆိုပြီး မြှောက်ကြတယ်။

အဲဒီတော့ ရွှေဟင်္သာငှက်မင်းမှာ အင်မတန်မြတ်နိုးစရာကောင်းတဲ့ သမီးကညာ ရတနာ ဟင်္သာမကလေးတကောင် ရှိတယ်၊ ကြက်သရေနဲ့ပြည့်စုံတဲ့ ဟင်္သာမကလေးပေါ့၊ အဲဒီ ဟင်္သာမကလေးကို ရွှေဟင်္သာ ငှက်မင်းကြီးက သူ့သမီးတော်ဟင်္သာမကလေး အရွယ်ရောက်တဲ့အခါကျတော့ ဟိမဝန္တာတောထဲမှာရှိတဲ့ ငှက်တွေဟူသမျှကို အကုန်လုံးအစည်းအဝေးခေါ်ပြီးတော့ ဒီ ငှက်အပေါင်းထဲက ငါ့သမီးကြိုက်တဲ့ ကြင်ယာတော်ကို ရွေးပါလို့ ဒီလိုအမိန့်ရှိတယ်၊ အဲဒီလို အစည်းအဝေးကြီးမှာ ငှက်တွေရှိသမျှ အကုန်လုံးစုံပြီဆိုတဲ့အခါကျတော့ ဟင်္သာမကလေးက ဘယ်သူ့ရွေးသလဲဆိုတော့-

"အယံ မေ သာမိကော ဟောတုတိ အာရောစေသိ"။

အယံ၊ ဤဥဒေါင်းငှက်သည်။ မေ၊ ငါ၏။ သာမိကော၊အရှင်သခင် လင်ယောကျ်ားသည်။ဟောတု၊ဖြစ်စေသတည်း။လို့ဆိုပြီး ဥဒေါင်းကိုရွေးလိုက်တယ်။ ဟာ ဒီတော့ ဥဒေါင်းက ကလိုက်တာဝမ်းသာလွန်းလို့၊ ငှက်တွေအများကြီးထဲမှာ ငါ့ကိုရွေးတယ်ဆိုပြီးတော့ ဥဒေါင်းကဝမ်းသာအားကြီးတော့ အတောင်ပန်ကြီးဖြန့် အမြီးကြီးဖြန့်ပြီးတော့ သူက ကတော့တာကိုး၊ ငှက်ပရိသတ်ထဲမှာ ဥဒေါင်းကအမြီးကြီးဖြန့်ကလိုက်တယ်ဆိုယင်- "နစ္စန္တော အပ္ပဋိစ္ဆန္နော အဟောသိ" လို့-စာကတော့ ဒါလောက်ဘဲပြောတယ်။ နစ္စန္တော၊ ကသည်ရှိသော်။ အပ္ပဋိစ္ဆန္နော၊ မဖုံးလွှမ်းနိုင်သည်။အဟောသိ၊ဖြစ်၏။

ဦးအောင်ကြည်.... အဲဒါလောက်ဆိုယင် သိပြီမဟုတ်လား၊ (မှန်ပါဘုရား) ဥဒေါင်းများကတာ မြင်ဘူးသလား၊(မြင်ဘူးပါတယ်ဘုရား) ဘယ့်နှယ်ဖြစ်နေသလဲ၊အဲဒီလိုဖုံးလွှမ်းထားတဲ့ ဥစ္စာတွေ အကုန်လုံးပေါ်တယ်၊ဟာ ဒီတော့ ဟင်္သာမင်းကြီးက ရှက်လိုက်ထာလေ၊ ဒီတော့ ပရိသတ်အလယ်ဘာပြောသလဲ၊ ဟိုသမီးတော်ကတော့ ရွေးပြီးပြီမဟုတ်လား၊(မှန်ပါ) ရွေးပြီးပေတဲ့ သူကအဲဒီလိုလုပ် ကတော့-

"ရုတံ မနုညံ ရုစိရာ စ ပိဋ္ဌိ၊ ဝေဠုရိယဝဏ္ဏူပနိဘာ စ ဂီဝါ၊ ဗျာမမတ္တာနိ စ ပေခုဏာနိ၊ နစ္စေန တေ ဓီတရံ နော ဒဒါမီ"ဟု။

ဣမဿ၊ ဤဥဒေါင်းငှက်အား။ အဇ္ဈတ္တသမုဋ္ဌာနာ၊ မိမိ၏အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ဟိရီ၊ အရှက်ဟိရီတရားသည်။ နေဝအတ္ထိ၊ မရှိ။ (သူ့ကိုယ်သူလဲသူ မရှက်ဘူးတဲ့)ဗဟိဒ္ဓသမုဋ္ဌာနံ၊ အပသန္တာန်၌ဖြစ်သော ငှက်အပေါင်းတို့ကိုငဲ့ကြည့် သောအားဖြင့်ဖြစ်သော။ ဩတ္တပ္ပံ၊ လန့်ရကြောက်ရခြင်းသည်လဲ။နအတ္ထိ၊မရှိပေ။ ဘိန္နဟိရောတ္တပ္ပဿ၊ အရှက်အကြောက်နှစ်ပါးကို ဖျက်ဆီး၍ထားသော။ အဿ၊ ထိုဥဒေါင်းငှက်အား။ မမ၊ ငါ၏။ ဓီတရံ၊ သမီးကို။ နဒဿာမိ၊ မပေးတော့အံ့။ ဣတိ၊ ဤသို့။ သကုဏသဃ်မဇ္ဈေ၊ ငှက်အပေါင်း၏အလယ်၌။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ရွတ်တယ်။

အဲဒီ ဟင်္သာမင်းကြီးက ဂါထာတပုဒ်ရွတ်သေးတယ်၊ ဘယ့်နှယ်ရွတ်တုံး–

“ရုဒံ မနုညံ ရုစိရာစ ပိဋ္ဌိ၊ ဝေဠုရိယဝဏ္ဏူပနိဘာ စ ဂီဝါ။
ဗျာမမတ္တာနိ စ ပေခုဏာနိ၊ နစ္စေန တေ ဓီတရံ နောဒဒါမိ”[၁]။

ပရိသတ်ထဲမှာ ဟင်္သာမင်းကြီးက ဒီဂါထာကိုရွတ်တယ်။

မောရ၊ ဥဒေါင်း။ တေ၊ သင်၏။ ရုဒံ၊တွန်သံသည်။ မနုညံ၊ သာယာလှ ပါပေ၏။ (တွန်လိုက်တဲ့အသံကလေး ကတော့ဖြင့် သိပ်ပြီးတော့သာယာတာဘဲ တဲ့။)မောရ၊ ဥဒေါင်း။ တေ၊ သင်၏။ ပိဋ္ဌိစ၊ ကျောက်ကုန်းသည်လည်း။ ရုစိရာ၊ နှစ်သက်ဘွယ်ကောင်းလှပါပေ၏။ (ဥဒေါင်း၏ကျောက်ကုန်းကိုကြည့် မယ်ဆိုယင် အမွေးအတောင်ကလေးတွေနဲ့ တော်တော်လေးလှလှပပ ရှိတယ် မဟုတ်လား)မောရ၊ ဥဒေါင်း။ တေ၊ သင်၏။ ဂီဝါစ၊ လည်ပင်းကလေးသည် လည်း။ ဝေဠုရိယဝဏ္ဏူပနိဘာ၊ ပတ္တမြားညိုကြောင်မျက်ရွဲအဆင်းရှိပါပေ၏။ (လည်ပင်းလည်တောင်ကလေးကလဲ အင်မတန်လှတယ်တဲ့၊ လက်လက် လက် လက်နဲ့) မောရ၊ ဥဒေါင်း။ တေ၊ သင်၏။ ပေခုဏာနိ၊ မြီးဆံတို့သည်လည်း။ ဗျာမမတ္တာနိ၊ တလံမျှ အတိုင်းအရှည်ရှိပါကုန်၏။ (မြီးဆံတွေကလဲ သိပ်လှ တယ်တဲ့) နစ္စေန၊ ကလိုက်ခြင်းကြောင့်။ တေ၊ သင်အား။ မေ၊ ငါ၏။ ဓီတရံ၊ သမီးကို။ နောဒဒါမိ၊ မပေးနိုင်တော့ပေလို့ဆိုပြီး–

အဲဒီ ဟင်္သာမကလေးကို ဟင်္သာမင်းကြီးရဲ့တူဖြစ်တဲ့ ဟင်္သာဖိုကလေးနဲ့ဘဲ လက်ထပ်လိုက်တယ်တဲ့၊ ဒီပွဲထဲမှာ–ဟုတ်လား၊ (မှန်ပါ ဘုရား) အမျိုးသမီး ကညာရတနာမှ ဆုတ်ယုတ်သွားသလဲ၊ (အရှက်အကြောက် မရှိလို့ပါဘုရား)

အဲဒီရဟန်းဟာလဲဘဲ ဒီလို အရှက် အကြောက် မရှိသည် ဖြစ်သောကြောင့် မြတ်စွာဘုရားရဲ့ သာသနာတော်မှ ဆုံးရှုံးပြီးတော့ သွားရတယ်၊ ဒါကြောင့်

---

၁။ ဇာတကဋ္ဌကထာ၊ ပ၊ နှာ–၂၂၃။

သမဏဖြစ်ခြင်း, ဗြာဟ္မဏဖြစ်ခြင်းရဲ့ အကြောင်းဖြစ်ကုန်သော ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးတို့ကို ငါတို့သည် ကျင့်ကြကုန်အံ့ဟူ၍ သင်ချစ်သားတို့ ဆောက်တည်ကြလို့.-

"ဟိရောတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဣတိဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

သာဓုဝေါ၊ နှလုံးပျော့ပျောင်း အမျိုးကောင်းသား, အမျိုးကောင်း သမီးအပေါင်းတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီ, ဩတ္တပ္ပတရား နှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်ဖြစ်၍။ သမဏာ၊ ကိလေသာ ငြိမ်းကြကုန်သည်။ ဗြာဟ္မဏာ၊ကိလေသာကိုအပပြုကြကုန်သည်။ ဟုတွာ၊ ဖြစ်ကြကုန်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

### မဟာအဿပုရသုတ္တန်

# တတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄-ရက်(ဝါခေါင်လကွယ်နေ့) ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်ဆောင်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာ ယမကဝဂ်၌လာသော မဟာ အဿပုရသုတ္တန်-တတိယပိုင်း တရားဒေသနာ။

(တရားတော်အချီး ပလ္လင်ခံစကားနှင့် ဘုရားရှိခိုးရှေးနည်းအတိုင်း)

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်းတရားကို မဟာအဿပုရသုတ္တန် ဒေသနာတော်မှာ ဟောကြားတော်မူခဲ့ရာဝယ် ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံပုံကို ပြီးခဲ့တဲ့သီတင်းနှစ်ပတ်က ဟောကြားလို့ပြီးခဲ့ပြီ။

မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို မှီခိုပြီးတော့ မဂ် ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်တဲ့ ကုသိုလ်ကောင်းမှုတရားကို ပွားများအားထုတ်ကြတဲ့ ပုဂ္ဂိုလ်ဆိုတာ သမဏ ဖြစ်ကြောင်းတရား, ဗြာဟ္မဏဖြစ်ကြောင်း တရားများကို ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမယ်တဲ့၊ အဲဒီသမဏဖြစ်ကြောင်း ဗြာဟ္မဏဖြစ်ကြောင်း တရားကိုကြိုးစားအားထုတ်မှသာလျှင် သမဏ ဟူသော အမည်,ဗြာဟ္မဏဟူသော အမည်ကိုလဲဘဲ ခံယူထိုက်တယ်၊ ဒါဖြင့် သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်း တရားတွေကို ကြိုးစားအားထုတ်မှသာလျှင် မိမိကို အမှီပြုပြီးတော့ ပစ္စည်းလေးပါးကို လှူဒါန်းနေကြတဲ့ တကာ တကာမများအတွက်လဲဘဲ ကောင်းကျိုးသုခ ဖြည့်စွမ်းနိုင်တယ်လို့ဆိုတာ ရည်ရွယ်ပြီးတော့ သမဏ,ဗြာဟ္မဏဖြစ်ကြောင်း တရားများကို ကျင့်ရမယ်လို့ မြတ်စွာဘုရား ဒီလိုဟောဘယ်၊ ဒါဖြင့်အဲဒီသမဏ, ဗြာဟ္မဏ ဖြစ်ကြောင်း တရားက ဘယ်တရားနဲ့ပြည့်စုံရမလဲဆိုတော့ ပဌမပတ်ကဟောခဲ့တဲ့ "ဟိရိဩတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမ"၊ ဒါကိုဟောပြီးပြီ-နော်၊(မှန်ပါဘုရား)

**ဟိရီဩတ္တပ္ပပြည့်စုံရုံနှင့် မတင်းတိမ်သင့်ပုံ**

ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံရမယ်၊ အဲဒီ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးရဲ့ အကျယ်ကို ဘုန်းကြီးတို့ ပြီးခဲ့တဲ့ သီတင်းပတ်က ဟောကြားလို့ပြီးခဲ့ပြီ၊ ဟောကြားထားတဲ့ဒေသနာတော်အတိုင်း မိမိကိုယ်တိုင်က သမဏဖြစ်ကြောင်း

ဗြာဟ္မဏဖြစ်ကြောင်း ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံပြီးလို့ ကျေနပ်ပလားတဲ့-မြတ်စွာဘုရားက။

"သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝမဿ ဟိရောတ္တပ္ပေ
နမှ သမန္နာဂတာ၊ အလမေတ္တာဝတာ၊ ကတမေတ္တာဝတာ၊ အနုပ္ပ
တ္တော နော သာမညတ္ထော၊ နတ္ထိ နော ကိဉ္စိ ဥတ္တရိံ **ကရ**ဏီယ"န္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ ပန၊ စင်စစ်သော်**ကား**။ သိယာ၊ ရှိခါ။ ဧဝါ၊ သင်တို့၏။ ဟိရောတ္တပ္ပေန၊ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးနှင့်။ သမန္နာ ဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ဧတ္တာဝတာ၊ ဤ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရှိမှုဖြင့်။ အလံ၊ ငါတို့၏အကျင့်သည်။ သင့်တော် လောက်ပြီ။ ဧတ္တာဝတာ၊ ဤဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရှိမှုဖြင့်။ ကတံ၊ သမဏအဖြစ်, ဗြာဟ္မဏအဖြစ်ကို ပြုအပ်ပြီးပြီ။ **နော၊** ငါတို့၏။ သာမညတ္ထော၊ သမဏ အဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် အကျိုးသည်။ **အနုပ္ပတ္တော၊** အစဉ်ရောက်လတ်ပြီ။ နော၊ ငါတို့၏။ ဥတ္တရိံ၊ ထို ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးထက်လွန်သော။ ကိဉ္စိ၊ တစုံတခုသော။ ကရဏီယံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ဖွယ်သည်။ နတ္ထီတိ၊ မရှိတော့ပြီဟူ၍။ ဧဝံ ပရိ ဝိတက္ကော၊ ဤသို့သော အကြံအစည်သည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။

ဒီပါဠိတော်ရဲ့ အနက်မြန်မာပြန်ဆိုပြီးတော့ အဓိပ္ပါယ်က ဘာပြောလဲ- သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်း တရားများကို ကြိုးစားအားထုတ်ကြတဲ့နေရာမှာ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါး ပြည့်စုံရှိမှုနဲ့ ငါတို့ကိစ္စပြီးပြီ၊ သမဏအဖြစ်, ဗြာဟ္မဏအဖြစ်ကို ပြုရတဲ့အကျိုးတွေ မဂ် ဖိုလ် နိဗ္ဗာန် ရောက်ကြောင်းဖြစ်တဲ့ သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်း တရားတွေရဲ့ အကျင့်ဟာ ပြီးဆုံးပြီလို့ သင်တို့စိတ်ထဲမှာ ဒီလိုမှတ်ကောင်းမှတ်လိမ့်မယ်တဲ့- မြတ်စွာဘုရားက။

"တာဝတကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ"။

တာဝတကေနေဝ၊ ထို ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရှိမှုဖြင့်သာလျှင်။ တုဋ္ဌိံ၊ အားရခြင်းနှစ်သက်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်ကုန်ရာ၏။

ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးပြည့်စုံရှိမှုနဲ့ ငါတို့တော်လောက်ပြီ၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရှိလောက်နဲ့ ငါတို့ သံသရာခရီးသွားဘို့အတွက် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့အတွက် လုံလောက်ပြီလို့ သင်တို့စိတ်ထဲမှာ ဒီလိုတွေးကောင်းတွေးလိမ့်မယ်တဲ့-မြတ်စွာဘုရားက၊ ဘာဆက်ဟောသလဲ-

"အာရောစယာမိ ဝေါ ဘိက္ခဝေ၊ ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်ချစ်သားတို့အား။ အာရောစယာမိ၊ ဟောကြားတော်မူပေဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား၊ ပဋိဝေဒယာမိ၊ နောက်ထပ်တဖန် ကျင့်ဘို့ရန် ဖြစ်တဲ့အကျင့်ကို သိစေဦးအံ့။

မပြီးသေးဘူးတဲ့-ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရုံလောက်နဲ့၊ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဟိရီ, ဩတ္တပ္ပတရား နှစ်ပါး ပြည့်စုံယင်ဘဲ တော်လောက်ကြပလား၊ (မတော်လောက်သေးပါဘူးဘုရား)နို့-ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးကကော ပြည့်စုံကြပလား၊ (ပြည့်စုံပါတယ်ဘုရား) နောက်ပိုင်းက ဘုန်းကြီးဟောလာခဲ့တဲ့ ဟိရီ, ဩတ္တပ္ပတရား နှစ်ပါးရဲ့ အဓိပ္ပါယ် အကျယ်ကို တကာ တကာမတွေ အကုန်သေသေချာချာ နာပြီးပြီ၊မမှတ်မိသေးတဲ့ ပုဂ္ဂိုလ်များ ကြိုးခွေတွေ သွင်းထားတာရှိတော့ အဲဒီကြိုးခွေတွေကဲ ပြန်ပြီးတော့ ဒီ ဟိရီ,ဩတ္တပ္ပနှစ်ပါးရဲ့ အဓိပ္ပါယ်အကျယ်ကို ပြန်ပြီးတော့နာကြ-ဟုတ်လား၊ (မှန်ပါဘုရား)

ဒီ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံရုံလောက်နဲ့ ရောင့်ရဲမနေကြနဲ့ အုံးတဲ့။

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

သာမညတ္ထိကာနံ၊ သမဏအဖြစ်ဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် အကျိုးကို အလိုရှိကြကုန်သည်။ သတံ၊ ဖြစ်လတ်သော်။ ဝေါ၊ သင်တို့၏။ ဥတ္တရိံ၊ ထိုထက်လွန်သော။ ကရဏီယေ၊ ပြုဘွယ်ကိစ္စသည်။ သတိ၊ ရှိလတ်သော်။ ဝေါ၊သင်ချစ်သားတို့အတွက်။ သာမညတ္ထော၊ သမဏအဖြစ်ဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် အကျိုးသည်။ မာပရိဟာယိ၊ မဆုတ်ယုတ်ပါစေလင့်။

ချစ်သားတို့... ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါး ပြည့်စုံရုံလောက်နဲ့ ချစ်သားတို့က ပြည့်စုံလောက်ပြီ, တော်လောက်ပြီ, သမဏအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် အကျိုး ငါတို့ပြည့်စုံလုံလောက်ပြီလို့ အဲဒီလိုတင်းတိမ် ရောင့်ရဲပြီးတော့ မနေကြနဲ့၊ သင်ချစ်သားတို့မှာ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးထက် ပိုပြီးတော့ ကျင့်စရာ အကျင့်တွေ ရှိသေးတယ်၊ဒီအကျင့်ကို မကျင့်မိလို့ သင်ချစ်သားတို့မှာ မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော အကျိုးမဆုတ်ယုတ်ပါစေနဲ့တဲ့၊ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးမှတပါး ကျင့်စရာအကျင့်တွေ မရှိတော့ဘူလားဆိုတော့-ရှိသေးသတဲ့။

"ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယံ"။

ဘိက္ခဝေ၊ရဟန်းတို့။ဥတ္တရိံ၊ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးထက်လွန်မြတ်သော။ ကရဏီယံ၊ ပြုဘွယ်ကိစ္စ ကျင့်ကြံဖွယ်သည်။ ကိဉ္စ၊ အဘယ်တရားနည်း။

**စင်ကြယ်သောကိုယ်အမူအရာ** ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးနဲ့တော့ ပြည့်စုံပါပြီ၊
**စသည်ကိုဆက်လက်ကျင့်ရန်** ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးထက် ပိုပြီးတော့ ကျင့်စရာရှိသေးတယ်ဆိုတော့ဘယ်တရားပါလဲ၊

ကျင့်ဘို့ကျွဲနော်-ဟုတ်လား၊ (မှန်ပါ) ဒီတရားတွေ ဟောနေတာ ဒီတရားတွေနာနေဟာ ဘာလုပ်ဘို့ဟောကြတာ- ဘာလုပ်ဘို့နာကြတာလဲ သိအောင်နော်၊ (မှန်ပါ) သိတော့ဘာလုပ်မှာလဲ၊ (ကျင့်ရမှာပါဘုရား) အေး-ဒီတော့ ဓမ္မဝိဟာရီပုဂ္ဂိုလ်လို့ဆိုတာ ဖြစ်အောင်လုပ်ရမယ်၊ တရားနှလုံးကျင့်သုံးတဲ့ပုဂ္ဂိုလ် ယာရားနဲ့နေတဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကိုယ်ကကျင့်ပေးရမယ်၊ တရားဟောနေတယ်, တရားနာနေတယ်လို့ဆိုတာ အပိုမဟုတ်ဘူးကွဲ့-ဟုတ်လား(မှန်ပါဘုရား) အဲဒီ တရားတွေကိုဟောလို့ ဒီတရားတွေကိုနာလို့ ကိုယ်ကအသိဉာဏ်တွေရောက်လာယင် ကိုယ်သိထားတဲ့အတိုင်း ရှောက်ပြီးတော့ကျင့်ဘို့အတွက် ဒီတရားဟောရတာ၊ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးထက်ပိုပြီး ကျင့်ရမှာ ဘာကျင့်ရမတုံး-မြတ်စွာဘုရားက။

"ပရိသုဒ္ဓေါ နော ကာယသမာစာရော ဘဝိဿတိ ဥတ္တာနော ဝိဝဋော၊ န စ ဆိဒ္ဒဝါ၊ သံဝုတော စ"။

နော၊ ငါတို့၏။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ဥတ္တာနော၊ ပေါ်လွင်သည်။ ဝိဝဋော၊ မဖုံးလွှမ်းအပ်သည်။ ဝါ၊ ဖွင့်လှစ်၍ထားအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဆိဒ္ဒဝါ၊ ကိလေသာဝင်စရာ အပေါက်ရှိသည်။ န စ ဘဝိဿတိ၊ မဖြစ်လတ္တံ့။ သံဝုတော စ၊ အပြစ်ကို ဖုံးလွှမ်းရန်မဟုတ်ဘဲ ကိလေသာမဝင်အောင် ပိတ်ဖုံး၍ထားခြင်း သည်လည်း။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်လတ္တံ့။

ပရိသုဒ္ဓ ကာယသမာစာရ၊ အဲဒီ ပရိသုဒ္ဓ ကာယသမာစာရလို့ဆိုတာ ကိုယ်အမူအရာစင်ကြယ်မှုရှိရမယ်၊ ဒီနေရာမှာ-"သာမညတ္ထော ပရိဟာယိ" လို့ ဆိုတဲ့ အဓိပ္ပါယ်ကို နဲနဲပြောကြအုန်းစို့။

**သာမညနှင့်သာမညတ္ထနှစ်မျိုး** သာမည-သာမညတ္ထ၊ နှစ်မျိုးရှိတယ်၊ အောင်ကြည် (ဘုရား) ဘယ်နှစ်မျိုးတဲ့လဲကွဲ့၊ (နှစ်မျိုးပါဘုရား) ဘာရယ်ဘာရယ်တုံးကွဲ့၊ (သာမည, သာမညတ္ထပါဘုရား) ဘာခေါ်တုံးကွဲ့ အဲဒါ မသိဘူးနော်၊ (မှန်ပါ) မသိတော့ ဘယ်လိုလုပ်ကျင့်ကြမလဲ၊ (မကျင့်တတ်ပါဘူးဘုရား) သိတော့လဲဘဲ ကျင့်ချင်တဲ့ပုဂ္ဂိုလ်များအတွက် ကျင့်ဘို့လွယ်ကူမသွားဘူးလား၊(လွယ်ကူပါတယ်ဘုရား) အေး-အဲဒါကြောင့် တရားဟောပေးရတာ၊ ဒါကြောင့် တရားနာပေးရတာ။

သာမည်, သာမညတ္ထ–ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား) ပါဠိတော်မှာ ရှိနေတာ သာမညတ္ထော-ဟုတ်လား၊ သာမညဆိုတာ ဘာခေါ်သလဲဆိုတော့ အဲဒါ ဘယ်သွားရမလဲ–ဟို မဟာဝဂ္ဂသံယုတ်ပါဠိတော်သွားလိုက်၊ မြတ်စွာဘုရားက–

''ကတမဉ္စ ဘိက္ခဝေ သာမညံ''၁။

ဘိက္ခဝေ၊ ရဟန်းတို့။ သာမညံ၊ သာမညဆိုတဲ့သဘောသည်။ ကတမံ၊ အဘယ်နည်း။

သာမညဆိုတာဘာလဲတဲ့-

''အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သာမညံ''၂။

**မဂ္ဂင်ရှစ်ပါးနှင့်သိက္ခာသုံးပါး ယှဉ်တွဲပုံ** သာမညဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာသမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိလို့ခေါ်တဲ့ အဲဒီမဂ္ဂင်ရှစ်ပါးအကျင့်တရားကို သာမညလို့ခေါ်တယ်တဲ့၊ အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကို အကျဉ်းချုံးပြီး သိက္ခာသုံးပါးနဲ့ရေတွက်တဲ့ အခါကျတော့-

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝခေါ်တဲ့ မဂ္ဂင်သုံးပါးသည် သီလသိက္ခာ၌ အကျုံးဝင်၏၊ ဘာသိက္ခာ၌ အကျုံးဝင်တုံး၊ (သီလပါဘုရား)

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟုဆိုအပ်သော မဂ္ဂင်သုံးပါးသည် သမာဓိသိက္ခာ၌ အကျုံးဝင်၏၊ ဘာသိက္ခာ တုံးကွဲ၊ (သမာဓိသိက္ခာပါဘုရား)

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟုဆိုအပ်သော မဂ္ဂင်နှစ်ပါးသည် ပညာသိက္ခာ၌ အကျုံးဝင်၏၊ ဘာသိက္ခာတဲ့တုံး၊ (ပညာပါဘုရား) သီလ သမာဓိ ပညာ-နော်၊ (မှန်ပါ)

အဲဒီ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ဘာလို့ခေါ်တုံးကွဲ၊ သာမည လို့ ဒီလိုခေါ်တယ်–နော်၊ (မှန်ပါ) သာမည နားလည်ပြီ နော်၊ (မှန်ပါ)

---

၁–၂။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ–၂၀။ မူလပဏ္ဏာသဋ္ဌကထာ၊ ၃၊ နှာ–၂၁၄။

**အဝိသီလသိက္ခာ** သာမညနာလည်ပြီဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေမှာ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ပြီး နေတဲ့အခါ ဝင်တဲ့လေ ထွက်တဲ့လေ အပေါ်က မိမိစိတ် တခြားအာရုံကိုမရောက်အောင် စောင့်ရှောက်တဲ့ ထိန်းသိမ်းတဲ့ အမူအရာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီလို စောင့်ရှောက်ထိန်းသိမ်းတာသည်-

"သံဝရဋ္ဌေန အဓိသီလသိက္ခာပိ သိက္ခတိ"။

သံဝရဋ္ဌေန၊ မိမိစိတ်ကို အာရုံတပါးမပျံ့သွားအောင် စောင့်ရှောက်ထိန်းသိမ်း၍ နေခြင်းဟူသောအကြောင်းကြောင့်။ အဓိသီလသိက္ခာပိ၊ အဓိသီလသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်၍နေသည်မည်၏။

သမဏအဖြစ်-မင်းတို့လုပ်ငန်းထဲ ဝင်သွားပြီ မဟုတ်လား၊(မှန်ပါ) အာနာပါနကမ္မဋ္ဌာန်းကိုဖြစ်စေ, တစုံတခုသော ကမ္မဋ္ဌာန်းကိုဖြစ်စေ, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုဖြစ်စေ ကမ္မဋ္ဌာန်းထဲက မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းအာရုံတခုကို ယူပြီးတော့ မိမိစိတ် ဒီကမ္မဋ္ဌာန်းအာရုံပေါ်က တခြားအာရုံသို့ပြောင်းမသွားအောင် ရွေ့မသွားအောင် ထိန်းထားတဲ့ သဘောကလေး, စောင့်ရှောက်နေတဲ့သဘောကလေး မရှိဘူးလားလို့၊ (ရှိပါတယ်ဘုရား) အဲဒီထိန်းတဲ့စောင့်ရှောက်တဲ့သဘောကို ဘာခေါ်သလဲဆိုတော့ အဓိသီလသိက္ခာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-သမဏဘဲတဲ့၊ သမဏဖြစ်ကြောင်းတရားဘဲတဲ့၊ ဒါနားလည်ပြီ-နော်၊ (နားလည်ပါတယ်ဘုရား)

**အဓိစိတ္တသိက္ခာ** စိတ်ကို တခြားအာရုံသို့ မပျံ့မလွင့်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နေတဲ့အခါမှာ အဲဒီစိတ်သည် အာရုံတပါးကို မပျံ့လွင့်ဘဲနဲ့ မိမိထားတဲ့ ကမ္မဋ္ဌာန်းအာရုံပေါ်မှာ တည်နေတဲ့အခိုက်အတန့်ကလေးများကော မရှိဘူး ဘူးလား၊ (ရှိဘူးပါတယ်ဘုရား) အဲဒီလို တည်နေတဲ့အခိုက်အတန့်ကို ဘာခေါ်တုံးလို့ဆိုတော့-

"အဝိက္ခေပဋ္ဌေန အဓိစိတ္တသိက္ခာပိ သိက္ခတိ"။

အဝိက္ခေပဋ္ဌေန၊ စိတ်သည်အာရုံတပါး မပျံ့သွားခြင်းတည်းဟူသောအနက်သဘောသတ္တိကြောင့်။ အဓိစိတ္တသိက္ခာပိ၊ သမာဓိသိက္ခာဟုဆိုအပ်သော အဓိစိတ္တသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်နေသည်မည်၏။

ဟော–သမဏအဖြစ်–နော်။ သမဏဖြစ်သွားပြီ မဟုတ်လား၊ (မှန်ပါ) အဲဒီ သီလသိက္ခာ သမာဓိသိက္ခာသည် ဘာဘုံး–သမဏ၊ သီလသိက္ခာ သမာဓိ သိက္ခာ ရှိတဲ့ပုဂ္ဂိုလ်ကို သမဏ–ရဟန်း၊ ဒီလိုခေါ်ရတယ် မဟုတ်လား၊ (မှန် ပါဘုရား)

**အဓိပညာသိက္ခာ** ထွက်လေဝင်လေဖြစ်တဲ့ ကမ္မဋ္ဌာန်းအာရုံတခုပေါ်မှာ စူး စိုက်ရှုပွားနေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများအတွက် ဝိပဿနာ အာရုံတခုခု ကျကျနန ပြတ်ပြတ်သားသား ဖိဖိ စီးစီး တွေ့ကြုံနေတဲ့အချိန်သည် အဓိပညာသိက္ခာဟုတ်လား၊ (မှန်ပါဘုရား)

"ဒဿနဋ္ဌေန အဓိပညာသိက္ခမ္ပိ သိက္ခတိ"။

ဒဿနဋ္ဌေန၊ အာရုံကို ပြတ်သား ကြည်လင်စွာ ထင်ရှားသိမြင်ရှုနေသော အနက်သဘောသတ္တိကြောင့်။ အဓိပညာသိက္ခမ္ပိ၊ အဓိပညာသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်ရှုနေသည်မည်၏။

သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါး၊ အကျယ်ပွားလိုက်တော့ သမဏ လို့ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးသည် အဲဒီအာနာပါနကမ္မဋ္ဌာန်းအာရုံတခုကို နှလုံး သွင်းနေတဲ့ ပုဂ္ဂိုလ်အဘို့မှာ အကုန်လုံး အကျုံးဝင်မသွား ပေဘူးလား–လို့၊ (အကျုံးဝင်နေပါတယ်ဘုရား) ဒါ သာမည–နော်၊ (မှန်ပါ) သာမည–တဲ့ ရှိရဲ့လားကွဲ မင်းတို့မှာ၊ (ရှိကြပါတယ်ဘုရား) ဘယ်လောက်ကြာကြာရှိလဲ- (ခဏခဏပါဘုရား) ခဏဘဲဟုတ်လား၊ (မှန်ပါဘုရား)

**ပဂ်, ဖိုလ်တရားသည်သာမညတ္ထ** ကောင်းပြီ–သာမညကို ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ, အမျိုးကောင်းသမီးတွေ နားလယ်သွားကြပြီ–နော်၊ (မှန်ပါဘုရား)ဒါဖြင့် သာမညတ္ထဆိုတာ ဘာတုံး၊ ဒီတော့ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဘာဟောလဲ–

"ကတမော စ ဘိက္ခဝေ သာမညတ္ထော"[၁]။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သာမညတ္ထော၊ သမဏအဖြစ် ဟုဆိုအပ်သောအကျိုးသည်။ ကတမော စ၊ အဘယ်နည်း။

အဲဒီ သမဏ ၏ အကျိုးအာနိသံသက ဘာတုံး၊ မဂ္ဂင်ရှစ်ပါးကိုကျင့်ခြင်း ရဲ့ အကျိုးအာနိသံသက ဘာတရားတုံး၊ ဘာအကျိုးတွေ့ရသတုံး ဆိုတော့–

"ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။
အယံ ဝုစ္စတိ ဘိက္ခဝေ သာမညတ္ထော"[၂]။

---

၁–၂။ မူလပဏ္ဏာသဋ္ဌကထာ ဒု၊ နှာ–၂၁၄။

ယောရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အကြင်ရာဂ၏ကုန်ရာ ဒေါသ၏ကုန်ရာ မောဟ၏ကုန်ရာ (ဒီနေရာမှာ အနက်တွေ အမျိုးမျိုးသွားတယ်) ဝါ၊ ရာဂ၏ ကုန်ကြောင်း ဒေါသ၏ကုန်ကြောင်း မောဟ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ချမ်းသာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤရာဂကုန်ကြောင်း ဒေါသကုန်ကြောင်း မောဟကုန်ကြောင်း၊ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာဖြစ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသည်။ သာမညတ္ထော၊ သာမညတ္ထမည်၏။

ဒါ သာမညတ္ထ၊ သာမညတ္ထသဘောပေါက်ပြီမဟုတ်လား၊ (မှန်ပါဘုရား) ဟောရင်းစွဲဖြစ်တဲ့ မဟာအဿပုရသုတ္တန် အဋ္ဌကထာဆရာတော်က–

"မဂ္ဂမ္ပိ ဖလမ္ပိ ကေစော ကတွာ သာမညတ္ထော ကထိတော"။

မဂ်ကရား ဖိုလ်တရားဟာလဲဘဲ သမဏ၏အကျိုးအာနိသံသဖြစ်တဲ့ သာမညတ္ထပါဘဲတဲ့-ဟုတ်လား၊ သာမည, သာမညတ္ထကို နားလည်ကြပြီ-နော်၊ အဲဒီ သာမည အဖြစ်, သာမညတ္ထဟူသောအဖြစ်က မဆုတ်ယုတ်စေချင်ယင် ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံပြီးယင် ဘာကျင့်ရမလဲ–

"ပရိသုဒ္ဓေါ နော ကာယသမာစာရော ဘဝိဿတိ ဥတ္တာနော ဝိဝဋော၊ န စ ဆိဒ္ဒဝါ၊ သံဝုတော စ"။

နော၊ ငါတို့၏။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ဥတ္တာနော၊ ပေါ်လွင်သည်။ ဝိဝဋော၊ မဖုံးလွှမ်းအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဆိဒ္ဒဝါ၊ ကိလေသာဝင်စရာအပေါက်ရှိသည်။ နစဘဝိဿတိ၊မဖြစ်လတ္တံ့။ သံဝုတော စ။ ကိလေသာမဝင်အောင် ပိတ်ဖုံး၍ထားခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။

ကိလေသာဝင်စရာ အပေါက်တွေကဘယ်လောက်များလဲ၊ (အားကြီးပါဘုရား) ဟင်- စက္ခု သောတ ဃာန ဇိဝှါ ကာယ မနတဲ့-ဟုတ်လား၊ (မှန်ပါဘုရား) ကိုယ်အမူအရာကွဲ့၊ နှုတ်အမူအရာကွဲ့၊ ပြီးတော့ စိတ်အမူအရာကွဲ့။

မစိုးရိမ်ဆရာတော်ဘုရားကြီးက ရှစ်ဌာနပြတယ်၊ ဘယ်နှစ်ဌာနလဲ၊ (ရှစ်ဌာနပါဘုရား) အဲ့ဒီဌာနတွေက ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ကိလေသာတွေဝင်ဝင်မနေဘူးလားလို့၊ (ဝင်နေပါတယ်ဘုရား) ကိုယ်အမူအရာနဲ့ အလုပ်လုပ်လိုက်လို့ ကိုယ်အမူအရာမစင်ကြယ်ယင် ရာဂ ဒေါသ မောဟ မာန ကိလေသာတွေ ဝင်မလာဘူးလား၊ (ဝင်လာပါတယ်

ဘုရား) စိတ်အမူအရာနဲ့ ကောက်ကွဲ့၊ (ဝင်လာပါတယ်ဘုရား) နှုတ်အမူအရာနဲ့ ကောက်ကွဲ၊ (ဝင်လာပါတယ်ဘုရား) ပစ္စည်းရှာမှုနဲ့ ပက်သက်လို့ ကောက်ကွဲ၊ (ဝင်လာပါတယ်ဘုရား) ကိလေသာဝင်စရာတွေ၊ (မှန်ပါ)

အဲဒီတော့ ကိုယ်အမူအရာတွေ စင်ကြယ်တဲ့အနေအားဖြင့် "ပရိသုဒ္ဓေါ နော ကာယသမာစာရော"။

နော၊ ငါတို့၏။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဆိဒ္ဒဝေါ၊ ကိလေသာဝင်စရာအပေါက်ရှိသည်လည်း။ န စ ဘဝိဿတိ၊ မဖြစ်သတ္တံ့။ သံဝုတော စ၊ ဖုံးလွှမ်း၍ထားအပ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘယ်ကိုဖုံးရမှာလဲ၊ ရှိတဲ့အပြစ်တွေကိုဖုံးရမှာလားလို့ ဆိုတော့– အဋ္ဌကထာက မဟုတ်ဘူးတဲ့၊ ရှိတဲ့အပြစ်ကိုဖုံးဘို့ မဟုတ်ဘူးတဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကိုယ့်မှာအပြစ်ရှိနေယင် ဖုံးထားရမလား၊ ဘာလုပ်ရမလဲ၊ ကိုယ့်မှာရှိနေတဲ့ အပြစ်တွေကို ဖော်ပြောဝံ့တဲ့သူတွေ ရှိကြရဲ့လား၊ (မရှိပါဘုရား)

**မစင်ကြယ်သောကိုယ်အမူအရာ** "ပရိသုဒ္ဓေါ နော ကာယသမာစာရော" ကို အဓိပ္ပါယ် ပြောနေတာ–နော်၊ အဋ္ဌကထာဆရာတော်ကလဲဘဲ အဲဒီ "ပရိသုဒ္ဓေါ နော ကာယသမာစာရော" ကိုဘဲ အဓိပ္ပါယ်ဖွင့်တယ်၊ ဘာလဲ–"ပရိသုဒ္ဓကာယသမာစာရ, အပရိသုဒ္ဓကာယသမာစာရ" လို့ နှစ်မျိုးရှိတယ်တဲ့၊ စင်ကြယ်တဲ့ကိုယ်အမူအရာ, မစင်ကြယ်တဲ့ကိုယ်အမူအရာလို့ ဒီလိုနှစ်မျိုးရှိတယ်၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်နော်၊ မိမိရဲ့ကိုယ်အမူအရာတွေ စင်ကြယ်သလား, မစင်ကြယ်ဘူးလားဆိုတာ၊ (မှန်ပါ) တကာ တကာပတွေတင် မဟုတ်ဘူး၊ ဒီတရားဟောပလ္လင်ပေါ်က ကိုယ်တော်လဲပါတယ်–သိလား၊ (မှန်ပါဘုရား) မိမိရဲ့ ကိုယ်အမူအရာ စင်ကြယ်, မစင်ကြယ်ကို ပြန်ပြီးတော့ ကြည့်တတ်အောင်လို့–ပရိသုဒ္ဓေါ နော ကာယသမာစာရော–ကိုယ်အမူအရာ စင်ကြယ်တယ်, မစင်ကြယ်ဘူးဆိုတဲ့ နှစ်မျိုးတို့တွင် အဋ္ဌကထာဆရာတော်က ဘာပြသလဲဆိုတော့–မစင်ကြယ်တဲ့ ကိုယ်အမူအရာကို ပြတယ်၊ မစင်ကြယ်တဲ့ကိုယ်အမူအရာဆိုတာ ဘယ်လိုကိုယ်အမူအရာမျိုးလဲဆိုတော့–

"ယော ဟိ ဘိက္ခု ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ ကာမေသု မိစ္ဆာ စရတိ၊ တဿ ကာယသမာစာရော အပရိသုဒ္ဓေါ နာမ"။

အဲဒါ အဋ္ဌကထာ၊ အဋ္ဌကထာနည်းပြီးတော့ ပါဠိတော်နည်းကို ဘုန်းကြီးပြော ပေးအုံးမယ်၊ ဒီနေရာမှာ–

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ (ရဟန်းဆိုတော့ မင်းတို့မပါဘူးမဟုတ်လား၊ (မပါပါဘူးဘုရား) ဒီတရားထဲ မင်းတို့ မပါဘူးဆိုကတည်းက မင်းတို့ ဘယ်ရောက်သွားပလဲ၊ ဟင်- မင်းတို့တော့ မပါချင်ဘူး ဟုတ်လား၊ (ပါချင်ပါတယ်ဘုရား) အေး- ဘိက္ခုဆိုတာ ဘာကိုပြောတာလဲဆိုတော့ ဘိက္ခုဆိုတဲ့ သဒ္ဒါက လေ၊ ဘိက္ခုဆိုတိုင်း ရဟန်းတို့ ဘုန်းကြီးတို့တွေဘက်ကိုချည်း ဦးတယ်တယ်-ဟုတ်လား (မှန်ပါ)

ဘိက္ခု-ဟုခေါ်ဆိုခြင်းအကြောင်း ဟိုဘုန်းကြီးကို ဘိက္ခုလို့ ခေါ်တာက- ဘိက္ခနသီလော ယာစန သီလော ဘိက္ခုတဲ့ ဟုတ်လား၊ (မှန်ပါ) ဟို သူတပါးလှူတန်းတဲ့ အလှူအတန်းတွေကို အလှူခံပြီးတော့ တောင်းရမ်းစားသောက်တတ်တဲ့ သဘောရှိသောကြောင့် အဲဒီ ပုဂ္ဂိုလ်ကို ဘိက္ခုလို့ခေါ်တယ်-ဟုတ်လား၊ (မှန်ပါ) ဘိက္ခနသီလော ယာစန-သီလော၊ တောင်းခြင်း အလှူခံခြင်းအလေ့ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဘိက္ခု၊ဘိက္ခုမည်၏။ ဟုတ်လား၊ (မှန်ပါ)

ဒီတော့ အဲဒီ ဘိက္ခုက ဘယ်လိုလဲဆိုတော့ တောင်းတဲ့အလေ့ ရှိတယ်တဲ့ ဟုတ်လား၊ ဘာလုပ်တဲ့အလေ့ရှိသလဲ၊ (တောင်းတဲ့ အလေ့ရှိပါတယ်ဘုရား) အဲဒီလိုတောင်းတတ်တဲ့ အလေ့ရှိသောကြောင့် ဘိက္ခု-လို့ခေါ်တာက တမျိုး။

သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု ကျတော့ သံသရာ၏ အပြစ်ဘေးတွေကို တွေးကြောက်ပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်ကို ဘိက္ခု-လို့ ခေါ်တယ်တဲ့-ဟုတ်လား၊ (မှန်ပါဘုရား)

"ကိလေသေ ဘိန္ဒတီတိ ဘိက္ခု"။

ကိလေသေ၊ ကိလေသာတရားတို့ကို။ ဘိန္ဒတိ၊ ဖြိုခွဲဖျက်ဆီး၍ ပစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏လို့ဆိုတော့-

အခုလှူကြတယ်၊ တန်းကြတယ်၊ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေ ဘာဝနာကုသိုလ်တွေကို ပြုလုပ်ပွားများ အားထုတ်နေကြတယ်ဆိုတာဟာ လှူတယ်ဆိုတဲ့ ကုသိုလ်ဟာ လောဘကိလေသာက ထွက်အောင် လှူတာမဟုတ်လားလို့၊ (မှန်ပါဘုရား) လှူတဲ့ ပုဂ္ဂိုလ် ဘိက္ခုထဲ မပါဘူးလား၊ (ပါပါတယ်ဘုရား)

ဥပုသ်စောင့်တယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် ဒေါသဆိုတဲ့ကိလေသာက လွတ်အောင် လွတ်အောင် လုပ်ထာမဟုတ်ဘူးလား၊(မှန်ပါ) ဒီတော့-ဥပုသ်စောင့်တဲ့ပုဂ္ဂိုလ်

ဟာ ဒေါသဖြစ်ဖို့ရှိသေးရဲ့လား၊ (မရှိပါဘူးဘုရား) ဒေါသကိလေသာတွေ ခွါမနေဘူးလား၊ (ခွါနေပါတယ်ဘုရား) ဒေါသကိလေသာတွေကို ဖျက်ဆီး မနေဘူးလား၊ (ဖျက်ဆီးနေပါတယ်ဘုရား)

လှူတဲ့တန်းတဲ့ပုဂ္ဂိုလ်တွေက လောဘကိလေသာတွေကို ဖျက်ဆီးနေတယ်၊ သီလစောင့်တဲ့ပုဂ္ဂိုလ်က ဒေါသကိလေသာတွေကို ဖျက်ဆီးပြီးတော့နေတယ်၊ ဝိပဿနာတရား နှလုံးသွင်းကျင့်သုံးကြတဲ့ အမျိုးကောင်းသားတွေ၊ အမျိုး ကောင်းသမီးတွေက မောဟကိလေသာတွေကို ဖျက်ဆီးပြီးတော့နေတယ်ဆိုတဲ့- ကိလေသေ၊ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာတွေကို။ ဘိန္ဒတိ၊ လှူခြင်း သီလဆောက်တည်ခြင်း ဘာဝနာပွါးခြင်းဖြင့် ဖျက်ဆီးတတ်၏။ ဣတိ၊ ထို့ ကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏-လို့ ဆိုတော့-ဒီလိုလှူဒါန်းနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ သီလဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ၊ ကမ္မဋ္ဌာန်းနှလုံးကျင့်သုံးကြတဲ့ပုဂ္ဂိုလ်တွေ ဘိက္ခု ထဲမပါဘူးလား၊ (ပါပါတယ်ဘုရား) အဲဒီဘိက္ခုသည်-

"ယော ဟိ ဘိက္ခု ပါဏံ ဟနတိ၊အဒိန္နံ အာဒိယတိ၊ကာမေသု မိစ္ဆာစရတိ၊တဿ ကာယသမာစာရော အပရိသုဒ္ဓေါနာမ"။

ယောဘိက္ခု၊အကြင်ပုဂ္ဂိုလ်သည်။ ယော ဘိက္ခု၊ အကြင်ကိလေသာတွေကို ဖျက်ဆီးပစ်တတ်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်။ ဝါ၊လှူတဲ့ တန်းတဲ့ သီလဆောက်တည်တဲ့ ဝိပဿနာတရားနှလုံးကျင့်သုံးတဲ့ အမျိုးကောင်း သား၊အမျိုးကောင်းသမီးသည်။ ပါဏံ၊ သူ့အသက်ကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊အရှင်သည် ကိုယ်နှုတ်တို့ဖြင့်မပေးအပ်သော သူ့ဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ ကာမေသု၊ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့၌။ မိစ္ဆာ၊မှောက်မှား သောအားဖြင့်။ စရတိကျင့်၏။တဿဘိက္ခုနော၊ထိုကာယကံသုံးပါးမလုံခြုံသော ပုဂ္ဂိုလ်၏။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ အပရိသုဒ္ဓေါနာမ၊ မစင်ကြယ်သည်မည်သည်။ ဟောတိ၊ဖြစ်၏။

ဒါ ကာယသမာစာရ၊မစင်ကြယ်တဲ့ ကိုယ်အမူအရာ၊ အဲဒါကို အဋ္ဌကထာ ဆရာတော်က ဘာပြောထားသလဲဆိုတော့၊ အင်း-ဒုစရိုက်ဆယ်ပါးမှာ ကာ ယကံသုံးပါး မစင်ကြယ်တာကို ပြောတာဟုတ်လား၊ ကမ္မပထဝသေန တဲ့၊ ကမ္မပထ၏အစွမ်းအားဖြင့် သူကမစင်ကြယ်ဘူး-နော်၊ (မှန်ပါဘုရား)

သိက္ခာပဒ၏ အစွမ်းအားဖြင့်လဲ မစင်ကြယ်တာရှိသေးတယ်၊ အဲဒါတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ကျမ်းဂန်မှာ အကျယ်ပြပြီးတော့ အဋ္ဌကထာဖွင့်ထား

တာက-သူ့အသက်သတ်တယ်၊ သူ့ဥစ္စာခိုးတယ်၊ရူပသဒ္ဒစသည်အာရုံ ကာမ ဂုဏ်တွေကိုမှားယွင်းသောအားဖြင့် ကျင့်တယ်ဆိုတဲ့ ပုဂ္ဂိုလ်၏ကိုယ်အမူအရာသည် စင်ကြယ်သလား-မစင်ကြယ်ဘူးလား၊ (မစင်ကြယ်ပါဘူးဘုရား) သူက မစင် ကြယ်တဲ့ အပရိသုဒ္ဓကာယသမာစာရ။

ဝိပရိတော ပရိသုဒ္ဓကာယသမာစာရ၊အပြန်ကြည့်လိုက်မယ်ဆိုယင် သူ့အသက် လဲမသတ်ဘူး၊ သူ့ဥစ္စာလဲမခိုးဘူး၊ ကာမဂုဏ်ကိုလဲ မှားယွင်းသောအားဖြင့် မကျင့်ဘူးဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ကိုယ်အမူအရာသည် စင်ကြယ်သလားမစင်ကြယ် ဘူးလား၊(စင်ကြယ်ပါတယ်ဘုရား) ရှိသလားကွဲ့၊အဲဒီ- ပရိသုဒ္ဓကာယသမာ စာရ၊ ကိုယ့်ကိုယ် ကိုယ် ပြန်ကပ်ကြည့်လိုက်။ အခုပါဠိတော်ကပြောဘယ်- သူ့အသက်သတ် သူ့ဥစ္စာခိုး ကာမဂုဏ်တွေ မှားယွင်းသောအားဖြင့် ကျင့်ယင် ကိုယ်အမူအရာ မစင်ကြယ်ဘူးတဲ့- ဟုတ်လား၊(မှန်ပါဘုရား) သူ့အသက်လဲ မသတ်ဘူး သူ့ဥစ္စာလဲမခိုးဘူး-ကာမဂုဏ်တွေကိုမှားယွင်းသောအားဖြင့်လဲမကျင့် ဘူးဆိုယင် ကိုယ်အမူအရာစင်ကြယ်သတဲ့၊ ငါ့မှာ အဲဒီကိုယ်အမူအရာစင်ကြယ် မှုရှိသလား-မရှိဘူးလားဆိုတာ ပြန်ကပ်ကြည့်လိုက်၊ ရှိသလားကွဲ့၊ (ရှိပါတယ် ဘုရား)

**မစင်ကြယ်သောကိုယ်အမူအရာ** ကိုယ်အမူအရာမစင်ကြယ်ယင်- အဋ္ဌကထာက တနည်းဖွင့်ပြသေးတယ်၊ ဘယ်လိုမစင်ကြယ် သလဲဆိုတော့-

"ယော ပန ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ ပရံ ပေါထေတိ ဝိဟေဌေတိ၊တဿ ကာယသမာစာရော အပရိ သုဒ္ဓေါနာမ ဟောတိ"။

ယောပန၊အကြင်သူသည်ကား။ ပါဏိနာ ဝါ၊ လက်ဖြင့်၎င်း။လေဍ္ဍုနာဝါ၊ ခဲ အုတ်ခဲ ကျောက်ခဲ စသည်ဖြင့်၎င်း။ ဒဏ္ဍေနဝါ၊ တုတ်ဖြင့်၎င်း။ သတ္ထေနဝါ ဓား လှံ သေနတ်စသောလက်နက်ဖြင့်၎င်း။ ပရံ၊သူတပါးကို။ ပေါထေတိ၊ ပုတ်ခတ်၏။ ဝိဟေဌေတိ၊ ခြိမ်းချောက်ညှဉ်းဆဲ၏။တဿ၊ထိုပုဂ္ဂိုလ်၏။ ကာယ သမာစာရော၊ ကိုယ်အမူအရာသည်။ အပရိသုဒ္ဓေါနာမ၊ မစင်ကြယ်သည်မည် သည်။ဟောတိ၊ ဖြစ်၏။

ခဲလေးနဲ့၊တုတ်လေးနဲ့ တိရစ္ဆာန်တွေရော ဘာတွေရော မကျန်-နေ့ဲဟုတ် လား၊ (မှန်ပါဘုရား) ခြိမ်းလိုက်ချောက်လိုက် မြှောက်လိုက် ပင့်လိုက်မယ် ဆိုယင် ဒီပုဂ္ဂိုလ်ရဲ့ ကိုယ်အမူအရာ စင်ကြယ်သေးသလား၊ (မစင်ကြယ်တော့

ပါဘုရား) ခြင်ကလေးလဲ ကိုက်လိုက်ရော ဘန်းဆို ရိုက်လိုက်ကရော၊ အဲဒါ ဘယ့်နှယ်တုံး၊ (မစင်ကြယ်တော့ပါဘူးဘုရား) မစင်ကြယ်ယင် စင်ကြယ် အောင်လုပ်ရမယ်၊ ရှောင်ကြဉ်ရမယ်-ဒီအလုပ်ကို၊ ပိုပြီးတော့ ထင်ရှားအောင် အဋ္ဌကထာက ဘာပြောထားသလဲလို့ဆိုတော့-

"ယော ဟိ ဘိက္ခု ပါနီယဃဋေ ဝါ ပါနီယံ ပိဝန္တာနံ ပတ္တေ ဝါ ဘတ္တံ ဘုဉ္ဇန္တာနံ ကာကာနံ နိဝါရဏဝသေန ဟတ္ထံ ဝါ ဒဏ္ဍံ ဝါ လေဍ္ဍုံ ဝါ ဥက္ခိပတိ၊တဿ ကာယသမာစာရော အပရိသုဒ္ဓေါ"[၁]။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပါနီယဃဋေ၊သောက်ရေအိုး၌။ ပါနီယံ၊ရေကို။ ပိဝန္တာနံ၊သောက်နေကြကုန်သော။ ကာကာနံ၊ ကျီးငှက်စသည်တို့ အား ၎င်း။ ပတ္တေ၊ ခွက်၌။ ဘတ္တံ၊ထမင်းအကြွင်းအကျန်ကို။ ဘုဉ္ဇန္တာနံ၊ စား သောက်နေကြကုန်သော။ ကာကာနံ၊ကျီးငှက်တို့အားငှင်း။ နိဝါရဏဝသေန၊ တားမြစ်လိုသည်၏အစွမ်းအားဖြင့်။ ဟတ္ထံဝါ၊ လက်ကိုငှင်း။ ဒဏ္ဍံဝါ၊ တုတ် တောင်ဝှေး့ လေး စသည်ကိုငှင်း။လေဍ္ဍုံဝါ၊ ခဲစသည်ကိုငှင်း။ ဥက္ခိပတိ၊ မြှောက်ချီ ကလေး မြှောက်လိုက်၏။ တဿဘိက္ခုနော၊ ထိုရဟန်း၏။ ကာယသမာ စာရော၊ ကိုယ်အမူအရာသည်။ အပရိသုဒ္ဓေါ၊ မစင်ကြယ် တော့သည်။ ဟောတိ၊ ဖြစ်၏။

ဘယ့်နှယ်ဘုံးကွဲ၊ (မှန်ပါဘုရား) နို့-ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဆိုတဲ့ကိုယ်အမူအရာ ကြမ်းကြမ်းကြီးတွေကတော့ မင်းတို့ စင်ကြယ်တယ်-နော်၊ (မှန်ပါဘုရား)ဒီ ကိုယ်အမူအရာတွေကျတော့ စင်ကြယ် အောင် စောင့်ရှောက်ဘို့ရန်အတွက် လိုအပ်မလာပြန်ဘူးလားလို့၊ (လိုအပ်ပါ တယ်ဘုရား) အေး-ကြက်ကလေး ငှက်ကလေး ကြောင်ကလေး ခွေးကလေး တွေကိုတော့ လက်နဲ့ဘာနဲ့ ခြိမ်းလိုက် ချောက်လိုက် မောင်းလိုက်တဲ့ ကိုယ် အမူအရာသည်ပင်လျှင် စင်ကြယ်သလား-မစင်ကြယ်ဘူးလား၊ (မစင်ကြယ် တော့ပါဘူးဘုရား) တုတ်ခဲလက်နက် စသည်တို့ကို ကိုင်တွယ်ပြီးတော့ သူ တပါးကိုခြိမ်းခြင်း ချောက်ခြင်းဆိုတဲ့ အမူအရာကိုပြုလုပ်ယင် စင်ကြယ်သလား- မစင်ကြယ်ဘူးလား၊ (မစင်ကြယ်တော့ပါဘူးဘုရား) ကိုယ်အမူအရာ မစင် ကြယ်ဘူး-နော်၊ (မှန်ပါ)

အပြန်ကြည့်လိုက်မယ် ဆိုယင် ဘာတုံးကွဲ- စင်ကြယ်သွားမယ်၊ အဲဒါက အဋ္ဌကထာနည်းကွဲ-နော်၊ (မှန်ပါ)ပါဠိတော်နည်းတွေ ပြောကြအုံးစို့ကွယ်

---

၁။ မူလပဏ္ဏာသဋ္ဌ၊၄၊နှာ-၂၁၅။

ဟို သုတ်မဟာဝါပါဠိတော် သက္ကပဥှသုတ္တန်မှာ ကာယသမာစာရနဲ့ ပတ်သက်လို့ သဗ္ဗညုမြတ်စွာဘုရားက သိကြားမင်းကို ဟောတဲ့နေရာဌာနမှာ-

"ကာယသမာစာရံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ"၁။

မှီဝဲအပ်-မမှီဝဲအပ်သော ကိုယ်အမူအရာ

စင်ကြယ်တဲ့ကိုယ်အမူအရာဆိုတာ မှီဝဲရမလား-မမှီဝဲရဘူးလား၊ (မှီဝဲရမှာပါဘုရား) မစင်ကြယ်တဲ့ကိုယ်အမူအရာကော မှီဝဲရမလား-မမှီဝဲရဘူးလား၊ (မမှီဝဲရပါဘူးဘုရား)မမှီဝဲရဘူးလို့ ဆိုပြီးကော့ ရှင်တော်မြတ်ဘုရားက သက္ကပဥှသုတ္တန်မှာ သိကြားမင်းကို မှီဝဲအပ်တဲ့ ကိုယ်အမူအရာ, မမှီဝဲရတဲ့ ကိုယ်အမူအရာဆိုပြီးတော့ နှစ်မျိုးဟောထားတယ်။

"တတ္ထ ယံ ဇညာ ကာယသမာစာရံ 'ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ' တိ၊ ဧဝရူပေါ ကာယသမာစာရော န သေဝိတဗ္ဗော"၂။

တတ္ထ၊ ထို မှီဝဲအပ်, မမှီဝဲအပ်သော ကိုယ်အမူအရာနှစ်မျိုးတို့တွင်။ ယံကာယသမာစာရံ၊ အကြင်ကိုယ်အမူအရာကို။ ဣမံ ကာယသမာစာရံ၊ ဤကိုယ်အမူအရာကို။ သေဝတော၊ မှီဝဲနေသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွား၍ လာနိုင်ကုန်၏။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ပရိဟာယန္တိ၊ဆုတ်ယုတ်ကုန်၏" ။ ဣတိ၊ဤသို့။ ဇညာ၊ သိသည်ဖြစ်အံ့။ ဧဝရူပေါ၊ဤသို့သဘောရှိသော။ ကာယသမာစာရော၊ ကိုယ်အမူအရာကို။ နသေဝိတဗ္ဗော၊မမှီဝဲအပ်။

အလုပ်တခုကိုလုပ်လို့ ဒီအလုပ်ကိုလုပ်တဲ့အတွက် ကိုယ့်မှာအကုသိုလ်တွေ တိုးပွားပြီးတော့ ကုသိုလ်ဆုတ်ယုတ်မယ်ဆိုတဲ့ ကိုယ်အမူအရာမျိုးဆိုယင် စင်ကြယ်တဲ့ကိုယ်အမူအရာလား- မစင်ကြယ်တဲ့ကိုယ်အမူအရာလား၊ (မစင်ကြယ်တဲ့ကိုယ်အမူအရာပါဘုရား) မှီဝဲရမလား-မမှီဝဲရဘူးလား၊(မမှီဝဲရပါဘူးဘုရား)

"တတ္ထ ယံ ဇညာ ကာယသမာစာရံ' ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ' တိ၊ဧဝရူပေါ ကာယသမာစာရော သေဝိတဗ္ဗော"၃။

---

၁--၂--၃။ သုတ်မဟာဝါပါဠိတော်၊နှာ-၂၂၃။

တတ္ထ၊ထိုနှစ်ပါးသော ကာယသမာစာရတို့တွင်။ ယံ ကာယသမာစာရံ၊ အကြင်ကိုယ်အမူအရာကို။"ဣမံကာယသမာစာရံ၊ဤကိုယ်အမူအရာကို။ သေဝတော၊မှီဝဲသော။" မေါင်္ဂါအား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ကုသလာဓမ္မာ၊ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊တိုးပွားကုန်၏။ ဣတိ၊ဤသို့။ စေဇညာ၊ အကယ်၍သိသည်ဖြစ်အံ့။ ဧဝရူပေါ၊ ဤသို့ကုသိုလ်တရားတွေ တိုးပွား၍ အကုသိုလ်တရားတွေ ဆုတ်ယုတ်တဲ့ သဘောရှိသော။ ကာယသမာစာရော၊ ကိုယ်အမူအရာကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။

စင်ကြယ်တဲ့ ကိုယ်အမူအရာဆိုတာ ဒီလုပ်ငန်းကိုလုပ်တဲ့အတွက် ကိုယ့်မှာ အကုသိုလ်တွေ ဆုတ်ယုတ်ပျက်ပြားပြီးတော့ ကုသိုလ်တရားတိုးပွားမယ်ဆိုယင် ဒီ ကိုယ်အမူအရာစင်ကြယ်သလား- မစင်ကြယ်ဘူးလား၊ (စင်ကြယ်နေပါတယ် ဘုရား) လှုပ်ကြရဲ့လား၊ (လုပ်ကြပါတယ်ဘုရား) ကုသိုလ်ဖြစ်ဖြစ် အကုသိုလ် ဖြစ်ဖြစ် ကုသိုလ်ပျက်ပျက် အကုသိုလ်တိုးတိုး ပိုက်ဆံသာရမယ်ဆိုယင် အကုန် လုပ်ထာဘဲ မဟုတ်လား၊ ဟင်– ဥပမာပုံဆိုကြပါတော့ အိမ်မှာ ဈေးရောင်း နေတဲ့ ကိုယ်အမူအရာနဲ့ ကျောင်းလာပြီးတော့ ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ကိုယ်အမူအရာနဲ့ ဘယ်သူက ကုသိုလ်တိုးပွားပြီးတော့ ဘယ်သူက ကုသိုလ် ဆုတ်ယုတ်မလဲ ပြောစမ်း၊ (ကျောင်းလာတာ ကုသိုလ်ပိုရပါတယ်ဘုရား)လာ ရဲ့လား၊ (မအားလို့ပါဘုရား) ဟုတ်လား၊ အေး–ကိုယ်အမူအရာနော်၊ ဒါ ပါဠိတော်မူ။

ဒီတော့ ဒီလုပ်ငန်း ဒီလမ်းစဉ်ကို ဒို့ပရိသတ်သိပြီမဟုတ်လား၊ (သိပါပြီ ဘုရား) ဘယ်သူ့ ကျေးဇူးကြောင့်လဲ- မြတ်စွာဘုရားရဲ့ ကျေးဇူးကြောင့်၊ ဘုန်းကြီးလဲ ဒါတွေ တတ်ထာမဟုတ်ဘူး၊ မြတ်စွာဘုရားဟောလို့ ဒီဥစ္စာကို ကြိုးစားထားလို့ ကိုယ့်အတွက် ဆိုပြီးတော့ ဒါတွေသိပြီးတော့ တကာတွေ ပြန်ဟောတာ–နော်၊(မှန်ပါ)ဘယ်သူ့ကျေးဇူးလဲကွဲ့၊ (မြတ်စွာဘုရားရဲ့ကျေးဇူး ပါဘုရား) တရားကလေးများ ကောင်းကောင်းအကွက်ကလေး ဝင်လာလို့ ကိုယ့်အသိဉာဏ်ထဲဝင်လာယင် ဘယ်သူ့ကျေးဇူးသွားတင် ရမလဲ၊ (မြတ်စွာ ဘုရားကိုပါဘုရား) မြတ်စွာဘုရား၊ မြတ်စွာဘုရား ကျေးဇူးတင်ပြီးတော့ ဘယ်သူ့ကျေးဇူးတင်ရမလဲ–ဆရာသမား၊ ဒီလိုသွားရမယ်၊ ခုတော့ ဘုရားမေ့ မေ့ထားပြီးတော့ ဒို့ ဆရာတော်ကျေးဇူး၊ ဒို့ဆရာတော်ကျေးဇူးနဲ့ ကိုယ့်ဆရာ ချည့်ကိုယ်မြှောက်နေတာ ဘုရားတော့ မေ့ထားတယ်-ဟုတ်လား၊ (မှန်ပါ ဘုရား) ဒါကိုယ်အမူအရာ-နော်၊ (မှန်ပါ)

**ကြည့်မှန်ဥပမာ** ဟို မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ အမ္ဗလဋ္ဌိက ရာဟုလော ဝါဒသုတ်ဆိုတာ ရှိသေးတယ်၊ အင်မတန်ကောင်းတဲ့သုတ္တန်၊ ဒါ ဘုန်းကြီးဟောထားလို့ တသုတ္တန်လုံးလုံး ကြိုးသွင်းပြီးသားရှိတယ်၊ ရှင်ရာဟုလာကို မြတ်စွာဘုရားက ဘာပြောသလဲ။

"ကိမတ္ထိယော အာဒါသော"တိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ အာဒါသော၊ မှန်သည်။ ကိမတ္ထိယော၊ ဘာလုပ်ရသလဲ၊ ဘာအကျိုးရှိသလဲ။

ချစ်သား ရာဟုလာ....မှန်များဘာလုပ်ရသလဲ-တဲ့၊ ဘာလုပ်ရသလဲ၊ (ကြည့်ရပါတယ်ဘုရား) မှန်ကြည့်ရတယ်-နော်၊ (မှန်ပါ) ဒီတော့ ရှင်ရာဟုလာက ပြန်ပြောတယ်၊ ပစ္စဝေက္ခဏ ဘန္တေ၊ ကြည့်ရှုပါတယ်ဘုရားတဲ့။

"ဧဝမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကတ္တဗ္ဗံ"၂။

ရာဟုလ၊ ရာဟုလာ။ ဧဝမေဝ၊ အဲဒီမှန်ကလေးအတူသာလျှင်။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ ဆင်ခြင်၍။ ကြည့်ရှု၍ ကြည့်ရှု၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ ကိုယ်လုပ်ရမဲ့ လုပ်ငန်းကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။

အရမ်းကာရော ကိုယ့်စိတ်ထင်သလို ရမ်းပြီးတော့ အလုပ်တခုမလုပ်နဲ့တဲ့၊ ဆင်ဆင်ခြင်ခြင် နှိုင်းနှိုင်းချိန်ချိန် အလုပ်တခုကို လုပ်ပါတဲ့-မြတ်စွာဘုရားက၊ ဘယ်လိုလဲဆိုတော့ ဒီအလုပ်ကို လုပ်လိုက်တဲ့အတွက် ငါ့ကို ထိခိုက်မလား၊ သူတပါးကိုထိခိုက်မလား၊ မိမိ သူတပါး နှစ်ဦးသားကို ထိခိုက်မလား၊နစ်နာမလား၊ ကုသိုလ်ရမလား၊ အကုသိုလ်ရမလားဆိုတာကို စဉ်းစားပြီးတော့ ကိုယ့်ကိုထိခိုက်မယ်ဆိုယင် သူတပါးကို ထိခိုက်မယ်ဆိုယင် မိမိသူတပါးနှစ်ဦးသားကို ထိခိုက်နစ်နာမယ်ဆိုယင် အကုသိုလ်တွေတိုးပွားမယ်ဆိုယင် ချစ်သားရာဟုလာ....ဒီအလုပ်မျိုး မလုပ်လိုက်ပါနဲ့တဲ့၊ ကာယသမာစာရ။

**မိမိကိုယ်ကို မမြှောက်ပင့် သူတပါးကို မရှုတ်ချရန်** အဲဒီလို ကာယသမာစာရ-ကိုယ်အမူအရာစင်ကြယ် အောင်ကျင့်ပြီးတဲ့ အခါကျတော့ ကိုယ်က ကိုယ်အမူအရာစင်ကြယ်တဲ့ ဟိရိ၊ ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ကိုယ်အမူအရာ စင်ကြယ်တဲ့ပုဂ္ဂိုလ် ဖြစ်ပြီဆိုကြပါစို့-ဟုတ်လား၊ (မှန်ပါ)ဖြစ်ဖြစ်မဖြစ်ဖြစ် ဖြစ်ပြီဘဲပြောကြပါစို့-နော်၊ (မှန်ပါ)အဲဒီလို

---

၁-၂။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ နှာ-၇၈။

ကိုယ်အမူအရာတွေက စင်ကြယ်သန့်ရှင်းလာပြီးတော့ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးနဲ့ပြည့်စုံလို့ ကိုယ်ကစင်ကြယ်သန့်ရှင်းတဲ့ပုဂ္ဂိုလ်ဖြစ်ယင် မြတ်စွာဘုရားက–မင်းခြေထောက်မကြွနဲ့၊ 'ကြွကြွ ကြွကြွမလုပ်နဲ့'တဲ့–မြတ်စွာဘုရားက၊ ဒီကိုယ်အမူအရာစင်ကြယ်တာကို အကြောင်းပြုပြီးတော့–

"တာယ စ ပန ပရိသုဒ္ဓကာယသမာစာရတာယ နေဝတ္တာ–နုက္ကံသေဿာမ န ပရံ ဝမ္ဘေဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗ"[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ တာယ စ ပရိသုဒ္ဓကာယသမာစာရတာယ၊ ထိုကိုယ်အမူအရာစင်ကြယ်သည်၏အဖြစ်ကြောင့်။အတ္တာနံ၊ မိမိကိုယ်ကို။ နေဝဥက္ကံသေဿာမ၊ ကြွကြွ ကြွကြွနဲ့ မမြှောက်ပင့်နဲ့။ မမြှောက်ပင့်ကြပါကုန်အံ့။ ပရံ၊ သူတပါးကို။ န ဝမ္ဘေဿာမ၊ မရှုတ်ချပါကုန်အံ့။ ဣတိ ဧဝံ၊ ဤသို့နှလုံးသွင်း၍။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ကိုယ်က သီလစင်ကြယ်လို့ ကိုယ်အမူအရာစင်ကြယ်တဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်လို့ ကိုယ့်ကိုယ်ကို ချီးမြှောက်ပြီးတော့ ဟိုအကောင်တွေ အလကားဘဲ၊ ဘာမှစင်ကြယ်တဲ့အကောင်တွေမဟုတ်ဘူးလို့ သူတပါးကို ဖိနှိပ်ချုပ်ချယ်ပြီးတော့ မနှိမ်ချနဲ့၊ ကိုယ့်ကိုယ်ကိုလဲ အထင်မကြီးနဲ့တဲ့–မြတ်စွာဘုရားက၊ ကိုယ့်ကိုယ်ကိုအထင်ကြီးတဲ့သူဟာ ခြေထောက်တွေ မြှောက် မြှောက် မြှောက် မြှောက်ပြီးနေတယ်၊ ကိုယ့်မှာဟိရီ,ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရုံလောက်နဲ့ ပရိသုဒ္ဓကာယသမာစာရ– ကိုယ်အမူအရာစင်ကြယ်ရုံလောက်နဲ့ ငါလိုလူ ဇမ္ဗူမရှိဘူးလို့ဆိုပြီး ခြေထောက်မကြွနဲ့တဲ့–မြတ်စွာဘုရားက၊ သူတပါးကိုတော့သွားပြီးတော့လဲ အထင်မသေးနဲ့တဲ့၊ တခြားလူတွေဟာအလကားလူတွေ၊ ငါနဲ့အဖက်မတန်ဘူးလို့တော့ မထင်နဲ့တဲ့၊ ဒီဒေသနာတော်ဟာ ဘယ်လောက်တာသွားသလဲဆိုတာ ဦးထွန်းကျော် သေသေချာချာ စဉ်းစားကြည့်၊ (မှန်ပါ) ဦးအောင်ကြည်(ဘုရား) သဘောပေါက်ကဲ့လား၊ (ပေါက်ပါတယ်ဘုရား) အေး –ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီအတိုင်းကိုဘဲ–

ချစ်သား....ကိုယ့်မှာ သီလနဲ့ပြည့်စုံရုံလောက်နဲ့ မင်း ကြွကြွ ကြွကြွနဲ့ သူတပါးကိုအထင်သေးပြီးတော့ သူနဲ့ ကိုယ်နဲ့ဘဲ အဖက်မတန်သလိုလို၊ ဟိုဝိုင်းဘဲ မဝင်ချင်သလိုလို၊ ကိုယ်ကသတ်သတ်သီးခြားလိုလို မင်း–ဒီလို ကြွကြွ ကြွကြွ မလုပ်နဲ့တဲ့–မြတ်စွာဘုရားက။

---

၁။ မူလပဏ္ဏာသပါဠိတော်၊နှာ ၃၃၉။

ကာယသမာစာရ-ကိုယ်အမူအရာနဲ့ပြည့်စုံပြီဆိုပါတော့-ဟုတ်လား၊ (မှန်ပါ) ဘာနဲ့ပြည့်စုံသလဲကွဲ၊ (ကိုယ်အမူအရာစင်ကြယ်ပါဘယ်ဘုရား) အဲ-ပါဏာတိပါတာ သိက္ခာပုဒ်လုံခြုံတယ်၊အဒိန္နာဒါနာသိက္ခာပုဒ်လုံခြုံတယ်၊ကာမေသုသိက္ခာပုဒ်လုံခြုံတယ်-ဟုတ်လား၊ ကိုယ်အမူအရာနဲ့ ပတ်သက်ပြီးတော့ တွေ့စရာဖြစ်တဲ့အာပတ်တွေကူသရွေ့ ကိုယ်မှာ အကုန်စင်ကြယ်နေတယ်ဆိုပါတော့၊ ဒီ ဒုက္ကဋ်အာပတ်တို့ ဘာတို့ဆိုတာ ကိုယ်အမူအရာနဲ့ ပတ်သက်ပြီးတော့ သင့်တဲ့အာပတ်တွေကွဲ-ဟုတ်လား၊ ဒုဗ္ဘာသိ အာပတ်လို့ဆိုတာက နှုတ်အမူအရာနဲ့ ပတ်သက်ပြီးတော့ သင့်တဲ့အာပတ်တွေကွဲ-ဟုတ်လား၊ (မှန်ပါ) အဲဒါကို အာဇီဝပါရိသုဒ္ဓိပိုင်းကျတော့ အကျယ်ဟောပေးမယ်ဟုတ်လား၊ (မှန်ပါ)

ဒီလို ကိုယ်အမူအရာစင်ကြယ်တဲ့ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံရုံလောက်နဲ့ သင်ချစ်သားတို့သည် ကြကြ ကြကြနဲ့ မနေကြနဲ့အုံး၊ သူတပါးကို မနှိမ့်ချ မရှုတ်ချကြနဲ့အုံး၊ ဒီတရားနှစ်ပါး ပြည့်စုံရုံလောက်နဲ့-

"သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝ မဿ၊ ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ ပရိသုဒ္ဓေါ နော ကာယသမာစာရော၊ အလ မေတ္တာဝတာ၊ ကတ မေတ္တာဝတာ၊ အနုပ္ပတ္တော နော သာမညတ္ထော၊ နတ္ထိ နော ကိဉ္စိ ဥတ္တရိံ ကရဏီယန္တိ တာဝတကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ၊ အာရောစယာမိ ဝေါ ဘိက္ခဝေ၊ ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ၊ မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

(ဒီပါဠိဝါကျအတိုင်း နောက်က ဘုန်းကြီးအနက်ပေးခဲ့ပြီးပြီ။)

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှာကံ၊ သင်တို့အား။ သိယာ၊ ရံခါ။ ဧဝံ၊ ဤသို့ အကြံအစည်သည်။ အဿ၊ ဖြစ်ရာ၏။ "မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ နော၊ ငါတို့၏။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ တ္တောဝတာ၊ ဤကိုယ်အမူအရာ စင်ကြယ်ရုံမျှဖြင့်။ ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရုံမျှဖြင့်။ အလံ၊ သင့်တော်လောက်ပြီ။ တ္တောဝတာ၊ ဤမျှလောက်ဖြင့်။ ကတံ၊ ရဟန်း၏အလုပ်ကိစ္စပြီးပြီ။ နော၊ ငါတို့သည်။ သာမညတ္ထော၊ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော ရဟန်း၏အကျိုးကို။ အနုပ္ပတ္တော၊ အစဉ်ရ၏-ရောက်ပြီ။ နော၊ ငါတို့အား။ ဥတ္တရိံ ကရဏီယံ၊ ထိုထက်အလွန်ပြုဘွယ်ကိစ္စသည်။ ကိဉ္စိ၊ တစုံတခုမျှ၊ နည်းနည်းကလေးမျှ။

နတ္ထိ၊ မရှိတော့ပြီ"။ ဣတိ၊ ဤသို့သော အကြံအစည်သည်။ အသာ၊ ဖြစ်ရာ၏။ တာဝတာကေနေဝ၊ ထိုမျှလောက်ကလေး ဖြင့်သာလျှင်။ တဒ္ဓံ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်ကုန်ရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ အာရောစယာမိ၊ ဟောကြားပေအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ ပဋိဝေဒယာမိ၊ ငါဘုရားသိစေအံ့။ သာမညတ္ထံ ကာမံ၊ ရဟန်းအဖြစ်ကို အလိုရှိကုန်သော။ ဝေါ၊ သင်တို့အား။ ဥတ္တရိံ ကရဏီယေ၊ ထိုထက်လွန်သော ပြုဘွယ်ကိစ္စသည်။ သတိ၊ ရှိလတ်သော်။ သာမညတ္ထော၊ ရဟန်းဖြစ်ခြင်း အကျိုးတရားသည်။ မာ ပရိဟာယိ၊ မဆုတ်ယုတ်ပါစေလင့်။

ဩဝါဒ်-ငါ့မှာ ကိုယ်အမှုအရာလဲ စင်ကြယ်တယ်၊ဟိရီ, ဩတ္တပ္ပ ဟရားနှစ်ပါးနဲ့လဲ ပြည့်စုံတယ်ဆိုရုံကလေးနဲ့ သင် ကျေနပ်နေတတ်တယ်၊ တင်းတိမ်နေတတ်တယ်၊"တာဝတကေနေဝ တဒ္ဓံ အာပဇ္ဇေယျာထ"အဲဒါလောက်ကလေးနဲ့သင်တို့ တင်းတိမ်ရောင့်ရဲနေတတ်တယ်တဲ့၊ မနေကြနဲ့တဲ့-မြတ်စွာဘုရားက -ဟုတ်လား၊ (မှန်ပါ)

**နှုတ်အမှုအရာစင်ကြယ်ရခြင်း** ရှေ့ကိုဆက်ပြီးတော့ ကျင့်စရာရှိတဲ့ အကျင့်တွေကို သာမညတ္တလို့ခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ကွယ်ပျောက်မသွားစေနဲ့၊ ရှေ့ကျင့်စရာအကျင့်က ဘာတုံးကွဲ၊ ကိုယ်အမှုအရာစင်ကြယ်ပြီးတော့ ဘာစင်ကြယ်ရမလဲ၊ (နှုတ်အမှုအရာပါဘုရား) နှုတ်အမှုအရာ-နော်၊ (မှန်ပါ)

"ပရိသုဒ္ဓေါ နော ဝစီသမာစာရော ဘဝိဿတိ ဥတ္တာနော ဝိဝဋော၊ န စ ဆိဒ္ဒဝါ၊ သံဝုတော စ"။ (ဒီ ပါဠိဝါကျအတိုင်း)

နော၊ ငါတို့၏။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ ဝစီသမာစာရော၊ နှုတ်အမှုအရာသည်။ ဥတ္တာနော၊ ပေါ်လွင်သည်။ ဝိဝဋော၊ မဖုံးလွှမ်းအပ်သည်။ ဝါ၊ ဖွင့်လှစ်၍ထားအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ နှုတ်အမှုအရာနဲ့ပတ်သက်လို့ ဖုံးဖုံးဖိဖိ လုပ်စရာမလိုဘူး ပွင့်ပွင့်လင်းလင်းဘဲ-ဆိုလိုတဲ့အဓိပ္ပါယ်က စင်ကြယ်နေတာကိုးကွဲ-ဟုတ်လား၊ (မှန်ပါ) နှုတ်အမှုအရာနဲ့ထိန်းပြီး တိုးတိုးတိုးတိုး လုပ်ရကဘည်းက အဲဒါ ပွင့်လင်းသေးလား၊ (မပွင့်လင်းပါဘူးဘုရား) မပွင့်လင်းးကဘည်းက ဒီလူရဲ့ နှုတ်အမှုအရာ စင်ကြယ်ပါဦးမလား၊ (မစင်ကြယ်ပါဘူးဘုရား)

နော၊ငါတို့၏။ ဝစီသမာစာရော၊ နှုတ်အမှုအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥတ္တာနော၊ ပေါ်လွင်သည်။ ဝိဝဋော၊

ပွင့်ပွင့်လင်းလင်းရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဆိဒ္ဒဝါ၊ ကိလေသာဝင်စရာအပေါက်ရှိသည်လည်း။ န စ ဘဝိဿတိ၊ မဖြစ်လတ္တံ့။ သံဝုတော စ၊ ကိလေသာမဝင်အောင် ပိတ်ဖုံး၍ထားအပ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

**မုသာဝါဒလေးမျိုးနှင့် အနရိယဝေါဟာရ-ရှစ်မျိုး**

နှုတ်အမူအရာစင်ကြယ်အောင် လုပ်ရမယ်နော်၊ (မှန်ပါ) နှုတ်အမူအရာ စင်ကြယ်-မစင်ကြယ် ဆိုတာလဲ အခုနကပြောတဲ့ ကာယသမာစာရလိုဘဲကွဲ့-ဝစီသမာစာရက။

ပရိသုဒ္ဓ ဝစီသမာစာရ, အပရိသုဒ္ဓ ဝစီသမာစာရလို့ နှစ်မျိုးရှိတယ်။ စင်ကြယ်တဲ့ နှုတ်အမူအရာ မစင်ကြယ်တဲ့နှုတ်အမူအရာ နှစ်မျိုးရှိတယ်၊ဒီသုတ္တန်ဒေသနာတော်မှာ အဋ္ဌကထာဖွင့်ပေးတာက နှုတ်အမူအရာမစင်ကြယ်ဘူးဆိုတာဘယ်လိုလဲလို့ ဆိုတော့-

"ယော ဘိက္ခု မုသာ ဝဒတိ၊ ပိသုဏံ ကထေတိ၊ ဖရုသံ ဘာသတိ၊ သမ္ဖံ ပလပတိ၊ တဿ ဝစီသမာစာရော အပရိသုဒ္ဓေါ နာမ"[၁]။

မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပလာပဝါစာ ဆိုတဲ့ ဒီလေးမျိုးသော နှုတ်အမူအရာသည် စင်ကြယ်သလား- မစင်ကြယ်ဘူးလား၊ (မစင်ကြယ်ပါဘူးဘုရား)

မုသာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကို။ ဝဒတိ၊ ပြောဆို၏။ မြင်တာကို မမြင်ဘူးလို့ပြောတယ်၊ ကြားတာကို မကြားဘူးလို့ပြောတယ်၊ သိတာကို မသိဘူးလို့ပြောတယ်၊ တွေ့တာကို မတွေ့ဘူးလို့ပြောတယ်၊ ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား) လေးမျိုး၊ဒါ အနရိယဝေါဟာရလို့ခေါ်တယ်။

မမြင်တာကို မြင်တယ်လို့ပြောတယ်၊မကြားတာကို ကြားတယ်လို့ပြောတယ်၊ မသိတာကို သိတယ်လို့ပြောတယ်၊မတွေ့တာကို တွေ့တယ်လို့ပြောတယ်၊ဘယ်နှစ်မျိုးတုံးကွဲ့၊ (လေးမျိုးပါဘုရား) ပေါင်းလိုက်တော့- (ရှစ်မျိုးပါဘုရား) နံပါတ်-(၁)ကဘာတုံး၊ (မမြင်တာကို မြင်တယ်လို့ပြောတာပါဘုရား) အေး-အဲဒီ ရှစ်မျိုးသောစကားလုံးသည် အနရိယဝေါဟာရ- မဖြူစင်တဲ့ ညစ်ပတ်တဲ့ပုဂ္ဂိုလ်တွေ ပြောတဲ့စကားလုံးမျိုးတဲ့၊ ထွန်းကျော်လိုပုဂ္ဂိုလ်မျိုးက ပြောလို့ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) နို့-ပြောကောမပြောဘူးလား၊ (ပြောမ်ပါတယ်ဘုရား) ဟုတ်လား၊ အဲ-အနရိယဝေါဟာရရှစ်မျိုးဆိုတာက-အဲဒါဘဲ။

---

၁။ မူလပဏ္ဏာသအဋ္ဌကထာ ၃၊ နှာ-၂၁၅။

အရိယဝေါဟာရရှစ်မျိုးဆိုတာကတော့-မြင်တာကို မြင်တယ်လို့ပြောတယ်၊ ကြားတာ ကြားတယ်လို့ပြောတယ်၊သိတာ သိတယ်လို့ပြောတယ်၊တွေ့တာ တွေ့တယ်လို့ပြောတယ်၊မမြင်တာ မမြင်ဘူးလို့ပြောတယ်၊မကြားတာ မကြားဘူးလို့ပြောတယ်၊မသိတာ မသိဘူးလို့ပြောတယ်၊ မတွေ့တာ မတွေ့ဘူးလို့ ပြောတယ်၊ အမှန်အတိုင်းပြောတယ်၊ မုသာဝါဒနဲ့ပတ်သက်လို့ ဒီအင်္ဂါရှစ်ချက်ကို မင်းတို့လုံအောင်ထား၊ (မှန်ပါဘုရား)

မုသာ ဝဒတိ၊ပိသုဏံ ကထေတိ။ပိသုဏံ၊တယောက်နဲ့တယောက် မကွဲပြားကွဲပြားအောင် ကုန်းတိုက်တဲ့-ဟိုကစကား ဒိပ္ပိုလိုက်၊ဒီကစကား ဟိုပ္ပိုလိုက်နဲ့–ဟုတ်လား၊ (မှန်ပါ) အဲဒါဘာတုံးကွဲ၊ (ကုန်းတိုက်ထာပါဘုရား) တယောက်နဲ့တယောက်ကွဲပြားအောင် လုပ်တဲ့စကားသည်၊ဒါ-ပိသုဏဝါစာစကား။

အဲဒါ ဘုန်းကြီးတို့ မြန်မာပြည်မှာဆိုယင်ဖြင့် အထူးသဖြင့် ဘုန်းကြီးသတင်းကြားနေရတဲ့ နေရာတွေမှာတော့ဖြင့် များသောအားဖြင့် လူများများရှိတဲ့နေရာတွေမှာ အဲဒီ ကိစ္စမျိုးတွေ ရှိတယ်၊အသင်းအဖွဲ့တွေပေါ့လေ-အဓိပ္ပါယ်ကတော့အင်း-ဘယ်အသင်းအဖွဲ့ကတော့ဖြင့် ခင်ဗျားတို့ကို ဘယ်လိုပြောနေတာဘဲ၊အင်း–ဒီအသင်းအဖွဲ့ကအကြောင်း ဟိုအသင်းအဖွဲ့သွားပြော၊ ဟိုအသင်းအဖွဲ့အကြောင်း ဒီယူလာပြော၊ ဟိုကအကြောင်းတွေ ဒီယူလာ၊ဒီကအကြောင်းတွေ ဟိုယူသွား၊ ကျောင်းကအကြောင်းတွေ အရပ်ထဲယူသွား၊အရပ်ထဲကအကြောင်းတွေ ကျောင်းယူလာ၊ အဲဒီလို ဟုတ်ထာလဲပါ၊မဟုတ်ထာလဲပါ၊ပြီးတော့ အကျိုးဘဲလိုလား လို့ပြောသလိုလို သူက-ဟုတ်တယ်မဟုတ်လား၊(မှန်ပါ)

အဲဒါ တယောက်နဲ့တယောက် ကွဲလွဲကြောင်းဖြစ်တဲ့စကားသည် ပိသုဏဝါစာစကား၊ ဒီစကားပြောရမလား- မပြောရဘူးလား၊ (မပြောရပါဘူးဘုရား)

ဖရုသဝါစာ–သူတပါး နားမချမ်းသာတဲ့စကား၊ ဘာမှအနက် အဓိပ္ပါယ်မရှိ၊ ဘာမှ လောကကျိုးလဲမရ၊ လောကစီးပွားရေးလဲမဟုတ်၊ ဓမ္မအကျိုးလဲမရ၊ အဓိပ္ပါယ်မရှိတဲ့စကားတွေကို ရှောက်ပြောကြားနေတာဘာလဲ-ကျမ်းဂန်က ပြတဲ့ သီတာဒေဝီကို ဒသဂီရိဘီလူးက ဆောင်ခြင်း, ဘာရတမင်းတို့ရဲ့စစ်ထိုးခြင်းစတဲ့ ဒီလိုအဓိပ္ပါယ်မရှိတဲ့စကားတွေ ပေါ့ကွယ်-ဟုတ်လား၊ အဲဒီစကားလုံးမျိုးတွေကို ပြောဆိုခြင်းသည် သမ္ဖပ္ပလာပဝါစာ၊ ပြောတဲ့ပုဂ္ဂိုလ်ရဲ့နှုတ်အမူအရာဟာ မစင်ကြယ်ဘူးတဲ့၊ ဒါ-"တဿ ဝစီသမာစာရော အပရိသုဒ္ဓေါနာမ ဟောတိ" မစင်ကြယ်တဲ့ နှုတ်အမူအရာ၊ ဒါတော့ ဘုန်းကြီးတို့ ပရိသတ်တွေ နာလဲနာဘူးနေကြတယ်၊ သိလဲသိဘူးနေကြတယ်။

သူ့ထက်ပိုပြီးတော့ ထူးတဲ့အဓိပ္ပါယ် မရှိဘူးလားဆိုတော့-

"ယော ပန ဂဟပတိကာတိ ဝါ ဒါသာတိ ဝါ ပေဿာတိ ဝါ အာဒီဟိ ခုံသေန္တော ဝဒတိ၊ တဿ ဝစီသမာစာရော အပရိသုဒ္ဓေါ နာမ"၁။

**ထေ့ငေါ့လှောင်ပြောင် ရှင်မြူးလိုသော စကားကိုပင် မပြောဆိုရခြင်း**

ဟာ- သေဌေးကြီးဘဲ၊ သူကတော့ အစေခံဘဲ၊ သူကတော့ ကျွန်ဘဲနဲ့ တယောက်နဲ့တယောက် ထေ့တေ့တေ့ငေါ့တော့တော့ သူတပါးမကြိုက်တဲ့ ဒေါသဖြစ်လောက်တဲ့ စကားမျိုးတွေကို ပြောသလား-မပြောဘူးလား၊ (ပြောပါတယ်ဘုရား) အဲဒီလို စကားမျိုး ပြောတာသည်ပင်လျှင် နှုတ်အမူအရာ မစင်ကြယ်ဘူးတဲ့-ဟုတ်လား၊ (မှန်ပါ) ဒါတင် မကသေးဘူးတဲ့၊ တို့ရဟန်းတော်ဘက် ဘယ့်နှယ်ဦးလဲ့လာပြန်သလဲလို့ ဆိုတော့-

"ယော ဟိ ဘိက္ခု ဒဟရေန ဝါ သာမဏေရေန ဝါ 'ကစ္စိ ဘန္တေ အမှာကံ ဥပဇ္ဈာယံ ပဿထာ'တိ ဝုတ္တော 'သမ္ဗဟုလာ အာဝုသော ဘိက္ခူ ဘိက္ခုနိယော ကောသ္မိံ ပဒေသေ ဝိဝဒိံသု၊ ဥပဇ္ဈာယော တေ ဝိက္ကာယိက သာကဘဏ္ဍိကံ ဥက္ခိပိတွာ ဂတော ဘဝိဿတီ'တိ အာဒိနာ နယေန ဟသာဓိပ္ပါယောပိ ဧဝရူပံ ကထံ ကထေတိ၊ တဿ ဝစီသမာစာရော အပရိသုဒ္ဓေါ"၂။

ဘာပြောလဲ-ဒီပါဠိအဓိပ္ပါယ်က၊ ပါဠိထုတ်ရွတ်ပေးနေရတာက ဘုန်းကြီးလက်တန်းတွေ ရှောက်ပြောနေတယ်လို့ ထင်နေမှာစိုးလို့၊ တနည်းအားဖြင့် ပရိယတ္တိသာသနာတော်ကြီးကို စောင့်ရှောက်လိုလို့ ဒီအဋ္ဌကထာဝါကျ ပါဠိကို ရှောက်ရွတ်ပေးနေရတာ-နော်။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဒဟရေန ဝါ၊ ဦးပဉ္ဇင်းငယ်ကလေးတွေကသော်ငြင်း။ သာမဏေရေနဝါ၊ သာမဏေငယ်ကလေးတွေကသော်ငြင်း။ ဘန္တေ၊ အရှင်ဘုရား။ ကစ္စိ၊အသို့နည်း။ အမှာကံ၊တပည့်တော်တို့၏။ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်ဆရာကို။ ပဿထ၊မြင်လိုက်ပါသလားဘုရားလို့- (အရှင်ဘုရား.... တပည့်တော်တို့ ဆရာတော် မတွေ့လိုက်ဘူးလားဘုရားလို့ ဒီလိုမေးတယ်လို့ဆိုပါတော့၊ ဒီတော့ သူကဘာပြောသလဲ-

---

၁။ မူလပဏ္ဏာသဋ္ဌကထာ၊ ၃၊နှာ-၂၁၅။

“အာဝုသော သမ္ဗဟုလာ ဘိက္ခူ ဘိက္ခုနိယော ကောသိ ပဒေသေဝိဝဒိံသု” ငါ့ရှင်....တနေရာမှာ ရဟန်း ယောကျ်ားတွေကော ရဟန်းမိန်းမတွေကောအများကြီးရှိတယ်။ ။တေ၊သင်၏။ဥပဇ္ဈာယော၊ဥပဇ္ဈာယ်ဆရာသည်။ဝိက္ကာယိကသာက ဘဏ္ဍိကံ ဥက္ခိပိတွာ ဂတော ဘဝိဿတိ– သင့်ဆရာတော်ဟာ ရောင်းအပ်သော ကန်ဇွန်းရွက်ထုပ်ကြီးကို ခေါင်းပေါ်တင်ပြီးတော့ သွားလေရဲ့လို့များ ဒီလို ဟသာခိပ္ပါယောပိ၊ ရယ်ရွှင်မြူးထူးလိုသောအားဖြင့်လည်း။ ဝေရူပကထံ၊ဤသို့ သဘောရှိသောစကားကို။ ကထေတိ၊ပြောဆိုအံ့။ တဿ၊ ထိုသို့ပြောဆိုသော ရဟန်း၏။ ဝစီသမာစာရော၊ နှုတ်အမူအရာသည်။ အပရိသုဒ္ဓေါ၊ မစင်ကြယ်သည်မည်သည်။ ဟောတိ၊ဖြစ်၏။

ကရော်ကမယ်တောင် မပြောရဘူးတဲ့– ရည်ရွယ်ချက်ထားပြီးတော့၊ အဲဒါက အဋ္ဌကထာက လာတဲ့နည်း–နော်၊ ပါဠိတော်လာတဲ့နည်းပြောကြအုံးစို့၊ အခုန က သက္ကပဉ္ဉသုတ်မှာ–

“ဝစီသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ”[၁]။

နှုတ်အမူအရာဆိုတာ မှီဝဲသင့်တဲ့နှုတ်အမူအရာရှိတယ်၊ မမှီဝဲသင့်တဲ့နှုတ်အမူအရာရှိတယ်၊ ပြောကောင်းတဲ့နှုတ်အမူအရာရှိတယ်၊ မပြောကောင်းတဲ့နှုတ်အမူအရာရှိတယ်၊နှစ်မျိုးရှိတယ်–တဲ့။

“တတ္ထ ယံ ဇညာ (ပ) သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ ဧဝရူပေါ ဝစီသမာစာရော န သေဝိတဗ္ဗော”[၂]။

ဒီ နှစ်မျိုးထဲမှာ နှုတ်အမူအရာနဲ့ စကားတလုံးပြောလိုက်တဲ့အတွက် ကိုယ့်မှာ အကုသိုလ်တွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်မယ်ဆိုတဲ့ စကားမျိုးပြောရမလား–မပြောရဘူးလား၊ (မပြောရပါဘူးဘုရား) ဥပမာပုံဆိုကြပါတော့၊နှုတ်အမူအရာကို ပြောလိုက်တဲ့အတွက် ကိုယ့်မှာ ငွေတသိန်းလောက်မြတ်မယ်၊ ဒီလို ပြောလိုက်တဲ့အတွက် ကိုယ့်ကုသိုလ်တော့ပျက်သွားမယ်၊အကုသိုလ်တော့ဖြစ်မယ်ဆိုယင် ဒီစကားမျိုးမပြောရဘူး၊ အဲဒီလိုငွေတသိန်းလောက်မြတ်မယ်ဆိုပေမဲ့ ဒီလိုမပြောတဲ့ပုဂ္ဂိုလ်ရဲ့ နှုတ်အမူအရာဟာ စင်ကြယ်တယ်တဲ့၊ လူ့တာတန်းတာတွေနောက်ထား–ဟုတ်လား၊(မှန်ပါ) နှုတ်အမူအရာစင်ကြယ်ဘို့ သိပ်အရေးကြီးတယ်ကွဲ့၊ဒါ ဝစီသမာစာရပိုင်းကိုပြောနေတာ–

---

၁–၂၊ သုတ်မဟာဝါ ပါဠိတော်၊ နှာ–၂၂၃။

**ပုသားပြောလေ့ရှိသူသည် မပြုလုပ်သောအကုသိုလ်မရှိ**

ဒီနေရာမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်က မဟုတ်ထာကို ပြောတဲ့ ပုဂ္ဂိုလ်များ–

"သမ္ပဇာန မုသာဝါဒိနော အကတ္တဗ္ဗံ ပါပံ နာမ နတ္ထိ"[၁]။

ဂ ိမ်ပြောလေ့ရှိကဲ့ ပုဂ္ဂိုလ်များသည် လိမ်တောင် ပြောဝံ့သေးယင် မုသာဝါဒတောင် ပြောဝံ့သေးယင် သူမပြုဝံ့တဲ့ အကုသိုလ် တခုမှ မရှိတော့ဘူး၊ အကုန်ပြုမှာဘဲ-တဲ့၊ အဲဒါ နဲ့ ပတ်သက်လို့ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်မှာ မြတ်စွာဘုရားက ရှင်ရာဟုလာကို ဟောတော်မူတယ်၊ အင်မတန်ကောင်းတဲ့ အဓိပ္ပါယ်ပဲ၊ ဘာပြောသလဲလို့ဆိုတော့ မြတ်စွာဘုရားက–

**မုသားစကားနှင့် မင်ဖိုလ်အကျိုးကို ရေခွက်-ဥပမာဖြင့်ဟောတော်မူခြင်း**

အမ္ဗလဋ္ဌိကလို့ဆိုတဲ့ သရက်ပင်ပျိုကလေး ဘပင်အောက်မှာ ရှင်ရာဟုလာက သီတင်းသုံးနေတယ်၊ ဝိဝေကသုခကို အင်မတန်ကြိုက်တဲ့ အဲဒီကိုယ်တော်ကလေး တပါးတည်း အေးအေးကလေးနေတော့ သူ့သားတော်ရှိရာကို မြတ်စွာဘုရားက ကြွလာခဲ့တယ်၊ ဒီကျတော့ ရှင်ရာဟုလာက ခြေထောက်ကိုရေဆေးပေးဘို့ဆိုပြီး ရေခွက်ကလေးကိုင်တော့ မြတ်စွာဘုရားက သူ့ဟာသူဆေးတယ်၊ ဆေးပြီးတော့ အဲဒီရေခွက်ထဲမှာ ရေကလေး နန်နဲ ချန်ထားတယ်၊ ရေလေးနန်နဲချန်ထားပြီးတော့ ရှင်ရာဟုလာကိုပြတယ်။

"ပဿသိ နော တွံ ရာဟုလ ဣမံ ပရိတ္တံ ဥဒကာဝသေသံ ဥဒကာဓာနေ ဌပိတံ"[၂]။

ရာဟုလ၊ချစ်သား ရာဟုလာ။ ဥဒကာဓာနေ၊ ရေခွက်၌။ ဌပိတံ၊ ထား အပ်သော။ ပရိတ္တံ၊ နဲလှစွာသော။ ဣမံ ဥဒကာဝသေသံ၊ ဤခြေဆေးရေ အကြွင်းကလေးကို။ တွံ၊ သင်သည်။ ပဿသိနော၊ မြင်ရဲ့လား။

ချစ်သားရာဟုလာ....ဒီရေခွက်ထဲမှာ ခြေဆေးရေတွေကို စွန့်ပစ်ပြီးတော့ နန်နဲ လေးချန်ထားတာ မင်းမြင်ရဲ့လားတဲ့၊ ဒီတော့–"ဧဝံ ဘန္တေ–မြင်ပါတယ် ဘုရား"လို့ ပြောလိုက်တယ်-နော်၊ (မှန်ပါဘုရား) ဒီတော့မြတ်စွာဘုရားက–

---

၁။ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ၊ နှာ-၉၀။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊နှာ—၇၈—၌ "ယဿ ကဿစိ သမ္ပဇာနမုသာဝါဒေ နတ္ထိ လဇ္ဇာ။ နာဟံ တဿ ကိဉ္စိ ပါပံ အကရဏီယန္တိ ဝဒါမိ။ (မုသားပြောဆိုရာ၌ အရှက်မရှိသော မည်သည့်ရဟန်းမဆို မပြုလုပ်ဝံ့သော အကုသိုလ်တစုံတခုမျှမရှိ–ဟု ငါဘုရား ဟောတော်မူ၏) ဟူ၍ ဘုရားကိုယ်ပိုင် ဟောထားသည်။

၂။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ နှာ–၇၇။

"**ဧဝံ** ပရိတ္တံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ"တိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ဧဝံ၊ ဤရေခွက်ထဲက နဲနဲလေးဖြစ်တဲ့ရေအတူ သာလျှင်။ ယေသံ၊အကြင်ပုဂ္ဂိုလ်တို့အား။ သမ္ပဇာနမုသာဝါဒေ၊ သိလျက်ချို့ ယွင်း ဖောက်ပြန် မမှန်သောစကားကို ပြောဆိုခြင်း၌။လဇ္ဇာ၊ ရှက်ကြောက်ခြင်း သည်။နတ္ထိ၊မရှိ။ တေသံ၊ ထိုလိမ်ပြောရမှာကို မရှက်မကြောက်တဲ့ ပုဂ္ဂိုလ်တို့၏ (သန္တာန်၌)။ သာမညံ၊ သမဏအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်တို့၏အကျိုးစီးပွား သည်။ ပရိတ္တံခေါ၊ နဲနဲကလေး ရှိသည်သာလျှင်တည်း။

လိမ်ပြောတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မုသာဝါဒပြောတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘယ်လို တရားအားထုတ်နေပါတယ်လို့ဘဲပြောပြော သူ့သန္တာန်မှာ သူအား ထုတ်တဲ့တရား ဒီလောက်ကလေးဘဲ ရှိတယ်တဲ့-နော်၊ (မှန်ပါဘုရား) ပြီးတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဘာပြုပြန်သလဲလို့ဆိုတော့-ဒါ တပိုဒ်နော်၊ (မှန်ပါ) လက်ကလေးချိုးထား-ဒါတပိုဒ်။

နောက်တပိုဒ် ဘာပြောသလဲလို့ဆိုတော့ အဲဒီရေကလေးကို မြတ်စွာဘုရား က စွန့်ပစ်လိုက်တယ်၊ ရေအကြွင်းအကျန်ကလေးကိုစွန့်ပြီးဖော့ မြတ်စွာဘုရားက အရှင်ရာဟုလာကို မေးတယ်-

"ပဿသိ နော တွံ ရာဟုလ ပရိတ္တံ ဥဒကာဝသေသံ ဆဍ္ဍိတ" န္တိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ပရိတ္တံ၊ နည်းသော။ ဥဒကာဝသေသံ၊ ရေ အကြွင်းအကျန်ကို။ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သည်ကို။ တွံ၊ သင်သည်။ ပဿသိနော– ပဿသိနု၊ မြင်၏မဟုတ်လော။

ချစ်သား....ရေခွက်ထဲက ရေအကြွင်းအကျန်ကလေးကို စွန့်ပစ်လိုက်ထာ သင်မြင်တယ်မဟုတ်လား၊ "**ဧဝံ ဘန္တေ**၊မြင်ပါသည် မြတ်စွာဘုရား"။ မြင်ပါ တယ်တဲ့။

"ဧဝံ ဆဍ္ဍိတံ **ခေါ** ရာဟုလ တေသံ သာမညံ၊
ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ"တိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ယေသံ၊ အကြင်ပုဂ္ဂိုလ်အပေါင်းတို့အား။ သမ္ပဇာနမုသာဝါဒေ၊ သိလျက်ချို့ယွင်းဖောက်ပြန်မမှန်သော စကားကိုပြောဆို ခြင်း၌။ လဇ္ဇာ၊ ရှက်ကြောက်ခြင်းသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုလိမ်ညာ၍ ပြောရမှာကို မရှက်ကြောက်သောပုဂ္ဂိုလ်တို့၏ သန္တာန်၌။ သာမညံ၊ သမဏ

အဖြစ်ဟု ဆိုအပ်သော မင်္ဂလိုလ်နိဗ္ဗာန် အကျိုးသည်။ ဝါ၊ တရားအားထုတ်တယ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးတည်းဟူသော ကျင့်ဝတ်ပဋိပတ်အကျင့်မြတ်သည်။ ဇဝံ ဆဉ္ဆိတံ ခေါ၊ ဤသို့စွန့်ပစ်အပ်သော သဘောရှိသည်သာလျှင်တည်း။

အေး–သိလျက် ချွတ်ယွင်းဖောက်ပြန် မမှန်တဲ့စကားကို ပြောကြားတဲ့ပုဂ္ဂိုလ်ဆိုတာ ရေခွက်ထဲကရေကိုစွန့်ပစ်သလို သူ့သန္တာန်မှာရှိတဲ့ သီလ သိက္ခာတွေကို အကုန်စွန့်ပစ်လိုက်သလိုဘဲတဲ့–မြတ်စွာဘုရားက၊ မုသာဝါဒ–နှုတ်အမှုအရာမစင်ကြယ်တာ၊ အခုနက ငွေတသိန်းလောက်ရမယ်၊ သို့သော် ဒီစကားပြောတဲ့အတွက် အကုသိုလ်တွေတော့ဖြစ်မယ်၊ ကုသိုလ်တော့ဆုတ်ယုတ်သွားမယ်၊ ငွေတသိန်းလောက်တော့ မြတ်မယ်ဆိုယင်–မပြောရဘူးကွဲ၊ ဒါရှောင်ကြဉ်ရမယ်၊ သီလပိုင်းတွေကိုမြတ်စွာဘုရား ဟောပေးနေတာ၊ ဒါပါတိမောက္ခသံဝရသီလလို့လဲခေါ်တယ်၊ (မှန်ပါဘုရား) ဘယ်နှစ်နည်းရှိသွားပလဲကွဲ့– ရာဟုလာကို မြတ်စွာဘုရားဟောနေတာ၊ (နှစ်နည်းပါဘုရား) နှစ်နည်း။

ပြီးတော့ မြတ်စွာဘုရားက အဲဒီရေခွက်ကို ဘာလုပ်သလဲ၊မှောက်ထားလိုက်တယ်။

“ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ နိက္ကုဇ္ဇိတ”န္တိ။

ချစ်သားရာဟုလာ၊ရေခွက်ကိုမှောက်ထားတာ မင်းမြင်သလားတဲ့၊အမိပ္ပါယ်ဒါဘဲနော်၊(မှန်ပါဘုရား) ဧဝံဘန္တေ–မြင်ပါတော့သည်ဘုရား။

ဧဝံ နိက္ကုဇ္ဇိတံ ခေါရာဟုလ တေသံသာမညံ၊ ယေသံ နတ္ထိ သမ္ပဇာန မုသာဝါဒေ လဇ္ဇာ”တိ၊(အမိပ္ပါယ်ဒါပါဘဲ။)

ချစ်သားရာဟုလာ....သိလျက်ချို့ယွင်းဖောက်ပြန်မမှန်သောစကားကို ပြောဆိုတဲ့ပုဂ္ဂိုလ်တို့ဟာ သူ့သန္တာန်မှာ သမဏအဖြစ်ကိုပြုတတ်တဲ့ ကိလေသာကင်းကြောင်းတရားဟာလဲ မှောက်ထားသလိုကြီး ဖြစ်နေတယ်တဲ့– ဟုတ်လား၊ ရေခွက်မှောက်ထားသလိုဘဲတဲ့၊ ဘယ်နှစ်နည်း ရှိသွားပလဲ၊ (သုံးနည်းပါဘုရား) နောက်တနည်း ဘာပြောလဲလို့ဆိုတော့– ရေခွက်ကိုမှောက်ထားပြီး နောက်တခါ ရေခွက်ပြန်ပြီးပက်လက်လှန်တယ်၊ ပက်လက်လှန်ထားတဲ့ ရေခွက်ထဲဘာရှိသလဲကွဲ့၊ (ဘာမှမရှိပါဘူးဘုရား)

“ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ ရိတ္တံ တုစ္ဆ”န္တိ။

ချစ်သားရာဟုလာ....ဘာမှမရှိတဲ့ ရေခွက်ကို သင်မြင်ရဲ့လားတဲ့။“ဧဝံဘန္တေ၊ မြင်ပါသည်ဘုရား”။

"ဧဝံ ရိတ္တံ တုစ္ဆံ ခေါ ရာဟုလ တောယံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာန မုသာဝါဒေ လဇ္ဇာ"တိ။ (ပါဠိတော်က)

အဲဒီနည်းအတိုင်းဘဲတဲ့၊ သိလျက်ချို့ယွင်းဖောက်ပြန် မမှန်သောစကားကို ပြောဆိုတဲ့ ဝစီသမာစာရ မစင်ကြယ်တဲ့- နှုတ်အမူအရာရှိတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သာမညံ-သမဏအဖြစ် ရဟန်းအဖြစ်ဟု ဆိုအပ်သော သဘောတရားသည်။ ဧဝံ၊ဤအတူ။ ရိတ္တံ တုစ္ဆံ၊ အချည်းနှီး ဗလာ ဘာမှမရှိသည်သာတည်း။

မုသာဝါဒပြောတဲ့ပုဂ္ဂိုလ်မှာ ရဟန်းအကျင့်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အကျင့် ဘာရှိသေးလဲကွဲ့၊ (ဘာမှမရှိပါဘူးဘုရား) ဒီအတိုင်းမြတ်စွာဘုရား ပြောတယ်၊ ဒီတော့– မင်းတို့က ပြောတယ်-မုသားမပါ လက်ာမချောဘူးတဲ့၊ မုသားမပါ လက်ာမချောဘူး မဟုတ်ဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်လဲတလုံးမှမပါတော့ဘူး။အခု-ရိတ္တတုစ္ဆဖြစ်နေပြီ မဟုတ်လား၊(မှန်ပါ ဘုရား) •ချောင်ရမဲ့တရားတွေနော်၊(မှန်ပါ) အဲဒါအပြန်ပြုလိုက်သောအားဖြင့် သူ့မှာ ဝစီသမာစာရစင်ကြယ်တယ်၊ အဲဒီလို ဟိရီဩတ္တပ္ပ တရားနှစ်ပါးပြည့်စုံ ရုံလောက်နဲ့ ကိုယ်အမူအရာ စင်ကြယ်ရုံလောက်နဲ့ နှုတ်အမူအရာ စင်ကြယ်ရုံ လောက်နဲ့လဲ သင်ချစ်သားတို့ တော်လောက်ပလား၊ မတော်သေးဘူးပေါ့-နော်၊ (မှန်ပါ)

"တာဝတကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ"။

တာဝတကေနေဝ၊ ထိုကဲ့သို့သော ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံခြင်း, ကိုယ်အမူအရာ စင်ကြယ်ခြင်း, နှုတ်အမူအရာစင်ကြယ်ခြင်းမျှဖြင့် သာလျှင်။ တုဋ္ဌိံ၊ နှစ်သက်ရောင့်ရဲ တင်းတိမ်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်ကုန်ရာ၏။

ဒါလောက်နဲ့ မရောင့်ရဲနဲ့အုံးတဲ့၊ ရှေ့မှာ ကျင့်စရာအကျင့်က ရှိသေးတယ်၊ ဘာတုံးလို့ဆိုတော့-

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

သမဏအဖြစ်, ဗြာဟ္မဏအဖြစ်–နိဗ္ဗာန်ချမ်းသာ၏အကျိုးကို လိုချင် သေးတယ် ဆိုယင် ရှေ့ကျင့်စရာရှိသေးတယ်၊ အဲဒီအကျိုး သင်ချစ်သားတို့ မဆုတ်ယုတ် ဇေနဲ့တဲ့-မြတ်စွာဘုရားက၊ ခုနက မုသာဝါဒ-ဟိရီ, ဩတ္တပ္ပတရား နှစ်ပါး ပြည့်စုံတယ်၊ ကာယသမာစာရ–ကိုယ်အမူအရာ စင်ကြယ်တယ်၊ နှုတ်အမူအရာ စင်ကြယ်တယ်၊ မင်းတို့ ကြွကြွ ကြွကြွနဲ့ မလုပ်နဲ့တဲ့၊ သူများလဲ အထင်

မသေးနဲ့ကွဲ-မြတ်စွာဘုရားက၊ ကိုယ့်အကျင့်နဲ့ ပတ်သက်ပြီးတော့ ရှောကျင့်ရမယ့်တရားဟာ ဘာတုံး-

"ပရိသုဒ္ဓေါ နော မနောသမာစာရော ဘဝိဿတိ ဥတ္တာနော ဝိဝဋော၊ န စ ဆိဒ္ဒဝါ၊ သံဝုတော စ"[1]။

**စိတ်အမှုအရာစင်ကြယ်ရပုံ** စိတ်အမှုအရာ စင်ကြယ်ရမယ်၊ စိတ်အမှုအရာစင်ကြယ်တာက ပရိသုဒ္ဓ မနောသမာစာရ, အပရိသုဒ္ဓ မနောသမာစာရလို့ နှစ်ခုရှိတယ်၊ အဲဒါကဘာတုံး၊ မစင်ကြယ်တဲ့စိတ်အမှုအရာ ဆိုတာဘာလဲ။

"ယော ဘိက္ခု အဘိဇ္ဈာလု ဗျာပန္နစိတ္တော မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ တဿ မနောသမာစာရော အပရိသုဒ္ဓေါ နာမ"[2]။

လောဘကြီးတယ်၊ သူတပါးပစ္စည်းတွေ ငါ့ပစ္စည်းဖြစ်ယင် ကောင်းမှာဘဲလို့ စိတ်ထဲကကြံစည်နေယင် အဲဒါအဘိဇ္ဈာ-ဟုတ်လား၊ (မှန်ပါဘုရား) ဗျာပါဒ-သူတပါးပစ္စည်းတွေ ပျက်စီးပါစေ၊ ငါ့ထက်သာတဲ့လူတွေ ပျက်စီးပါစေ ပျက်စီးစေချင်တယ်၊ အဲဒီပုဂ္ဂိုလ်တွေမှာ တစုံတရာအပြစ်ရောက်နေယင် ကိုယ်က ဝမ်းမြောက်နေဟယ်ဆိုတာ အဲဒါ ဗျာပါဒ-နော်၊ (မှန်ပါဘုရား)

မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ နတ္ထိဒိန္နံ၊ နတ္ထိယိဋ္ဌံ၊ နတ္ထိသုကတဒုက္ကတာနံ ကမ္မာနံ ဖလံဝိပါကော၊ နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိသတ္တာ ဩပပါတိကာ-စသည်ဖြင့်-

အဲဒီလို-လှူတာလဲ အကျိုးမရှိဘူး၊ ကုသိုလ်ကောင်းမှုပြုတာလဲအကျိုးမရှိဘူး၊ ဒိဘဝလဲမရှိဘူး၊ ဟိုဘဝလဲမရှိဘူး၊ အမေ့အပေါ် ရှိသေတဲ့ကျေးဇူးလဲမရှိဘူး၊ အဖေ့အပေါ် ရှိသေတဲ့ကျေးဇူးလဲ မရှိဘူး၊ အမေလဲမရှိဘူး၊ အဖေလဲမရှိဘူး ဆိုတဲ့ ဝါဒ၊ အဲဒါ နတ္ထိက ဒိဋ္ဌိ ခေါ်တယ် ဟုတ်လား၊ (မှန်ပါဘုရား) အဲဒီလို အယူရှိနေတဲ့ပုဂ္ဂိုလ်များသည် စိတ်အမှုအရာစင်ကြယ်သေးလား၊ (မစင်ကြယ်တော့ပါဘူးဘုရား) ဒါ ကမ္မပထ၏အစွမ်းအားဖြင့်ပေါ့-နော်၊ (မှန်ပါဘုရား) သိက္ခာပဒ၏အစွမ်းအားဖြင့် ပြောတာတွေ ရှိသေးတယ်၊ အဓိပ္ပါယ်အကျဉ်း ချုပ်က ဘာပြောပြန်သလဲဆိုတော့ စိတ်အမှုအရာမစင်ကြယ်ပုံကို အဋ္ဌကထာက-

"ယော ပန ဥပနိက္ခိတ္တံ ဇာတရူပရဇတံ သာဒိယတိ၊ တဿ မနောသမာစာရော အပရိသုဒ္ဓေါ နာမ"[3]။

---

၁။ မူလပဏ္ဏာသ ပါဠိတော်၊ နှာ-၃၃၉။

၂-၃။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၃၊ နှာ-၂၁၅။

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ ဥပနိက္ခိတ္တံ၊ မိမိအနီး၌ချထားအပ်သော။ ဇာတရူပ ရဇတံ၊ ရွှေနှင့်ငွေကို။ သာဒိယတိ၊ စိတ်ထဲက သာယာ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ မနောသမာစာရော၊ စိတ်အမူအရာသည်။ အပရိသုဒ္ဓေါ နာမ၊ မစင်ကြယ်သည်မည်၏။

မိမိအနီး၌လာချထားသော ရွှေနှင့်ငွေကို သာယာလိုက်တယ်၊ တကာကြီး ဒါလေးလှူပါလို့တော့ မပြောဘူး၊ သို့သော် လိုချင်စိတ်ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်အမူအရာ စင်ကြယ်သလား-မစင်ကြယ်ဘူးလား၊ (မစင်ကြယ်ပါဘူး ဘုရား)ပြီးတော့-

> "ယော ပန ဘိက္ခု ကာမဝိတက္ကံ ဝါ ဗျာပါဒဝိတက္ကံ ဝါ ဝိဟိံသာ ဝိတက္ကံ ဝါ ဝိတက္ကေတိ၊ တဿ ပန မနောသမာစာရော အပရိသုဒ္ဓေါ"[၁]။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဆိုတဲ့ ဒီဝိတက် သုံးခုကို ကြံစည်နေတာလဲဘဲ စိတ်အမူအရာ မစင်ကြယ်ဘူးတဲ့- ဟုတ်လား၊ (မှန်ပါ) အဲဒီဝိတက်ဆိုးကြီးသုံးခုတို့ရဲ့ အဓိပ္ပါယ်အကျယ်ကိုတော့ ဟိုမေဃိယသုတ္တန် မှာ ငါအကျယ်ဟောထားတာ ရှိတယ်မဟုတ်လား၊ (မှန်ပါဘုရား) ကောင်း-အဲဒီ နေရာမှာ ကြည့်ကြပေတော့၊ ဒီနေရာဘုန်းကြီးအကျယ်ဟောနေယင် ဒါ-ဆုံးမှာ မဟုတ်တော့ဘူး-ဟုတ်လား၊ (မှန်ပါဘုရား) ဒီကနေ့ ကိုယ်ကြည့်ထားတဲ့ စာပိုဒ် ကတော့ဖြင့် အကုန်ပြည့်စုံအောင် ဟောပေးရမယ်-နော်၊ (မှန်ပါ)

ဟိရီ၊ ဩတ္တပ္ပတရား နှစ်ပါးနဲ့လဲပြည့်စုံယင် ကိုယ်အမူအရာလဲ စင်ကြယ် တယ်၊နှုတ်အမူအရာလဲ စင်ကြယ်တယ်၊ စိတ်အမူအရာလဲ စင်ကြယ်တယ် ဆိုတဲ့ ဒီစင်ကြယ်ရုံမျှနဲ့ သင်ချစ်သားတို့သည် မိမိကိုယ်ကိုအထင်ကြီးမနေကြနဲ့ အုံး တဲ့-မြတ်စွာဘုရားက။

> "တဿ စ ပရိသုဒ္ဓမနောသမာစာရတာယ နေဝတ္တာနုက္ကံသေ-ဿာမ န ပရံ ဝမ္ဘေဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိ တဗ္ဗံ"[၂]။

အဲဒီလို မနောသမာစာရ-စိတ်အမူအရာ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ နေဝ ဥက္ကံသေဿာမ၊အထင်မကြီးကြကုန်အံ့။ ဝါ၊ မမြှောက်ပင့်ကုန်အံ့။ ပရံ၊ သူတပါးကို။ န ဝမ္ဘေဿာမ၊ အထင်မသေးကုန်အံ့။ ဝါ၊ မရှုတ်ချကုန်အံ့။ ဣတိ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

---

၁။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၃၊ နှာ-၂၁၅။
၂။ မူလပဏ္ဏာသပါဠိတော်၊နှာ-၃၃၉-၃၄၀။

**အသက်မွေးမှုစင်ကြယ်ရပုံ** တရားဘယ်နှစ်လုံးရသွားပလဲကွဲ့၊ ဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါး၊ **ကာယသမာစာရ, ဝစီသမာစာရ,** မနောသမာစာရ–ဒီတရား လေးလုံး ပြည့်စုံရှိမျှနဲ့ သင်ချစ်သားတို့ နှစ်သက် နေတတ်တယ်-ဟုတ်လား၊ (မှန်ပါ) နို့-ကျင့်စရာတရား မရှိတော့ဘူးလား-ရှိသေးတယ်၊အဲဒါမင်းတို့ ကျင့်အံ့တဲ့-မြတ်စွာဘုရားက၊ မဟာအဿပုရသုတ္တန် ကြီးမှာ-နော်၊ (မှန်ပါ) အဲဒါဘုန်းကြီးတို့ ဝိပဿနာ လုပ်ငန်းကို ရောက်ဘို့ အတွက်ကို ဒီကနေ မြတ်စွာဘုရား ဟောလာခဲ့တာ၊ အဲဒါတွေ တို့ကမေ့ကျန် ခဲ့ပြီးတော့ ဟိုအဖျားသာ တက်နေတာဘဲ-ဟုတ်လား၊ (မှန်ပါ)ဘာပြော တုံး ကွဲ့-ဒီနေရာမှာ၊ အာဇီဝပါရိသုဒ္ဓိသီလ။

"ပရိသုဒ္ဓေါ နော အာဇီဝေါ ဘဝိဿတိ ဥတ္တာနော ဝိဝဋ္ဋော၊ န စ ဆိဒ္ဒဝါ၊ သံဝုတော စ"။

အဲဒါတွေကျတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများဘက်က ဒုစရိုက်ခုနစ်ပါး ရှောင်လိုက်ယင် အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်ပြီမဟုတ်လားလို့၊ (ဖြစ်ပါတယ်ဘုရား) ပြီးတော့ မရောင်းကောင်း မချ ကောင်းတဲ့ ဟိုလက်နက်တို့ ဘာတို့ရှိတယ် မဟုတ်လားလို့၊ (ရှိပါတယ်ဘုရား) ပြီးတော့ အသားတို့, အဆိပ်တို့-အဆိပ်များ ရောင်းကောင်းသလား၊(မရောင်း ကောင်းပါဘူးဘုရား) မရောင်းကောင်းဘူးလို့ မြတ်စွာဘုရားဟောထားတာ၊ အဲဒီအဆိပ်ရောင်းတဲ့အတွက် ငွေတွေသိပ်မြတ်မယ်ကွာဆိုယင် မင်းရောင်းမလား-မရောင်းဘူးလား၊ (မရောင်းရဲပါဘူးဘုရား) ဘာပြုလို့တုံး၊ (အဲဒါတော့ ကြောက်လို့ပါဘုရား) အေးအဆိပ်-မရောင်း**ကောင်းဘူး**-ဟုတ်လား၊ (မှန်ပါ) အဲဒီလို မရောင်းကောင်း မဝယ်ကောင်းတဲ့ ကုန်ပစ္စည်းမျိုးတွေကို ရောင်းဝယ် ပြီးတော့ အသက်မွေးမှုတွေကို ရှောင်ကြဉ်နေတဲ့ အာဇီဝဆိုတဲ့အသက်မွေးမှုစင် ကြယ်တယ် ဟုတ်လား၊ (မှန်ပါ)ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားတာ ဒါ-အာဇီဝစင်ကြယ်တယ်။

**ရဟန်းတော်များ၏ နူးညံ့လှသောကျင့်ဝတ်များ** ပြီးတော့ တို့ဘုန်းကြီးတွေဘက်လှည့်တယ်၊ ဘုန်း ကြီးတွေဘက်ဆိုတာ ငါ့ကိုငါ့ကို၊ အောင်ကြည်-(ဘုရား)ဘယ်သူ့ကိုလဲ၊ (ဆရာတော်ကိုပါဘုရား) အေးငါ့ကို၊ငါ ဒီသုတ္တန်တွေရွေးဆိုကထဲက ငါနဲ့တော်မဲ့သုတ္တန်ကို ငါရွေးဟော တာသိလား။(မှန်ပါ) အေး-ဘုန်းကြီးဘက်လှည့်လာတယ်၊ မနေ့ကတုန်းက လာဘသက္ကာရသံယုတ်ကို ရှောက်ပြီးတော့ကြည့်စမ်းတယ်၊ ဘုန်းကြီးတို့က လာဘ်

လာဘများလေဘေးသင့်လေလေဘဲတဲ့၊ ဒီဘဝမှာလာဘ်လာဘတွေအားကောင်းတဲ့အတွက် တကာ-တကာမ ပရိသတ်များယင် သေယင်သေတဲ့၊ မသေယင်သေလောက်တဲ့ ဒဏ်ကိုခံရမယ်တဲ့၊ ဟော-လာဘသက္ကာရဂါယုတ်က မိုးကြိုးပစ်လို့သေယင် မင်းဒီဘဝဘဲသေရမယ်တဲ့၊ လောဘသက္ကာရတွေ သိပ်များပြီးတော့ သေယင် အပါယ်ကတက်ရမှာ မဟုတ်တော့ဘူး-တဲ့။

လာဘ်လာဘနဲ့ပတ်သက်ပြီးတော့ ကြောက်စရာကောင်းလိုက်တဲ့ အပြစ်တွေ ဗဋ္ဋိသသုတ်[၁]တဲ့၊အသနိသုတ်[၂]တဲ့၊မိုးကြိုးစက်ကျသလို ဖြစ်တယ်ဆိုတဲ့ မြတ်စွာဘုရားဟောကြားတဲ့သုတ္တန်တွေ အများကြီးကြောက်စရာကောင်းဘယ်၊ လာဘ်လာဘပေါများတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်လို့။

အဲဒီ ကိစ္စနဲ့ပတ်သက်ပြီးတော့ ရဟန်းတော်များ သက်မွေးဝမ်းကျောင်းစင်ကြယ်ဘို့ရန်အတွက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးဘဲမဟုတ်ဘူးလားကွဲ၊(မှန်ပါဘုရား) ဒီအပိုင်းကိုတော့ ခပ်ကျယ်ကျယ်သက်သေနဲ့ ဟောမလို့ စိတ်ကူးထားတယ်-ဟုတ်လား၊ (မှန်ပါ) ဒါကြောင့်မို့လို့ နောက်ကအပိုင်းတွေကို ခပ်မြန်မြန်ဘုန်းကြီးဟောလာခဲ့တယ်။

နော၊ငါတို့၏။ ပရိသုဒ္ဓေါ၊စင်ကြယ်သော။ အာဇီဝေါ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေးနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်နေရတယ်ဆိုတဲ့ အာဇီဝပါရိသုဒ္ဓိသီလသည်။ ဥတ္တာနော၊ ပေါ်လွင်သည်။ ဝိဝဋော၊မဖုံးလွှမ်းအပ်သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဆိဒ္ဒဝါ၊ ကိလေသာ ဝင်စရာအပေါက် ရှိသည်လည်း န စ ဘဝိဿတိ၊ မဖြစ်လတ္တံ့။ သံဝုတော စ၊ကိလေသာမဝင်အောင် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ ပိတ်၍ ဖုံး၍ထားအပ်သည်လည်း။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

ကျင့်ရမယ်-နော်၊ ဘယ်နှယ်လုပ်ကျင့်မလဲ၊ ပရိသုဒ္ဓအာဇီဝ၊ အပရိသုဒ္ဓအာဇီဝ၊အပရိသုဒ္ဓ-မစင်ကြယ်တဲ့ အာဇီဝတွေကို ပြောလိုက်ယင်စင်ကြယ်တဲ့အာဇီဝကိုသိရော မဟုတ်လားလို့၊ (မှန်ပါဘုရား) အဋ္ဌကထာကလဲ ဒါတွေဘဲ ပြောထားတယ်၊ မစင်ကြယ်တာတွေချည်း ပြောထားတယ်၊ အကျယ်ကြီးကွဲ ဒီဥစ္စာကျယ်သလောက်တော့ ဘုန်းကြီးမဟောနိုင်ဘူး၊ အနေသနနှစ်ဆယ့်တပါးဆိုယင်ကုန်အောင်မဟောနိုင်ဘူး၊ မဟာနိဒ္ဒေသပါဠိတော်မှာ အကုန်ရှိတယ်၊ဟို **ပါရာယနဝဂ်**ထဲမှာ ဒါတွေ အကုန်လုံးပါတယ်၊ အာဇီဝမစင်ကြယ်ဘူးလို့ဆိုတာ–

---

၁-၂။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ–၄၂၄–၄၂၇။

''ယော ဘိက္ခု အာဇီဝဟေတု ဝေဇ္ဇကမ္မံ ပဟီဏဂမနံ ဂဏ္ဍဖာလနံ ကရောတိ''။

ယော ဘိက္ခု၊အကြင်ရဟန်းသည်။ အာဇီဝဟေတု၊ အသက်မွေးမှုဟူသော အကြောင်းကြောင့်။ဝေဇ္ဇကမ္မံ၊ဆေးကုခြင်းအမှုကို။ ကရောတိ၊ပြုလုပ်၏။ပဟီဏဂမနံ၊ခိုင်းတိုင်းစေတိုင်း တကာ တကာမရဲ့ သြဇာကိုညောင်းပြီးတော့ပြောတိုင်း လုပ်ခြင်းကို။ ကရောတိ၊ပြု၏။ ဂဏ္ဍဖာလနံ၊အနာကိုခွဲ ပေးခြင်းအမှုကိုလည်း။ ကရောတိ၊ပြု၏။

ဆေးကုပေးတဲ့ဘုန်းကြီးဆိုယင် မင်းတို့ သိပ်ကျေးဇူးတင်တယ်မဟုတ်လား၊ ပြီးတော့ဘာပြောသလဲဆိုတော့- အရုမက္ခနံ ဒေတိ၊လိမ်းဆေးကိုပေး၏။ တေလံ၊ ဆီကို။ ပစတိ၊ချက်၍ပေး၏။ ဣတိ အာဒီနိ၊ ဤသို့အစရှိကုန်သော။ ဧကဝီသတိ အနေသန ဝသေန၊ မအပ်သောရှာမှီးခြင်း နှစ်ဆယ့်တမျိုး၏ အစွမ်းအားဖြင့်။ ဇီဝိတံ ကပ္ပေတိ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး ရအောင်ပြုလုပ် ပြီးတော့ သာသနာတော်မှာ အသက်မွေး ဝမ်းကျောင်း ပြုလုပ်၍နေ၏။ တဿ အာဇီဝေါ အပရိသုဒ္ဓေါ နာမ ဟောတိ၊ထိုပုဂ္ဂိုလ်၏ အသက်မွေးမှုသည် စင်ကြယ် သည် မမည်တဲ့။

စင်ကြယ်သေးလား၊ (မစင်ကြယ်ပါဘူးဘုရား) အပြန်လုပ်လိုက်ယင်(စင် ကြယ်ပါတယ်ဘုရား) ဟော-အဲဒါ အာဇီဝပါရိသုဒ္ဓိ၊ စင်ကြယ်တယ်၊ အဲဒါ ကတနည်း၊ ဘယ်လောက်တောင် မြတ်စွာဘုရားက ဒီ သုတ္တန်ဒေသနာတော်မှာ သိမ်သိမ်မွေ့မွေ့ လေးလေးမြတ်မြတ် ဟောထားသလဲဆိုတော့ အာဇီဝပါရိသုဒ္ဓိ စင်ကြယ်အောင် ကျင့်တဲ့နေရာမှာ-

"ယော ဝါ ပန ဝိညာပေတွာ ဘုဥ္ဇတိ၊ တဿ အာဇီဝေါ အပရိသုဒ္ဓေါ နာမ"၂။

ဆွမ်းဖြစ်ဖြစ် ကျောင်းဖြစ်ဖြစ် သင်္ကန်းဖြစ်ဖြစ် ဆေးဘဲဖြစ်ဖြစ် ကိုယ့် အတွက်ဆိုပြီးတော့ တောင်းယင် ဉာတိပဝါရိတမဟုတ်ခဲ့ယင် အရှင်ဘုရား ပစ္စည်းလေးပါးအလိုရှိလျှင် တောင်းပါဘုရားလို့ ဖိတ်ထားတဲ့ပုဂ္ဂိုလ်၊ သို့မဟုတ် ကိုယ့်ဆွေမျိုး တော်တဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်မဟုတ်ဘဲ တခြားတဦးဦးထဲမှာ ကိုယ်ကတောင်းမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ အာဇီဝ စင်ကြယ်သလား-မစင်ကြယ် ဘူးလား၊ (မစင်ကြယ်ပါဘူးဘုရား) မစင်ကြယ်ဘူး၊ နောက်တခု-

---

၁-၂။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၃၊ နှာ-၂၁၆

“ယော ဟိ ဘိက္ခု သပ္ပိ နဝနီတတေလမဓုဖာဏိတာဒီနိ လဘိတွာ “သွေ ဝါ ပုနဒိဝသေ ဝါ ဘဝိဿာမီ”တိ သန္နိဓိကာရကံ ပရိဘုဉ္ဇတိ”၁။

**သိမ်းဆည်းသုံးဆောင်လျှင် အာဇီဝ မစင်ကြယ်ပုံ** ထောပတ်တို့ ပျားတို့ သကာတို့ တင်လဲတို့ ဒါကျောင်းမှာ မရှိတာပေါ့နော်–

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သပ္ပိနဝနီတတေလမဓုဖာဏိတာဒီနိ၊ ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ အစရှိသည်တို့ကို။ လဘိတွာ၊ ရသည်ရှိသော်။ သွေဝါ၊ နက်ဖြန်ခါသို့ပင်း။ ပုနဒိဝသေဝါ၊ နောက်တနေ့သို့ရင်း။ ဘဝိဿာမိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ သန္နိဓိကာရကံ၊ သိုမှီးသိမ်းဆည်းထားပြီးတော့။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ အာဇီဝေါ၊ စားသောက်ခြင်းဆိုတဲ့ အာဇီဝသည်။ အပရိသုဒ္ဓေါ နာမ၊ မစင်ကြယ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ကျောင်းမှာ ဘာမှစားဖွယ် သောက်ဖွယ် ဆိုတာ ဘီရိုထဲမှာ ချန်ထားလို့ မဖြစ်ဘူးကွဲ့၊ သို့သော်လည်း အပ်တဲ့နည်းကတော့ ရှိသေးတာကိုးကွဲ့–ဟုတ်လား၊ (မှန်ပါ) အေး–အပ်တဲ့နည်းနဲ့ ကြည့်ယင်တော့ ဒါက ဝိနည်းတရားတော်အရပေါ့၊ ဒါ တရပ်နော်၊ ဒါ ဒီသုတ္တန်ပါဠိ, အဋ္ဌကထာဖွင့်တဲ့ အတိုင်းသာ ဟောနေတာဟုတ်လား၊ ရည်ရွယ်ချက်ဘာမှ မရှိဘူး– ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ နှလုံးသွင်းဘို့။

**အရိပ်အမြွက်မျှမပြောအပ်** ဥပမာ ဘာပြောလိုသလဲဆိုတော့ ပြောပုံကြည့်၊ နောက်တခုပြောထားတယ်၊ ဘယ်လောက်ခေါင်းခေါင်းပါးပါး ပြောထားသလဲ, သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ဒီသိက္ခာပုဒ်ဒီတရားတော်နဲ့ ပတ်သက်ပြောထားသလဲ– အာဇီဝစင်ကြယ်ဘို့ရန်အတွက်။

“ယော ဝါ ပန နိမ္ဗင်္ကုရာဒီနိ ဒိသွာ သာမဏေရေ ဝဒတိ အင်္ကုရေ ခါဒထာ, တိ၊ သာမဏေရာ ထေရော ခါဒိတုကာမောတိ ကပ္ပိယံ ကတွာ ဒေန္တိ၊ ဒဟရေ ပန သာမဏေရေ ဝါ ပါနီယံ ပိဝထ အာဝုသောတိ ဝဒတိ၊ တေ ထေရော ပါနီယံ ပိဝိတုကာမောတိ ပါနီယသင်္ခံ ဓောဝိတွာ ဒေန္တိ၊ တမ္ပိ ပရိဘုဉ္ဇန္တဿ အာဇီဝေါ အပရိသုဒ္ဓေါ နာမ ဟောတိ”၂။

---

၁–၂။ မူလပဏ္ဏာသ အဋ္ဌကထာ၊၃၊ နှာ–၂၁၆။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ နိမ္ဗကုံ ရာဒီနိ၊ တမာရွက်နုနုကလေး စသည်တို့ကို။ ဒိသွာ၊ မြင်၍။ သာမဏေရေ၊ ကိုယ်ရင်ကလေးဖြစ်တဲ့ သာမဏေတို့ကို။ ဝဒတိ၊ ပြောဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ အကုံရေ၊ အညွန့်အနုကလေးတွေကို။ ခါဒထ၊ စားကြပါကုန်လော့။ (ကိုယ်ရင်တို့....ဟိုမှာ တမာရွက်ကလေးတွေနုနေတာမြင်လား၊ မင်းတို့ အဲဒါတွေ ခူးစားကြပါလား ကွလို့ အဲဒီလိုပြောတယ်၊ အဲဒီလိုပြောလိုက်တော့) သာမဏေရာ၊ ကိုရင်ကလေးတွေက။ (ဘယ် နှယ်သိလဲ)ထေရော၊မထေရ်ကြီးသည်။ခါဒိတုကာမော၊ စားသုံးလို၏။ဉတ္တိ၊ဤသို့။ ဉတွာ၊သိ၍။ကပ္ပိယံ၊ကပ္ပိခြင်းကို။ ဝါ၊အပ်သည်ကို။ ကတွာ၊ပြုလုပ်၍။ ဒေန္တိ၊ဆက်ကပ်ကုန်၏။ တံ၊ထိုကဲ့သို့ ဆက်ကပ်တဲ့တမာညွန့်ကို။ ပရိဘုဉ္ဇန္တဿပိ၊ ဘုန်းပေးသုံးဆောင်သော ကိုယ်တော်အားလည်း။ အာဇီဝေါ၊ အသက်မွေးမှုဆိုတဲ့အာဇီဝသည်။ အပရိသုဒ္ဓေါ နာမ၊ မစင်ကြယ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဘယ်လောက်နူးညံ့သလဲ၊ (မှန်ပါ) အဲဒါလောက်နူးညံ့တဲ့ သိက္ခာပုဒ်တော်ကြီးတွေကို ထမ်းဆောင်နေရတဲ့ သံဃာတော်တွေအတွက် ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ခြော်-သံဃာတော်များ ဒါလောက်နူးနူးညံ့ညံ့ သိက္ခာပုဒ်တော်တွေကို ထမ်းဆောင်ပြီးတော့ ကျင့်နေကြပါလားလို့ အာရုံပြုပြီး ကြည်ညိုရမယ်ကွဲ့၊ (မှန်ပါဘုရား)ဒါ ဝိနည်းဒေသနာတော်နဲ့ ပတ်သက်လို့ ။

ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဒဟရေဝါ၊ရဟန်းငယ်တို့ကိုငင်း။ သာမဏေရေဝါ၊သာမဏေတို့ကိုငင်း။ အာဝုသော၊ငါ့ရှင်တို့။ တုမှေ၊သင်တို့သည်။ ပါနီယံ၊သောက်ရေကို။ ပိဝထ၊သောက်ကြပါကုန်လော့။ ငါ့ရှင်တို့...သင်တို့ရေသောက်ကြပါလားလို့ ဒီလိုသွားပြော၊ဒီတော့ ဦးပဉ္ဇင်းလေးတွေ,ကိုယ်ရင်လေးတွေက-ခြော်-မထေရ်ကြီးတော့ ရေသောက်ချင်နေတာနဲ့တူရဲ့လို့ ဆိုပြီးတော့-ထေရော၊ မထေရ်သည်။ ပါနီယံ၊ သောက်ရေကို။ ပိဝိတုကာမော၊ သောက်လိုသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ပါနီယသင်္ခံ၊ ရေသောက်ခွက်ကို။ ဓောဝိတွာ၊ ဆေး၍။ သစေဒေတိ၊ အကယ်၍ဆက်ကပ်သည်ဖြစ်အံ့။ တမ္ပိ၊ ထို ကိုယ်ရင်လေးတွေ မင်းတို့ရေသောက်ကြပါလားလို့ပြောလို့ ကိုယ်ရင်လေးတွေက ဆရာတော် ရေသောက်ချင်တယ်ထင်ပြီးတော့ လာကပ်တဲ့ရေကို သုံးဆောင်တဲ့ရဟန်းသည်ပင်လျှင် "အာဇီဝေါ အပရိသုဒ္ဓေါ နာမ ဟောတိ"သူ့ အာဇီဝ မစင်ကြယ်ဘူးတဲ့၊ ဒါလောက်ထိအောင် ရှောင်ရမယ်တဲ့၊ တို့သာသနာတော်ရဲ့ နူးညံ့သိမ်မွေ့ပုံနော်၊ (မှန်ပါ) သာသနာတော်ရဲ့ ဂုဏ်ကျေးဇူးကွဲ့၊ (မှန်ပါ)

**အာဇီဝပျက်ခြင်းကြောင့် သင့်သောအာပတ် ၆–မျိုး**

အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီးတော့ အာဇီဝ ပျက်ကွက်တဲ့အတွက် တို့ရဟန်းတော်များမှာ သင့်တဲ့ အာပတ် ဘယ်နှစ်မျိုး ရှိတယ်ဆိုတာကို ပရိဝါ ပါဠိတော်များမှာ မေးထားတာရှိတယ်။

"အာဇီဝဝိပတ္တိပစ္စယာ ကတိ အာပတ္တိယော အာပဇ္ဇတိ"[၁]။

အာဇီဝ ဝိပတ္တိပစ္စယာ၊ ဒီအသက်မွေးမှု မစင်ကြယ်ခြင်း ပျက်စီးခြင်းဟူသော အကြောင်းကြောင့်။ ကတိ၊ အဘယ်မျှလောက်ကုန်သော။ အာပတ္တိယော၊ အာပတ်တို့သို့။ အာပဇ္ဇတိ၊ ရောက်နိုင်သနည်း။

အာပတ်ဘယ်နှစ်မျိုး သင့်နိုင်သလဲဆိုတော့ "ဆ အာပတ္တိယော အာပဇ္ဇတိ" ခြောက်မျိုးသင့်နိုင်တယ်တဲ့ကွဲ့၊ ဘယ်နှစ်မျိုးတုံး၊ (ခြောက်မျိုးပါဘုရား) အဲဒီခြောက်မျိုးက ဘာလဲဆိုတော့ ပရိဝါ ပါဠိတော်မှာ–

"အာဇီဝဟေတု အာဇီဝကာရဏာ ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ အာပတ္တိ ပါရာဇိကဿ"[၂]။

(၁) အသက်မွေးမှု ကိုယ့်မှာ လာဘ်လာဘ ပေါများမှုတွေကို အကြောင်းပြုပြီးတော့ ကိုယ့်မှာ မရှိသေးတဲ့ ဈာန်မဂ်ဖိုလ်တရားတွေကို ရှိတယ်လို့ ပလွှားဝါကြွား ပြောဆိုမိယင် ပါရာဇိက အာပတ်သင့်တယ်တဲ့ကွဲ၊ တမျိုး။

"အာဇီဝဟေတု အာဇီဝကာရဏာ သဉ္စရိတ္တံ သမာပဇ္ဇတိ၊ အာပတ္တိ သံဃာဒိသေသဿ"[၂]။

(၂) အသက်မွေးမှုအကြောင်းပြုပြီးတော့ဇနီးမောင်နှံနှစ်ယောက်သော်၎င်း၊ အမျိုးသမီးနဲ့ အမျိုးသားသော်၎င်း၊အဲဒီလို အောင်သွယ်ဆက်စပ်ပေးမယ် ဆိုယင် သံဃာဒိသိသ် အာပတ်သင့်တယ်၊ ဘယ်နှစ်မျိုးရှိသွားပလဲ၊ (နှစ်မျိုးပါဘုရား) အာဇီဝပျက်တဲ့အတွက် သင့်တဲ့အာပတ်တွေ–နော်၊ (မှန်ပါ) ဒီအာပတ်တွေ ထိအောင် သင့်နိုင်တယ်၊ အင်မတန်ကြီးတဲ့ အာပတ်တွေ၊ ကိုင်း–ပြီးတော့ ပြောအုံးမယ်။

"အာဇီဝဟေတု အာဇီဝကာရဏာ ယော တေ ဝိဟာရေ ဝသတိ၊ သော ဘိက္ခု အရဟာတိ ဘဏတိ၊ ပဋိဝိဇာနန္တဿ အာပတ္တိ ထုလ္လစ္စယဿ"[၃]။

(၃) တယောက်သော ပုဂ္ဂိုလ်က ပြောမယ်၊ ဥပမာ ပုံဆိုကြပါတော့ကွယ်၊ ဟိုကျောင်းတကာကြီး သွားပြီးတော့–တေ၊ သင်၏။ ဝိဟာရေ၊ ကျောင်း၌။

---

၁–၂–၃။ ပရိဝါပါဠိတော်၊ နှာ၊ ၁၇၀။

ယော ဘိက္ခု၊ အကြင်ရဟန်းတော်သည်။ ဝသတိ၊ နေ၏။ သော ဘိက္ခု၊ ထိုရဟန်းတော်သည်။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်ပါပေတည်း။ ဣတိ၊ ဤသို့၊ ဘဏတိ၊ သွား၍ပြောဆို၏။ ဟာ-ခင်ဗျားကျောင်းမှာနေတဲ့ ကိုယ်တော်က ရဟန္တာပုဂ္ဂိုလ်ဗျလို့ သွားပြော၊ အဲဒါကို အပြောခံရတဲ့ဒကာက ဆိုလိုရင်း အဓိပ္ပါယ် နားလယ်ယင် ထုလ္လစ္စည်း အာပတ်သင့်စေ-တဲ့။

အသက်မွေးမှုဟူသော အကြောင်းကြောင့် မိမိကျောင်းမှာနေတဲ့ ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ဘဲလို့ ပြောတာ၊ အဲဒီကရလာတဲ့ လာဘ်လာဘအစားအစာတွေဟာ မစင်ကြယ်တော့ဘူး၊ အာဇီဝလဲပျက်တယ်တဲ့၊ အောင်ကြည်-(ဘုရား) ဝိနည်းတရားတော်ကြီးတွေကွဲ-ဟုတ်လား၊ (မှန်ပါ) အာဇီဝ မစင်ကြယ်တဲ့အတွက် သင့်တဲ့အာပတ် ဘယ်နှစ်မျိုး ရှိသွားပလဲ၊ (သုံးမျိုးရှိသွားပါပြီဘုရား) ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ်, ထုလ္လစ္စည်းအာပတ်-ဟုတ်လား(မှန်ပါ)

"အာဇီဝဟေတု အာဇီဝကာရဏာ ဘိက္ခု ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိ ပါစိတ္တိယဿ"[၁]။

(၄) မိမိကိုယ်က ကျန်းကျန်းမာမာကြီး ရှိပါလျက်သားနဲ့ အသက်မွေးမှုဟူသောအကြောင်းကြောင့် ပဏီတဘောဇဉ်ကို မိမိအတွက် တောင်းစားမယ်ဆိုယင် ပါစိတ်အာပတ်သင့်တယ်။

ပဏီတ ဘောဇဉ်ဆိုတာ သိလား၊ သပ္ပိ မဓု ဖာဏိတံ တေလံ နဝနီတံ-ထောပတ်ရယ် ပျားရယ် တင်လဲရယ် ဆီရယ် ဆီဦးရယ်-အဲဒီ ငါးခု၊ ပြီးတော့ မစ္ဆော မံသံ ခီရံ ဒဓိ။ မစ္ဆော-ငါး၊မံသံ-အမဲသား၊ ခီရံ-နို့ရည်၊ ဒဓိ-နို့ဓမ်းဟုတ်လား၊ ပေါင်းတော့ဘယ်နှစ်မျိုးတုံး၊ ကိုးမျိုး-ဟုတ်လား၊ (မှန်ပါ) အဲဒီ ကိုးမျိုးသည် ပဏီတဘောဇဉ်ဘဲ၊ အဲဒီ ပဏီတဘောဇဉ်ကို-

"ယော ပန ဘိက္ခု ဧဝရူပါနိ ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇေယျ၊ ပါစိတ္တိယံ"[၂]။

ဝိနည်းမှာ-ပါစိတ်အာပတ်တဲ့ ကွဲ့၊ ဘယ်နှစ်မျိုး ရှိသွားပလဲ၊ (လေးမျိုးပါဘုရား) အဲဒီ ပါစိတ်အာပတ်ပြီးတော့ နောက် ပါဋိဒေသနီယ အာပတ်ဆိုတာ ရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ ဒီခေတ်မှာ အဲဒီအာပတ်

၁။ ပရိဝါပါဠိတော်၊ နှာ-၁၇၈။ ၂။ ပါစိတ်ပါဠိတော်၊ နှာ-၁၁၈။

သင့်ဘို့ သိပ်မလွယ်ဘူး၊ အဲဒီ ပါဋိဒေသနီယ အာပတ်သင့်ချင်တောင် သင့်ဘို့တယ်မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့–

“ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ အန္တရဃရံ ပဝိဋ္ဌာယ ဟတ္ထတော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ (ပါဋိဒေသနီယံ”[၁]။)

(၅) အမျိုးမတော်တဲ့ ဘိက္ခုနီမရဲ့ လက်မှ ခဲဘွယ်သောဇဉ်ကို ကိုယ်တိုင်ယူပြီးတော့ အကပ်ခံမယ်ဆိုယင် ပါဋိဒေသနီယ အာပတ်သင့်တယ်၊ ဒါ–ရဟန်းတော်များအတွက်၊ ဒီလိုဆိုယင် အာဇီဝစင်ကြယ်သေးလား-သူ၊ (မစင်ကြယ်တော့ပါဘူး ဘုရား)

“အာဇီဝဟေတု အာဇီဝကာရဏာ သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိဒုက္ကဋဿ [၂]”။

(၆) ကိုယ်ကကျန်းကျန်းမာမာကြီး ရှိပါလျက်သားနဲ့ ဆွမ်းကိုရှင်း ဟင်းကိုရှင်း ကိုယ့်အတွက်တောင်းစားမယ်ဆိုယင် ဒုက္ကဋ်အာပတ်လို့ ဒီလိုအာပတ်ခြောက်မျိုးသင့်နိုင်တယ်–တဲ့၊ ဒီအာဇီဝကို အကြောင်းပြုပြီးတော့ တောင်း၍ တောင်း၍စားယင် အာဇီဝစင်ကြယ်သေးလား၊ (မစင်ကြယ်တော့ပါဘူးဘုရား)

**ဘေသဇ္ဇသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း**

သန္နိဓိကာရက–သိုမှီးသိမ်းဆည်းပြီးတော့ စားသောက်မယ်ဆိုယင် စင်ကြယ်သေးလား၊ (မစင်ကြယ်ပါဘူး ဘုရား)အဲဒီ မစင်ကြယ်မှုနဲ့ပတ်သက်လို့ ပါရာဇိကဏ်ပါဠိတော်မှာ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးရဲ့ တပည့်တွေကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားဟောထားတာ တခုရှိတယ်[၃]၊ နောက်ကြောင်းကိုတော့ ထားတော့ဟုတ်လား၊ (မှန်ပါ)

ရဟန်းတော်တွေ ဘယ်လိုဖြစ်ကြတုံးလို့ ဆိုတော့ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးက သူ့ဆွမ်းခံရွာက အမျိုးသမီးလေးတယောက်က ပန်းပန်ချင်ပါတယ် ဆိုပြီး ငိုနေတော့ ကိုင်း–ဘာဖြစ်လို့ ဒီကလေးငိုသလဲ၊ ပန်းပန်ချင်လို့တဲ့၊ ပန်းပန်ချင်ယင် ရော့–ဒါပန်ပေးလိုက်ဆိုပြီးမြက်ကရွတ်ခွေကြီးကိုပေးလိုက်တော့တကတဲ ရွှေပန်းခိုင်ကြီးလိုဖြစ်နေတယ်၊ တန်ခိုးနဲ့ ဖန်ဆင်းပေးထားတာကိုး၊ (မှန်ပါ)

---

၁။ ပါစိတ်ပါဠိတော်၊ နှာ–၂၂၀။ ၂။ ပရိဝါပါဠိတော်၊ နှာ–၁၇၀။
၃။ ပါရာဇိကဏ်ပါဠိတော်၊နှာ–၃၆၁–၃၆၃။ ဇာတ်အဋ္ဌကထာ။နှာ–၃၄၃၊ ဂန္ဓာရဇာတ်လည်း ကြည့်။

ဟိုကလေးမလေးက အငိုတိတ်သွားတယ်၊ဒီလို ရွှေပန်းခိုင်ကြီးလိုဖြစ်နေတော့ မြို့သူမြို့သား ရွာသူရွာသားတွေက ဟာ-ဒီကလေးမလေးရဲ့အိမ်မှာ ရွှေပန်းခိုင်ကြီးရှိနေတယ်၊ ရှင်ဘုရင်သွားပြောမယ်ဆိုပြီး ဗိမ္ဗိသာရမင်းကြီး သွားပြောတယ်၊ဗိမ္ဗိသာရမင်းကြီးက ဒီရွှေပန်းခိုင်နဲ့သင်တို့နဲ့မတော်ဘူးဆိုပြီးတကတဲသူ့ကို ဖမ်းသွားရော-ဒီကလေးမလေးကို။

နောက် •ပိလိန္ဒဝစ္ဆမထေရ်ကြီးကမေးတယ်၊ ဘယ်သွားလဲဒီကလေးမလေး၊ ရှင်ဘုရင်ဖမ်းသွားတယ်၊ ဘာဖြစ်လို့လဲ-ရွှေပန်းခိုင်ကြီးကြောင့် ဖမ်းသွားတယ်ဆိုတော့ ရှင်ပိလိန္ဒဝစ္ဆမထေရ်က ရှင်ဘုရင်နန်းတော်ကြွသွားတယ်၊ဗိမ္ဗိသာရမင်းကြီးနန်းတော်ရောက်တော့ နန်းတော်ကြီးတခုလုံး ရွှေရောင်ကြီးတွေဖြစ်အောင် ဖန်ဆင်းလိုက်တော့ အသင်မင်းကြီး....ဒီရွှေတွေဘယ်ကရတုံး- တပည့်တော်မသိဘူးတဲ့၊ အေးဟိုဒင်းကမြက်ကရွတ်ခွေကြီးတဲ့၊ဒီတော့ ဒီကလေးမလေးလွှတ်လာရောမဟုတ်လား၊(မှန်ပါ)

လူတွေကလဲ တန်ခိုးပြတဲ့ပိလိန္ဒဝစ္ဆမထေရ်ကြီးကို ကြည်ညိုကြလို့ ဆေးပစ္စည်းတွေ မြောက်မြားစွာလှူကြတယ်၊ဒီတော့ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီးက လာလှူသမျှဆေးပစ္စည်းကို သူ့ပရိသတ်အားဝေဝေပေးတော့ ပစ္စည်းတွေပေါလာပြီးတော့ အိုးထဲထည့်တဲ့သူကထည့်၊ သပိတ်ထဲထည့်တဲ့သူကထည့်၊သပိတ်အိတ်ထဲထည့်တဲ့သူကထည့်နဲ့၊အဲဒီလို ပစ္စည်းတွေထည့်သိုထားတာကို အကြောင်းပြုလို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဘေသဇ္ဇ သိက္ခာပုဒ်ကိုပညတ်တော်မူတယ်၊ ဒီလိုလဲ အပြစ်တင်တော်မူတယ်။

**ရှင်ဘုရင်နှစ်ပါးတောထွက်ခြင်း အတိတ်ဝတ္ထု၊** ချစ်သားရဟန်းတို့ဘုရားမပွင့်သေးမီ ရှေးတုန်းက သာသနာပအခါမှာ တောထွက်ပြီးရသေ့ပြုလုပ်နေကြတဲ့ ပညာရှိတို့ဟာ ငါးပါးသီလ လောက်နဲ့ဘဲစောင့်ရှောက်နေရပေမဲ့ ဆားကလေးတပွင့်နှစ်ပွင့်ကို နောက်တနေ့အတွက် ချန်ထားမိရုံနဲ့ဘဲ အပြစ်တင်ကဲ့ရဲ့သေးတယ်။ သင်ချစ်သားရဟန်းတို့ကတော့ ဝဋ်ဆင်းရဲထွက်မြောက်ကြောင်း “နိယျာနိက” သာသနာတော်မှာ ရဟန်းပြုကြပါရက်နဲ့ နောက် ၂-ရက် ၃-ရက်စာ သိုလှောင်သိမ်းဆည်းကြတာ မသင့်တော်ပေဘူးလို့ မိန့်တော်မူပြီးတော့-မြတ်စွာဘုရားက-

ချစ်သားတို့....ရှေးတုန်းက ဂန္ဓာရတိုင်းပြည်မှာ ဘုရားအလောင်းက ဂန္ဓာရလို့ ခေါ်တဲ့ ရှင်ဘုရင်ဖြစ်နေတယ်၊အဲဒီလိုဘဲ ဝိဒေဟတိုင်းပြည်ကြီးမှာလဲ ဝိဒေဟအမည်ရှိတဲ့ ရှင်ဘုရင်က အုပ်ချုပ်နေတယ်၊ အဲဒီ ရှင်ဘုရင်နှစ်ယောက်ဟာ

**တယောက်နဲ့တယောက်** မမြင်ဘူးဘူးကွဲ၊အဒိဋ္ဌသဟာယမိတ္တ – မမြင်ဘူးတဲ့မိတ်တွေ ဖြစ်ပြီးတော့ တိုတိုပြောတော့ ဘုရားအလောင်းတော်ဖြစ်တဲ့ ဂန္ဓာရမင်းတရားကြီးက ကောင်းကင်မှာ လငပုတ်ဖမ်းတာကိုမြင်တာနဲ့ အာဂန္တုကဖြစ်သော အညစ်အကြေးတွေကြောင့် ဒီလမင်းစင်စင်ကြယ်ကြယ်ကြီးဟာ ညစ်နွမ်းရတယ်၊ငါ့ထီးနန်းစည်းစိမ်ကြီးနဲ့တိုင်းပြည်ကြီးဆိုတာလဲ ငါ့ရဲ့အာဂန္တုကဖြစ်သော အညစ်အကြေးတွေဘဲ၊ဒါတွေ ငါထားပစ်ခဲ့မယ်ဆိုပြီးတော့-တောထွက်ပြီး ရသေ့ရဟန်းပြုလုပ်တော့ ဟိမဝန္တာမှာ ဈာန်သမာပတ်တွေရတယ်၊ ဘုရားအလောင်းဂန္ဓာရ ရသေ့။

ဘာရသေ့တုံးကွဲ၊(ဂန္ဓာရ ရသေ့ပါဘုရား)ဟိုတုန်းကတော့ ဘာဘုံးကွဲ၊ (ရှင်ဘုရင်ပါဘုရား) ရှင်ဘုရင်ဂန္ဓာရမင်း၊(မှန်ပါဘုရား) အခုတော့၊(ဂန္ဓာရ ရသေ့ပါဘုရား) မင်းတို့အဲဒီလိုမပြောင်းချင်ဘူးလား၊ (ပြောင်းချင်ပါတယ်ဘုရား) ဘယ်တော့တုံး၊ဖြေးဖြေးမှ – (ဖြေးဖြေးမှပါဘုရား) အေး-ဂန္ဓာရ ရသေ့ကြီးလဲ အဲဒီမှာဈာန်အဘိညာဉ်သမာပတ်တွေနဲ့ နေတယ်။

ဝိဒေဟရာဇ်တိုင်း ဝေဒေဟရှင်ဘုရင်ကလဲဘဲ ဂန္ဓာရမင်းတရားကြီးတောထွက်ပြီး ရသေ့ရဟန်းပြုလုပ်တယ်ဆိုတာ သတင်းကြားတာနဲ့ သူလဲဘဲ တိုင်းပြည်စွန့်ပြီးတော့ တောထွက်ပြီး ရသေ့ရဟန်းပြုလုပ်တယ်၊တနေ့တော့ တောကြီးထဲမှာ အဲဒီဂန္ဓာရ ရသေ့နဲ့ ဝေဒေဟရသေ့နှစ်ပါးတွေ့ကြတယ်၊ တွေ့တော့ ဘုရားလောင်းဖြစ်တဲ့ဂန္ဓာရရသေ့ထံမှာ ရှင်အာနန္ဒာအလောင်းဖြစ်တဲ့ ဝေဒေဟရသေ့က တပည့်ခံပြီးတော့ အဲ-တရားအား ထုတ်နေတယ် ဆိုကြပါစို့ကွယ်၊ မင်းတို့နားလယ်အောင်ဟုတ်လား၊ (မှန်ပါ)

**ဆားတပွင့်နှစ်ပွင့်သိမ်းဆည်းမိ၍ ရသေ့နှစ်ပါးငြင်းခုံကြပုံ**

ဆွမ်းခံသွားတော့ တခါတရံမှာ ဆားမပါတာတွေချည်း ရရလာတယ်ကွဲ့၊ဆားမပါတာ ရလာလဲဘဲ ဆားမပါဘဲ စားပေါ့၊ တခါတရံကျတော့လဲ ဆားလေးဘာလေး ရလာတယ်၊ ဒီတော့ တပည့်ဖြစ်တဲ့ ရှင်အာနန္ဒာအလောင်း ဝေဒေဟရသေ့က ဆားများများရလာတဲ့ နေ့ကျတော့ ဒီဆားကလေး နက်ဖြန်ခါဆားမရယင် ထဲ့စားဘို့ဆိုပြီး ဖက်ကလေးနဲ့ထုပ်၊ ကျောင်းက ဒီလိုသွပ်မိုးကျောင်းတွေဘာတွေမဟုတ်ဘူး၊ (မှန်ပါ)သက်ကယ်မိုးထားတဲ့ကျောင်း၊ အဲဒီသက်ကယ်ကြားလေးထဲ ညှပ်ပြီးတော့ထားတယ်၊နောက်တနေ့ဆွမ်းခံပြန်လာကြတဲ့အခါကျတော့ သူတို့နှစ်ပါးမှာ ဆားမပါတဲ့အာဟာရတွေရလာတော့ ဝေဒေဟရသေ့က မနေ့ကချန်ထားတဲ့ ဆားလေးသုတ်၊ဒီတော့

ဂန္ဓာရရသေ့ကမေးတယ်၊ ဒါဘာတုံး- ဆား၊ ဒီကနေ့ဆွမ်းခံရွာက ဆားမပါခဲ့ပါဘူး၊ဒီဆားဘယ်ကရလဲ၊ မနေ့ကချန်ထားတာပါဘုရားလို့ တပည့်က ပြန်လျှောက်တယ်၊ လျှောက်တော့ ဆရာဖြစ်တဲ့ဘုရားအလောင်း ဂန္ဓာရရသေ့က ဘာပြောသလဲ–

"မောဃပုရိသ တိယောဇနသတိကံ ဝိဒေဟရဇ္ဇံ ပဟာယ ပဗ္ဗဇိတွာ အကိဉ္စနဘာဝံ ပတ္တာ ဣဒါနိ လောဏသက္ခရာယ တဏှံ ဇနေသီတိ တဇ္ဇေတွာ ဩဝဒန္တော ပဉ္စမံ ဂါထမာဟ။

ဟိတွာ ဂါမသဟဿာနိ၊ပရိပုဏ္ဏာနိ သောဠသ။
ကောဋ္ဌာဂါရာနိ ဖိတာနိ၊သန္နိဓိံ ဒါနိ ကုဗ္ဗသိ"¹။
(ပါဠိဇာတ် ပါဠိတော်)

ဆားကိုချန်ထားတဲ့ အာနန္ဒာရဲ့အလောင်း ဝေဒေဟရသေ့ကိုပြောနေတာ။

မောဃပုရိသ၊ အို အချည်းနှီးဖြစ်သောယောကျ်ား။ တွံ၊သင်သည်။တိယောဇနသတိကံ၊ ယူဇနာသုံးရာကျယ်ပြန့်သော။ ဝိဒေဟရဇ္ဇံ၊ ဝိဒေဟတိုင်းပြည်ကို။ ပဟာယ၊ပယ်စွန့်ခဲ့ပြီး၍။ ပဗ္ဗဇိတွာ၊ရဟန်းပြုလာပါလျက်။ အကိဉ္စနဘာဝံ၊ ကြောင့်ကြခြင်းမရှိသည်အဖြစ်သို့။ ပတ္တာ၊ရောက်နေ၍။ ဣဒါနိ၊ယခုအခါ၌။ လောဏသက္ခရာယ၊ ဆားကလေးတပွင့်နှစ်ပွင့်မျှ၌။ တဏှံ၊တွယ်တာစုံမက်နှစ်သက်ခြင်းကို။ ဇနေသိ၊ ဖြစ်စေဘိ၏။ဣတိ၊ ဤသို့။ တဇ္ဇေတွာ၊ မာန်မဲပြီး၍။

ဝေဒေဟ၊ ဝေဒေဟရသေ့။ တွံ၊ သင်သည်။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကြွယ်ဝ ကုန်သော။ သောဠသ ဂါမသဟဿာနိ၊ ရွာကြီးပေါင်း တသောင်းခြောက်ထောင်တို့ကိုင်၎။ ဖိတာနိ၊ပြည့်ဖြိုးလျှံပယ်ကုန်သော။ ကောဋ္ဌာဂါရာနိ၊ ပုဆိုးတွေ ထည့်ထားတဲ့ ကျီကဲ့-ဂိုဒေါင်ပေါက်ကွယ် ဟုတ်လား၊ (မှန်ပါ) ပုဆိုးဂိုဒေါင် စပါးဂိုဒေါင် ရတနာဂိုဒေါင်ကြီးတွေကိုင်၎။ ဟိတွာ၊ ပယ်စွန့်၍ လာသည် ဖြစ်ပါလျက်။ ဒါနိ၊ ယခုအခါ၌။ (အရညော၊ တောထဲ၌။ လောဏသက္ခရမတ္တမ္ပိ၊ ဆားကလေး တပွင့်နှစ်ပွင့်မျှကိုလည်း)။ သန္နိဓိံ၊ သိုမှီးသိမ်းဆည်းခြင်းကို။ ကုဗ္ဗသိ၊ ပြုလုပ်ဘိသေး၏။

မင်းတယ်မိုက်တဲ့ လူပါလားတဲ့-ဆိုလိုတဲ့ အဓိပ္ပါယ်က၊ ယူဇနာသုံးရာ ကျယ်ပြန့်တဲ့ ဝိဒေဟတိုင်းပြည်ကြီးနှင့်တကွ ရတနာဂိုဒေါင်ကြီးတွေ စပါးဂိုဒေါင်ကြီးတွေ ဒါတွေစွန့်ပြီးလို့ ရဟန်းပြုလာတာဖြစ်ပါလျက် ထိုပစ္စည်းတွေ မလိုချင်လို့ စွန့်ပစ်ခဲ့ပြီးတော့မှ ဒီဆားကလေး တပွင့်နှစ်ပွင့်ကို မင်းကဘာပြုလို့

---

၁။ ဇာတ် အဋ္ဌကထာ၊ တ၊ နှာ-၃၄၆။

သိမ်းထားရတာလဲတဲ့-မာန်တယ်ကွဲ့။ (မှန်ပါ) ဘယ်သူကတုံး၊ (မြတ်စွာဘုရား အလောင်းကပါဘုရား) ဘာရသေ့-ဂန္ဓာရရသေ့၊ (မှန်ပါ)မာန်တော့ ဟိုတပည့်က မခံဘူး၊ ကိုယ့်တပည့်သားမြေးကို ကိုယ်က တရားသဖြင့် ဆုံးမလို့ ပြန်ပြောတယ်ဆိုတာ အခုမှမဟုတ်ဘူး-နော်၊ ဘုရားမပွင့်ခင် ဘုရားအလောင်း လက်ထက်ကတည်းက အခုလိုပြန်ပြန်ပြောနေကြတာ။

တကာကြီးတွေ အခုမှ ပြန်ပြောတာလား၊ (မဟုတ်ပါဘူးဘုရား) တကာကြီးတွေ သားသမီးတွေကလဲ တခါတလေ ဆုံးမယင် ပြန်မပြောဘူးလား၊ (ပြောပါတယ်ဘုရား) အေး-အခုမှ မဟုတ်ဘူးနော်၊ ဒီလို ဆုံးမလိုက်တော့ ဟိုတပည့်ဖြစ်တဲ့ ဝေဒေဟရသေ့က ဘာပြန်ပြောသလဲဆိုတော့–

"အာစရိယ တုမှေ အတ္တနော ဒေါသံ အဒိသွာ မယှမေဝ ဒေါသံ ပဿထ"[၁]။

**အာစရိယ**၊ ဆရာ။ တုမှေ၊ သင်တို့သည်။ အတ္တနော၊ မိမိ၏။ ဒေါသံ၊ အပြစ်ကို။ အဒိသွာ၊ မမြင်ကြကုန်မူ၍။ မယှမေဝ၊ အကျွန်ုပ်၏သာလျှင်။ ဒေါသံ၊ အပြစ်ကို။ ပဿထ၊ မြင်ကြကုန်၏။

ဆရာ....အရှင်ဘုရားက အရှင်ဘုရားအပြစ်တော့ အရှင်ဘုရား မမြင်ဘဲနဲ့ တပည့်တော်ရဲ့အပြစ်ကို အရှင်ဘုရားက မြင်ရသလား၊ ဒီတော့–ဝေဒေဟရသေ့က ပြန်ပြောတယ်။

"နနု တုမှေ ကိံ မေ ပရေန ဩဝဒိတေန၊ အတ္တာနမေဝ ဩဝဒိဿာမိ'တိ ရဇ္ဇံ ဆဍ္ဍေတွာ ပဗ္ဗဇိတာ၊ တုမှေ ဣဒါနိ မံ ကသ္မာ ဩဝဒထာ တိ စောဒေန္တော ဒုတိယံ ဂါထမာဟ"[၂]။

တုမှေ၊ အရှင်ဘုရားတို့သည်။ မေ၊ အကျွန်ုပ်အား။ ပရေန ဩဝါဒိတေန၊ တပါးသော ပုဂ္ဂိုလ်တွေကို ဆုံးမဩဝါဒ ပေးနေသဖြင့်။ ကိံ၊ အဘယ် အကျိုးရှိအံ့နည်း။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ဩဝါဒိဿာမိတိ၊ ဆုံးမအံ့ဟူ၍။ ပဗ္ဗဇိတော နနု၊ တောထွက်ပြီးတော့ ရဟန်းပြုလာခဲ့သည် မဟုတ်လား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဆဍ္ဍေတွာ၊ စွန့်ခဲ့ပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ မံ၊ အကျွန်ုပ်ကို။ ကသ္မာ၊ အဘယ်ကြောင့်။ ဩဝဒထ၊ ဆုံးမချင်ရပြန်သနည်း။

ဟော သူက ပြန်ပြောတယ်–အရှင်ဘုရားဟာ တိုင်းပြည်ကြီး အုပ်ချုပ်ပြီးတော့ မင်းလုပ်နေတာ သူတပါးတွေကို စီမံအုပ်ချုပ်ပြီး ဩဇာမပေးချင်တော့

---

၁-၂။ ဇာတ် အဋ္ဌကထာ၊ တ၊ နှာ- ၃၄၆။

ပါဘူးဆိုပြီး တိုင်းပြည်ကြီး စွန့်ပစ်ပြီး ဒီတောထဲ ထွက်တရား အားထုတ် နေကာမှ–တောထဲကျမှ အကျွန်ုပ်ကို ဘာလုပ်ဆုံးမချင်ရတာလဲတဲ့၊ (မှန်ပါ) ဘယ်သူကမှန်တုံးကွ၊ ကဲကဲဘုန်းကြီးတို့ပရိသတ် ပြောစမ်း– ဘယ်သူကမှန်တုံးကွဲ့၊ ဟင်–(နှစ်ပါးစလုံး မှန်ပါတယ်ဘုရား) နှစ်ပါးစလုံးတော့ မမှန်ဘူးကွယ်၊ အမှန်က တခုဘဲရှိရမယ်။

**ဩဝါဒပေးခြင်းသည်** ဝေဒေဟရသေ့က ဒီလိုပြန်ပြောတော့ ဂန္ဓာရရသေ့ **ဘုရားလမ်းစဉ်** ဘုရားအလောင်းတော်ကြီးက ဘာပြောလဲ–

"ဩဝါဒဒါနံ နာမေတံ ဗုဒ္ဓပစ္စေကဗုဒ္ဓ သာဝက ဗောဓိသတ္တာနံ ပဝေဏိ။ တေဟိ ဒိန္နောဝါဒံ ဗာလာ န ဂဏှန္တိ၊ ဩဝါဒဒါယကဿ ပန ပါပံနာမ နတ္ထိ"[၁]။

ဧတံ ဩဝါဒဒါနံ နာမ၊ ဤသို့ ဆုံးမဩဝါဒပေးခြင်း မည်သည်ကား။ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သာဝက ဗောဓိသတ္တာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက, ဘုရားအလောင်းတော်ကြီးတို့၏။ ပဝေဏိ၊ လမ်းစဉ်ပေတည်း။ (ဒါလမ်းစဉ်တဲ့၊ သူလမ်းစဉ်အတိုင်းပြောတာတဲ့) တေဟိ၊ ထိုဘုရားအလောင်းစသော သူတော်ကောင်းတို့သည်၊ ဒိန္နောဝါဒံ၊ ပေးအပ်တဲ့ အဆုံးအမကို။ ဗာလာ၊ မိုက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ န ဂဏှန္တိ၊ မခံယူကြလေကုန်။

(မှန်တဲ့နည်းလမ်းကို ဩဝါဒပေးတာကို လူမိုက်များဘယ်တော့မှ မခံယူဘူးတဲ့-ပြန်ပြီးလှန်တာချည်းဘဲတဲ့) ဩဝါဒဒါယကဿ ပန၊ ဆုံးမဩဝါဒပေးလေ့ရှိသော ပုဂ္ဂိုလ်အားကား။ ပါပံ နာမ၊ မကောင်းမှု မည်သည်။ နတ္ထိ၊ မရှိ။

ရှိရဲ့လား၊ (မရှိပါဘုရား) အဲဒါကြောင့် သူက ဘာပြောသလဲလို့ ဆိုတော့ ဂါထာတပုဒ် ရွတ်ပြီးတော့ ဘုရားအလောင်းက ပြန်ပြောတယ်။

"ဓမ္မံ ဘဏာမိ ဝေဒေဟ၊ အဓမ္မော မေ န ရုစ္စတိ။
ဓမ္မံ မေ ဘဏမာနဿ၊ န ပါပ မုပလိမ္ပတိ"[၂]။

ဝေဒေဟ၊ အိုဝေဒေဟရသေ့။ အဟံ၊ ငါသည်။ ဓမ္မံ၊ တရားသဘောကို။ ဘဏာမိ၊ ပြောဆိုပါ၏။

မင်းဘာမှ ငါ့ကိုပြန်ပြောနေစရာမလိုဘူးတဲ့၊ တိုင်းပြည်ကြီးပစ်ထားခဲ့ပြီး သူများဆုံးမချင်ရသေးသလား–ဘာလားနဲ့ ပြန်မပြောနဲ့၊ ငါကတရားသဘော

---

၁–၂။ ဇာတ်အဋ္ဌကထာ၊ တ။ ၃၄၆–၃၄၇။

ကိုပြောတာတဲ့-ဟုတ်လား၊ အဲဒါဘယ်သူတွေလဲဆိုတော့-ရှင်အာနန္ဒာအလောင်းနဲ့ ဘုရားအလောင်း-တောထဲမှာ ဘာဖြစ်နေကြသလဲ၊ (ရန်ဖြစ်နေကြပါတယ်ဘုရား)ဘယ်လောက်များသလဲ၊ (နှစ်ယောက်ထဲပါဘုရား) အေး-နှစ်ယောက်ထဲတောင်မှ ရန်ဖြစ်ကြသေးတာဘဲကွာ၊ ထွန်းကျော် (ဘုရား) နှစ်ယောက်ထဲတောင် ဘာဖြစ်ကြတုံး, (ရန်ဖြစ်ကြ ပါတယ် ဘုရား) မင်းနဲ့ အောင်ကြည်နဲ့ကော တဲ့ရဲ့လား၊ ဟင်း–အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ညီညွတ်တဲ့အင်အားဟာ အကောင်းဆုံးနော်၊ အလုပ်တခုလုပ်ကြမယ်ဆိုယင် သာသနာရေးဘာသာရေးဖြစ်ဖြစ် စီးပွားရေးဘဲဖြစ်ဖြစ်ပေါ့လေ၊ညီညွတ်ဘို့အရေးကြီးတယ်၊ မညီညွတ်ယင် ဘာအလုပ်မှမအောင်မြင်ဘူး-ဟုတ်လား၊(မှန်ပါ)အခု ဆုံးမဩဝါဒပေးတဲ့နေရာမှာ ဘုရားအလောင်းတော်ကြီးက ထပ်ပြောတယ်–

မေ-မယာ၊ငါသည်။ အဓမ္မော၊ တရားသဘောမဟုတ်သည်ကို။ နရုစ္စတိ၊ မနှစ်သက်။ ဓမ္မံ၊ တရားသဘောဟုတ်မှန်သည်ကို။ ဘဏာမာနဿ၊ပြောဆိုသော။ မေ၊ ငါ့အား။ ပါပံ၊ မကောင်းမှုသည်။ နဥပလိမ္ပတိ၊ မလိမ်းကျံ။

ငါတရားသဘောအတိုင်း ပြောတာတဲ့၊ ငါ့မှာဘာအပြစ်မှ မရှိဘူးတဲ့၊မင်းအပြစ်တင်စရာ မလိုဘူးတဲ့-ဒီလိုပြောတယ်၊ဒီတော့ ဝေဒေဟာရသေ့ကလဲ မခံသေးဘူး-ပြန်ပြောတယ်၊ ဘယ်လိုပြန်ပြောသလဲ–

"အာစရိယ အတ္ထနိဿိတံ ကထေန္တေနပိ ပရံ ဃဋ္ဋေတွာ ရောသေတွာ
ကထေတုံ န ဝဋ္ဋတိ၊တွံ မံ ကုဏ္ဍသတ္တကေန မုဏ္ဍေန္တော ဝိယ အတိဖရုသံ
ကထေသိတိ ဝတွာ စတုတ္ထံ ဂါထမာဟ"[၁]။

အာစရိယ၊ဆရာ။ အတ္ထနိဿိတံ၊ အကျိုးစီးပွါးနဲ့ ပတ်သက်သောတရားစကားကို။ ကထေန္တေနပိ၊ ပြောဆိုသူသည်လဲ။ ပရံ၊ သူတပါးကို။ ဃဋ္ဋေတွာ၊ ထိခိုက်၍။ ရောသေတွာ၊ ချုတ်ချယ်၍။ ကထေတုံ၊ပြောဆိုခြင်းငှာ။ နဝဋ္ဋတိ၊ မသင့်။ (တရားသဘောအတိုင်း ပြောတယ်ဆိုတာတော့ ဟုတ်ပါတယ်တဲ့၊ တရားသဘောအတိုင်း ပြောတယ်ဆိုပေမဲ့ သူတပါးကို ထိခိုက်ပုတ်ခတ်ပြီးတော့ဖြင့် ပညာရှိများ ဘယ်နည်းနဲ့မှ မပြောသင့်ပါဘူးတဲ့၊သူကလဲ စကားတတ်ခလေး၊အာနန္ဒာအလောင်းဘဲ မတတ်ဘဲနေပါ့မလား)တွံ၊သင်သည်။မံ၊အကျွန်ုပ်ကို။ကုဏ္ဍသတ္တကေန၊ တုံးသောဓားဖြင့်၊ ဓားတုံးတုံးကြီးနဲ့။ မုဏ္ဍေန္တောဝိယ၊ ခေါင်းရိတ်ပေးသကဲ့သို့။ အတိဖရုသံ၊ အလွန်ကြမ်းတမ်းတဲ့စကားကို။ ကထေသိ၊ ပြောဆိုဘိ၏။ ဣတိ၊ဤသို့ပြောဆို၍။ စတုတ္ထံဂါထံ၊ လေးခုမြောက်ဂါထာကို။ အာဟ၊ ရွတ်ဆို၏။

---

၁။ ဇာတ်အဋ္ဌကထာ၊ တ၊ နှာ-၃၄၇။

"ယေန ကေနစိ ဝဏ္ဏေန၊ပရော လဘတိ ရုပ္ပနံ။
မဟတ္ထိယမ္ပိ စေ ဝါစံ၊န တံ ဘာသေယျ ပဏ္ဍိတော"[၁]။

(ဝေဒေဟရသေ့ကပြန်ပြောတယ်) အာစရိယ၊ဆရာ။ ယေနကေနစိဝဏ္ဏေန၊ တစုံတခုသောတရားမျှတမှုနှင့် ယှဉ်စပ်သည့်အကြောင်းကြောင့်။ ပရော၊တပါးသောသူသည်။ ရုပ္ပနံ၊ အမျက်ထွက်ခြင်းကို။ စေလဘတိ၊ အကယ်၍ရငြားအံ့။ (ဒီစကားပြောလိုက်လို့ သူတပါးအမျက်ထွက်သွားမယ်ဆိုယင်တဲ့) မဟတ္ထိယမ္ပိ၊ များစွာသောအကျိုးစီးပွါးရှိသည်မှုလည်းဖြစ်သော။ တံဝါစံ၊ထိုစကားမျိုးကို။ ပဏ္ဍိတော၊ပညာရှိသည်။ နဘာသေယျ၊မပြောဆိုရာ။

အကျိုးရှိတယ်ဆိုပေမဲ့ သူတပါးအမျက်ထွက်မဲ့ စကားမျိုးဆိုယင် ပညာရှိပုဂ္ဂိုလ်များ ဘယ်တော့မှသုံးစွဲလေ့မရှိပါဘူးတဲ့–ပြန်ပြောတယ်၊ ဘာဖြစ်နေကြတုံးကွဲ–အောင်ကြည်၊ (ရန်ဖြစ်နေပါတယ်ဘုရား) ဘယ်သူကမှန်တုံးကွဲ၊ (ဝေဒေဟကမှန်ပါတယ်ဘုရား) ဟာ–အခုဝေဒေဟကပြန်ပြောနေတယ်မဟုတ်လား၊ ဘုရားအလောင်းတော်ကြီးကလဲဘဲ ငါတရားသဘောကိုသာ ပြောတာပါတဲ့၊ ဟင်–တရားသဘောပြောတယ်ဆိုပေမဲ့ သူတပါးနစ်နာတဲ့စကားမျိုးဆိုတာပညာရှိများမပြောကောင်းပါဘူးနဲ့ ဒီလိုဖြစ်နေကြတယ်–မဟုတ်လား၊ (မှန်ပါ)အေး–အဲဒီလိုဖြစ်တော့ ဘုရားအလောင်းတော်ကြီးက ဘာပြန်ပြောသလဲဆိုတော့–

"ကာမံ ရုပ္ပတု ဝါ မာ ဝါ၊ဘုသံဝ ဝိကိရိယတု။
ဓမ္မံ မေ ဘဏမာနဿ၊န ပါပ မုပလိမ္ပတိ"[၂]။

ဝေဒေဟ၊ ဝေဒေဟရသေ့။ ဩဝဒိယမာနော၊ အဆုံးအမကိုခံယူအပ်သောသူသည်။ ကာမံ၊စင်စစ်။ ရုပ္ပတုဝါ၊ အခံရခက်အမျက်ထွက်သည်မှုလည်းဖြစ်စေ။ မာရုပ္ပတုဝါ၊နာခံကျေနပ်အမျက်မထွက်သည်မှုလည်းဖြစ်စေ။ဘုသံဝ၊ဖွဲပြာကဲ့သို့။ ဝိကိရိယတု၊လွင့်မှုလည်းလွင့်စေ။ (နာလိုသည်ဖြစ်စေ, မနာလိုသည်ဖြစ်စေ၊ အဆုံးအမခံအပ်တဲ့သူက ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ, မကြိုက်ရုံမကလို့ဘဲ ဖွဲတွေပြာတွေလို တခြားကိုလွင့်သွားချင် သွားပစေ) ဓမ္မံ၊တရားသဘောကို။ ဘဏမာနဿ၊ပြောဆိုသော။ မေ၊ငါ့အား။ ပါပံ၊မကောင်းမှုသည်။ နဉပလိမ္ပတိ၊ မလိမ်းကျံ။

အဲဒီလိုပြန်ပြောတယ်၊ ဘယ်သူကမှန်တုံးကွဲ၊ (ဘုရားအလောင်းကမှန်ပါတယ်ဘုရား) ဩော်–ခုတော့ဘုရားအလောင်းက မှန်တယ်ပြောပြန်တယ်၊ အဲဒီလို ဘုရားအလောင်းတော်ကြီးနဲ့ ဝေဒေဟရသေ့တို့ဟာ ဆားကလေးသိမ့်သိမ်း

၁–၂။ ဇာတ်အဋ္ဌကထာ၊ တ၊နှာ–၃၄၇။

ဆည်းရင်းနဲ့ ပတ်သက်ပြီးတော့ ဒီလိုတွေဖြစ်ခဲ့ဘူးတယ်-ချစ်သားတို့၊ ပြီးတော့မှ ဘုရားအလောင်းတော်ရသေ့ကြီးက ထပ်ကာထပ်ကာ ဆုံးမပြီးတော့ အင်မတန် မှတ်သားစရာကောင်းတဲ့ ဂါထာလေးနှစ်ပုဒ်ကို ရွတ်လိုက်တယ်။

ဒွေဂါထမာဟ– –

"နော စေ အဿ သကာ ဗုဒ္ဓိ၊ဝိနယော ဝါ သုသိက္ခိတော။
ဝနေ အန္ဓမဟိံသောဝ၊ စရေယျ ဗဟုကော ဇနော။
ယသ္မာစ ပနိဓေကစ္စေ၊ အာစေရမှိ သုသိက္ခိတာ။
တသ္မာ ဝိနီတဝိနယာ၊ စရန္တိ သုသမာဟိတာ"[၁]။

**နည်းနာမခံယူပဲကျင့်သူသည် ကျွဲကန်းအကျင့်** (ဂါထာနှစ်ပုဒ်ရွတ်ပြီးတော့ ဆုံးမတယ်၊ဒီတော့မှ ဝေဒေဟရသေ့ မာန်ကျသွားတယ်။)

ဝေဒေဟာ၊ဝေဒေဟရသေ့။ ဣဓလောကသ္မိံ၊ ဤလောက၌။ မနုဿာ၊လူအပေါင်းတို့သည်။ သကာဗုဒ္ဓိ၊မိမိကိုယ်ပိုင်ဖြစ်သော အသိဉာဏ်သည်။ နောစေ အဿ၊ မရှိသည်ဖြစ်အံ့။ (ကိုယ့်မှာကိုယ်ပိုင်ဉာဏ်မရှိယင်) သုသိက္ခိတော၊ ဆရာကောင်းသမားကောင်းတို့ရဲ့ထံမှာ ကပ်ရောက်ပြီးတော့ ကောင်းစွာသင်ကြားအပ်သော။ ဝိနယောစ၊ လိမ္မာယဉ်ကျေးကြောင်းဖြစ်သော အဆုံးအမဖြစ်တဲ့ တရားသည်။ နောစေအဿ၊ ကိုယ့်သန္တာန်မှာ မရှိသည်ဖြစ်အံ့။ (ကိုယ်ပိုင်ဉာဏ်ကလဲမရှိ၊ ဆရာကောင်းသမားကောင်းထံမှာ နည်းနာခံပြီးတော့ စံနစ်တကျသင်ယူထားတဲ့ အတတ်ပညာကလဲမရှိဘူးဆိုယင်တဲ့၊အဲဒီလိုပုဂ္ဂိုလ်များဟာ)ဗဟုကော၊ များစွာသော။ ဇနော၊လူအပေါင်းသည်။ ဝနေ၊တော၌။ အန္ဓမဟိံသောဝ၊ ကျွဲကန်းကြီးကဲ့သို့။ စရေယျ၊ဖောက်ဖောက်ပြန်ပြန်ကျင့်ရာ၏။

ကိုယ်ပိုင်ဉာဏ်လဲမရှိ၊ သူတပါးထံကနည်းယူထားတဲ့ အသိပညာလဲမရှိဘူးဆိုယင် ဒီလိုလူမျိုးဟာ သံသရာမှာလဲ မကြီးပွား၊ပစ္စုပ္ပန်မှာလဲ မကြီးပွားနိုင်ဘူးတဲ့၊ ဒါကြောင့်–

ယသ္မာစပန၊အကြင်ကြောင့်ကား။ ဣဓ၊ဤလောက၌။ ကေစ္စေ၊အချို့သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ အာစေရမှိ၊ဆရာကောင်း သမားကောင်း၏အထံ၌။ သုသိက္ခိတာ၊ကောင်းစွာသင်ကြားအပ်ကုန်၏။တသ္မာ၊ထို့ကြောင့်။ဝိနီတဝိနယာ၊ သူတော်ကောင်းပညာရှိတို့ထံမှ ဆုံးမအပ်ပြီးသော ယဉ်ကျေးမှုရှိကုန်သည်ဖြစ်၍။ သုသမာဟိတာ၊ မတိမ်းမစောင်း ကောင်းစွာတည်ကြကုန်သည်ဖြစ်၍။ စရန္တိ၊

၁။ ဇာတ်အဋ္ဌကထာ၊ တ၊ နှာ-၃၄၀။

နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို ကျင့်နိုင်ကြကုန်၏။ လို့-ဒီလို ဆုံးမ ဩဝါဒပေးတဲ့အခါကျတော့မှ--

"အာစရိယ ဣတော ပဋ္ဌာယ မံ ဩဝဒထ အနုသာသထ"။

ဆရာဖြစ်တော်မူသောအရှင်ဘုရား....ဒီနေ့ကစပြီးတော့ တပည့်တော်ကို ဆုံးမ ဩဝါဒ ပေးတော်မူပါဘုရား-တဲ့။

"အဟံ အနမိဝါသနဇာတိကတာယ တုမှေဟိ သဒ္ဓိံ ကထေသိံ၊ တံ မေ ခမထ"။

အဟံ၊ အကျွန်ုပ် ဝေဒေဟရသေ့သည်။ အနမိဝါသန ဇာတိကတာယ၊ သည်းမခံတတ်တဲ့ အလေ့ရှိသည်၏ အဖြစ်ကြောင့်။ တုမှေဟိ၊ အရှင်ဘုရား တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ကထေသိံ၊ ပြန်လှန်ပြောဆိုငြင်းခုံမိပါ၏။ တံ၊ ထိုကဲ့သို့သောအပြစ်ကို။ မေ၊ အကျွန်ုပ်အား။ ခမထ၊ သည်းခံတော်မူပါ ဘုရား။

တဲ့သွားပြီမဟုတ်လား၊ (မှန်ပါ) ဘယ်သူက ဒီနှစ်ယောက်ကို တဲ့ပေးသလဲ၊ (တရားကပါဘုရား) အေး-တကာတဦးနဲ့တဦး မတဲ့ယင် ဘုန်းကြီးက တဲ့ပေးလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား) ဘယ်သူတဲ့မှ ဖြစ်သလဲ၊ (တရားကပါဘုရား) တရားစောင့်ကြပါ၊ တရားစောင့်ကြပါ-ဟုတ်လား၊ (မှန်ပါဘုရား) အဲဒီလို သန္နိဋ္ဌာနကနဲ့ ပတ်သက်ပြီးတော့ ဒီ ဂန္ဓာရဇာတ်တော်ကြီး မြတ်စွာဘုရား ဇာတ်တော်ပေါင်းတဲ့အခါ ဘာပြောသလဲ၊ ငါဘုရား က ဒီတုန်းက ဂန္ဓာရ ရသေ့ဖြစ်ခဲ့တယ်၊ အာနန္ဒာက ခုနပြောတဲ့ ဝေဒေဟရသေ့ ဖြစ်ခဲ့တယ်လို့ သစ္စာလေးပါးပြပြီး တရားဟောတယ်၊ ဒါ ဂန္ဓာရဇာတ်-နော်၊ (မှန်ပါ) ဒါ အာဇီဝနဲ့ ပတ်သက်လို့ သန္နိဋ္ဌာနက သိက္ခာပုဒ်နဲ့ ပတ် သက်ပြီးတော့ အာဇီဝစင်ကြယ်ပုံကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား ဟောတဲ့ ဇာတ်တော်တခုဖြစ်တယ်။

**အာဇီဝပါရိသုဒ္ဓိနှင့် အရှင်သာရိပုတ္တရာ ဝတ္ထု**

ပြီးတော့ အာဇီဝပါရိသုဒ္ဓိ သီလနဲ့ ပတ်သက် ပြီး တော့ အတုခိုးစရာ ကောင်းတဲ့ ဝတ္ထုကလေးတခု ရှိသေးတယ်၊ ဒါလေးနဲ့ပြောအုံးမယ်၊ အရှင်သာရိ ပုတ္တရာကြီးဝတ္ထု။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး တလောက လေနာထလို့ တော ထဲမှာ လိမ့်နေတယ်၊ ရဟန္တာပေတဲ့ လေနာထတော့ မခံနိုင်ဘူး၊ အောင်ကြည် (ဘုရား) ရဟန္တာပုဂ္ဂိုလ်ပေတဲ့ လေနာထလာပြီဆိုတော့ ဘယ်နှယ်တုံး၊ (မခံ

နိုင်ပါဘူးဘုရား) အင်မတန်ကို လိမ့်လိမ့်ပြီးတော့ ပရိဝတ္တေန္တော-လူးလဲ ပြန်လှန်ပြီးတော့ နိတ္ထုနန္တော-ညည်းနေ ဆတဲ့-သိလား အမလေး အမလေးနဲ့၊ ပြောမယ် အခုခေတ်လူတွေသာဆိုယင် ဒီရဟန္တာပုဂ္ဂိုလ်ကြီးကလဲ ဒါလောက် ညည်းရသလား၊ ရောဂါကလေး ဖြစ်ထာနဲ့လို့ ပြောချင် ပြောအုံးမယ်-ဟုတ်လား။

**နို့ဆနာဖြင့် လေနာပျောက်ဘူးခြင်း** ဒီတော့ ရှင်မဟာ မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးက ရှင်သာရိပုတ္တရာကို သွားမေးတယ်၊ ရောဂါတော့စွဲနေပြီ။

"ပုဗ္ဗေ တေ အာဝုသော ကေန ဖာသု ဟောတိ"[၁]။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ တေ၊ သင်အား။ ပုဗ္ဗေ၊ ရှေးအခါ၌။ ကေန၊ အဘယ်မည်သော ဆေးဖြင့်။ ဖာသု၊ ရောဂါပျောက်၍ ချမ်းသာဘူးသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ငါ့ရှင်....ရှေးတုန်းက ဘယ်ဆေးနဲ့ ဒီရောဂါ ပျောက်ဘူးသလဲတဲ့၊ ရှင်မောဂ္ဂလ္လာန်က အဲဒီလိုမေးတော့ ရှင်သာရိပုတ္တရာက ပြန်ပြောတယ်။

"ဂိဟိကာလေ မေ အာဝုသော မာတာ သပ္ပိမဓုသက္ကရာဒီဟိ ယောဇေတွာ အသမ္ဘိန္နခီရပါယာသံ အဒါသိ၊တေန မေ ဖာသု အဟောသိ"[၂]။

အာဝုသော၊ ငါ့ရှင်။ ပုဗ္ဗေဂိဟိကာလေ၊ ဟိုရှေးအခါလူ့ဘဝတုန်းက။ မေ၊ ငါ၏။ မာတာ၊ မယ်တော်သည်။ သပ္ပိမဓုသက္ကရာဒီဟိ၊ ထောပတ် ပျား သကာ တင်လဲ စသည်တို့ဖြင့်။ ယောဇေတွာ၊ ယှဉ်ရောစပ်၍။ အသမ္ဘိန္နခီရပါယာသံ၊ ရေနဲ့မရောစပ်သော ဆနာနို့ဆွမ်းကို။အဒါသိ၊ ပေးဘူးကျွေးဘူး၏။တေန၊ ထိုအမေကျွေးတဲ့ဆေးဖြင့်။မေ၊ ငါ့အား။ဖာသု၊ချမ်းသာဘူးသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးလေပြီ။

ဒါကိုစားလို့ ပျောက်ခဲ့ဘူးတယ်တဲ့၊ ဘာစားလို့ ပျောက်သလဲ-တိုတို ပြောယင် ဆနာနို့ဆွမ်းတဲ့၊ ဆနာမဟုတ်ဘူး-ကဏာနို့ဆွမ်းလို့လဲဆိုတယ်၊ကကြီးရယ် ဏကြီးရေးချပြီးတော့ ဟထိုးနဲ့ဏှာ-ကဏှာနို့၊ဟုတ်လား-(မှန်ပါ)ကဏှာဆိုတာက နွားနက်မ၊ခီရဆိုတာက နို့၊နွားနက်မရဲ့ နို့နဲ့ချက်တဲ့ဆွမ်းကို ကဏှာ

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၃၉။ မေဃိယသုတ္တန် ပါဠိတော်ဟောစဉ် နှာ-၃၃၀-လည်းရှု။

၂။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊နှာ-၃၉။

နို့ဆွမ်းလို့ခေါ်တယ်ဗျ၊ အဲဒါလေးစားလို့ ပျောက်ခဲ့ဘူးတယ်ဆိုတော့ "သပ္ပိမဓုသက္ကရာဒီဟိ ယောဇေတွာ"လို့ဆိုတော့ ထောပတ် ပျား သကာ တင်လဲတွေနဲ့ ရောပြီးတော့ကျွေးတာကိုး–အမေက။

ဒီတော့ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးကပြောတယ်။

"သစေ အာဝုသော မယှံ ဝါ တုယှံ ဝါ ပုညံ အတ္ထိ၊ အပ္ပေဝနာမ သေ့ လဘိဿာမ"တိ။

ရှာသူကြီးသား နတ်ပူးခြင်း ငါ့ရှင်သာရိပုတ္တရာ....ကျုန်ုပ်မှာသော်၎င်း၊ သင့်မှာ သော်၎င်း ရှေးဘုန်းရှေးကံရှိယင် နက်ဖြန်ခါ

ဆွမ်းခံရွာက ဒီဆွမ်းမျိုးရခဲ့မှာပေါ့ ဆိုပြီးတော့ထားတယ်၊ညနေ့ အခုစကား ပြောနေတာ၊(မှန်ပါ) အဲဒီရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးနဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ဒီအကြောင်းပြောနေတာ ဘယ်သူကြားလဲ၊ (ဘယ်သူမှ မကြားပါဘူးဘုရား) ကြားတယ်၊ကျောင်းနားမှာနေတဲ့ နတ်ကကြားတယ်၊ စင်္ကြံစွန်းမှာနေတဲ့ ရုက္ခစိုးနတ်ကကြားတယ်၊ ကြားတော့ နက်ဖြန်ခါကျယင် အရှင်သာရိပုတ္တရာအတွက် ဒီဆွမ်းကိုမရရအောင် ငါသွားကြံမှာဘဲဆိုပြီးတော့ သူကညတွင်းချင်းဘဲ နက်ဖြန်ခါမှာ ရှင်မောဂ္ဂလ္လာန် ဆွမ်းခံဝင်မဲ့ရွာကိုသွားပြီး တော့ ရွာသူကြီးအိမ်ကရွာသူကြီးရဲ့သားကို နှလုံးသားသွားပြီးဖျစ်ထားတယ်၊ နတ်ဝင်ပူးတယ်၊ နတ်ပူးတယ်ဆိုတာ အခုတင်ရှိတာမဟုတ် ရှေးကလဲရှိတယ်– ဇာတ်တော်မှာ၊ဘယ်လိုကြောင့် ဖမ်းစားပါသလဲဆိုတော့–ငါဒီပြင်ဟာကြောင့် မဟုတ်ဘူးတဲ့။

"သစေ သေ့ ထေရဿ ဝေရူပံနာမ ပါယာသံ ပဋိယာဒေထ၊တံ မုဥ္စိဿာမိ"၂။

(နတ်ကပြောတယ်)သေ့၊ နက်ဖြန်ခါ၌။ ထေရဿ၊ ရှင်သာရိပုတ္တရာမထေရ် အတွက်။ ဝေရူပံ နာမ၊ ဤသို့သဘောရှိသော။ ပါယာသံ၊ နို့ဃနာဆွမ်းကို။ သစေ ပဋိယာဒေထ၊ အကယ်၍ စီမံပြုလုပ်ပြီး လှူဒါန်းကြမည်ဆိုအံ့။ တံ၊ ထိုသင့်ရဲ့သားကို။ မုဥ္စိဿာမိ၊ ငါလွှတ်ပေအံ့။

ဘာဖြစ်လို့လဲ၊ ဟာ–အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဟိုမှာ လေနာရောဂါ ထနေလို့ သူ့အမေ သူငယ်ငယ်တုန်းက သူ့ကိုကျွေးတဲ့နို့ဃနာဆွမ်းနဲ့ပေါ့လေ အဲဒါပျောက်ဘူးတယ်လို့ ပြောတယ်၊ နက်ဖြန်ခါ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်

၁–၂။ ဓိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ–၃၉၊

မြတ်ကြီး ဆွမ်းခံကြွလာလိမ့်မယ်၊ ဆွမ်းခံကြွလာလို့ရှိယင်ဖြင့် သပ္ပိမဓုသက္ကရ- ထောပတ် ပျား သကာ တင်လဲတွေနဲ့ ရေပရောတဲ့ နို့နဲ့ချက်တဲ့ ဃနာဆွမ်း ကို ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးကို ရှင်သာရိပုတ္တရာအတွက် သင်တို့လှူလိုက်ပါ တဲ့၊ ကောင်းပြီ-လှူလိုက်မယ်တဲ့၊ အိမ်ကလဲမပြောပေမဲ့ လှူမှာဘဲ၊ ဒီဆရာတော် ကြီးတွေအတွက်ဆိုယင် လှူမှာဘဲမဟုတ်လားလို့၊ (မှန်ပါ) နတ်ကထွက်သွား ရော-နော်၊ (မှန်ပါ)

မနက်ကျတော့ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးက ဆွမ်းခံသွားခါနီး သက်န်း ကလေးရုံ သပိတ်ကလေးပိုက်ပြီးတော့ အရှင်သာရိပုတ္တရာအနား သွားတယ်၊ လေနာကပျောက်ပလား၊ (မပျောက်သေးပါဘူးဘုရား) ညည်းတုန်း၊ တညလုံး ဒုက္ခရောက်နေတာဘဲ၊ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီး မနက်ကျတော့ အဲဒီလို ဆွမ်းခံကြွပြီးတော့ သွားတယ်။

"အာဝုသော ယာဝ အဟံ ပိဏ္ဍာယ စရိတွာ အာဂစ္ဆာမိ၊ တာဝ ဣဓေဝ ဟောဟီ"တိ[၁]။

ငါ့ရှင်သာရိပုတ္တရာ....ငါဆွမ်းခံသွားအုံးမယ်၊ ဆွမ်းခံမပြန်မချင်း ဒီနေရာမှာ ဘဲ သီတင်းသုံးရစ်ပါဆိုပြီးတော့ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီး သပိတ်ကြီး ပိုက်ပြီးတော့ ဆွမ်းခံသွားတော့ အမလေး-ဟိုကျတော့ နို့ဃနာဆွမ်းတွေ တရွာလုံးလောင်းတယ်၊ နဲတာမဟုတ်ဘူး၊ ညက ပြောထားပြီမဟုတ်လားလို့၊ (မှန်ပါ) ဘယ်သူကလဲ၊ (နတ်ကပါဘုရား) နတ်က တခါတရံတော့ အား အကိုးရသား-ဟုတ်လား၊ (မှန်ပါ)

ရှင်မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးကတော့ အမှတ်တမဲ့ပဲ၊ ဩော်-တကာ တကာမများ သဒ္ဓါတရားရှိုးရှိုးနဲ့ လှူတာဘဲဆိုပြီးတော့ ဒီဆွမ်းတွေယူပြီးတော့ လာခဲ့တယ်၊ အရှင်သာရိပုတ္တရာထံကို ရောက်တဲ့အခါကျတော့ အဲဒီဆွမ်းသပိတ် ကြီးနဲ့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို-

"ဟန္ဒာဝုသော သာရိပုတ္တ ပရိဘုဉ္ဇာ" တိ ဥပနာမေသိ[၂]။

ငါ့ရှင်သာရိပုတ္တရာ....ရော့-ဘုန်းပေးသုံးဆောင်ပါလို့ဆိုပြီး ရှင်သာရိပုတ္တရာ ကို သပိတ်ထိုးအပ်လိုက်တယ်၊ အရှင်သာရိပုတ္တရာက-

"အတိမနာပေါ ပါယာသော၊ ကထံ နု ခေါ ဥပ္ပန္နော"[၃]။

အရှင်သာရိပုတ္တရာက အမှတ်တမဲ့ မစားဘူးတဲ့။

---

၁-၂-၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပါဠိ-၄၀။

ပါယာသော၊ နို့ဃနာဆွမ်းသည်။ အတိမနာပေါ၊ အလွန်ကောင်းလှပါပေ၏။ မွေးလှကြိုင်လှပါပေ၏။ ကထံနုခေါ ဥပ္ပန္နော၊ ဘယ်လိုနည်းနဲ့ရလာတဲ့ ဆွမ်းပါလိမ့်မလဲ။

**မသုံးဆောင်ထိုက်သော နို့ဃနာ** ကြည့်တယ်၊ အဘိညာဉ်နဲ့ ကြည့်လိုက်တော့ ညက တုန်းက ဥစ္စာတွေ သိပြီ၊ လားလား-ညတုန်းက ဟို အနားက ရုက္ခစိုးနတ် သွားပြောတာ၊ ဘာပြုလို့ သူပြောသလဲဆိုတော့ ငါ့မှာအမေချက်ပေးတဲ့ ဃနာနို့ဆွမ်းနဲ့ ပျောက်ဘူးတယ် ဆိုတဲ့စကားလေး နတ်က မြွက်ခဲ့ဘူးတယ် မဟုတ်လားလို့၊ (မှန်ပါဘုရား) ဒီစကားယူပြီးသွားပြောတော့ ဒီဆွမ်းမစင်ကြယ်ဘူးတဲ့၊ စားလို့မဖြစ်ဘူး-ငါ့ရှင်မောဂ္ဂလ္လာန်....သင်ခံလာတဲ့ ဆွမ်းကို လွှတ်လွှတ်သွားပြီးတော့ သွန်ပစ်-

“အာဝုသော မောဂ္ဂလ္လာန အပရိဘောဂါရဟော ပိဏ္ဍပါတော”။

**အာဇီဝပါရိသုဒ္ဓိဖြင့် လေနာရောဂါပျောက်ခြင်း** ဒီဆွမ်းမစားကောင်းဘူး၊ အာဇီဝမစင်ကြယ်ဘူးတဲ့၊ ကြည်ညိုဘို့ မကောင်းဘူးလားကွဲ့၊ (မှန်ပါ) ဘယ်သူ့ကိုလဲ၊ (ရှင်သာရိပုတ္တရာကိုပါဘုရား) အေး-သံဃာတွေ ကြည်ညိုရတယ်ဆိုတာ ဒီလိုဂုဏ်တွေကိုယူပြီးတော့ ဒီသံဃာတော်တွေကို ကြည်ညိုရတယ်၊ အဲဒါနဲ့ ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော် မြတ်ကြီးကလဲ ငါကဲ့သို့သော မောဂ္ဂလ္လာန်ကိုယ်တော် ယူလာတဲ့ဆွမ်းကို မအပ်ဘူးလေး ဘာလေးနဲ့ ပြောရမလားဆိုပြီး စိတ်မကောက်ဘူးတဲ့ကွဲ၊ ရှင်သာရိပုတ္တရာ ပြောတဲ့စကားတခွန်းမျှနှင့် ပင်လျှင် တခါတည်း သပိတ်အနားကလေးကိုင်ပြီးတော့ သွားသွန်ပစ်တယ်၊ ဆွမ်းတွေလဲ မြေကြီးကျ၊ ရှင်သာရိပုတ္တရာရဲ့ ရောဂါလဲ တခါတည်းပျောက်၊ ဒီတော့မှ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက-

“အာဝုသော ဝစီဝိညတ္တိ နိဿာယ ဥပ္ပန္နော ပါယာသော အန္တေသု နိက္ခမိတွာ ဘူမိယံ စရန္တေသုပိ ပရိဘုဥ္ဇိတုံ အယုတ္တရူပေါ”။

အာဝုသော မောဂ္ဂလ္လာန၊ ငါ့ရှင်မောဂ္ဂလ္လာန်။ ဝစီဝိညတ္တိ၊ နှုတ်ကမြွက်မိခြင်းကို။ နိဿာယ၊ အမှီပြု၍။ ဥပ္ပန္နော၊ ဖြစ်ပေါ်၍လာသော။ ပါယာသော၊ ပျားသကာရည်နဲ့ရောတဲ့ နို့ဃနာဆွမ်းပေကည်း။ အန္တေသု၊ အူခွေတို့သည်။ နိက္ခမိတွာ၊ ဗိုက်ထဲကခွဲထွက်၍။ ဘူမိယံ၊ မြေ၌။ စရန္တေသုပိ၊ လှည့်လည်

ကျက်စား၍ အစာရှာကြကုန်သော်လည်း။ ပရိဘုဥ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ အယုတ္တရူပေါ၊ မသင့်သောသဘောရှိသည်သာလျှင်တည်း။

မစားရရုံမကလို့ဘဲ ဗိုက်ထဲက အူတွေ အခွေလိုက်ထွက်ပြီးတော့ အပြင်ဘက် သွားလာကျက်စားပစေတဲ့၊ ဒီဆွမ်းမျိုး မစားကောင်းဘူး လို့ဆိုပြီး အာဇီဝ ပါရိသုဒ္ဓိ သီလတည်တယ်၊ ရှင်သာရိပုတ္တရာ-နော်၊ (မှန်ပါ) အဲဒီလို ဆင်ခြင်ပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဂါထာသုံးပုဒ် ရွတ်ပြတယ်၊ ဒါနောက်ပိုင်းမှာ ဘုန်းကြီးတို့တတွေ လိုက်နာဘို့ဆိုပြီး ဥဒါန်း သုံးဂါထာရွတ်ခဲ့တယ်–အရှင်သာရိပုတ္တရာက။

"ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံ မဓုပါယသံ။
သစေ ဘုတ္တော ဘဝေယျာဟံ၊သာဇီဝေါ ဂရဟိတော မမ"။

ဝစီဝိညတ္တိဝိပ္ဖါရာ၊နှုတ်ကမြွက်ဆိုမိခြင်းကြောင့်။ ဥပ္ပန္နံ၊ဖြစ်ပေါ်၍လာသော။ မဓုပါယာသံ၊ပျားရေနဲ့ဆမ်းတဲ့ နို့ဃနာဆွမ်းကို။ အဟံ၊ငါသည်။ ဘုတ္တော၊ သုံးဆောင်စားသောက်မိသည်။ သစေဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ မမ၊ ငါ၏။ သာဇီဝေါ၊ အာဇီဝပါရိသုဒ္ဓိသီလသည်။ ဂရဟိတော၊ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့အပ်သည်။ အဿ-ဘဝေယျ၊ဖြစ်ရာ၏။

**အသက်သေလျှင်သေစေ အာဇီဝအပျက်မခံ** ဒီလိုနှုတ်ကမြွက်ခဲ့မိလို့ရတဲ့ အာဇီဝအသတ်မွေးဝမ်းကျောင်း မစင်ကြယ်တဲ့ဆွမ်းကို ဘုန်းပေးသုံးဆောင်မိယင် ငါ၏အသက်မွေးဝမ်းကျောင်းကို သူတပါး ကဲ့ရဲ့စရာဖြစ်လိမ့်မယ်လို့ဆိုပြီး ဒီဆွမ်းမစားဘဲနဲ့ ရှောင်ကြဉ်တယ်၊ဒါ ဂါထာ တပုဒ်။

"ယဒိပိ မေ အန္တဂုဏံ၊နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျံ အာဇီဝံ၊စဇမာနောပိ ဇီဝိတံ"။

မေ၊ငါ၏။ အန္တဂုဏံ၊အူခွေသည်။ နိက္ခမိတွာ၊မိမိတည်ရာမှထွက်၍။ ဗဟိ၊ အပ၌။ ယဒိပိစရေ၊အကယ်၍ကျက်စားစေကာမူ။ ဝေမှိ၊ ဤသို့အူခွေထွက်၍ ကျက်စားငြားသော်လည်း။ ဇီဝိတံ၊ အသက်ကို။ စဇမာနောပိ၊ စွန့်ရလျှင် စွန့်ရပါစေ။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ နေဝဘိန္ဒေယျံ၊ ငါမဖျက်သည်သာတည်း။

နောက်သားနောင်လာတွေ အတုယူကြဘို့ အရှင်သာရိပုတ္တရာက ဥဒါန်းကျူးတယ်၊ပြီးတော့ နောက်တဂါထာဘာပြောလဲ–

"အာရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပ္ပဋိကုဋ္ဌ၊ ကာဟာမိ စ အနေသနံ"။

အဟံ၊ ငါသည်။ သကံစိတ္တံ၊မိမိရဲ့စိတ်ကို။ အာရာဓေမိ၊သီလကိုဆင်ခြင်လာဖြင့် အစကပြန်လည်နှစ်သက်မိပေအံ့။ အနေသနံ၊မအပ်သောရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ ငါရှောင်ကြဉ်ပေတော့အံ့။ အဟံ၊ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊မြတ်စွာဘုရားစက်ဆုပ်ရွံရှာတော်မူအပ်သော။ အနေသနံ၊ မအပ်သောရှာမှီးခြင်းကို။ နစကာဟာမိ၊ မပြုအံ့သည် သာတည်း။ (ဣတိ၊ဤသို့။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ ပရိသောဓေတိ၊ဝိရိယတန်ခိုးဖြင့် သုတ်သင်ရှင်းလင်းတော်မူ၏။)

ဒါ အာဇီဝပါရိသုဒ္ဓိသီလ-နော်၊ (မှန်ပါ)ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိသီလ-လေးခုရှိသွားပြီ-နော်၊ (မှန်ပါ) ဟိရီ ဩတ္တပ္ပတရား၊ တော်ကြပါဦးစို့ကွယ်-နော်၊(မှန်ပါ) ဒီသုတ္တန်မဆုံးသေးဘူးကွဲ-နောက်တပတ်ဆက်ရအုံးမယ်။

အဲဒီလို-အာဇီဝေါ ပရိသုဒ္ဓေါ။ နော၊ငါတို့၏။ အာဇီဝေါ၊အသက်မွေး ခြင်းသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်သည်။ ဘဝိဿတိ၊ဖြစ်ပေလိမ့်မည်။ ဝိဝဋော ဥတ္တာနော၊ပေါ်လွင်သည်မဖုံးလွှမ်းအပ်သည်။ဘဝိဿတိ၊ဖြစ်ပေလိမ့်အံ့။ဆိဒ္ဒဝါ၊ ကိလေသာဝင်စရာအပေါက်ရှိသည်။ နစဘဝိဿတိ၊ မဖြစ်လတ္တံ့။ သံဝုတော စ၊ အာဇီဝသီလမပျက်အောင် စောင့်ရှောက်ထိန်းသိမ်း၍ နေသည်။ ဘဝိဿတိ ဖြစ်ပေလိမ့်မည်။

"တာယ စ ပန ပရိသုဒ္ဓါဇီဝတာယ နေဝတ္တာနုက္ကံသေဿာမ န ပရံ ဝမ္ဘေဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

တာယ စ ပန ပရိသုဒ္ဓါဇီဝတာယ၊ ထိုအသက်မွေးဝမ်းကျောင်း စင်ကြယ် သည်၏အဖြစ်ကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။နေဝ ဥက္ကံ သေဿာမ၊မမြှောက် ပင့်ကုန်အံ့။ ပရံ၊သူတပါးကို။ နဝမ္ဘေဿာမာတိ၊မရှုတ်ချကုန်အံ့ဟူ၍။ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊သင်တို့သည်။ ဧဝံ၊ဤသို့။ သိက္ခိတဗ္ဗံ၊ကောင်းစွာမသွေ ကျင့် အပ်ပါပေသတည်း။

သာဓု သာဓု သာဓု။

### မဟာအဿပုရသုတ္တန်

# စတုတ္ထပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ တော်သလင်းလဆန်း ၈-ရက်၊ ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်လာသော မဟာအဿပုရသုတ္တန် စတုတ္ထပိုင်းတရားဒေသနာ။

(တရားတော် ပလ္လင်ခံစကားနှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

**အနုသန္ဓိတကထာ** သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မဟာအဿပုရသုတ္တန်ဒေသနာတော်ကို ဘုန်းကြီးတို့ သတင်းစဉ်တရားဟောလာခဲ့တာဒီကနေ့လေးပိုင်းမြောက်ဖြစ်သွားပြီ၊ စတုတ္ထပိုင်းမှာ ရှင်တော်မြတ်ဘုရားက–

"သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝ မဿ၊ ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ ပရိသုဒ္ဓေါ နော ကာယသမာစာရော၊ ပရိသုဒ္ဓေါ ဝစီသမာစာရော၊ ပရိသုဒ္ဓေါ မနောသမာစာရော၊ ပရိသုဒ္ဓေါ အာဇီဝေါ၊ အလမေတ္တာဝတာ၊ ကတမေတ္တာဝတာ၊ အနုပ္ပတ္တော နော သာမညတ္ထော၊ နတ္ထိ နော ကိဉ္စိ ဥတ္တရိံ ကရဏီယန္တိ (တာဝတကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ)။"

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ခေါပန၊ စင်စစ်သော်ကား။ သိယာ၊ ရံခါ။ တုမှာကံ၊ သင်ချစ်သားတို့အား။ ဧဝံ၊ ဤသို့သောအကြံအစည်သည်။ အဿ-ဘဝေယျ၊ ဖြစ်လေရာ၏။ မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရိဩတ္တပ္ပနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ နော၊ ငါတို့၏။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ နော၊ ငါတို့၏။ ဝစီသမာစာရော၊ နှုတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ နော၊ ငါတို့၏။ မနောသမာစာရော၊ စိတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ နော၊ ငါတို့၏။ အာဇီဝေါ၊ အသက်မွေးခြင်းသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ ဧတ္တာဝတာ၊ ဤမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ ဝါ၊ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရုံမျှဖြင့်။ (ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ, အသက်မွေး ဝမ်း

ကျောင်းမှု စင်ကြယ်ရုံမျှနှင့်)။ အလံ၊ ရဟန်းအကျင့်ကို ကျင့်တာ သင့်တော်လောက်ပြီ။ ဝါ၊ ဤရဟန်းသည် မဂ်ဖိုလ် နိဗ္ဗာန်အတွက် သင့်တော်လောက်ပြီ။ တွောဝတာ၊ ဤမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ ဝါ-ဟိရိ, ဩတ္တပ္ပ တရားနှစ်ပါး ပြည့်စုံရုံမျှနှင့်၊ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ, အသက်မွေးဝမ်းကျောင်း စင်ကြယ်ရုံမျှဖြင့်။ ကတံ၊ ရဟန်းတို့ ကျင့်အပ်တဲ့အကျင့်ကို ကျင့်အပ်ပြီးပြီ။ နော၊ ငါတို့၏။ သာမညတ္ထော၊ သမဏအဖြစ်ဟု ဆိုအပ်သော မဂ် ဖိုလ် နိဗ္ဗာန်အကျိုးသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လတ်ပြီ။ နော၊ ငါတို့အား။ ဥတ္တရိံ၊ ထိုအကျင့်ထက်လွန်သော။ ကိဉ္စိ၊ တစုံတခုသော။ ကရဏီယံ၊ ကျင့်ဘွယ် ကြံဘွယ် အားထုတ်ဘွယ်သည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိစေ၊ ဤသို့သော စိတ်အကြံသည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။ တာဝတကေနေဝ၊ ထိုမျှလောက်သော ဟိရိ, ဩတ္တပ္ပတရားနှစ်ပါး, ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ, အသက်မွေး ဝမ်းကျောင်း စင်ကြယ်ရုံမျှဖြင့်။ တုဋ္ဌိံ၊ အားရနှစ်သက် ကျေနပ်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်ကုန်ရာ၏။

ဟိရိ, ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံယင် ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ, အသက်မွေးဝမ်းကျောင်း စင်ကြယ် သန့်ရှင်းယင် ကျေနပ်လောက်ပြီလို့ သင်ချစ်သားတို့ စိတ်ထဲမှာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မယ်တဲ့၊ ဒီ အကျင့်လောက်နဲ့ဘဲ သာမညတ္ထလို့ ခေါ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန် အကျိုးဟာလဲ ပြည့်စုံလောက်ပြီလို့ သင်ချစ်သားစိတ်ထဲမှာ ထင်ကောင်း ထင်နေမယ်တဲ့၊ အဲဒီ အကျင့်လောက်နဲ့ဘဲ သင်ချစ်သားတို့ကလဲ အားရခြင်း ကျေနပ်ခြင်း နှစ်သက်ခြင်း တင်းတိမ် ရောင့်ရဲခြင်းသို့ ရောက်နေတတ် တယ်တဲ့ – မြတ်စွာဘုရားက။

တော်ပါပြီ- ကုသိုလ်ကောင်းမှု ဒါလောက် လုပ်ထားတာ၊ သိပ်ပြီးတော့ ရှေ့လုပ်စရာ မလိုပါဘူးလို့ အဲဒီလို ယူဆထားတတ်တယ်တဲ့ ဒါန ကုသိုလ်လောက်နဲ့ တော်လောက်ပါပြီ၊ ဒါနကုသိုလ်မှာလဲဘဲ ဤမျှလောက် လှူဒါန်းယင်ဖြင့် တော်လောက်ပါပြီ၊ သီလကုသိုလ်နဲ့ တော်လောက်ပါပြီ၊ သီလကုသိုလ်ဆိုတာလဲ ဒါလောက် ဒါလောက် ကျင့်ယင်ဖြင့် တော်လောက်ပါပြီ၊ သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာကုသိုလ်ကို ပွားများအားထုတ်တဲ့ နေရာမှာလဲ ဒါလောက် တရားတွေ အားထုတ်ထားယင် တော်ရောပေါ့လို့ စိတ်ထဲမှာ မိမိတင်းတိမ်ကျေနပ် နေတတ်တယ်၊ ရှေ့လဲတိုးပြီးတော့ ကျင့်စရာ မရှိတော့ဘူးလို့ သင်တို့စိတ်ထဲမှာ အဲဒီလို ထင်နေတတ်တယ်တဲ့၊ အဲဒါကို မြတ်စွာ ဘုရားက–

"အာရောစယာမိ ဝေါ ဘိက္ခဝေ၊ ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ အဟံ၊ ငါဘုရားသည်။ အာရောစယာမိ၊ ပြောကြားပေအံ့။ ဟောကြားပေဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတော်များအို-ချစ်သားတို့။ ဝေါ၊ သင်တို့အား။ အဟံ၊ ငါဘုရားသည်။ ပဋိဝေဒယာမိ၊ သိစေဦးအံ့။

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

သာမညတ္ထိကာနံ၊ သမဏအဖြစ်ဟူဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်သည်။ သတံ၊ ဖြစ်ကုန်လတ်သော်။ ဝေါ၊ သင်တို့အား။ ဥတ္တရိံ၊ ဒီအကျင့်ထက်လွန်မြတ်သော။ ကရဏီယေ၊ ကျင့်ဘွယ် ကြံဘွယ် အားထုတ်ဘွယ်သည်။ သတိ၊ ရှိသော်။ သာမညတ္ထော၊ မဂ်ဖိုလ်နိဗ္ဗာန်၏အကျိုးဟူဆိုအပ်သော ရဟန်း၏အဖြစ်သည်။ မာ ပရိဟာယိ၊ မဆုတ်ယုတ်ပါစေလင့်။

**ဣန္ဒြေ၆-ပါးကို လုံခြုံစွာစောင့်ရှောက်ခြင်း**

ရှေ့ကျင့်စရာ မရှိတော့ဘူးလားလို့ဆိုတော့- ရှိသေးတယ်တဲ့၊ ဒါလောက်နဲ့မကုန်သေးဘူး၊ ဘာကျင့်ရမလဲလို့ဆိုတော့ မြတ်စွာဘုရားက ဣန္ဒြိယသံဝရပိုင်းကိုဟောတယ်။

"ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယံ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥတ္တရိံ၊ ထိုထက်လွန်သော။ ကရဏီယံ၊ ကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်သည်။ ကိဉ္စ၊ အဘယ်နည်း။

သူ့ထက်ပိုပြီးတော့ ကျင့်အပ်တဲ့တရားက ဘာတုံး–

"ဣန္ဒြိယေသု ဂုတ္တဒွါရာ ဘဝိဿာမ"။

မယံ၊ ငါတို့သည်။ ဣန္ဒြိယေသု၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနခြောက်ဌာနဟုဆိုအပ်သော ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံအောင်စောင့်ရှောက်အပ်သော တံခါးရှိကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

ဒီလိုကျင့်ရမယ်၊ စက္ခုဣန္ဒြေ သောတဣန္ဒြေ ဃာနဣန္ဒြေ ဇိဝှာဣန္ဒြေ ကာယဣန္ဒြေတဲ့၊ အဲဒီ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင်စောင့်ရှောက်တဲ့အကျင့်ကို ကျင့်ပါအုံးတဲ့-မြတ်စွာဘုရားက၊ ဣန္ဒြိယသံဝရက ဘယ်လိုတုံး–

"စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ နာနု ဗျဉ္ဇနဂ္ဂါဟီ"။

စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တဂ္ဂါဟီ၊ ယောကျာ်း, မိန်းမ, လှ, မလှခေါ်တဲ့ အကြမ်းစားနိမိတ်ကိုယူသည်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ လက်ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန် စသော အသေးစိတ် အမှတ်အသားကိုယူသည်။ နဘဝိဿာမ၊ မဖြစ်ကြကုန်အံ့။

သင်တို့မှာပါလာတဲ့ ပကတေ့မျက်စိဖြင့် အဆင်းရူပါရုံတခုခုကို မြင်လိုက်ယင် အဲဒီမြင်တဲ့ရူပါရုံပေါ်မှာ ယောကျာ်းဘဲ, မိန်းမဘဲ, လှတယ်, မလှဘူး ဆိုတဲ့ အကြမ်းစားနိမိတ်ကိုယူပြီးတော့ မကြည့်နဲ့တဲ့၊ ယောကျာ်းကိုမြင်တယ်၊ မိန်းမကိုမြင်တယ်၊ လှတာကိုမြင်တယ်၊ လှတာကိုမြင်တယ်၊ ဒီလိုမကြည့်ရဘူး၊ ဣန္ဒြေစောင့်ရှောက်တာကို နနိမိတ္တဂ္ဂါဟီခေါ်တယ်၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ လက်ခြေသဏ္ဌာန် ပြုံးဟန်ရယ်ဟန် စသော အသေးစိတ် အမှတ်အသားကိုမယူ၊ လက်သဏ္ဌာန် ခြေထောက်သဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် ရင်ပတ်သဏ္ဌာန် ဝမ်းဗိုက်သဏ္ဌာန်စတဲ့အသေးစိတ်အမှတ်အသားဖြစ်တဲ့ သဏ္ဌာန်တွေ၊ ပြုံးပုံ ရယ်ပုံ မဲ့ပုံ ရွဲ့ပုံစတဲ့ အသေးစိတ် အမှတ်အသားတွေကိုလဲ ယူပြီးတော့ မကြည့်နဲ့တဲ့၊ အဲဒါ နာနုဗျဉ္ဇနဂ္ဂါဟီတဲ့။

**စက္ခုန္ဒြေကို သတိဖြင့်စောင့်ရှောက်**

အဲဒီ စက္ခုန္ဒြိယ-စက္ခုန္ဒြေကိုလုံခြုံအောင်စောင့်ရှောက်ထိန်းသိမ်းတဲ့နေရာမှာ မိမိမှာရှိတဲ့ စက္ခုပသာဒရုပ်ပေါ်မှာမှီပြီးတော့ဖြစ်တဲ့ စက္ခုဝိညာဉ်ဖြင့်ရူပါရုံကို မြင်တိုင်းမြင်တိုင်း ကိုယ်က သတိရှိရမယ်၊ မြင်အပ်သော အဆင်းရူပါရုံသည် ဘာတရားလဲလို့ဆိုတော့ ရုပ်တရားလို့နှလုံးသွင်းထားရမယ်၊ ယောကျာ်းလို့နှလုံးသွင်းမထားရဘူးတဲ့၊ မိန်းမလို့နှလုံးသွင်းမထားရဘူးတဲ့၊ လှတာ,မလှတာကိုလဲ နှလုံးသွင်းမထားရဘူးတဲ့၊ မျက်လုံးထဲမှာ မြင်လာတဲ့ အာရုံမှန်သမျှကို ရုပ်တရားတွေဘဲလို့ ဒါလောက်သာနှလုံးသွင်းပါတဲ့၊ ဘာဖြစ်လို့ ဒီလိုနှလုံးသွင်းရသလဲဆိုတော့-

> "ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ-ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇိဿာမ၊ ရက္ခိဿာမ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇိဿာမ"[၁]။ (မဟာအဿပုရသုတ္တန်)

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ရှောက် သည်ဖြစ်၍။ ဝါ၊ သတိဖြင့်မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရန္တံ၊ နေလေ့ရှိသော။ ဧနံဘိက္ခုံ၊ ထိုကဲ့သို့သော အမျိုးကောင်းသားသမီးကို။ ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေကို သတိ

---

၁။ သီလက္ခန်ပါဠိတော်၊ နှာ–၆၆–လည်းရှု။

ဖြင့်မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်။ အဘိဇ္ဈာဒေါမနဿာ၊ အလိုကြီးခြင်းဟူသော အဘိဇ္ဈာ, နှလုံးမသာယာခြင်းဟူသော ဒေါမနဿ။ ဝါ၊ လောဘ ဒေါသ ခေါ်တဲ့တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက် ဝင်ရောက်၍ လာကုန်ရာ၏။

စက္ခုန္ဒြေကို မစောင့်ရှောက်ဘဲနဲ့ မြင်တိုင်းမြင်တိုင်း အာရုံတွေကို ယောကျ်ား, မိန်းမ, လူ, မလူခေါ်တဲ့ အကြမ်းစားနိမိတ်အာရုံကိုယူပြီးတော့ ကြည့်ယင် လက်-ခြေ-နှာခေါင်း-ရင်ဘတ် သဏ္ဌာန်, မျက်ခုံး မျက်လုံးတို့ရဲ့ သဏ္ဌာန်တွေကို ယူပြီးတော့ကြည့်ယင်အဲဒီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ဘာတရားတွေ ဝင်လာသလဲဆိုတော့-အဘိဇ္ဈာ-(လောဘ), ဒေါမနဿ ခေါ်တဲ့ တရားနှစ်ပါး အစဉ်ဝင်ရောက်ပြီးတော့ လာတယ်တဲ့။

ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက် ဝင်ရောက်လာကုန်ရာ၏။

အမှတ်တမဲ့ကြည့်လိုက်ယင် နှစ်သက်စရာအာရုံ, မနှစ်သက်စရာ အာရုံလို့ ဒီလိုအာရုံနှစ်မျိုး ပေါ်လာလိမ့်မယ်၊ မျက်လုံးနဲ့ မြင်တိုင်းမြင်တိုင်း နားနဲ့ အသံကိုကြားတိုင်းကြားတိုင်း နှာခေါင်းနဲ့ အနံ့ နံတိုင်းနံတိုင်း လျှာပေါ်မှာ အရသာတွေ ရောက်လာတိုင်း ရောက်လာတိုင်း ခန္ဓာကိုယ်ကို တစုံတခုသော အရာဝတ္ထုနဲ့ တွေ့ထိတိုင်း တွေ့ထိတိုင်း နိမိတ္တဂ္ဂါဟ-အနုဗျဉ္ဇန သဘောကိုသာ ယူ၍ကြည့်ရှု နားထောင် စားသောက်ပြီးတော့ နေကြမယ်ဆိုယင် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ စက္ခုန္ဒြေကို သတိဖြင့် မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် အဘိဇ္ဈာတည်းဟူသော လောဘ, ဒေါမနဿတည်းဟူသော ဒေါသ၊ အဲဒီ အဘိဇ္ဈာ, ဒေါမနဿ တည်းဟူသော အကုသိုလ်တရားတို့သည် အစဉ်တစိုက် မိမိသန္တာန်သို့ ဝင်ရောက်၍လာ၏။

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ မယံ၊ ငါတို့သည်။ ရက္ခိဿာမ၊ သတိဖြင့် စောင့်ရှောက်ကြကုန်အံ့။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ သတိဖြင့် စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇိဿာမ၊ ရောက်ကြကုန်အံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဧဝံ၊ ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

**စက္ခုတံခါးပေါက်မှ လောဘ ဒေါသဝင်နိုင်ခြင်း**

မျက်လုံးထဲမှာ ရူပါရုံတခုရောက်လာယင် နားထဲကို အသံတခုရောက်လာယင် နှာခေါင်းထဲသို့ အနံ့တခုရောက်လာယင် လျှာပေါ်ကို အရသာ တမျိုးမျိုး ရောက်လာယင် ခန္ဓာကိုယ်မှာ တစုံတခုနဲ့ လာထိတွေ့ယင် ဒီအာရုံ တွေရောက်တိုင်း ရောက်တိုင်း အမျိုးကောင်းသားများ အမျိုးကောင်းသမီး

များ ဘယ်နှယ်ဖြစ်သလဲ၊ မြင်လိုက်ပြန်တော့လဲ ယောကျာ်း, မိန်းမ, လှ, မလှ ဒါဘဲသိတယ်၊ ကြားပြန်တော့လဲ အသံကောင်း, မကောင်း ဒါဘဲသိတယ်၊ နံပြန်တော့လဲ အနံ့ကောင်းတယ်, မကောင်းဘူး၊ စားလဲ အရသာရှိ, မရှိ၊ ခန္ဓာကိုယ်ကို လာထိတွေ့ပြန်ယင်လဲ နူးညံ့တယ်, ကြမ်းတမ်းတယ်၊ ဒါလောက်နဲ့သာ အာရုံယူထားမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာဝင်လာတတ်သလဲဆိုတော့ လှတာ-မလှတာကို ယူပြီးတော့ ကြည့်တဲ့အတွက် လှတာကျတော့ နှစ်သက်တဲ့လောဘ, မလှတာကျပြန်တော့ မနှစ်သက်တဲ့ ဒေါသ။

အသံကောင်းတာကျတော့ နှစ်သက်တဲ့ လောဘ၊ အသံမကောင်းတာကျတော့ မနှစ်သက်တဲ့ဒေါသ စသည်ဖြင့်ပေါ့လေ၊ သူ့အတွဲနဲ့သူ လောဘတရား, ဒေါသတရားတွေဟာ စက္ခု သောတ ဃာန ဇိဝှာ ကာယဆိုတဲ့ ဒွါရတွေက နေပြီးတော့ ဝင်လာကြတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ပြောလေ့ရှိကြပါတယ်– အကုသိုလ်ဝင်တယ်, အကုသိုလ်ပင်တယ်နဲ့ တခါတခါ မပြောဘူးလား၊ (ပြောပါတယ်ဘုရား) အဲဒီလို အကုသိုလ်ဝင်တယ်နဲ့ ပြောတာဟာ စက္ခု သောတ ဃာန ဇိဝှာ ကာယဆိုတဲ့ဣန္ဒြိယသံဝရကိုသာ လုံခြုံအောင် မစောင့်ရှောက်ခဲ့လို့ရှိယင် အကုသိုလ်ဟာ အမြဲဝင်နေသလား-ဝင်မနေဘူးလား၊ (ဝင်နေပါတယ်ဘုရား)

အကုသိုလ်ဝင်လာယင် ကောင်းကျိုးဖြစ်မလား၊ ဆိုးကျိုးဖြစ်မလားဆိုတော့-

"အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ"။

အကုသလာ၊ အကုသိုလ်တရားတို့သည်။ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့် တကွဖြစ်ခြင်း မကောင်းသော အကျိုးကို ရရှိခြင်းလက္ခဏာရှိ၏။

ကောင်းသလား မကောင်းဘူးလား၊ (မကောင်းပါဘူးဘုရား) ဒါဖြင့် အဲဒီစက္ခုန္ဒြေကို စောင့်ရှောက်ပါ၊ မြင်တိုင်းမြင်တိုင်းသော အာရုံတွေပေါ်မှာ ဘယ့်နှယ် စောင့်ရှောက်ရမလဲ၊ အဆင်းရူပါရုံကိုမြင်ယင်-အသံသဒ္ဒါရုံကိုကြားယင် အနံ့ ဂန္ဓာရုံကို နံယင် အရသာ ရသာရုံလျှာပေါ် ရောက်လာယင် သြော်-ဒီ တရားစုဟာရုပ်တရားစုဘဲလို့ ရှုလိုက်ယင်လဲဘဲ–စက္ခုန္ဒြိယံ အာပဇ္ဇိဿာမ–သတိနဲ့ စောင့်ရှောက်ရရောက်တယ်၊ အမှတ်တမဲ့မကြည့်နဲ့၊ ဣန္ဒြိယသံဝရသီလပိုင်းမှာ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေရဲ့ သန္တာန်မှာ ဣန္ဒြိယသံဝရသီလ မလုံခြုံဘူးလို့ဆိုယင်–နောက်ကဟောခဲ့တဲ့ ပါတိမောက္ခသံဝရသီလ ခေါ်တဲ့ ကာယသမာစာရ ဝစီသမာစာရ မနောသမာစာရ အာဇီဝပါရိသုဒ္ဓိ ဆိုတဲ့ တရားတွေ စင်ကြယ်ပါအုံးတော့မလား။ (မစင်ကြယ်ပါဘူးဘုရား)

**တံခါးပွင့်လျှင် လုယက်ဖျက်ဆီးခံရမည်**

အဋ္ဌကထာဆရာကြီးက ဘာပြောထားသလဲဆိုတော့– စက္ခုန္ဒြေ သောတိန္ဒြေစတဲ့ ဣန္ဒြေကို လုံခြုံအောင် မစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်သည် ပါတိမောက္ခသံဝရ သီလမလုံခြုံဘူးလို့ ဒီလိုဆိုတယ်။

"ပါတိမောက္ခံ ပျ စိရဋ္ဌံ၊ အသံဝုတန္တု ဣန္ဒြိယံ။
စောရဂေါဏေဟိ ဟညန္တိ၊ ဂါမသဿာဝ ဝေဝဋ္ဌာ"[၁]။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို အမှီပြုပြီးတော့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး က ဒီ ဂါထာကလေး စီကုံးပြီးတော့ထားတယ်။)

ဣန္ဒြိယံ၊ စက္ခုစသော ဣန္ဒြေခြောက်ပါးကို။ အသံဝုတန္တု၊ မစောင့်ရှောက်ပါမူကား။ ပါတိမောက္ခမ္ပိ၊ ပါတိမောက္ခသံဝရသီလသည်လည်း။ အစိရဋ္ဌံ၊ ကြာမြင့်စွာသော ကာလပတ်လုံး မတည်နိုင်။ ဝေဝဋ္ဌာ၊ တံခါးဟင်းလင်းပွင့် ကုန်သော။ ဂါမသဿာ၊ ရွာအနီးအနားမှကောက်ပင်တို့ကို။ စောရဂေါဏေဟိ၊ သူခိုးနွားဆိုးတို့သည်။ ဟညန္တိဣဝ၊ လုယက်ဖျက်ဆီး အပ်ကုန်သကဲ့သို့တည်း။

စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဆိုတဲ့ ဣန္ဒြေကို လုံခြုံ အောင် မစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ပါတိမောက္ခသံဝရသီလလို့ ခေါ်တဲ့ ကိုယ်စင်ကြယ်မှု နှုတ်စင်ကြယ်မှု အာဇီဝ အသက်မွေးဝမ်းကျောင်း စင်ကြယ်မှုလို့ ဆိုတာတွေဟာ ကြာကြာမတည်နိုင်ဘူးတဲ့၊ စောင့်လဲ ခဏဘဲတဲ့။

တနည်းပြောရမယ်ဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုး ကောင်းသမီးတွေ ယနေ့ဆောက်တည်ထားတဲ့ ရှစ်ပါးသီလဥပုသ် ပါတိမောက္ခ သံဝရသီလဟာ စက္ခု သောတ ဃာန ဇိဝှာ ကာယကို မစောင့်ရှောက်ဘူး ဆိုယင် ကြာကြာတည်ပါ့မလား၊ (မဘည်ပါဘူးဘုရား) မတည်ဘူး၊ ချက်ချင်း သူကပျက်မှာ၊ စောင့်လဲ ခဏဘဲ၊ ဒီတော့ ပါတိမောက္ခသံဝရသီလကို လုံခြုံ အောင် စောင့်ရှောက်လိုတဲ့ပုဂ္ဂိုလ် ကြာကြာတည်လိုတဲ့ ပုဂ္ဂိုလ်ဟာ ဘာကို စောင့်ရှောက်ပေးရမလဲ၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ ဣန္ဒြေ တွေကို စောင့်ရှောက်ပေးရမယ်။

**မျက်စိကိုသံပူဖြင့် ထိုးသည်ကမြတ်ပုံ**

ဘယ့်နှယ်စောင့်ရှောက် ပေးရမလဲဆိုတော့ စောစောက ဘုန်းကြီးတို့ ပါဠိတော် ပြခဲ့သလိုဘဲ စက္ခုန္ဒြေကို မစောင့် ရှောက်တဲ့ ပုဂ္ဂိုလ်များရဲ့ အပြစ်ကို ဘုန်းကြီးတို့ မကြာ မကြာ ပြောနေတဲ့ အာဒိတ္တပရိယာယ သုတ္တန်လာတဲ့အတိုင်း–

---

၁။ ဝိသုဒ္ဓါရုံ၊ ပရမတ္ထသရုပဘေဒနီကျမ်း၊ ဒု၊ နှာ–ဂ၂၊

"ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ န တွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော"[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ တတ္တာယ၊ လောလောပူသော။ အာဒိတ္တာယ၊အလျှံတပြောင်ပြောင်တောက်သော။ သမ္ပဇ္ဇလိတာယ၊ ထက်ဝန်းကျင်မှ တောက်လောင်သော။ သဇောတိဘူတာယ၊အခိုးအလျှံနှင့်တကွဖြစ်သော။ အယော သလာကာယ၊ သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေခေါ်တဲ့မျက်လုံးအစုံကို။ သမ္ပလိမဋ္ဌံ၊ ထိခိုက်၍ ပေးခြင်းသည်။ ဝရံ၊ မြတ်သေး၏။ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဉ်ဖြင့်သိအပ်ကုန်သော။ ဝါ၊ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်, မနော ဝိညာဉ်ဖြင့်ကြားအပ်နံအပ် စားအပ် တွေ့ထိအပ် ကြံစည်အပ်ကုန်သော။ ရူပေသု၊ ရူပါရုံ, သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၌။ အနုဗျဉ္ဇနသော၊ လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော အသေးစိတ် အမှတ်အသားကို ယူ၍ ကြည့်ရှုခြင်း အားဖြင့်။ နိမိတ္တဂ္ဂါဟော၊ ယောကျ်ား, မိန်းမ, လှ, မလှကို ယူ၍ကြည့်ခြင်းသည်။ န တွေဝ ဝရံ၊ မသက်သာ၍ မမြတ်သည် သာတည်း။

ချစ်သားတို့...စက္ခုန္ဒြေခေါ်တဲ့ ဣန္ဒြေကို မစောင့်စည်းဘဲနဲ့ မိမိပကတိ မျက်လုံးဖြင့် ရူပါရုံတခုကို ယောကျ်ား, မိန်းမ, လှ, မလှခေါ်တဲ့ အကြမ်းစားနိမိတ်ကို ယူပြီးတော့ ကြည့်ရတာနဲ့ အလျှံတပြောင်ပြောင် တောက်သော သံချောင်းကို မီးရဲရဲဖုတ်ပြီးတော့ အခိုးအလျှံနှင့်တကွ ဖြစ်တဲ့ အဲဒီသံချောင်းနဲ့ မျက်လုံးအစုံကို ထိုးဖောက်ရတာနဲ့ ဘယ်သူက မြတ်သလဲလို့ ဆိုတော့ မျက်လုံးအစုံကို သံချောင်းပူနဲ့ ထိုးဖောက်ရတာက မြတ်သေး၏၊ ရူပါရုံ စသည်တို့၌ နိမိတ္တ, အနုဗျဉ္ဇန သဘောတွေကို ယူပြီး ကြည့်ရှုနားထောင်၍ နေခြင်းသည် ပင်ပန်းဆင်းရဲလှသည် ဖြစ်သောကြောင့် မမြတ်သည်သာ လျှင် တည်း၊ မြတ်စွာဘုရား ဒီလိုဟောတယ်။

စက္ခုန္ဒြေကို မစောင့်ရှောက်တဲ့ပုဂ္ဂိုလ် ဘာနဲ့တူသလဲဆိုတော့ မိုးယိုပြီး မလုံတဲ့အိမ်နဲ့ တူတယ်တဲ့၊ အမိုးမလုံတဲ့အိမ်များ ဘာဖြစ်တုံး၊ (မိုးယိုပါတယ် ဘုရား) အေး-စက္ခု သောတ ဃာန ဇိဝှာ ကာယ မနတည်းဟူသော ဌာန တွေကိုလုံခြုံအောင် သတိဖြင့် မစောင့်စည်းတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ မိုးယိုတဲ့အိမ်လို ပါဘဲတဲ့ ဟို ဓမ္မပဒပါဠိတော်မှာ—

---

၁။ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ နှာ-၃၇၇။

“ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ”[1]။

ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊အိမ်ကို။ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ သမတိဝိဇ္ဈတိ ယထာ၊ ယိုပေါက်ကျသကဲ့သို့။ဧဝံ၊ ဤအတူ။ အဘာဝိတံ၊ သတိဖြင့် မပွားများအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂတရားသည်။ သမတိ ဝိဇ္ဈတိ၊ ထွင်းဖောက်ဝင်ရောက်၍ ယိုကျလာ၏။

ရာဂတရားတွေ, ဒေါသတရားတွေ, မောဟတရားတွေဟာ အဲဒီလိုဘဲ ယိုပေါက်ပြီးတော့ အထဲကိုစိမ့်ဝင်လာတယ်၊ မိုးမလုံတဲ့အိမ်မှာ မိုးတွေယိုသလိုဘဲတဲ့၊ စက္ခုစတဲ့ ဣန္ဒြေကို တရားဖြင့်မစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ဟာလဲ ထိုအတူဘဲတဲ့ စိတ်ထဲမှာယိုကျပြီးတော့ လာတယ်တဲ့။

**ဣန္ဒြေလုံခြုံ၍ ရဟန္တာဖြစ်ပုံသာဓက**

ဒါကြောင့် စက္ခုဣန္ဒြေကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းရမယ်၊ ထိန်းသိမ်းတဲ့ပုဂ္ဂိုလ် ဝတ္ထုသက်သေသာဓက မရှိဘူးလားဆိုတော့-ရှိတယ်၊ ယောကျ်ားဟူသောအမှတ်သညာ, မိန်းမဟူသောအမှတ်သညာ, လှ-မလှဟူသောအမှတ်သညာကို မယူဘဲနဲ့ မြင်လိုက်တဲ့ ရူပါရုံမှာ ရှေးက ကိုယ်နှလုံးသွင်းနေကျဖြစ်တဲ့ ကမ္မဋ္ဌာန်းအာရုံ တခုကိုယူပြီးတော့ နှလုံးသွင်းလိုက်တာနဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတဲ့ ဝတ္ထုကြောင်းတခုရှိတယ်။

အမျိုးသမီးတယောက်က ဘာဖြစ်လာသလဲဆိုတော့ ခင်ပွန်းသည်နဲ့ ရန်ဖြစ်ကြတယ်၊ အမျိုးသမီးနဲ့ ခင်ပွန်းသည်နဲ့ ရန်ဖြစ်တော့ ရန်ဖြစ်တယ်ဆိုယင် အမျိုးသမီးတို့ရဲ့ ဓမ္မတာက တဆိတ်ရှိယင် အမေ့အိမ်ပြန်တာချည့်ဘဲမဟုတ်လား၊ (မှန်ပါဘုရား) ဒါ စာထဲပါတာပြောတာ၊ ကိုယ်သိတာမဟုတ်ဘူး-နော်၊ (မှန်ပါ) ဟုတ်လား၊ စာထဲပါတာ၊ အဲဒီလို ခင်ပွန်းသည်နဲ့ ရန်ဖြစ်ပြီးတော့ အမေ့အိမ်ပြန်ရော၊ ပြန်တော့လမ်းမှာ ဘုရားဖူးရအောင်သွားတဲ့ တိဿခေါ်တဲ့ မထေရ်တပါးနဲ့ သွားတွေ့တယ်။

အဲဒီတိဿမထေရ်က ဘာတရား နှလုံးသွင်းနေကျ ကိုယ်တော်လဲဆိုတော့ အဋ္ဌိက ကမ္မဋ္ဌာန်းကို နှလုံးသွင်းနေကျကိုယ်တော်၊ အဋ္ဌိက ကမ္မဋ္ဌာန်းဆိုတာ “အဋ္ဌိပုဉ္ဇော အယံကာယော”။ ဒီလိုနှလုံးသွင်းတယ်၊ အယံ ကာယော၊ သူရော ကိုယ်ပါ တွယ်တာနှစ်သက်ပြီးတော့နေကြတဲ့ ဤခန္ဓာကိုယ်ရုပ်အကောင်ပုတ်ကြီးသည်။ အဋ္ဌိပုဉ္ဇော၊ အရိုးစုကြီးသာလျှင်တည်း။

---

၁။ ဓမ္မပဒ၊ ယမကဝဂ်၊ နန္ဒတ္ထေရဝတ္ထု။

သတ္တဝါမှန်သမျှ အရိုးစု အရိုးစုကမ္မဋ္ဌာန်းကို နှလုံးသွင်းနေတဲ့ ကိုယ်တော်၊ သူ့မျက်လုံးမှာ မြင်သရွေ့တွေ ဘာဘဲ မြင်မြင် သတ္တဝါတွေကိုမြင်လိုက်ယင် ကြက်ကလေးတွေမြင်မြင် ငှက်ကလေးတွေမြင်မြင် ဘယ်သတ္တဝါကိုဘဲမြင်မြင် အမျိုးသားမြင်မြင် အမျိုးသမီးမြင်မြင် သူကတော့ ဘာတုံး၊ (အရိုးစုပါဘဲဘုရား) ယောကျ်ားလို့ မြင်သေးလား (မမြင်ပါဘူး ဘုရား) ယောကျ်ားရယ်မိန်းမရယ်ရှိသေးလား၊ (မရှိပါဘူးဘုရား) လက်သဏ္ဍာန် ခြေသဏ္ဍာန်ပြုံးဟန်ရယ်ဟန် ရင်ပတ်သဏ္ဍာန်ဝမ်းဗိုက်သဏ္ဍာန် ရှိသေးလား၊ (မရှိပါဘူးဘုရား) အရိုးသဏ္ဍာန်ကြီးတော့လဲ ရှိနေသေးတာပေါ့ကွယ်-ဟုတ်လား၊ (မှန်ပါ)အဲ-အဲဒီအရိုးစုကိုဘဲ ရှုနေတဲ့ရဟန်း။

တနေ့တော့ အဲဒီအမျိုးသမီးကလဲ သူ့ခင်ပွန်းသည်နဲ့ စကားများပြီးတော့ ရန်ဖြစ်ပြီးတော့ သူ့မိဘအိမ်ပြန်လာတယ်၊အဲဒီ အရိုးစုကမ္မဋ္ဌာန်းအားထုတ်နေတဲ့ မဟာတိဿကိုယ်တော်ကြီးကလဲဘဲ ဘုရားဖူးရအောင်လို့ အကြွ၊လမ်းမှာ အဲဒီ အမျိုးသမီးနဲ့သွားတွေ့တော့ အမျိုးသမီးများခက်လိုက်တာ စိတ်ကအပြောင်း အလဲ အင်မတန်မြန်တယ်၊အဲဒီ တိဿခေါ်တဲ့ရဟန်းတော်ကို မြင်လျှင်မြင်ချင်း တပ်မက်ခြင်းဖြစ်ပြီးတော့ လက်ခုပ်လက်ဝါးတွေ တီးပြီးတော့ ရယ်ပြသတဲ့- အမျိုးသမီးဖြစ်ပုံ၊သူ့စိတ်တွေ ဒီဘက်ကိုညွတ်ဘိမ်းလာခဲ့ပြီမဟုတ်လား၊(မှန်ပါ) ဖောက်ပြန်သောစိတ်အမူအရာနဲ့ ရဟန်းတော်အပေါ်မှာ တပ်မက်တဲ့စိတ်တွေ ဖြစ်ပြီးတော့ အဲဒီ ရဟန်းတော်ကို သူကရယ်ပြတယ် ပြုံးပြတယ်။

ပြုံးပြတော့ ရဟန်းတော်ကဘာမြင်တုံး၊ (အရိုးစုကို မြင်ပါတယ်ဘုရား) သွား သွား သွား-ဘာမြင်တုံး၊ (သွားကိုမြင်ပါတယ်ဘုရား) အဲဒီသွားကို မြင် လိုက်သည်နဲ့တပြိုင်နက်ထဲ ရှေးကသူပွားများ အားထုတ်ဘူးတဲ့ အဋ္ဌိကသညာ တွေကို နှလုံးသွင်းပြီးတော့ ရပ်ပြီး တရားအားထုတ်လိုက်တာ အဲဒီအဋ္ဌိက သညာမှာ သမာဓိဘာဝနာတွေရပြီးတော့ ဒီကနေ တဆင့်တက်-ဒီနေရာတင် ဝိပဿနာရှုတာ အဲဒီ ရပ်နေတဲ့နေရာမှာဘဲ တိဿမထေရ် ရဟန္တာဖြစ်တယ်၊ စက္ခုန္ဒြေစောင့်ရှောက်ပုံ။

အဲဒါကို အဋ္ဌကထာက ပြောထားတာရှိတယ်။

"တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊အရဟတ္တံ အပါပုဏိ"[၁]။

တဿ၊ထိုခင်ပွန်းသည်ယောကျ်ားနှင့် စကားများရန်ဖြစ်လာသော ထိုအမျိုး သမီး၏။ဒန္တဋ္ဌိကံ၊ရယ်ပြတဲ့အတွက်သွားဟူသောအရိုးကို။ဒိသွာ၊မြင်ရသည်ဖြစ်၍။

---

၁။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ပ၊ နှာ-၂၀။

ဘာမြင်ရတုံး၊ (သွားကိုပါဘုရား) အမျိုးသမီးမြင်တယ်လို့ သူ့စိတ်ထဲ အာရုံ ပြုသေးလား၊ (မပြုပါဘူးဘုရား) လှတယ်–မလှဘူးဆိုတာ အာရုံပြု သေးလား၊ (မပြုပါဘုရား) လက်သဏ္ဌာန် ခြေထောက်သဏ္ဌာန် ဝမ်းဗိုက် သဏ္ဌာန်တွေ အာရုံပြုသေးလား၊ (မပြုပါဘုရား) မပြုဘဲနဲ့ သူကဘာကို အာရုံပြုလိုက်သလဲ၊ (အရိုးစုကိုပါဘုရား)

ပုဗ္ဗသညံ၊ ရှေးက ကိုယ်–နှလုံးသွင်းတဲ့ အဋ္ဌိက သညာကို။ အနုဿရိ၊ အစဉ်ရှောက်ကာ အောက်မေ့သွားမျှားလေပြီ။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ နှလုံးသွင်း နေတဲ့ တရားက ရုပ်တရား၊ ရှေးက ကိုယ်နှလုံးသွင်းနေကျ ရုပ်တရား အတိုင်း ဘဲ ယောက်ျားမြင်မြင် မိန်းမမြင်မြင် ဘာဘဲမြင်မြင် မြင်သရွေ့ကို ရုပ်တရား လို့သာ နှလုံးသွင်းလိုက်ယင် ကိုယ်ရှေးကနှလုံးသွင်းနေကျအတိုင်း ဒီတိဿ မထေရ်ကဲ့သို့ နှလုံးသွင်းတာဘဲ မဟုတ်လား၊ (မှန်ပါ) တိဿမထေရ်က ဘာ တရား နှလုံးသွင်းနေကျတုံး၊ (အရိုးစုပါဘုရား) အရိုးစုကမ္မဋ္ဌာန်းကို နှလုံး သွင်းနေကျဖြစ်လို့ အမျိုးသမီးရယ်ပြတာကို မြင်လိုက်ယင်ဘဲ ပုဗ္ဗသညံ၊ ရှေးက ကိုယ်နှလုံးသွင်းပြီးသားဖြစ်တဲ့ အဋ္ဌိကသညာ ကမ္မဋ္ဌာန်းကို။ အနုဿရိ၊ အစဉ် ရှောက်ကာ အောက်မေ့သွားမျှားလေပြီ။

သော ထေရော၊ ထိုမဟာတိဿမထေရ်သည်။ တတ္ထေဝ၊ ထိုအရပ်၌သာ လျှင်။ ဌိတော၊ ရပ်တည်လျက်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိ၊ ရောက်တော်မူ၏။

**ကျား–မ ဟူ၍မမြင် အရိုးစုသာမြင်သောရဟန်း** စက္ခုခြေကို လုံခြုံအောင် စောင့်ရှောက် ထိန်း သိမ်းပြီးတော့ ကိုယ်နှလုံး သွင်းနေကျအတိုင်း နှလုံးသွင်းပြီးတော့ တရားအားထုတ် လိုက်တဲ့ အတွက် ဘာဖြစ်တုံး၊ (ရဟန္တာဖြစ်သွားပါတယ်ဘုရား) ရဟန္တာဖြစ်သွားတယ်၊ အဲဒီလို နှလုံးသွင်းလို့ ရဟန္တာဖြစ်တော့ အမျိုးသမီးလဲ သူ့ရှေ့ကလမ်းမှာ ကောက်ကောက် ကောက်ကောက်နဲ့ သွား၊ မဟာတိဿမထေရ် ရဟန္တာပုဂ္ဂိုလ် ကလဲ ဒီလိုဘဲ ဘုရားဖူးရအောင် သွားတယ်။

နောက်ကဘယ်သူ လိုက်လာတုံးကွဲ၊ (သူ့ယောက်ျားပါဘုရား) ဟင်– အောင်ကြည်၊ မင်းက မပြောခင်က ဘာလုပ်သိနေသလဲ၊ (လိုက်ရမှာပါ ဘုရား) အေး–အဲဒီလို နောက်ကနေ လိုက်လာတဲ့ အခါကျတော့ ရဟန္တာ ပုဂ္ဂိုလ်ကြီး မဟာတိဿနဲ့ တွေ့ရောမဟုတ်လား၊ (မှန်ပါ) တွေ့တော့–

"ကိဉ္စိ ဘန္တေ ဣတ္တိံ ပဿထ"၁။

ဘန္တေ၊ အိုအရှင်မြတ်ဘုရား။ ကိဉ္စိ ဣတ္တိံ၊ တယောက်သော မိန်းမကို။ ပဿထ၊ မြင်လိုက်ပါသလားဘုရား။

အရှင်ဘုရား.... ဒီမှာ တကာမတယောက် သွားတာ မတွေ့လိုက်ဘူးလား ဘုရားလို့ လျှောက်တယ်၊ လျှောက်တော့ မဟာတိဿမထေရ်ကြီးက ဘာပြန် ပြောသလဲ–

"နာဘိဇာနာမိ ဣတ္ထီဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိ စ အဋ္ဌိသင်္ဃာဋော၊ ဂစ္ဆတေ သ မဟာပထေ"၂။

အဟံ၊ ငါသည်။ ဣတော၊ ဤအရပ်မှ။ ဂတော၊ နောက်ကို သွားလေသော သူသည်။ ဣတ္ထီဝါ၊ မိန်းမဟူ၍ငြင်း။ ပုရိသောဝါ၊ ယောကျ်ားဟူ၍ငြင်း။ နာဘိဇာနာမိ၊ မသိလိုက်ပါ။

ဥပါသကာတကာတဲ့၊ သွားတာတော့ တွေ့လိုက်တယ်တဲ့၊ အဲဒီသွားတာဟာ ယောကျ်ားလို့လဲ ငါမသိလိုက်ဘူးတဲ့၊ မိန်းမလို့လဲမသိလိုက်ဘူးတဲ့၊ စက္ခုန္ဒြေ ဘယ်လောက်စောင့်ရှောက်ထားတုံး၊ အဲဒီအဆင့်လောက်ရောက်အောင် တရား ကြိုးစားအားထုတ်ဘို့က လွယ်သလားကွဲ၊ (မလွယ်ပါဘူးဘုရား) အခုနက ဒီနေ ရာတင်ရပ်ပြီးတော့ ဒီကိုယ်တော်ရဟန္တာ ဖြစ်သွားတယ်ဆိုတာ လွယ်ရဲ့လား၊ (မလွယ်ပါဘူးဘုရား) ဘုန်းကြီးတို့ပရိသတ်ကြည့်စမ်းပါ၊ အခုနေကြည့်လိုက် မယ်ဆိုယင် အမျိုးသားတွေတစု အမျိုးသမီးတွေတစု၊ ဒါတွေမြင်နေတာဘဲ မဟုတ်လား၊ (မှန်ပါ) ရုပ်ပါလို့ပြောလို့ ရုတ်တရက်မြင်လို့ရရဲ့လား၊ (မရ ပါဘူးဘုရား)

အဲဒီလို ရုပ်ကိုရုပ်လို့မြင်လို့ရအောင် ဘယ်လောက် ကျင့်လာခဲ့ရသလဲဆိုတော့ ပဗ္ဗသညာ–ရှေးကအင်မတန် ကြိုးစားပြီး အားထုတ်လာခဲ့တာ မြင်လိုက်တိုင်း မြင်လိုက်တိုင်း အာရုံတွေကိုအဋ္ဌိကသညာဖြစ်အောင် သူကအားထုတ်လာခဲ့ရတာ ဒီနေရာကလေးကျမှ မတ်တတ်ရပ်ပြီးအားထုတ်တဲ့ ကမ္မဋ္ဌာန်းမဟုတ်ဘူး၊ အဲဒီလို ရှေးကဆရာတော် သံဃာ့တော်ကြီးတွေကျင့်သွားတဲ့ ဣန္ဒြိယသံဝရသီလ လမ်း ကြောင်းကို စောင့်ရှောက်ပြီးတော့ အရဟတ္တဖိုလ်ပေါက်ကျင့်သွားကြတဲ့ ထုံးတခု ရှိတယ်၊ ဒါ ဣန္ဒြိယသံဝရသီလစောင့်ရှောက်တဲ့ထုံး။

---

၁–၂။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ပ၊ နှာ–၂၁။

**ရာဂမီးခလောင်ခံရသော ဝင်္ဂီသမထေရ်အကြောင်း**

ဒါတင်လားဆိုတော့ မကသေးဘူးကွဲ၊ ဝတ္ထုကြောင်းတခုထုတ်ပြအုံးမယ်၊အဲဒါကို အဋ္ဌကထာကလဲ ဒီဝတ္ထုကြောင်းဘဲ ထုတ်ဖို့လို့ဆိုပြီးတော့ ဝင်္ဂီသသံယုတ်မှာရှိတဲ့ ဝင်္ဂီသမထေရ်အကြောင်းကလေး ဟောထားတာရှိတယ်၊ အဲဒီ ဝင်္ဂီသကရဟန်းပြုတာ မကြာသေးဘူးကွဲ့၊ တဝါလောက်ပဲ ရအုံးမယ်၊ ဘယ်သူ့ထံမှာ ရဟန်းပြုသလဲဆိုတော့– အရှင်အာနန္ဒာ ကိုယ်တော်ကြီးထံမှာ ရဟန်းပြုပြီးတော့ ရှင်အာနန္ဒာကိုဘဲ ဥပဇ္ဈာယ်ဆရာလုပ်ပြီးတော့ နေတယ်၊ ဆွမ်းခံသွားတော့ ရှင်အာနန္ဒာရဲ့နောက်ကနေပြီး ဦးပဥ္စင်းလေးက နေ့တိုင်းနေ့တိုင်းဆွမ်းခံလိုက်ရတယ်၊ တနေ့တော့– အဲဒီ ဦးပဥ္စင်းကလေး ဆွမ်းခံသွားရင်း အမျိုးသမီးကလေးတယောက်ရဲ့ ရူပါရုံကိုမြင်ပြီးတော့ တပ်မက်တဲ့ရာဂတွေဝင်လာသည်ဖြစ်သောကြောင့် စက္ခုန္ဒြေမစောင့်ရှောက်မိတဲ့အတွက် ဒီနေရာကသူသွားလို့မရတော့ဘူး၊ အညို့ခံတတ်ကိုး၊ ဒီအမျိုးသမီးကလေးရဲ့ ရူပါရုံကိုမြင်ရတဲ့ နေရာကနေပြီး နဲနဲလေးမှသွားလို့မရတော့ဘူး။

အခုခေတ်မှာ ပြောကြသလိုပေါ့၊ အင်း ဆွမ်းခံသွားရင်း ဘာဖြစ်တယ်၊ (ငှက်သင့်ပါတယ်ဘုရား) အေး–အဲဒီ ငှက်က သိပ်အရေးကြီးတာဟုတ်လား၊ (မှန်ပါ)တကတဲကိုယ်တော်လေး ဆွမ်းခံမသွားနိုင်တော့ဘူး၊ သူဘာလုပ်ရသလဲဆိုတော့ ရှင်အာနန္ဒာကိုယ်တော်က ရှေ့ကနေ ကြွသွားတော့– အရှင်အာနန္ဒာကိုယ်တော်ကြီးကို လှမ်းပြီးတော့ အကူအညီတောင်းရတယ်။

"ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ"[၁]။

ဂေါတမ၊ ဂေါတမနွယ်ဖွား အိုအရှင် အာနန္ဒာကိုယ်တော်မြတ်ကြီးဘုရား။ မေ၊ ဘုရားတပည့်တော်၏။ စိတ္တံ၊ စိတ်ကို။ ကာမရာဂေန၊ ကာမဂုဏ်မှီးရာဂမီးသည်။ ပရိဍယှတိ၊ တောက်လောင်၍နေပါသည်ဘုရား။ အဟံ၊ ဘုရားတပည့်တော်ကို။ ကာမရာဂေန၊ အလျှံပြောင်ညီး ရာဂမီးသည်။ ဍယှာမိ၊ အတင်းလောင်မြိုက်နေပါ၏။ (တပည့်တော်၏ စိတ်အစဉ်မှာတော့ဖြင့် စက္ခုန္ဒြေကို မစောင့်စည်းမိသည်ဖြစ်သောကြောင့် အဘိဇ္ဈာဟူသော အမျိုးသမီး၏ရူပါရုံကို ရှေးရှုကြံစည်ပြီး ရအောင်ယူလိုတဲ့ ကာမဂုဏ်မီးကြီး တောက်နေပါသည်ဘုရား) သာဓု–အာယာစာမိ၊ တောင်းပန်ပါ၏ဘုရား။ အနုကမ္ပာယ၊ အစဉ်သနားသည်ကို အကြောင်းပြု၍။ နိဗ္ဗာပနံ၊ ရာဂမီးငြိမ်းကြောင်းဖြစ်တဲ့တရားတော်ကို။ ဗြူဟိ၊ ဟောကြား၍ပေးတော်မူပါဘုရား။

---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ–၁၈၉–၁၉၀။

**အသုဘနိမိတ်ရှုပွား၍ ရာဂမီးပျောက်ပုံ**

ဆွမ်းခံသွားရင်း ဒီလို ရှင်အာနန္ဒာကို လှမ်းပြောတယ်၊ သြော်-ဒီတော့မှ အရှင် အာနန္ဒာကိုယ်တော်ကြီးက ငါ့ကိုယ်တော်လေး နောက်ကပါလာတယ်လို့ အောက်မေ့နေတာ လက်စသတ်တော့ ဘယ်ဟုတ်မလဲ၊ ဟို သူ့မှာ ကာမဂုဏ်မီးတွေလောင်မြိုက်ပြီး ညွှတ်ကွင်းမိကျန်ရစ်ခဲ့တယ်၊ ဒီတော့ ဒီကိုယ်တော်လေးရဲ့ စိတ်ကို ပြေအောင်ဆိုပြီးတော့ အရှင်အာနန္ဒာက ဘာဟောသလဲ–

"သညာယ ဝိပရိယေသာ၊ စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသံဟိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ"။

ဝင်္ဂီသ၊ ချစ်သားဝင်္ဂီသ။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ သညာယ၊ မတင့်တယ်တဲ့ အသုဘအာရုံ၌ တင့်တယ်၏ဟုမှတ်သောအမှတ်၏။ ဝိပရိယေသာ၊ ဖောက်ပြန်ခြင်းကြောင့်။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ပရိဍယှတိ၊ ပူလောင်၍နေ၏၊

အမျိုးသမီးရဲ့ရူပါရုံသည် တင့်တယ်တဲ့ သုဘ ရူပါရုံလား၊ အသုဘရူပါရုံလား၊ (အသုဘရူပါရုံပါဘုရား) ဟုတ်ကဲ့လား၊ အမှန်ကအသုဘကြီး၊ သုံးဆယ့်နှစ်မျိုးသော အပုတ်အသိုးတို့ဖြင့် ကိုးပေါက်သောဒွါရ အမာဝကနေပြီးတော့ အသက်ရှင်စဉ်အခါမှာ တစီစီတစိုစို အပုတ်ရေတွေယိုပြီးတော့နေတဲ့ ခန္ဓာကိုယ်မဟုတ်လား၊ (မှန်ပါဘုရား) ချွေး့,သွေး, တံတွေး, နှပ်, အစေး, ကျင်ငယ်စသည်ဖြင့် စက်ဆုပ်ရွံရှာဘွယ်တွေ၊ ဆံပင်, မွေးညှင်း, လက်သည်းခြေသည်း, သွား, အရေပြားစတဲ့ ဒီလိုဟာတွေအကုန်လုံး ရွံစရာတွေချည်းမဟုတ်လား၊ ဘယ်ဒင်းမျှား နှစ်သက်စရာတခုရှိသလဲ - ဒီခန္ဓာကိုယ်မှာ၊ (မရှိပါဘုရား) နှစ်သက်စရာမရှိတဲ့ အသုဘဖြစ်တဲ့ ရုပ်တရားကို သူက သုဘလို့အထင်မှတ်မှားပြီးတော့ နေသည်ဖြစ်သောကြောင့် ဒီ ရှင်ဝင်္ဂီသရဲ့စိတ်မှာ ပူပန်ချောက်ချားနေတာမဟုတ်လား၊ (မှန်ပါဘုရား)

ဒီတော့ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက–

ရာဂူပသံဟိ တံ၊ ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ သုဘံ၊ တင့်တယ်တယ်လို့ယူတဲ့ သုဘနိမိတ်ကို။ ပရိဝဇ္ဇေဟိ၊ ရှောင်ကြဉ်လော့။

မင်းမြင်ရတဲ့ ရူပါရုံကို တင့်တယ်တယ်လို့ ထင်နေတဲ့ အစဉ်ဟာ မဟုတ်ဘူးတဲ့၊ အဲဒီ သုဘအာရုံကို မယူနဲ့တဲ့၊ သုဘအာရုံကို မယူတော့ ဘယ်လိုလုပ်ရမလဲ၊ မြင်နေတဲ့ ရူပါရုံကလဲ အင်မတန်လှနေတယ်လို့ ယူတယ်၊ ဟိုကလဲ သုဘအာရုံကို မယူနဲ့လို့ ဟောနေတယ်၊ ဘယ့်နှယ်လုပ်ရမလဲ–

အသုဘာယ၊ အသုဘဘာဝနာဖြင့်။ စိတ္တံ၊ စိတ်ကို။ ဘာဝေဟိ၊ ပွားပါလော့။ (အဲဒီလို ပွားများနေယင်) ကော့၊ တခုတည်းသော အသုဘ အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ သုသမာဟိတံ၊ အသုဘအာရုံ၌ ကောင်းစွာ တည်ကြည်သည်လည်း။ ဟောတိ၊ ဖြစ်၏။

နှစ်သက်စရာ ရုပ်ရုံကလေးတခုကို ငါတော့ ဒီအမျိုးသားကို ဒီအမျိုးသမီးကို သိပ်နှစ်သက်နေပြီဆိုယင် အဲဒီအမျိုးသား အမျိုးသမီးရဲ့ စက်ဆုပ်ရွံရှာဖွယ်တွေကို မြင်အောင်ကြည့်၊ ဗုဒ္ဓယသံဝရ၊ အဲဒီ အင်မတန်လှတယ်ဆိုတဲ့ အမျိုးသမီး, အမျိုးသားမှာ မစင်တွေမရှိဘူးလား၊ (ရှိပါတယ်ဘုရား) အင်မတန်လှတယ်ဆိုတဲ့ အမျိုးသား အမျိုးသမီးရဲ့ မစင်ကို မင်းတို့စားမလား၊ (မစားပါဘူးဘုရား) ဘာဖြူလို့လဲ၊ (စက်ဆုပ်လို့ပါဘုရား) အဲ-ချွေး,သွေး, တံတွေး, နှပ်, အစေး, ကျင်ငယ်, အူမ, အူသိမ်, သည်းခြေ, သလိပ်, ပြည်, စသည်တို့ကော၊ ဆံပင်, မွေးညှင်း, လက်သည်း ခြေသည်း, သွား, သူရဲ့ အရေပြားကလေး မျက်လုံးကလေး၊ အဲဒါလေးတွေကို မင်းတို့ ယူကြမလား၊ စားကြမလားဆိုယင်-(မစားပါဘူးဘုရား) ဘာဖြစ်လို့တုံး၊ (ရွံလို့ပါဘုရား) အသုဘသဘောတရားတွေ-ဟုတ်လား၊ (မှန်ပါဘုရား)

**သုဘာထေရီနှင့် အရက်သမား** အေး-ဒီကိစ္စနဲ့ ပတ်သက်လို့ ထေရီအပဒါန်ပါဠိတော်မှာလဲဘဲ သုဘာဆိုတဲ့ အမျိုးသမီးတယောက်ရဲ့ ရုပ်ရုံကိုမက်မောနေတဲ့ အရက်သမားတယောက်ရှိတယ်[၁]၊ ဟိုက အနာဂါမ်ပုဂ္ဂိုလ်ဖြစ်နေတဲ့ ထေရီမ၊ အထက်မဂ်တရားကို ရဘို့ရန်အတွက် တရားအားထုတ်ရအောင် တောထဲသွားတာ လမ်းမှာအရက်သမားနဲ့ တွေ့နေတယ်- ဘိက္ခုနီမကလေးတယောက်ထဲသွားတာကိုး၊ အရက်သမားဆိုတာက ဘိက္ခုနီမှရယ် ရဟန္တာရယ်လို့ သူကဘာမှမသိဘူး၊ လှတဲ့ရုပ်ရုံကလေးကြည့်ပြီးတော့ ကတဲ့ ရှေ့က လက်ကြီးနှစ်ဘက် ကားထားပြီးတော့ မသွားရဘူး လုပ်ထားတယ်။

ဒီတော့ အရက်သမားရဲ့စိတ်ဟာ သုဘာထေရီဘိက္ခုနီမရဲ့ ရုပ်ရုံပေါ်မှာ သိပ်ပြီးတော့ပြင်းပြင်းထန်ထန် စွဲလမ်းမနေဘူးလား၊ (စွဲလမ်းနေပါတယ်ဘုရား) ရာဂဖြစ်နေတယ်၊ ဒီတော့ သူတရားအားထုတ်ရအောင် သွားတာပါ၊ လမ်းက ကန့်လန့်ကြီးလုပ်မနေပါနဲ့၊ သွားပါရစေခွင့်တောင်းတော့ ခွင့်တောင်းလို့ရရဲ့လား၊ (မရပါဘူးဘုရား)

---

၁။ ထေရီဂါထာ အဋ္ဌကထာ၊ တိံသနိပါတ်၊ နှာ-၂၅၃။

အရက်သမားကလဲဖြစ်ပြန် အမျိုးသားကလဲဖြစ်ပြန်၊ ဟိုကတော့ အမျိုးသမီး ဘိက္ခုနီမ တော့ဟုတ်ရဲ့၊ ဈာန်အဘိညာဉ်ကလဲမရတော့ ကောင်းကင်လဲပျံမသွား နိုင်ဘူး၊တခြားလမ်းကလဲသွားစရာ မရှိဘူးဆိုတော့ဘယ့်နှယ်လုပ်ရသလဲ - လွတ် အောင် ဘယ့်နှယ်ကြံရသလဲဆိုတော့၊ကဲ-မောင်ရယ်ကောင်းပါပြီ၊ဒီခန္ဓာတကိုယ် လုံးကို မောင်က နှစ်သက်ပြီးတော့နေတယ်ဆိုတာ ဘာလေးများ-မောင်နှစ်သက် နေသလဲ၊ ဒီ ခန္ဓာကိုယ်က အသုဘကြီးပါနဲ့ ဘိက္ခုနီမက တရားဟောရရော- မဟုတ်လား၊ (မှန်ပါဘုရား) အရက်သမားတရားဟောလို့ ရပါ့မလား၊ (မရ ပါဘူးဘုရား) တရားမရဘူး၊ သူကဘာပြောသလဲဆိုတော့–

"မိဂက္ခိဝိယ သောဘန္တိ။ ။ထေရိကေ၊အိုထေရီမယ်။ တေ၊ သင်၏။ အက္ခီ၊ မျက်စိတို့သည်။ မိဂက္ခိဝိယ၊ သမင်မမျက်လုံးကလေးကဲ့သို့။ သောဘန္တိ၊ တင့် တယ်ပေကုန်၏"။ အရက်သမား ပြောတဲ့စကား၊ အဲဒါရှေးတုန်းက ယပ်လှဲ ဟောတုန်းကဆိုယင် အဲဒီနေရာမှာ တော်တော့ကိုဘဲ ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ တွေ့ကရာတွေ ရှောက်ပြောအုံးမှာ၊ တရားဆိုတာ တွေ့ကရာတွေပြောတာ မပါရဘူး။

**မျက်လုံးကိုချွတ်ပေးခြင်း** ဒီတော့ ဟိုက ဒီခန္ဓာကိုယ်ကြီးဟာ အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးပါ၊ သင်ဘာကို နှစ်သက်နေပါသလဲ လို့ မေးတော့-မဟုတ်ပါဘူးတဲ့၊ သင်ရဲ့မျက်လုံးကလေးက သမင်ပျိုမကလေး ရဲ့ မျက်လုံးကလေးလို သိပ်တင့်တယ်လို့ပါတဲ့၊ သူကဒါကလေးနှစ်သက်နေ တယ်မဟုတ်လား၊ (မှန်ပါ)· ကိုင်း-ဒီလိုဆိုယင် ဒီမျက်လုံးကို သင်ဒါလောက် နှစ်သက်နေယင် ရော့ - သင်နှစ်သက်နေတဲ့မျက်လုံး၊ သင်အလိုရှိသလိုသုံးတော့ လို့ဆိုပြီးကော်ထုတ်ပေးတော့ ဒီမျက်လုံးသူနှစ်သက်သေးလား၊ (မနှစ်သက် ပါဘူးဘုရား)

အဲဒီလို သင်္ခါရတရားတွေရဲ့ နှစ်သက်စရာ မဟုတ်ပုံတွေကို မြင်တော့မှ အရက်သမားလဲ လန့်ပြီးတော့ နှစ်သက်မှုတွေပျောက်ပြီးတော့ ပြေးတယ်၊ ဘိက္ခုနီမလေးလဲ ဆက်ပြီးတော့ တောထဲသွားတရားအားထုတ်၊ မြတ်စွာဘုရား ထံပြန်လာပြီး ဒီအကြောင်း လျှောက်တော့ အဲဒီမျက်လုံးဟာ မြတ်စွာဘုရား တန်ခိုးတော်နဲ့ ပကတိမျက်လုံးအတိုင်း ပြန်ပြီးတော့ဖြစ်တယ်၊ ဒါ-ထေရီ အပဒါန်အဋ္ဌကထာမှာရှိတယ်။

ဒါ ဣန္ဒြေကို လုံခြုံစွာစောင့်ရှောက်တဲ့နေရာမှာ နှစ်သက်စရာအာရုံလို့ ကိုယ်က မြင်နေယင် အသုဘသဘောနဲ့သာဆင်ခြင်ပါတဲ့၊ ရှင်အာနန္ဒာပြောတဲ့ စကားရဲ့ အထောက်သာဓကကဲ့-ဒါ။

**ကောဂ္ဂံ**၊ တခုတည်းသောအာရုံ၌။ စိတ္တံ၊ စိတ်ကို။ သုသမာဟိတံ၊ ကောင်းစွာတည်ကြည်အောင်။ အသုဘာယ၊ အသုဘဘာဝနာဖြင့်။ ဘာဝေဟိ၊ ပွားပါလော့။

အသုဘဘာဝနာကို ပွားပေး–ဦးပဉ္စင်းလေး၊ သင်နှစ်သက်နေတဲ့ အမျိုးသမီးရဲ့ ရုပါရုံပေါ်မှာ အသုဘဘာဝနာကို ပွားပေးယင် သင်နှစ်သက်နေတဲ့ ရာဂတွေ ပြေငြိမ်းသွားလိမ့်မယ်တဲ့–အရှင်အာနန္ဒာက–

> "သင်္ခါရေ ပရတော ပဿ၊ဒုက္ခတော မာ စ အတ္တတော။
> နိဗ္ဗာပေဟိ မဟာရာဂံ၊မာ ဍယှိတ္ထော ပုနပ္ပုနံ"။

သင်္ခါရေ၊ တေဘူမိကသင်္ခါရတရားတို့ကို။ ပရတော၊ကိုယ်နဲ့မဆိုင် ကိုယ်ပိုင်မထား တခြားပြင်ပအနေအားဖြင့်။ ပဿ၊မြင်အောင်ရှုပါလော့။

သင်္ခါရတရားတွေကို ကိုယ်နဲ့မဆိုင်တဲ့အနေနဲ့ တခုစီ တခုစီ အပြင်ကိုထုတ်ထုတ်ပြီးတော့ကြည့်။

ဒုက္ခတော၊ ဒုက္ခအနေအားဖြင့်။ ပဿ၊ ရှုပါလော့။ အတ္တတော၊ အတ္တအနေအားဖြင့်။ မာပဿ၊ မရှုပါလင့်–တဲ့။ မဟာရာဂံ၊တန်ခိုးအလွန်ထက်မြက်လှတဲ့ရာဂကြီးကို။နိဗ္ဗာပေဟိ၊ သင့်သန္တာန်မှာ ငြိမ်းအေးပါစေလော့။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။မာ ဍယှိတ္ထော၊ အဲဒီရာဂမီးကြီးမလောင်မကျွမ်းပါစေလင့်။

အဲဒီလို ရှင်အာနန္ဒာ ဟောလိုက်တော့မှ ကိုယ်တော်ကလေးတရားရပြီးတော့ ဣန္ဒြေကိုလုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်တဲ့အတွက် အဲဒီကနေပြီး ဆွမ်းခံဆက်ပြီးတော့ကြွနိုင်တယ်၊ ပြီးပလားဆိုတော့–မပြီးသေးဘူးကွဲ၊ ဣန္ဒြေကို စောင့်ရှောက်တဲ့ထုံးတွေ ပြောကြအုံးစို့ကွယ်။

**ဣန္ဒြေရှိ၍ကျော်ကြားသော ရဟန်းတပါး** 

ဣန္ဒြေစောင့်ရှောက်တဲ့ ထုံးတခု ဘာပေါ်လာပြန်သလဲဆိုတော့–လိုဏ်ဂူတခုထဲမှာ တရားအားထုတ်နေတဲ့ကိုယ်တော် နှစ်ပေါင်းခြောက်ဆယ်ကြာတယ်၊လိုဏ်ဂူကြီးရဲ့နံရံတွေ့၊လိုဏ်ဂူကြီးရဲ့ အပေါ်အမိုးမျက်နှာကြက်တွေမှာ ရှေးဘုရားခုနစ်ဆူတို့ရဲ့ တောထွက်ခန်းကြီးတွေကို ဆန်းဆန်းကြယ်ကြယ် ပန်းချီဆေးရေးထားတာတွေ ရှိတယ်၊ လိုဏ်ဂူရဲ့အဝမှာ ကံ့ကော်ပင်ကြီးတပင်ရှိတယ်၊ အနှစ်ခြောက်ဆယ်လုံးလုံး လိုဏ်ဂူကြီးအမိုးပေါ်ကို တခါမှမော့မကြည့်ဘူးဘူး ၊လိုဏ်ဂူတံခါးဝမှာရှိတဲ့ ကံ့ကော်ပင်ကပွင့်လို့ အပွင့်လေးတွေ ဝတ်ဆံလေးတွေ အောက်ကိုကြွေကျမှသာလျှင် ဩော်–ကံကော်ပင် ပွင့်ပါ

ကလားလို့ ဆိုတာသိတယ်၊တခါမှကံ့ကော်ပင်ကိုမော်မကြည့်ဘူးဘူး၊နှစ်ပေါင်း ခြောက်ဆယ်လုံးလုံး-နော်၊ (မှန်ပါဘုရား) အဲဒီကိုယ်တော်ဟာ အင်မတန်စကျွ န္တေကိုစောင့်စည်းတဲ့ ကိုယ်တော်ဘဲလို့ ရှင်ဘုရင်ကလဲကြားနေတော့-ရှင်ဘုရင် ကလဲ ဒီကိုယ်တော်ကိုဖူးချင်တယ်၊ဖူးချင်လို့ပင့်တော့ ပင့်လို့ရလားဆိုတော့- မရဘူး။

ရဟန်းသံဃာတော် ခြောက်ဆယ်လောက် တောထဲဒေသစာရီလှည့်လည်ကြွ သွားတော့ အဲဒီရဟန်းတော်တရားအားထုတ်နေတဲ့ လိုဏ်ဂူကြီးရောက်ကြတော့ ဟာလိုဏ်ဂူကြီးထဲမှာ ကတဲ တောတွက်ခန်းတွေရေးထားတဲ့ ဆေးရေးပန်းချီကား တွေက အင်မတန်ဆန်းပြားနေတာတွေ့တယ်၊တွေ့တော့မထေရ်ကြီးကိုပြောတယ်။

"မနောရမံ ဘန္တေ စိတ္တကမ္မံ။ ။ဘန္တေ၊ အိုအရှင်မြတ်ဘုရား။ စိတ္တကမ္မံ၊ ပန်းချီဆေးရေးရုပ်သည်။ မနောရမံ၊ နှစ်လိုဘွယ် လှပပါပေ၏။ ကောင်းလှ ပါပေ၏"။အရှင်ဘုရား....အရှင်ဘုရားနေတဲ့ လိုဏ်ဂူကြီးထဲမှာရှိတဲ့ ဆေးရေး ပန်းချီကားကြီးတွေဟာ သိပ်လှတာဘဲ ဘုရား၊ သိပ်ပြီးတော့ နှစ်သက်ဖွယ် ကောင်းတာဘဲဘုရားလို့ လျှောက်တယ်၊ ဒီတော့ မထေရ်ကြီးက ဘာပြန် ပြောသလဲဆိုတော့-

"အတိရေကသဋ္ဌိ မေ အာဝုသော ဝဿာနိ လေဏေ ဝသန္တဿ စိတ္တကမ္မံ အတ္ထီတိပိ န ဇာနာမိ"[၁]။

အာဝုသော၊ ငါ့ရှင်။ အတိရေကသဋ္ဌိ ဝဿာနိ၊ အနှစ်ခြောက်ဆယ်ကျော် ကာလပတ်လုံး။ လေဏေ၊ ဒီလိုဏ်ဂူထဲ၌။ ဝသန္တဿ၊ နေသော။ မေ၊ ငါ့ အား။ စိတ္တကမ္မံ၊ ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်သည်။ အတ္ထီတိ ပိ၊ ရှိ၏ဟူ၍လည်း။ န ဇာနာမိ၊ ငါမသိ။

ရှင်ဘုရင်ကပင့်၍မရ မသိဘူးတဲ့၊ အခုမင်းတို့ပြောမှဘဲ ဒီမှာဆေးရေး ရုပ် ကြီးတွေ ရှိတယ်ဆိုတာ သိတယ်တဲ့၊ သူနေတာ ဘယ် လောက်ကြာပလဲ-(နှစ်ခြောက်ဆယ်ပါဘုရား) စက္ခုန္တြေ ဘယ်လောက် စောင့် ရှောက်ထားသလဲ ဆိုတာကြည့်၊ ဒါတွေကို ကိုယ်က ပြန်သတိရနေရမယ်၊ ဩော်-ရှေးက သူတော်ကောင်းကြီးတွေ ဒီလိုကျင့်သွားကြပါကလားလို့ဆိုတာ သတိရနေရမယ်-နော်၊ (မှန်ပါ) အေး-ဒီဘဝ သတိရလာလို့ တဖြေးဖြေး ဒီအသိဉာဏ်တွေကို ကိုယ့်စိတ်ထဲကို သွင်းသွင်းပေးရင်း တဖြေးဖြေး တဖြေး ဖြေး ရင့်ကျက်လာအောင် လုပ်ရမယ်ကွဲ၊ (မှန်ပါ)

---

၁။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ပ၊ နှ၁-၃၇။

ဒါနဲ့ဘဲ ဒီမထေရ်ကြီးရဲ့အကြောင်းကို သတင်းကြားပြီးတော့ ရှင်ဘုရင်က ဖူးမျှော်ချင်လှန်းလို့ အမတ်တွေ လွှတ်ပြီးတော့ပင့်၊ ရလာ:ကွဲ၊ (မရပါဘူး ဘုရား) မြို့ထဲ ရွာထဲကို သူက သွားကို သွားလိုတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး၊ သူက ပင့်လို့မရဘူး၊ ရှင်ဘုရင်က ဖူးချင်လို့ပါဘုရား၊ အရှင်ဘုရားကြွတော်မူပါ ဆိုကော သူကြွလား၊ (မကြွပါဘူးဘုရား) ရှင်ဘုရင်က ပင့်တာတောင် မကြွ ဘူး–ဟုတ်လား၊ ဒိပြင်ပုဂ္ဂိုလ်တော့ မပြောနဲ့တော့၊ တို့ဖြင့် မဟုတ်ဘူး၊ ဟိုကပင့်လဲသွားတာဘဲ၊ ဒီကပင့်လဲသွားတာဘဲ၊ မပင့်ဘဲနဲ့လဲ သွားတာဘဲ၊ ဟင်–အဲဒီလိုဖြစ်မနေဘူးလား၊ (မှန်ပါ)

အခုဘုန်းကြီး ရည်ရွယ်ပြီးတော့ ဟောနေတာ ဘုန်းကြီးလဲဘဲ ဒီတရား တွေနဲ့ ပတ်သက်ပြီးတော့ တရားခါတ်တွေ ဝင်စေတော့၊ အမျိုးကောင်းသား တွေ အမျိုးကောင်းသမီးတွေလဲဘဲ ဈေးကသူတော်ကောင်းကြီးတွေ ကျင့် သွားကြတဲ့ ကျင့်ဝတ်တွေ ဒါလောက် ကြည်ညိုစရာကောင်းပါလားလို့ ဆိုတာ ကို သိပြီးတော့ သံဃာကို ကြည်ညိုတတ်စေတော့ဆိုပြီး ဒီရည်ရွယ်ချက် နှစ် မျိုးနဲ့ ဟောနေတာနော်၊ (မှန်ပါဘုရား)

**သားသည်အမေဟူသရွေ့ နို့မျှားကိုချုပ်ပိတ်ခြင်း**

အဲ–အဲဒီလို တခါမှ ရှင်ဘုရင်က ပင့်လို့မရ တော့ ရှင်ဘုရင်က ဘာသလဲ ဆိုတော့ သားသည်အမေတွေ ဟူသရွေ့ကို အကုန်ချုပ် ပိတ်တယ်–ရှင်ဘုရင်က၊ ချုပ်ပိတ်တာ အခုမှရှိတာမဟုတ်ဘူးကွ၊ ဈေးကလဲရှိ တယ်၊ ဘယ်နှယ်ချုပ်ပိတ်သလဲဆိုတော့–

"တာဝ ဒါရကာ ထညံ မာ လဘိံသု၊
ယာဝ ထေရော န အာဂစ္ဆတိ"။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ထေရော၊ အဲဒီမထေရ် မြတ်သည်။ န အာဂစ္ဆတိ၊ ရွှေနန်းတော်သို့ကြွမလာသေး။ တာဝ၊ ထိုမျှလောက် သောကာလပတ်လုံး။ ဒါရကာ၊ နို့စို့အရွယ် ကလေးသူငယ်တို့သည်။ ထညံ၊ မိခင်ရဲ့နို့ရည်ကို။ မာလဘိံသု၊ မသောက်စို့ကြရ– ဆိုပြီးတော့ မိခင်တွေရဲ့ သားမြတ်တွေကို အကုန်လိုက်ပြီးတော့ အဝတ်တွေနဲ့ ရစ်ပတ်ပြီး ပိတ်ထား တယ်၊ ရှင်ဘုရင်ရဲ့ တံဆိပ်ကြီး ရိုက်ခတ်ထားတော့ ဘယ်သူမှမဖြေဝံ့ဘူး၊ ဒီတော့ ခလေးတွေ နို့မစို့ရလို့ တခါထဲခလေးတွေ ကန်ကျောက်ကန်ကျောက် နဲ့ အင်မတန်ဆူကြ ပူကြ ငိုကြတော့ မထေရ်ကြီးက ဒီသတင်းကြားတယ်၊ ဘယ်နှစ်ရက် ပိတ်ထားတယ် ဆိုတာတော့ ကိုယ်လဲမသိဘူး၊ မထေရ်ကြီးက တော့ ဒီသတင်းကြားပြီတဲ့–တောထဲက။

**မထေရ်ကြီးနန်းတော်ကြွခြင်း** ဒီတော့မှ မထေရ်ကြီးက ဩဩ်-ငါမကြွလို့ ရှိယင်ဖြင့် ကလေးတွေနို့မသောက်မစို့ရဘဲ နေတော့မှာဘဲ၊ ကြွမှဘဲဆိုပြီးတော့ ဒီတော့မှ မထေရ်ကကြွတယ်၊ ကြွလာလို့ ရွှေနန်းတော်ကြီးထဲရောက်သွားတော့ ရှင်ဘုရင်ကစိုက်ကြည့်တယ်၊ သပိတ်ကိုလှမ်းယူ သင့်တင့်လျောက်ပတ်တဲ့နေရာဌာနမှာ သီတင်းသုံးစေတော်မူပြီးတော့ "အရှင်ဘုရား....တပည့်တော် ဒီကနေ့ကိစ္စတွေများပါသေးတယ်၊ နက်ဖြန်ကာမှ အရှင်ဘုရားထံ သီလယူပါတော့မယ်" လို့ လျှောက်ထားပြီးတော့ ဆွမ်းကပ်တယ်၊ ဆွမ်းကပ်ပြီးတော့ ရှင်ဘုရင်က သပိတ်ကလေးယူ၊ မထေရ်ကြီးနောက်ကို အတန်ငယ်လိုက်ပို့ပြီး ရှင်ဘုရင်ကရှိခိုးတယ်၊ အဲဒီနောက် မိဖုရားကြီးကလဲ ရှိခိုးတယ်၊ အဲဒီလို ရှင်ဘုရင်ရှိခိုးတဲ့အခါ--မိဖုရားရှိခိုးတဲ့အခါ မထေရ်ကြီးကဘာပြောလဲ-

"ထေရော ရာဇာ ဝါ ဝန္ဒတု ဒေဝီ ဝါ၊
သုခီ ဟောတု မဟာရာဇာတိ ဝဒတိ"၁။

ထေရော၊ မထေရ်ကြီးသည်။ ရာဇာဝါ ဝန္ဒတု၊ မင်းကြီးရှိခိုးသည်မူလည်းဖြစ်စေ။ ဒေဝီ ဝါ ဝန္ဒတု၊ မိဖုရားကြီးရှိခိုးသည်မူလည်းဖြစ်စေ။ သုခီ ဟောတု မဟာရာဇာ တိ၊ သုခီ ဟောတု မဟာရာဇဟူ၍သာလျှင်။ ဝဒတိ၊ ပြောဆို၏။

ရှင်ဘုရင်က ရှိခိုးတော့ မထေရ်က ဘာပြောလဲ၊ သုခီဟောတု မဟာရာဇတဲ့၊ မြတ်သောမင်းကြီး....ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေတဲ့- ဟုတ်လား၊ (မှန်ပါ) မိဖုရားကြီးလာပြီး ရှိခိုးတော့ကော သုခီဟောတု မဟာရာဇာဘဲ၊ ရှင်ဘုရင်၊ မိဖုရားဆိုတဲ့ အမှတ်အသားသညာ သူ့မှာမရှိဘူး၊ အမျိုးသား အမျိုးသမီးရယ်လို့ မသိဘူး၊ မျက်လုံးက အောက်ချထားတော့ ရှင်ဘုရင်လာပြီး ရှိခိုးလဲ-သုခီ ဟောတု မဟာရာဇ၊ မိဖုရားလာရှိခိုးလဲ-သုခီ ဟောတု မဟာရာဇ၊ ဒိပြင် မောင်းမ မိဿံတွေလာရှိခိုးကော၊ (သုခီ ဟောတု မဟာရာဇပါဘုရား)

ဒီတော့ ခုနစ်ရက်မြောက် ရောက်တဲ့အခါကျတော့ ကိုယ်တော်တွေက ဝိုင်းလျှောက်ကြတယ်။

"ကိံ ဘန္တေ တုမှေ ရညောပိ ဝန္ဒမာနေ ဒေဝိယာပိ ဝန္ဒမာနာယ
'သုခီ ဟောတု မဟာရာဇ' ဣစ္စေဝ ဝဒထ"၂။

အရှင်ဘုရား....ဘယ့်နှယ်လုပ်ထာလဲတဲ့၊ အရှင်ဘုရားဟာ ရှင်ဘုရင်လာပြီး ရှိခိုးဦးတိုက်တော့လဲ သုခီ ဟောတု မဟာရာဇ-လို့ ဆိုတယ်၊ မိဖုရားကြီး

---

၁-၂။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ပ၊ နှာ-၃၇။

လာပြီးတော့ ရှိခိုးဦးတိုက်ပြန်တော့လဲ သုခီ ဟောတု မဟာရာဇ-လို့ဆိုတယ်၊ အရှင်ဘုရား အဲဒီလိုပြောတာ ဘာဖြစ်လို့လဲဆိုတော့ မထေရ်ကြီးက ပြန်ပြောတယ်။

"နာဟံ အာဝုသော ရာဇာတိ ဝါ ဒေဝီတိ ဝါ ဝဝတ္ထာနံ ကရောမိ"[၁]။

အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ရာဇာတိ ဝါ၊ မင်းဟူ၍၎င်း။ ဒေဝီတိ ဝါ၊ မိဖုရားဟူ၍၎င်း။ ဝဝတ္ထာနံ၊ ပိုင်းခြားသတ်မှတ်ခြင်းကို။ နကရောမိ၊ မပြု။

**တောအရပ်သို့ပြန်ကြွခြင်း** သူ့စိတ်ထဲ မင်းရယ်, မိဖုရားရယ် မဟုတ်ဘူးတဲ့၊ အမျိုးသားရယ်, အမျိုးသမီးရယ် မဟုတ်ဘူးတဲ့၊ နိမိတ္တဂ္ဂါဟကို ရှောင်ကြဉ်ပြီးတော့ထားတယ်-မြင်တဲ့အာရုံတိုင်းမှာ၊ ကဲ-တိုတို ပြောပါတော့-အဲဒီ မထေရ်ကြီး အဲဒီလိုနဲ့ဘဲ ရှင်ဘုရင်ရဲ့ နန်းတော်မှာ ခုနစ်ရက်လောက် သီတင်းသုံးပြီးတော့ ဒီနေရာဟာ အတိဒုက္ခအင်မတန်များတယ် ဆိုပြီး တောထဲပြန်တယ်၊ တောထဲပြန်လာတဲ့အခါကျတော့ ကံ့ကော်ပန်း ပွင့်ကလေးတွေက အောက်မှာ ကြွေကျနေပြီမဟုတ်လား၊ (မှန်ပါ) ဒီတော့မှ ကံ့ကော်ပင်လေးတပင်ရှိနေသကိုး၊ ကံ့ကော်ပွင့်တွေပွင့်နေပြီဆိုတာသူကသိတယ်၊ အပေါ်မော်ကြည့်လို့ သိတာမဟုတ်ဘူး။

အဲဒီနေရာမှာ ဒီကနေ့ ငါသီလဝိသုဒ္ဓိ ပါရိသုဒ္ဓိသီလ အင်မတန်စင်ကြယ်လှပြီ ဆိုပြီးတော့ လိုဏ်ဂူထဲဝင်ပြီး အားထုတ်တာ ဒီနေရာမှာတင် အဲဒီမထေရ်ကြီး ရဟန္တာဖြစ်တယ်ကွဲ-ဟုတ်လား၊ (မှန်ပါ)

အဲဒါကြောင့် နောက်သား နောင်လာဖြစ်တဲ့ ပုဂ္ဂိုလ်များဟာလဲဘဲ အဲဒီမထေရ်ကြီးကို အကြောင်းပြုပြီးတော့ ဣန္ဒြိယသံဝရသီလကို စောင့်ရှောက်နိုင်ပါစေခြင်း အကျိုးငှာ အဲဒီမထေရ်ကြီးက ဘာဟောခဲ့သလဲ ဆိုတော့-

"မက္ကဋောဝ အရညမှိ၊ ဝနေ ဘန္တော မိဂေါဝိယ။
ဗာလောဝိယစ ဥတြဿော၊ န ဘဝေ လောလလောစနော။
အဓော ခိပေယျ စက္ခူနိ၊ ယုဂမတ္တဒသော သိယာ။
ဝနမက္ကဋလောလဿ၊ န စိတ္တဿ ဝသံ ဝဇေ"[၂]။

လို့ ဒီလို ဟောခဲ့တယ်။

---

၁-၂။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁၊ ၃၁-၃၇။

အရညမှိ၊ တောထဲ၌။ မဂ္ဂမ္ဒေ၁၀၊ မျောက်ကဲ့သို့ရင်း။ ဝနေ၊ တောထဲ၌။ ဘန္တော၊ တဖျပ်ဖျပ် တုန်လှုပ်၍နေသော။ မိဂေါ၀ိယ၊ သမင်ကဲ့သို့ရင်း။ ဥတြ္တေသွာ၊ မိခင်ဖခင်နှင့် ကွဲကွာ ကွေကွင်း၍ နေသည် ဖြစ်သောကြောင့် ကြောက်လန့်ခြင်း ရှိသော။ ဗာလော ဝိယ စ၊ ခလေးသူငယ်ကဲ့သို့ရင်း။ လောလလောစနော၊ လျှပ်ပေါ်လော်လီ မတည်ကြည်သော မျက်လုံး ရှိသည်။ နဘဝေ၊ မဖြစ်ရာ။

မျက်လုံးက ဟိုကြည့်ဒီကြည့် ဟိုရောက်ဒီရောက် ဒီလိုမဖြစ်ရဘူးတဲ့၊ ဥပမာဘာနဲ့တူသလဲဆိုတော့-တောထဲကမျောက်များငြိမ်ငြိမ်နေရဲ့လား၊ (မနေပါဘူးဘုရား) တောထဲကသမင်များ ကျားတွေ ဆင်တွေ ဘေးတွေကို အမြဲတမ်းကြောက်လန့်ပြီး တဖျပ်ဖျပ်တုန်လှုပ်ပြီးနေသလို မျက်လုံးကလဲ တဖျပ်ဖျပ်တုန်လှုပ်ပြီး မနေရဘူးတဲ့၊ မိခင်ဖခင်နှင့် ကွဲကွာကွေကွင်းနေတဲ့ ခလေးသူငယ်များသည် ကြောက်ရွံ့မှုတွေများပြီးတော့ ထိတ်လန့်မှုတွေများပြီးတော့ မျက်လုံးပျာကလပ် ပျာကလပ်ဖြစ်သလို မနေရဘူးတဲ့၊ အဲဒီလို လျှပ်ပေါ်လော်လီတဲ့ မျက်လုံးမျိုးမဖြစ်စေနဲ့တဲ့၊ မျက်လုံးကိုငြိမ်ငြိမ်ထားတဲ့၊ မျက်လုံးမငြိမ်ယင် ဘယ်ဒင်းကောငြိမ်အုံးမှာလဲ။

စက္ခုနိ၊ မျက်စိအစုံတို့ကို။ အဓော၊ အောက်သို့။ ခိပေယျ၊ ချထားရာ၏။ ယုဂမတ္တဒဿော၊ လေးတောင်မျှရှိသော ထမ်းပိုးတပြန်သာကြည့်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝနမက္ကဋ္ဌ လောလဿ၊လျှပ်ပေါ်လော်လီတဲ့ တောမျောက်ပမာရှိသော။ စိတ္တဿ၊ သတ္တဝါတို့ရဲ့စိတ်၏။ ဝသံ၊ အလိုသို့။နဝဇေ၊ မလိုက်ကြနဲ့။

အဲဒီမထေရ်ကြီး ဒီလိုဆုံးမထားခဲ့တဲ့ ဒေသနာတော်တခုရှိတယ်၊ ဒါဋ္ဌာန္တိယ သံဝရသီလနဲ့ ပတ်သက်လို့။

**မယ်တော်၏ရောဂါကို သစ္စာတည်းဟူသော ဆေးဖြင့်ကုသော မဟာမိတ္တမထေရ်**

ဣန္ဒြိယ သံဝရသီလနဲ့ ပတ်သက်လို့ နောက်တခု ပြောအုံးမယ်၊ ဘာပြောလဲဆိုတော့ နောက်တခုက၊ မထေရ်တပါးဟာ ရဟန်းဝတ်သွားတဲ့နေ့ကစပြီးတော့ ဣန္ဒြိယ သံဝရသီလကို လုံခြုံစွာစောင့်ရှောက်တဲ့မထေရ်၊ ဣန္ဒြေကိုဖောက်ဖျက်ပြီးတော့ ရာဂလောဘနဲ့ယှဉ်တဲ့စိတ်နဲ့ တခါမှ ဝိသဘာဂအာရုံကို မကြည့်ဘူးဘဲနဲ့ တရားအားထုတ်နေတယ်၊ အဲဒီ မထေရ်ရဲ့နှစ်မငယ်က-ဘိက္ခုနီမ။

မထေရ်ရဲ့ မိခင်ကြီးမှာက ဘာဖြစ်သလဲ ဆိုတော့ အဆိပ်ရောဂါတဲ့၊ အဆိပ်၊ ဝိသဂဏ္ဍော-တဲ့၊ ဝိသ-ဆိုတာက အဆိပ်၊ဂဏ္ဍ-ဆိုတာက အိုင်းအမာ၊ သူ့အနာကိုက အဆိပ်ဖြစ်နေတဲ့ ရောဂါတဲ့၊အဆိပ်အဖုကြီးပေါ်ကွယ်၊ဒီခေတ်ဆို

ဘာခေါ်မလဲ၊ (ကင်ဆာခေါ်ပါတယ်ဘုရား) အေး-ဒီရောဂါမျိုးက အခုမှ ပေါ်လာတာမဟုတ်ပါဘူးကွယ်၊ ရှေးတုန်းကလဲ ရှိတာပါဘဲ၊ အဲဒီလို အဆိပ် အဖုရောဂါကြီးဖြစ်နေတဲ့ အခါကျတော့ မိခင်ကြီးက သူ့သမီး ဘိက္ခုနီမကို ပင့်ပြီးလျှောက်တယ်။

"ဂစ္ဆ အယျေ ဘာတုသန္တိကံ ဂန္တွာ မမ အဖာသုကဘာဝံ အာရော စေတွာ ဘေသဇ္ဇံ မာဟရ"[၁]။

အယျေ၊ အိုအရှင်မ-ဘိက္ခုနီမ။ ဘာတုသန္တိကံ၊ သင့်မောင်တော်ထံသို့။ ဂစ္ဆ၊ သွားပါချေ။ ဂန္တွာ၊ သွားပြီး၍။ မမ၊ငါ၏။ အဖာသုကဘာဝံ၊ မကျန်းမာ သည်၏အဖြစ်ကို။ အာရောစေတွာ၊ ပြောကြား၍။ ဘေသဇ္ဇံ၊ ငါ့သားထံကဆေး ကို။ အာဟာရ၊ ဆောင်ယူခဲ့ပါလော့။

ကိုင်း-ဘိက္ခုနီမက သူ့သမီးဘဲ မဟုတ်လားလို့၊ (မှန်ပါ) သင့်မောင် ရဟန်းတော်ထံကို သွားပါချေ၊ ဟိုရောက်တော့ ကျွန်ုပ် မကျန်းမာတဲ့ အကြောင်းကို ပြောပြီးတော့ သားထံက ဆေးတောင်းခဲ့ပါ၊ ဆေးရှာပေး လိုက်ပါပေါ့၊ ဆေးတောင်း လွှတ်လိုက်တော့- ဘိက္ခုနီမက သွားရော၊ သွားတော့ဟိုကျတော့မထေရ်ထံရောက်လာရော၊ရောက်တော့ အမေ့မှာ-ဝိသဂဏ္ဍ ရောဂါဝေဒနာကြီးစွဲကပ်နေလို့ မို့ ဆေးရှာပေးလိုက်ပါ၊ဆေးရှိယင်လဲပေးလိုက် ပါလို့ သားရဟန်းဆီသွားတောင်းတယ်မဟုတ်လား၊ (မှန်ပါဘုရား)ဘုန်းကြီး ဆီသွား ဆေးတောင်းလို့ရပါ့မလား၊ (မရပါဘူးဘုရား)ရတယ်ကွဲ့အောင်ကြည်၊ (ဘုရား)သွားတောင်းလို့ရပါ့မလား၊ (ရပါတယ်ဘုရား)ရပါတယ်-ဟုတ်လား၊ ဘာဆေးပေးလိုက်သလဲလို့ဆိုတော့-ဟိုကပြောတယ်-

"နာဟံ မူလဘေသဇ္ဇာဒီနိ သံဟရိတွာ ဘေသဇ္ဇံ ပစိတုံ ဇာနာမိ"[၂]။

ဘဂိနိ၊ အို နှမတော်ဖြစ်သော ဘိက္ခုနီမ။ အဟံ၊ ငါသည်။ မူလဘေသဇ္ဇာဒီနိ၊ မင်းကိုကဲ့သို့ အမြစ်တို့ ပြီးတော့ဘာသုံး မူလဆိုတာ က အမြစ်တွေကွဲ၊ဆေးဆိုတာ အမြစ်တွေလဲဖော်တာဘဲမဟုတ်လား၊ (မှန်ပါ)မူလဘေသဇ္ဇာဒီနိ၊ဆေးမြစ်စသည် တို့ကို။ သံဟရိတွာ၊ ဟိုဒေသ မြဲဒီဒေသ မြစ်တို့ကို စုရုံး၍။ ဘေသဇ္ဇံ၊ ဆေးကို။ ပစိတုံ၊ကျိုချက်ဖော်စပ်၍ပေးခြင်းငှာ။ န ဇာနာမိ၊ငါမသိ။

နှမဘိက္ခုနီမတဲ့၊ အမေနေမကောင်းလို့ ဆေးလာတောင်းတယ်ဆိုတော့- မပေးလို့ကော ဖြစ်ပမလား၊ (မဖြစ်ပါဘူးဘုရား) ရဟန်းတော်များဆိုတာ မိခင်ဖခင်များကျတော့ ဆေးပေးကောင်းတာကိုးကွဲ့၊ ဝိနည်းဒေသနာတော်ရှိ

---

၁-၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ၊ နှာ-၃၈။

သေးတယ်၊ ဒီတော့ငါကလဲတဲ့ ဟိုဆေးမြစ်ဒီဆေးမြစ်တွေကို စုပေါင်းပြီးတော့ ဆေးဖော်တတ်တဲ့ကိုယ်တော်လဲ မဟုတ်ဘူးတဲ့၊ ဒီတော့-မထေရ်က ဘာပြောသလဲဆိုတော့-

"အပိစ တေ ဘေသဇ္ဇံ အာစိက္ခိဿံ"၁။

အပိစ၊ သို့သော်လဲဘဲ။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ဘေသဇ္ဇံ၊ ဆေးကို။ အာစိက္ခိဿံ၊ ပြောကြားလိုက်ပေအံ့။

ဆေးတော့ ငါမဖော်တတ်ဘူး၊ ဆေးနည်းတော့ ပြောလိုက်မယ်တဲ့- ကိုယ်တော်က၊ ဘယ့်နှယ် ပြောလိုက်သလဲဆိုတော့-

"အဟံ ယတော ပဗ္ဗဇိတော၊ တတော ပဋ္ဌာယ န မယာ လောဘသဟဂတေန စိတ္တေန ဣန္ဒြိယာနိ ဘိန္ဒိတွာ ဝိသဘာဂရူပံ ဩလောကိတပုဗ္ဗံ"၂။

အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၍လာ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ မယာ၊ ငါသည်။ လောဘသဟဂတေန၊ လောဘနှင့်တကွဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့ကို။ ဘိန္ဒိတွာ၊ ဖောက်ဖျက်၍။ ဝိသဘာဂရူပံ၊ ဝိသဘာဂဖြစ်တဲ့ မိန်းမရဲ့ရုပါရုံကို။ န ဩလောကိတပုဗ္ဗံ၊ တကြိမ်တခါမျှ မကြည့်ဘူးပါ။

ငါသည် ရဟန်းဖြစ်တဲ့နေ့ကစပြီးတော့ ယနေ့တိုင်အောင် ဣန္ဒြေကို ဖောက်ဖျက်ပြီးတော့-ဣန္ဒြိယ သံဝရသီလကို ဖောက်ဖျက်ပြီးတော့ စက္ခုဣန္ဒြေကို ဖောက်ဖျက်ပြီးတော့-ဝိသဘာဂအာရုံဖြစ်တဲ့ အမျိုးသမီး အမျိုးသားဆိုတဲ့ အာရုံကို တကြိမ်မှ မကြည့်ခဲ့ဘူးပါဘူးတဲ့။

"ဣမိနာ သစ္စဝစနေန မာတုယာ မေ ဖာသု ဟောတု"၃။

မေ၊ ငါ၏။ ဣမိနာ သစ္စဝစနေန၊ ဤသို့ဟုတ်မှန်သောစကားကို ပြောကြားရသောကြောင့်။ မေ၊ ငါ၏။ မာတုယာ၊ မိခင်၏။ ရောဂေါ၊ ရောဂါသည်။ ဖာသု၊ ချမ်းသာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**သစ္စာအရာ မှတ်စရာ ဇာတ်ဝတ္ထု** သစ္စာဆိုတာ မှန်တာကိုပြောတာကွဲ့၊ ဒို့အခုနေ ဒီလို သစ္စာဆိုလို့ ဖြစ်ပါ့မလား-အောင်ကြည်၊ (ဘုရား) ဒီလိုဆိုလို့ ဖြစ်ပါ့မလား၊ (ဖြစ်ပါတယ်ဘုရား) ဟင်-အမလေး-မလုပ်နဲ့မင်း၊ လက်တွေ့လုပ်ကြည့်ပါလား၊ ဒီလိုသာဆို ငါသစ္စာ

---

၁-၂-၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၃၀။

ချည့် ဆိုဆိုပေးနေမှာပေါ့- ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ မှန်တာကို ပြောတာဖြစ်လို့၊ မှန်တာပြောလို့ ဖြစ်ကြောင်းကို ကဏှဒီပါယနရသေ့ဇာတ်တို့ ဘာတို့ ဟောတဲ့အခါကျတော့– မြွေကိုက်တဲ့ ရောဂါကို ရသေ့တပါး သစ္စာ ဆိုတာနဲ့ မြွေကိုက်တဲ့ရောဂါ ပျောက်ဘူးတယ်မဟုတ်လား။ (မှန်ပါဘုရား)[၁]

သူ့တကာကြီးသစ္စာဆိုတာ–သူ့တကာမကြီး သစ္စာဆိုတာနဲ့ဘဲ အဲဒီယညဒတ္တ သူငယ်ကလေး မြွေကိုက်တာ မြွေဆိပ်တွေကျပြီး ပျောက်ဘူးတယ်၊ ဒါကတော့ ဣန္ဒြိယ သံဝရသီလနဲ့ မဆိုင်ဘူး–နော်၊ သစ္စာနဲ့ဆိုင်တဲ့စကား၊ အခုဟောနေ တာက ဣန္ဒြိယ သံဝရပိုင်းကို ဟောနေတာ၊ ရဟန်းတော် မထေရ်မြတ်ရဲ့ ဣန္ဒြိယ သံဝရသီလကိုလုံခြုံစွာစောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းတည်းဟူသော အကြောင်း ကြောင့် မှန်သောသစ္စာစကားကို ဆိုရတဲ့အတွက် မိခင်ကြီးရောဂါ ပျောက်သွားပြီ မဟုတ်လား (မှန်ပါ)မိခင်ကြီးက စိတ်ချမ်းသာလိုက်တာ–ငါ့သားကဲ့သို့သော သားမျိုးရဟန်းကို သဗ္ဗညုရှင်တော်မြတ်ဘုရားသာ ထင်ရှားရှိယင် ဘယ်နည်းနဲ့ မဆို လက်ဝါးဖြင့်ဦးခေါင်းကိုသုံးသပ်ကိုင်တွယ်ပြီးတော့ ချစ်သား–တော်လှချည့် လားလို့ သုံးသပ်တော်မူမှာဘဲလို့ နှုတ်မြွက်ဆိုမိရှာတယ်တဲ့။

မှန်တဲ့သစ္စာစကားသည် ရောဂါ ပျောက်ကြောင်းကတော့ဖြင့် ကျောင်း တကာကြီးနဲ့ကျောင်းအမကြီး ယညဒတ္တဆိုတဲ့သူတို့သားကလေး ခေါ်ပြီးတော့ ကျောင်းသွားတယ်၊ ကျောင်းကျတော့ ရသေ့နဲ့တကာတွေ တကာမတွေနဲ့ စကား ပြောနေတုန်း ယညဒတ္တ သူငယ်ကလေးက ကျောင်းအောက်မှာ ဘောလုံးလေးနဲ့ကစားနေရင်း ဘောလုံးလေးကတွင်းထဲကျသွားရော၊ တွင်းထဲ နှိုက်လိုက်ကရောမဟုတ်လား၊ (မှန်ပါ) တွင်းထဲမှာဘာရှိလဲကွဲ့၊ (မြွေရှိပါတယ် ဘုရား) အဲဒီမြွေဟောက်က ကိုက်လိုက်ကရော၊ ခလေးမြွေဆိပ်တက်နေပြီမဟုတ် လား၊ (မှန်ပါ) ဟာ–ဒီတော့ မိခင်ဘခင်တွေက ပူလွန်းလို့ တပည့်တော်မတို့ သားလေး ဆေးကုပေးပါ၊ ဆေးကုပေးပါနဲ့–ရသေ့ကလဲ ဆေးမကုတတ်ဘူး၊ ဒီတော့ရသေ့လဲ ခလေးရဲ့ဦးခေါင်းပေါ်လက်တင်ပြီး သစ္စာဆိုတော့တယ်။

**မိမိ၏ မကောင်းသော အကျင့်ကိုပင်** ငါ့ဟာခုနစ်ရက်သာ ကြည်ကြည်ညို **အမှန်ဖွင့်ဟဆိုခြင်းကြောင့် ရောဂါပျောက်ပုံ** ညိုနဲ့ပျော်ပျော်ပါးပါးရသေ့ပြုလုပ် နေခဲ့ပါတယ်၊သည့်နောက်ဒီဘက်မှာ မပျော်ဘဲနဲ့ လူထွက်ချင်ပါလျက်နဲ့ သူများကဲ့ရဲ့မှာစိုးလို့ အောင့်ပြီးနေရပါတယ်၊ ဤသို့ မှန်သောသစ္စာစကားကို ဆိုရသောကြောင့် ယညဒတ္တရဲ့မြွေဆိပ် ကျပါစေ သား–ဆိုပြီးသပ်ချလိုက်ထာ ဟောမြွေဆိပ်က ရင်ထိအောင်ကျသွားတယ်၊ မှန်တာ ဆိုတာ မှန်တာပြောတာ၊ အောင်ကြည်၊ (ဘုရား) သူဆိုတဲ့စကားက ဘာတုံးကွဲ့

၁။ ဇာတကဋ္ဌကထာ၊ စတုတ္ထအုပ်၊ နှာ–၂၀–၂၉။

(မှန်တဲ့စကားပါဘုရား)-ကိုင်းတကာကြီး သစ္စာဆိုအုံး၊ ဒီတော့တကာကြီးကလဲ သားလေးရင်ပတ်ပေါ်လက်တင်ပြီး သစ္စာဆိုရတော့တယ်၊သူဟာတဲ့ ပေးလှူမှု အလှူဒါနကို နဲနဲမှမနှစ်သက်ဘူးတဲ့၊ သူများကဲ့ရဲ့မှာစိုးလို့သာ လှူတန်းနေရတာပါတဲ့လို့မှန်တဲ့စကားပြောလိုက်တော့-ဘယ်လိုတုံး၊ အဆိပ်ခါးအထိကျသွားတယ်၊ဘယ်သူကျန်သေးတုံးကွဲ့၊ (တကာမကြီးကျန်ပါသေးတယ်ဘုရား)တကာမကြီးအလှဲ့၊ ဆိုစမ်းဟကာမကြီးသစ္စာ-ဆိုတော့ တကာမကြီးက သူ့ခင်ပွန်းသယ်ရဲ့မျက်နှာကိုချည့် ကြည့်နေတယ်၊ ဟဲ့-ဆိုပါ၊ သစ္စာသာဆိုပါ၊ ငါ့သားလေးချမ်းသာယင်ပြီးရောဆိုတော့ တကာမက ဘာပြောလဲ-

ကျမဒီကလေးအတွက် သစ္စာဆိုပါ့မယ်၊ ရှင်တခြားခဏသွားနေစမ်းပါတဲ့၊ ရှေ့မှာသူသစ္စာမဆိုချင်ဘူး၊ ဒီတော့ ဟိုတကာကပြောတယ်၊မဟုတ်ဘူး ဆိုသာဆို၊ငါ့သားလေးချမ်းသာယင်ပြီးရော၊ မှန်တာသာပြော၊ အခုဒို့ဆရာရဒ္ဒသကလဲ မှန်တာပြောလို့ သားကလေး ဒါလောက်သက်သာလာပြီ၊ ကဲ-မှန်တာပြောပါဆိုတော့ တကာမက ဘယ်နှယ်သစ္စာဆိုလဲ--

သူဟာ အမျိုးကောင်းသမီးတယောက်ဖြစ်ပါတယ်၊ အခုပေါင်းသင်းဆက်ဆံနေရတဲ့ ခင်ပွန်းသယ်ယောကျ်ားကို မိဘများလက်ထပ်ပေးလို့သာ စိတ်ကမျှတပြီး နေရပါတယ်၊ ဒီခင်ပွန်းသယ်ယောကျ်ားနဲ့ သူ့သားကိုက်တဲ့မြွေနဲ့ မုန်းတာချင်းအတူတူပါဘဲတဲ့၊ ဤသို့မှန်သော သစ္စာစကား ဆိုရခြင်းကြောင့် ခလေးရောဂါသက်သာပါစေဆိုတော့-ဟောခလေး တခါတည်း သက်သာရာရသွားတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဒီအထဲမှာ ဘယ်သူ အဲဒီလိုသစ္စာဆိုဝံ့လဲ-ပြောကြစမ်း၊ ပြောကြစမ်း၊ ဘုန်းကြီးကကော ဒီဇာတ်ထုပ်က ဘယ်သူမှလွတ်တဲ့ ဇာတ်ထုပ်မဟုတ်ဘူး ဘုန်းကြီးလဲပါ၊ တကာကြီးတွေလဲပါ၊ တကာမကြီးတွေလဲပါနဲ့ ဟုတ်တယ်မဟုတ်လား၊ (မှန်ပါ) ကိုင်း ဘယ်သူဆိုဝံ့တုံး-ပြောကြစမ်း၊ ဒီခေတ်ထဲ ဒါမျိုးတွေဘဲရှိတယ်-တကာတကာမတို့၊ ဘုန်းကြီးကြည့်လိုက်တော့လဲ ဘုန်းကြီးဘက်ကလဲ ဘယ်နှယ်တုံး၊ တကာကြီးတွေဘက်ကကော ကိုယ်လဲမလှုပ်ဝံ့ဘူး၊ တကာမကြီးတွေဘက်ကကော သူတို့လဲမလှုပ်ဝံ့ဘူး၊ ဒါမျိုးတွေချည်းထဲ- သိပ်မရွေးကြနဲ့တော့ ကြားလား၊ (မှန်ပါ) ဒါဘဲရှိတယ်။

အဲဒါကြောင့် အဲဒီလိုမှန်သော သစ္စာစကားကို ဆိုရသည်ဖြစ်သောကြောင့် မိခင်၏ရောဂါဝေဒနာသည် ပျောက်ကင်းပါစေသတည်းလို့ သစ္စာဆိုပေးလိုက်

တဲ့အတွက် မိခင်၏ရောဂါဝေဒနာ ပျောက်သွားတဲ့ ထုံးတခုရှိတယ်၊ ဣန္ဒြိယ သံဝရသီလကြောင့်နော်၊ (မှန်ပါ) နောက်ပိုင်းပြောတဲ့ ဝတ္ထုကြောင်းကတော့ သစ္စာရဲ့တန်ခိုးကြီးကြောင်းသာပြောတာ၊ ဣန္ဒြိယသံဝရနဲ့မဆိုင်ဘူး-ဟုတ်လား၊ (မှန်ပါဘုရား)

အဲဒီလို ဣန္ဒြိယသံဝရသီလနဲ့ပြည့်စုံကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြပါကုန်အံ့ဟူ၍။ တရားချကြစို့ကွယ်နော်၊ (မှန်ပါ)

"ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဧဝံ ဟိ၊ ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေွ ကျင့်အပ်ပါပေသတည်း။

သာဓု သာဓု သာဓု

## မဟာအဿပုရသုတ္တန်

# ပဋ္ဌမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆ ခုနှစ် တော်သလင်းလဆန်း ၁၅-ရက်၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်၌လာသော မဟာအဿပုရ သုတ္တန် ပဌမပိုင်းတရားဒေသနာ။

(တရားပလ္လင်ခံစကားနှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း၊)

**ရှေ့နောက်စကား အဆက်အစပ်ကို ပြဆိုခြင်း** မဟာအဿပုရသုတ္တန် ပဌမပိုင်း၊ ဒီကနေ့ ဘောဇနေ မတ္တညုတာပိုင်း၊ ဇာဂရိယာနုယောဂပိုင်းလို့ အပိုင်းနှစ်ပိုင်း ဟောပေးတို့ နှလုံးသွင်းထားပါတယ်၊ သဗ္ဗညုရှင်တော်မြတ်ဘုရားက အရဟတ္တဖိုလ်ပေါက် ချီးမြှောက်ပြီးတော့ ဟောကြားထားတဲ့ ဒေသနာတော်ဖြစ်လို့ သုတ္တန်ဒေသနာတော်ကြီးဟာ တော်တော်ရှည်တယ်၊ ဒီတော့ သူ့အပိုင်းနဲ့သူ ပိုင်းပြီးတော့ တပိုင်းစီ တပိုင်းစီ ဒီလိုခွဲခြားပြီး ဘုန်းကြီးတို့ ဟောပေး နေပါတယ်။

သဗ္ဗညုမြတ်စွာဘုရားက ချစ်သားတို့....သင်ချစ်သားတို့သည် သမဏဟူသော အမည်ကိုခံယူကြကုန်၏၊ သင်ချစ်သားတို့ကို လူအပေါင်းတို့ကလဲ သမဏဟု သိကြကုန်၏၊ သမဏဟူသော အမည်ကို ခံယူကြကုန်သည်ရှိသော် သမဏဟု လူအပေါင်းတို့က သိကြကုန်သည်ရှိသော် သင်ချစ်သားတို့မှာ သမဏဖြစ်ကြောင်း တရား၊ ဗြာဟ္မဏဖြစ်ကြောင်း တရားတွေ ရှိကြရမယ်၊ ကျင့်ကြရမယ်၊ အားထုတ်ကြရမယ်၊ ဤသို့ သမဏဖြစ်ကြောင်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ် ကြမှသာလျှင် သင်တို့ကို လူအပေါင်းတို့က သမဏဟူသော အသိရောက်ခြင်းသည် မှန်သော ဝန်ခံခြင်းအဖြစ်သို့ ရောက်ရှိလိမ့်မယ်တဲ့-မြတ်စွာဘုရားက။

သမဏဟူသောအမည်ကို ခံယူကြလို့ရှိယင် သမဏဖြစ်ကြောင်း တရားတွေကို ကျင့်ကြမှ သင်တို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ကြတဲ့ ပုဂ္ဂိုလ်များအတွက်လဲဘဲ အကျိုးရှိကြလိမ့်မယ်တဲ့၊ ဒါဖြင့် သမဏဖြစ်ကြောင်း၊ ဗြာဟ္မဏဖြစ်ကြောင်း တရားတွေက ဘာတရားလဲလို့ဆိုတော့-

"ဟိရောတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမ"။

ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးနဲ့ သင်ချစ်သားတို့ ပြည့်စုံရမယ်၊ ဒီအပိုင်းကို ဘုန်းကြီးတို့ ဟောပေးခဲ့ပြီးပြီ။

ပရိသုဒ္ဓေါ နော ကာယသမာစာရော–သင်တို့၏ ကိုယ်အမူအရာသည် စင်ကြယ်ရမယ်၊ သန့်ရှင်းရမယ်၊ ပရိသုဒ္ဓေါ ဝစီသမာစာရော–သင်ချစ်သားတို့၏ ဝစီနှုတ်အမူအရာသည် စင်ကြယ်ရမယ်၊ ပရိသုဒ္ဓေါ မနောသမာစာရော–သင်တို့၏ စိတ်အမူအရာစင်ကြယ်ရမယ်၊ ပရိသုဒ္ဓေါ အာဇီဝေါ– အသက်မွေးမှုနဲ့ ပတ်သက်လို့ ရှာဖွေခြင်း စုဆောင်းခြင်းသည် စင်ကြယ်သန့်ရှင်းရမယ်၊ အာဇီဝ ပါရိသုဒ္ဓိသီလ။

ဣန္ဒြိယေသု ဂုတ္တဒွါရာ ဘဝိဿာမ။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံအောင် စောင့်ရှောက်အပ်ကုန်သော တံခါးရှိကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဣန္ဒြေကိုလုံခြုံအောင် စောင့်ရှောက်မှုကို ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးတို့ဟောခဲ့ပြီးပြီ၊ ဒီတရားငါးပါးကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကျင့်ပြီးယင် တော်ကြပလား၊ ဒီတရားငါးပါးနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တင်းတိမ်ရောင့်ရဲပြီးတော့ နေကြမလားတဲ့ ဆိုပြီးတော့ မြတ်စွာဘုရားက–

"သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝ မဿ၊ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ပရိသုဒ္ဓေါ နော ကာယသမာစာရော၊ပရိသုဒ္ဓေါ ဝစီသမာစာရော ပရိသုဒ္ဓေါ မနောသမာစာရော၊ပရိသုဒ္ဓေါ အာဇီဝေါ၊ဣန္ဒြိယေသုမှ ဂုတ္တဒွါရာ။အလမေတ္တာဝတာ၊ ကတမေတ္တာဝတာ၊ အနုပ္ပတ္တော နော သာမညတ္ထော၊နတ္ထိ နော ကိဉ္စိ ဥတ္တရိ ကရဏီယ"န္တိ။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။ ခေါပန၊ စင်စစ်ယော်ကား။ သိယာ၊ရှိခေါ။ တုမှာကံ၊သင်ချစ်သားတို့၏။ ဟိရောတ္တပ္ပေန၊ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနှင့်။ မယံ၊ ငါတို့သည်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ဖြစ်ကြကုန်၏။ နော၊ ငါတို့၏။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ ဝစီသမာစာရော၊ နှုတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ မနောသမာစာရော၊ စိတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ အာဇီဝေါ၊ အသက်မွေးမှုသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ ဣန္ဒြိယေသု၊ဣန္ဒြေတို့၌။ ဝါ၊ စက္ခု သောတဃာန ဇိဝှါ ကာယ မန ခြောက်ဌာနတို့၌။ ဂုတ္တဒွါရာ၊လုံခြုံစွာ စောင့်ရှောက်အပ်သော တံခါးရှိကြကုန်သည်။ အမှ၊

ဖြစ်ကြကုန်၏။ ဧတ္တာဝတာ၊ ဤတရားငါးမျိုး ပြည့်စုံရုံလောက်မျှနဲ့။ အလံ၊ သာသနာတော်မှာ ကျင့်တဲ့အကျင့်သည်၊ သင့်တော်လောက်ပြီ။ ဧတ္တာဝတာ၊ ဤတရားငါးမျိုးပြည့်စုံရုံမျှနဲ့။ကတံ၊ငါတို့သည် သာသနာတော်၌ကျင့်အပ်သော အကျင့်မြတ်ကို ကျင့်အပ်ပြုအပ်ပြီးပြီ။ နော၊ ငါတို့၏။ သာမညတ္ထော၊ သမဏ အဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ် နိဗ္ဗာန်အကျိုးသည်။အနုပ္ပတ္တော၊အစဉ်ရောက်လတ်ပြီ။ နော၊ငါတို့အား။ဥတ္တရိံ၊အထက်ဖြစ်သော။ ကရဏီယံ၊ကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်သည်။ နတ္ထိတိ၊မရှိတော့ပြီဟူ၍။ဝေါ၊ဤသို့သောစိတ်အကြံသည်။ အဿ-ဘဝေယျ၊ဖြစ်ရာ၏။

ချစ်သားတို့....ဟိရီ,ဩတ္တပ္ပတရားနှစ်ပါး ပြည့်စုံရုံမျှနဲ့,ကိုယ်အမှုအရာနှုတ်အမှု အရာ စိတ်အမှုအရာစင်ကြယ်ရုံမျှနဲ့, ဣန္ဒြေငါးပါးဣန္ဒြေခြောက်ပါး လုံခြုံကာမျှနဲ့ ငါတို့သည်သာသနာတော်၌ ပြုကျင့်ဘွယ်ကိစ္စသည်ပြီးဆုံးပြီ၊ဤအကျင့်ပြည့်စုံ ယင်ဖြင့် ငါတို့သည် အရဟတ္တဖိုလ်တည်းဟူသော ရဟန်းဖြစ်ခြင်းရဲ့ အကျိုး ဟာ ပြီးလောက်ပြီ-နောက်ကျင့်စရာမရှိတော့ဘူးလို့ သင်ချစ်သားတို့ရဲ့စိတ်ထဲ မှာ ဒီလိုအကြံဖြစ်နိုင်ရာရဲ့။

"တာဝတာကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ"။

တာဝတာကေနေဝ၊ ထိုမျှလောက်သော အကျင့်မျှဖြင့်သာလျှင်။ တုဋ္ဌိံ၊ အားရရောင့်ရဲတင်းတိမ်ကျေနပ်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်လည်းရောက် ကုန်ရာ၏။

ဟာ-ငါတို့မှာ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံနေပြီ၊ ကိုယ်အမှုအရာ နှုတ်အမှုအရာ စတဲ့တရားတွေ စင်ကြယ်စတဲ့ဣန္ဒြေငါးပါး, ခြောက်ပါးတို့ လုံခြုံစွာရှိ နေပြီ၊ ဒါလောက်နဲ့ တင်းတိမ်လောက်ပြီ၊ ရောင့်ရဲလောက်ပြီ၊ ကျေနပ်လောက် ပြီလို့ သင်ချစ်သားတို့ တင်းတိမ်ရောင့်ရဲနေတတ်တယ်တဲ့၊ ဒီတရားပြည့်စုံရုံမျှ နှင့် သင်တို့သည် တင်းတိမ်ရောင့်ရဲခြင်းသို့ ရောက်နေတတ်တယ်။

"အာရောစယာမိ ဝေါ ဘိက္ခဝေ၊
ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ"။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ အာရောစယာမိ၊ ဆက်၍ဟောကြားပေဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ ပဋိ-ဝေဒယာမိ၊ ဆက်၍ ကျင့်စရာကို သိစေဦးအံ့။

ချစ်သားတို့....ပြဆိုခဲ့ပြီးသော တရားငါးမျိုးပြည့်စုံကာမျှနဲ့ သင်ချစ်သား တို့ တင်းတိမ်မနေကြနဲ့အုံးတဲ့၊ သင်ချစ်သားတို့ ရှေ့ကိုကျင့်စရာ ကြံစရာ အားထုတ်စရာတွေကို ငါဘုရားဆက်၍ ဟောကြားဦးအံ့၊ ကျင့်စရာတွေ ရှိသေးတယ် ဆိုတာကို သိစေဦးအံ့၊ ဒီလို ဝန်ခံစကား ပြောကြားပြီးတော့ သဗ္ဗညုရှင်တော်ဘုရား ဘာဟောလဲ–

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

သာမညတ္ထိကာနံ၊ သမဏအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကြ ကုန်သည်။ သတံ၊ဖြစ်ကုန်လတ်သော်။ဝေါ၊သင်တို့၏။ဥတ္တရိံ၊ထို့ထက်လွန်သော။ ကရဏီယေ၊ ပြုဘွယ်ကိစ္စသည်။ သတိ၊ ရှိသော်။ သာမညတ္ထော၊ သမဏအဖြစ်ဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်အကျိုးသည်။မာ ပရိဟာယိ၊မဆုတ်ယုတ်ပါစေလင့်။

**ဆက်လက်ကျင့်ရန်တရား** ချစ်သားတို့....မဂ်ဖိုလ်နိဗ္ဗာန် အကျိုးကို အဟုတ် တကယ် အလိုရှိတယ်ဆိုယင် ဒီကျင့်ဝတ်ပဋိပတ် လောက်နဲ့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရဲ့အကျိုးဟာ မပြည့်စုံသေးဘူးတဲ့၊ ဒါလောက်နဲ့ ရပ်ထားမယ်ဆိုယင် သင်ချစ်သားတို့အတွက် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသောအကျိုး ဟာ ဆုတ်ယုတ်မှုဖြစ်သွားလိမ့်မယ်၊ ဆုတ်ယုတ်မှုမဖြစ်ပါစေနဲ့၊ ရှေ့ကျင့်စရာ ရှိသေး၏၊ဘာကျင့်ရမတုံး–

"ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယံ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥတ္တရိံ၊ ထို့ထက်လွန်သော။ ကရဏီယံ၊ ကျင့်စရာ ကြံစရာ အားထုတ်စရာသည်။ ကိဉ္စ၊ အဘယ်တရားနည်း။

ဟိရီ, ဩတ္တပ္ပတရားနှစ်ပါး အပြစ်ကင်းစင်တဲ့ ကိုယ်အမူအရာ, နှုတ်အမူရာ, အာဇီဝပါရိသုဒ္ဓိ, ဣန္ဒြိယဂုတ္တဒွါရလို့ခေါ်တဲ့ တရားထက်လွန်သော ကျင့်ဝတ် ပဋိပတ်အကျင့်မြတ်က ဘယ်တရားဘာလိမ့်၊ ဘာကျင့်ရအုံးမလဲတဲ့–

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီမဟာအဿ ပုရသုတ္တန် ဒေသနာတော်ကို နာခဲ့ရသည်ဖြစ်သောကြောင့် ပဌမအဦးဆုံးကျင့် ရမဲ့ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံရမယ်ဆိုတာကို သိခဲ့ကြပြီ၊နားလယ်ခဲ့ ကြပြီ၊အဲဒီ သိကြနားလည်ခဲ့ကြသည့်အလျောက်လဲဘဲ ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံအောင် ကျင့်ကြပြီဆိုပါတော့၊ ဘာတိုးကျင့်လဲဆိုတော့ ကိုယ်အမူအရာ, နှုတ်အမူအရာ,စိတ်အမူအရာတွေကို စင်ကြယ်အောင်ကျင့်တယ်၊ပြီးတော့ အသက် မွေးဝမ်းကျောင်းမှု စင်ကြယ်အောင်ကျင့်တယ်၊စက္ခု သောတ ဃာန ဇိဝှါ ကာယ

မနဆိုတဲ့ ဣန္ဒြေတို့၌ ကိလေသာဝင်စရာ တံခါးပေါက်မရှိအောင် ပိတ်ဆို့ခြင်းဟုဆိုအပ်သော သတိတရားကို ကျင့်တယ်၊အဲဒီ ကျင့်ထားတဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်အပြင် ကျင့်စရာပေ့ကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောတယ်။

"ပဋိသင်္ခါ ယောနိသော အာဟာရံ အာဟာရိဿာမ၊နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ၊ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမ၊ ယာတြာ စ နော ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ"။

**စားသောက်ဖွယ်၌ပညာဖြင့် ဆင်ခြင်ရှုမှတ်ခြင်း**

ဒီဒေသနာတော်ကို မြတ်စွာဘုရား ဟောပါတယ်၊ ဒီ ပဋိသင်္ခါ ယောနိသော အာဟာရံအာဟာရိဿာမ လို့ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ ကျောင်းမှာရှင်ပြုတော့မယ်လို့ဆိုယင် ဒီ ပစ္စဝေက္ခဏာကတော့ ရအောင်ကျက်ခဲ့ရတယ်-ဟုတ်လား၊(ကျက်ခဲ့ရပါတယ်ဘုရား)ငယ်ငယ်တုန်းကတော့ ရနေတာဘဲ မဟုတ်လား၊ (မှန်ပါ)အခု ရသေးလား၊ (မရပါဘူးဘုရား) သို့သော်လဲဘဲ ငယ်ငယ်တုန်းက ကိုယ်ရထားတဲ့ ပဋိသင်္ခါယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ-ဟိုတုန်းကတော့၊ပဋိသင်္ခါ ယောနိသော အာဟာရံ အာဟာရိဿာမ နေဝ ဒဝါယ န မဒါယ-စတဲ့ ဤစကားသံကလေး ပြန်ပြီးကြားလိုက်တော့ ဟိုခပ်ငယ်ငယ်က ကျက်ခဲ့မှတ်ခဲ့ဘူးတာလေးကို ပြန်ပြီးတော့ သတိရမနေဘူးလားလို့၊ (ရပါတယ်ဘုရား)

အေး-ပြန်ပြီးတော့ သတိရတယ်၊ဘယ်လောက်တန်ဘိုးရှိတဲ့ ဒေသနာတော်လဲ ဆိုတာ ခပ်ငယ်ငယ်က ဘုန်းကြီးတို့ရှင်ပြုခါနီးမှာ ဆရာသမားများ သင်ကြားပေးလို့ ဒီပါဠိပုဒ်ကို ရအောင်ကျက်၊ဒီအနက်ကို ရအောင်ကျက်ဆိုလို့ ကျက်မှတ်လာခဲ့တာဘဲ၊စာပေကို ကျကျနန မကျက်နိုင် မရှုနိုင်သေးတော့ ဒီ-ပဋိသင်္ခါ ယောနိသော အာဟာရံ အာဟာရိဿာမ-ဆိုတဲ့ **အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့်** ဘုန်းကြီးတို့လဲ ငယ်ငယ်ကတော့ **နားမလည်**ခဲ့ဘူး၊တော်တော်လေးအသက်အရွယ်ကြီးလို့ စာပေကို နဲနဲပါးပါးလေး မှန်းမှန်းဆဆလေးပေါ့လေ ကြည့်နိုင်ရှုနိုင်တဲ့အခါကျတော့ ပဋိသင်္ခါယောနိသော - တွေရဲ့ အဓိပ္ပါယ်ကိုကြည့်လိုက်တော့ ဟာ-သူလဲ တရားအားထုတ်နည်းတမျိုးဘဲ၊ သူလဲဘဲ **စားရင်းတရားအားထုတ်နည်း**-နော်၊(မှန်ပါ)

ဟောထားတဲ့ ဒေသနာတော်က ဘယ်လောက် လေးနက်သလဲဆိုတော့– ပဋိသင်္ခါ ယောနိသော–အနက်ပေးကြအံ့စို့–နော်၊ (မှန်ပါ)

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ ဟုတ်မှန်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ (ဒီနေရာမှာ ယ–ဆိုတဲ့အက္ခရာလေးတလုံး ကျေနေတယ်၊ ဒါကြောင့် သူ့ထည့်ပေးရမယ်) ပဋိသင်္ခါ–ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ အာဟာရံ၊ စားဖွယ်သောက်ဖွယ်ဟုဆိုအပ်သော အာဟာရကို။ အာဟာရိယာမိ၊ မှီဝဲသုံးဆောင် စားသောက်ကြကုန်အံ့။ ဒဝါယ၊ မြူးတူးပျော်ပါးကစားခြင်းငှာ။ နေဝ အာဟာရိယာမိ၊ မစားသောက်ကြကုန်အံ့။ မဒါယ၊ အားဟူသောမာန် ယစ်ခြင်းမာန်တက်ခြင်းအကျိုးငှာ။ နေဝ အာဟာရိယာမိ၊ မစားသောက်မမှီဝဲ ကြကုန်အံ့။ မဏ္ဍနာယ၊ အင်္ဂါကြီးငယ် တင့်တယ် ပြည့်ဖြိုးစေခြင်းငှာ။ န အာဟာရိယာမိ၊ မမှီဝဲ မသုံးဆောင် မစားသောက်ကြကုန်အံ့။ ဝိဘူသနာယ၊ အရေအဆင်းကြည်လင်သန့်ရှင်းစေခြင်းငှာ။န အာဟာရိယာမိ၊ မမှီဝဲကြကုန်အံ့။

(စားတဲ့သောက်တဲ့အခါမှာ ပယ်ပစ်ရမယ့် အင်္ဂါလေးပါးကို ဒီအပိုဒ်က ပြတယ်၊ အင်မတန်ကောင်းတဲ့အမိပ္ပါယ်၊ အဋ္ဌကထာဆရာကြီးက ဒါတွေကို အသေးစိတ်ရှင်းပြထားတယ်။)

ဣမဿ ကာယဿ၊ ဤရူပကာယ၏။ ယာဝဒေဝ ဌိတိယာ ဧဝ၊ တည်နေရုံငှာ သာလျှင်။ ယာဝယာပနာယ ဧဝ၊ မျှတရုံငှာသာလျှင်။ ယာဝ ဝိဟိံသူပရတိယာဧဝ၊ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်ရုံငှာသာလျှင်။ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယဧဝ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယဟုဆိုအပ် သော မြတ်သောအကျင့်ကို ကျင့်နိုင်ရုံငှာသာလျှင်။ အာဟာရံ၊ စားဘွယ် သောက်ဖွယ်ဟုဆိုအပ်သော အာဟာရကို။ အာဟာရိယာမ။ မှီဝဲသုံးဆောင် စားသောက်ကြကုန်အံ့။ ဣတိ၊ ဤသို့သင့်လျော်သောနည်းအားဖြင့် ဆင်ခြင် စဉ်းစား၍ အာဟာရကို သုံးဆောင်စားသောက် မှီဝဲခြင်းကြောင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲ ဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်ကြကုန်အံ့။ နဝံ၊ အလွန့်အလွန် စားခြင်းကြောင့် ဖြစ်သော။ ဝေဒနဉ္စ၊ စားပိုးနင့်ခြင်းစသော ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ် စေကုန်အံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာဟာရံ၊ အာဟာရကို။ အာဟာရိ ဿာမိ၊ မှီဝဲသုံးဆောင်စားသောက်ကြကုန်အံ့။ နော၊ ငါတို့အား။ ယာတြာစ၊ မျှတခြင်းသည်ရင်း။ အနဝဇ္ဇတာစ၊ စားသောက်ဖွယ်တွေကို ရှာဖွေခြင်း ခံယူ ခြင်း သုံးဆောင်ခြင်းတို့၌ အပြစ်မရှိခြင်းသည်ရင်း။ ဖာသုဝိဟာရောစ၊ မျှမျှ တတ စားခြင်းကြောင့် ချမ်းချမ်းသာသာ နေရခြင်းသည်ရင်း။ ဘဝိဿတိ

ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။အာဟာရံ၊ အာဟာရကို။ အာဟာရိဿမ၊ သုံးဆောင်မှီဝဲကြကုန်အံ့။ ဣတိ၊ ဤသို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ပြုကျင့်အပ်၏။

ပါဠိတော်အပိုဒ်တပိုဒ်ကို အနက်မြန်မာပြန်တော့ ပြန်ဆိုပြီးသွားပြီ မဟုတ်လား၊ (မှန်ပါ) ဘယ်လောက်နားလယ်လိုက်ကြသလဲ- ကိုယ့်ပရိသတ်၊ အဲဒါလောက်ဆိုနားမလယ်သေးဘူး၊ နဲနဲပါးပါးတော့ စဉ်းစားမိ သွားပြီ-နော်။ (မှန်ပါ) အသေးစိတ်အဓိပ္ပါယ် ပြောကြအုံးစို့။

ရှေးဦးစွာ အပေါင်းဖြစ်သော ပိဏ္ဍတ္ထ အဓိပ္ပါယ်ကို ပြောပြီးတော့မှ အဝယဝတ္ထ-အစိတ်စိတ်ဖြစ်တဲ့ အဓိပ္ပါယ်ကို ပြောကြရအောင်။

ဆင်ခြင်ပုံ ပဋိက္ခေပ အင်္ဂါ ၄-ပါး

စားသောက်တဲ့အခါမှာ ပညာနဲ့ဆင်ခြင်ပြီးတော့ စားပါတဲ့၊ ဘာကိုဘဲစားစား ဘာကိုဘဲသောက်သောက် ဘာလုပ်ရမလဲ၊ (ပညာနဲ့ ဆင်ခြင်စားသောက်ရမှာပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ စားလာတာ ဘယ်လောက်ကြာပလဲ၊ (ကြာပါပြီ ဘုရား) စားတိုင်း စားတိုင်း ဘယ်နှစ်ခါပညာနဲ့ ဆင်ခြင်ဘူးတုံး၊ ပညာနဲ့ဆင်ခြင်ပြီးတော့ စားရမယ်၊ စားတဲ့ သောက်တဲ့အခါမှာ အစားစားပြီးလို့ ဝဖြိုးနေဘို့အတွက် ရွာသူ ရွာသား ကလေးသူငယ်များလို မြူးတူးပျော်ရွှင်ဘို့အတွက် ဒီလို ရည်ရွယ်ပြီးတော့လဲ မစားရဘူးတဲ့-မြတ်စွာဘုရားက၊ ဒါ-ပဋိက္ခေပ အင်္ဂါလေးပါး။

ဘယ်လိုရည်ရွယ်ချက်နဲ့ အစားအသောက်ကို စားရမလဲဆိုတော့ ဇီဝိတိန္ဒြိယ ရုပ်လို့ဆိုတဲ့ ဤခန္ဓာကိုယ်ကြီး မျှတ၍နေခြင်းငှာ မတိမ်းမစောင်းစေခြင်းငှာ-

ဝိဟိံသူပရတိယာ၊ ဆာလောင် မွတ်သိပ်ခြင်းကြောင့် ပင်ပန်း၍နေခြင်းကို ပယ်ဖျောက်ဘို့ အလို့ငှာ သာသန ဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယလို့ခေါ်တဲ့ ဒီမြတ်သော အကျင့်တွေကို ချီးမြှောက်ခြင်းငှာ-

သာသနဗြဟ္မစရိယ ဆိုတာက သီလ သမာဓိ ပညာ-သိက္ခာသုံးပါးကို အားထုတ် ချီးမြှောက်ခြင်းအကျိုးငှာ၊ မဂ္ဂဗြဟ္မစရိယဆိုတာက အရိယာပုဂ္ဂိုလ်များအတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရထားတဲ့ ပုဂ္ဂိုလ်များအတွက် ဒီမဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ အဆင့်ဆင့် တိုးပွားဘို့ရန် အလို့ငှာသာလျှင် ဒီအာဟာရကို စားသောက်ရမယ်၊ ဒီလို စားလိုက်သောက်လိုက်တဲ့ အတွက် ဆာလောင်မွတ်သိပ်ပြီးတော့နေတဲ့ အဟောင်းဖြစ်သော ဇိဃစ္ဆာဝေဒနာကိုလည်း ပယ်ဖျောက်အံ့၊

သိပ်ပြီးတော့ အလွန်အလွန်စားခြင်းကြောင့်ဖြစ်တဲ့ စားပိုးနှင့်ခြင်းဟု ဆိုအပ်သော အသစ်ဖြစ်တဲ့ ဝေဒနာလဲ မဖြစ်စေအောင့်လို့ ဒီလိုနှလုံးသွင်းစားရမယ်၊ အဟောင်းဖြစ်တဲ့ ဝေဒနာလဲ ပျောက်ပါစေ၊ စားကောင်းတိုင်း သိပ်သိပ်စားတော်တော်ကြာတော့ ဘယ့်နှယ်ဖြစ်လဲ-စားပိုးတွေနှင့်ပြီးတော့ သေတတ်တယ်၊

**စားပိုးနှင့်သေသော ရဟန်းနှင့် သုတ်ဇာတ်**

အဲ-မြတ်စွာဘုရား လက်ထက်က စားပိုးတွေနှင့်ပြီးတော့ သေတဲ့ ရဟန်းတပါးရှိတယ်၊ ဘုန်းကြီးတို့ ဒီခေတ်မှာတော့ အစားလွန်လို့ သေသွားတဲ့ရဟန်း မင်းတို့ကြားဘူးသလား၊ (မကြားဘူးပါဘူးဘုရား) မကြားဘူးလို့ပါ၊ ရှိချင်ရှိမှာပါ၊ (မှန်ပါ) မြတ်စွာဘုရားလက်ထက်က ဟာ-တခါထဲကို စားလိုက်တဲ့ ဖြစ်ခြင်း အစာတွေက သိပ်ကောင်းတော့ စားရင်းစားရင်း စားရင်းနဲ့ စားပိုးနှင့်ပြီးတော့ အဲဒီရဟန်းတပါး ပျံလွန်တော်မူသွားတယ်၊ သိလား (မှန်ပါ) ဒီတော့ ရဟန်းတွေက ဟာ-ဒီကိုယ်တော်ဟာ အစားကြီးအားကြီးလို့ အတိုင်းအတာ ကိုယ့်ပမာဏ ကိုယ်မသိဘဲနဲ့ စားပြီးတော့ အခုကြည့်စမ်း-စားပိုးနှင့်ပြီးတော့ ပျံတော်မူသွားတယ်ဆိုပြီး ရဟန်း တော်များစုပေါင်းပြီး ပြောနေကြတဲ့အခါ မြတ်စွာဘုရားက ချစ်သားတို့....သင်တို့ ငါဘုရားကြွမလာမီ ဘာစကားတွေ ပြောနေကြသလဲ မေးတော့-မြတ်စွာဘုရားရဲ့ သာသနာတော်မှာ စားပိုးနှင့်ပြီးတော့ သေတဲ့ ရဟန်းတပါးအကြောင်းကို မဆင်မခြင်စားတဲ့အကြောင်းကိုကဲ့ရဲ့ရှုတ်ချစကား ပြောကြားပြီးနေကြပါတယ်ဘုရားလို့ ဆိုတော့ မြတ်စွာဘုရားက ဒီရဟန်းဟာ အခုမှဒီလိုစားပိုးနှင့်ပြီးတော့ သေတာမဟုတ်ဘူးတဲ့၊ ရှေးဘဝက သူကျေးသား ဖြစ်စဉ်အခါတုန်းကလဲ ဒီလိုဘဲသေခဲ့ဘူးတယ်လို့ ဆိုပြီးတော့ သုကဇာတ်ကိုဟောတော်မူတယ်[၁]၊ အဲဒီသုကဇာတ်က—ပါဠိဇာတ်မှာနေဉ်၊ (မှန်ပါ)

ကိုင်း—ဒီ တပိုဒ်ဆက်သွားပြန်ယင် ငါဒီအပိုင်း ဒီနေ့ဆုံးပါအုံးမလားဟေ့၊ (မဆုံးပါဘူးဘုရား) ဒါတော့ စကားပြေလေးနဲ့ဘဲ သွားကြစို့ကွယ်-ဟုတ်လား (မှန်ပါဘုရား)

မြတ်စွာဘုရား အလောင်းတော်ကြီးက ကျေးသားဖြစ်တယ်၊ အဲဒီဘုရားအလောင်း ဟေမဝန္တာမှာ ကျေးသားဖြစ်နေစဉ်အခါမှာ ဘုရားအလောင်းကျေးသားမှာ သားကျေးလေးတကောင်ရှိတယ်၊ ဘုရားအလောင်းကျေးသားက အသက်အရွယ်ကြီးလာတဲ့အခါကျတော့ မျက်စိတွေပြာလာပြီး သူတို့မပျံ

၁။ ဇာတ်အဋ္ဌကထာ၊ ၃၊ နှာ—၂၆၆။

နိုင်တော့ဘူး၊ဒီတော့ ဘုရားအလောင်းရဲ့ သားကျေးသားကလေးက ဖခင်ကို အသိုက်ထဲမှာ ထားထားပြီးတော့ အမြဲတမ်းအစာရှာရှာကျွေးရတယ်။

တနေ့တော့ သမုဒ္ဒရာကမ်းပါးနားကနေပြီး မျှော်ကြည့်လိုက်တဲ့ အခါ ရွှေအဆင်းလို ဝင်းနေတဲ့ အင်ပတန်အရသာရှိတဲ့ သရက်ဥယျာဉ်တော တခုကို သမုဒ္ဒရာအလယ်ကျွန်းမှာသူသွားတွေ့တော့-အဲဒီသရက်သီးကိုသူသွားပြီးယူတယ်၊ ဘာလုပ်ဘို့လဲဆိုတော့ သူလဲစားဘို့၊ မိခင်ဘခင်များလဲကျွေးဘို့၊အဲဒါနဲ့ သရက်သီးကို သူသွားပြီးယူတယ်၊သူကိုယ်တိုင်စားတယ်၊ စားပြီးတော့ သူ့မိဘဘို့ ဆိုပြီး သရက်သီးတလုံး ယူလာခဲ့တယ်၊ ကျေးသားများသရက်သီးကို ချီနိုင်ပါ့မလား၊ ဒီခေတ်မြင်ရတဲ့ ကျေးသားလေးတွေနဲ့ ဒီခေတ်မြင်ရတဲ့ သရက်သီးကို ချီနိုင်မှာမဟုတ်ပါဘူးလို့ ပြောချင်ပြောအုံးမှာ၊ချီလာခဲ့တယ်။

ချီလာခဲ့ပြီးတော့ ဘုရားအလောင်းဘခင်ကိုကျွေးတော့ ဘုရားအလောင်း ကျေးသားကမေးတယ်၊ ငါ့သား....ဒီသရက်သီးမင်းဘယ်ကရတုံး၊မင်း ဒီသရက်သီးကို ဤမည်ဤမည်သော ကျွန်းက ရခဲ့တာမဟုတ်လား၊ ဟုတ်ပါတယ်တဲ့၊ ငါ့သားအဲဒီသရက်ကျွန်းကို နောက်မသွားလေနဲ့၊ ဒီသရက်သီးပေါတဲ့ကျွန်းကို သွားတဲ့ပုဂ္ဂိုလ်များဟာ နောက်တခါ ပြန်လာတတ်တဲ့သဘောမရှိဘူး၊ အဲဒါကြောင့်မသွားလေနဲ့လို့ ဘုရားလောင်းက ဆုံးမတယ်၊ သူနားထောင်သလား မထောင်ဘူး၊လူကြီးမိဘများ ပြောတဲ့စကားကို နားမထောင်တဲ့သားသမီးဟာ တနေ့မှာဘာဖြစ်သလဲ၊ (ဒုက္ခရောက်ပါတယ်ဘုရား)အေး-အဲဒီတော့ ဘုန်းကြီးတို့အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ, သားငယ်သမီးငယ်တွေဟာ မိဘပြောတဲ့စကားကို နားထောင်ရမယ်၊ မိဘစကား နားမထောင်ယင် (ဒုက္ခရောက်ပါတယ်ဘုရား)

အဲဒီကျေးသားလေးက မိဘစကားကို နားမထောင်ဘူး၊ သူသွားတယ်၊ သွားပြီးတော့ ဟိုကျတော့ သရက်သီးတွေကို နင်းကန်ပြီးစား၊ ဟာစားကောင်းကောင်းနဲ့ သရက်သီးတွေ နင်းကန်စား၊ပြီးတော့မှ မိဘဘို့ဆိုပြီး သရက်သီးခိုင်ကြီးချီပြီးတော့သမုဒ္ဒရာကိုဖြတ်ပြီးကမ်းပါးရောက်အောင်ပျံလာခဲ့တယ်၊သရက်သီးတွေ သိပ်နင်းကန်စားလာလို့ စားပိုးနင့်ပြီးတော့ အိပ်ချင်လာတယ်၊အိပ်ချင်ငိုက်မျည်းရက်နဲ့ သမုဒ္ဒရာထဲကို ဖြတ်ပျံလာခဲ့တာ လမ်းမှာသရက်သီးခိုင်ကြီး လွတ်ကျသွားရော၊ လွတ်ကျရုံတင်မကဘူး အဲဒီလိုဘဲ အိပ်ချင်ငိုက်မျည်းကြီးနဲ့ သူပျံပျံပျံပျံလာခဲ့ရင်း သမုဒ္ဒရာထဲကျပြီးတော့ သေရှာရော–ဟုတ်လား၊ (မှန်ပါ)အဲဒီတုန်းကဒီရဟန်းဟာ တကြိမ်သေဘူးခဲ့တယ်တဲ့-မြတ်စွာဘုရားကိုယ်တော်မြတ်က ပြန်ဟောတယ်၊အဲဒါကြောင့်–

နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ။ ။နဝဉ္စ၊ စားပိုးနင့်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့ဟူ၍။ အာဟာရံ၊အာဟာရကို။ အာဟရိဿာမ၊ သုံးဆောင်မှီဝဲစားသောက်ကြကုန်အံ့-လို့ ဒီလိုကျင့်ရမယ်။

**အသက်တိုကြောင်း တရားငါးပါး** ယာတြာစ နော ဘဝိဿတိ– မျှမျှတတစားရမယ်၊ဘယ်လောက်စားကောင်းကောင်း ဘယ်လောက် ကောင်းတဲ့ အစာဘဲဖြစ်ဖြစ် မျှမျှတတစားရမယ်၊ ဒီနေရာမှာ အာဟာရနဲ့ပတ်သက်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ပဉ္စမ အနာယုဿာသုတ်ဆိုတဲ့ သုတ္တန်တခုရှိတယ်[၁]၊ အသက်တိုကြောင်းနဲ့ အသက်ရှည်ကြောင်း၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ဒီအထဲ အသက်တိုချင်တဲ့လူ ဘယ်နှစ်ယောက်ပါသလဲ၊ (မပါပါဘူးဘုရား) အသက်ရှည်ချင်တဲ့လူချည့်ထဲဘဲ၊ အသက်ရှည်ချင်တဲ့ပုဂ္ဂိုလ်ဟာ အသက်ရှည်ကြောင်းဖြစ်တဲ့ အကျင့်တရားငါးပါးကို ကျင့်ရမယ်၊ အသက်မရှည်ကြောင်း-အသက်တိုကြောင်း တရားငါးပါးက တာလဲ ဆိုတော့-

၁။ အသပ္ပါယကာရီ ဟောတိ–မလျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိခြင်း တပါး၊

၂။ သပ္ပါယေ မတ္တံ န ဇာနာတိ-လျောက်ပတ်သည်၌ အတိုင်းအရှည်ကို မသိခြင်းတပါး၊

၃။ အပရိဏတဘောဇီစ ဟောတိ- မကြေကျက်လွယ်သောအစာကို စားလေ့ရှိခြင်းတပါး၊

၄။ အကာလစာရီစ ဟောတိ–အချိန်မဟုတ်သည်၌ သွားလာတတ်ခြင်း တပါး၊

၅။ အဗြဟ္မစာရီစ ဟောတိ– မမြတ်သောမေထုန်အကျင့်ကို ကျင့်လေ့ရှိခြင်းတပါး–

ပေါင်းတော့ ဘယ်နှစ်ပါးတုံး၊ (ငါးပါးပါဘုရား)

"ဣမေ ခေါ ဘိက္ခဝေ ပဉ္စဓမ္မာ အနာယုဿာ"တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အနာယုဿာ၊ အသက်တိုကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပေတည်း။ အဲဒါက အသက်တိုကြောင်း တရားငါးပါးဘဲ။

---

၁။အင်္ဂုတ္တိုရ်ပါဠိတော်၊ပဉ္စကနိပါတ်၊ နှာ–၁၂၀။

အဿက်ရှေကြောင်း တရားငါးပါးကတော့ အဲဒီ အသက်တိုကြောင်းတရားတွေကို မပြုလုပ်ပဲ ဆန့်ကျင်ဘက် အပြန်ကျင့်ရမယ်တဲ့–မြတ်စွာဘုရားက၊ ဘယ်လိုလဲဆိုတော့–

"သပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ ဇာနာတိ၊ ပရိဏတ–ဘောဇီစ ဟောတိ၊ ကာလစာရီစ ဟောတိ ဗြဟ္မစာရီ စ။ ဣမေခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ အာယုဿာ"တိ။

သပ္ပါယကာရီ၊ လျောက်ပတ်သည်ကိုပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။သပ္ပါယေ၊လျောက်ပတ်သည်၌။ မတ္တံ၊ အတိုင်းအရှည်ကို။ ဇာနာတိ၊သိ၏။ပရိဏတဘောဇီစ၊ ကြေလွယ်သောအစာကို စားလေ့ရှိသည်လည်း။ ဟောတိ၊ဖြစ်၏။ ကာလစာရီစ၊ အချိန်အခါဟုတ်သည်၌ သွားလာလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗြဟ္မစာရီစ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ဣမေ ပဉ္စ ဓမ္မာ၊ ဤတရား ငါးပါးတို့သည်။ အာယုဿာ၊ အသက်ရှေကြောင်းတရားတို့ပေတည်း။

အဲဒီတော့ ဒီအသက်တိုကြောင်းဖြစ်တဲ့ အကြောင်းတရား ငါးပါးထဲမှာ အပရိဏတဘောဇီဖြစ်တဲ့ မကြေနိုင်မညက်နိုင်တဲ့ ထောပတ်ထမင်းတို့ ဒန်ပေါက်ထမင်းတို့ ကောင်းပေ့ဆိုတဲ့ အဆီအအိမ့်တွေဟုတ်လား၊ ပါစက ဝမ်းမီးက ချက်လို့မကြေနိုင်တဲ့ အဆီအအိမ့်တွေ များများစားပြီဆိုယင် အဲဒီပုဂ္ဂိုလ် အစာမကြေဖြစ်ပြီးတော့ မကြာခင်သေတတ်တယ်၊ အတိုင်းအတာပမာဏကို မသိဘဲနဲ့ စားယင်လဲ ဒီလိုဘဲ ရောဂါဝေဒနာတွေ တိုးပွားပြီးတော့ လူပါသေတတ်တယ်။

အဲဒီတော့ ပရိဏတဘောဇီစ ဟောတိ–ကြေလွယ်တယ်၊ ကျက်လွယ်တယ်၊ ကောင်းတဲ့အစာအာဟာရပင်ဖြစ်သော်လဲကိုယ့်ဝမ်းမီးပမာဏနဲ့ နှိုင်းချိန်ပြီးတော့ သင့်လျော်လျောက်ပတ်ရုံသာလျှင် စားတဲ့သောက်တဲ့ပုဂ္ဂိုလ်ဟာ အသက်ရှေတတ်တယ်–ဟုတ်လား၊ အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတာ ရှိတယ်။

အနုဝဇ္ဇတာစ ဖာသုဝိဟာရော စ။ ။အနုဝဇ္ဇတာ စ၊ အစားအသောက်ကိုရှာဖွေခြင်း, အစားအသောက်ကို ခံယူခြင်း, အစားအသောက်ကို စားသောက်ခြင်းဟူသော အကြောင်းကြောင့် အပြစ်မရှိသည်လည်း။ ဘဝိဿတိ ဖြစ်လတ္တံ့ ။

**ရှာဖွေ–ခံယူ–သုံးဆောင်သည့်အခါ အပြစ်ကင်းအောင်လုပ်ရန်**

ရှာဖွေတဲ့နေရာမှာလဲ အပြစ်မရှိစေနဲ့ကွဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေ အခုစားဘို့ ရှာနေကြရတယ် မဟုတ်လား၊ (ရှာနေရပါတယ်ဘုရား) အပြစ်မရှိစေနဲ့၊ အပြစ်

လွတ်အောင်ရှာ၊ခံယူခြင်း – သူတပါးထံက လာပေးတာပေမဲ့ အပြစ်လွတ်အောင် ခံယူရတယ်၊ ရှာတဲ့နေရာမှာလဲ အပြစ်လွတ်တယ်၊ ယူတဲ့နေရာမှာလဲ အပြစ်လွတ် တယ်၊ သုံးဆောင်တဲ့နေရာမှာလဲ အပြစ်လွတ်အောင်သုံးဆောင်ရမယ်၊ ဘုန်းကြီး တို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ အခု အဲရှာတဲ့နေရာမှာ တော့ အပြစ်လွတ်အောင် ရှာချင်ရှာမှာပေါ့လေ၊ ခံယူတဲ့နေရာမှာလဲ အပြစ် လွတ်အောင် ခံယူချင်ခံယူမယ်၊ စားတဲ့နေရာကျတော့ ဟာ–ကိုယ့်ဥစ္စာကိုယ်စား တာဘဲဆိုပြီး အားရပါးရဘဲ စားနေကြတာဘဲ မဟုတ်လား၊ (မှန်ပါဘုရား) အပြစ်ရှိအောင် မစားရဘူး၊ အပြစ်ရှိအောင် စားတဲ့နည်းတွေဟာ အများကြီး ရှိတယ်။

ဖာသု ဝိဟာ ရော စ၊မျှမျှတတနေသည်ဖြစ်သောကြောင့်ချမ်းချမ်းသာသာနေ ရခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ရှာတဲ့နေရာမှာ အပြစ်နဲ့ ရှာထားယင် ပစ္စည်းတော့ရတယ်၊ အပြစ်နဲ့တကွ ရှာထားတဲ့ပစ္စည်းဖြစ်သောကြောင့် ဒီပစ္စည်း ရလို့ကော•ချမ်းသာပါအုံးမလား၊ (မချမ်းသာပါဘူးဘုရား) သဘောပေါက် ကဲ့လား–ဘုန်းကြီးတို့ပရိသတ်၊ (ပေါက်ပါတယ်ဘုရား) ဒီအထဲက ပရိသတ်က– ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးသမီးကောင်းတွေဟာ ဒါလောက် ပြောယင် သဘောပေါက်ပါတယ်၊ ပေါက်တယ်မဟုတ်လား၊ (မှန်ပါဘုရား) ခံယူတဲ့နေရာဌာနမှာလဲဘဲ အပြစ်နဲ့ ခံယူထားယင် ကိုယ့်မှာချမ်းသာပါအုံး မလား၊ (မချမ်းသာပါဘူးဘုရား) သုံးဆောင်တဲ့နေရာမှာလဲ အပြစ်ရှိအောင် သုံးဆောင်စားသောက်မယ်ဆိုယင် အဲဒီသုံးဆောင်စားသောက်မှုကြောင့်ကိုယ့်မှာ ချမ်းသာပါအုံးမလား၊ (မချမ်းသာပါဘူးဘုရား) အစားအသောက်နေရာမကျ ယင် သေတတ်တယ်၊ အဆိပ်ပဲ၊ အဲဒီအစာ အာဟာရဟာ စားလို့သင့်တဲ့အစာ, မသင့်တဲ့အစာရှိတယ်၊ အဲဒါကိုနိုင်းချိန်ပြီးတော့ စားတဲ့အသိအလိမ္မာ ဉာဏ်ပညာ ရှိသည်ဖြစ်၍ ချစ်သားတို့သည်– အာဟာရံ၊ အာဟာရကို။ အာဟရိဿာမ၊ သုံးဆောင်ကြကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဒါကျင့်ရမယ့်တရား၊ဒါ ပိဏ္ဍပါတ–ပေါင်းပြောတဲ့ အဓိပ္ပါယ်နော်၊(မှန်ပါ) အဝယဝတ္ထ အဓိပ္ပါယ် နဲနဲပြောပေးကြအုံးစို့။

ယောနိသော၊ သင့်သော ဟုတ်မှန်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ– ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ အာဟာရံ၊ စားဘွယ်သောက်ဘွယ်ဟူသော အာဟာရကို။ အာဟရိဿာမ၊ မှီဝဲသုံးဆောင် စားသောက်ကြကုန်အံ့။

ပဋိသင်္ခါ– ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပညာနဲ့ဆင်ခြင်ပြီးတော့ အာဟာရကို သုံးဆောင် စားသောက်ရမယ်တဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်း

သားတွေ့ အမျိုးကောင်းသမီးတွေ အခုစားပြီးကြပြီမဟုတ်လားလို့၊ (မှန်ပါဘုရား) ဘယ်လိုဆင်ခြင်ပြီးစားကြသလဲ၊ ဆင်ခြင်တတ်ကဲ့လား၊ ဒီဘက်က တကာကြီးတွေဆင်ခြင်တတ်ကြရဲ့လား၊ ဘယ်လိုလုပ်စားမလဲ-ပညာပါအောင်၊ မြတ်စွာဘုရားက တပည့်သားမြေးတွေကို တရားဟောတဲ့အခါ ဒီလိုဘဲ မေးမေး ပြီးတော့ တရားဟောတယ်။

**အာဟာရ၌စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ပုံ**

စားတဲ့အခါမှာ ပညာနဲ့ဆင်ခြင်တယ် ဆိုတော့ ဘုန်းကြီးတို့ပရိယတ် တော်တော်လေးဘဲ ပညာနဲ့ ဆင်ခြင်ပြီးတော့ စားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်များက ဘာပြောလေ့ရှိလဲဆိုတော့-အာဟာရေ ပဋိကူလသညာပေါ့ဘုရားတဲ့၊ အာဟာရေ၊စားသောက်အပ်သော အာဟာရ၌။ ပဋိကူလသညာ၊ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်သညာမျိုးသည်ဖြစ်၍။ အာဟာရံ၊အာဟာရကို။ အာဟရိဿာမ၊ မှိဝဲကြကုန်အံ့။

စက်ဆုပ်ရွံရှာဘွယ် အမှတ်သညာထားပြီး ဒီအာဟာရကို သုံးဆောင်ရမယ်၊ ကိုင်း-စက်ဆုပ်ရွံရှာဘွယ်ရှိအောင် စားဘို့စားပွဲပေါ်မှာ ပြင်ပြီးတော့ထားလိုက်ထာ ခမ်းခမ်းနားနားကြီး မဟုတ်လား၊(မှန်ပါ)အမလေးကောင်းလိုက်တဲ့ စားပွဲခင်းကြီးတွေ၊ ပန်းအိုးကြီးတွေ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ အင်မတန်အထက်တန်းကျတဲ့ စားပွဲကြီးတွေကို တက်ဘူးကြတယ်မဟုတ်လား၊ ဥပမာ-ရန်ကုန်မြို့အနေနဲ့ ပြောကြမယ်ဆိုယင် အင်မတန်အထက်တန်းစားဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတွေကို ဧည့်ခံပွဲတခုလုပ်တော့မယ်ဆိုတော့ အင်းယားလိပ်ဟော်တယ်ကြီး တကာတကာမတွေ ရောက်ဖူးကြတယ်မဟုတ်လား၊ (မှန်ပါ)ဘုန်းကြီးတို့တော့ ဒီဟော်တယ်ကို မရောက်ဖူးဘူး၊ဘုန်းကြီးတို့ ရောက်ရမဲ့နေရာလဲမဟုတ်ဘူး၊ ရောက်သင့်တဲ့ နေရာလဲမဟုတ်ဘူးလို့ ဘုန်းကြီးယူဆတယ်။

အဲဒီလိုနေရာကြီးမှာ စားဘို့သောက်ဘို့စားပွဲပေါ်မှာ တင်ထားပြင်ဆင်ထားမှုတွေကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေက ဘုန်းကြီးထက်ပိုပြီးတော့ ခမ်းနားကြောင်းကို မသိဘူးလား၊(သိပါတယ်ဘုရား) အဲဒါ ဘုန်းကြီးက ပြန်ပြောစရာမလိုတော့ဘူး၊ အဲဒီလိုအထက်တန်းစားဖြစ်တဲ့ ပုဂ္ဂိုလ်များသည်သာလျှင် သုံးဆောင်ခံစားခြင်းငှါထိုက်တဲ့ ဒီခဲဘွယ်ဘောဇဉ်တွေကို မျက်လုံးနဲ့သေသေချာချာ ကြည့်ပြီးတော့ ဘယ့်နှယ်ဆင်ခြင်ရမလဲ- အဲဒါကိုရှေးဆရာကြီးများက ဘာပြောထားလဲ-

"မဟာရဟမိဒံ ဘောဇ္ဇံ၊ခိတ္တံ ဝမတု ဒေါဏိယံ။
ခေဋ္ဌာဒိမထိတံ ဝေ၊ယာဝ ဝစ္စံ ဂမိဿတိ"[၁]။

ဆင်ခြင်ရမယ်၊ ဆင်ခြင်တဲ့နေရာမှာ ပဋိကူလသညာဖြင့် ဆင်ခြင်နည်း၊ ဓာတုသညာအားဖြင့် ဆင်ခြင်နည်း–နှစ်မျိုး၊ ဘယ်နှစ်မျိုးတုံး၊ (နှစ်မျိုးပါဘုရား) ပဋိကူလမနသိကာရအနေအားဖြင့် အာဟာရေပဋိကူလသညာ ဆင်ခြင်နည်းက ဘာတုံး၊ ဘယ့်နှယ်ဆင်ခြင်ရမလဲ–

မဟာရဟံ၊ အထက်တန်းစားကျတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သာလျှင်သုံးဆောင်ခံစားခြင်းငှါထိုက်သော။ စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ အထက်တန်းစားများစားတဲ့ထမင်းစားပွဲကြီးကို သာမန်လူစားနိုင်ရဲ့လား၊ (မစားနိုင်ပါဘူးဘုရား) အဲဟိုလူကတော့ အဲဒီထမင်းစားပွဲကြီး တက်ရတယ်ဆိုကတည်းက ခေါင်းပေါင်းစကြီးကိုထောင်ပြီး သူကတော့သိပ်ဝမ်းမြောက်နေတာဘဲ၊ ဒီနေရာမျိုး ငါမို့လို့ရောက်ထာ၊ အဲဒီမှာ ဘာပါသွားတုံး၊ မာနပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား) သွားကတည်းက မာနနဲ့သွားတာ၊ အကုသိုလ်တွေ–အကုသိုလ်တွေ၊ အဲဒီအကုသိုလ် ကိုယ့်သန္တာန် ဝင်လာတာ သိလား၊ (မသိပါဘူးဘုရား) အဲဒီ အကုသိုလ်ဆိုတာ အထက်တက်တဲ့ တရားလား– အောက်ကျွမ်းပြန်ကျတဲ့ တရားလား၊ (အောက်ကျတဲ့ တရားပါဘုရား) ကျွမ်းပြန်ကျတာ ချည့်ထဲဘဲ။

**ခွေးအန်ဖတ်ပမာ** မဟာရဟံ၊ အထက်တန်းစားကျတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သာလျှင် သုံးဆောင်ခံစားခြင်းငှာထိုက်သော။ ဣဒံ ဘောဇ္ဇံ။ ဤခဲဘွယ်ဘောဇဉ် စားဘွယ် သောက်ဘွယ်တွေသည်။ ဒေါဏိယံ၊ ခွေးစာခွက်ထဲ၌။ ခိတ္တံ၊ စွန့်ပစ်၍ ထားအပ်သော။ ဝမထုဝိယ၊ ခွေးအန်ဖတ်ကဲ့သို့။ (ထင်ဘူးရဲ့လား–ဘုန်းကြီးတို့ပရိတ်သတ်၊(မထင်ဘူးပါဘူးဘုရား) နှလုံးမသွင်းဘူးလို့ဟုတ်လား၊ (မှန်ပါဘုရား) နှလုံးသွင်းရကောင်းမှန်းကော သိရဲ့လား၊ (မသိပါဘူးဘုရား)ဟော အခုတော့၊ (သိသွားပါပြီဘုရား)သိသွားပြီ–ဒီတရားဒီနေ့နာရတဲ့အတွက်။

ဝမထုဝိယ၊ ခွေးအန်ဖတ်ကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ခေဋ္ဌာဒိ မထိတံ၊ မိမိခံတွင်းရောက်တဲ့အခါ တံတွေး သွားချေး သလိပ် အစေးဟူသော အညစ်အကြေးတို့ဖြင့် လုံးထွေးဝင်ရောက်အပ်သည်ဖြစ်၍။ ယာဝဝစ္စံ၊ မစင်ဖြစ်သည့်တိုင်အောင်။ ဂမိဿတိ၊ ရောက်လတ္တံ့။

---

၁။ ဝိသုဒ္ဓိမဂ်၊ပရမတ္ထသရူပဘေဒနီကျမ်း၊၃–တွဲ၊နှာ–၇၄။

ဆင်ခြင်ဘူးရဲ့လား၊ (မဆင်ခြင်ဘူးပါဘုရား) အေး-ဒီတော့ နောက်တခါ ကျယင် အဲဒီလို ကိုယ့်အိမ်မှာဘဲဖြစ်ဖြစ်၊ စားပွဲ သောက်ပွဲကြီးတွေ ရောက်တဲ့ အခါဘဲဖြစ်ဖြစ်သူတပါးက ပင့်ဖိတ်ပြီးတော့ ကျွေးလို့မွေးလို့ ကောင်း ပေ့ဆိုတဲ့ ဆွမ်းပွဲကြီးတွေဘဲဖြစ်ဖြစ် ရောက်သွားပြီဆိုတော့ ဒီ ခဲဘွယ်ဘောဇဉ်တွေ ကြည့်ပြီးတော့ ဩော်-ဒါ မြတ်သောသူတို့သာလျှင် သုံးဆောင် ခံစား ခြင်းငှာ ထိုက်တဲ့ ဒီခဲဘွယ်ဘောဇဉ်တွေဟာ ဘာနဲ့တူသလဲဆိုယင် ကြည့်ပြီး တော့ နှလုံးသွင်းနေရမယ်၊ ခွေးစားခွက်ထဲမှာ ခွေးအန်ပြီးထားတဲ့ ခွေးအန် ဖတ်တွေကဲ့သို့ ငါ၏ ခံတွင်းသို့ ရောက်သည့်အချိန်ကစပြီးတော့ ခံတွင်းမှာရှိတဲ့ တံတွေးတည်းဟူသော အညစ်အကြေး, သွားချေးဟူသော အညစ်အကြေး, သလိပ်တည်းဟူသော အညစ်အကြေးတွေနဲ့ လုံးထွေးမွှေနှောက်ပြီးတော့ မစင် ဖြစ်သည့်တိုင်အောင် ရောက်လိမ့်မယ်လို့၊ ဒီလိုဆင်ခြင်ပြီးတော့ အခု ငါစား ရမှာ ဘာတွေတုံး၊ ဘာတွေစားရမှာတုံးဗျ၊ စားပွဲကြီးနဲ့ ပြင်ထားလိုက်တဲ့ စားဘွယ်တွေကိုစားမယ့်ကြံတော့ င်္ါအခုစားနေရတာ ဘာတွေစားနေရတယ်လို့ စိတ်ထဲ ထင်ရသလဲ၊ ဘာတွေစားနေရသလဲ။

ယာဝ ဝစ္စံ ဂမိဿတိ။ ။ယာဝ ဝစ္စံ၊ မစင်ကျင်ကြီး ဖြစ်သည့်တိုင်အောင်။ ဂမိဿတိ၊ ဒီ အစာတွေရောက်လတ္တံ့။

ဒီလိုဆင်ခြင်ထားတယ်မဟုတ်လား၊ အဲဒီလို ဆင်ခြင်ယင် ဒီထမင်းပွဲထဲမှာ ကောင်းပေ့ဆိုတဲ့ အခုနကဟင်းတွေ ကျွေးတွေ၊ သူမြတ်တွေသာ စားသင့်တယ် ဆိုတဲ့ အစာအာဟာရတွေဟာ ဘာတွေဖြစ်သွားလဲ၊ စားချင်စရာ ကောင်းသေး လား၊ (မကောင်းတော့ပါဘူးဘုရား) ပဋိကူလသညာ ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) အေး-ပဋိကူလသညာ ပေါ်လာအောင် သဗ္ဗညု မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဤသို့အာဟာရ၌စက်ဆုပ်ရွံရှာဘွယ်ဟူသော အမှတ်သညာကိုထားပြီးတော့ စားကြည့်၊ပါးစပ်ထဲဝါးပြီးတဲ့ဥစ္စာပြန်ဇထွေးကြည့် ပြန်စားချင်သေးလား၊(မစားချင်တော့ပါဘူးဘုရား) ဘာပြုလို့မျိုချလိုက်သလဲ ကဲ-အဲဒါပြောစမ်း၊ ပုဂံထဲထည့်ထားတုန်းက အကောင်းတွေ မဟုတ်လား၊ (မှန်ပါ) သန့်သန့်ရှင်းရှင်းတွေနော် (မှန်ပါ) အမလေး စားပွဲခင်းကြီးတွေ များကောင်းလိုက်ထာ ပန်းပွင့်ကြီးတွေနဲ့ သူများပြောသံ ကြားဘူးတာပါ၊ ကိုယ်မြင်ဘူးတာ မဟုတ်ပါဘူး၊အေး-အဲဒါလောက် ကောင်းကောင်းကြီးတွေ ပေါ်မှာ ခင်းကျင်းပြီးတော့ ကောင်းပေ့ဆိုတဲ့ ပုဂံတွေဇွန်းတွေနဲ့၊ဒီတကာကြီး တွေလဲ မြင်ဘူးသုံးဘူးတဲ့ တကာတွေပါတယ်မဟုတ်လား၊ (ပါပါတယ်ဘုရား) အင်း-အဲဒီတုန်းကတော့ သိပ်ကောင်းတာဘဲ၊ ကဲ-ပါးစပ်ထဲထည့်လိုက်၊ ဝါးပြီး

တော့နဲ့ပြန်ထွေးကြည့်လိုက်ယင် မျိုချချင်သေးလား၊ (မမျိုချချင်တော့ပါဘူး ဘုရား) နို့ ဘာပြုလို့ မျိုချလိုက်ကြသလဲ၊အေး–ပညာမျက်စိနဲ့ သဗ္ဗညုမြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်က ဤသို့ စက်ဆုပ်ရွံရှာဘွယ်ဟူသော အမှတ်သညာနဲ့ ဆင်ခြင်ပြီးတော့ဒီလိုစားရမယ်–နော်၊ (မှန်ပါ)

**ကိုယ်ဟောတဲ့တရား ကိုယ်ကြားဘို့လိုပုံ** ဘောဇနေ မတ္တညုတာ ဟောတဲ့၊ဒီနေရာမှာ ပြောချင်တာလေးနဲနဲရှိတယ်၊ဘုန်းကြီးတွေနဲ့ သိပ်တော်တဲ့အချက်၊ အခုဟာရားဟောနေတဲ့ ကိုယ်တော်ကော မယူပါဘူးလား၊ (ပါပါတယ်ဘုရား)ပါဘယ်၊ ကိုယ်ကသူတပါးကိုသာ ဟောနေတာမဟုတ်ဘူး ကိုယ့်ကိုယ်ရောဘာရော အကုန်ပြန်ဟောနေတာ၊ ဟိုတုန်းကတော့ ကိုယ်က သူများအတွက်ချည့် ဟောတာထင်နေတယ်၊ မဟုတ်ဘူး၊ တရားဟောတာဟာ ကိုယ့်အတွက်လဲဖြစ်ရမယ်၊ သူများအတွက်လဲဖြစ်ရမယ်၊ တနည်းပြောရမယ် ဆိုယင် ကိုယ်ဟောနေတဲ့ တရားကို ကိုယ်ပြန်ကြားဘို့ လိုတယ်– ဟုတ်လား၊ (မှန်ပါ) ဘုန်းကြီးတို့က ကိုယ်ဟောနေတဲ့တရားကိုမှ ပြန်ပြန်မကြားဘဲဘဲ၊ သူများတွေဘို့ချည့် ကိုယ်ကအောက်မေ့တာဟုတ်လား၊ (မှန်ပါ) ကိုယ်ဟောတဲ့ တရားကို ကိုယ်ကြားအောင်ပြန်ပြီးတော့ နှလုံးသွင်းဘို့ဟာ ဘယ့်နှယ်လဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ကောင်းမှု ဆိုတဲ့ စကားပြောပွဲကြီးတွေမှာ ကိုယ်ပြောတဲ့စကားတွေ ရှိတယ်မဟုတ်လား၊ (မှန်ပါ) ကိုယ်ကြားရဲ့လား၊ (မကြားပါဘူးဘုရား) ကိုယ့်အတွက် ပြောနေတာလား၊ သူတို့အတွက် ပြောနေတာလား၊ (သူတို့အတွက်ပါ ဘုရား) ဒီအတိုင်းဘဲ၊ ဒီတော့ ကိုယ်ပြောတဲ့စကားကို ကိုယ်ပြန်ကြားဘို့လိုတယ်၊ ကိုယ်ပြောတဲ့စကားကို ကိုယ်ပြန်ပြီးတော့ အမှတ်ရနိုင်ဘို့အတွက် လိုတယ်၊ ဒါကို လေ့လာပေးရမယ်၊ အကျင့်လုပ်ပေးရမယ်။

**ဘောဇနေမတ္တညုဥ္ သို့ ပမာဏနှစ်မျိုး** စောစောပိုင်းက ဘောဇနေ မတ္တညုပိုင်းကို ဟောမယ် လို့ ပြောထားတယ် မဟုတ်လား၊ (မှန်ပါ)မတ္တညုဆိုတာ ဘာပြောလဲ–ဘောဇနေ မတ္တညုတိ ဘောဇနမှိ ပမာဏညူ အတိုင်းအတာ ပမာဏကိုသိရမယ်၊ အတိုင်းအတာ ပမာဏကို သိတယ်ဆိုတာ အတိုင်းအတာပမာဏနှစ်မျိုးရှိတယ်၊ (၁) ခံယူတဲ့နေရာမှာ အတိုင်းအတာပမာဏ တမျိုးရှိတယ်၊ (၂) သုံးဆောင်စားသောက်တဲ့နေရာမှာ အတိုင်းအတာပမာဏ တမျိုး ရှိတယ်၊ ဒီနှစ်မျိုး။

ဒီနေရာမှာ အင်မတန်ကောင်းတယ်၊ အင်မတန် ကျေးဇူးတင်စရာကောင်းတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ အမျိုးကောင်း သမီးတွေ ဒီ ပါဠိတော်ကြီးတွေထဲမှာ စောစောပိုင်းက ဘုန်းကြီးပြောလိုက်တဲ့– ဘောဇနေ

မတ္တညူတာလို့ ဒါလောက်ပဲပါတယ်၊ အဋ္ဌကထာက ဒါကိုအဓိပ္ပါယ်ပြောပေးတယ်၊ အခုပြောပေးနေတဲ့ အဓိပ္ပါယ်ဟာ ထူးကြီးဆရာတော်ရဲ့ အဓိပ္ပါယ်မဟုတ်ဘူး-နော်၊(မှန်ပါ)မြတ်စွာဘုရားရဲ့ ပါဠိတော်ကို အဋ္ဌကထာဆရာကြီးက ပြန်ပြီး အဓိပ္ပါယ်ပြောပေးတဲ့အတိုင်း ဘုန်းကြီးက တဆင့်ပြန်ပြောပေးနေတာ၊ ဘုန်းကြီးရဲ့ အဓိပ္ပါယ်မဟုတ်ဘူး၊ ဒီတော့ ဒီတရားဟာ ထူးကြီးဆရာတော်တရားလား၊ (မဟုတ်ပါဘူးဘုရား) ဘယ်သူ့တရားတုံး၊ မြတ်စွာဘုရားရဲ့တရား၊ ဒီလိုနှလုံးသွင်းပြီးတော့ နာရမယ်၊ထူးကြီးဆရာတော်တရား လာနာနေတာဘဲလို့ ဒီလိုစိတ်ထဲမှာ နှလုံးသွင်းရမလား၊ မသွင်းရဘူးလား၊ (မသွင်းရပါဘူးဘုရား) ဘယ်သူ့တရားနာနေတယ်၊ (မြတ်စွာဘုရားတရားပါဘုရား) ထူးကြီးဆရာတော်ကို ဘေးဖယ်ထားသူ့ဖာသာသူ ဘယ့်နှယ်ဘဲဖြစ်ဖြစ်၊ သူ့သိပ်ပြီးဂရုမစိုက်နဲ့၊ ကိုယ်ကတရားကို ဂရုစိုက်ရမယ်၊ တရားကိုမြင်အောင်ကြည့်ရမယ်၊ ပုဂ္ဂိုလ်ကို မကြည့်နဲ့၊ ပုဂ္ဂိုလ်သဘောကိုကြည့်ယင်ဖြင့် ကောင်းတာလဲတွေ့ချင်တွေ့မယ်၊ မကောင်းတာလဲတွေ့ချင်တွေ့မယ် မဟုတ်လား၊ (မှန်ပါ) ကောင်းတာတွေ့ပြန်တော့လဲ ကိုယ်ကသိပ်ဝမ်းမြောက်ဝမ်းသာကြီးဖြစ်ပြီးတော့-ဟုတ်လား၊မကောင်းတာတွေ့ပြန်တော့လဲ ကိုယ်ကဝမ်းနဲ ပက်လက်ကြီးဖြစ်လို့ဆိုတော့ ဘယ်ဒင်းက ကောင်းလဲ၊ (ဘယ်ဒင်းမှမကောင်းပါဘူးဘုရား) တရားသဘောကို ကြည့်မယ်ဆိုယင် ကောင်းတာချည့်တွေ့မယ်၊ ကောင်းတယ်ဆိုတာ မှန်တာကိုပြောတာ။

မတ္တညူ-အတိုင်းအတာပမာဏကိုသိတယ်ဆိုတာ-ပဋိဂ္ဂဟဏပမာဏ,ပရိဘောဂပမာဏလို့ ပမာဏနှစ်မျိုးရှိတယ်။

ပဋိဂ္ဂဟဏ ပမာဏ-ခံယူခြင်းအလှူခံခြင်း၌ အတိုင်းအတာပမာဏကို သိရမယ်၊ အောင်ကြည်၊ (ဘုရား) အဲဒါမင့်ဘက်လှည့်လာပြီ၊ (မှန်ပါ) အတိုင်းအတာပမာဏကို သိရတယ်ကွဟုတ်လား၊ (မှန်ပါ) ရမ်းသမ်းပြီးတော့ သိပ်ပြီးတော့ အလှူတွေနင်းကန်ခံမနေနဲ့ဟုတ်လား၊ (မှန်ပါ) အလှူခံပုဂ္ဂိုလ်ဆိုတာ ပမာဏကိုကြည့်ပြီးတော့ အလှူခံရမယ်တဲ့။

ဘောဇနေ မတ္တညူ-စားသောက်တဲ့နေရာမှာလဲ အတိုင်းအတာ ပမာဏကို ကြည့်စားရမယ်၊ ဒီတော့ ပမာဏဘယ်နှစ်မျိုးတုံး၊ (နှစ်မျိုးပါဘုရား)

**အလှူခံယူရာ၌ သိဖွယ်သုံးရပ်**

ခံယူခြင်းဆိုတဲ့ ပဋိဂ္ဂဟဏပမာဏ၌-

“ဒါယကဿ ဝသော ဝေဒိတဗ္ဗော၊

ဒေယျဓမ္မဿ ဝ သော ဝေဒိတဗ္ဗော၊

အတ္တနော ထာမော ဝေဒိတဗ္ဗော-”[၁]

လို့-အင်္ဂါသုံးချက်ရှိတယ်။

---

၁။ သင်္ဂြိုဟ်ယတနဝဂ္ဂသံယုတ် အဋ္ဌကထာ၊နှာ-၆၇-၆၈။

ဒါယကဿ၊ အလှူပေးဒါယကာ၏။ ဝသေန၊ အလိုကိုလဲဘဲ။ ဝေဒိတဗ္ဗော၊ သိရမယ်။

ဒေယျဓမ္မဿ၊ လှူဘွယ်ဝတ္ထုပစ္စည်း၏။ ဝသေန၊ စွမ်းအားကိုလဲ။ ဝေဒိတဗ္ဗော၊ သိရမယ်။

အတ္တနော၊ မိမိ၏။ ထာမေန၊ အားအစွမ်းဗလကိုလဲ။ ဝေဒိတဗ္ဗော၊ သိရမယ်။

ဘာပြောလဲ-ဒါယကာရဲ့အလိုကိုလဲ သိရမယ်၊ လှူဘွယ်ဝတ္ထုပစ္စည်းရဲ့ စွမ်းအားကိုလဲ သိရမယ်၊ မိမိရဲ့အတိုင်းအတာပမာဏကိုလဲဘဲ သိရမယ်၊ ဘယ်နှစ်ချက်လဲ-(သုံးချက်ပါဘုရား) ဘုန်းကြီးတို့ပရိသတ် မှတ်မိအောင်လား – နားထောင်ကောင်းအောင်လား၊ (မှတ်မိအောင်ပါဘုရား)

**အလှူခံယူရမည့် ပမာဏသုံးရပ်** "ဒေယျဓမ္မော ဗဟုကော ဟောတိ၊ ဒါယကော အပ္ပံဒါတုကာမော၊ ဒါယကဿ ဝသေန အပ္ပံ ဂဏှာတိ"[၁]။

ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုပစ္စည်းကတော့။ ဗဟုကော၊ များစွာရှိသည်။ ဟောတိ၊ ဖြစ်၏။ (တကာတယောက်က ပစ္စည်းသိပ်ချမ်းသာတယ်။) ဒါယကော၊ အဲဒီဒါယကာသည်။ အပ္ပံ၊ နည်းနည်းကလေးကို။ ဒါတုကာမော၊ ပေးလိုသည်။ ဟောတိ၊ ဖြစ်၏။ ဘယ်လောက်အလှူခံရမလဲ- ဒါယကဿဝသေန၊ ဒါယကာ၏ သဒ္ဓါစွမ်းပကားအားဖြင့်။ အပ္ပံ၊ နည်းနည်းကလေးကို။ ဂဏှာတိ၊ အလှူခံရ၏။

တကာက ပစ္စည်းသိပ်ချမ်းသာတယ်၊ သို့သော် လှူတော့နဲနဲဘဲ လှူချင်တယ်ဆိုယင် အလှူခံတဲ့ပုဂ္ဂိုလ်က နဲနဲဘဲအလှူခံပါတဲ့၊ ဒါယကာ၏သဒ္ဓါစွမ်းအားနှင့်ညီမျှရုံကလေး အလှူခံပါတဲ့၊ သူ့မှာ ပစ္စည်းတွေဘယ်လောက်ပေါပေါပေမဲ့ များများအလှူမခံရဘူးတဲ့၊ အဲဒီတရား ငါ့နားထဲရောက်ဘို့ သိပ်လိုတယ်၊ တကာ တကာမတွေရဲ့ နားထဲရောက်ဖို့ထက် ဘုန်းကြီးနားနဲ့ကိုအောင်ကြည့် နားထဲရောက်ဖို့ အများကြီးလိုတယ်-ဟုတ်လား။

တော်ဘော်ကြာ ကျေညာပြန်ပြီ ကထိန်ခင်းအတွက် ဘာတွေလှူပါအုံးလိုလို အခုနက ကြားလိုက်သေးတယ်-ဟုတ်လား၊ (တပည့်တော်က နဲနဲဘဲအလှူခံမှာပါဘုရား) အေး အေး အေး–နဲနဲဘဲဟုတ်လား၊ တချို့ ပစ္စည်းတွေသိပ်ချမ်းသာပေတဲ့ ရွှေကြည်တအိုးနှစ်အိုးလောက်ပဲ – နဲနဲဘဲမဟုတ်လား၊ (မှန်ပါဘုရား) အေး–နဲနဲဘဲအလှူခံတဲ့၊ ဗျာ–တိုးပါအုံး၊ နဲနဲလေးရှိသေးတယ်၊ ဘယ်လောက်ခလေးထည့်ပါအုံးနဲ့ ဒီလိုမလုပ်ရဘူးတဲ့၊ ထည့်သရွေ့လေးဘဲ အလှူခံပါတဲ့။

---

၁။ သဠာယတနသံယုတ် အဋ္ဌကထာ၊ နှာ–၆၇–၆၈။

"ဒေယျဓမ္မော အပ္ပေါ၊ဒါယကော ဗဟုံ ဒါတုကာမော၊
ဒေယျဓမ္မဿ ဝသေန အပ္ပံ ဂဏှာတိ"[၁]။

ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုပစ္စည်းသည်။ အပ္ပေါ၊ နည်း၏။ ဒါယကော၊ အလှူဒါယကာသည်။ ဗဟုံ၊များများကြီး။ ဒါတုကာမော၊ ပေးလှူလို၏။ပစ္စည်းကတော့နဲတယ်၊တကာကတော့ များများကြီး လှူချင်တယ်တဲ့၊ ဟုတ်တယ် ကိုယ်လဲ အခုရှေ့မှာကြည့်နေ–ပစ္စည်းမရှိတဲ့ လူတွေဖြစ်ကြယင် လှူချင်ပြီ–သူတို့ များများကြီး၊ ပစ္စည်းရှိတဲ့လူတွေကျတော့လဲ နဲနဲဘဲသူတို့ကလှူချင်တယ်၊တွက် ကြည့်စမ်းတကာကြီးတွေ လက်တွေ့ဘဲမဟုတ်လား၊ (မှန်ပါ) ပစ္စည်းတွေများ များရှိလာပြီဆိုယင် အဲဒီလူက နဲနဲဘဲ လှူချင်တယ်၊ ပစ္စည်းမရှိပလားဆိုယင် ပြောလိုက်ထာပါးစပ်က ရွှမ်းရွှမ်းကိုဝေလို့၊ လှူချင်လိုက်ထာ–များများကြီး လှူချင်လိုက်ထာ ရွှမ်းရွှမ်းကိုဝေလို့။

ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုပစ္စည်းသည်။ အပ္ပေါ၊ နည်း၏။ ဒါယကော၊ အလှူ့ဒါယကာသည်။ ဗဟုံ၊ များစွာ။ ဒါတုကာမော၊ ပေးလှူလိုသည်။ ဟောတိ၊ဖြစ်၏။ ဒေယျဓမ္မဿဝသေန၊ လှူဘွယ်ဝတ္ထုစွမ်းအားအလျောက်။ အပ္ပံ၊နည်းနည်းကို။ ဂဏှာတိ၊ အလှူခံရ၏။

ပစ္စည်းကနဲတယ်၊ တကာက များများကြီးလှူချင်တယ်ဆိုယင် ဘယ်လောက် အလှူခံရမလဲ၊(နဲနဲပါဘုရား) အေး–နဲနဲကဘဲ တိုးမတက်တော့ပါလား၊ အခုန လဲနဲနဲ၊ အခုလဲနဲနဲဘဲဟုတ်လား၊ (မှန်ပါ)ကိုင်း–တတိယပိုင်းပြောအုံးမယ်။

"ဒေယျဓမ္မောပိ ဗဟု၊ဒါယကောပိ ဗဟုံ ဒါတုကာမော၊ အတ္တနော
ထာမံ ဉတွာ ပမာဏေန ဂဏှာတိ"၊

ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုပစ္စည်းသည်။ ဗဟု၊များသည်။ဟောတိ၊ဖြစ်၏။ ဒါယကော၊ အလှူဒါယကာသည်။ ဗဟုံ၊များစွာ။ ဒါတုကာမော၊ ပေးလှူလို သည်။ ဟောတိ၊ဖြစ်၏။ (ပစ္စည်းတွေကလဲသိပ်များတယ် တကာကလဲ အများ ကြီးလှူချင်တယ်၊ ဘယ်လောက် အလှူခံရမလဲ၊ နဲနဲဘဲခံတဲ့–မြတ်စွာဘုရားက) အတ္တနော၊ မိမိ၏။ ထာမံ၊ စွမ်းပကားအင်အားနဲ့ တော်ရုံလောက်ကို။ဉတွာ၊ သိသည်ဖြစ်၍။ အပ္ပံ၊ နည်းနည်းကိုသာလျှင်။ ဝါ၊ ကိုယ်နဲ့မျှတရုံသာလျှင်။ ဂဏှာတိ၊အလှူခံရ၏။

နဲနဲဘဲအလှူခံတဲ့၊ အဲဒါကျတော့လဲ များများအလှူခံရတာ ပါရဲ့လား– ဒီအထဲ၊(မပါပါဘူးဘုရား) မပါဘူးဟုတ်လား၊အဲဒါ မလှူချင်တဲ့တကာနဲ့ ဒီတရားနဲ့တော့ အကိုက်၊ များများကြီးလှူချင်ပါတယ်ဆိုပေမယ့် ကိုယ့်ပမာဏ ကိုကြည့်ပြီးတော့ အလှူခံပါတဲ့–ဟုတ်လား၊(မှန်ပါ)

---

၁။ သဠာယတနသံယုတ် အဋ္ဌကထာ၊ နှာ–၆၇–၆၈။

ဆရာတော်ကြီးက ကိုရင်လေးကို မင်း ထန်းလျက် မစားချင်ဘူးလား ဆိုတော့–တပည့်တော် မစားချင်ဘူးတဲ့၊ ငါ ထန်းလျက် နဲ့ စားချင်လို့ မင်း ထန်းလျက်သွားအလှူခံချေပါဆိုတော့ ကိုရင်ကလေးက ထန်းလျက် သွားပြီးတော့ အလှူခံတယ်၊ ဟိုမှာတန်းစီပြီးတော့ အလှူခံနေတာ ကိုရင် ကလေးဂလဲ့ရောက်လို့ ခုနစ်နှစ်သားကလေး ရှိသေးတယ်၊ ကိုရင်ကလေး ဂလဲ့ ရောက်တော့ ဟိုကထန်းလျက်တွေ သပိတ်ကြီးနဲ့ တလုံးလာလှူတယ်၊ ကိုရင် ကလေးက လက်ခလေးလှုပ်ပြီးတော့ ခေါင်းခါပြတယ်တဲ့ မလိုချင်ဘူးတဲ့– အမျှားကြီး၊ ဒါဖြင့်ဘယ်လောက်ယူမှာလဲလို့ဆိုတော့ သူ့ဆရာစားချင်တယ် ဆိုလို့ လာပြီးတော့အလှူခံတာ၊ ထန်းလျက်နှစ်ခဲလောက်ရယင် တော်ပြီတဲ့။

ပစ္စည်းတွေကလဲများတယ်၊ လှည်းနဲ့ အစည်းငါးရာတိုက်လာတယ်၊ သဒ္ဓါ တရားကလဲ အမျှားကြီးလှူချင်တယ်၊ ကိုင်း– ဒီကိုရင်လေးမျိုး တွေ့ဘူးလား၊ တွေ့ဘူးကြလား–ဟင်၊ (မတွေ့ဘူးပါဘူးဘုရား) ဘုန်းကြီးပြောလိုတဲ့ အဓိပ္ပါယ် က သံဃာတော်များရဲ့ ကျင့်အပ်သော ဂုဏ်သိက္ခာတွေဟာ ဘယ်လောက် မွန်မြတ်တယ်ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များရဲ့ သန္တာန်မှာ အသိဉာဏ်ရောက်ပြီးတော့ အခုလက်ရှိ သံဃာတော် များကို ဒီနည်းနဲ့ ကြည်ညိုတတ်ဖို့ ဘုန်းကြီးဟောပေးတာ။

**နည်းနည်းသာအလှူခံသော ပုဂ္ဂိုလ်၏အကျိုးတရား**

သဘောကျတယ်မဟုတ်လား၊ (ကျပါတယ်ဘုရား) ဩော် – သံဃာတော်များရဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ် ဒါလောက်ကြည်ညိုစရာကောင်းပါ လား၊ သာသနာတော်ရဲ့ဂုဏ်ကျေးဇူးဟာ ဒီလောက်ကြည်ညိုစရာကောင်းပါလား လို့ ဆိုတာကိုသိအောင် တရားနာပြီးတော့ သိရတဲ့အတွက် အခုရှိတဲ့ သံဃာ တော်များကို အဲဒီနည်းနဲ့ တင်စားပြီးကြည်ညိုတတ်ဖို့–ဟုတ်လား၊ (မှန်ပါ)

ဩော်–ကိုယ်ရင်ကလေးက ခုနစ်နှစ်သားကလေးရှိသေးတယ်၊ ခံတွင်းမှာမိခင် ရဲ့နို့ရည်နံ့ မပျောက်သေးဘူး၊သာသနာတော်နဲ့ပတ်သက်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို တိကျပြတ်သားအောင် ကျင့်နိုင်တဲ့ကိုယ်ရင်ကလေး ပါလား ဆိုပြီးတော့ ရှင်ဘုရင်က ကြည်ညိုလိုက်ထာလေ – ဟုတ်လား၊ အဲဒါကြောင့် ဒီလိုအတိုင်းအတာ ပမာဏကိုသိပြီးတော့မှ အလှူခံတဲ့ပုဂ္ဂိုလ်များ ဘယ်လိုအကျိုး ပေးတတ်သလဲလို့ဆိုတော့–

အနုပ္ပန္နဥ္စလာဘံ ဥပ္ပါဒေတိ။ ။အနုပ္ပန္နဥ္စ၊ မဖြစ်ပေါ်လာသေးသော။လာဘံ လာဘ်လာဘကို။ ဥပ္ပါဒေတိ၊ ဖြစ်စေနိုင်၏။

မရသေးတဲ့လာဘ်လာဘတွေရလာတတ်သတဲ့၊ အောင်ကြည် (ဘုရား) သိပ် မလုပ်နဲ့နော် မင်း နဲနဲလုပ်-ဟုတ်လား၊ (မှန်ပါဘုရား)ရနိုင်သရွေ့ နင်းကန် လုပ်ပြီး ထည့်ပါအုံး, ထည့်ပါအုံး, ယည့်ပါအုံးနဲ့ ဒီလိုလုပ်နေယင် မရသေးတဲ့ လာဘ်လာဘတွေ မရတတ်ဘူးတဲ့ကွဲ-အပြန်ကြည့်လိုက်ယင်လေ(မှန်ပါ)

ဥပ္ပန္နဉ္စ ထာဝရံ ကရောတိ။ ။ဥပ္ပန္နဉ္စ၊ ရပြီးသော။ လာဘံ ၊လာဘ်လာဘ ကို။ ထာဝရံ၊ မြဲမြံခိုင်ခံ့သည်ကို။ ကရောတိ၊ ပြုတတ်၏-တဲ့။

အကျိုးနှစ်ပါးရတယ်၊ မရသေးတဲ့လာဘ်လာဘတွေ ရလာတယ်၊ရပြီးသား လာဘ်လာဘတွေ ခိုင်မြဲတယ်တဲ့၊ ဒီလိုပမာဏကိုသိပြီးတော့ အလှူခံတဲ့ပုဂ္ဂိုလ် များ-ဟုတ်လား၊(မှန်ပါ) အဲဒီလို အတိုင်းအတာပမာဏကို မသိပလားလို့ ဆိုယင် မရသေးတဲ့လာဘ်လာဘလဲဘဲ မရဘူး၊ ရပြီးသားလာဘ်လာဘတွေကော၊ (မခိုင်မြဲပါဘူးဘုရား) မခိုင်ခံ့ဘူး၊ပျက်စီးသွားတတ်တယ်တဲ့၊ ဒီဥပဒေကလေးသိ ထားပြီမဟုတ်လား၊ (မှန်ပါ)

အဲဒီ ဘောဇနမတ္တညူပိုင်းမှာ ပဋိဂ္ဂဟဏမတ္တညူကတော့ ဒီအပိုင်းဘဲနော်၊ (မှန်ပါ) အခုဘုန်းကြီး ဟောနေတာက ဘောဇနမတ္တညူ၊ စားသောက်တဲ့ နေရာမှာ အတိုင်းအတာ ပမာဏကို သိပြီးတော့ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာ ဖြင့် ဆင်ခြင်၍။ အာဟာရံ၊ အာဟာရကို။ အာဟာရိယာမ၊ မှီဝဲကြကုန်အံ့။ ပညာနဲ့ ဆင်ခြင်တယ်ဆိုဘာ ဘယ်လိုလဲ၊ ပဋိကူလသညာနဲ့ အခုနက ဆင် ခြင်တယ်၊ စားချင်သေးလား၊ (မစားချင်ပါဘူးဘုရား) စားပွဲပေါ်မှာတင် ထားတဲ့ ပစ္စည်းတွေကိုကြည့်လိုက်ကတည်းက ဒါတွေဟာ မစင်တွေဖြစ်မှာဘဲ၊ အခုစားနေတာဟာ မစင်တွေဖြစ်မှာကို စားနေရတာဆိုယင် ဘာစားတာနဲ့ အတူတူဘုံးကွ၊ (မစင်စားတာနဲ့ အတူတူပါဘဲဘုရား) မျိုကျပါအုံးမလား၊ (မကျပါဘူးဘုရား) အဲအခုကိုယ့်ပရိသတ်ကတော့ဖြင့် အဲဒီလိုမဆင်ခြင်ဘဲနေ တော့ စားကောင်းလိုက်တဲ့ဖြစ်ခြင်းမှာ မပြောနဲ့တော့-ဟုတ်လား၊ (မှန်ပါ) ဒီကနေ့ထမင်းစားလို့ ကောင်းကြရဲ့လား၊ (ကောင်းပါတယ်ဘုရား) ဘာနဲ့ စားလို့ကောင်းခဲ့ကြသလဲ၊ အေး-အဲဒီလို အသိဉာဏ်ဝင်ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ စားကြသောက်ကြရမယ်၊ ဒါ ပဋိကူလသညာနော်၊ (မှန်ပါ) ပဋိကူလသညာပိုင်း သဘောကျပြီမဟုတ်လား၊ (ကျပါပြီဘုရား) ဆင်ကောဆင်ခြင်တတ်ပြီ မဟုတ်လား၊ (ဆင်ခြင်တတ်ပါ ပြီဘုရား) ဒီနေ့ကစပြီးတော့ အိမ်မှာအစားအသောက်တွေ စားတိုင်းသောက် တိုင်း ဒီလိုသာ ဆင်ခြင်သွားကြမယ် ဆိုယင် ကုသိုလ်တွေ တိုးပွားမနေဘူး လားလို့၊ (တိုးပွားပါတယ်ဘုရား)ဒါ ပဋိကူလဆင်ခြင်နည်း။

ဘောဇဉ်၌ ဓာတုမနသိကာရ-ဓာတ်အနေအားဖြင့် ဆင်ခြင်ဓာတ်အနေအားဖြင့်ဆင်ခြင်ပုံ နည်းဆိုတာ ရှိသေးတယ်၊ ဘယ်လိုလဲ ဆိုတော့ ရှေးဆရာတော်ကြီးများက–

"ဇိဏ္ဏံ ရထ မဘေဒါယ၊ ဒါတဗ္ဗံ သေနဟောဒကံ။
ဧတုစက္က မဘေဒါယ၊ ဘောဇ္ဇံ ဒတွာန ပေါသိတံ။
ဥဘောပေတေ န ဇာနန္တိ၊ အညောညံ ရက္ခသေနဟာ။
ကာယော ဘောဇ္ဇံ န ဇာနန္တိ၊ ဥဘောပိ ဓာတုမတ္တကာ"[၁]။

ဒါ ပစ္စဝေက္ခဏာယောနိသောဆိုတဲ့ စာပိုဒ်ကလေးကို ပြောနေတာ၊ ပစ္စဝေက္ခဏာယောနိသော အာဟာရံ အာဟာရိဿာမ-ပေါ့ဗျာ၊ ဒီအပိုဒ်ကလေးကို ပြောနေတာ၊နေဝဒဝါယ- တို့ န မဒါယ-တို့ န မဏ္ဍနာယတို့ဒါတွေ မပါသေးဘူးနော်၊ (မှန်ပါ)နောက်ပြီးတော့ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ယတြာ စ မေ ဘဝိဿတိ၊အနဝဇ္ဇတာ စ-ဒီ အပိုဒ်တွေ မပါသေးဘူး နော်၊ (မှန်ပါ) ပစ္စဝေက္ခဏာယောနိသော အာဟာရံ အာဟာရိဿာမ-ဒါဘဲ ပြောနေတာ၊စားတဲ့အခါ အာဟာရကိုဆင်ခြင်ပုံက--

လှည်းအိုကြီးဥပမာ ဇိဏ္ဏံ၊ အိုမင်းရှိနေသော။ ရထံ၊ ရထားကို။ ဇိဏ္ဏံရထံ၊ ရထားအိုကြီးကို။အဘေဒါယ၊မပြိုမကွဲမလဲမတိမ်းစေခြင်း ပါစေခြင်းငှာ။ ဝါ၊ ဖြောင့်ဖြောင့်မှန်မှန် သွားပါစေခြင်း အကျိုးငှာ။ သေနဟောဒကံ၊ လှည်းစာဆီကို။ ဒါတဗ္ဗံယထာ၊ ထည့်ရှိပေးရသကဲ့သို့။

ရှေးတုန်းကတော့ လှည်း-ဇိဏ္ဏရထ-ရထားအိုကြီး၊ မော်တော်ကားအိုကြီးများကျတော့ ဘာထည့်ပေးရသလဲ၊ (စက်ဆီပါဘုရား) အဲဒီမော်တော်ကားကြီးဟာ ဘယ်လောက်ပေးရသလဲ– သိန်းကျော်မဟုတ်လား၊ သိန်းကျော်ပေးရတဲ့ မော်တော်ကားကြီးပင်ဖြစ်စေကာမူ ဓာတ်ဆီမထည့်ယင် အင်ဂျင်ဝိုင်မထည့်ယင် ရေမထည့်ယင် ဒီမော်တော်ကား လိမ့်လို့ရရဲ့လား၊ (မရပါဘုရား)

ဇိဏ္ဏံရထံ၊ရထားအိုကြီးကို။ သေနဟောဒကံ၊လှည်းစာဆီကို။ ဒါတဗ္ဗံယထာ၊ ထည့်ပေးရသကဲ့သို့။ ဧဝံတထာ၊ ပမာနည်းယူ ထို့အတူသာလျှင်။ ဧတုစက္ကံ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းဟုဆိုအပ်သော ဣရိယာပုထ်လေးပါး တပ်ဆင်ရှိထားသော ဤခန္ဓာကိုယ်ကြီးကို။ အဘေဒါယ၊မလဲမတိမ်း မယိမ်း မပြိုကွဲပါစေခြင်းငှာ။ ဝါ၊ သွားလို့ ရပ်လို့ ထိုင်လို့ လျောင်းလို့ဖြစ်ပါစေ

---

၁။ ဝိသုဒ္ဓိ၊ ပရမတ္ထသရူပဘေဒနီကျမ်း၊ ဒုတွဲ၊ နှာ-၇၇။

"နေဝ ဒဝါယာတိ ဧတံ မောဟူပနိဿယပဟာနတ္ထံ ဝုတ္တံ"၁။

နေဝ ဒဝါယာတိ တော်၊နေဝ ဒဝါယ-ဟူသော စကားရပ်ကို။ မောဟူပ နိဿယပဟာနတ္ထံ၊ ကုသိုလ်ကောင်းမှုတရား၌ ပိတ်ဖုံးတွေဝေ မေ့လျော့နေခြင်း ဟူသော မောဟရဲ့မှီရာ စားသောက်ခြင်းမျိုးကို ပယ်ခြင်းအကျိုးငှာ။ ဝုတ္တံ၊ မိန့်အပ်၏။

ဘာပယ်ဘို့ဟောလိုက်ထာလဲ၊ (မောဟပါဘုရား)

"န မဒါယာတိ ဧတံ ဒေါသူပနိဿယပဟာနတ္ထံ ဝုတ္တံ"၂။

န မဒါယာတိ တော်၊ နမဒါယ-ဟူသော ဤတရား ဒေသနာတော်ကို။ ဒေါသူပနိဿယ ပဟာနတ္ထံ၊ ဒေါသ၏မှီရာ မှီဝဲသုံးဆောင်စားသောက်ခြင်းမျိုး ကို ပယ်ခြင်းငှာ။ ဝုတ္တံ၊မိန့်အပ်၏။

န မဒါယ-ကိုဘာပြုလို့ မြတ်စွာဘုရား ဟောသလဲဆိုတော့-အားဟူသော မာန်မာနတွေ တိုးတက်ပြီးတော့ သူတပါးကို ဖိစီးနှိပ်စက် အနိုင်ယူဘို့လို့ ဆိုပြီးတော့ မစားရဘူးလို့ မြတ်စွာဘုရားဟောတာဟာ မိမိကဆွမ်းတွေကို စားပြီးတော့ အားခွန်ဗလ တက်လာပြီးတော့ သူတပါးကို အနိုင်ယူဘို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မစားရဘူးလို့ ဒေါသကိုပယ်ဘို့ဟောတဲ့ဒေသနာတော်ပါတဲ့၊ ထမင်းစားရင်း မောဟတွေ ဒေါသတွေ ပယ်မနေဘူးလား၊ (ပယ်နေပါတယ် ဘုရား)

"န မဏ္ဍနာယ န ဝိဘူသနာယာတိ ဧတံ ရာဂူပနိဿယပဟာနတ္ထံ"၃။

န မဏ္ဍနာယ နဝိဘူသနာယာတိ တော်၊န မဏ္ဍနာယ, နဝိဘူသနာယ-ဟူသော ဤနှစ်ပုဒ်ကို။ ရာဂူပနိဿယပဟာနတ္ထံ၊ ရာဂတိုးပွားကြောင်းဖြစ်တဲ့ မှီဝဲသုံး ဆောင်စားသောက်ခြင်းမျိုးကို ပယ်ခြင်းငှာ။ ဝုတ္တံ၊ မြတ်စွာဘုရားဟောတော် မူအပ်၏။

န မဏ္ဍနာယ, န ဝိဘူသနာယ-ဆိုတဲ့ ဒီနှစ်ပုဒ်က မိမိမှာ ရာဂတရားတွေ တိုးပွားကြောင်းဖြစ်တဲ့ မှီဝဲခြင်းမျိုးကို ပယ်ဘို့ရန်အတွက် ရာဂကို ပယ်ဘို့ အတွက် မြတ်စွာဘုရားဟောတယ်၊ဒီပဋိက္ခေပ အင်္ဂါလေးပုဒ်ဖြင့် မှီဝဲသုံးဆောင် စားသောက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘာတရားတွေ ကင်းသွားသလဲ-ရာဂ ဒေါသ မောဟ တရားသုံးပါးကင်းသွားတယ်၊ အရသာထွက်ပြီမဟုတ်လား၊ (မှန်ပါ) ဒါဘဲလားဆိုတော့ မကုန်သေးဘူး၊ပြောစရာကျန်သေးတယ်။

"နေဝ ဒဝါယ န မဒါယာတိ စေတံ အတ္တနော သညောဇနုပ္ပတ္တိ ပဋိသေဓနတ္ထံ"၄။

၁-၂-၃-၄။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၃၁။

နေဝ ဒဝါယ န မဒါယာတိ စ တော်၊ နေဝ ဒဝါယ, န မဒါယ-ဟူသော ဤပုဒ်ကိုလည်း။ အတ္တာနော၊ မိမိ၏အပေါ်၌။ သဉ္ဉောဇနုပ္ပတ္တိ ပဋိဃာတာယ၊ သံယောဇဉ်ကြီးဖြစ်ပေါ်မှုကိုတားဆီးစေခြင်းငှာ။ ဝုတ္တံ၊ သမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူအပ်၏

ကိုယ့်ကိုမှီပြီးတော့ဖြစ်တဲ့ သံယောဇဉ်က ဘာလဲ ဒီ အာဟာရတွေကို သုံးဆောင်စားသောက်မှီဝဲပါသဖြင့် မြူးတူးပျော်ပါးကစားခြင်း၊ ဒါက-ဒဝါ၊သူတပါးတို့ကို အားခွန်ဗလနဲ့ ဖိစီးနှိပ်စက်မယ်ဆိုတဲ့-မဒ၊ ဒီသံယောဇဉ်နှစ်ပါးကို ပယ်ဘို့ရန်အတွက် မြတ်စွာဘုရား ဟောတော်မူတာပါတဲ့၊ သဘောပေါက်ကြရဲ့လား၊ (မှန်ပါ)

"န မဏ္ဍနာယ န ဝိဘူသနာယာတိ တော် ပရဿ သဉ္ဉောဇနုပ္ပတ္တိ-ပဋိဃာတာယ ဝုတ္တံ"။

နမဏ္ဍနာယ,န ဝိဘူသနာယဟူသော ဒီစကားနှစ်ပုဒ်ဖြင့် မိမိအပေါ်မှာ တပါးသောပုဂ္ဂိုလ်က သံယောဇဉ်ကြီးမငြိကပ်ရန်အတွက် ပယ်မြစ်ခြင်းငှါ မြတ်စွာဘုရား ဟောကြားတော်မူတယ်၊ ကိုယ်ကထမင်းကိုလှအောင်စားတယ်, ဝအောင်စားတယ်ဆိုယင် ကိုယ်ကလှနေမယ်, ဝနေပယ်မဟုတ်လား၊ လှနေ ဝနေတဲ့ပုဂ္ဂိုလ်ကို သူတပါးကမြင်လိုက်ယင် သူတပါးက ကိုယ့်အပေါ်မှာ ရစ်ပတ်တဲ့ သံယောဇဉ်ကြီးတွေ မဖြစ်နိုင်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) အဲဒါကြောင့် ဒီသူတပါးရဲ့ သံယောဇဉ်ကြီးရစ်ပတ်မှုကို တားမြစ်ဘို့ရန်အတွက် နမဏ္ဍနာယနဲ့ နဝိဘူသနာယဆိုတဲ့ ဒီနှစ်ပုဒ်ကို မြတ်စွာဘုရားထည့်ပြီးဟော့ ဟောထားပါတယ်၊ နားလယ်ပြီနော်၊ (မှန်ပါ) ကုန်ပလားဆိုတော့ မကုန်သေးဘူးကွဲ၊ နောက် တဝိကပ် လာသေးတယ်။

"စတူဟိပိ ဧတေဟိ အယောနိသော ပဋိပတ္တိယာ ကာမသုခလ္လိကာနုယောဂဿစ ပဟာနံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"။

စ၊ ထိုမှတပါး။ ဧတေဟိ စတူဟိပဒေဟိ၊ နေဝ ဒဝါယ, န မဒါယ, နမဏ္ဍနာယ, န ဝိဘူသနာယ-ဟူသော ဤလေးပုဒ်တို့ဖြင့်။ အယောနိသော၊ မသင့်လျော်သောအကြောင်းအားဖြင့်။ ပဋိပတ္တိယာစ၊ မိစ္ဆာကျင့်ဝတ်ကိုငှင်း။ (စားတဲ့သောက်တဲ့အခါမှာ ဒီတအိမ်သားဆွမ်းခံတယ်၊ တလုပ်စာဘဲစားတယ် စသည်ဖြင့် ဒီလိုမိစ္ဆာပဋိပဒါတွေ ရှိတယ်မဟုတ်လား၊ (မှန်ပါ) အဲဒီလိုမိစ္ဆာပဋိပဒါတွေကို ပယ်ခြင်းငှါငှင်း။) ကာမသုခလ္လိကာနုယောဂဿစ၊ ကာမချမ်းသာကိုလှေ့လာကြိုးစား ပွါးများအားထုတ်ခြင်းနဲ့ ယှဉ်စပ်သောစားသောက်သုံးဆောင်မှီဝဲခြင်းမျိုးကိုငှင်း။ ပဟာနံ၊ ပယ်ခြင်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အဋ္ဌကထာက-ဘယ်လောက်ကောင်းလဲ။

(မစားနိုင်ပါဘူးဘုရား) ဟာ-အဲဒီနေရာမှာ အင်္ဂါတွေကို အများကြီး၊ အဋ္ဌကထာတွေမှာကော ဋီကာတွေမှာကော ဖွင့်ပြကြတယ်၊ တလောက ဒီပုတ္တ မံသူပမသုတ်ကို အစုံယည့်ဟောထားတာ ရှိတယ်မဟုတ်လား၊ (ရှိပါတယ်ဘုရား) ကိုင်း-ဒီနေရာမှာ ရှေ့နေမယ်ဆိုယင် အခုညနေ ခုနစ်နာရီ ရှစ်နာရီနဲ့ ဆိုးမှာ မဟုတ်ဘူး-ဒီသုတ္တန်၊ အဲဒီသားငယ်ကလေးရဲ့ အသားကို သတ်ပြီးတော့စားကြ သောက်ကြတာသည့် ဒီခရီးခဲကို လွန်မြောက်ဖို့ အလို့ငှာသာလျှင် ဒီအစာကို စားတာ။

အဲဒီအတိုင်းဘဲတဲ့ သိက္ခာ သုံးပါးတည်းဟူသော ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ကို ကျင့်ပြီးတော့-

သိက္ခတ္တယာနုံယောဂဝသေန ဘဝကန္တာရ နိတ္ထရဏတ္ထံ-တဲ့။

သိက္ခတ္တယာနုယောဂဝသေန၊ သိက္ခာသုံးပါး အကျင့်တရားကို အစဉ် လေ့ လာ ကြိုးကုတ် အားထုတ်သည်၏ အစွမ်းအားဖြင့်၊ ဘဝကန္တာရ နိတ္ထရဏတ္ထံ၊ ဘဝတည်းဟူသော ကန္တာရခရီးခဲကြီးကို လွန်မြောက်ပါခြေင်း အကျိုးငှာ။ အာဟာရံ၊ အာဟာရကို။ အာဟရိဿာမ၊ သုံးဆောင်မှီဝဲကုန်အံ့။ သာသနာ တော် ချီးမြှောက်ဘို့-စားဆိုလိုတာ။

ဒီဘက်ကမ်းကနေပြီး ဟိုဘက်ကမ်းကို လှေနဲ့သွားတဲ့အခါမှာ ဟိုဘက်ကမ်း ရောက်တော့ ဒီလှေကို ကပ်ငြိတွယ်တာတဲ့စိတ် ရှိသေးလား၊ (မရှိတော့ပါဘူး ဘုရား) ဒီ သံသရာတည်းဟူသော ခရီးခဲကြီးကို ကူးကြရောက်ကြတဲ့အခါမှာ အာဟာရကလေးကို မှီပြီးတော့မှ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့် တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ ဒီအပေါ်မှာ တပ်မက်တဲ့ သဘောနဲ့လှေကို မသုံးဆောင်သလို ဒီအာဟာရကိုလဲ တပ်မက်တဲ့သဘောနဲ့ မသုံးဆောင်မူ၍ သံသရာခရီးခဲ ကူးဘို့လောက်သာလျှင် အာရုံပြုပြီးတော့ စားသောက်သုံးဆောင်ပါတဲ့-မြတ်စွာဘုရားက။

ယာဝဒေဝ ပြဟ္မစရိယာနုဂ္ဂဟာယ ဧဝ၊ သိက္ခာသုံးပါးတည်းဟူသော မြတ်သော အကျင့်, မဂ်ဖိုလ်တည်းဟူသော မြတ်သောအကျင့်ကို ချီးမြှောက်နိုင်ရုံငှါသာ လျှင်။ အာဟာရံ၊ အာဟာရကို။ အာဟရိဿာမ၊ မှီဝဲကုန်အံ့။

ဣတိ၊ ဤသို့ဆွမ်းကိုမှီဝဲသဖြင့်။ ဝါ၊ မှီဝဲခြင်းကြောင့်။ ပုရာဏံ၊ ဆာလောင် မွတ်သိပ်ခြင်းဟုဆိုအပ်သော အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ ဒီကောင်းပေ့ဆိုတဲ့ ငကြွဲဆန်တို့ ဘာတို့စားမှ အဆာပြေမှာလား၊ ဂျုံတို့ဘာတို့စားယင်ကော အဆာမပြေဘူးလား၊ (ပြေပါ

တယ်ဘုရား) တော်ရောပေါ့ ဂျုံကလေးဘာလေးစားရယင်၊ သစ်ရွက်သစ်ဖု တွေ စားနေယင်ကောကွဲ့၊(ရပါတယ်ဘုရား) အဆာပြေယင်ပြီးတာဘဲ။

သဗ္ဗညုမြတ်စွာဘုရား ဟောထားတော်မူတဲ့ ဒီတရားတော်တွေအတိုင်းသာ လိုက်နာကြည့်ပါ၊ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီး တွေ ပစ္စုပ္ပန်လောကမှာ ကိုယ်ချမ်းသာစိတ်ချမ်းသာမဖြစ်ဘဲ မနေဘူး၊အခု– ဘုန်းကြီးတို့မှာ ဒီအတိုင်းမနေနိုင်ကြလို့ ဒုက္ခရောက်နေကြတာ၊ ဒါလေးရ ဒါလေးနဲ့ဘဲ တော်ရောပေါ့။ ဒီကြားထဲမှာ လဘက်ရေမသောက်ရ–ကော်ဖီ မသောက်ရယင် မနေနိုင်ဘူးဆိုတဲ့လူကတော့ ဒုက္ခဘဲ။

နဝဥ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ။ ။နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဥ္စ၊ အလွန်အလွန်စားခြင်းကြောင့် စားပိုးနင့်ခြင်းဟုဆိုအပ်သော ဝေဒနာကိုလည်း။ နဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ ဆင်ခြင်ရမှာက–သိပ်ပြီးတော့ နင်းကန်စားလိုက် မယ်ဆိုယင် စားပိုးတွေနင့်ပြီးတော့ အခုနက ရဟန်းတပါးဘာဖြစ်တယ်၊ ပျံ တော်မူတယ်၊ ကျေးသားလေးဘာဖြစ်တယ်၊ သေတယ်၊ အဲဒီလို အဖြစ်မျိုး တွေကို မဖြစ်အောင် သုံးဆောင်မှီဝဲစားသောက်ပါတဲ့–မြတ်စွာဘုရားက။

ယာတြာ စ မေ ဘဝိဿတိ။ ။ယာတြာစ၊ မျှတခြင်းသည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မျှမျှတတရှိရမယ်၊ ဘာနဲ့မျှရမလဲ- မြတ် သောသာသနာတော်ရဲ့ အကျင့်တရားနဲ့မျှတနိုင်းချိန်ပြီး ညီညွတ်နေရမယ်။

အနဝဇ္ဇတာစ ဖာသုဝိဟာရောစ။ ။အနဝဇ္ဇတာ စ၊ အပြစ်မရှိခြင်းသည် ၎င်း။ ဖာသုဝိဟာရောစ၊ ချမ်းသာစွာနေရခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ် လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာဟာရံ၊ အာဟာရကို။ အာဟရိဿာမ၊ မှီဝဲကြကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

အနဝဇ္ဇတာ စ၊ အပြစ်မရှိဘူးတဲ့။ ဘာအပြစ်မရှိသလဲဆိုတော့ ရှာဖွေခြင်း, ခံယူသုံးဆောင်ခြင်း၌ အပြစ်မရှိခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဖာသုဝိဟာရောစ၊ နှိုင်းနှိုင်းချိန်ချိန် စားသောက်သည်ဖြစ်သောကြောင့် ချမ်း သာစွာနေရခြင်းသည်လည်း။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ လေးလုပ်ငါးလုပ်လောက် လျှော့စား၊ ကိုယ့်ပမာဏလေးနဲ့ကိုယ်၊ ကိုယ့်ဝမ်းမီးက သိပ်ပြီးမချက်နိုင်ဘူး၊ ဝမ်းမီးချက်နိုင်ရုံလောက်သာ မျှတရုံကလေးဘဲစား၊ ဘယ်လောက်ကောင်းတဲ့ အစာဘဲဖြစ်ဖြစ် များများကြီးမစားရဘူး၊ အခုတော့ စားကောင်းကောင်း ရှိယင် ကိုအောင်ကြည်၊ (ဘုရား) ဘယ်နှယ်လုပ်လိုက်သလဲ၊ (ပိုစားပါတယ် ဘုရား) လေးလုပ် ငါးလုပ်တော့ လျှော့စားပါတဲ့၊ ကျမ်းဂန်ကပြတယ် မဟုတ် လား၊ (မှန်ပါ)

အဲဒီလို သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်က ဘာပြသလဲ–

(၁) ဣမဿ ကာယဿ ဌိတိယာ ယာပနာယ-တပုဒ်။

(၂) ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ-ဟောတာ တပုဒ်။

(၃) ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ဟောတာ တပုဒ်။

(၄) ယာတြာစ မေ ဘဝိဿတိ၊ အနဝဇ္ဇတာ စ၊ ဒါက တပုဒ်။

ပေါင်းတော့ ဘယ်နှစ်ပုဒ်လဲ၊ (လေးပုဒ်ပါဘုရား) အဲဒီ ဂဟောတဗ္ဗ အင်္ဂါ လေးပါးနဲ့ အညီ သုံးဆောင်စားသောက်သဖြင့်–

| | |
|---|---|
| အကျိုးသုံးပါးကို ပြဆိုချက် | ဓမ္မာဝတာ ယုတ္တပရိဘောဂသင်္ဟော အတ္တကိလမထာနုယောဂ ပဟာနံ ဓမ္မိကသုခပရိစ္စာဂေါစ ဒီပိတော ဟောတီတိ ဝေဒိတဗ္ဗော။ (အဋ္ဌကထာဆရာက) |

ဓမ္မာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော လေးပါးသော အင်္ဂါတို့ဖြင့် ဟောကြားအပ်သော တရားအစဉ်ဖြင့်။ ယုတ္တ ပရိဘောဂသင်္ဟောစ၊ ရဟန်းတော်တို့အား။ ဝါ၊ တရားအားထုတ်တဲ့ အမျိုးကောင်းသား–အမျိုးကောင်း သမီးများအား သင့်လျော်လျောက်ပတ်သော သုံးဆောင် စားသောက်ခြင်းကို သိမ်းယူခြင်းကိုရင်း။ အတ္တကိလမထာနုယောဂပဟာနဉ္စ၊ ကိုယ်ပင်ပန်းအောင် ကျင့်ခြင်းဟုဆိုအပ်သော အကျင့်ကို ပယ်ခြင်းကိုရင်း။

မစားဘူး ဆိုပြန်တော့လဲ အတ္တကိလမထကြီး ဖြစ်အုံးမယ်မဟုတ်လား၊ (မှန်ပါ)ဒီလိုဆိုယင် အရှင်ဘုရားတို့ မစားဘဲနေလိုက်ပါတော့လား ဆိုတော့ မစားဘဲကောနေလို့ဖြစ်ကဲ့လား၊ (မဖြစ်ပါဘူးဘုရား) မစားယင်ဘယ်လိုတုံး၊ (အတ္တကိလမထဖြစ်ပါတယ်ဘုရား)

ဓမ္မိကသုခပရိစ္စာဂေါစ၊ တရားနှင့်ယှဉ်သော ဈာန်ချမ်းသာ,မဂ်ချမ်းသာ,ဖိုလ် ချမ်းသာကို မစွန့်ခြင်းကိုရင်း။ ဒီပိတော၊ ဤသို့ သုံးပါးသော အကျိုးကို ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣတိ-ဧဝံ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ကျင့်အပ်ပါပေသတည်း။

သာဓု သာဓု သာဓု

### မဟာအဿပုရသုတ္တန်

# ဆဋ္ဌမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၈-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈-ရက်၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် မဟာယမကဝဂ်ွလာသော မဟာအဿပုရသုတ္တန် ဆဋ္ဌမပိုင်း တရားဒေသနာ။

(တရားစကားပလ္လင်ခံနှင့် ဘုရားရှိခိုးရေးနည်းအတိုင်း)

**ဘုရားရှိခိုးခြင်း၏ ရည်ရွယ်ချက်** တရားမနာမိ တရားမဟောမိ ရှေးဦးစွာ သဗ္ဗညုမြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်များကို တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်တို့အနေဖြင့် ရှိသေစွာ နမောတဿ-ကိုရွတ်ဆို၍ ဘုရားရှိခိုးပြီးပြီ၊ တရားမဟောခင် တရားမနာခင် မြတ်စွာဘုရားကို ရှိခိုးရခြင်းရဲ့ ရည်ရွယ်ချက်က နှစ်မျိုးရှိတယ်၊ ပဌမရည်ရွယ်ချက်က မြတ်စွာဘုရားကို ရှိခိုးကြောင်းဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့် တရားဟောပုဂ္ဂိုလ်နှင့် တရားနာပုဂ္ဂိုလ်များသည် ဘေးရန်ကင်းကွာ ချမ်းသာစွာ အန္တရာယ်ကင်းခြင်းနှင့် မြတ်စွာဘုရားကိုယ်တော်မြတ်၏ သာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့နိုင်ပါစေလို့ ဒီလိုရည်ရွယ်ချက်တခုရှိတယ်။

ဒုတိယရည်ရွယ်ချက်က ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အန္တရာယ်ကင်းကွာပြီးတော့ ကြိုးစားပွားများအားထုတ်အပ်သော တရားတော်၏ အရဟတ္တဖိုလ်ပေါက် အပြီးအဆုံးသို့ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ချောချောမောမော ရောက်ပါစေလို့ဆိုတဲ့ ဒုတိယရည်ရွယ်ချက်တခုရှိတယ်၊ ယင်းသို့ရည်ရွယ်ချက်နှစ်မျိုးတို့ဖြင့် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးပြီးတော့ ဘုန်းကြီးတို့ ဟောလက်စရှိတဲ့ ပဏ္ဏာသပါဠိတော်က မဟာအဿပုရသုတ္တန် ဒေသနာကို ဆက်ပြီးတော့ ဟောကြရအောင်-ဆက်ပြီးတော့ တရားနာကြရအောင်။

**စကားအဆက်အစပ်ကို ပြဆိုချက်** သဗ္ဗညုရှင်တော်မြတ်ဘုရားကသာသနာ့ဝန်ထမ်းရဟန်းတော်များကို၊ သို့မဟုတ် သာသနာတော်ကို မှီခိုပြီးတော့ ကြည်ညိုလေးစားနေကြတဲ့ ဥပါသကာအမျိုးကောင်းသား- ဥပါသိကာ အမျိုးကောင်းသမီးများကို ရှင်တော်မြတ်ဘုရားက

ချစ်သားတို့....ချစ်သားတို့သည် သင်တို့ကိုယ်သင်တို့ သမဏဟူသောအမည်ကို ခံယူထားကြကုန်၏၊ သင်တို့ဘယ်လိုပုဂ္ဂိုလ်တွေလဲလို့ မေးယင်လဲ ကျွန်ုပ်တို့သည် သမဏဟူသောအမည် ရှိကုန်၏ဟု သင်တို့က ဝန်ခံစကား ပြောကြားကြကုန်၏၊ဤသို့ သမဏဟုဝန်ခံပြီး သာသနာ့တာဝန်ကို ခံယူထားကြတဲ့ သင်ချစ်သား, ချစ်သမီးတို့သည် သမဏဖြစ်ကြောင်း, ဗြာဟ္မဏဖြစ်ကြောင်း တရားများကို ကြိုးစားအားထုတ် ကြမှသာလျှင် သင်ချစ်သားတို့သည် သမဏဟူသော အမည်နဲ့ ကိုက်ညီမယ်၊ သမဏဟူသော တာဝန် ယူထားတာလဲဘဲ မှန်ကန်စွာတာဝန်ယူခြင်း ဖြစ်မယ်တဲ့၊ သင်ချစ်သားတို့ရဲ့ သမဏအဖြစ်, ဗြာဟ္မဏအဖြစ်သည်လဲဘဲ မမြုံဘဲရှိလိမ့်မယ်တဲ့။

ဒါကြောင့် သမဏဖြစ်ကြောင်း,ဗြာဟ္မဏဖြစ်ကြောင်း တရားများကို သင်ချစ်သားတို့ကျင့်ကြ၊ ဘယ်တရားတွေတုံး၊ နောက်က ဘုန်းကြီးဟောခဲ့တဲ့အတိုင်း ဟိရီ,ဩတ္တပ္ပတရားနှစ်ပါး ရှေးဦးစွာရှိရမယ်၊ ကာယသမာစာရ,ဝစီသမာစာရ, မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိသီလထိအောင် သွားတယ်၊ ယင်းသို့သော တရားစုတို့နဲ့ ပြည့်စုံရုံနဲ့ တင်းတိမ်ရောင့်ရဲ မနေရဘူးတဲ့–ရှေ့ကိုကျင့်စရာ ရှိသေးတယ်တဲ့၊ဘာတုံး–

ဣန္ဒြိယေသု ဂုတ္တဒွါရ–ဣန္ဒြေကို လုံခြုံအောင်စောင့်စည်းမှု၊ ယင်းသို့သော တရားစုတို့နဲ့လဲ တင်းတိမ်ရောင့်ရဲ ကျေနပ်မနေကြနဲ့အုံးတဲ့၊ ရှေ့ဆက်ပြီး တရားကျင့်ကြရအုံးမယ်တဲ့၊ ဘာတရားလဲဆိုတော့ ဘောဇနေ မတ္တညုတာပိုင်း၊ ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးတို့ဟောခဲ့ပြီးပြီ၊ ပြီးခဲ့တဲ့အပတ်က ဒီဘောဇနေမတ္တညုတာကို ဟောပေးခဲ့တာ ဘယ်နှစ်ရက်လောက် ရှိသွားပလဲဆိုတော့ ရက်တွေပြည့်စုံအောင် ထည့်တွက်ရမယ်ဆိုယင် ခုနစ်ရက်တပတ် ရှိသွားပြီဟုတ်လား၊ (မှန်ပါ) အဲဒီခုနစ်ရက်တပတ် ဟောထားတဲ့တရားများကို အခု ဒီကနေ့ ပြန်မေးယင် မှတ်မိကြသေးရဲ့လား။

ဘောဇနေ မတ္တညုတာ–ဆိုတာ ဘုန်းကြီးခပ်ငယ်ငယ်က ရှင်ကျင့်စတ်ထဲမှာပါတဲ့–ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ–စသည်ဖြင့် ဒီပါဠိပိုဒ်ကို ခပ်ကျယ်ကျယ်ကလေး အဓိပ္ပါယ်ပြောပြီးတော့ ရှင်းဟောပေးခဲ့တယ်မဟုတ်လား၊ (မှန်ပါ) အဲဒီတပိုဒ်နဲ့ဘဲ တရားပွဲတခုပြီးသွားတယ်၊ ဘောဇနေမတ္တညုတာလို့ခေါ်တဲ့အပိုင်း ဟောပြီးတော့ ဘုန်းကြီးတို့အမျိုးကောင်းသား,အမျိုးကောင်းသမီးများမှာ ဘာတရားတွေ ပြည့်စုံနေပလဲဆိုတော့ ဒီပါဠိတော်ဟောစဉ်ဒေသနာတော်အရဆိုယင်–

**တင်းတိမ်ကျေနပ်မနေရန် ဟောကြားချက်**

ဟိရီ,ဩတ္တပ္ပတရားနှစ်ပါး၊ ကာယသမာစာရ,ဝစီသမာစာရ,မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိ,ဣန္ဒြိယေသု ဂုတ္တဒွါရ, ဘောဇနေ မတ္တညုတာလို့ တရားခုနစ်ပါးလောက် ပြည့်စုံပြီဆိုကြပါစို့ ဟုတ်လား၊ (မှန်ပါ) ဒီတရားခုနစ်ပါး ပြည့်စုံရုံလောက်နဲ့ သာသနာတော်ကို ဝင်ရောက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ အရဟတ္တဖိုလ်ပေါက် ကိစ္စပြီးကြပကလားလို့ဆိုတော့–မပြီးသေးဘူး၊ ဒါလောက်နဲ့ တင်းတိမ်ကျေနပ်နေရမလားဆိုတော့ မတင်းတိမ်နဲ့ အုံးတဲ့–မြတ်စွာဘုရားက၊ ရှေ့မှာကျင့်စရာ ကြံစရာတွေ ရှိသေးတယ်ဆိုပြီး ပါဠိတော်ကတပိုဒ်ဆက်ပြီးတော့ပြတယ်။

“သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝ မဿ၊ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ ပရိသုဒ္ဓေါ နော ကာယသမာစာရော၊ ပရိသုဒ္ဓေါ ဝစီသမာစာရော၊ ပရိသုဒ္ဓေါ မနောသမာစာရော၊ ပရိသုဒ္ဓေါ အာဇီဝေါ၊ ဣန္ဒြိယေသုမှ ဂုတ္တဒွါရာ၊ ဘောဇနေ မတ္တညုနော၊ အလမေတ္တာဝတာ၊ကတမေတ္တာဝတာ၊ အနုပ္ပတ္တော နော သာမညတ္ထော၊နတ္ထိ နော ကိဉ္စိ ဥတ္တရိံ ကရဏီယ”န္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ခေါ ပန၊ စင်စစ်သော်ကား။ သိယာ၊ ရှိခါ။ တုမှာကံ၊ သင်ချစ်သား, ချစ်သမီးတို့၏ သန္တာန်၌။ မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ နော၊ ငါတို့၏။ ကာယသမာစာရော၊ ကိုယ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ ဝစီသမာစာရော၊ နှုတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ မနောသမာစာရော၊ စိတ်အမူအရာသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ အာဇီဝေါ၊ အသက်မွေးမှုသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ ဣန္ဒြိယေသု၊ စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံစွာ စောင့်ရှောက်အပ်သော သတိတည်းဟူသော တံခါး ရှိကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ဘောဇနေ၊ စားသောက်အပ်သော ဘောဇဉ်၌။ မတ္တညုနော၊ ခံယူခြင်း ရှာဖွေခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ပမာဏကို တိုင်းတာနှိုင်းချိန်နိုင်သော ပမာဏနဲ့ ပြည့်စုံကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ဧတ္တာဝတာ၊ ဤမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ အလံ၊ ငါတို့ သင့်တော်လောက်ပြီ။ ဧတ္တာဝတာ၊ ဤမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ ကတံ၊ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုကို ပြုလုပ်အပ်ပြီးပြီ။ နော၊

ငါတို့၏။ သာမညတ္ထော၊ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော သာမဏအဖြစ်ဟု ဆိုအပ်သော အကျိုးစီးပွားသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လတ်ပြီ။ နော၊ ငါတို့အား။ ဥတ္တရိံ၊ ထို့ထက်လွန်သော။ ကိဉ္စိ၊ တစုံတခုသော။ ကရဏီယံ၊ ကျင့်ဘွယ် ကြံဘွယ်အား ထုတ်ဘွယ်သည်။ နတ္ထိတိ၊ မရှိတော့ပြီ ဟူ၍။ ဝေါ၊ ဤသို့သော စိတ်ဒမကြံသည်။ အဿ-ဘဝေယျ၊ ဖြစ်ကောင်းဖြစ်တန်ရာ၏။

မြတ်စွာဘုရားက သင်ချစ်သားတို့ စိတ်ထဲမှာ ငါတို့ ဒါလောက်တရားတွေ အားထုတ်ယင် တော်လောက်ပါပြီ၊ ဒါန ကုသိုလ်တွေပြုထားတာ နဲ့တာ မဟုတ်ဘူး၊တော်လောက်ပြီ၊ဥပုသ်စောင့်စရာ မလိုတော့ပါဘူး သီလကုသိုလ်တွေ ဖြည့်ကျင့်အည်းပူးထားတာများလှပါပြီ၊တော်လောက်ပါပြီ၊ သမထ ဘာဝနာ ဝိပဿနာဘာဝနာတွေတရားဟောစရာတရားနာစရာတွေမလိုတော့ပါဘူး၊ တော်လောက်ပါပြီ့ပြီး အဲဒီလို တင်းတိမ်ရောင့်ရဲပြီး နေတတ်ကယ်တဲ့၊ ဒီလောက် နဲ့ ပြည့်စုံပြီလို့ သင်ချစ်သားတို့စိတ်ထဲမှာ အကြံဖြစ်ကောင်း ဖြစ်လိမ့်မယ်တဲ့ မြတ်စွာဘုရားက-နော်၊ (မှန်ပါ) အဿ-ဆိုတဲ့ပုဒ်နဲ့ ဟောတယ်၊ မြတ်စွာဘုရား က မင်းတို့ဒီလို ဖြစ်နေတယ်လို့ တိုက်ရိုက်မပြောလိုက်ဘူး-နော်၊ (မှန်ပါ) ဖြစ်ကောင်းဖြစ်လိမ့်မယ်တဲ့-သင်ချစ်သားတို့စိတ်ထဲမှာ၊ ထို့ထက်လွန်၍ ငါတို့မှာ ကျင့်စရာမရှိတော့ဘူးလို့ ချစ်သားတို့စိတ်ထဲမှာ အဲဒီလိုအကြံမျိုး ဖြစ်ကောင်း ဖြစ်လိမ့်မယ်တဲ့၊ ဖြစ်ကောင်း ဖြစ်လိမ့်မယ်ဆိုတာ တထစ်ချ ပြောလိုက်တဲ့ စကားမဟုတ်ဘူး၊ အကယ်၍ အဲဒီလို ဖြစ်နေလို့ရှိယင်-

"တာဝတကေနေဝ တုဋ္ဌိံ အာပဇ္ဇေယျာထ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တာဝတကေနေဝ၊ ထိုမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်သာလျှင်။ တုဋ္ဌိံ၊ နှစ်သက်အားရ ကျေနပ်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်ကုန်ရာ၏။

ချစ်သားတို့...အဲဒါလောက်ကျင့်ထားရုံကလေးနဲ့ ချစ်သားတို့က တင်းတိမ်ရောင့်ရဲနေရာရဲ့၊ တင်းတိမ်နေပြီလို့ မြတ်စွာဘုရားက တထစ်ချပြောတဲ့စကား မဟုတ်ဘူး။

"အာရောစယာမိ ဝေါ ဘိက္ခဝေ၊ ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်ချစ်သားတို့အား။ အဟံ၊ ငါဘုရားကိုယ်တော်မြတ်သည်။ အာရောစယာမိ၊ ပြောကြားပါဦးအံ့။ ဟောကြားပါဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ သင်တို့ဆရာဖြစ်သော ငါဘုရားသည်။ ဝေါ-တုမှာကံ၊ သင်ချစ်သားတို့အား။ ပဋိဝေဒယာမိ၊ သိစေပါဦးအံ့။

မပြည့်စုံသေးဘူးချစ်သားတို့ .... ဒါလောက်နဲ့ မတော်ကြနဲ့အုံးတဲ့၊ ဒါလောက်နဲ့ မတင်းတိမ်ကြနဲ့အုံး–တဲ့။

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

သာမညတ္ထိကာနံ၊ သမဏအဖြစ်, ဗြာဟ္မဏအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်အကျိုးကို အလိုရှိကြကုန်သည်။ သတံ၊ ဖြစ်ကုန်လတ်သော်။ ဝေါ၊ သင်ချစ်သားတို့အား။ ဥတ္တရိံ၊ ထို့ထက်လွန်သော။ ကရဏီယေ၊ ပြုဘွယ်ကိစ္စသည်။ သတိ၊ ရှိလတ်သော်။ သာမညတ္ထော၊ သင်တို့၏မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အရဟတ္တဖိုလ်အကျိုးသည်။မာ ပရိဟာယိ၊ မဆုတ်ယုတ်ပါစေလင့်။

ဒါလောက်နဲ့ ရပ်ထားယင် ပြည့်စုံပလားဆိုတော့ မပြည့်စုံသေးဘူးနော်၊ (မှန်ပါ)ဥပမာဆိုပါတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အလောင်းတော်ကြီး ဒါနပါရမီတွေ ဖြည့်ကျင့်လာတယ်မဟုတ်လား၊ (မှန်ပါ)ဒါနပါရမီတွေဖြည့်ကျင့်လာလိုက်တာ သုမေဓာရှင်ရသေ့အဖြစ်ကစပြီးတော့ ဒါနပါရမီတွေ လှူခဲ့ရတာနဲ့သလား။ (မနဲပါဘူးဘုရား) မျက်လုံးတွေထုတ်ထုတ်လှူခဲ့ရတာတွေဟာ ကောင်းကင်ကကြယ်တွေ ပမာဏမျှမကဟုတ်လား၊ သွေးတွေကိုထုတ်ထုတ်လှူခဲ့ရတာတွေ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေပမာဏမျှမက၊ အသားတွေကို ထုတ်ထုတ်လှူဒါန်းခဲ့ရတာတွေ မဟာပထဝီမြေကြီး ပမာဏမျှမက ဒါလောက်တောင် လှူဒါန်းခဲ့ရတာ တော်ပလား–သူ၊ (မတော်သေးပါဘူးဘုရား)

ဥပမာ–ဝေဿန္တရာမင်းကြီး ဇာတ်တော်ကြည့်ကြမယ်ဆိုယင် တိုင်းတော်ပြည်တော်မှာ လှူချင်တိုင်းလှူလို့တော်ပမလား၊ (မတော်ပါဘုရား) ပစ္စယနာဂဆင်ဖြူတော်ကြီးလှူပြီးတော့ တော်ပလား၊ (မတော်သေးပါဘုရား) မဒ္ဒိဒေဝီမိဖုရားလှူပြီးတော့ တော်ပလား–သူ၊ (မတော်သေးပါဘုရား) သားတော်ဇာလီ, သမီးတော်ကဏှာဇိန်မင်းသမီးတို့ကို လှူပြီးတော့ကော တော်ပလား၊ (မတော်ပါဘုရား)အဲဒီလို ဒါနပါရမီဘဲဖြစ်ဖြစ်, သီလပါရမီဘဲဖြစ်ဖြစ် နိက္ခမ္မ ပညာ ဝီရိယ ခန္တီ သစ္စာ မေတ္တာ အဓိဋ္ဌာန ဥပေက္ခာဆိုတဲ့ ဒီပါရမီဆယ်ပါးဟာ အရဟတ္တဖိုလ်ပေါက်မရောက်မချင်း မပြည့်ပြည့်အောင်ဖြည့်ပြီးတော့ အားထုတ်နေရမယ်တဲ့–မြတ်စွာဘုရားက၊ ဒါလောက်နဲ့ မတော်ကြနဲ့အုံးတဲ့။

တော်ပလား တကာ တကာမတွေ၊ (မတော်သေးပါဘူးဘုရား) ဟာ ငွေတသိန်းတောင်လှူထားမှ မတော်သေးဘူးလား။ (မတော်သေးပါဘူးဘုရား) ဒါကိုယ့်အတွက်လား– ဘုန်းကြီးတွေအတွက်လား၊ အလှူခံပုဂ္ဂိုလ်အတွက်လား၊ ကိုယ့်အတွက်လား၊ (ကိုယ့်အတွက်ပါဘုရား) အေး–ကိုယ့်အတွက်။

အလှူခံပုဂ္ဂိုလ်ကလဲ တာဝန်ကတော့အကြီးသား၊ သိပ်လွယ်လှတယ်မဟုတ်ဘူး အလှူခံရတယ်ဆိုတာ၊ အလှူပေးပုဂ္ဂိုလ်လုပ်မလား - အလှူခံပုဂ္ဂိုလ်လုပ်မလားဆိုယင် ဘာလုပ်မလဲ၊ (အလှူပေးပုဂ္ဂိုလ်လုပ်ပါ့မယ်ဘုရား) အလှူပေးပုဂ္ဂိုလ်လုပ်ရတာက လွယ်တယ်၊ အလှူခံပုဂ္ဂိုလ်လုပ်ရတာက စံနစ်တကျ စည်းနဲ့ကမ်းနဲ့ သာသနာတော်ရဲ့ အာဘော်ကျအောင် လှူဘို့လဲမလွယ်ဘူးကွဲ့၊မြတ်စွာဘုရားရဲ့ အလိုတော်ကျအောင် အလှူခံပုဂ္ဂိုလ်လုပ်ဘို့လဲ မလွယ်ဘူး၊ အဲဒီလိုမလွယ်တဲ့ အထဲမှာ မြတ်စွာဘုရားအလိုတော်ကျအောင် လှူဒါန်းဘို့မလွယ်တာထက် မြတ်စွာဘုရားအလိုတော်ကျအောင် အလှူခံပုဂ္ဂိုလ်လုပ်ဘို့က ပိုပြီးတော့မလွယ်ဘူးကွဲ့၊ အလှူခံပုဂ္ဂိုလ်ဆိုတာ မလွယ်ဘူး၊ ဟာဘုန်းကြီးတွေက အေးအေးလေး သူများလှူတာ အလှူခံရုံလေး ခံနေရတယ်လို့ မအောက်မေ့နဲ့ –နော်၊(မှန်ပါ) ကဲကဲ– အဲဒါရှိပါစေတော့ ၊ငါ ဒါနခန်းဟောမလို့မဟုတ်ဘူး၊ မဟာအဿပုရသုတ္တန် ဟောမလို့။

သင်ချစ်သားတို့ ရှေ့မှာကျင့်စရာ ကြံစရာ အားထုတ်စရာရှိသေးတယ်၊ဆက်ပြီးတော့ ကျင့်ရမယ်တဲ့၊ ဘာတွေလဲလို့ဆိုတော့–

ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယံ။ ။ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဥတ္တရိံ၊ပြဆိုခဲ့ပြီးသော တရားတို့ထက်လွန်မြတ်သော။ ကရဏီယံ၊ကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်သည်။ ကိဉ္စ၊အဘယ်တရားနည်း။ ဟိရီ,သြတ္တပ္ပ တရားနှစ်ပါးနဲ့လဲ ပြည့်စုံနေပြီ၊ကိုယ်အမူအရာလဲ စင်ကြယ်နေပြီ၊နှုတ်အမူအရာလဲ စင်ကြယ်နေပြီ၊စိတ်အမူအရာလဲ စင်ကြယ်နေပြီ၊အသက်မွေးမှုလဲ စင်ကြယ်နေပြီ၊ဣန္ဒြေကိုလဲ လုံခြုံအောင်စောင့်ရှောက်ပြီးပြီ၊ အလှူခံခြင်းရှာဖွေခြင်းသုံးဆောင်စားသောက်ခြင်း၌လည်း အတိုင်းအတာပမာဏကို နိုင်းနှိုင်းချိန်ချိန် ပြုလုပ်ပြီးပြီ၊အဲဒါထက်ပိုပြီး ကျင့်စရာတရားက ဘာတရားလဲဆိုတော့–

> “ဇာဂရိယံ အနုယုတ္တာ ဘဝိဿာမာတိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ”။

မယံ၊ ငါတို့သည်။ ဇာဂရိယံ၊ နိုးကြားခြင်း၌။ အနုယုတ္တာ၊ ယှဉ်စပ်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဣတိဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။

**ဆက်လက်ကျင့်သုံးရန် ဇာဂရိယာနုယောဂတရားများ**

ဇာဂရိယာနုယောဂ–တဲ့နော်(မှန်ပါ) တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ သာသနာတော်ကိုဝင်ပြီးတော့ ရဟန်းပြုနေတဲ့ပုဂ္ဂိုလ်ဆိုတာ ဗြဟ္မဏ–မကောင်းမှုအကုသိုလ်ဒုစရိုက်တွေကိုပယ်ပြတ်အောင် ကျင့်နေတဲ့ပုဂ္ဂိုလ်

ဆိုတာဇာဂရိယာနုယောဂလို့ခေါ်တဲ့ နိုးကြားခြင်း၌ အဖန်မလတ်အားထုတ်ယှဉ်စပ်ခြင်းရှိရမယ်တဲ့- ဟုတ်လား၊ (မှန်ပါ) ဘယ်လိုယှဉ်ရမလဲ–

"ဒိဝသံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေယျာမ"။

မယံ၊ ငါတို့သည်။ ဒိဝသံ၊ တနေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်ခြင်းဖြင့်၎င်း။ အာဝရဏီယေဟိ၊ ဝိပဿနာအသိဉာဏ်ကို ပိတ်ဖုံးကာကွယ်၍ ထားတတ်ကုန်သော။ ဝါ၊ ဝိပဿနာ အသိဉာဏ်တွေကို အားသေးအောင် ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ ကာမစ္ဆန္ဒစသော နီဝရဏ တရားတို့မှ။ စိတ္တံ၊ တရားအားထုတ်တဲ့ ဝိပဿနာစိတ်ကို။ ပရိသောဓေယျာမ၊ စင်ကြယ်အောင် သုတ်သင်ကြကုန်အံ့။

**နေ့နှင့်ညကို ၆-ပုံပုံ တပုံသာ အိပ်ရပုံ**

အဋ္ဌကထာက ပြောတယ်၊[၁] တနေ့နဲ့တညကို ခြောက်ပုံပုံရမယ်တဲ့၊ ဘယ်နှစ်ပုံ ပုံရမတဲ့လဲ၊ (ခြောက်ပုံပါဘုရား) အဲဒီခြောက်ပုံကို ပါဠိတွေ မရွတ်သေးဘဲနဲ့ မြန်မာလို နားလယ်အောင် ပြောမယ်ဆိုယင် မနက်မိုးလင်းက နေပြီးတော့ နံနက်တကြိမ် နေ့ခင်းတကြိမ် ညနေတကြိမ်-ဘယ်နှစ်ကြိမ်တုံး၊ (သုံးကြိမ်ပါဘုရား) အချိန် သုံးကြိမ်၊ ညပိုင်းကျပြန်တော့လဲ အဲဒီလိုဘဲ- ညဦးတကြိမ်ညလယ်တကြိမ် မိုးသောက်ယံတကြိမ်– ဘယ်နှစ်ကြိမ်တုံး၊ (သုံးကြိမ်ပါဘုရား) ပေါင်းတော့ တနေ့နဲ့တည ဘယ်နှစ်ကြိမ်တုံး၊ (ခြောက်ကြိမ်ပါဘုရား) အချိန်ခြောက်ချိန် ပိုင်းထားတယ်၊ အဲဒီအချိန် ခြောက်ချိန်ထဲမှာ–

နေ့အခါမှာ တနေ့ပတ်လုံး စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ တရားကိုနှလုံးသွင်း ပွားများအားထုတ်နေရမယ်တဲ့၊ အဲဒီလို ပွားများ အားထုတ်နေယင် ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာလို့ ခေါ်တဲ့ ဒီတရား ငါးမျိုး ကိုယ့်စိတ်ထဲကို ဝင်မလာတော့ဘူး၊ ကိုယ်ရှုပွားနေကျဖြစ်တဲ့ ကမ္မဋ္ဌာန်း အာရုံပေါ်မှာ နှလုံးသွင်းပြီးတော့ စင်္ကြံလျှောက်လိုက် ထိုင်လိုက်, စင်္ကြံလျှောက်လိုက် ထိုင်လိုက်နဲ့ ဒီလိုနေရမယ်၊ နေ့ခင်း အိပ်တဲ့ ဂူရိယာပုထ် ပါလား၊ (မပါပါဘူးဘုရား) မပါဘူးနော်၊ (မှန်ပါ) ဒါက တပိုဒ်။

---

[၁]။ ဇာဂရိယ မနုယုတ္တာတိ ရတ္တိန္ဒိဝံ ဆ ကောဋ္ဌာသေ ကတွာ ဧကသ္မိံ ကောဋ္ဌာသေ နိဒ္ဒါယ ဩကာသံ ကတွာ ပဉ္စ ကောဋ္ဌာသေ ဇာဂရိယမှိ ယုတ္တာပယုတ္တာ။ (မူလပဏ္ဏာသ အဋ္ဌကထာ၊ ဒု၊ နှာ-၂၁၆။)

"ရတ္တိယာ ပဌမံ ယာမံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေဿာမ"။

မယံ၊ ငါတို့သည်။ ရတ္တိယာ၊ ညဥ့်၏။ ပဌမံ ယာမံ၊ ပဌမယာမ်ကာလ ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်၎င်း။ အာဝရဏီယေဟိ၊ ဝိပဿနာ အသိဉာဏ်ကို ပိတ်ဖုံးကာကွယ် အားသေးအောင်ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ နီဝရဏတရားတို့မှ။ စိတ္တံ၊ မိမိစိတ်ကို။ ပရိသောဓေဿာမ၊ သုတ်သင်၍ ထားကြကုန်အံ့။

နေ့ခင်းလိုဘဲ ညပိုင်းမှာလဲ ညခြောက်နာရီကနေပြီးတော့ ဆယ့်တစ်နာရီလောက်အထိ အိပ်ရပါ့မလား၊ (မအိပ်ရသေးပါဘူးဘုရား) စင်္ကြံသွားလိုက် ထိုင်လိုက်၊ စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ ကိုယ့်ဆရာသမား ပေးထားတဲ့ကမ္မဋ္ဌာန်းတရား နှလုံးသွင်းကျင့်သုံးပြီးတော့ နေရမယ်၊ ဒီအတောအတွင်းမှာလဲဘဲ မိမိရဲ့စိတ်အစဉ်မှာ ကာမဂုဏ်ခံစားလိုတဲ့စိတ်၊စိတ်ညစ်တယ်၊စိတ်ကောက်တယ်၊စိတ်ပျက်တယ်၊ စိတ်ဆိုးတယ်၊ တဦးနဲ့တဦး မကျေနပ်ဘူးလို့ခေါ်တဲ့ ဗျာပါဒမဝင်ရဘူးတဲ့ကွဲ-ဟုတ်လား၊ (မှန်ပါ) ပြီးတော့ ထိနမိဒ္ဓ-အိပ်ချင်ခြင်း ငိုက်မြည်းခြင်းဆိုတဲ့ စိတ်တွေ မဝင်ရဘူး၊ ကမ္မဋ္ဌာန်းအားထုတ်ရမှာကိုပျင်းတယ်၊ ကမ္မဋ္ဌာန်းအာရုံကနေပြီး တွန့်ဆုတ်တယ်ဆိုတဲ့ စိတ်မျိုးပေါ်မလာရအောင် အားထုတ်နေရမယ်တဲ့၊ ဥဒ္ဓစ္စ ကုက္ကုစ္စ-ပျံ့လွင့်ခြင်း ပူပန်ခြင်းဆိုတဲ့ ဒီသဘောတွေလဲ မရှိရဘူး၊ဒီတရားအာရုံတွေ ဟုတ်မှဟုတ်ပမလားခေါ်တဲ့ ဝိစိကိစ္ဆာ တရားတွေ ကိုယ့်စိတ်ထဲဝင်မလာအောင် တနေ့လုံးတညလုံး၊တညလုံးဆိုတော့ဆယ့်တစ်နာရီ လောက်အထိ တရားနှလုံးသွင်းကျင့်သုံးနေရမယ်။

"ရတ္တိယာ မဇ္ဈိမံ ယာမံ ဒက္ခိဏေန ပဿေန သီဟသေယျံ ကပ္ပေဿာမ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာနော ဥဋ္ဌာနသညံ မနသိ ကရိတွာ"။

**အိပ်ချိန်နှင့်အိပ်နည်း** ရတ္တိယာ၊ ညဥ့်၏။ မဇ္ဈိမံ ယာမံ၊မဇ္ဈိမယာမ်ကာလပတ်လုံး။ (ည ဆယ့်တစ်နာရီခွဲလောက်ကနေပြီးတော့ မှန်းပြောတာပေါ့ကွဲ-နော်၊စာထဲမှာတော့ ဒီလိုနာရီတွေဘာတွေပိုင်းတာမပါဘူး၊ ညသန်းခေါင်ယာမ်ကစပြီးတော့မှနံက်စောစောလေးနာရီလောက်ထိအောင်ဒီအချိန်ပိုင်းကာလအတောအတွင်းမှာ ဘာလုပ်ရမလဲ၊) မဇ္ဈိမံ ယာမံ၊မဇ္ဈိမယာမ်ကာလပတ်လုံး။ ပါဒေ၊ လကျာခြေထောက်ပေါ်၌။ ပါဒံ၊ လက်ဝဲခြေထောက်ကို။ အစ္စာဓာယ၊ အနည်းငယ်လွန်ထား၍။ ဒက္ခိဏေန ပဿေန၊ လကျာနံပါးဖြင့်။

သီဟသေယျ၊ ခြင်္သေ့မင်း၏အိပ်ခြင်းနှင့်တူသော အိပ်ခြင်းမျိုးကို။ ကပ္ပေသာမ၊ ပြုကြကုန်အံ့။

အိပ်ထဲက ခေါင်းအုံးပါသလားဆိုတော့-မပါဘူး၊ စောင်တို့ခြင်ထောင်တို့ လဲမပါဘူး၊ ဘယ်လိုအိပ်ရမလဲဆိုတော့ လက်ျာခြေထောက်ပေါ်မှာ လက်ဝဲ ခြေထောက်ကို အနည်းငယ်ကလေးလွန်ထားရမယ်၊ဘာပြုလို့လွန်ထားခိုင်းတာလဲ ဆိုတော့ အဓိပ္ပါယ်ရှိတယ်-ခြေထောက်ကိုဘည့်တည့်ထပ်ထားမယ်ဆိုယင်ဒူးခေါင်းရိုး ဒူးခေါင်းရိုးချင်း,ခြေမျက်စိ ခြေမျက်စိချင်း ထပ်မနေဘူးလား၊ (ထပ်နေပါတယ် ဘုရား) အဲဒီလိုထပ်နေယင် ကြာလာကော့ မာတဲ့အရာဝတ္ထုနှစ်ခု ကြာကြာလေး ထပ်ထားမယ်ဆိုယင် တော်ကြာပူလာလိမ့်မယ်တဲ့၊ ပူလာယင် ဒုက္ခဝေဒနာတွေ ဝင်လာလိမ့်မယ်တဲ့၊ ဒုက္ခဝေဒနာတွေဝင်လာယင် စိတ်တည်ကြည်မှုရမှာမဟုတ်ဘူးတဲ့၊ အိပ်လို့လဲကောင်းမှာမဟုတ်ဘူးတဲ့၊ ဒီလို သင်းရဲပင်ပန်းတဲ့ဝေဒနာလဲ မပေါ်တော့ စိတ်လဲချမ်းသာခွင့် တည်ကြည်ခွင့်ရတယ်၊ အိပ်နည်းကွဲ၊တရားအား ထုတ်တဲ့ပုဂ္ဂိုလ် ယောဂါဝစရပုဂ္ဂိုလ် အိပ်နည်းကို ပါဠိတော်နဲ့ အဋ္ဌကထာက ဟောထားညွှန်ပြထားတယ်၊ ကိုအောင်ကြည်တို့ အဲဒီလို အိပ်ကြရဲ့လား၊ (အိပ်ပါတယ်ဘုရား)

အိပ်ခြင်းလေးမျိုး ကျမ်းဂန်တွေထဲမှာ အိပ်နည်းက လေးမျိုးလောက်ရှိတယ်၊ ဒါ သူ့အဋ္ဌကထာကဖွင့်ပေးထားတယ်ကွဲ့၊ဒါကို ထည့်ပြောပေးရမယ်၊အိပ်နည်းဘယ်နှစ်မျိုးရှိသလဲ၊ (လေးမျိုးပါဘုရား) ဘာအိပ်နည်း ဘာအိပ်နည်းလဲလို့ဆိုတော့-

(၁) ကာမဘောဂီ သေယျာ၊

(၂) ပေတ သေယျာ၊

(၃) သီဟ သေယျာ၊

(၄) တထာဂတ သေယျာတိ*။

ကာမဘောဂီသေယျာ၊ ကာမဂုဏ်ခံစားတဲ့ ပုဂ္ဂိုလ်တို့၏အိပ်ခြင်းငှင်း။
ပေတ သေယျာ၊ ပြိတ္တာတို့၏အိပ်ခြင်းမျိုးငှင်း။
သီဟ သေယျာ၊ ခြင်္သေ့တို့၏အိပ်ခြင်းမျိုးငှင်း။
တထာဂတ သေယျာ၊ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့၏ အိပ်ခြင်းမျိုးငှင်းတည်း။

---

* မေဃိယသုတ္တန်ပါဠိတော်ဟောစဉ်၊ နှာ-၁၆၁-၌လည်းဟောခဲ့ပြီ။

ကာမဂုဏ်ခံစားတဲ့လူတွေ အိပ်ခြင်းမျိုးကတမျိုး၊ ပြိတ္တာတွေ အိပ်တဲ့အိပ်ပုံမျိုးကတမျိုး၊ ခြင်္သေ့မင်းအိပ်တဲ့ အိပ်ပုံမျိုးကတမျိုး၊ သမ္ဗုဒ္ဓမြတ်စွာဘုရားအိပ်တဲ့ အိပ်ပုံမျိုးကတမျိုး၊ ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား) အဲဒီလေးမျိုးထဲမှာ–အဋ္ဌကထာက အင်္ဂုတ္တိုရ်ပါဠိတော်ကို ညွှန်းလိုက်တယ်၊ ပဏ္ဏာသအဋ္ဌကထာကနေပြီးတော့ အိပ်ပုံအိပ်နည်းလေးမျိုးကို ပါဠိတော်မှာရှိတယ်တဲ့၊ အဲဒါ လိုက်ရှာတဲ့ သူကပြောလိုက်တယ်–အဋ္ဌကထာက၊ မသကာဖွင့်ထည့်ပေးထားလိုက်ယင်မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ဘုန်းကြီးတို့မသက်သာဘူးလား၊ (သက်သာပါတယ်ဘုရား) ပါဠိတော်က အုပ်ရေလေးဆယ်ရှိတယ်ကွဲ၊ အဲဒီအုပ်ရေလေးဆယ်ကို လိုက်ရှာရမယ်ဆိုတော့ တခါတလေ ’စာအုပ်မရှိတဲ့ပြဿနာက ဝင်သေးတယ်။

အဲ-ဒီအပိုင်းနဲ့ ပတ်သက်ပြီး လိုက်ရှာလိုက်တော့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ သွားတွေ့တယ်။

“ယေဘုယျေန ဘိက္ခဝေ ကာမဘောဂီ ဝါမေန ပဿေန သေန္တိ”[1]။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေဘုယျေန၊ များသောအားဖြင့်။ ကာမဘောဂီ၊ ကာမဂုဏ်ခံစားကုန်သော သတ္တဝါအပေါင်းတို့သည်။ ဝါမေနပဿေန၊ လက်ဝဲနံပါးဖြင့်။ သေန္တိ၊ အိပ်ကြကုန်၏။

ကာမဘောဂီ သေယျ–ဘာနဲ့အိပ်သလဲ၊ (လက်ဝဲဘက်နဲ့အိပ်ပါတယ်ဘုရား) လက်ဝဲဘက်ကိုစောင်းပြီးတော့ အိပ်တယ်တဲ့၊တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အိပ်နည်းမျိုး မဟုတ်ဘူးနော်၊ (မှန်ပါ)ကိုယ်က ဘာပုဂ္ဂိုလ်လဲ၊ကာမဘောဂီပုဂ္ဂိုလ်လား၊ ယောဂါဝစရပုဂ္ဂိုလ်လား၊ (ယောဂါဝစရပုဂ္ဂိုလ်ပါဘုရား) ယောဂါဝစရပုဂ္ဂိုလ်ဆိုယင် ဒီအိပ်နည်းမျိုးအိပ်ရမလား– မအိပ်ရဘူးလား၊ (မအိပ်ရပါဘုရား။)

ပေတသေယျ-ဆိုတာ ပြိတ္တာတွေဘယ်လို အိပ်သလဲ၊ ပါဠိတော်က ပြောတယ်။

“ယေဘုယျေန ဘိက္ခဝေ ပေတာ ဥတ္တာနာ သေန္တိ”[2]။

ဘိက္ခဝေ၊ ရဟန်းတို့။ ပေတာ၊ ပြိတ္တာအပေါင်းတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဥတ္တာနာ၊ ပက်လက်လှန်၍။ သေန္တိ၊ အိပ်ကြကုန်၏။

---

၁–၂။ အင်္ဂုတ္တိုရ်ပါဠိတော် ၂၊ နှာ–၅၆၇။

"သီဟော ဘိက္ခဝေ မိဂရာဇာ ဒက္ခိဏေန ပဿေန သေယျံ ကပ္ပေတိ ပါဒေ ပါဒံ အစ္စာဓာယ အန္တရသတ္ထိမှိ နင်္ဂုဋ္ဌံ အနုပက္ခိပိတွာ"၁။

ဘိက္ခဝေ၊ ရဟန်းတို့။ သီဟော မိဂရာဇာ၊ သားတို့သေဌ်နင်း ခြင်္သေ့မင်းသည်။ ပါဒေ၊ လက်ျာခြေထောက်၌။ ပါဒံ၊ လက်ဝဲခြေထောက်ကို၊ အစ္စာဓာယ၊ အနည်းငယ်လွန်တင်ထား၍။ နင်္ဂုဋ္ဌံ၊ အမြီးကို။ အန္တရသတ္ထိမှိ၊ ပေါင်အတွင်း၌။ အနုပက္ခိပိတွာ၊ ထည့်သွင်းလျက်။ ဒက္ခိဏေန ပဿေန၊ လက်ျာနံပါးဖြင့်။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။

လက်ျာနံပါးကလေး စောင်းပြီးတော့ ခြင်္သေ့မင်း အိပ်နည်းမျိုး စဉ်းငယ်ကလေး အိပ်ရတယ်၊ အိပ်မောကျအောင် တရှူးရှူးနဲ့ ဟောက်ပြီးတော့ အိပ်နေရတာ မဟုတ်ဘူး–ယောဂါဝစရ ပုဂ္ဂိုလ်ဆိုတာ၊ အနည်းငယ်ကလေး အိပ်ရမယ်–ဣရိယာပုထ်မျှရုံကလေး၊ အဲဒီလို အိပ်တဲ့အခါမှာလဲ စိတ်ကဘယ်လို နှလုံးသွင်းထားရမလဲဆိုတော့–သီဟသေယျံ ကပ္ပေသာမ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာနော ဥဋ္ဌာနသညံ မနသိကရိတွာ။ ။သတော၊ ကမ္မဋ္ဌာန်းအာရုံ၌ မမေ့မပျောက်သော သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ ဥဋ္ဌာနသညံ၊ နံနက်စောစော လေးနာရီလောက်ကျယင် ထမယ်ဆိုတဲ့ အမှတ်သညာကို။ မနသိကရိတွာ၊ နှလုံးသွင်း၍။ သေယျံ၊ ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းမျိုးကို။ ကပ္ပေသာမ၊ ပြုကြကုန်အံ့။ ဒီလိုကျင့်ရမယ်။

ဒါ ခြင်္သေ့မင်း အိပ်နည်းနော်၊ (မှန်ပါ) ဒါက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ အိပ်တဲ့အချိန်။

"ရတ္တိယာ ပစ္ဆိမံ ယာမံ ပစ္စုဋ္ဌာယ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေဿာမ"။

ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမံ ယာမံ၊ နောက်ဆုံးဖြစ်သော ပစ္ဆိမယာမ်ကာလပတ်လုံး။ ပစ္စုဋ္ဌာယ၊ စောစောထ၍။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်ငင်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်ငင်း။ အာဝရဏီယေဟိ၊ ဝိပဿနာအသိဉာဏ်ကို ပိတ်ဖုံးကာကွယ် အားသေးအောင် ပြုလုပ်တတ်ကုန်သော။ ဓမ္မေဟိ၊ နီဝရဏတရားတို့မှ။ စိတ္တံ၊ မိမိ၏စိတ်ကို။ ပရိသောဓေဿာမ၊ သုတ်သင်ကြကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ၊ နှာ–၅၆၇။

ဒါ ဇာဂရိယာနုယောဂပိုင်းကွဲ ဟုတ်လား၊ (မှန်ပါ) ဒီကနေ့ နှစ်ပိုင်းကုန်အောင် ဟောမယ်၊ အဲဒီ ဇာဂရိယာ နုယောဂခေါ်တဲ့ အကျင့်မျိုးနဲ့လဲ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ပြည့်စုံကြပလား ဆိုတော့- ပြည့်စုံပါပြီလို့ဘဲ ဆိုကြပါစို့၊ ဒီတော့ တရားတွေ ဘယ်လောက် ပြည့်စုံသွားပလဲ-

> "သိယာ ခေါ ပန ဘိက္ခဝေ တုမှာကံ ဧဝ မဿ၊ ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ ပရိသုဒ္ဓေါ နော ကာယသမာစာရော၊ ပရိသုဒ္ဓေါ ဝစီသမာစာရော၊ ပရိသုဒ္ဓေါ မနောသမာစာရော၊ ပရိသုဒ္ဓေါ အာဇီဝေါ၊ ဣန္ဒြိယေသုမှ ဂုတ္တဒွါရာ၊ ဘောဇနေ မတ္တညုနော၊ ဇာဂရိယံ အနုယုတ္တာ၊ အလမေတ္တာဝတာ၊ ကတမေတ္တာဝတာ၊ အနုပ္ပတ္တော နော သာမညတ္ထော၊ နတ္ထိ နော ကိဉ္စိ ဥတ္တရိံ ကရဏီယ"န္တိ။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။ ခေါပန၊စင်စစ်သော်ကား။ သိယာ၊ရံခါ။ တုမှာကံ၊သင်ချစ်သား ချစ်သမီးတို့အား။ မယံ၊ငါတို့သည်။ ဟိရောတ္တပ္ပေန၊ ဟိရီ,သြတ္တပ္ပတရားနှစ်ပါးနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သည်။ အမှ၊ဖြစ်ကြကုန်၏။ နော၊ငါတို့၏။ ကာယသမာစာရော၊ကိုယ်အမူအရာသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ ဝစီသမာစာရော၊နှုတ်အမူအရာသည်။ မနောသမာစာရော၊ စိတ်အမူအရာသည်။ အာဇီဝေါ၊ အသက်မွေးဝမ်းကျောင်းမှုသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ ဣန္ဒြိယေသု၊စက္ခုစသောဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံစွာစောင့်ရှောက်အပ်သော သတိတည်းဟူသော တံခါးရှိကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ဘောဇနေ၊ စားသောက်အပ်သောဘောဇဉ်၌။ မတ္တညုနော၊ ရှာမှီးခြင်း ခံယူခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်းအတာပမာဏကိုသိ၍ နှိုင်းချိန်ကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။

ဇာဂရိယံ၊နိုးကြားခြင်း၌။ အနုယုတ္တာ၊ ယှဉ်ကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ဧတ္တာဝတာ၊ ဤမျှလောက်သောကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ အလံ၊ သင့်တော်လောက်ပြီ။ ဧတ္တာဝတာ၊ဤမျှလောက်သောကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ ကတံ၊ မြတ်စွာဘုရား၏သာသနာတော်ကို ကျင့်အပ်တဲ့အမှုကိုပြုလုပ်ပြီးပြီ။ နော၊ ငါတို့၏။ သာမညတ္ထော၊ ရဟန်းပြုခြင်း၏ အကျိုးသည်။ အနုပ္ပတ္တော၊အစဉ်ရောက်လတ်ပြီ။နော၊ငါတို့အား။ ဥတ္တရိံ၊ထို့ထက်လွန်သော။ ကိဉ္စိ၊တစုံတခုသော။ ကရဏီယံ၊ ကျင့်ကြံအားထုတ်ဘွယ်သည်။ နတ္ထိတိ၊ မရှိတော့ပြီဟူ၍။ ဝေါ၊ ဤသို့သောစိတ်အကြံအစည်သည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။

ချစ်သားတို့စိတ်ထဲမှာ ဒါလောက်ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်တွေကို ကျင့်လားပြီးမှဘဲ၊တော်လောက်ပြီလို့ စိတ်ထဲမှာဒီလိုအကြံဖြစ်ကောင်း ဖြစ်လိမ့်မယ်တဲ့။

တာဝတကေနေဝ၊ ထိုမျှလောက်သော အကျင့်မြတ်ဖြင့်သာလျှင်။ တုဋ္ဌိံ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇေယျာထ၊ ရောက်လည်းရောက်ကုန်ရာ၏။ အဲ–ဒါလောက်နဲ့ဘဲ ချစ်သားတို့ တင်းတိမ်ကောင်းတင်းတိမ်နေပေလိမ့်မယ်တဲ့။

"အာရောစယာမိ ဝေါ ဘိက္ခဝေ၊ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ၊ မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ"။

**ဇာဂရိယာနုယောဂမှု တဆင့်တက်ပုံ** အဲ–ဒါလောက်နဲ့ဘဲ ချစ်သားတို့တင်းတိမ်ရောင့်ရဲမနေကြနဲ့ သာမညအဖြစ်ဟုဆိုအပ်သော အရဟတ္တဖိုလ်အကျိုးကို ချစ်သားတို့တကယ်အလိုရှိတယ်ဆိုယင် ရှေ့မှာကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်တွေ ရှိသေးတယ်၊ သမဏအဖြစ်ဟုဆိုအပ်သောမဂ်ဖိုလ် နိဗ္ဗာန်အကျိုးကို သင်ချစ်သားတို့ မဆုတ်ယုတ်စေနဲ့–တဲ့၊ဒီပါဠိရဲ့အနက်ကတော့ ရှေ့က ယောဇနာပြီးခဲ့ပြီ၊ ရှေ့နေမှာစုံးလို့ ပါဠိကိုအနက်မယောဇနာတော့ဘူး၊အဲဒါကြောင့် စကားပြေနဲ့ဘဲ ပြောသွားမယ်။

ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယံ။ ။ဒီတရားထက်ပိုပြီး ကျင့်ရမဲ့တရားကဘာတရားတုံး။

"သတိသမ္ပဇညေန သမန္နာဂတာ ဘဝိဿာမ"။

မယံ၊ ငါတို့သည်။ သတိသမ္ပဇညေန၊ သတိ ပညာနှင့်ပြည့်စုံကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။

သတိနဲ့ပြည့်စုံအောင်ကျင့်ရမယ်၊ ပညာနဲ့ပြည့်စုံအောင်ကျင့်ရမယ်၊ ဒီကျတော့ အလုပ်သဘောကလေး နဲနဲပါလာတယ်၊ အဲဒါကြောင့် ဇာဂရိယာနုယောဂပိုင်းမှာ ခပ်ကျဉ်းကျဉ်းဘဲဟောပြီးတော့ သတိသမ္ပဇညပိုင်းမှာ ဒီကနေ့ များများဟောမယ်လို့ စိတ်ကူးထားတယ်၊ အခုတော့အချိန်ရပုံမပေါ်ပြန်ဘူး–နော်၊(မှန်ပါ) တရားဟောပုဂ္ဂိုလ်ကတော့ဖြင့် ဟောလို့အားမရသေးဘူးကွဲ၊ ကိုင်း–ဘာပြောလဲဆိုတော့–

**သတိသမ္ပဇညတရားပျား** နောက်ကပြောခဲ့တဲ့ ဟိရီ,ဩတ္တပ္ပစတဲ့ တရားတွေ ပြည့်စုံပြီးတဲ့အခါ ဘာပြည့်စုံအောင် လုပ်ရမလဲ- သတိ ပညာ၊အဲဒီ သတိနဲ့ ပညာပြည့်စုံရမဲ့အခန်းကို ပါဠိတော်ကဘာပြောထားလဲ ဆိုတော့-

"အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ၊
အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ၊
သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ၊
သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ၊
အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ၊
ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ၊
ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ
သမ္ပဇာနကာရီ တိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗ"န္တိ။

သတိသမ္ပဇဉ်နဲ့ ပြည့်စုံတယ်ဆိုတာ ဘယ်လိုပြည့်စုံတာလဲဘုရားလို့ ဆိုတော့-

အဘိက္ကန္တေ၊ ရှေ့ကိုတိုးရာ၌၎င်း။ ပဋိက္ကန္တေ၊ နောက်ကို ဆုတ်ရာ၌၎င်း။ သမ္ပဇာနကာရီ၊ ပညာဉာဏ်ကိုရှေးရှုပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

ရှေ့ကိုတိုးတဲ့အခါ ပညာနဲ့၊ နောက်ကိုဆုတ်တဲ့အခါ (ပညာနဲ့ပါဘုရား) အဋ္ဌကထာဆရာတော်က ရှေ့ကိုတိုးတယ်လို့ဆိုတာ သွားတဲ့ ဣရိယာပုထ်ပါတဲ့၊ နောက်ကိုဆုတ်တယ်ဆိုတာ ပြန်လာတာပါတဲ့။

အဘိက္ကန္တံ ဝုစ္စတိ ဂမနံ၊ ပဋိက္ကန္တံ နိဝတ္တနံ၊ တဒုဘယမ္ပိ စတူသု ဣရိယာပထေသု လဗ္ဘတိ"[၁]။

ဂမနံ၊ သွားခြင်းကို။ အဘိက္ကန္တံ၊ အဘိက္ကန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဝတ္တနံ၊ ပြန်လာခြင်းကို။ ပဋိက္ကန္တံ၊ ပဋိက္ကန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒုဘယမ္ပိ၊ ထိုနှစ်ပုဒ်လုံးကိုလည်း။ စတူသု ဣရိယာပထေသု၊ ဣရိယာပုထ်လေးပါးတို့၌။ လဗ္ဘတိ၊ ရအပ်၏။

အဲဒီ-အဘိက္ကန္တေ ပဋိက္ကန္တေဆိုတဲ့ နှစ်ပုဒ်ကို ပြလိုက်သဖြင့် ဣရိယာပုထ်လေးပါးကို ပြရာရောက်ပါတယ်တဲ့၊ ဣရိယာပထ-ဟုတ်လား၊(မှန်ပါ)သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ်-ဣရိယာပုထ်လေးခု၊ သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ လျောင်းတဲ့အခါ ပညာမပါဘဲ မရပ်နဲ့၊ ပညာမပါဘဲ

၁။ သီလက္ခန် အဋ္ဌကထာ၊ နှာ-၁၆၅။ မူလပဏ္ဏာသဋ္ဌကထာ၊ ပ၊နှာ-၂၅၈ တို့၌အကျယ်ရှုပါ။

မသွားနဲ့၊ ပညာမပါဘဲ မထိုင်နဲ့၊ ပညာမပါဘဲ မအိပ်နဲ့တဲ့-မြတ်စွာဘုရားက၊ ဒါက အဘိက္ကန္တေ ပဋိက္ကန္တေ အစိပ္ပါယ်။

အာလောကိတေ ဝိလောကိတေ။ ။အာလောကိတေ၊ တည့်တည့် ကြည့်ရာ၌၎င်း။ ဝိလောကိတေ၊ စောင်းငဲ့၍ ကြည့်ရာ၌၎င်း။ သမ္ပဇာနကာရီ၊ အသိဉာဏ်ပညာကို ပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

အမှတ်တမဲ့ မကြည့်နဲ့တဲ့၊ ရှေ့ဘက်ပဲကြည့်ကြည့်၊ ဘယ်ဘက်ပဲ လှည့်ကြည့်ကြည့်၊ ညာဘက်ပဲလှည့်ကြည့်ကြည့် မျက်လုံးနဲ့ အာရုံတခုကိုကြည့်လိုက်ယင် ဘယ်တော့မှ အမှတ်တမဲ့ မကြည့်နဲ့တဲ့ ပညာပါပါစေတဲ့- မြတ်စွာဘုရား ဆုံးမထားတာ၊ မင်းတို့ နားထောင်ရဲ့လား၊ (မထောင်ပါဘူးဘုရား) ဒီတရားတွေကို ဒို့နှုတ်ကတော့ ဟောပြီမဟုတ်လား၊ (မှန်ပါ) နားထဲလဲ ကြားပြီမဟုတ်လား၊ (မှန်ပါ) အဲဒါ အထောက်အပံ့ဖြစ်သွားပြီကွဲ၊ နောက်ကို ရှောင်တဲ့အဆင့်ကို တဖြေးဖြေးရောက်ရမယ်၊ (မှန်ပါ) ဒီတရားတွေကို ကြားလဲမကြားဘူး၊ ပြောလဲ မပြောဘူးဆိုတော့ ဒီတရားသိဘို့တောင် မခက်ပေဘူးလား၊ (ခက်ပါတယ်ဘုရား) အခု ကြားခွင့်ရတယ်၊ သိခွင့်ရတယ်- သာသနာတော်နဲ့ ကြုံကြိုက်လို့၊ သာသနာတော်နဲ့ ကြုံကြိုက်ပေတဲ့ တရားနာလာမှလဲဘဲ ကြားခွင့်သိခွင့်ရမယ်၊ အေး-ဒီတရားတွေဟာ ဘုရားပွင့်မှ ကြားခွင့် နာခွင့် သိခွင့် ရတဲ့တရားတွေ၊ အင်မတန်ကြားရခဲ နာရခဲတယ်၊ ဘုရားမပွင့်သမျှကာလပတ်လုံး ဒီတရားတွေ ကြားခွင့်မရဘူး၊ ပစ္စည်းတွေ ဘယ်လောက် ချမ်းသာလို့ ဘယ်လောက် အထက်တန်းကျနေနေ ဒီတရားတွေ ကြားခွင့်မရဘူး-နော်၊ (မှန်ပါဘုရား)

"သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ"။

သမိဉ္ဇိတေ၊ ကွေးရာ၌၎င်း၊ ပသာရိတေ၊ ဆန့်ရာ၌၎င်း။ သမ္ပဇာနကာရီ၊ အသိဉာဏ်ပညာကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ကိုယ့်ခန္ဓာကိုယ်မှာ ကွေးလို့ဆန့်လို့ရတဲ့ အဆက်ကလေးတွေ ရှိကယ်မဟုတ်လားလို့၊ (ရှိပါတယ်ဘုရား) လက်ချောင်းကလေးတွေလဲ ကွေးလို့ ဆန့်လို့ရတာဘဲ မဟုတ်လား၊ (မှန်ပါ) အဲဒီ အဆစ်ကလေးတွေ ရှိတဲ့နေရာဟာ ကွေးလို့ရတာချည်းထဲဘဲ၊ ခါးလဲကွေးလို့ရတယ်၊ လက်လဲကွေးလို့ရတယ်၊ ဟောဒီလက်ရုံးလဲ ကွေးလို့ရတယ်၊ ဒူးခေါင်းလဲ ကွေးလို့ရတယ်၊ ပေါင်ကိုလဲ ကွေးလို့ရတယ်၊ အဲဒီလို ကွေးလို့ ဆန့်လို့ရတဲ့ နေရာတိုင်းမှာ ကွေးတဲ့ အမူအရာကလေး ပေါ်လာယင် ပညာပါပါစေ၊ ဆန့်တဲ့အမူအရာပေါ်လာယင် ပညာပါပါစေ၊ အမှတ်တမဲ့ မကွေးလိုက်နဲ့၊ အမှတ်တမဲ့ မဆန့်လိုက်နဲ့တဲ့။

အမှတ်တမဲ့ ကွေးလိုက်ဆန့်လိုက်ယင် ဘာဝင်လာတတ်သလဲ ဆိုတော့ ကိလေသာဝင်တယ်တဲ့၊ ကြည့်စမ်း-သဗ္ဗညုရှင်တော်မြတ်ဘုရားကြီး ဘုန်းကြီးတို့တတွေကို ဆုံးမထားတာ ဘာများကျန်သေးတုံး၊ (မကျန်ပါဘူးဘုရား) အကြွင်းအကျန် မရှိအောင် တချက်နဲ့မမိယင် တချက်မိပါစေတော့လို့ ဆိုပြီးတော့ ဆုံးမထားတာ မဟုတ်လား၊ ဒို့က ဘယ်အချက်မှ မမိအောင်လွတ်အောင် ရှောင်နေတယ်-သိလား၊ (မှန်ပါ) ငါတို့တွေဟာ ဒီလိုကိုဖြစ်နေတယ်၊ အခုမြတ်စွာဘုရားက ရှေ့ကိုတိုးတဲ့အခါ နောက်ကိုဆုတ်တဲ့အခါ တည့်တည့်ကြည့်တဲ့အခါ ဟိုဘက်လှည့်ကြည့်တဲ့အခါ ဒီဘက်လှည့်ကြည့်တဲ့အခါ ကွေးတဲ့အခါ ဆန့်တဲ့အခါမှာ ချစ်သားပညာပါပါစေတဲ့၊ ဒါတင်လား၊ မကသေးဘူး။

သံဃာဋိပတ္တစီဝရဓာရဏေ၊ နှစ်ထပ်သင်္ကန်းကြီးနဲ့ သပိတ်သင်္ကန်းကိုဆောင်ယူကိုင်တွယ်ရာ၌။ သမ္ပဇာနကာရီ၊ အသိဉာဏ်ပညာကိုပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

ဘုန်းကြီးတို့အတွက် ပြင်ဝတ်တိုင်း ဝတ်တိုင်း သင်္ကန်းကြီးယူလိုက်တိုင်း ဆွမ်းခံသွားမယ်လို့ သပိတ်ကိုကိုင်တိုင်း ကိုင်တိုင်း ကိုယ့်အသုံးအဆောင်တွေကို ကိုင်တွယ်တိုင်း ကိုင်တွယ်တိုင်း၊ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေကတော့ ဝတ်တိုင်းဝတ်တိုင်းပေါ့-ဟုတ်လား၊ (မှန်ပါ) ကိုယ့်အသုံးအဆောင်တွေကို ကိုင်တွယ်တိုင်းကိုင်တွယ်တိုင်း ချစ်သား ပညာပါပါစေ၊ ပညာပါအောင်လုပ်-ပါရဲ့လား၊ (မပါပါဘူးဘုရား) မပါဘူး-ဒါလဲ လွတ်အောင်ရှောင်တာဘဲ။

"အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ"။

အသိတေ၊ စားရာ၌၎င်း။ ပီတေ၊ သောက်ရာ၌၎င်း။ (ဘုန်းကြီးတို့ပရိသတ်အမြဲစားနေတယ်မဟုတ်လား၊ (စားနေပါတယ်ဘုရား) မြတ်စွာဘုရားက တရားကိုမလွတ်အောင် ရှုတတ်ဘို့အတွက်- ပြတာ။ ခါယိတေ၊ သစ်သီးတို့ကို ခဲတဲ့အခါကာလ၌၎င်း။ သာယိတေ၊ လျက်တဲ့အခါ၌၎င်း။ လျက်ဆားလျက်တာတောင် ကျန်သလား - မြတ်စွာဘုရားပြတာ၊ (မကျန်ပါဘူးဘုရား) ဒို့က လွတ်အောင်မရှောင်ဘူးလား၊ (ရှောင်ပါတယ်ဘုရား) အသိတေ ပီတေ ခါယိတေ သာယိတေ။ သမ္ပဇာန ကာရီ၊ အသိပညာဉာဏ်ကိုပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

စားတဲ့အခါ သောက်တဲ့အခါ သစ်သီးကိုကိုက်စားလိုက်တဲ့အခါ ဘာပါရမလဲ၊ (ပညာပါရမှာပါဘုရား) အဲဒါသစ်သီးကျတော့ ခဲတယ်လို့ခေါ်တယ်၊

ပြီးတော့ဆားလျက်တဲ့အခါ ဆားကလေးဘဲလျက်လျက် သကြားကလေးဘဲလျက်လျက် ဘာပါရမလဲ၊(ပညာပါရမှာပါဘုရား) ပါရဲ့လား၊( မပါပါဘူးဘုရား) ဟ-မင်းတို့ တော်တော် တော်တဲ့လူတွေဘဲ၊ ဘယ်နေရာမှ ဖမ်းလို့မမိအောင် သူတို့လွတ်အောင်ရှောင်တယ်-ဒီဥစ္စာတွေကို၊ ပြီးတော့ဘာလဲ-

"ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ"။

ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးစွန့်တဲ့အခါ ကျင်ငယ်စွန့်တဲ့အခါ၌။ သမ္ပဇာနကာရီ၊ အသိဉာဏ်ပညာကိုပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။

မြတ်စွာဘုရားက အကြွင်းအကျန်မရှိအောင် ဘယ်လောက်တောင် ဟောထားသလဲဆိုတော့ ချစ်သားတဲ့-ဟိုကိစ္စတွေမှာ ချစ်သားတို့ ပညာမပါချင်နေပါစေ၊ ကျင်ကြီးစွန့်တဲ့အခါ ကျင်ငယ်စွန့်တဲ့အခါ တံတွေးထွေးတဲ့အခါနှပ်ညှစ်တဲ့အခါ ပညာပါပါစေ-တဲ့၊ ပညာပါရဲ့လား (မပါပါဘူးဘုရား) ကုန်ပြီကွဲ့-မြတ်စွာဘုရားပြောတာ၊ ဘာကျန်သေးတုံး-

"ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ"။

ဂတေ၊ သွားရာ၌၎င်း။ ဌိတေ၊ မတ်တတ်ရပ်ရာ၌၎င်း။ နိသိန္နေ၊ ထိုင်ရာ၌၎င်း။ သုတ္တေ၊ အိပ်တဲ့ လျောင်းတဲ့အခါ၌၎င်း။ ဇာဂရိတေ၊ အိပ်ရာကထတဲ့အခါ၌၎င်း။ ဘာသိတေ၊ စကားပြောရာ၌၎င်း။ တုဏှီဘာဝေ၊ သူများပြောတာကို ဆိတ်ဆိတ် နားထောင်နေတဲ့ အခါ၌၎င်း။ သမ္ပဇာနကာရီ၊ အသိဉာဏ်ပညာကိုပြုလေ့ရှိသည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဧဝံ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

**သမ္ပဇညတရား ၄-ပါး** ဒါပါဠိအနက်ယောဇနာပြီးပြီကွဲ့၊ မြန်မာအဓိပ္ပါယ်ပြောကြအုံးစို့၊အခုပြောတာဟာ-ခုနစ်ဌာနရှိတယ်၊ ဘယ်နှစ်ဌာနလဲ-(ခုနစ်ဌာနပါဘုရား)

(၁) အဘိက္ကန္တေ ပဋိက္ကန္တေ-က တဌာနကွဲ့၊
(၂) အာလောကိတေ ဝိလောကိတေ-က တဌာန၊
(၃) သမိဉ္ဇိတေ ပသာရိတေ-က တဌာန၊
(၄) သံဃာဋိပတ္တ စီဝရဓာရဏေ-က တဌာန၊
(၅) အသိတေ ပီတေ ခါယိတေ သာယိတေ-က တဌာန၊
(၆) ဥစ္စာရပဿာဝ ကမ္မေ-က တဌာနကွဲ့၊

(၇) ဂတော ဌိတော် နိသိန္နေ သုတ္တော ဇာဂရိတေ ဘာသိတေတုဏှိဘာဝေ-က တဌာန-ကွဲ့၊ ပေါင်းတော့ဘယ်နှစ်ဌာနလဲ၊ (ခုနှစ်ဌာနပါဘုရား)ကိုင်း-အဲဒီ ခုနစ်ဌာန ဒီနေ့ ကုန်ပါ့မလား၊ ဟင်-ဘုန်းကြီးကတော့ ကုန်အောင်ဟောမှာ၊ ပရိသတ်တို့ ကုန်အောင် နာနိုင်ပါ့မလား၊ (မှန်ပါ) ဖအေး ဒီအတိုင်း ဟော ပေးရမယ်။

အဘိက္ကန္တေ ရှေ့ကိုတိုးတာ။ ပဋိက္ကန္တေ၊နောက်ကိုဆုတ်တာ။ ရှေ့ကိုတိုးတယ် ဆိုဘာ ဘာတုံးကွဲ့၊ ဒီ ခန္ဓာကိုယ်ကြီး- နောက်ကိုဆုတ်ထာကော၊ (ဒီခန္ဓာ ကိုယ်ပါဘုရား)သွားနေတယ်ဆိုတာ ရှေ့ကိုသွားနေတာ၊ ဒါ သွားတဲ့ဣရိယာပုထ် ထဲ မပါဘူးလား၊ (ပါပါတယ်ဘုရား) နောက်ကိုဆုတ်တာကလဲဘဲ သွားတဲ့ ဣရိယာပုထ်ထဲမှာပါတယ်၊ သွားတဲ့ဣရိယာပုထ်ကို ပြောလိုက်သဖြင့် မတ်တတ် ရပ်တဲ့ ဣရိယာပုထ်မပါဘူးလား၊(ပါပါတယ်ဘုရား) ထိုင်တဲ့ ဣရိယာပုထ်ကော (ပါပါတယ်ဘုရား)လျောင်းတဲ့ [၁] ဣရိယာပုထ်လဲပါတယ်။

**တိရစ္ဆာန်တို့သိပုံကဲ့သို့သော အသိမျိုးသည် သမ္ပဇဉ်မဖြစ်**

အဲဒါကြောင့် ပညာပါရမယ်ဆိုတော့ ရှေ့ကို တိုးတာကို ရှေ့ကိုတိုးတယ်လို့သိတယ်၊ နောက် ကို ဆုတ်ယင်လဲ နောက်ကို ဆုတ် တယ် လို့ သိတယ်။

"သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ"[၁]။အဋ္ဌကထာက။

သောဏသိင်္ဂါလ-ဆိုတာ အိမ်ခွေး မြေခွေးတွေဘဲ-တိရစ္ဆာန်သတ္တဝါတွေလဲ ရှေ့ကိုတိုးယင် တိုးတယ်လို့ မသိဘူးလား၊ (သိပါတယ်ဘုရား) နောက်ဆုတ် တယ်လို့ မသိဘူးလား၊ (သိပါတယ်ဘုရား) ခလေးတွေကောကွဲ၊ (သိပါတယ် ဘုရား)တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေကောကွဲ့၊ (သိပါတယ်ဘုရား) အဲဒီလို သိတာတွေဟာ တရားဖြစ်ကဲ့လား၊ (မဖြစ်ပါဘူးဘုရား) ဘုန်းကြီးပြောတာ မဟုတ်ဘူးနော်၊ (ဒါ ပရိသတ်ကပြောတာ) အဋ္ဌကထာကလဲဒီလိုဘဲပြောတယ်၊ အဲဒါတရားမဖြစ်ဘူးတဲ့၊ ဝိပဿနာ မဟုတ်ဘူးတဲ့- အဲဒီလို သိတာမျိုးဟာ၊ ဘာမဟုတ်ဘူးတဲ့လဲ၊ (ဝိပဿနာတရား မဟုတ်ဘူးတဲ့ဘုရား)ထူးကြီးဆရာတော် က ပြောတာမဟုတ်ဘူးနော်၊ အဋ္ဌကထာဆရာတော်ကြီးက ပြောတာ၊ဒီစကား ကိုငြင်းချက်ထုတ်ချင်ယင် အဋ္ဌကထာဆရာနဲ့ငြင်းချက်ထုတ်ရမယ်၊ထူးကြီးဆရာ တော်ကို ထည့်မသုံးသပ်နဲ့၊ ထူးကြီးဆရာတော်မှာ-မူပိုင် လုပ်ထားတဲ့ တရား မရှိဘူး၊ အဲဒါကြောင့် ပါဠိတော်နဲ့ အဋ္ဌကထာကိုသာလျှင် ယူပြောပေးတာ

၁။ ဒီဃနိကာယ်-မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ-၃၅၇။

ဖြစ်သောကြောင့် ဒီတရားအချက်ကို သဘောမကျယင် အဲဒီပါဠိတော်နဲ့ အဋ္ဌကထာကိုသာအငြင်းပွားကြပါ၊ ဘုန်းကြီးတော့ချမ်းသာပေးကြပါ-ဟုတ်လား၊ (မှန်ပါ)

**အတ္တသညာကို မစွန့်လျှင် ဝိပဿနာ မဖြစ်** အခုဘာပြောသလဲဆိုတော့ သောဏသိဂ်ါလာဒယော ပိ-တဲ့၊ တိရစ္ဆာန်သတ္တဝါတွေလဲ ရှေ့ကိုတိုးယင် တိုးတယ်လို့သိတယ်၊ နောက်ကိုဆုတ်ယင် ဆုတ်တယ်-သွားယင်သွားတယ်လို့ သိတယ်၊ ရပ်ယင်ရပ်တယ်လို့ သိတယ်၊ထိုင်ယင်ထိုင်တယ်လို့သိတယ်၊အိပ်ယင်အိပ်တယ်လို့ သိတယ်၊ အဲဒါ ဝိပဿနာဖြစ်ကဲ့လား၊ (မဖြစ်ပါဘူးဘုရား)ဘာဖြစ်လို့ ဝိပဿနာ မဖြစ်သလဲ-သတ္တဝါဟူသော အမှတ်သညာကို မစွန့်သည်ဖြစ်သောကြောင့် ဝိပဿနာမဖြစ်၊ အတ္တသညာကို မစွန့်သည် ဖြစ်သောကြောင့် ဝိပဿနာမဖြစ်၊ သတ္တဝါဟူသော အမှတ်သညာကို သူတို့ကမစွန့်ဘူး၊ငါသွားတယ်,ငါရပ်တယ်လို့ဆိုတဲ့ အတ္တသညာကိုလဲ မစွန့်ဘူး၊ အဲဒီလို သတ္တဝါတွေ အတ္တသညာကို မစွန့်သည် ဖြစ်သောကြောင့် ဝိပဿနာ မဖြစ်ဘူး။

ကိုင်း-ဒါဖြင့် အခု ရှေ့ကိုသွားတယ်၊ ရှေ့ကိုတိုးတဲ့ပုဂ္ဂိုလ်များ ဘယ့်နှယ်လုပ်ရမလဲ၊ ဥပမာတခု သွားတယ်,ရပ်တယ်,ထိုင်တယ်,လျောင်းတယ် မဟုတ်လား၊(မှန်ပါ)ဒါ ဘယ်သူလုပ်နေတာလဲလို့ ဆိုတော့ ဟို ပါဠိတော်တခုသွားလိုက်အုံးတဲ့-သူက၊ ဘုန်းကြီးတို့ ခါတိုင်းဟောပေးနေကျဖြစ်တဲ့ သုတ္တနိပါတ် ပါဠိတော်က **ဝိဇယသုတ္တန်** ဆိုတာ ရှိတယ်၊ **ကာယဝိစ္ဆန္ဒနိကသုတ်** လို့လဲ ခေါ်တယ်၊ **နန္ဒသုတ်** လို့လဲခေါ်တယ်မဟုတ်လားလို့၊ (မှန်ပါ) ဒီသုတ္တန်က အမည်သုံးမျိုးလောက်ရတယ်၊ ဒါ ဘုန်းကြီးတို့ ဟို**မေဃိယသုတ္တန်**ထဲ ထည့်ဟောလို့ပါပြီးပြီမဟုတ်လား[၁]၊ (ပါပြီးပါပြီဘုရား)

"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ"။

စရံဝါ၊ သွားနေစဉ်သော်၎င်း။ ယဒိ၊ သို့မဟုတ်။ တိဋ္ဌံဝါ၊ရပ်နေစဉ်သော်၎င်း။ နိသိန္နောဝါ၊ ထိုင်နေစဉ်သော်၎င်း။ ဥဒ၊ သို့မဟုတ်။ သယံဝါ၊ လည်းလျောင်းနေစဉ်သော်၎င်း။ ယံသမိဉ္ဇေတိ၊ အကြောင်ကွေးမှုလည်းကွေး၏။ ယံပသာရေတိ၊ အကြောင်ဆန့်တန်းမှုလည်း ဆန့်တန်း၏။သော၊ ရပ်သွားထိုင်လျောင်း၊ ဤ

---

၁။ မေဃိယသုတ္တန် ဝိပဿနာရှုနည်းကျမ်း၊ နှာ-၄၇၆-စသည်ကြည့်။

ဣရိယာပုထ်လေးပါးအပေါင်း၌ကွေးဆန့်မှုအမူအရာအားလုံးသည်။ ကာယသာ၊ ပုဂ္ဂိုလ်သတ္တဝါသူငါမဖက် စိတ္တဇဝါယော ကာယသက်သက်၏။ ဝါ၊ ရူပကာယ၏။ ဣဥ္စနာ၊ လှုပ်ရှားခြင်းမျှသာတည်း။

လှုပ်ရှားမှုမှန်သမျှ ဝါယောကာယ သွားယင်ဘယ့်နှယ်ရှုရမလဲ၊ (ဝါယောရုပ်လို့ ရှုရမှာပါဘုရား) ထိုင်ယင်ဘယ့်နှယ် ရှုရမလဲ၊ (ဝါယောရုပ်ပါဘုရား)မတ်တတ်ရပ်ယင် ဘယ့်နှယ်ရှုရမလဲ၊ (ဝါယောရုပ်ပါဘုရား)လျောင်းယင်ဘယ့်နှယ် ရှုရမလဲ၊ (ဝါယောရုပ်ပါဘုရား) ကွေးယင်ဆန့်ယင်ဘယ့်နှယ်ရှုရမလဲ၊ (ဝါယောရုပ်ပါဘုရား) အဲဒီလိုရှုယင် သတ္တဝါပါသေးလား(မပါပါဘူးဘုရား) ငါ ပါသေးလား၊ (မပါတော့ပါဘူးဘုရား) သမ္ပဇာနကာရီ၊ပညာဉာဏ်ကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သတိသမ္ပဇညခန်းဟုတ်လား၊(မှန်ပါ)

အဲဒီနေရာမှာ ကွေးတယ် ဆန့်တယ် သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ်ဆိုတဲ့ သမ္ပဇညပိုင်း အားလုံးတို့ကို ခြုံပြီး ကြည့်လိုက်တော့– အဘိက္ကန္တေ ပဋိက္ကန္တေ – ရှေ့ကိုတိုးတယ် နောက်ကိုဆုတ်တယ်ဆိုတဲ့ သွားမှု လှုပ်ရှားမှု အမူအရာဟာဘယ်သူလဲ–ဝါယောရုပ်၊ ဒီခန္ဓာကိုယ်ကြီးတကိုယ်လုံးကို ရွှေရောက်အောင် ဘယ်သူရွှေ့ပေးသလဲ၊ (ဝါယောရုပ်ပါဘုရား)

ဒါကိုဘုန်းကြီးတို့ပရိသတ်က ငါရွှေ့တယ်လို့ သိလိုက်တယ်၊ဟုတ်တယ်မဟုတ်လား၊ (မှန်ပါဘုရား)

နောက်ပြန်ဆုတ်လိုက်တော့ကော၊ (ဝါယောရုပ်ကပါဘုရား) ငါဆုတ်တယ် ငါရွှေ့တယ်လို့သိယင် ဝိပဿနာဖြစ်တဲ့လား၊ (မဖြစ်ပါဘူးဘုရား) ဘယ်လိုသိမှ ဝိပဿနာဖြစ်မှာတုံး၊(ဝါယောရုပ်လို့သိမှပါဘုရား)

*ဝါယောကာယ၏လှုပ်ရှားမှုလို့ ဒီလိုရှုရမယ်၊ဟိုဘက်လှည့်တာ ဘာလဲ၊ (ဝါယောကာယပါဘုရား) ဒီဘက်လှည့်တာ၊ (ဝါယောကာယပါဘုရား)တည့်တည့်ပြန်လှည့်တာ၊ (ဝါယောကာယ၏လှုပ်ရှားမှုပါဘုရား)

ကွေးတာ ဆန့်တာ သင်္ကန်းသပိတ်ကို အသုံးအဆောင်တွေကို လှမ်းပြီးယူတာတွေဟာ ဘာတွေတုံး၊ (ဝါယောရုပ်ပါဘုရား)ဖောင်တိန်ကလေးဘဲကိုင်ကိုင် ပုလင်းကလေးဘဲကိုင်ကိုင်၊ အိုးဘဲကိုင်ကိုင်၊ ခွက်ပဲကိုင်ကိုင်၊ တံမြက်စည်းဘဲလှည်းလှည်း၊ အဲဒါဘာတုံးကွဲ့၊(ဝါယောရုပ်ပါဘုရား) ဝါယောရုပ်က လှုပ်ရှားမှုတွေ၊ ဝါယောရုပ်လို့သာရှုနေရမယ်၊ ဘာလို့ရှုရမလဲကွဲ့၊ (ဝါယောရုပ်လို့ရှုနေရမှာပါဘုရား)

ပြီးတော့ အသိတော ပီတော ခါယိတော။ ။အသိတော၊ စားရာ၌ငင်း။ ထမင်းပွဲပေါ် လက်ကလေးရောက်အောင် ဘယ်သူတင်ပေးသလဲကွဲ့၊ (ဝါယောရုပ်ကပါဘုရား) လက်ကတင်တာလား၊ ဝါယောရုပ်ကတင်တာလား (ဝါယောရုပ်ကပါဘုရား) ဘာဟုတ်မလဲ-လက်ကတင်တယ်လို့ထင်တယ်၊ ငါကတင်တယ်လို့ထင်တယ်၊ ကမ္မဋ္ဌာန်းဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) ထမင်းပွဲပေါ် လက်တင်ကတည်းက ရုပ်ပေါ်မှာ အသိကလေးကပ်ပြီးတော့ ဖြေးဖြေးကလေး ထမင်းပွဲပေါ် လက်တင်ရမယ်-တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ။

အဲဒီလို စံနစ်တကျလုပ်နိုင်ယင်လုပ်၊ ဒီနှစ်ဘုန်းကြီးကို သထုံကတရားပြပေးဘို့ဆိုပြီးတော့ ခုနစ်ရက်စခန်းပင့်ထားတာရှိတယ်၊ အဲဒါ သူတို့တရားအားထုတ်မဲ့ပုဂ္ဂိုလ်တွေကို ဒီလိုလုပ်နိုင်ယင်လုပ်၊ မလုပ်နိုင်ယင် တရားလာမပြဘူးလို့ ဘုန်းကြီးကဒီလိုပြောရမယ်၊ အလုပ်ကိုတကယ်လုပ်ရမယ်၊ ထမင်းပွဲပေါ်လက်တင်တာကိုက အမှတ်တမဲ့ မတင်လိုက်ရဘူး ရွေ့ပြီးတော့လာတဲ့ သဘောကလေးကိုရုပ်တရားလို့ အသိကပ်ပြီး ထမင်းပွဲပေါ်တင်လိုက် ထမင်းလုပ်ကလေး လှုပ်ရှားမနေဘူးလား၊ (လှုပ်ရှားပါတယ်ဘုရား) ဘာတုံးကွဲ့-အဲဒါ၊ (ဝါယောရုပ်ပါဘုရား)

ပြီးတော့ ထမင်းလုပ်ကလေးအပေါ် မှ့လာခဲ့။ မှ့မှ့လာခဲ့နော်၊ ပါးစပ်နားကို ဗြုံးကနဲရောက်အောင် မှ့မလာဘဲနဲ့၊ ရုပ်တရားရဲ့ ရွေ့မှုဆိုတဲ့ ရုပ်တရားရဲ့ သဘောကလေးကိုသိပြီးတော့မှ ရုပ်တရား ရုပ်တရားနဲ့ အသိကပ်လာပြီးတော့မှ ထမင်းလုပ်ပါးစပ်နားရောက်၊ ပါးစပ်နားရောက်တဲ့အခါ ကျတော့ ဒီပါးစပ်က ထမင်းလုပ် မရောက်ခင် ပိတ်ထားသလား-ဖွင့်ထားသလား၊ (ပိတ်ထားပါတယ်ဘုရား) ထမင်းလုပ်ကလေး အနားရောက်လာတော့ ဒီပါးစပ် ဘယ်သူဖွင့်ပေးတုံး၊ (ဝါယောရုပ်ပါဘုရား) ပါးစပ်က ဟ ပေးတယ်လို့ ထင်တယ်၊ ကိုယ်က ဟ ပေးတယ်လို့ ထင်တယ်ဆိုယင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) ဝါယောရုပ်၊ ပြီးတော့ လက်မလေးနဲ့ ကော်ပြီးတော့ ထမင်းလုပ်ခလေး မခွန့်လိုက်ဘူးလား၊ (ခွန့်ပါတယ်ဘုရား) ဘာတရားတုံး၊ (ဝါယောရုပ်ပါဘုရား) ထမင်းလုပ် ပါးစပ်ထဲရောက်ပြီနော်၊ (မှန်ပါ) ရောက်တော့ ဘာလုပ်သလဲ၊ (ဝါးပါတယ်ဘုရား) သွားနဲ့ဝါးတယ်၊ ပါးစပ်နဲ့ ဝါးနေတယ်၊ ငါက ဝါးနေတယ်ဆိုယင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) ဘာပြုလို့လဲ-သတ္တဝါဟူသော အမှတ်သညာနဲ့ အတ္တဟူသော အမှတ်သညာကို မစွန့်သည်ဖြစ်သောကြောင့်။

အဲဒီလို ဝါးဝါးနေတော့ ဝါးနေသရွေ့ လှုပ်ရှားနေသရွေ့ ဘာလို့ရှုနေရမလဲ၊ (ဝါယောရုပ်လို့ရှုနေရပါ့မယ်ဘုရား) တချက်နဲ့တချက် မတူဘူးနော်၊

(မှန်ပါ) အဲဒီလိုဝါးယင်း ဝါးယင်းက နေပြီးတော့ ထမင်းလုပ်ကလေး တော်တော်လေးဝါးမိပြီဆိုတော့ ဘာလုပ်သလဲ၊ (မျိုချလိုက်ပါတယ်ဘုရား) အဲဒါမစားတတ်သေးတာ-ဒါဘဲ၊ မမျိုခင် လျှာပေါ်မှာ နဲနဲပါးပါး မလုံးလိုက်ဘူးလား၊ (လုံးပါတယ်ဘုရား) အဲအဲ-အဲဒါလေး ကျန်ရစ်ခဲ့တယ်၊ တရားအကွက်စေ့အောင်သွားယင် ဒီလိုသွားရမယ်နော်၊ (မှန်ပါ) ဒီလိုလျှာပေါ်မှာ လုံးပြီးတော့ မျိုချဘို့ရန်အတွက် သူ့ကိုလုံးလိုက်ထာကဘယ်သူ လုပ်ပေးသလဲ၊ (ဝါယောရုပ်ပါဘုရား) အဲ-ပြီးတော့မှ ထမင်းလုပ်ခလေး မျိုချလိုက်တော့ယင် ကျသွားတယ်နော်၊ (မှန်ပါ) ဘယ်သူတွန်းချလိုက်သလဲကွဲ့၊ (ဝါယောရုပ်ပါဘုရား)

သောက်တဲ့အခါ လျက်တဲ့အခါ ခဲတဲ့အခါ ဒီအတိုင်းဘဲ သွားရမယ်၊ ရုပ်တရားလို့ အသိကပ်သွားရမယ်။

"အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဘဝိဿာမ"။

ကျင်ကြီးစွန့်တယ်၊ ကျင်ငယ်စွန့်တယ်–ဥစ္စာရပဿာဝကမ္မေ။ အညစ်အကြေးတွေ အပြင်ဘက်ရောက်အောင် ဘယ်သူတွန်းထုတ်သလဲ၊ (ဝါယောရုပ်ပါဘုရား) ဝါယောရုပ်၊ အဓောဂမဝါယောက အောက်ကိုတွန်းထုတ်တယ်၊ ရှုဘူးလား၊ (ရှုဘူးပါတယ်ဘုရား)

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ၊ သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ လျှောင်းတဲ့အခါ ဘာတရားတဲ့လဲ၊ (ဝါယောရုပ်ပါဘုရား)ခန္ဓာကိုယ် တကိုယ်လုံး အိပ်ရာပေါ်လှဲပေးတာ ဘယ်သူ လှဲပေးသလဲ၊ (ဝါယောရုပ်)ခန္ဓာကိုယ်ကြီးကို အိပ်ရာထဲက ထောင်ပေးလိုက်တာ ဘယ်သူတုံး၊ (ဝါယောရုပ်ပါဘုရား) အရိုးစုကြီးကို ထောင်ပေးလိုက် လှဲပေးလိုက် ရှေ့တိုးပေးလိုက် နောက်ဆုတ်ပေးလိုက် လုပ်နေတာ ဘယ်သူတုံး၊ (ဝါယောရုပ်ပါဘုရား) အဲဒါကြောင့်ပါဠိတော်က–

"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္စေတိ ပသာရေတိ၊ဧသာ ကာယဿ ဣဉ္ဇနာ"။

**လှေနှင့်မြွေး ပြေးသွားကြသည့်ဥပမာ**

ဝါယောရုပ်က လှုပ်ရှားမှုချည့်ပါဘဲ ချစ်သားတဲ့–ဟုတ်လား၊ (မှန်ပါ) ဥပမာလေးပြောကြအုံးစို့ကွယ်။

"နာဝါ မာလုတဝေဂေန၊ ဇိယာဝေဂေန တေဇနံ"[၁]။

နာဝါ၊လှေသည်။ မာလုတဝေဂေန၊ လေ၏အဟုန်ဖြင့်။ ဒေသန္တရံ၊ အရပ်တပါးသို့။ ယာတိယထာ၊ သွားရောက်သကဲ့သို့ရင်း။

---

၁။ ဒီဃနိကာယ်–မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ–၃၅၇။

လေ့မှာစိတ်ရှိသလား၊ (မရှိပါဘူးဘုရား)လှည်းတွေမှာ စိတ်ရှိသလား၊ (မရှိပါဘူးဘုရား) အဲဒီလှည်းတွေ လေ့တွေ အရပ်တပါးသွားတဲ့အခါမှာ လှည်းသွားတယ်၊ လေ့ရပ်တယ်–မရှိဘူးလား၊(ရှိပါတယ်ဘုရား)လေ့မှာ သွားတဲ့ ရပ်တဲ့ အမူအရာတွေ ရှိသလား၊(မရှိပါဘူးဘုရား) လှည်းသွားတယ်, လှည်းရပ်တယ်ဆိုတာကော မရှိဘူးလား–လောကသမုတိသစ္စာအားဖြင့် ခေါ်တာမရှိဘူးလား၊(ရှိပါတယ်ဘုရား)

အစေတနံ၊စိတ်မရှိသော။ တေဇနံ၊မြွားသည်။ ဇိယာဝေဂေန၊လေးညို့၏အဟုန်ဖြင့်။ ဒေသန္တရံ၊ အရပ်တပါးသို့။ ယာတိယထာ၊ ရောက်သွားသကဲ့သို့ရင်း။

လေးပေါ်မှာ မြွားကလေးကိုတင်ပြီး လေးညို့ကိုဆွဲလိုက်တော့ လေးညို့အဟုန်ပြင်းသလောက် အဲဒီမြွား ပြေးသလား-မပြေးဘူးလား၊ (ပြေးပါတယ်ဘုရား) မြွားမှာပြေးတဲ့စိတ်ရှိသလား၊ (မရှိပါဘူးဘုရား)ဘယ်သူ့ကြောင့်လဲ–လေးညို့ကြောင့်၊ လေ့သွားတာသည် ဘယ်သူ့ကြောင့်လဲ-လေကြောင့်၊ မြွားပြေးတာသည် ဘယ်သူ့ကြောင့်လဲ၊(လေးညို့ကြောင့်ပါဘုရား) အဲဒီလို လေးညို့အဟုန်ပြင်းယင် ပြင်းသလောက် ဒီမြွားက ပြေးတယ်။

"ယထာ ယာတိ တထာ ကာယော၊ယာတိ ဝါတာဟတော အယံ"ိ။

တထာ၊ ထိုလေ့နှင့်မြွားတွေသွားပုံအတူသာလျှင်။ အယံကာယော၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုတ်သည်။ ဝါတာဟတော၊ စိတ္တဇလေသည် ရှေးရှုဆောင်အပ်သည်ဖြစ်၍။ ယာတိ၊ သွားလာလှုပ်ရှား၏။

ရှေ့ကိုတိုးတာ လေဆောင်ပေးလို့မဟုတ်လား၊ (မှန်ပါ)

ဥပမာ-တဲ့၊ လူတယောက်ဟာ လှည်းမောင်းတယ်၊ လှည်းမောင်းတော့ လှည်းသွားတယ်လို့ ပြောကြတာဘဲမဟုတ်လား၊(မှန်ပါ)

၊ အဲဒီလှည်းကိုရပ်လိုက်၊ လှည်းရပ်တယ်လို့ ပြောတယ်မဟုတ်လား (မှန်ပါ) အဲဒီလှည်းမှာ နွားနှစ်ကောင် က-တယ်၊ လှည်းမောင်းတဲ့လူရယ်, နွားနှစ်ကောင်ရယ်, လှည်းရယ် ဘယ်နှစ်ခုတုံး၊ (သုံးခုပါဘုရား)

အဲဒီသုံးခုမှာ မောင်းတဲ့လူက မောင်းလိုက်ပြီဆိုတော့ ဘယ်သူကသွားသလဲ၊ (နွားကသွားပါတယ်ဘုရား)

အဲဒီနွားတွေသွားတာကို နွားသွားတယ်လို့ မပြောဘဲနဲ့ ဘယ့်နှယ်ပြောကြသလဲ၊ (လှည်းသွားတယ်လို့ ပြောပါတယ်ဘုရား)

ရပ်လိုက်တော့ကော ဘယ့်နှယ်ပြောတုံး၊(လှည်းရပ်တယ်လို့ ပြောပါတယ်ဘုရား)လှည်းက ရပ်သလား-နွားနှစ်ကောင်ကရပ်သလား၊ (နွားနှစ်ကောင်က ရပ်ပါတယ်ဘုရား)

အဲဒီဥပမာလိုဘဲတဲ့ လောကမှာ သမုတိသစ္စာ ပညတ်နယ်ကနေပြီး စိတ်ရယ် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောရုပ်ရယ် အဲဒီနှစ်ခု ဆောင်သည်ဖြစ်သော ကြောင့် ဒီခန္ဓာကိုယ်ရုပ် အကောင်ပုတ်ကြီးဟာရွေ့သွားနေတာကို လူသွားတယ် လူရပ်တယ်ခေါ်၏၊ သဘောပေါက်ပလား၊ (ပေါက်ပါပြီဘုရား)

**ဝါယောရုပ်အကြောင်းခံ၍ သဏ္ဌာန်ပြားပုံ**

စိတ်ကဘာနဲ့တူသလဲဆိုတော့ လှည်းမောင်းတဲ့ လူနဲ့တူတယ်၊ နွားနှစ်ကောင်က ဝါယောရုပ်နဲ့ တူတယ်၊ ဟောဒီခန္ဓာကိုယ်ရုပ် အကောင်ပုတ်ကြီးကတော့ လှည်းနဲ့တူတယ်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား)

ခန္ဓာကိုယ်ကြီးက ဘာလုပ်နိုင်သလဲ၊ (ဘာမှမလုပ်နိုင်ပါဘူးဘုရား)လေမပါ ယင် သူကဘာလုပ်နိုင်မလဲ၊ (မလုပ်နိုင်ပါဘူးဘုရား) ခန္ဓာကိုယ် လှုပ်ရှားနေ တာ ကွေးတာတို့ ဆန့်တာတို့ သွားတာတို့ ရပ်တာတို့ ထိုင်တာတို့ စားကာတို့ အစရှိသည်ဖြင့် လှုပ်ရှားမှုမှန်သမျှ ဘယ်သူလုပ်ပေးသလဲ၊ (ဝါယောရုပ်ပါ ဘုရား) ကြိုးကလေးတပ်ထားတဲ့ သစ်သားရုပ်လိုဘဲဘဲ့၊ အဲဒီပြယုဂ်က ဘယ်က လာသလဲဆိုတော့ ဟို သုတ္တနိပါတ် အဋ္ဌကထာမှာ–

“စိတ္တနာနတ္တ မာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ”[၁]။

စိတ္တနာနတ္တံ၊သွားခြင်းလာခြင်း ထိုင်ရပ်ခြင်းမှ စသည်ဆိုသို အလိုသူးဆန်း စိတ်အစုမ်းကို။ အာဂမ္မ၊ အတွင်းသန္တာန် အရင်းခံ၍။ ဝါယုနော၊ သွားလာ ထိုင်ရပ် ရုပ်ကလာပ်ကိုဖြစ်စေတတ်ပေ ဝါယောလေ၏။ နာနတ္တံ၊ သွားလေ လာလေ ထိုင်ရပ်လေဟု အမည်ကွဲပြား ထူးခြားခြင်းသည်။ ဟောတိ၊ စိတ် အစဉ်နှင့် အဆင်သင့်အောင် မလင့်ပုံသေ ဖြစ်ပါပေ၏။ ဝါယုနာနတ္တတော၊ သွားလေလာလေ ဝါယောလေက အမည်ကွဲပြား ထူးခြားသည်အဖြစ်ကြောင့်၊ ကာယဿ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ မဟုတ်ကြတောင်း ရုပ်နာမ်အပေါင်း၏။ ဣဉ္ဇနာ၊ ရုပ်သေးစင်တွင် အရုပ်သွင်သို့ အထင်ကွဲပြား ခြားနားခြင်းသည်။နာနာ၊ သွားဟန်လာဟန် ထိုင်ရပ်ဟန်နှင့် သဏ္ဌာန်ထူးထွေ ဖြစ်ပါပေ၏။

သွားတဲ့သဏ္ဌာန်,ရပ်တဲ့သဏ္ဌာန်,ထိုင်တဲ့သဏ္ဌာန်,အိပ်တဲ့သဏ္ဌာန်တွေ ဖြစ်မလာ ဘူးလား၊ (ဖြစ်လာပါတယ်ဘုရား)သဏ္ဌာန်ဆိုတာဒြပ်ကွဲ့၊ ဒြပ်ဆိုယင်ပညတ်၊ ဝိပဿနာဘက်သို့ မရောက်။

---

၁။ သုတ္တနိပါတ် အဋ္ဌကထာ၊ ၀၊ နှာ–၂၃၇။

အဲဒီတော့ သွားတယ် လာတယ်ဆိုတဲ့ အမူအရာတွေရှေ့ကိုတိုးတယ် နောက်ကိုဆုတ်တယ်လို့ ဆိုတာ ဒါ အဘိက္ကန္တေ ပဋိက္ကန္တေရဲ့ အဖွင့်ကိုပြောပေးနေတာနော်၊ (မှန်ပါ) အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ-ဒီနှစ်လုံးကို ဟောပေးနေတာ၊အဲ-လွယ်လွယ်တော့ အဖြစ်သား၊ တရားကို လွယ်လွယ်ဟောယင်မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ပါဠိတော်အာဘော် နည်း ကျမကျတော့ မပြောတတ်ဘူး၊ရှေ့တိုးယင် တိုးတယ်လို့ သိပေါ့၊ နောက်ဆုတ်ယင် ဆုတ်တယ်လို့ သိယင်ပြီးတာဘဲ-ဟုတ်လား၊ (မှန်ပါ)

စိတ်တည်းဟူသော လှည်းမောင်းသမားက နွားတည်းဟူသော ဝါယောရုပ်ကို တို့ပြီးတော့ နှိုးဆော်ပေးလိုက်တော့ လှည်းတည်းဟူသော ခန္ဓာကိုယ်ကြီးဟာ ရွေ့ရွေ့ ရွေ့ရွေ့နဲ့ သွား၏၊ သဘောကျပြီမဟုတ်လား၊ (ကျပါတယ်ဘုရား) အဲဒါ သွားတိုင်းသွားတိုင်း ဆင်ခြင်ယင် သမ္ပဇာနကာရီဘဲ မဟုတ်လား၊ (မှန်ပါ)

တနည်းအားဖြင့် ယန္တရားရုပ်ကလေး ဥပမာပြသေးတယ်။

**ယန္တရားရုပ်ဥပမာ** "ယန္တံ သုတ္တဝသေနေဝ၊ စိတ္တသုတ္တဝသေနိဒံ။
ပယုတ္တံ ကာယယန္တမ္ပိ၊ ယာတိ ဌာတိ နိသီဒတိ"[၁]။

**ယန္တံ**၊ ယန္တရားရုပ်ကလေးသည်။–

ယန္တရားရုပ်ဆိုတာ ရုပ်သေးစင်ပေါ်မှာကနေတဲ့ အရုပ်ကလေးတွေ၊ သူတို့မှာ ဘာတွေတပ်ထားသလဲ (ကြိုးလေးတွေပါဘုရား) လက်မှာ တပ်ထားတဲ့ ကြိုးကလေးဆွဲလိုက်တော့ က တဲ့ဟန်၊ ခြေထောက်က ကြိုးကလေးဆွဲလိုက်တော့ သွားတဲ့ဟန်၊ ခေါင်းကကြိုးကလေးတွေ ဆွဲလိုက်တော့ ငုံ့တဲ့ စောင်းတဲ့ဟန်၊ ပြောတဲ့ ဆိုတဲ့ဟန်၊ လက်ဟန်အမူအရာ၊ ခြေဟန်အမူအရာတွေ ပေါ်ပေါက်မနေဘူးလား၊ (ပေါ်ပါတယ်ဘုရား) ကြိုးဆွဲ ဆရာက ဆွဲပေးလိုက်တာ၊ ကြိုးဆွဲဆရာက စိတ်ကွဲ၊ (မှန်ပါ) ကြိုးကလေးတွေက ရုပ်ကွဲ၊ အဲ-ဟိုသစ်သားရုပ်က ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်း သမီးတွေရဲ့ ခန္ဓာကိုယ်ရုပ်-ဟုတ်လား၊ (မှန်ပါ)စိတ်တည်းဟူသော ကြိုးဆွဲဆရာကြီးက နေပြီးတော့ ဝါယောရုပ်တည်းဟူသော ကြိုးကလေးကို ဆွဲပေးလိုက်ထာ လက်လှုပ်ချင်တဲ့ အမူအရာဖြစ်လာရော။

အဲဒီစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောရုပ်တွေ ဒီလက်ထဲ အကုန်လုံးပျံ့သွားပြီးတော့မှ ဒီလက်ကွေးလို့ ဆန့်လို့ လှုပ်လို့ ရှေ့တိုးလို့ နောက်ဆုတ်လို့ ရတယ်-မဟုတ်လား၊ (မှန်ပါဘုရား)

---

၁။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ-၃၅၀။

ယန္တံ၊ ယန္တရားရုပ်သည်။ သုတ္တဝသေန၊ အချုပ်မှာတပ်ထားတဲ့ ကြိုး၏ အစွမ်းအားဖြင့်။ ယာတိ ဣဝ၊ သွားသကဲ့သို့ရှင်း။ ဌာတိ ဣဝ၊ ရပ်သကဲ့သို့ ရှင်း။ နိသီဒတိဣဝ၊ ထိုင်သကဲ့သို့ရှင်း။ ဧဝမေဝ၊ ပမာနည်းယူ ယန္တရား ရုပ်ကလေး အတူသာလျှင်။ ပယုတ္တံ၊ ဣရိယာပထ၏ အစွမ်းအားဖြင့် ယှဉ်စေ အပ်သော။ ဣဒံ ကာယယန္တမ္ပိ၊ ဤကိုယ်တည်းဟူသော ယန္တရားရုပ်ကြီးသည် လည်း။ စိတ္တသုတ္တဝသေန၊ စိတ်တည်းဟူသော ကြိုး၏ အစွမ်းအားဖြင့်။ ယာတိ စ၊ သွားလည်းသွားနိုင်၏။ ဌာတိ စ၊ ရပ်လည်းရပ်နိုင်၏။ နိသီဒတိ စ၊ ထိုင်လည်းထိုင်နိုင်၏။

**သွားမှုရပ်မှုစသည်တို့သည်စိတ်နှင့် ဝါယောဓာတ်စသည်တို့ကြောင့်ဖြစ်ပုံ**

သွားလဲ သွားနိုင်တယ်၊ ရပ်လဲ ရပ်နိုင်တယ်၊ ရှေ့လဲတိုးနိုင်တယ်၊ နောက်လဲ ဆုတ် နိုင် တယ် လို့ ဆိုတာ ဘယ်သူ့ အစွမ်းလဲ-စိတ်တည်းဟူသော အကြောင်းကြောင့်ဖြစ်တဲ့ ဝါယောရုပ် အစွမ်း- နော်၊ (မှန်ပါဘုရား) အဲဒီနေရာမှာ စိတ်က ဘာလဲလို့ဆိုတော့ ဇနက အကြောင်း၊ ဘာအကြောင်းတဲ့လဲ၊ (ဇနကအကြောင်းပါဘုရား) ဝါယော ရုပ်က သွားခြင်း ရပ်ခြင်း ထိုင်ခြင်းတို့ရဲ့ ဥပထမ္ဘက အကြောင်းလို့ အကြောင်း နှစ်မျိုးရှိတယ်၊ စိတ်က သွားမှုကိုဖြစ်စေတတ်တဲ့အကြောင်း၊ရုပ်က သွားဘို့ရန် အတွက် ရှေ့သွားဘို့ရန်အတွက် ထောက်ပံ့တဲ့အကြောင်း ကွဲပြီလား၊အဲဒါကော သဘောကျရဲ့လား(ကျပါတယ်ဘုရား) မှတ်ထားနော်၊ (မှန်ပါဘုရား)အဲဒီလို ဇနက-အကြောင်း, ဥပထမ္ဘကအကြောင်းတွေ ကင်းပြီးတော့ သူ့ဖာသာသူ သွားနိုင်တယ်ဆိုတဲ့သတ္တဝါဘယ်မှာရှိသလဲ၊ (မရှိပါဘူးဘုရား)

"ကောနာမ တွေ သော သတ္တော၊ ယော ဝိနာ ဟေတုပစ္စယေ။
အတ္တနော အာနုဘာဝေန၊ တိဋ္ဌေ ဝါ ယဒိ ဝါ ဝဇေ"[၁]။

တွေ-ဣမသ္မိံ လောကေ၊ ဤလောကကြီးထဲ၌။ ယော သတ္တော၊ အကြင် သတ္တဝါသည်။ ဟေတုပစ္စယေ-ဟေတုပစ္စယေဟိ၊သွားလိုစိတ်, ၎င်းစိတ်ကြောင့် ဖြစ်သောစိတ္တဇဝါယောဓာတ်စသော အကြောင်းတရားတို့နှင့်။ ဝိနာ၊ကင်း၍[၂]။ အတ္တနော၊ မိမိ၏။ အာနုဘာဝေန၊ အစွမ်းအားဖြင့်။ ယဒိတိဋ္ဌေဝါ၊ ရပ်မူ လည်း ရပ်နိုင်ရာ၏။ ယဒိ ဝဇေဝါ၊သွားမူလည်းသွားနိုင်ရာ၏။ သောသတ္တော၊

---

၁။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ-၃၅၈။
၂။ ဝန္တုကာမတာစိတ္တ တံသမုဋ္ဌာန ဝါယောဓာတုအာဒိဟေတုပစ္စယေဟိ ဝိနာ။ မဟာဝဂ္ဂဋီကာ၊ နှာ-၃၀၅။

ထိုသတ္တဝါမျိုးသည်။ လောကေ၊ လောကၥ်။ ကောနာမအတ္ထိ၊ အဘယ်မှာ ရှိပါအံ့နည်း။ နတ္ထိဝေ၊ မရှိနိုင်တော့သည်သာတည်း။

အဲဒီဇနကအကြောင်း, ဥပထမ္ဘက အကြောင်း တည်းဟူသော သွားခြင်းစသည်ကို ဖြစ်စေတတ်တဲ့ စိတ်ဆိုတဲ့အကြောင်းနဲ့ စိတ္တဇဝါယောရုပ်တည်းဟူသော သွားလို့ဖြစ်အောင် ထောက်ပံ့ပေးတဲ့ ဒီအကြောင်းနှစ်ခုမရှိဘဲ ခုနကပြောတဲ့ သွားလို့ ရပ်လို့ ကွေးလို့ ဆန့်လို့ စားလို့ သောက်လို့စသည်ဖြင့် ဒီလိုဟာတွေ ဘာဖြစ်နိုင်မလဲ၊ (မဖြစ်နိုင်ပါဘူးဘုရား)သတ္တဝါလား–ရုပ်လား၊ (ရုပ်ပါဘုရား) သွားလိုတဲ့ စိတ်ကလေး ဖြစ်လာယင် အဲဒီစိတ်ကိုမှီပြီးဖြစ်တဲ့ ဝါယောရုပ်တွေဟာ တကိုယ်လုံးပျံ့ပြီးတော့ ရှေ့ကိုသွား၏၊ ရှေ့ကိုတိုး၏၊ နောက်ကိုဆုတ်၏၊ အဲဒီလိုဆင်ခြင်လိုက်တော့ သတ္တဝါပါသေးလား၊ (မပါတော့ပါဘူးဘုရား)ငါကောပါသေးလား၊ (မပါပါဘူးဘုရား)လက်တွေ ခြေကောက်တွေကော ပါသေးသလား၊ (မပါတော့ပါဘူးဘုရား)

ဘယ်သူရယ် ဘယ်သူရယ်လဲဆိုတော့– ယန္တရားရုပ်ကလေးကို ဟောဒီလိုမြှောက်လိုက်တဲ့အခါ လာတဲ့ဟန်,သွားတဲ့ဟန်လေး လုပ်လိုက်တဲ့အခါမှာ ကြိုးဆွဲဆရာကြီးရယ်, ကြိုးရယ်၊ ဒီနှစ်ခုကြောင့်သာ ဒီအရုပ်ကလေး လှုပ်နေတာမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) ကြိုးဆွဲဆရာက စိတ်၊ ကြိုးကဘာတုံးကွဲ၊ (ဝါယောရုပ်ပါဘုရား) ဟိုအရုပ်ကလေးက ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေရဲ့ ခန္ဓာကိုယ်လုံးကြီး–ဟုတ်လား၊(မှန်ပါ) ဒီတော့– စိတ်ရယ် ဝါယောရုပ်ရယ် မရှိယင် ဒီခန္ဓာကိုယ်ကြီးက ဘာလုပ်နိုင်သလဲ၊ (ဘာမှမလုပ်နိုင်ပါဘူးဘုရား)

ဒီတော့ သွားဘယ်ရပ်တယ်ဆိုတာ စိတ်တည်းဟူသောနာမ်တရား, ဝါယောရုပ်တည်းဟူသောရုပ်တရား၊ ရုပ်တရား, နာမ်တရား၊ ဒါဘဲမဟုတ်လား၊(မှန်ပါ) အဲဒီလို ကွဲကွဲပြားပြားသိတဲ့ ပညာအဆင်အခြင်ရှိသည်ဖြစ်၍ ရှေ့ကိုတိုးတဲ့အလုပ်ကို လုပ်ရမယ်၊နောက်ကိုဆုတ်တဲ့အလုပ် လုပ်ရမယ်လို့ဆိုပြီးတော့ သမ္ပဇာနကာရီ၊ ရှေ့ကိုတိုးရာ နောက်ကိုဆုတ်ရာ၌ ကုသိုလ် ပညာ ဉာဏ်ပါအောင်ပြုလုပ်သည်။ ဘဝိဿာမ၊ဖြစ်ကြကုန်အံ့။ အာလောကိတေ ဝိလောကိတေ– တည့်တည့်ကြည့်တဲ့နေရာ, စောင်းငဲ့ကြည့်တဲ့နေရာမလဲ ဒီအတိုင်းဘဲမဟုတ်လား၊(မှန်ပါ)အဓိပ္ပါယ် ဒီအတိုင်းအကုန်ဝင်သွားပြီနော်၊(မှန်ပါ) ဒီအတိုင်းဘဲ အခုနကပြောတဲ့ ဥပမာကလေးတွေနဲ့ ဟပ်ဟပ်ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေရဲ့ ခန္ဓာမှာကပ်ကပ်ပြီးတော့ရှု၊ ဒီလိုရှုဖန်များတော့ သမ္ပဇာနကာရီ ခေါ်တယ်။

**သမ္ပဇဉ်တရားလေးပါး** သမ္ပဇာန – သမ္ပဇဉ်ဆိုတာ–(၁) သာတ္ထကသမ္ပဇဉ် (၂) သပ္ပါယသမ္ပဇဉ်, (၃) ဂေါစရသမ္ပဇဉ်, (၄) အသမ္မောဟသမ္ပဇဉ်-လို့ လေးမျိုးရှိတယ်[၁]။

ဘယ်နှစ်ပါးတဲ့ကွဲ၊ (လေးပါးပါဘုရား)

(၁) သာတ္ထက သမ္ပဇဉ်ဆိုတာ-သွားလို့အကျိုးရှိမလား – မရှိဘူးလားလို့ ဆင်ခြင်တဲ့အသိဉာဏ်မျိုးတဲ့၊ တရားနာသွားတယ်ဆိုပေမဲ့ တလောကပြောထား တယ်၊ပရိသတ်တွေ သိပ်များကျပ်ခဲနေတဲ့ကြားထဲမှာသွားယင် တရားနာလို့ ကုသိုလ်ရတာနဲ့ စိတ်ပျက်စရာတွေဖြစ်ပြီးတော့ အကုသိုလ်ဖြစ်လာမှာနဲ့ ဘယ် သူကများလဲ၊(အကုသိုလ်ကများပါတယ်ဘုရား) သွားသင့် မသွားသင့် နှိုင်းချိန် တဲ့အသိဉာဏ်မျိုးကို သာတ္ထကသမ္ပဇဉ်လို့ ဒီလိုခေါ်တယ်၊ ဘုရားဖူးသွားတယ်၊ အကျိုးမရှိဘူးလား၊ (ရှိပါတယ်ဘုရား)

(၂) သပ္ပါယသမ္ပဇဉ်ဆိုတာ- ကိုယ်နဲ့သင့်လျော်လျောက်ပတ်တဲ့ အာရုံကို သာလျှင် ဣရိယာပုထ်ကိုသာလျှင် ယူပြီးတော့ တရားအားထုတ်ခြင်းသည် သပ္ပါယ သမ္ပဇဉ်တဲ့၊ ဥပမာ–အသုဘရှုမယ်ဆိုယင် အမျိုးသမီးဆိုယင် အမျိုးသားရဲ့ အသုဘကို သွားပြီးတော့မရှုနဲ့၊ ကိုယ်နဲ့သပ္ပါယမဖြစ်ဘူးတဲ့၊ ဒီအတိုင်းဘဲ ဥပ လက္ခဏနည်းလေးကို ယူပြီးတော့ ကိုယ်ကထိုင်တဲ့ဣရိယာပုထ်နဲ့ သပ္ပါယဖြစ်ယင် ထိုင်တဲ့ဣရိယာပုထ်နဲ့ အားထုတ်ရမယ်၊မတ်တတ်ရပ်တဲ့ ဣရိယာပုထ်နဲ့သက်သာ ယင် မတ်တတ်ရပ်တဲ့ ဣရိယာပုထ်နဲ့ အားထုတ်ရမယ်၊ အိပ်တဲ့ဣရိယာပုထ်နဲ့ သပ္ပါယဖြစ်ယင် အိပ်တဲ့ဣရိယာပုထ်နဲ့ အားထုတ်ရမယ်၊ဒီလိုမှမဟုတ်လဲ ကုလား ထိုင်ကြီးပေါ် ပက်လက်လှန်ပြီးတော့ အားထုတ်တယ်ဆိုယင် ဒီသပ္ပါယနဲ့တော် ယင် ဒါနဲ့ဘဲအားထုတ်၊ ကုလားထိုင်ပေါ်ထိုင်ယင် ကြွားဘို့ဝါဘို့တော့ စိတ် မကူးနဲ့ပေါ့၊ တရားအားထုတ်ဘို့ထိုင်တာ ထိုင်ကောင်းတယ်၊ ကိုယ်နဲ့သင့်လျော် တဲ့အာရုံကို ယူရမယ်၊ဒါ သပ္ပါယသမ္ပဇဉ်။

ဂေါစရသမ္ပဇဉ်တဲ့–ကျက်စားသင့် မကျက်စားသင့်၊စားတာ သောက်တာပေ တဲ့ ဘောဇနေမတ္တညုတာနဲ့ နဲနဲလေးဆိုင်သေးတယ်၊အစာဟာစားသင့် မစားသင့် ဒီလိုကြည့်ရမယ်၊ဒီအစာကို စားလိုက် သောက်လိုက်ခြင်းဖြင့် ငါ့မှာ အဝိဇ္ဇာတွေ တဏှာတွေ တိုးပွားလာမယ်ဆိုယင် စားရမလား–မစားရဘူးလား၊ (မစားရ

---

၁။ သမ္ပဇဉ်လေးပါးအဖွင့်အကျယ်ကို သီလက္ခန်အဋ္ဌကထာ၊ နှာ–၁၆၅။ မူလပဏ္ဏာသ ဋ္ဌကထာ၊ပ၊နှာ–၂၆၅။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊နှာ-၂၂၅။ သမ္မောအဋ္ဌကထာ၊နှာ–၃၃၉-တို့၌ရှုပါ။

ပါဘူးဘုရား) မစားဘူးလားနို့၊ (စားပါတယ်ဘုရား) အေး-အဲဒီအစာကို စားလိုက်သောက်လိုက်ခြင်းဖြင့် ကိုယ့်မှာ ရောဂါဝေဒနာလဲ ကင်းပျောက်သွားမယ်၊ ကုသိုလ်တွေလဲ တိုးပွားမယ်ဆိုယင် ဆေးခါးကြီး ဘယ်သူသောက်ချင်မလဲ၊ (မသောက်ချင်ပါဘုရား) မသောက်ချင်ပေတဲ့ ကိုယ့်ရောဂါတွေနဲ့ တည့်မယ်, ပျောက်မယ်ဆိုယင် ဒီလိုဘဲ နှစ်ဖျစ်သောက်ရတော့တာဘဲ။

အဲဒီလိုဘဲ တရားအားထုတ်တဲ့ လုပ်ငန်းဆိုတာ ဆေးခါးကြီးကို မသောက်ချင်ပေတဲ့ ရောဂါပျောက်အောင် သောက်နေရသလိုဘဲ၊ မိမိရဲ့ ကိလေသာရောဂါတွေ ပျောက်ချင်လို့ တရားအားထုတ်နေကြရတာဘဲ-ဟုတ်လား၊ (မှန်ပါ) အခု ဆေးဆရာကြီးတွေရှိပါတယ်၊ လူမမာတွေလာပြီးတော့ ဆေးဝယ်သရွေ့ဟာ သောက်ချင်လွန်းလို့ လာဝယ်တာလား၊ ရောဂါပျောက်ချင်လို့လား၊ (ရောဂါပျောက်ချင်လို့ပါဘုရား) ဘယ်သူမှ ဒီဆေးမစားချင်ဘူး၊ နံလိုက်ထာ ဆိုတာလဲ မပြောနဲ့တော့၊ မနဲမျိုချရတဲ့ဆေး၊ ဒါပေတဲ့ ဘာပြုလို့စားရလဲ-ရောဂါပျောက်အောင်။

ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ အင်မတန်ညောင်းဘယ်၊ အင်မတန် ပင်ပန်းတယ်၊ ဒါပေမဲ့ ပျင်းလဲအားထုတ်နေရတာဘဲ၊ပျော်လဲလုပ်နေရတာဘဲ၊ ဘာဖြစ်လို့လဲ-ကိလေသာ ရောဂါတွေ ပျောက်အောင်လို့၊ အဲဒီလိုကိုယ်နဲ့ သင့်လျော်လျောက်ပတ်တဲ့ သမ္ပဇဉ်မျိုး၊ ဒါလဲ ဉာဏ်နဲ့ ယှဉ်ထားရမယ်၊ ဒါ အကျဉ်းချုပ်ပြောတာ-နော်၊ (မှန်ပါ)

ဂေါစရသမ္ပဇဉ်– သွားတာလာတာကြည့်သွားရမယ်၊ အဲဒါကို ကောဖြင့် အဋ္ဌကထာက အကျယ်ကြီးဟောတယ်၊ ဆွမ်းခံသွားတဲ့အခါ တရားကိုဆောင်တာ၊ ဆွမ်းခံကပြန်တဲ့အခါ တရားကိုဆောင်တာ၊ ဆွမ်းခံ သွားတုန်းတော့ တရားကိုဆောင်တယ်၊ ဆွမ်းခံကပြန်လာတော့ တရားကိုမဆောင်တာ၊ ဆွမ်းခံသွားတုန်းတော့ တရားကိုမဆောင်ဘူး၊ ဆွမ်းခံကပြန်လာမှ တရားကိုဆောင်ရွက်ထာလို့ဆိုပြီး အဲဒီလို လေးနည်းလောက် အဋ္ဌကထာက ဂေါစရကို ပြောထားတယ်၊ ဒါ ဂေါစရသမ္ပဇဉ်။

အသမ္မောဟသမ္ပဇဉ်-အဲဒါကလေး ဘုန်းကြီးနဲနဲပြောချင်တယ်၊ သမ္ပဇာနကာရီမှာ သမ္ပဇဉ်ကို ပြောနေတာ၊ အသမ္မောဟ သမ္ပဇဉ်ဆိုတာက သွားမဲ့ အမူအရာလေးတခု ပေါ်လာတော့ ခြေထောက်ကို ကြွလိုက်မယ်၊ ခြေထောက်ကို ကြွလိုက်တဲ့အခါ ကြွလိုတဲ့စိတ်၊ အပေါ်ကို တက်ပြီးတော့လာတဲ့ တေဇောရုပ်, ဝါယောရုပ် အားကောင်းမလာဘူးလား၊ (အားကောင်းပါတယ်ဘုရား)

ပထဝီရုပ်, အာပေါရုပ် အားသေးမသွားဘူးလား၊ (အားသေးသွားပါတယ်ဘုရား)

ဒါလေး တွေးကြည့်ရမယ်၊ ခြေထောက်သွားမယ်လို့ ဆန္ဒလိုက်ယင် ဒါ တရားအားထုတ်မဲ့လူတွေ သတိထားနော်၊ ဒီအတိုင်းစံနစ်ကျအောင် မလုပ်နိုင်ယင် တရားမရဘူး၊ ကုသိုလ်ရရုံလောက်ပဲရှိတယ်၊ ခြေထောက်ကြွလိုက်မယ် ဆိုတော့ ရှေးဦးစွာ ခြေထောက်သွားလိုတဲ့စိတ် မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)

သွားလိုတဲ့စိတ်ဖြစ်တဲ့အခါကျတော့ သွားလိုတဲ့စိတ်ကနေပြီး ခြေထောက်ကလေး ကြွပေးလိုက်၊ ခြေထောက်ကြွတဲ့အခါမှာ ဘယ်ရုပ်တရားတွေလွန်ကဲလာသလဲဆိုတာ သိအောင်လုပ်ရမယ်။

စိတ်တမျိုးဖြစ်ပေါ်လာလျှင် စိတ်တမျိုးချုပ်ပျောက်ပုံ — ခြေထောက်ကြွလိုက်တဲ့အခါမှာ ဘယ်ရုပ်တရားတွေ လွန်ကဲလာသလဲ ဆိုတော့ တေဇောရုပ်, ဝါယောရုပ် လွန်ကဲလာတယ်၊ ပထဝီဓာတ်နဲ့ အာပေါဓာတ်က အားသေးကျန်ခဲ့တယ်၊ ရှေ့ကိုလှမ်းလိုက်တဲ့အခါ တေဇောရုပ်, ဝါယောရုပ်, အောက်ကိုဖိချလိုက်တဲ့အခါကျတော့ တေဇောရုပ်, ဝါယောရုပ် အားသေးပြီးတော့ ပထဝီ,အာပေါရုပ်က အားကောင်းလာတယ်။

တေဇော,ဝါယောရုပ်တွေ အားကောင်းတိုင်း အားကောင်းတိုင်း ပထဝီ, အာပေါရုပ်တွေ အားသေးနေကြတယ်၊ ဒီ ရုပ်အစဉ်တွေ-နော်၊(မှန်ပါ) ရုပ်အစဉ်တခု စိတ်အစဉ်တခု၊ ရုပ်အစဉ်တခုစိတ်အစဉ်တခု၊သူ့အပိုင်းကလေးနဲ့သူ ညဏ်ကခွဲပြီးတော့ သိလာရမတဲ့၊သူ့အဆစ်နဲ့သူ။

"အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ"[၁]။

အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတေ၊ ဖြစ်သည်ရှိသော်။ အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။နိရုဇ္ဈတိ၊ချုပ်၏။

စိတ်တမျိုးဖြစ်လာလျှင် စိတ်တမျိုးက ကွယ်ပျောက်သွားတယ်။

ပဌမလှမ်းချင်တဲ့ စိတ်ကလေးဖြစ်ပြီးတော့ အောက်ကိုခြေထောက်ချလိုက်ပြီဆိုယင် ချတဲ့စိတ်ဖြစ်မလာဘူးလား၊ (ဖြစ်လာပါတယ်ဘုရား)

လှမ်းချင်တဲ့စိတ်က ဘယ်ရောက်သွားသလဲ၊ (ပျောက်သွားပါတယ်ဘုရား)

အဲဒီအတိုင်းချည့်ဘဲ လုပ်သွားရမယ်၊သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ လျောင်းတဲ့အခါမှာ ရှေ့ကိုခြေထောက်ကြွလိုက်ယင် တေဇောရုပ်, ဝါယောရုပ်

၁။ သီလက္ခန်အဋ္ဌကထာ၊ နှာ-၁၇၃။ မူလပဏ္ဏာသအဋ္ဌကထာ၊ ပ၊နှာ-၂၆၅။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊နှာ-၂၂၅၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊နှာ-၃၃၉။

တွေ့ အားကောင်းပြီးတော့ ပထဝီ့အာပေါရုပ်တွေက အားသေးသွားတယ်၊ ချတဲ့အခါကျတော့ ပထဝီ့အာပေါအားကောင်းပြီးတော့ တေဇော့ဝါယော ရုပ်က အားသေးသွားတယ်။

အဲဒီလို ခြေတလှမ်းတိုင်းတလှမ်းတိုင်းမှာ ကြွလိုက်တဲ့အခါမှာ ပါလာတဲ့ ရုပ်နာမ်တရားတွေ ရှေ့လှမ်းလိုက်တဲ့အခါ ပါသေးလား၊ (မပါတော့ပါဘူး ဘုရား)

အောက်ကိုချလိုက်တဲ့အခါ လှမ်းတုန်းကရုပ် နာမ်တရားတွေပါသေးရဲ့လား၊ (မပါတော့ပါဘူးဘုရား)

အဲဒီလို သူ့အပိုင်းကလေးနဲ့သူ အစအဆုံး အပိုင်းအပိုင်းပြတ်အောင် ကြည့်ပြီးတော့ဝိပဿနာရှုထားတဲ့ သဘောမျိုးကို အသမ္မောဟသမ္ပဇဉ်လို့ ခေါ်တယ်၊ ကွေးတဲ့ဆန့်တဲ့အခါမှာလဲ ဒီအတိုင်းဘဲနော်၊ (မှန်ပါ)

ဘာ-သမ္ပဇဉ်တဲ့တုံး၊ (အသမ္မောဟသမ္ပဇဉ်ပါဘုရား) ဤသို့သော သမ္ပဇည တရားနဲ့ ပြည့်စုံကြကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကြကုန်အံ့ဟူ၍။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝေါ၊ သင်ချစ်သားတို့သည်။ ဝေါ၊ ဤသို့ ဟောပြဆိုဆုံးမခဲ့တဲ့အတိုင်း။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ကျင့်အပ်ပါပေ သတည်း။

သာဓု သာဓု သာဓု။

---

## မဟာအဿပုရသုတ္တန်

# သတ္တမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ **ကောဇာသက္ကရာဇ်** ၁၃၃၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅-ရက် (တော်သလင်းလကွယ်နေ့) ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်၌လာသော မဟာအဿပုရသုတ္တန် သတ္တမပိုင်း တရားဒေသနာ။

(တရားပလ္လင်ခံစကားနှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

ယနေ့ သတ္တမပိုင်းမှာ နီဝရဏပိုင်း, စျာန်ပိုင်းတွေကို မြတ်စွာဘုရားက ဟောပေးတဲ့အပိုင်းကို ရောက်ပါပြီ၊ ဒီတော့ ဒီသုတ္တန်ဒေသနာတော်အရ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက် နောက်က ဟောခဲ့တဲ့အပိုဒ်တွေကို အဓိပ္ပါယ်အကျယ်ဟောဘို့ သိပ်ပြီးတော့ လွယ်ကူလှတဲ့အပိုင်းတော့ မဟုတ်ဘူး၊ ဒါပေတဲ့ သုတ္တန်ဒေသနာတော်မှာ ရှိနေဟာတော့ဖြင့် ဒီအထဲမှာထည့်ပြီး ဟောပေးရမယ်၊ နောက်တပိုင်းကျတော့ အဘိညာဉ်ပိုင်း၊ အဲဒီအဘိညာဉ်ပိုင်းပြီးယင်ဘဲ အာသဝက္ခယဉာဏ်ပိုင်းဆိုပြီး ဒီသုတ္တန်ဒီလိုဆုံးရမယ်၊ ဒီကနေ့ သတ္တမပိုင်းတရားဒေသနာ အစက ဘာတုံးလို့ဆိုတော့-

"သိယာ ခေါ ပန **ဘိက္ခဝေ** တုမှာကံ **ဧဝမဿ**၊ ဟိရောတ္တပ္ပေနမှ သမန္နာဂတာ၊ ပရိသုဒ္ဓေါ **နော ကာယသမာစာရော**၊ ပရိသုဒ္ဓေါ ဝစီသမာစာရော၊ ပရိသုဒ္ဓေါ **မနောသမာစာရော**၊ ပရိသုဒ္ဓေါ အာဇီဝေါ၊ ဣန္ဒြိယေသုမှ ဂုတ္တဒွါရာ၊ ဘောဇနေ မတ္တညုနော၊ ဇာဂရိယံ အနုယုတ္တာ သတိသမ္ပဇညေန သမန္နာဂတာ။ အလ မေတ္တာဝတာ၊ ကတမေတ္တာဝတာ၊ အနုပ္ပတ္တော သာမညတ္ထော၊ နတ္ထိ နော ကိဉ္စိ ဥတ္တရိံ ကရဏီယ"န္တိ။

(ဆဋ္ဌမပိုင်း စာမျက်နှာ ၁၆၃-အတိုင်း အနက်ယောဇနာပါ၊တူပြီ)

**သတိသမ္ပဇညတရားမျှနှင့် ကျေနပ်မနေရန်**

ချစ်သားတို့....သင်ချစ်သားတို့သည် သမဏဟူသော အမည်ခံပြီး သမဏလို့ တာဝန်ယူကြယင် သမဏဖြစ်ကြောင်းတရားများကို ချစ်သားတို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်၊ ဘယ်တရားတွေတုံး၊ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါး၊ အဲဒီ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါးနဲ့ ငါတို့ပြည့်စုံပြီ၊ ကိုယ်အမူအရာ, နှုတ်အမူ

အရာ, စိတ်အမူအရာတွေလဲ စင်ကြယ်တယ်၊ အသက်မွေးမှုလဲ စင်ကြယ်တယ်၊ စင်္ကြံ သောတ ဃာန ဇိဝှါ စတဲ့ ဣန္ဒြေကို လုံခြုံစွာစောင့်ရှောက်အပ်သော သတိ တည်းဟူသော တံခါးပေါက်လဲ ငါတို့မှာရှိပြီ၊ စားသောက်အပ်သောဘောဇဉ် ရှာဖွေခြင်း ခံယူခြင်း သုံးဆောင်ခြင်း၌ အတိုင်းအရှည် ပမာဏကိုသိအောင် ငါတို့ကျင့်အပ်ပြီးပြီ၊ သတိတရား, ပညာတရားနှစ်ပါးနဲ့လဲ ငါတို့ပြည့်စုံအောင် ကျင့်ကြံပြီးပြီ၊ ဤသို့ ကျင့်ရုံမျှဖြင့် သာသနာတော်အတွက် ကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်သည် တော်လောက်ပြီ၊ တန်လောက်ပြီ၊ သာသနာတော်အတွက် ကျင့်ကြံဘွယ်တွေကို ကျင့်ကြံပြီးပြီ၊ ဤမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို ကျင့်သဖြင့် ငါတို့၏သာသနာတော်ကို ဝင်ရောက်၍ ကျင့်အပ်သော သာမညတ္တဟု ဆိုအပ်သော မဂ်ဖိုလ်အကျိုးဟာလဲဘဲ အစဉ်ရောက်လာ လောက်ပြီ၊ ဒီထက်လွန်၍ ကျင့်စရာမရှိတော့ဘူးလို့ သင်ချစ်သားတို့စိတ်ထဲမှာ ထင်ကောင်းထင်လိမ့်မယ်တဲ့။

"တာဝတကေနဝ တုဋ္ဌိံ အာပဇ္ဇေယျာထ"။

တာဝတကေနဝ၊ ထိုမျှလောက်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြင့် သာလျှင်။ တုဋ္ဌိံ၊ အားရကျေနပ် တင်းတိမ်ခြင်းသို့လည်း။ အာပဇ္ဇေယျာထ၊ ရောက်မူလည်း ရောက်ကုန်ရာ၏။

ဒါလောက်ကျင့်ရ တော်ရောပေါ့၊ ဒါလောက်လှူရ တော်ရောပေါ့၊ ဒါ လောက်ဥပုသ်စောင့်ရ တော်ရောပေါ့၊ ဒါလောက်ကုသိုလ်ကောင်းမှုတွေကို ကြိုး စားအားထုတ်ယင် တော်လောက်ပါပြီလို့ သင်တို့သည် ဒီကုသိုလ် ကောင်းမှု လောက်နဲ့ တင်းတိမ်ရောင့်ရဲ ကျေနပ်ချင် ကျေနပ်နေကြလိမ့် မယ်တဲ့။

"မာ ဝေါ သာမညတ္ထိကာနံ သတံ သာမညတ္ထော ပရိဟာယိ သတိ ဥတ္တရိံ ကရဏီယေ။"

သာမညတ္ထိကာနံ၊ သာမဏအဖြစ်ဟုဆိုအပ်သော မဂ်ဖိုလ်အကျိုးကို အလို ရှိကုန်သည်။ သတံ၊ ဖြစ်ကုန်လတ်သော်။ ဥတ္တရိံ၊ ထို့ထက်လွန်သော။ ကရ ဏီယေ၊ ပြုဘွယ်ကိစ္စသည်။ သတိ၊ ရှိလတ်သော်။ ဝေါ၊ သင်တို့၏။ သာမညတ္ထော၊ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော သမဏအဖြစ်ဟူသော အကျိုးစီးပွားသည်။ မာပရိ ဟာယိ၊ မဆုတ်ယုတ်ပါစေလင့်။

အဲဒါလောက်ကလေးနဲ့ ချစ်သားတို့ တင်းတိမ်ရောင့်ရဲ ကျေနပ်နေကြမယ် ဆိုယင် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးစီးပွားအတွက် သင်ချစ်သားတို့ ဆုတ်ယုတ်မှုမဖြစ် ပါစေနဲ့တော့လို့ ရှေ့တိုးပြီး ကျင့်ဘွယ်ကြံဘွယ်တရားကို ဟောကြားလိုတဲ့

အတွက် မြတ်စွာဘုရားက ဒီဒေသနာတော်ကို ပြန်ပြီးတော့ ဆက်စပ်ပေးတော်မူပါတယ်၊ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ်မှာ ဟောခဲ့ပြီးတဲ့ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါး အစရှိတဲ့ တရားတွေ ပြည့်စုံကြပြီလို့ ဆိုကြပါစို့၊ ပြီးခဲ့တဲ့အပတ်က သတိသမ္ပဇဉ်ပိုင်းကို ဟောကြားပေးခဲ့တယ် မဟုတ်လား၊ (မှန်ပါ)ဘာတဲ့လဲ ကွဲ-သွားယင် သတိ, စားယင်သတိ။

အဲဒီသတိသမ္ပဇဉ်ပိုင်းကို ဟောခဲ့တုန်းက အလုပ်စခန်းဖွင့်ပြီး ဟောပေးခဲ့တဲ့အပိုင်းဖြစ်တော့ သွားယင်ဘယ်လို သွားရမတဲ့လဲကွဲ့၊ အဲဒါလေးတွေကို ကိုယ့်ပရိသတ်က ကျင့်ဘို့မပြောနဲ့ ကောင်းကောင်းတောင် မမှတ်မိသလိုဖြစ်နေတယ်၊ဥပါသကာတယောက်က ဘာပြောသလဲဆိုတော့ ကြိုးခွေတွေအရှိသား ဘဲဘုရားတဲ့၊ သူကကြိုးခွေတွေအားကိုးတယ်၊ အဲဒီပြီးခဲ့တဲ့အပတ်က ဟောခဲ့တဲ့ သတိ, သမ္ပဇဉ်တရားနှစ်ပါးနဲ့လဲ ကျင့်လို့ ကြံလို့ ပြည့်စုံပြီဆိုကြပါစို့၊ မြတ်စွာဘုရားက ချစ်သားတို့....အဲဒီကျင့်ဝတ်ပဋိပတ် အကျင့်မြတ်လောက်နဲ့ တင်းတိမ်ရောင့်ရဲပြီး တော်ကြပလားတဲ့၊ တော်လောက်ပလားတဲ့၊ရှေ့မှာကျင့်စရာ မရှိတော့ဘူးလား–တဲ့။

ကိုယ်က အဲဒါလောက်ကလေးနဲ့ တင်းတိမ်ရောင့်ရဲ ကျေနပ်နေမယ်ဆိုယင် ရှေ့မှာကျင့်စရာ ကြံစရာ အားထုတ်စရာတွေ ရှိသေးသည်ဖြစ်သောကြောင့် သင်ချစ်သားတို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးကို အကယ်၍ အလိုရှိတယ်ဆိုယင် ရှေ့မှာရှိတဲ့ အားထုတ်စရာတွေကို မကျင့်မကြံမိတဲ့အတွက် မဂ်ဖိုလ် နိဗ္ဗာန် တည်းဟူသော အကျိုးတရား မဆုတ်ယုတ်ပါစေနဲ့လို့ဆိုပြီး ရှေ့ကျင့်စရာဆက်ဟောတယ်။

"ကိဉ္စ ဘိက္ခဝေ ဥတ္တရိံ ကရဏီယ"န္တိ။

ဆိုတ်ငြိမ်ရာအရပ် ၉–ပါး ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ဥတ္တရိံ၊ ထိုအကျင့်ထက်လွန်သော။ ကရဏီယံ၊ ကျင့်ဘွယ် ကြံဘွယ် အားထုတ်ဘွယ်ဖြစ်သော တရားသည်။ ကိဉ္စ၊ အဘယ်တရားပါနည်း။

ဟောခဲ့ပြီးတဲ့တရားတွေထက် ရှေ့တိုးပြီးကျင့်ရမဲ့တရားတွေ ရှိသေးတယ်။ အဲဒါ ဘာတရားတုံး။

"ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိတ္တံ သေနာသနံ ဘဇတိ အရညံ ရုက္ခမူလံ ပဗ္ဗတံ ကန္ဒရံ ဂိရိဂုဟံ သုသာနံ ဝနပ္ပတ္ထံ အဗ္ဘောကာသံ ပလာလပုဉ္ဇံ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤမြတ်စွာဘုရားသာသနာတော်အတွင်း၌။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလို ပွားများလို အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝါ၊ဆိုအပ်ခဲ့ပြီးသောတရားမှ ပိုလွန်၍ ကျင့်ကြံလို အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝိဝိတ္တံ၊ လူရှင်တို့မှဆိတ်ငြိမ်သော။ ဝါ၊ လူရှင်တို့မှ ကင်းသော။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာဟုဆိုအပ်သော။ အရညံ၊ တောသို့ငှင်း။ ရုက္ခမူလံ၊ သစ်ပင်ရင်းသို့ငှင်း။ ပဗ္ဗတံ၊ တောင်သို့ငှင်း။ ကန္ဒရံ၊ တောင်ချောက်သို့ငှင်း။ ဂိရိဂုဟံ၊ တောင်ခေါင်းသို့ငှင်း။ သုသာနံ၊ သုသာန်သို့ငှင်း။ ဝနပ္ပတ္ထံ၊တောစိုးသစ်ပင်ရင်းသို့ငှင်း။ အဗ္ဘောကာသံ၊ လွင်တီးခေါင်သို့ငှင်း။ ပလာလပုဉ္ဇံ၊ကောက်ရိုးစု ကောက်ရိုးပုံ ကောက်ရိုးတဲကလေးသို့ငှင်း။ ဘဇတိ၊ မှီဝဲရ၏။ ဝါ၊ ချဉ်းကပ်ရ၏။

ချစ်သားတို့က နိဗ္ဗာန်ချမ်းသာကို အဟုတ်အလိုရှိတယ်ဆိုယင်တဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ မြတ်စွာဘုရားကလဲ တရားကိုမကျင့်မနေရဆိုပြီး အတင်းနှင်းခိုင်းနေတာမဟုတ်ဘူး–နော်၊ (မှန်ပါ) ချစ်သား....သင်တကယ်အလိုရှိတယ်ဆိုယင် ဒီအလုပ်ကိုလုပ်ပါ၊ ဒီအလုပ်ကို ဒီလိုလုပ်မှ သင်ချစ်သားအလိုရှိတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ ရမယ်လို့ ဒီလိုပြောပေးနေတာမဟုတ်လား၊ (မှန်ပါဘုရား) အတင်းကျင့်ခိုင်းနေတာမဟုတ်ဘူး၊ ချစ်သား....သင်နိဗ္ဗာန်ချမ်းသာကို အလိုရှိယင် ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးကလေးနဲ့ပြည့်စုံအောင် အားထုတ်ပါအုံး၊ဒီလို မဟုတ်လား၊ (မှန်ပါ) ဟာ–ဒီတော့ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်က ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးနဲ့ ပြည့်စုံအောင်အားထုတ်၊ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါး ပြည့်စုံပြီဆိုတော့ သူက သိပ်ကျေနပ်နေတယ်၊ ချစ်သား....မကျေနပ်နဲ့အုံးတဲ့၊ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးပြည့်စုံရုံလောက်နဲ့ သင်ချစ်သားရဲ့ မဂ် ဖိုလ် နိဗ္ဗာန် အကျိုး ပြည့်စုံပြီလို့ မမှတ်နဲ့အုံးတဲ့၊ ကာယသမာစာရ ကိုယ်အမူအရာ ပြည့်စုံအောင် အားထုတ်အုံးကွဲ့၊ နှုတ်အမူအရာ, စိတ်အမူအရာ စင်ကြယ်အောင်အားထုတ်အုံးကွဲ့။

**ဟိရီ,-ဩတ္တပ္ပမှစ၍ အဆင့်ဆင့်တက်ပုံတရားများ**

ပြီးတော့တခါ မင်းမတင်းတိမ်နဲ့အုံး၊ မကျေနပ်နဲ့အုံးတဲ့၊ အသက် မွေးဝမ်းကျောင်းလဲ စင်ကြယ်အောင် အားထုတ်အုံးကွဲ့ လို့–ဒီလို ဟောတယ်မဟုတ်လား၊ (မှန်ပါဘုရား) ဒီအပိုဒ်တွေဟာ ဘုန်းကြီး တပိုဒ်စီ တပိုဒ်စီ အကျယ်ဟောခဲ့ပြီးပြီ၊ အဲဒီ အသက်မွေးဝမ်းကျောင်း စင်ကြယ်ရုံလောက်နဲ့ သင်ချစ်သား တင်းတိမ်ရောင့်ရဲ မနေနဲ့အုံးကွဲ့တဲ့၊ရှေ့ဆက်ပြီး အား

ထုတ်လိုက်အုံးတဲ့- နိဗ္ဗာန်ချမ်းသာကိုလိုချင်ယင် ဘာလုပ်ရမလဲ၊ စင်္ကြံ သောတဿာန ဇိဝှာ ကာယလို့ ခေါ်တဲ့ဣန္ဒြေကို ကိလေသာမဝင်အောင် စောင့်ရှောက်တဲ့၊ လေ့ကျင့်ခန်းတွေကို အလုပ်လုပ်အုံးကွဲ့တဲ့၊ ဣန္ဒြေတွေကို လုံခြုံအောင် လေ့ကျင့်ပြီးတော့ တော်လောက်ပလားဆိုတော့ ချစ်သား မတော်နဲ့အုံးတဲ့၊ ဘောဇနေမတ္တညုတာပိုင်း- စားသောက်အပ်သောဘောဇဉ်၌ ရှာဖွေခြင်း၌၎င်း, ခံယူခြင်း၌၎င်း, သုံးဆောင်ခြင်း၌၎င်း အတိုင်းအတာ ပမာဏကို သိပြီးတော့ ပညာနဲ့ဆင်ခြင်ပြီးတော့ ရှာတတ်အောင် ပညာနဲ့ဆင်ခြင်ပြီးတော့ ခံယူတတ်အောင် ပညာနဲ့ယှဉ်ပြီးတော့ သုံးဆောင်တတ်အောင်ဆိုပြီး ဒီလိုသင်တန်းပေးခဲ့တယ်မဟုတ်လား- မြတ်စွာဘုရားက၊ (မှန်ပါဘုရား) ဘုန်းကြီးတို့ ဒါကို အကျယ်ဟောပြီးပြီနော်၊ (မှန်ပါ)

ဒါ ပြည့်စုံပြန်တော့ ချစ်သား တော်လောက်ပလားဆိုတော့ မတော်နဲ့အုံးကွဲ့တဲ့၊ သူ့ထက်ပိုပြီးတော့ ကျင့်စရာရှိသေးတယ်၊ဘာလဲဆိုတော့ သတိ,သမ္ပဇည တရားနှစ်ပါးနဲ့ပြည့်စုံအောင် သင်ချစ်သား လေ့ကျင့်ခဏ်း လုပ်ပါအုံးလို့ ဆိုတော့-သွားပုံ ရှေ့ကိုတိုးပုံ နောက်ကိုဆုတ်ပုံ ပြောပေးတယ် မဟုတ်လား၊ (မှန်ပါဘုရား) ခြေထောက်ကွေးပုံ, ခြေထောက်ဆန့်ပုံ, လက်ကွေးပုံ,လက်ဆန့်ပုံ စသည်ဖြင့် ဘယ်လိုနှလုံးသွင်းရမယ်ဆိုတာ ဟောပေးတယ် မဟုတ်လား၊ (မှန်ပါ) အဲဒီကစပြီးတော့ သင်္ကန်းသပိတ် ပရိက္ခရာ ကိုင်တွယ်ပုံ၊ စားပုံ, သောက်ပုံ, လျက်ဆားလျက်ပုံ၊ ဒါတွေ သင်ပေးတယ်မဟုတ်လား- မြတ်စွာဘုရားက။

ကျင်ကြီးကျင်ငယ်စွန့်ပုံ, နှပ်ညှစ်ပုံ, တံတွေးထွေးပုံ စသည်ဖြင့် ဒါတွေ သင်ပေးလိုက်တယ်မဟုတ်လား၊ (မှန်ပါ) ပြီးတော့မှ သွားပုံ ရပ်ပုံ ထိုင်ပုံ လျောင်းပုံ၊ လျောင်းတယ် ဆိုတာ အိပ်ထာပေါ့ ဟုတ်လား၊ (မှန်ပါ) အိပ်ရာက ထပုံ, စကားပြောပုံ, သူများပြောတာကို နားထောင်ပုံ စသည်ဖြင့် ဒီအပိုင်းတွေကို သတိသမ္ပဇညပိုင်းက အကုန်လုံး မြတ်စွာဘုရား သင်ပေးလိုက်တယ် မဟုတ်လား၊ (မှန်ပါ)

အဲဒါ သင်ပေးလိုက်လို့ ဒီကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို ကျင့်ပြီးယင် သင်ချစ်သား နိဗ္ဗာန်ချမ်းသာကို တကယ်အလိုရှိယင် ဒီအကျင့်လောက်နဲ့လဲ မတော်နဲ့အုံးတဲ့-ရှေ့တက်ပြီး ကျင့်ရအုံးမယ်၊ ဘာကျင့်ရမလဲဆိုတော့-

“ဝိဝိတ္တံ သေနာသနံ ဘဇတိ”။

'ဝိဝိတ္တံ၊ လူရှင်တို့မှကင်းသော။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ဘဇတိ၊ ဆည်းကပ်ရ၏။

ဆည်းကပ်တယ်ဆိုတာ ချဉ်းကပ်ရ၏၊ လူကိုပေါင်းသင်း ဆက်ဆံသလို မှီဝဲဆည်းကပ်ခြင်းမျိုးမဟုတ်ဘူး–နော်၊ (မှန်ပါ) ကေကယ်တရားလိုချင်တဲ့ ပုဂ္ဂိုလ် တကယ်တရားအားထုတ်မဲ့ပုဂ္ဂိုလ် ဘယ်သွားရမတဲ့လဲကွဲ–မြတ်စွာဘုရားက၊ လူနဲ့ကင်းတဲ့နေရာ သွားရမယ်တဲ့၊ ဘုန်းကြီးတို့ပရိသတ်က – လူနဲ့ကင်းနေနိုင်သလား (မနေနိုင်သေးပါဘူးဘုရား) ပလ္လင်ပေါက ကိုယ်တော်ကော လူနဲ့ကင်းနေနိုင်ရဲ့လား၊ (မနေနိုင်သေးပါဘူးဘုရား) ဟင်–ဒီလိုဆိုပါးစပ်က နိဗ္ဗာန်ချမ်းသာရပါလို၏လို့ ထုံးစံအတိုင်း တောင်းနေရတဲ့ နိဗ္ဗာန်လို ဖြစ်မနေဘူးလား၊ (မှန်ပါ)

**လူများနှင့်ကင်းအောင်နေရန်** သို့သော် နိဗ္ဗာန်ချမ်းသာဆိုတာ ဒီလိုတောင့်တခြင်း အမှုကိုတော့ ပြုကောင်းပါတယ်၊ ပြုလဲပြုရမယ်၊ တောင့်လဲ တောင့်တရမယ်၊ အဲဒီလိုတောင့်တနေတာ သည်ပင်လျှင် တန်ဘိုးတော့သိပ်မသေးလှပါဘူး၊ သို့သော် တခါထဲ မင်ပေါက် ဖိုလ်ပေါက်ကျင့်မဲ့ ပုဂ္ဂိုလ်ရဲ့အနေနဲ့ကတော့ ဒီလို လူတွေ သူတော့နဲ့၊ ရှင်ရဟန်းတွေနဲ့ ဘယ်လိုလုပ်ပြီးတော့ နိဗ္ဗာန်သွားမလဲ အောင်ကြည်၊ (ဘုရား) ဟုတ်လား၊ (မှန်ပါ) အေး–အဲဒီတော့ လူသူလေးပါးတို့နဲ့ ကင်းအောင်နေရမယ်တဲ့ကွဲ့။

ဝိဝိတ္တံ၊ လူသူလေးပါးတို့နဲ့ ကင်းဆိတ်သော။ ဝါ၊ ကင်းကွာသော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဘဇတိ၊ ချဉ်းကပ်ရ၏။

ဒီနေရာ လူရှုပ်တယ်နော်– ဟိုနေရာသွားရမယ်၊ ဒို့က အခုဒီလိုမှဟုတ်မှ မဟုတ်ဘဲ၊ ကိုအောင်ကြည်–(ဘုရား) ပြောင်းပြန်ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား) အေး–ဒါတွေကို အသိဉာဏ်တော့ ဝင်ထားရမယ်နော်၊ (မှန်ပါ) မလုပ်နိုင်သေးတောင်မှ ဒီအသိဉာဏ်မျိုးကိုယ့်မှာ ဝင်ထားလိုက်လို့ ရှိယင် တနေ့နေ့ တဘဝတဘဝ တကြိမ်ကြိမ်မှာတော့ သူလုပ်တော့မှာ၊ (မှန်ပါ) ဒါကြောင့် ဘုန်းကြီး ဟိုတုန်းက မကြာမကြာပြောတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ တရားတကယ်ကြိုးစားအားထုတ်မယ်ဆိုယင် လူတွေ့မခံတာအကောင်းဆုံးဘဲ၊ လူနဲ့မတွေ့လို့မဖြစ်ဘူးဘုရား၊ ဒီလောက ကြီးထဲက လူတွေက ဘယ်နေရာသွားသွား ရှိနေတာဘဲဘုရားဆိုယင်၊ အေး–လူနဲ့တွေ့ချင်တွေ့ပါစေ၊ အဲဒီလူကို အသိမလုပ်ထာအကောင်းဆုံး။

လူနဲ့မတွေ့ဘဲ မနေနိုင်လို့တွေ့ယင် ဒီလူကိုအသိမလုပ်နဲ့၊ မသိလို့လဲဘယ်ဖြစ်မလဲ–ဒီတကာ တကာမတွေ့ ပစ္စည်းလေးပါးတို့နဲ့ ထောက်ပံ့လှူဒါန်းနေတဲ့ တကာ တကာမတွေ့ဘဲ၊ ဟိုတုန်းကသိနေပြီးတော့ အခုမှမသိတော့ပါဘူး လုပ်

လို့ဖြစ်ပါမလား၊ (မဖြစ်ပါဘူးဘုရား)အေး-သိချင်သိပါစေ၊ ရှေ့တပတ်လျှော့ပေးလိုက်၊အဲဒီသိတဲ့ပုဂ္ဂိုလ်နဲ့ အကျွမ်းမဝင်စေနဲ့၊ ဘာမဖြစ်စေနဲ့တဲ့လဲ၊(အကျွမ်းမဝင်ရပါဘူးဘုရား) ဖြစ်ပါ့မလားကိုယ့်ပရိသတ်။

အဲဒီလူသူလေးပါး ကင်းဆိတ်တယ်ဆိုတဲ့နေရာဟာ ဘယ်လိုနေရာမျိုးလဲဆိုတော့ မြတ်စွာဘုရားက အဲဒီနေရာမှာ ကိုးဌာနလောက်ပြပေးတယ်၊ အရညံ့, ရုက္ခမူလံ, ပဗ္ဗတံ, ကန္ဒရံ, ဂိရိဂုဟံ, သုသာနံ, ဝနပတ္ထံ, အဗ္ဘောကာသံ, ပလာလပုဉ္ဇံလို့ဆိုပြီး ကိုးဌာနပြတယ်။

အရည-တောတဲ့၊ လူနဲ့ဝေးဝေးကွာကွာ နေချင်ယင် တောနက်တဲ့နေရာသွားတဲ့၊ အဲဒီတောထဲသွားဝံ့ပါ့မလားဆိုတော့ ဘယ့်နှယ်လဲ၊(မသွားဝံ့ပါဘူးဘုရား)ဘာကြောက်သလဲ၊ မသွားဝံ့ဘူးဆိုတော့ ကြောက်လို့မဟုတ်လား၊ (မှန်ပါ) အေး-ဒီနေရာမှာ ဘုန်းကြီးတို့လာက ဟောထားတဲ့သာရိပုတ္တသုတ္တန်ဆိုတာ ရှိတယ်မဟုတ်လား၊(မှန်ပါဘုရား)

သီတင်းကျွတ်လပြည့်နေ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး တာဝတိံသာနတ်ပြည်က ဆင်းလာလာချင်း အရှင်သာရိပုတ္တရာက ဆီးပြီးလျှောက်တယ်မဟုတ်လား။

"ကာတိ ပရိဿယာ လောကေ၊ ဂစ္ဆတော အဂတံ ဒိသံ"[၁]။

**ကြောက်မက်ဖွယ် ဘေးရန်ငါးမျိုး** အရှင်ဘုရား .... နိဗ္ဗာန်ချမ်းသာကို အလိုရှိသည်ဖြစ်သော ကြောင့် တော တောင်အရပ်ကို ချဉ်းကပ်တဲ့ပုဂ္ဂိုလ်များ မကြောက်ရမဲ့ဘေးရန် ဘယ်နှယ်မျိုးရှိပါသလဲဘုရားလို့ လျှောက်တယ်၊ဒီတော့ မြတ်စွာဘုရားက ပြန်ဟောတယ်-

"ပဉ္စန္နံ ဓီရော ဘယာနံ န ဘာယေ၊
ဘိက္ခု သတော သပရိယန္တစာရီ။
ဍံသာဓိပါတာနံ သရီသပါနံ၊
မနုဿဖဿာနံ စတုပ္ပဒါနံ။
ပရဓမ္မိကာနမ္ပိ န သန္တသေယျ"[၂]။ဒီလိုဟောတယ်။

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဘယာနံ၊ ဘေးတို့ကို။ နဘာယေ၊ မကြောက်ရ။ အခုတောထဲသွားတော့မလို့မဟုတ်လား၊ တောထဲသွားတဲ့လူ မကြောက်ရမဲ့ဘေးရန်က ဘယ်နှစ်မျိုးတဲ့လဲ၊(ငါးမျိုးပါဘုရား) သွားမှာလား တကာ တကာမတွေက၊ဟင် - မသွားဘူး၊ ကိုယ်ကသွားမလားလို့ ဟောနေတာ၊ ဟင်-

---

၁-၂။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၄၂၆။

ဘုန်းကြီးတို့ လွတ်လွတ်လပ်လပ်မသွားနိုင်တာ ဘုန်းကြီးညကတွက်တယ်၊ တော်တော်ကိုတွက်တယ်၊ ဟော့ကောင် ....မင်းအသက်ဘယ်လောက်ရှိပလဲ၊ ငါးဆယ်ကျော်ပြီ၊ ဘာမြော်လင့်ချက်နဲ့များ ဒီလူ့ဘောင်လောက နယ်ပယ်ကြီးကို တွယ်တာနေတာလဲ၊ တဖြေးဖြေး တဖြေးဖြေး တရွေ့ရွေ့ တရွေ့ရွေ့ အိုမင်းမစွမ်း ဖြစ်ဖြစ် ဖြစ်ဖြစ်ပြီးတော့ ဘေးရောက်တော့မယ်မဟုတ်လားလို့။

**ကျေးဇူးရှင် မပိုးရိမ်ဆရာတော်ဘုရား** တဖြေးဖြေး ဆောင်ရွက်နိုင်မဲ့ ကိစ္စတွေက မရှိတော့ဘူး၊ ပြောရေး ဆိုရေးကိုလဲ မဟောနိုင် မပြောနိုင်၊ စာလဲ မချနိုင်၊ ဆွမ်းစား ကွမ်းစားလာပင့်လဲ မလိုက်နိုင်–ဟုတ်လား၊ (မှန်ပါ) ဟိုဘုန်းကြီးတို့ ကျေးဇူးတော်ရှင်ဖြစ်တဲ့ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှေ့ မစိုးရိမ်ဆရာတော်ဘုရားကြီးကြည့်၊ အင်မတန်စာချ ဝါသနာပါတယ်၊ ဟိုတုန်းကလို ကျကျနန စာချနိုင်ပါအုံးမလား၊ (မချနိုင်တော့ပါဘုရား) တရားကော ဟိုတုန်းကလို သိပ်ဟောနိုင်သေးရဲ့လား၊ (မဟောနိုင်ပါဘူးဘုရား) ဆွမ်းစားကြွပါ ဆိုယင်ကော ကြွနိုင်ပါအုံးမလား၊ (မကြွနိုင်ပါဘူးဘုရား) စာလည်းမကြည့်နိုင်၊ ပြီးတော့ ကိုယ့်ကိုယ်ကို မနဲသယ်ပြီးနေရတော့ ဘေးဖယ်တယ်သာမဟုတ်ထာ တဖြေးဖြေး ရောက်မှန်းမသိရောက်နေတဲ့ လက္ခဏာမရှိဘူးလား၊ (ရှိပါတယ်ဘုရား)

ကိုယ်ကော၊ (ဒီလိုပါဘဲဘုရား) ဒီတော့ ဒီအသက်အရွယ်ရောက်နေသည့် တိုင်အောင်တောင်မှ မက်မောမက်မောပြီးတော့ တနေ့ဘာဘဲ ဖြစ်လာတော့ မလိုလို၊ ငုံးကလေးများ တနေ့အမြီးပေါက်နိုးနိုး အမြီးပေါက်နိုးနိုးနဲ့ စောင့်ရသလို–ဟုတ်လား၊ (မှန်ပါ) ပေါက်ပါအုံးမလားကွ၊ (မပေါက်ပါဘူးဘုရား) ကဲ–ဒါဖြင့် ဒို့သွားဘို့မတော်သေးဘူးလား၊ (တော်ပါပြီဘုရား) ဘယ်ကိုလဲ၊ (တောထဲကိုပါဘုရား)သွားမလားတို့ ဒါဖြင့်၊ အေးကွယ်–ဒီအထဲက သွားလိုတဲ့ ပုဂ္ဂိုလ်များ အကယ်လို့ရှိယင်– တရားဟောတဲ့ကိုယ်တော်က မသွားနိုင်ပေမဲ့ ဒီတရားနာတဲ့ ပုဂ္ဂိုလ်ထဲကတော့ သွားတဲ့ပုဂ္ဂိုလ် ရှိချင်ရှိအုံးမယ်မဟုတ်လား၊ (မှန်ပါ)ကိုယ့်တကာ တကာမတွေက သွားမှာပါ၊ သူတို့ကမပြောသာ မပြောရှိမယ် သွားမယ်လို့ စိတ်ကူးနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိချင်ရှိမယ်။

အဲဒီတောထဲသွားမဲ့ပုဂ္ဂိုလ်တွေ မကြောက်ရတဲ့ဘေးရန်တွေကို အရှင်သာရိပုတ္တရာကြီးက မြတ်စွာဘုရားကို လျှောက်တယ်၊ အခု မြတ်စွာဘုရားက ချစ်သားတောသွားမယ်ဆိုယင်–

"အရညံ သေနာသနံ ဘဇတိ"။

အရညာ၊ တောအရပ်ဟုဆိုအပ်သော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဘဇတိ၊ ချဉ်းကပ်ရ၏။

တောသွားတို့ ဒီဟာဌာနပြတယ်၊ တောထဲမှာဆိုတာ ခြင်တွေ မှက်တွေ မပေါဘူးလား၊ (ပေါပါတယ်ဘုရား) ခြင်္သေ့တွေ သစ်တွေ ကျားတွေ ပေါ တယ်၊ မြွေဆိုး ကင်းဆိုးတွေလဲ ပေါတယ်၊ လူဆိုးသူဆိုး သူပုန် ဓားပြတွေကော၊ (ပေါပါတယ်ဘုရား)ဟိုကျ သူ့ဘပါးပုတ်ခတ်စွင့်စွဲမယ်ဆိုတဲ့ သဘောတွေကော၊ (ပေါပါတယ်ဘုရား) အဲဒီ ဘေးရန်တွေက ကြောက်စရာမကောင်းဘူလား၊ (ကောင်းပါတယ်ဘုရား) သွားဝံ့ပါ့မလား၊ ဟင်-မသွားဝံ့ဘူး၊ ဘာပြောလဲ ဆိုတော့ ဟိုက-

(ပဋ္ဌနံ့ ဝိရော ဘယာနံ နှ ဘာယေ) ဓိရော၊ စောစောကပြောခဲ့တဲ့ တရား ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်နှင့် ပြည့်စုံသော အမျိုးကောင်းသား, အမျိုး ကောင်းသမီးသည်။ပဋ္ဌနံ၊ ငါးပါးကုန်သော။ ဘယာနံ၊ ဘေးတို့ကို။နှ ဘာယေ၊ မကြောက်ရာ။

ဘေးငါးပါးမျိုးကို မကြောက်ရ (၁-၂) ဘေးငါးမျိုးမကြောက်ရဘူးတဲ့၊ ဘာဘေးတွေ လဲဆိုတော့-ဍံသာဓိပါတာနံ၊ မှက်တို့ရဲ့ဘေး ခြင် ယင်ရဲ တို့ရဲ့ ဘေးမှလည်း။ နှ ဘာယေ၊မကြောက်ရ။ တရားအား ထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာမှက်ကိုက်မှာ ခြင်ကိုက်မှာ ပုရွက်ဆိတ်ကိုက်မှာ ကြောက်ရ မလား- မကြောက်ရဘူးလား၊ (မကြောက်ရပါဘုရား) ကိုယ့်ပရိသတ်က ဘယ်လိုတုံး၊(ကြောက်နေပါတယ်ဘုရား) ကြောက်တော့ဘာလုပ်သလဲဆိုတော့ အင်း-မြတ်စွာဘုရားက ခြင်ကိုက်မှာ မှက်ကိုက်မှာ မကြောက်ရဘူးလို့ ပြော တယ်၊ တို့ကလဲကြောက်တယ်၊ ဒီတော့ အကာအကွယ်တော့ လုပ်မှဘဲဆိုပြီး မင်းတို့တရားအားထုတ်ရအောင် မသွားဘူးဘူးလား၊(သွားဘူးပါတယ်ဘုရား) ဘာလေးတွေယူသွားလဲ၊ (ခြင်ထောင်ယူသွားပါတယ်ဘုရား) ခြင်ကိုကြောက် သေးလား၊ (မကြောက်တော့ပါဘူးဘုရား) ခြင်ထောင်ယူသွား မကြောက် တော့ဘူး။

(၃) သရီသပါနံ၊ မြွေ ကင်း သန်းတို့ရဲ့ ဘေးမှလည်း။ နှ ဘာ ယေ၊ မကြောက်ရ။ မြွေကိုက်မှာ ကင်းကိုက်မှာကို မကြောက်ရဘူးတဲ့၊ အဲဒီတော့ ကိုယ်က ပရိသတ်တွေကို မေးဘူးလုပါပြီ၊ မြွေကိုက်မှာကင်းကိုက်မှာမကြောက် ဘူးလား၊ (ကြောက်ပါတယ်ဘုရား)ကာကွယ်ဘို့ဘာယူသွားမလဲဆိုတော့ လက် နှိပ်ဓာတ်မီးတို့ ဘာတို့ ယူသွားမယ်၊ကဲ-ယူပစေ၊ တောထဲမှောင်ကြီးထဲ ဘာမသိ

ညာမသိနဲ့ သွားမတော်မြွေသွားနင်းမိယင် မခက်ပေဘူးလား၊(မှန်ပါ)ကဲ- ဒီတော့ မင်းယူချင်ယူသွားတော့- ခြင်ထောင်တို့ လက်နှိပ်ဓာတ်မီးတို့။

(၄) မနုဿ ဖယာနံ၊ လူဆိုး သူဆိုး သူခိုး ဓားပြတို့ရဲ့ ဘေးမှလည်း။ တောထဲဆိုတော့ လူဆိုးဂိုဏ်းကြီးတွေက ဟိုတုန်းကရှိတယ်မဟုတ်လား၊ (ရှိပါတယ်ဘုရား) အဲဒါတွေလဲ မကြောက်ရဘူး၊ဘာယူသွားမလဲ၊ အဲဒါကျတော့ ဘာယူသွားမလဲဆိုတော့ မိတ္ထိလာက တကာတယောက်က ပြောတယ်၊ တပ်စိပ် တစိပ်ခေါ်သွားမယ်တဲ့၊ အေး-ဒါဖြင့်ကောင်းပြီ၊ မင်း အဲဒီလို ခြင်ထောင်တွေ လက်နှိပ်ဓာတ်မီးတွေ သေနပ်တွေ အဲဒီလူပေါင်းတွေနဲ့ မင်းမြောက်မြားစွာ သွားတော့ မင်းဘယ်သွားမလဲလို့မေး၊ ဘယ့်နှယ်ပြောမလဲ၊ တရားအားထုတ်ဆိုတော့ မင်းကိုဘယ်သူက ယုံတော့မလဲ- ယုံပါ့မလားကွဲ၊ (မယုံပါဘူးဘုရား) ပြီးတော့ နောက်တခုက ဘာပြောလဲဆိုတော့-

(၅) စတုပ္ပဒါနံ၊ အခြေလေးချောင်းရှိကုန်သော ခြသေ့ သစ် ကျား သားရဲ တိရစ္ဆာန်တို့ရဲ့ ဘေးမှလည်း။ နဘာယေ၊ မကြောက်ရ။

အေး-တောထဲသွားတဲ့ပုဂ္ဂိုလ်ဟာ ဒီတရားငါးမျိုး မကြောက်ရဘူး လို့ဆိုတော့ မကြောက်အောင်ယူရမဲ့ လက်နက်က စောစောပိုင်းက ပြောခဲ့တဲ့ လက်နှိပ်ဓာတ်မီး ဘာညာဆိုပြီး ဒါတွေယူစရာမလိုဘူး။

**ကာကွယ်ရန်လက်နက်ခြောက်မျိုး** (ဘိက္ခုသတောသပရိယန္တစာရီ) သတိတရားတလုံး ယူသွားရမယ်၊ စောစောကပြောခဲ့ပြီမဟုတ်လား၊(ပြောခဲ့ပါတယ်ဘုရား) သတိသမ္ပဇညေန-ဆိုပြီးတော့ ပညာ-ကွဲ၊ သပရိယန္တစာရီ- ဆိုတာ သီလ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ-လေးခုကွဲ့၊သတိရယ် ပညာရယ် သီလရယ် ဣန္ဒြိယသံဝရရယ် ဘောဇနေ မတ္တညုတာရယ် ဇာဂရိယာနုယောဂရယ် – တရားခြောက်ပါး၊ ဘယ်နှစ်ပါးတုံး၊(ခြောက်ပါးပါဘုရား)

အဲဒီတရားခြောက်ပါးကို သင်ချစ်သားလက်ကိုင်ထားပြီးတော့ တောအရပ်ကို ချဉ်းကပ်မယ်ဆိုယင်-

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဘယာနံ၊ ဘေးတို့ကို။ နဘာယေ၊ သင်ချစ်သား ကြောက်ရတော့မည်မဟုတ်။

အဲဒီစည်းဝိုင်းလေးခြောက်ခုကို မင်းယူသွားပြီးတော့ ဒီစည်းဝိုင်းလေးထဲမှာ သာလျှင် သင်ချစ်သားက နေပါ၊သီလ – ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိသီလမဟုတ်လား၊ (မှန်ပါ)ဣန္ဒြိယသံဝရ

သီလ–ပါပြီနော် နောက်က၊ ဘောဇနေမတ္တညုတာ ဟောခဲ့ပြီ၊ဇာဂရိယာနုယောဂ–ပါပြီမဟုတ်လား၊ (မှန်ပါ)သတိသမ္ပဇညခေါ်တဲ့ပညာ၊ ခြောက်ခုနော်၊ (မှန်ပါ)ဒါလဲ ဟောခဲ့ပြီးပြီ၊ အဲဒီတရားခြောက်ခုကို သင်ချစ်သားက ယူပြီးတော့သွားမယ်ဆိုယင်–စောစောပိုင်းက ပြောခဲ့တဲ့ ခြသေ့ သစ် ကျားသားရဲတိရစ္ဆာန်တို့ရဲဘေးကို ကြောက်ရအုံးမလား၊ (မကြောက်ရပါဘူးဘုရား)

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကို ဘုန်းကြီး တနည်းပြောချင်သေးတာက တောထဲတောင်ထဲကို မသွားနိုင်လို့ တရားဌာနတခုခုကို ချဉ်းကပ်တဲ့အခါမှာလဲ ဘာယူသွားရမလဲ၊ (အဲဒီခြောက်မျိုးကိုပါဘုရား) ဒီခြောက်ပါးယူသွားရမယ်၊ ပါရဲ့လား– ပါစေချင်လို့ ဘုန်းကြီးပြောနေတာ၊ ဘယ်ဌာနကိုဘဲသွားသွား အဲဒီတရားခြောက်ပါးတော့ ယူသွားပါ၊ဘာတုံး–သီလ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သတိ, ပညာ– ဒီတရားခြောက်မျိုး ယူသွားရမယ် တရားအားထုတ်ယင်–နော်၊(မှန်ပါ)

ဒီတရားခြောက်ပါးကို လက်ကိုင်ထားပြီးတော့–အရညံ၊တောသို့ရင်း။ ပဗ္ဗတံ၊ တောင်သို့ရင်း။ တောထဲမသွားဝံ့ယင် တောင်တခုတက်၊ ကန္ဒရံ၊ တောင်ချောက်သို့ရင်း။ ဂိရိဂုဟံ၊ တောင်ခေါင်းသို့ရင်း။ ဝနပ္ပတ္ထံ၊ တောအုပ်သို့ရင်း။ အဗ္ဘောကာသံ၊ လွင်တီးခေါင်အရပ်သို့ရင်း။ ပလာလပုဉ္ဇံ၊ ကောက်ရိုးစု ကောက်ရိုးပုံ ကောက်ရိုးတဲ့ကလေးသို့ရင်း။ ဘဇတိ၊ ချဉ်းကပ်ရ၏။ ဒါ တရားအားထုတ်မဲ့ပုဂ္ဂိုလ်–နော်၊ (မှန်ပါ) နောက်တရားစုတွေနဲ့ ပြည့်စုံပြီးတော့ ဘယ်ကပ်ရမလဲ။

**သုညာဂါရ၂–မျိုး** အခုပြောတဲ့တရားခြောက်ပါးကို လက်ကိုင်ထားပြီးတော့ တောအရပ်သို့ကပ်ပါ၊ သစ်ပင်ရင်းကိုကပ်ပါ၊ ဝိဝိတ္တ–ဆိတ်ငြိမ်တဲ့နေရာ၊ဆိတ်ငြိမ်တယ်ဆိုတော့ သုညာဂါရပေါ့–ဟုတ်လား၊ (မှန်ပါ) သုည+အဂါရ၊သုည–အသံ ဗလံတွေဆိတ်ငြိမ်တယ်၊ လူသူလေးပါးတွေဆိတ်ငြိမ်တယ်၊အဂါရ–နေရာ, အရပ်, ကျောင်း, အိမ်, တိုက်ခန်းပေါ့၊ အဲဒါက နှစ်မျိုးရှိတယ်၊ဌာနသုညာဂါရ, ကာလသုညာဂါရလို့ ဆိုပြီးတော့ သုညာဂါရနှစ်မျိုးရှိတယ်၊အလုပ်လုပ်လို့ဖြစ်အောင် ဟောပေးနေရတာဟုတ်လား၊(မှန်ပါ)

ဌာနသုညာဂါရဆိုတာကတော့ ဒီခေတ်ဒီအခါနဲ့ ကိုက်အောင်ပြောရမယ်ဆိုယင် တရားဌာနအသီးသီးတွေ မြို့ရွာအသီးသီးမှာ မရှိကြဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီမြို့ရွာအသီးသီးမှာ ရှိနေကြတဲ့ တရားဌာနတွေဟာ ဆိတ်ငြိမ်တဲ့နေရာတွေဘဲ၊ ဒကာကြီးတွေ အဲဒီ တရားဌာနတွေဟာ ဆိတ်ငြိမ်ရဲ့လား

မသိဘူး၊ အမှန်ကတော့ ဒီလိုတရားဌာနလို့ ဆိုတာဟာ ဆိတ်ငြိမ်ရမဲ့နေရာ၊ ဆိတ်ငြိမ်ရာဌာန၊ သို့သော်လဲဘဲ အခုနကပြောတဲ့ တရားခြောက်ပါးကို လက်ကိုင်ထားပြီးတော့ကျင့်ယင် သုညာဂါရစစ်တယ်၊ တရားခြောက်ပါး ပါတဲ့ ပုဂ္ဂိုလ်တွေလဲရှိမှာပေါ့လေ၊ မပါတဲ့ပုဂ္ဂိုလ်တွေက ဒီအထဲရောက်ရောက်လာပြီဆိုတော့ ဟာ–ဆူကြပူကြ ရန်ဖြစ်ကြ စကားပြောကြ ကွဲကြ၊ ဒီလိုဟာတွေ ဖြစ်လာရောမဟုတ်လား၊ (မှန်ပါ) ဘုန်းကြီးတို့ပရိသတ်တွေ ဒီအထဲ မပါရဘူး နော်၊ (မှန်ပါ)

ဒို့အမျိုးကောင်းသားတွေ့အမျိုးကောင်းသမီးတွေ ဒီတရားနာပြီးတဲ့အချိန်ကစပြီးတော့ ဩော်–တို့တတွေ ဒီလိုအထဲ ပါလို့မတော်ဘူး၊ အပြိုင်အဆိုင်လုပ်ဘို့ မတော်ဘူးလို့ ဒီလိုသိကြရမယ်၊ ဒါကတော့ ဘုန်းကြီးပရိသတ်ကို ဘုန်းကြီး အသိဉာဏ်ပေးတာ၊ အဲဒီလိုပေးထားတဲ့ အသိဉာဏ်ကို ကိုယ်ကရအောင်ယူထားပြီးတော့ ဆူဆူပူပူ ကွဲကွဲပြားပြား ရှုပ်ရှုပ်ပွေပွေ တကထဲ အပြိုင်အဆိုင် သူ့ဌာန နဲ့ ငါ့ဌာနနဲ့ အပြိုင်အဆိုင်၊ ဒါတွေထဲ ဘုန်းကြီးတို့ပရိသတ် မပါရဘူး–နော်၊ (မှန်ပါ) သူတပါးပါယင်လဲ ကိုယ်က အားမပေးရဘူး၊ ချီးမြှောက်စကား ပြောမပေးရဘူး၊ ငြိမ်းအောင်သာ ကိုယ်ကပြောပေးရမယ်၊ စေ့စပ်အောင်သာ ကိုယ်ကပြောပေးရမယ်၊ ဒါ တရားတော်အတိုင်း။

**ကာလသုညာဂါရ အစိပ္ပါယ်** အဲဒီလိုဆိတ်ငြိမ်အရပ်ကိုမှ ခုလိုဖြစ်နေတဲ့အတွက် မချဉ်းကပ်နိုင်ပါဘူးဆိုယင် ကာလ သုညာဂါရဆိုတာ ရှိပါသေးတယ်တဲ့၊ဘာသုညာဂါရလဲ၊ (ကာလသုညာဂါရပါဘုရား) အချိန် အပိုင်းအခြားအားဖြင့် ဆိတ်ငြိမ်တဲ့အချိန်ဆိုတာ ရှိတယ်တဲ့၊ ဘယ်အချိန်တုံး–အဲအာပဒါန်များမှာ ဘာပြောလဲဆိုတော့–

"န တာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တ မာလိနီ။
ပဋိဇဂ္ဂိတု မေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတာ"[၁]။

နက္ခတ္တမာလိနီ၊ နက္ခတ်ပန်းတို့ဖြင့် ဆန်းကြယ်လှပေသော။ သော ရတ္တိ၊ သားငှက်တိရစ္ဆာန် လူသံ ဆိတ်ငြိမ် အချိန်အေးမြ ဤသည့် ညဥ့်အချိန်အခါ ကာလသည်။ သုပိတုံ၊ အိပ်ဘို့အလို့ငှာသာလျှင်။ န တာဝ ဟောတိ၊ ဖြစ်ပေါ်၍လာသည်မဟုတ်။

ညမှာ အလုပ်အကိုင်တွေလဲ အားလုံး သိမ်းကြပြီးတော့ ဆိတ်ငြိမ်သွားပြီ မဟုတ်လား၊ (မှန်ပါ) မနက်မိုးလင်းက စပြီးတော့ ရောင်းဟယ် ဝယ်ဟယ်

၁။ ထေရဂါထာပါဠိတော်၊နှာ–၂၅၇။ ထေရဂါထာအဋ္ဌကထာ၊ပ၊ နှာ–၄၀၅။

ပြောဟယ် ဆိုဟယ်နဲ့ ဒီကိစ္စတွေ ငြိမ်းသွားပြီမဟုတ်လား၊ (မှန်ပါ) နေပြီးတော့ သားသမီး မိတ်ဆွေ သင်္ဂဟတွေဆိုတာကလဲ အိပ်ပျော်ကုန်ကြပြီ မဟုတ်လား၊ (မှန်ပါ) ဒါတွေအားလုံး ငြိမ်းကုန်ကြပြီ၊ စားရေးသောက်ရေး ဘာမှမရှိတော့ဘူးမဟုတ်လား၊ (မှန်ပါ) အဲဒီလို စားရေး သောက်ရေး သွားရေးလဲ မရှိ၊ လူသံသူသံတွေကလဲ သန်းခေါင်ရောက်လို့ဆိုတော့ မော်တော်ကားသံတို့ ကျေးသံ ငှက်သံတို့လဲ ဆိတ်ငြိမ်ကြပြီမဟုတ်လား၊ (မှန်ပါ) အဲဒါ ကာလ သုညာဂါရ- အပိုင်းအခြားအားဖြင့် ဆိတ်ငြိမ်တဲ့အခါ။

အဲဒီအချိန်ဟာ အိပ်ဘို့တခုထဲအတွက် ဖြစ်တာမဟုတ်ဘူးတဲ့၊ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်များအတွက်– ဟုတ်လား၊ (မှန်ပါ)

သော ရတ္တိ၊ သား ငှက် တိရစ္ဆာန် လူသံ ဆိတ်ငြိမ် အချိန်အေးမြ အဲဒီ ညဥ့်အချိန်ကာလကို။ဝိဇာနတာ၊ သဒ္ဓါ ပညာ လုံ့လ ဝီရိယ ဥဿာဟနှင့် ပြည့်စုံသော အမျိုးကောင်းသား, အမျိုးကောင်းသမီး ပညာရှိသူပုဂ္ဂိုလ်သည်။ ပဋိဇဂ္ဂိတုံ ဧဝ၊ နိုးနိုးကြားကြားနှင့် ကမ္မဋ္ဌာန်းတရား အားထုတ်ဘို့အလို့ငှာသာ လျှင်။ ဠစ္ဆိတာ၊ လိုလားနှစ်သက်အပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

**ဆိတ်ငြိမ်သောအခါ တရားအားထုတ်**

ညအချိန်ကျတော့ ဆိတ်ငြိမ်ပြီး အားလုံးလဲအိပ်ကုန်ပြီ– ဟုတ်လား၊ (မှန်ပါ) အဲဒီလို ဆိတ်ငြိမ်တဲ့ အခါလေးတွေကို ယူယူ ယူယူပြီးတော့ တရားနှလုံးကျင့်သုံးရမယ်၊ ဒါ-ကာလသုညာဂါရ။

အဲဒီလို ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီးတော့ ဘာလုပ်ရမလဲဆိုတော့ မြတ်စွာဘုရားက–

“သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ”။

သော၊ ထိုဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးသော အမျိုးကောင်းသား-အမျိုးကောင်းသမီးသည်။ ပစ္ဆာဘတ္တံ၊ဆွမ်းစားပြီးသည့်နောက်။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားရာမှ ဖဲခွါလာခဲ့ပြီးသည်ရှိသော်။ ပလ္လင်္ကံ၊ ခြေထောက်ယှက်တင် ထက်ဝက်ပလ္လင်ကို။ အာဘုဇိတွာ၊ ခွေ၍။ ကာယံ၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ် တည်ငြိမ်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသော။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ကမ္မဋ္ဌာန်းထိုင်ရ၏။

ထမင်းစားပြီးယင်တဲ့ ဆွမ်းစားပြီးယင်တဲ့-အဲဒီစားသောက်ပြီးတဲ့ နေရာက ဖဲခွာလာပြီးတော့ ခြေထောက်ယှက်တင် အောက်ပိုင်းခန္ဓာကိုယ်ကို တင်ပလ္လင် ခွေပြီးတော့ထိုင်၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်မတ်တည်ငြိမ်စွာ ထားပြီးတော့ မိမိအားထုတ်နေကျဖြစ်တဲ့ ကမ္မဋ္ဌာန်းအာရုံကို ရှေးရှုညွှတ်သော သတိကိုဖြစ်စေပြီးတော့ ကမ္မဋ္ဌာန်းထိုင်ရမယ်၊ အလုပ်လုပ်ရမယ်၊ အဲဒီလို အလုပ် လုပ်တဲ့ အခါမှာလဲ—

"သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ၊ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ"။

သော၊ ထိုကမ္မဋ္ဌာန်းထိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ လောကေ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌။ အဘိဇ္ဈံ၊ အလိုရှိတဲ့ ဝတ္ထု ပစ္စည်းတွေကို-ကိုယ်မရသေးတဲ့ ဝတ္ထုပစ္စည်းတွေကို ရှေးရှုကြံစည်ခြင်း ဆိုတဲ့ အဘိဇ္ဈာကို။ ပဟာယ၊ ပယ်၍။

**အဘိဇ္ဈာကိုပယ်ခြင်း** အင်မတန်ကောင်းတဲ့တရားကွဲ့-ဒီတရားကွက်၊ ဘုန်းကြီး တို့က ကြံနေတာက ငါတော့ ဒါလေးနဲ့ မဖြစ်သေး ဘူး၊ ဟိုနေရာနဲ့မှ၊ ဒီလို မရသေးတာကို လှမ်းကြံယင် အဘိဇ္ဈာ၊ အင်း- ဒီသက်နန်းနဲ့တော့ မဖြစ်သေးဘူး၊ ဟိုသက်နန်းနဲ့မှ ဘာတုံး-အဲဒါ၊ အဘိဇ္ဈာ၊ တနည်းပြောရယင် အဘိဇ္ဈာသည် အဘိဇ္ဈာ-အလွန်အလိုရှိတာ၊ အလွန် အလိုရှိတယ်ဆိုတာ ဘယ်လိုဘုံး-ကိုယ်က ဒါလေးရယင် ဒါလေးနဲ့ တင်းတိမ် နေရမယ်၊ သူ့ထက်ကောင်းတာကို ရလဲမလိုချင်ရဘူး၊ မြှော်လဲ မမြှော်လင့် ရဘူး၊ ဒါလေးနဲ့ မတင်းတိမ်ဘဲနဲ့ သူ့ထက်ကောင်းတာကို လှမ်းလိုချင် နေ ယင်-အဲဒါ အဘိဇ္ဈာ=အဘိဇ္ဈာ-သိပ်အလိုကြီးတဲ့ပုဂ္ဂိုလ်၊ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ဘုန်းကြီး ဟိုမေဃိယသုတ္တန်မှာ ဒါ အကျယ်ဟောထားတယ်၊ ဟောတော့ ဟောချင်သေးတာဘဲ၊ ဟောလိုက်ယင် ဒီအပိုင်း တော်တော်နဲ့ ဆုံးမှာမဟုတ်တော့ဘူး။

လောကေ၊ ဥပါဒါနက္ခန္ဓာတည်း ဟူသော လောက၌။ အဘိဇ္ဈံ၊ မရသေးတဲ့ အာရုံ မဖြစ်သေးတာတွေကို ရှေးရှုကြံစည်ခြင်းခေါ်တဲ့ အဘိဇ္ဈာကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဂတာ ဘိဇ္ဈေန၊ ကင်းသော အဘိဇ္ဈာရှိသော။ စေတသာ၊ စိတ် ဖြင့်။ ဝိဟရတိ၊ နေရ၏။

အဲဒီ အဘိဇ္ဈာက ဘယ်ထိအောင်သွားသလဲဆိုတော့ သူက အင်မတန်အရာ ကျယ်တယ်၊ တရားထိုင်တဲ့နေရာထိအောင် အဘိဇ္ဈာမပါရဘူး၊ ဒီလိုလေးဖြစ်

လာယင် ကောင်းမှာဘဲ-ဟိုလိုလေးဖြစ်လာယင် ကောင်းမှာဘဲ ဆိုပြီးတော့ မပေါ်ပေါက်သေးတာတွေကို လှမ်းပြီးမြှော်လင့် တောင့်တတဲ့ သဘောကို အဘိဇ္ဈာခေါ်တယ်၊ သူတပါးမှာ ရှိတဲ့ပစ္စည်းတွေကို ကိုယ့်ဆီရောက်လာအောင် ရှေးရှုကြံစည်ခြင်းကို ဘာခေါ်တုံး၊ (အဘိဇ္ဈာပါဘုရား) အဲဒီ အဘိဇ္ဈာကို ပယ်ပြီးတော့ ဒီအဘိဇ္ဈာကင်းတဲ့စိတ်နဲ့ နေရမယ်၊ ဝိက္ခမ္ဘန သတ္တိဖြင့် ပယ်ခွာပြီးတော့ ဝင်လေ ထွက်လေကိုချည့် အာရုံပြုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးဆိုယင် ဒီ ဝင်လေထွက်လေ ရုပ်တရားပေါ်ကနေပြီး အသိတခြားကို မရောက်ဘဲနဲ့ ဟိုအာရုံ ဒီအာရုံတွေကို အဝင်မခံဘဲနဲ့ နေရမယ်၊အဲဒါကို အနုစိဝါသနုခင်္တိ လို့ခေါ်တယ်၊ကိုယ့်ထဲကိုအကုသိုလ်ဝင်တာကို သည်းမခံတာလို့ဆိုလိုတယ်။

အကုသိုလ်ဝင်လာတာကို သည်းခံနေယင်တော့ဖြင့် တရားရဘို့ အနှောင့်အရှက်ဖြစ်မယ်။ အဘိဇ္ဈာယ၊ အဘိဇ္ဈာမှ။ စိတ္တံ၊ အားထုတ်နေတဲ့စိတ်ကို။ ပရိသောဓေတိ၊ထက်ဝန်းကျင်မှ စင်ကြယ်အောင်သုတ်သင်၍ အားထုတ်ရ၏။

အဘိဇ္ဈာဝင်လာလိုက် တွန်းထုတ်လိုက်-အဘိဇ္ဈာဝင်လာလိုက် တွန်းထုတ်လိုက် ကိုယ့်အသိကလေးနဲ့ ကိုယ်ကပ်ထားလိုက်၊ဒီရုပ်ကလေးပေါ်မှာဘဲ စိတ်ကိုအသိကပ်ထားလိုက်၊သူ့ကို အာရုံမပြုဘဲနေ၊လက်မခံနဲ့၊ အဘိဇ္ဈာနဲ့ ကင်းအောင်နေ၊ အဘိဇ္ဈာကင်းပြီးတော့ ဘာလုပ်ရမလဲ-

"ဗျာပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ"။

ဒေါသကိုခွါ ဟောဒါတချက်၊ တရားအားထုတ်ဘို့အတွက် မြတ်စွာဘုရားက သူ့အပိုင်းကလေး သူ့အပိုင်းကလေးတွေနဲ့ ဟောပေးနေတာ၊ အဲ-

ဗျာပါဒပဒေါသံ၊ ဖောက်ပြန်ခြင်းသို့ရောက်သော ပျက်စီးစေတတ်သော ဒေါသကို။ ပဟာယ၊ ပယ်စွန့်၍။ ဗျာပါဒဆိုတာ မိမိပကတိကြည်လင်နေတဲ့ စိတ်ကလေးကို ဖောက်ပြန်ပြီးတော့ ကိုယ်လဲပျက်စီးတယ်၊သူတပါးကိုလဲ ပျက်စီးစေတတ်တဲ့သဘောကို ဗျာပါဒလို့ခေါ်တယ်၊ ဗျာပါဒပဒေါသံ၊ ဖောက်ပြန်ခြင်းသို့ရောက်သောဖျက်ဆီးတတ် ဖျက်ဆီးစေတတ်သောဒေါသကို။ပဟာယ၊ ပယ်စွန့်၍။ အဗျာပန္နစိတ္တော၊ ဒေါသဗျာပါဒမရှိသော စိတ်ရှိသည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသောသတ္တဝါတို့၏ အစီးအပွါးကို စောင့်ရှောက်ခြင်းကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

ကိုယ့်ရန်သူဘဲဖြစ်ဖြစ် ကိုယ့်မိတ်ဆွေဘဲဖြစ်ဖြစ် ကိုယ့်ကိုမုန်းတဲ့လူဘဲဖြစ်ဖြစ် ချစ်တဲ့လူဘဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်အားလုံးတို့ရဲ့ အကျိုးစီးပွါးကို ကိုယ်က ဖြစ်စေချင်တယ်၊ ကိုယ်နဲ့မသင့်တဲ့လူ သင့်တဲ့လူ ကသိကအောက် ဒုက္ခရောက်နေ တယ်ဆိုယင် သနားတဲ့စိတ်ကလေး ကိုယ့်အစဉ်ကိုယ့်သန္တာန်မှာ ဖြစ်ပြီးတော့ နေရမယ်တဲ့၊ ဘုန်းကြီးတို့ပရိသတ် ကိုယ်ချစ်ခင်နှစ်သက်နေတဲ့လူ ဒုက္ခရောက်တော့ စိတ်ထဲဘယ့်နှယ်နေသလဲ၊ ကရုဏာရောက်တယ်-နော်၊ (မှန်ပါ)ကိုယ်မုန်းတဲ့လူ ကိုယ့်ရန်သူတွေ ပျက်စီးချင်တိုင်းပျက်စီးတာကျတော့ ဘယ့်နှယ်ဖြစ်လဲ၊ဟင်– ဝမ်းသာလိုက်ထာဆိုတာ မပြောပါနဲ့တော့၊ ဒီထက်တိုးပြီး ပျက်စီးပါစေလို့ ဆုတောင်းတယ်၊ အဲဒီလို နှလုံးမသွင်းရဘူးတဲ့- တရားသမား တရားအားထုတ် တဲ့ ပုဂ္ဂိုလ်ဆိုတာ အားလုံးသောသတ္တဝါတို့ရဲ့အပေါ်မှာ အကျိုးစီးပွါးကို လိုလားတောင့်တတဲ့ ကရုဏာတရားနဲ့ ပြည့်စုံနေရတယ်တဲ့။

**ဒေါသသည်မိမိကို အရင်ဖျက်ဆီးတတ်ခြင်း** ဒေါသကိုပယ်နိုင်မှ ဒီကရုဏာကဝင်လို့ရတယ်၊ဒေါသ ကိုမပယ်နိုင်ယင် ဒီကရုဏာက ဝင်လို့ရပါ့မလား၊ (မရပါဘူးဘုရား) အေး–အဲဒါကြောင့်–

ဗျာပါဒပဒေါသံ၊ ဖောက်ပြန်ခြင်းသို့ ရောက်သော၊ မိမိလဲပျက်စီးတတ် သူတပါးကိုလဲပျက်စီးစေတတ်သော ဗျာပါဒဒေါသမှ။ စိတ္တံ၊မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ထက်ဝန်းကျင်မှ စင်ကြယ်အောင်သုတ်သင်၍ ထားရ၏။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်–တရားပြတဲ့ ပုဂ္ဂိုလ်ဆိုတာ သိပ်အရေးကြီးတယ် ဒီအချက်၊အဲ-တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း သူ့ ငါမနာလို၊ငါ့ သူ မနာလို၊ သူ့အပြစ် ကိုယ်ကပြော၊ ကိုယ့်အပြစ်သူကပြော၊ ပြောကောင်းရဲ့ လား၊ (မပြောကောင်းပါဘူးဘုရား)တရားပြတဲ့ ပုဂ္ဂိုလ်ချင်းကကော ဘယ်သူ ပြတာက မှန်တယ်၊ဘယ်သူပြတာက မှားတယ်–ပြောကောင်းရဲ့လား၊ (မပြော ကောင်းပါဘူးဘုရား)ပြောကထဲက ဒီလူမှာ ဗျာပါဒနဲ့ဆိုတာ သိသာတယ်၊အဲဒီ ဗျာပါဒရှိတဲ့ပုဂ္ဂိုလ်ကို တရားရှိပါတယ်ဆိုလို့ လက်ခံကြမလား၊ (မခံပါဘူး ဘုရား) တရားဟောပလ္လင်ပေါ်ကနေပြီးတော့ ဘုန်းကြီးတို့အနေနဲ့ ပါဠိတော် ကြီးတွေကို ရွတ်ပြီးဘယ်လိုဘဲ တကြော်ကြော်နဲ့ တရားဟောနေနေ-အဲဒီလို ဗျာပါဒတွေ ပဒေါသတွေ ဖြစ်နေမယ်ဆိုယင် ဒီတရားဟောတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ တရားရှိပါ့မလား၊ (မရှိပါဘူး ဘုရား) ဒါကို ကြပ်ကြပ် နှလုံးသွင်းရမယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ-အမျိုးကောင်းသမီးများကို ဘုန်းကြီး မကြာမကြာ သတိပေးနေတယ်၊ တရားလုပ်ငန်းနဲ့ ပတ်သက်လို့ မိမိကြိုက်

နှစ်သက်ရာ ကမ္မဋ္ဌာန်းတခုခုကို ကြိုးစားပြီးတော့သာ အားထုတ်ပါ၊ သူ့ကမ္မဋ္ဌာန်းက မကောင်းဘူး၊ ငါ့ကမ္မဋ္ဌာန်းက မကောင်းဘူးဆိုတာ ဘယ်အခါမှ မပြောမိပါစေနဲ့-နော်၊ (မှန်ပါ) တို့ဆရာသာ ကောင်းတယ်၊ သူတို့ဆရာ မကောင်းဘူးဆိုတဲ့ စကားမျိုးကို ဘယ်အခါမှ မပြောမိပါစေနဲ့၊ သူတပါး ပြောတာကိုလဲ ကိုယ်ကလိုက်ပြီးတော့ အားမပေးပါနဲ့-နော်၊ (မှန်ပါ) အဲဒါကို ကြပ်ကြပ်သတိရပါ၊ ဗျာပါဒ ပဒေါသက မလွတ်ဘူး။

ဗျာပါဒပဒေါသာ၊ ဖောက်ပြန်ခြင်းသို့ ရောက်သော မိမိကိုယ်တိုင်လဲ ပျက်စီးတတ် သူတပါးကိုလဲ ပျက်စီးစေတတ်သော ဗျာပါဒ ပဒေါသမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ ထက်ဝန်းကျင်မှ စင်ကြယ်အောင် ပြုလုပ်ရ၏။

ဘုန်းကြီးတို့ ပရိသတ် ဒေါသကြီးတဲ့သူများ ဘာနဲ့တူသလဲ၊ မီးခဲကိုင်ထားတဲ့လူနဲ့ တူတယ်တဲ့၊ ငါက မဟုတ်ယင် မခံဘူးကွ ဆိုတဲ့သူဟာ လက်ထဲမှာ မီးခဲကို ကိုင်ထား မျိုထားတာနဲ့ တူတယ်၊ တနည်းဆိုရယင် အဋ္ဌကထာက မစင်ငုံထားတဲ့လူနဲ့လဲ အတူတူဘဲတဲ့၊ မစင်ကိုငုံပြီးတော့ ကိုယ်မုန်းတဲ့လူကို ထွေးလိုက်ယင် သူ့ကောမစင်တွေ မပေဘူးလား၊ (ပေပါတယ်ဘုရား) ကိုယ်ကော၊ (ပေပါတယ်ဘုရား) ဒီတော့ ဒေါသသည် ကိုယ့်ကိုလဲ ဖျက်ဆီးတယ်၊ သူတပါးကိုလဲ ပျက်စီးစေတယ်၊ ဒီတော့ သူတပါးပျက်စီးတာကအရင်လား၊ ကိုယ်ပျက်စီးတာက အရင်လား၊ (ကိုယ်ပျက်စီးတာကအရင်ပါဘုရား) ဒီတော့ ဒေါသကို ဝေးဝေးကရှောင်ကြစမ်းပါ၊ ဒေါသ မကြီးကြစမ်းပါနဲ့၊ ဒီအထဲ ဒေါသကြီးတဲ့လူ ပါသား၊ ဟင်- ပလ္လင်ပေါ်က ကိုယ်တော်လဲ ကြပ်ကြပ်သတိထား။

ကိုယ်က ဒီတရားကို ကိုယ်လဲကြားအောင် ပြန်ပြီးပြောနေရသေးတယ်၊ တခါတလေ-ကိုယ်ဟောတဲ့တရားကို ကိုယ်က မကြားဘူး၊ ကိုယ်ကသူများ ဟောဟောနေသလို ဖြစ်နေတယ်၊ ဒေါသ မကြီးရဘူး၊ လောဘမကြီးရဘူး၊ ဒါရယင် ဒါလေးနဲ့နေ-မြတ်စွာဘုရားက၊ ဒါတွေဟာ လေ့ကျင့်ခန်း လုပ်နေရတာနော်၊ (မှန်ပါ) အရှင်ဘုရား....ဒါတွေ အကုန်ပယ်ပစ်လိုက်ပလားဘုရား ဆိုယင် ငါလဲ မပယ်ရသေးဘူး၊ ဟဲ့-မလုပ်နဲ့ မလုပ်နဲ့ နဲ့ ဒီလိုတားထားရသေးတယ်၊ ဒါလေ့ကျင့်ခန်း လေ့ကျင့်ခန်းတွေ၊ အဲဒီလေ့ကျင့်ခန်းတွေကို အကျင့်လို့ခေါ်တယ်။

**ထိနမိဒ္ဓကိုစွန့်** "ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ အာလောကသညီ သတော သမ္ပဇာနော၊ ထိနမိဒ္ဓါ စိတ္တံ ပရိသောဓေတိ"။

ထိနမိဒ္ဓံ၊ စိတ်မသက်သာခြင်း, စေတသိက်မသက်သာခြင်းဟု ဆိုအပ်သော ထိနမိဒ္ဓတရားကို။ ဝါ၊စိတ်၏ ထိုင်းမှိုင်းခြင်း, စေတသိက်တရားတို့၏ ထိုင်းမှိုင်းခြင်း ခေါ်တဲ့ သဘောတရားကို။ ဝါ၊အိပ်ချင်ခြင်း–ငိုက်မြည်းခြင်းခေါ်တဲ့ တရားကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းသော ထိနမိဒ္ဓ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။ အာလောကသညီ၊ ညအခါပေတဲ့ နေ့အခါကဲ့သို့ အလင်းရောင်ဟူသော အမှတ်သညာရှိသည်ဖြစ်၍။ သတော၊ အာရုံကိုမမေ့ မပျောက်စေဘဲ ထင်ရှားစေသော သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ရုပ်နာမ်ဓမ္မ သင်္ခါရ သဘောတရားတို့ကို ခွဲခြမ်းစိတ်ဖျာ၍သိခြင်းငှါ စွမ်းနိုင်သော ဝိပဿနာပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊နေရ၏။ ထိနမိဒ္ဓါ၊ထိနမိဒ္ဓခေါ်တဲ့တရားမှ။ စိတ္တံ၊ မိမိစိတ်ကို။ ပရိသောဓေတိ၊ စင်ကြယ်အောင် သုတ်သင် ရှင်းလင်း၍ထားရ၏။

**ဥဒ္ဓစ္စကုက္ကုစ္စနှင့် ဝိစိကိစ္ဆာကိုပယ်ပစ်ခြင်း** သုံးမျိုးကွဲ့ – နော်၊ နောက်တမျိုးက ဘာလဲဆိုတော့–

"ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ အဇ္ဈတ္တံ ဝူပသန္တ–စိတ္တော၊ဥဒ္ဓစ္စ ကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ"။

မြတ်စွာဘုရားက နီဝရဏကွာအောင် ပြနေတာမဟုတ်လား၊ (မှန်ပါဘုရား)

ဥဒ္ဓစ္စ ကုက္ကုစ္စံ၊ ပျံ့လွင့်ခြင်း, ပြုလုပ်ခဲ့ပြီးသောဒုစရိုက်– မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြုပြီးတော့ အထပ်ထပ်အဖန်ဖန်ပူပန်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ အနုဒ္ဓတော၊ မပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

စိတ်ကိုအေးအေးကလေးထားရမယ်၊ ချမ်းချမ်းသာသာကလေးထားရမယ် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ စိတ်ပူစရာ စိတ်ညစ်စရာတွေ စိတ်ရှုပ်စရာတွေ ဘာမှမစဉ်းစားရဘူးတဲ့၊ သောကရောက်စရာတွေ ဘာမှမစဉ်းစားရဘူးတဲ့၊ စိတ်ကိုအေးပြီးတော့ ငါဟာ လွတ်လပ်နေတဲ့ ပုဂ္ဂိုလ်တယောက်၊အလုပ်ခွင်က နေပြီးတော့ အနားယူနေတဲ့ သဘောမျိုးကလေးလိုပေါ့လေ– ဟုတ်လား၊ (မှန်ပါ

ဥဒ္ဓစ္စ ကုက္ကုစ္စာ၊ ပျံ့လွင့်ခြင်း, ပူပန်မိခြင်းဆိုတဲ့ သဘောတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်ရှင်းလင်း၍ထားရ၏။ စင်ကြယ်စေရ၏။

"ဝိစိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ အကထံကထီ ကုသလေသု ဓမ္မေသု၊ ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ"။

ဝိစိကိစ္ဆံ၊အာရုံကိုမဆုံးဖြတ်နိုင်တဲ့ ဟုတ်မှဟုတ်ပါ့မလား, နိစ္စလား-အနိစ္စလားလို့ တွေဝေစဉ်းစားနေတဲ့ ဝိစိကိစ္ဆာကို။ ပဟာယ၊ ပယ်စွန့်၍။ တိဏ္ဏဝိစိကိစ္ဆော၊ အဲဒီ ဝိစိကိစ္ဆာသဘောမှ လွန်မြောက်ပြီးသောသူသည်။ ဟုတွာ၊ ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ (ဒီလိုလုပ်ထာ ကုသိုလ်ဟုတ်မှဟုတ်ပါ့မလားနဲ့ အဲဒီလို တွေးတောယုံမှားတာကို ဝိစိကိစ္ဆာလို့ခေါ်တယ်) အကထံကထီ၊ သို့လော သို့လော တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၍။ဝိဟရတိ၊နေရ၏။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာမှ။ စိတ္တံ၊စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်ရှင်းလင်း၍ထားရ၏။

**နီဝရဏတရားငါးပါးကို ဥပမာတမျိုးစီပြ၍ဟောပုံ**

ချစ်သား....သင်တောထဲသွားပြီးတော့ ဆိတ်ငြိမ်ရာအရပ်တွေမှာ သွားပြီးတော့ တရားအားထုတ်မယ်ဆိုယင် အဘိဇ္ဈာ,ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ခေါ်တဲ့ တရားငါးမျိုးကို ကင်းအောင်လုပ်ပါ၊ ဒီတရားငါးမျိုးမပါရဘူးတဲ့-နော်၊ (မှန်ပါဘုရား) ဘာပြုလို့ ဒီတရားငါးမျိုး မပါရသလဲဆိုတော့ ချစ်သားတဲ့-ငါဘုရား ဥပမာကလေးတခုပြမယ်တဲ့-အဘိဇ္ဈာနဲ့ပတ်သက်လို့။

**ကာမစ္ဆန္ဒသည် ကြွေးတင်သူဥပမာ**

"သေယျထာပိ ဘိက္ခဝေ ပုရိသော ဣဏံ အာဒါယ ကမ္မန္တေ ပယောဇေယျ၊ တဿ တေ ကမ္မန္တာ သမိဇ္ဈေယျုံ၊သော ယာနိစ ပေါရာဏာနိ ဣဏမူလာနိ၊ တာနိစ ဗျန္တီ ကရေယျ၊ သိယာ စဿ ဥတ္တရိံ အဝသိဋ္ဌံ ဒါရဘရဏာယ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သေယျထာပိ၊ လောကူပမာနှိုင်းဘွယ်ရာကား။ ပုရိသော၊ အမျိုးကောင်းသားသည်။ ဣဏံ၊သူတပါးထံက ကြွေးမြီကို။ အာဒါယ၊ ယူ၍။ ကမ္မန္တေ၊ အရောင်းအဝယ် လုပ်ငန်းကို။ ပယောဇေယျ၊ အားထုတ်ရာ၏။ (လူတယောက်ဟာ သူတပါးထံက ကြွေးယူပြီးတော့ ကူးသန်းရောင်းဝယ်ရေးသွားလုပ်တယ်) တဿ၊ ထိုအမျိုးကောင်းသား၏။ တေ ကမ္မန္တာ၊ ရောင်းမှုဝယ်မှုဆိုတဲ့ ထိုလုပ်ငန်းတို့သည်။သမိဇ္ဈေယျုံ၊ ပြည့်စုံကုန်ရာ၏။ (ရောင်းလို့ ဝယ်လို့က သိပ်ကောင်းနေတယ်)သော၊ထိုအမျိုးကောင်းသားသည်။ ပေါရာဏာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဝါ၊ အဟောင်းဖြစ်

---

၁။ သီလက္ခန်ပါဠိတော်၊ နီဝရဏပဟာနပိုင်း၊ နှာ-၆၇-၆၉-လည်းရှုပါ။

ကုန်သော။ ယာနိ စ ဝဏ္ဏမူလာနိ၊ အကြင်အတိုးအရင်းနှင့် တကွသော ကြွေးမြီတို့သည်။ အတ္ထိ-သန္တိ၊ ရှိကြပေကုန်၏။ တာနိ စ၊ ထို အတိုးအရင်းနှင့် တကွသော ကြွေးတွေကိုလည်း။ ဗျန္တိ၊ ကင်းအောင်။ ကရေယျ၊ ပြန်လည် ပေးဆပ်ရာ၏။ (သူတပါးထံမှာ အတိုးနဲ့ ကြွေးယူပြီးတော့ ကုန်သန်းရောင်းဝယ် ရေး လုပ်တယ်၊အရောင်းအဝယ်အောင်မြင်တယ်၊ပြီးတော့ အတိုးရော အရင်းရော သူ့ကြွေးတွေ ပြန်ဆပ်လိုက်တယ်၊ သူ့အတွက်အပို ကျန်သေးလား-ကျန်တယ်) အဿ၊ ထိုကြွေးကိုဆပ်ပြီးတဲ့ အမျိုးကောင်းသားအား။ ဒါရဘရဏာယ၊ သားမယားကို ကျွေးမွေးခြင်းအကျိုးငှာ။ ဥတ္တရိံ၊ ပိုလွန်သော။ အဝသိဋ္ဌံ၊ အကြွင်းအကျန်သည်။ သိယာ၊ ရှိသည်ဖြစ်ရာ၏။

ကြွေးတွေဆပ်ပြီးတဲ့အပြင် ကိုယ့်မှာငွေငါးသိန်းလောက် မြတ်ကျန်ရစ်ခဲ့တယ်၊ ဆိုပါတော့-အဓိပ္ပါယ်၊ ဒီတော့ အဲဒီပုဂ္ဂိုလ်စိတ်ထဲ ဘယ့်နှယ်နေမလဲ၊ ပါဠိ တော်ကို ပြောမလို့၊ ဒါ ပါဠိတော်ညှိနေတာ-နော်၊ (မှန်ပါ)

တဿ ဧဝမဿ။ ။တဿ၊ ထိုအမျိုးကောင်းသား၏။ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။

"အဟံ ခေါ ပုဗ္ဗေ ဣဏံ အာဒါယ ကမ္မန္တေ ပယောဇေသိံ"။

အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဣဏံ၊ သူတပါးထံမှ ကြွေးမြီကို။ အာဒါယ၊ ယူ၍။ ကမ္မန္တေ၊ ရောင်းဝယ်မှုအလုပ်တွေကို၊ ပယောဇေသိံ၊ အားထုတ်ခဲ့ဘူးပြီ။

"တဿ မေ တေ ကမ္မန္တာ သမိဇ္ဈိံသု"။

တဿ မေ၊ ထို ငါ၏။ တေ ကမ္မန္တာ၊ ထိုရောင်းဝယ်ခြင်း အမှုကိစ္စတို့သည်။ သမိဇ္ဈိံသု၊ ပြည့်စုံလုံလောက်ကုန်ပြီ။

"သောဟံ ယာနိစ ပေါရာဏာနိ ဣဏမူလာနိ၊ တာနိ စ ဗျန္တိ အကာသိံ"။

သောဟံ၊ ထိုငါသည်။ ပေါရာဏာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဝါ၊ အဟောင်း ဖြစ်ကုန်သော။ ယာနိ စ ဣဏမူလာနိ၊ အကြင်အတိုးအရင်းနှင့် တကွသော ကြွေးမြီတို့သည်လည်း။ သန္တိ၊ ရှိခဲ့ကုန်ပြီ။ တာနိ စ၊ ထိုကြွေးမြီတို့ကိုလည်း။ ဗျန္တိ၊ ကင်းကွာပြေလည်သည်ကို။ အကာသိံ၊ ပြုလုပ်ပြီးပြီ။

ငါကြွေးတွေတော့ ဆပ်ပြီးပြီ၊ သူ့စိတ်ထဲမှာဖြစ်နေတာ-နော်၊(မှန်ပါ)

"အတ္ထိ စ မေ ဥတ္တရိံ အဝသိဋ္ဌံ ဒါရဘရဏာယ"။

မေ၊ ငါ့အတွက်။ ဥတ္တရိံ၊ ပိုလွန်သော။ အဝသိဋ္ဌံ၊ ကြွင်းကျန်သောဥစ္စာ သည်လည်း။ ဒါရဘရဏာယ၊ သားမယားကျွေးဘို့အလို့ငှာသော။ အတ္ထိ၊ ရှိသေး၏။

ဩြဘ်-ကြွေးတွေ ဆပ်ပြီးတဲ့အပြင် သားမယားကျွေးဘို့အတွက် အမြတ် အစွန်း ကျန်ရှိသေးတယ်တဲ့။

"သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ"။

သော၊ ထိုအမျိုးကောင်းသားသည်။ တတောနိဒါနံ၊ ထိုကြွေးတွေကျေပြီးတော့ ကိုယ့်သားမယား စားဘို့သောက်ဘို့ ကြွင်းကျန်ရစ်ခဲ့သောကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘေထ၊ ရရာ၏။ သောမနဿံ၊ စိတ်ရွှင်လန်းထက်သန် ခြင်းကိုလည်း။ အဓိဂစ္ဆေယျ၊ ရရာ၏။

ဝမ်းမမြောက်ဘူးလား၊ (ဝမ်းမြောက် ပါတယ်ဘုရား) အဲဒီ ဥပမာက ဘာနဲ့တူသလဲဆိုတော့ ငွေချေးပြီးတော့ ကြွေးတွေနဲ့ အရောင်းအဝယ်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ အရောင်းအဝယ်လဲ လုပ်ပြီးရော ကြွေးတွေလဲ ပြန်ကျေသွားရော၊ ကိုယ့်အတွက်လဲဘဲ သုံးဘို့စွဲဘို့ ကျန်ရစ်ခဲ့သေးတယ်ဆိုယင် ဒီပုဂ္ဂိုလ်ဟာ ဝမ်း မြောက်မှုဖြစ်မလား-မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)

ကာမစ္ဆန္ဒကင်းလျှင် ကြွေးကင်းပုံ

အဲဒီကြွေးမြီက ဘာနဲ့တူသလဲဆိုတော့ ကာမစ္ဆန္ဒဆိုတဲ့ အဘိဇ္ဈာနဲ့တူတယ်၊ မင်းတို့ကြွေးကင်းရဲ့လား၊ (မကင်း ပါဘူးဘုရား) ကြွေးမကင်းယင် ကြွေးရှင်တွေကပြောတိုင်း ဆိုတိုင်း ခံရသလား၊ မခံရဘူးလား (ခံရပါတယ်ဘုရား) ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ၊ အမျိုးကောင်းသမီးတွေ ဘာကြွေးတွေတုံး၊ ဘာကြွေးတွေလဲဆို တော့ ကိုယ်က ဒီအမျိုးသားက ဒီအမျိုးသမီးကို ကာမစ္ဆန္ဒအနေနဲ့ ချစ်ခင် တွယ်တာမိတယ်၊ ဒီအမျိုးသမီးက ဒီအမျိုးသားကို ကာမစ္ဆန္ဒအနေနဲ့ ချစ်ခင် မိတယ်၊ တွယ်တာမိတယ်၊ မိဘက သားသမီးကို ကာမစ္ဆန္ဒအနေနဲ့ ချစ်ခင်မိ တယ်၊ တွယ်တာမိတယ်၊ သားသမီးက မိဘကို ကာမစ္ဆန္ဒအနေနဲ့ ချစ်ခင်မိ တယ်၊ တွယ်တာမိတယ်၊ ပလ္လင်ပေါ်က ကိုယ်တော်ကော ချန်ထားလို့ဖြစ်ပါ့ မလား၊ (မဖြစ်ပါဘူးဘုရား) ဆရာသမားက တပည့်တွေ တကာတကာမတွေ ကို ကာမစ္ဆန္ဒအနေနဲ့ တွယ်တာမိတယ်၊ စွဲလမ်းမိတယ်၊ ချစ်ခင်မိတယ်၊ တပည့် တကာတကာမတွေက ဆရာသမားကိုလဲ ထို့အတူဘဲ၊ အဲဒီလို ကိုယ်ကတစုံတခု သော ဝတ္ထုအာရုံပုဂ္ဂိုလ်တဦးဦးကို ကာမစ္ဆန္ဒအနေနဲ့ ချစ်မိခင်မိယင် အဲဒီ

ပုဂ္ဂိုလ်က ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို ခံနေရဘူးလား၊ (ခံနေရပါတယ်ဘုရား) ကိုယ်ကပြန်ပြောဝံ့ရဲ့လား၊ မိဘကသားသမီးကိုချစ်ယင် မိဘကို သားသမီးက ဆိုချင်တိုင်းဆို၊ အဲဒီမိဘက ပြန်မပြောဝံ့ဘူး။

အဲဒါ ကြွေးမကျေလို့ ဖြစ်နေတာမဟုတ်လား၊ ကြွေးရှင်က သူ့ကြွေးသာ မကျေသေးယင် ကြွေးချေးထားတဲ့ပုဂ္ဂိုလ်ကို ပြောချင်တိုင်းပြော၊ ငါ့ကြွေး ပေးပါလို့ လူ့တာဘဲတောင်းလိုတောင်း၊ဘာပြုလို့ခံနေရသလဲ-ကြွေးကြောင့်၊ (မှန်ပါ) ဆရာသမား ဘုန်းကြီးချန်ထားလို့ ဖြစ်ပါမလား၊ (မဖြစ်ပါဘူး ဘုရား) အေး-အဲဒီ ဆရာသမားလဲ တပည့်ကို ကာမစ္ဆန္ဒအနေနဲ့ ချစ်ခင်မိယင် တွယ်တာမိယင် အဲဒီတပည့်က ကိုယ့်ကိုပြန်ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို၊ ဘာလုပ်လုပ် ခံနေရတာဘဲ၊ ဒါ ဘာကြောင့်လဲ-ကာမစ္ဆန္ဒကြောင့်

ဒီတော့ ကြွေးကင်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်သူ့ဂရုစိုက်ရမလဲ၊ လွတ်လပ်မနေဘူးလား၊ (လွတ်လပ်ပါတယ်ဘုရား) အဲဒီ ကာမစ္ဆန္ဒက ဘာနဲ့တူသလဲဆိုတော့ ကြွေးမြီနဲ့တူတယ်၊ အခုပါဠိတော်က ပြထားတာက အဲဒီလိုကြွေးမြီတွေ ကင်းတဲ့ ပုဂ္ဂိုလ်-ကာမစ္ဆန္ဒတွေကင်းတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ရဘူး၊ကြွေးရှင်တွေရဲ့မျက်နှာကိုလဲ ကြည့်စရာမလိုဘူး၊ ကာမစ္ဆန္ဒကင်းနေတဲ့ ပုဂ္ဂိုလ်တွေဟာ သူ့သားတွေ သမီးတွေမှာလဲ တပည့်တပန်းတွေမှာလဲ သူ့ဟာနဲ့သူ စားဘို့ သောက်ဖို့က ရှိပြီ-ဟုတ်လား၊ (မှန်ပါ)

တကာကြီးတွေ ပြည့်စုံအောင် ပေးကမ်းမထားသေးဘူးလား၊ ပညာတန်တဲ့လူ ပညာတွေပေးထားပြီးပြီ၊ ခလေးတွေလဲ ကြီးလှပြီ-ဟုတ်လား၊ (မှန်ပါ) ဘယ်တော့ သွားကြမလဲ-ဟင်၊ ဟိုဘုန်းကြီးတို့ ဘုရားအလောင်း တော်ကြီး အကြောင်း ပြောရအုံးမယ်-နဲနဲ။

ကုမ္ဘကာရဇာတ်ဝတ္ထုမှ ဘုရားအလောင်းတော်ကြီးဟာ အိုးလုပ်ပြီးစားရတာ၊

ထုတ်နှုတ်ချက် ယသောဓရာထေရီရဲ့ အလောင်းနဲ့ပေါ့လေ- ဟုတ်လား၊ (မှန်ပါ) အဲဒီမှာ ရာဟုလာ အလောင်းဖြစ်တဲ့ သားကလေးတယောက်၊ ဥပ္ပလဝဏ်ထေရီရဲ့ အလောင်းဖြစ်တဲ့ သမီးလေးက တယောက်ပေါ့လေ၊ ဘုရားအလောင်း အိုးထိမ်းသည်ကြီးက အိုးလုပ်နေတယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကိုမြင်တော့ အရှင်ဘုရားတို့ ဘာသံဝေဂရလို့ တောထွက်ပြီး ပစ္စေကဗုဒ္ဓါဖြစ်ကြသလဲလို့ လျှောက်တော့ တပါးကလဲ သရက်သီးကလေးသီးတာမြင်လို့၊ တပါးကလဲ စွန်တကောင် အသားတစ်ကို

ချီလာတာ စွန်တွေဝိုင်းဆိတ်ထာ မြင်တာနဲ့ တိုင်းပြည်ကြီးကို စွန့်ပြီးတော့ တောထွက်လာကြပါတယ်လို့ ဆိုတော့-ဘုရားဒ လောင်းတော်ကြီးက စဉ်စားတယ်။

အင်း-သူတို့ ဘာမဟုတ်တဲ့ အာရုံကလေးတွေကို မြင်ပြီးတော့ ရှင်ဘုရင်ကြီးတွေတောင်မှ တောထွက်နိုင်ကြသေးတယ်၊ ငါ နေ့တိုင်း အိုးလုပ်စားနေရတာ ငါလဲ ဘောထွက်ပါတော့မယ်ဆိုပြီး ဒီခလေးနှစ်ယောက်ကို မင်းကြည့်ပြီးတော့ မေးပါ၊ ငါတော့ တောထွက်ပါရစေလို့ ဆိုတော့-ဇနီးသယ်ကလဲ ပစ္စေကဗုဒ္ဓါတွေ ပြောတဲ့အသံကြားရကတဲက ကျွန်မလဲ အိမ်မှာနေလို့ မဖြစ်ဘူး၊ ကျွန်မလဲတောထွက်မလို့တဲ့၊ ဟော ဇနီးသယ်က-ဟုတ်လား၊ တို့ဟာကကြီးတွေနဲ့ တကာမကြီးတွေ ဘယ်သူက အရင်တုံးဗျ-ဟင်။

အဲဒီတော့-ဇနီးသယ်က ခင်ပွန်းသယ်ကို ဘယ့်နှယ် ပြောလဲဆိုတော့ မောင်ရယ်....ဟောဒီ ခလေးနှစ်ယောက် ခဏကလေးကြည့်ထားလိုက်ပါ၊ သူ့မှာ ရေအိုးကလေးနဲ့ ကျွန်မရေဆိပ်သွားမလို့ပါ၊ ရေဆိပ်သွားမလို့ ဆိုတော့ ရေခပ်သွားတယ်ဘဲ အောင့်မေ့ပြီး ရေအိုးခေါင်းပေါ်တင် အမျိုးသမီးထွက်သွားတာ ပြန်မလာဘူး၊ ဘုရားလောင်းမှာ သားနှစ်ယောက်နဲ့ တလယ်လယ် ကျန်ရစ်ခဲ့တယ်၊ ဟင်-အခုပေတဲ့ သားတွေနဲ့ တကာကြီးဘဲ ကျန်ရစ်ခဲ့မလား၊ သားတွေနဲ့တကာမကြီးဘဲ ကျန်ရစ်ခဲ့မလား-ဘယ်သူကျန်ရစ်ခဲ့မယ်တော့ မသိဘူး-ဟုတ်လား၊ ဘယ်သူကျန်ရစ်ခဲ့ကြမှာတုံးဗျ၊ အေးပါကွာ-နင်သွား ချင်သွားပါကွာ၊ ငါအိမ်စောင့်နေပါ့မယ်-ဟုတ်လား၊ အေး-အခုဘဲကြည့်ပါ့လား၊ နင်သာသွား တရားနာချင်နာ၊ ငါတော့ အိမ်စောင့်နေမယ်ဆိုတဲ့ တကာကြီးတွေရှိနေတယ်မဟုတ်လား-အောင်ကြည်၊ (မှန်ပါ)

**ခလေးနှစ်ယောက်ထား၍ တောထွက်ခြင်း**

ဒီတော့ကို ဘုရားအလောင်းတော်ကြီးက အဲဒီအမျိုးသမီး တောထဲထွက်သွားတယ်ဆိုတာ သိရော ဒီခလေးတွေ သူပစ်ထားခဲ့လို့ မဖြစ်ဘူး မဟုတ်လား၊ (မှန်ပါ) ဒီတော့ ခလေးတွေကို သူက စမ်းကြည့်တယ်၊ ထမင်းမာမာ ချက်ကျွေးတယ်၊ ထမင်းပျော့ပျော့ ချက်ကျွေးတယ်၊ ဆားမပါဘဲကျွေးတယ်၊ ဆားတွေသိပ်ငန်ငန်ကြီး ကျွေးတယ်၊ ဒီတော့ ခလေးတွေကပြောတယ်၊အဖေရယ်-အဖေ့ထမင်းက ပျော့လှချည့်လား၊ အဖေ့ထမင်းက မာလှချည့်လား၊ အဖေ့ထမင်းက ဆားတွေငန်လှချည့်လား၊ အဖေ့ထမင်းက ဆားတွေပေါ့လှချည့်လားဆိုတော့ ဩော်-ငါ့သားကလေး, ငါ့သမီးကလေးများ ငန်တာ ပေါ့တာ ပျော့တာ မာတာတွေ သိတတ်ကြပလား၊ သိတာပေါ့။

"ဣမေ ဒါရကာ ဣဒါနိ အာမ ပက္ကအလောဏက အတိလောဏ-
ကာနိ ဇာနန္တိ၊ အတ္တနော ဓမ္မတာယ ဇီဝိတုံ သက္ခိဿန္တိ၊ မယံ
ပဗ္ဗဇိတုံ ဝဋ္ဋတီ"တိ။

ဣမေ ဒါရကာ၊ ဤသူငယ်နှစ်ယောက်တို့သည်။ ဣဒါနိ၊ ယခုအခါ၌။ အာမပက္ကအလောဏက အတိလောဏကာနိ၊ ပျော့သည် မာသည် ဆားပေါ့သည် ဆားငန်သည်တို့ကို။ ဇာနန္တိ၊ သိကြပေကုန်၏။ အတ္တနော ဓမ္မတာယ၊ ဘယ်သူမှသင်မပေးဘဲနဲ့ မိမိသဘောအားဖြင့်၊မိမိသဘောအလျောက်။ ဇီဝိတုံ၊ အသက်မွေးခြင်းငှာ။ သက္ခိဿန္တိ၊ စွမ်းနိုင်ပေကုန်လတ္တံ့။ မယံ၊ ငါသည်။ ပဗ္ဗဇိတုံ၊ ခလေးတွေကိုထားပြီး တောထွက်၍ ရဟန်းပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်မြတ်တော့၏။

တကာကြီးတွေ မသွားသေးဘူးလား၊ ဟင်– မသွားနိုင်ကြသေးဘူးလား၊ အင်း- မလှုပ်ဘူး၊ သူတို့ မသွားကို မသွားနိုင်ကြသေးဘူး၊ တပည့်တော်က တော့ သွားချင်နေတာပါ၊ ခလေးတွေကြောင့်ပါ၊ ဒီလိုကလဲရှိသေးတယ် မဟုတ်လား၊ အဲဒီလိုဆိုယင် တကာကြီးတို့ခလေးတွေက အခုထက်ထိ ငန်မှန်း ပေါ့မှန်း ပျော့မှန်း မာမှန်းကို မသိကြသေးဘူးလား၊ ဟင်– သိရုံတောင် မကပါဘူးလေ–ဟုတ်လား။

အေး–အဲဒီလို ဒီကြွေးတွေကျေသွားပြီဆိုယင် လွတ်လပ်သွားပြီဆိုတော့ ခုနက ကြွေးချေးပြီးရောင်းဝယ်ရေးလုပ်တဲ့ပုဂ္ဂိုလ် ကြွေးတွေကျေသွားတဲ့အခါ သူ့မှာ စားစရာသောက်စရာ ကျန်ရစ်ခဲ့ပြီးတော့ ဝမ်းသာသလို ကာမစ္ဆန္ဒ ကင်းတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ–"လဘေထ ပါမောဇ္ဇံ အဓိဂစ္ဆေယျ သောမနဿံ" သောမနဿတွေဖြစ်ပြီးတော့ ဝမ်းမြောက်ရတယ်၊ စိတ်ကိုကြည်လင်လို့၊စိတ်ကို ချမ်းသာလို့။

အခု စိတ်ညစ်နေရတာ ဘာကြောင့်လဲ- အဲဒီကာမဂုဏ်ကြွေးတွေ တင်နေ တဲ့အတွက် စိတ်ညစ် စိတ်ဆင်းရဲနေကြရတာမဟုတ်လား၊ ကာမဂုဏ်ကြွေးတွေ ကိုသာကျေအောင်လုပ်လိုက် စိတ်ချမ်းသာရစေမယ်–နော်၊ (မှန်ပါ)ဘုန်းကြီး ဖြစ်ဖြစ် လူဖြစ်ဖြစ် စိတ်မချမ်းသာဘူးဆိုတာ အဲဒီ ကာမဂုဏ်ကြွေးကြောင့်၊ ကာမဂုဏ်ကြွေးအားကြီးလေလေ စိတ်ဆင်းရဲရ အားကြီးလေလေဘဲ၊ ညအိပ် မပျော်တာ ဘယ်သူ့ကြောင့်လဲ၊ (ကာမစ္ဆန္ဒကြောင့်ပါဘုရား) အဲဒီကြွေးတွေ ကြောင့်၊ အခုပြောတာ ကာမစ္ဆန္ဒ–နော် (မှန်ပါ)

---

၁။ ဇာတ်အဋ္ဌကထာ၊ တတိယတွဲ၊ နှာ-၃၆၁၊ ကုမ္ဘကာရဇာတ်။

**ရောဂါစွဲသူဥပမာ** ဗျာပါဒကျတော့ ဒေါသဆိုတာ ဘာနဲ့တူသလဲဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘာဟောသလဲ-ရောဂါစွဲတဲ့လူနဲ့တူတယ်တဲ့၊ ဗျာပါဒနဲ့ ကင်းသွားတဲ့ပုဂ္ဂိုလ်သည် ရောဂါကင်းတဲ့ပုဂ္ဂိုလ်နဲ့တူကြောင်းကို ဥပမာလေးပြတယ်။

"သေယျထာပိ ဘိက္ခဝေ ပုရိသော အာဗာဓိကော အဿ ဒုက္ခိတော ဗာဠ္ဟဂိလာနော၊ ဘတ္တဉ္စဿ နစ္ဆာဒေယျ၊န စဿ ကာယေ ဗလမတ္တာ"။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ ပုရိသော၊ အမျိုးကောင်းသားသည်။ အာဗာဓိကော၊ အနာရောဂါရှိသည်။ ဒုက္ခိတော၊ ဖြစ်သောဆင်းရဲခြင်းရှိသည်။ ဗာဠ္ဟဂိလာနော၊ ပြင်းစွာအသွဲအသန်မမာချဲနေသည်။ အဿ-ဘဝေယျ၊ ဖြစ်ရာ၏။ အဿ၊ ထိုရောဂါဖြစ်နေသောပုဂ္ဂိုလ်အား။ ဘတ္တဉ္စ၊ ထမင်းကိုလည်း။ နစ္ဆာဒေယျ၊ မဆာရာ-မနစ်သက်ရာ။ စားလို့သောက်လို့ မကောင်းရာ။ အဿ၊ ထိုရောဂါစွဲနေသော ပုဂ္ဂိုလ်၏။ ကာယေ၊ ခန္ဓာကိုယ်၌။ ဗလမတ္တာ၊ ခွန်အားဗလမျှသည်။ နစ သိယာ၊ မရှိရာ။

ရောဂါစွဲနေတဲ့လူမှာ ထမင်းလဲမဆာဘူး၊ အားလဲမရှိဘူး။

"သော အပရေန သမယေန တမှာ အာဗာဓာ မုစ္စေယျ"။

သော၊ ထိုရောဂါစွဲတဲ့ပုဂ္ဂိုလ်သည်။ အပရေနသမယေန၊ တပါးသောအခါ၌။ တမှာ အာဗာဓာ၊ ထိုရောဂါမှ။ မုစ္စေယျ၊ လွတ်မြောက်ရာ၏။

နောက်တော့ သူရောဂါပျောက်သွားပြီမဟုတ်လား၊ ဘတ္တဉ္စဿ ဆာဒေယျ-ထမင်းဆာလာပြီမဟုတ်လား၊ သိယာ စဿ ကာယေ ဗလမတ္တာ။ အဿ၊ထိုပုဂ္ဂိုလ်၏။ ကာယေ၊ ကိုယ်၌။ ဗလမတ္တာ၊ ခွန်အားဗလသည်လည်း။ သိယာ၊ ရှိသည်ဖြစ်ရာ၏။ အားလဲရှိလာပြီမဟုတ်လား၊ (မှန်ပါ) ဒီတော့ သူကစဉ်းစားတယ်။

"တဿ ဧဝမဿ အဟံ ခေါ ပုဗ္ဗေ အာဗာဓိကော အဟောသိံ ဒုက္ခိတော ဗာဠ္ဟဂိလာနော၊ ဘတ္တံစ မေ နစ္ဆာဒေသိ၊ နစ မေ အာသိ ကာယေ ဗလမတ္တာ"။

ဩြော်-ရှေးတုန်းက ငါ့မှာရောဂါစွဲနေတယ်၊ အခုတော့ ရောဂါပျောက်ပြီ၊ ရောဂါစွဲနေတုန်းက ငါထမင်းလဲစားလို့မရဘူး၊ အားခွန်ဗလလဲ မရှိဘူး။

"သောမှိ ဧတရဟိ တမှာ အာဗာဓာ မုတ္တော။ ဘတ္တံ စ မေ ဆာဒေတိ၊ အတ္ထိ စ မေ ကာယေ ဗလမတ္တာ"တိ။

သော အဟံ၊ ထိုငါသည်။ တေရဟိ၊ ယခုအခါ၌။ တမှာ အာဗာဓာ၊ထိုရောဂါ ဝေဒနာမှ။ မုတ္တော၊ လွတ်မြောက်ပြီ။ ဘတ္တံ စ မေ ဆာဒေတိ၊ ငါ့အစာလဲ စားလို့ကောင်းလာပြီ၊ ထမင်းလဲဆာလာပြီ။ အတ္ထိ စ မေ ကာယေ ဗလမတ္တာ၊ ငါ၏ခန္ဓာကိုယ်၌ အားခွန်ဗလတွေ ဖြစ်လာပြီဆိုယင်–

"သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ"။

စားသောက် ကောင်းလာတယ်၊ ကျန်းမာလာပြီ၊ ရောဂါပျောက်သွားပြီ ဆိုတော့ ဝမ်းမမြောက်ဘူးလား၊ (ဝမ်းမြောက်ပါတယ်ဘုရား) ဒေါ်သကြီးတဲ့ ပုဂ္ဂိုလ်ဆိုတာ ရောဂါစွဲနေတဲ့ ပုဂ္ဂိုလ်လိုဘဲ၊ သည်းခြေချို့ယွင်းတဲ့ရောဂါမျိုးလို ရောဂါစွဲတဲ့ပုဂ္ဂိုလ်ကို ထန်းလျက်သွားကျွေးယင် ဘယ့်နှယ်ပြောမလဲ၊ ခါးတယ် ခါးတယ်ဆိုပြီး အန်ပစ်တယ်၊ ဒေါ်သကြီးတဲ့ ရဟန်းသာမဏေ, ဒေါ်သကြီးတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးဟာလဲ ဆရာကောင်း သမားကောင်း များက တရားနည်းလမ်းနဲ့ ဆုံးမဩဝါဒပေးယင် နဲနဲမှလက်မခံဘူး–သူက၊ ပြန်ပြောတာချည့်ထဲဘဲ၊ ပြောပါများကြီး ဆုံးမအားကြီးယင် ဟာ–အရှင်ဘုရားတို့ အင်မတန်ဆူတယ်ပူတယ်၊ ဒီပုဂ္ဂိုလ်က အင်မတန် ကြိမ်းတယ် မောင်းတယ်၊ သူ့အနားမနေတော့ဘူးဆိုပြီး ဟော–သူက တခြားထွက်သွားတတ်ကရော။

အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ဖျမ်းသာတည်းဟူသော တရားအရသာ ကောင်းတွေ ဘယ်လောက် ကျွေး ကျွေး သူ့မှာ ဒေါ်သကြီးတဲ့ရောဂါ ရှိနေတဲ့အတွက် ခါးတယ်ဆိုပြီး အန်ပစ် ထားဘဲတဲ့–မြတ်စွာဘုရားက၊ ဒီတော့ ဒေါ်သကြီးတဲ့လူဟာ ရောဂါသည်နဲ့တူ တယ်၊ ဒီတော့ ဘုန်းကြီးတို့ပရိသတ် ကုနေတဲ့ရောဂါက ဗိုက်နာတဲ့ရောဂါတို့, ရင်အောင့်တဲ့ရောဂါတို့စတဲ့ ဒီရောဂါသာကုနေတာမဟုတ်လား၊(မှန်ပါ)အေး– ဒေါ်သပျောက်အောင်ကုကြ၊ ဒေါ်သပျောက်မှ ရောဂါသက်သာမယ်၊ ဒေါ်သ ကင်းသွားပြီ, ဗျာပါဒ ပဒေါ်သတွေ ကင်းသွားပြီဆိုတော့ – စိတ်မချမ်းသာရ ဘူးလား၊ (ချမ်းသာရပါတယ်ဘုရား) ဝမ်းမမြောက်ရဘူးလား၊ (ဝမ်းမြောက် ရပါတယ်ဘုရား)

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ စိတ်ချမ်းသာချင်ယင် အဘိဇ္ဈာကင်းအောင်လုပ်၊ ဗျာပါဒကင်းအောင်လုပ်–နော်၊ (မှန်ပါ) ထိနမိဒ္ဓကျတော့ ဘယ့်နှယ်ပြောသလဲ ဆိုတော့–

**တောင်ကျနေသူဥပမာ** "သေယျထာပိ ဘိက္ခဝေ ပုရိသော ဗန္ဓနာဂါရေ ဗဒ္ဓေါ အဿ"။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ ပုရိသော၊ ယောကျ်ားသည်။ ဗန္ဓနာဂါရေ၊ နှောင်အိမ်တွင်း၌။ ဗဒ္ဓေါ၊ အနှောင်အဖွဲ့ခံရသည်။ ဝါ၊ ထောင်ကျခံ၍ နေရသည်။ အဿ၊ ဖြစ်ရာ၏။

"သော အပရေန သမယေန တမှာ ဗန္ဓနာ မုစ္စေယျ သောတ္ထိနာ အဗ္ဗယေန"။

သော၊ ထိုထောင်ကျခံနေရတဲ့ ပုဂ္ဂိုလ်သည်။ အပရေန သမယေန၊ တပါး သောအခါ၌။ တမှာ ဗန္ဓနာ၊ ထိုအချုပ်ထောင်အတွင်းမှ။ သောတ္ထိနာ၊ ဘေး ရန်ကင်းကွာ ချမ်းသာစွာ။ အဗ္ဗယေန၊ ဘေးရန်မရှိသဖြင့်။ မုစ္စေယျ၊ လွတ် မြောက်လာရာ၏။ (ထောင်ထဲက လွတ်လာတယ်)

"န စဿ ကိဉ္စိ ဘောဂါနံ ဝယော"။

အဿ၊ ထိုလွတ်လာတဲ့ ပုဂ္ဂိုလ်၏။ ဘောဂါနံ၊ စည်းစိမ်ဥစ္စာတို့၏။ ဝယော၊ ပျက်စီးခြင်းသည်။ ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်မျှလည်း။ န စ ဟောတိ၊ မဖြစ်။

သူ့ပစ္စည်းဥစ္စာတွေကလဲ တခုမှ မလျော့ဘူးတဲ့-ထောင်ထဲက လွတ်လာ တော့၊ ဟင်-ဝမ်းမြောက်သလား-မမြောက်ဘူးလား၊ (ဝမ်းမြောက် ပါတယ် ဘုရား) အေး-အဲဒီ ထိနမိဒ္ဓဆိုတာ နှောင်အိမ်ထဲ ကျနေတဲ့ လူနဲ့ တူတယ်တဲ့၊ ဥပမာ တခုဆိုပါတော့- ထောင်ထဲကျနေတဲ့လူဟာ နက္ခတ် ပွဲသဘင်ကြီးတွေ ရှိတယ်၊ ခုခေတ်ဆိုယင် လွတ်လပ်ရေးပွဲသဘင်ကြီးတွေ, တန်ဆောင်တိုင် ပွဲသဘင် ကြီးတွေ ရှိတယ်မဟုတ်လား၊ (မှန်ပါ) အဲဒါတွေကို သူက မမှီလိုက်ရတော့ အစလဲ ကောင်းတယ်လို့မသိ၊ အဆုံးလဲကောင်းတယ်လို့ မသိ၊ အလယ်လဲ ကောင်းတယ်လို့မသိဘူး မဟုတ်လား၊ (မှန်ပါ) ထောင်ထဲကျနေတဲ့အတွက်။

လွတ်လာတဲ့အခါကျတော့ သည့်ပြင်လူတွေက ကောင်းလိုက်ထာ၊ အစက ဘယ်လိုကောင်းတယ်၊ အလယ်ကဘယ်လို အခမ်းအနားတွေ တင့်တယ်တယ်၊ နောက်ဆုံးနိဂုံးချုပ်တဲ့ အဆုံးပိုင်းကျတော့ဖြင့် ဘယ်လိုမှတ်သားစရာတွေပါတာ ဘဲနဲ့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား) ကိုယ်ကဘာသိလဲ၊ (ဘာမှမသိ ပါဘူးဘုရား)

အဲ- ထိနမိဒ္ဓနှိပ်စက်ပြီးတော့ တရားနာနေတဲ့ပုဂ္ဂိုလ်ဟာ ဒီအတိုင်းဘဲတဲ့- မြတ်စွာဘုရားက၊ တရား၏အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း,အဆုံး၏ ကောင်းခြင်းတို့ကို သူဘာမှမသိလိုက်ရဘူးတဲ့၊ ဘယ်သူ့ကြောင့်တုံး၊(ထိနမိဒ္ဓ

ကြောင့်ပါဘုရား) ထိနမိဒ္ဓကင်းကွာတဲ့အခါ အခုနက အနှောင်အဖွဲ့ထဲမှ လွတ်မြောက်လို့ ဝမ်းသာရသလိုဘဲတဲ့– ထိနမိဒ္ဓကင်းတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်ဝမ်းမြောက်ရတယ်တဲ့၊ အင်မတန်ကြည်လင်တယ်၊ အင်မတန်ကို ပျော်သတဲ့–မြတ်စွာဘုရားက ဒါကြောင့် ထိနမိဒ္ဓကင်းအောင်လုပ်ရမယ်၊ထိနမိဒ္ဓသည် နှောင်အိမ်နဲ့တူတယ်၊ ကာမစ္ဆန္ဒက ဘာနဲ့တူသလဲ–ကြွေးနဲ့တူတယ်၊ ဗျာပါဒက ရောဂါသယ်နဲ့တူတယ်၊ထိနမိဒ္ဓက နှောင်အိမ်ထဲရောက်နေတဲ့ပုဂ္ဂိုလ်နဲ့တူတယ်–ဟုတ်လား၊(မှန်ပါ)

**အစေခံ=ကျွန် ဥပမာ** ဥဒ္ဓစ္စ ကုက္ကုစ္စကျတော့ ဘာပြောသလဲ၊ဥပမာဘယ်လိုပေးသလဲဆိုတော့– မြတ်စွာဘုရားက ပါဠိတော်မှာ–

"သေယျထာပိ ဘိက္ခဝေ ပုရိသော ဒါသော အဿ အနတ္တာဓီနော ပရာဓီနော န ယေနကာမံဂမော"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဒါသော၊ ကျွန်ဖြစ်သော။ ပုရိသော၊ ယောကျ်ားသည်။ အနတ္တာဓီနော၊ မိမိကိုယ်ကို မိမိအစိုးမရ မပိုင်ဆိုင်သည်။ ပရာဓီနော၊ သူတပါးတို့ကသာ အစိုးရပိုင်ဆိုင်၍နေသည်။ န ယေနကာမံဂမော၊ အကြင်မိမိအလိုရှိရာအရပ်သို့ သွားခွင့်မရှိသည်။ အဿ–ဘဝေယျ၊ဖြစ်ရာ၏။

ကိုယ့်ကိုယ် ကိုယ်ပိုင်ရဲ့လား၊ (မပိုင်ပါဘုရား) ဘယ်သူကပိုင်သလဲ၊ (သူတပါးကပိုင်ပါတယ်ဘုရား) ကိုယ်ကမသွားချင်ပေမဲ့ မင်းဒီလမ်းသွားရမယ်ဆိုယင် သွားရမယ်၊ ဥပမာဆိုယင် အစိုးရအမှုထမ်းအရာထမ်းဆိုတာ တနည်းအားဖြင့်တော့ တိုင်းပြည်ရဲ့ကျွန်ဘဲ၊ ကိုယ်ကရန်ကုန်မြို့ကြီးနေချင်ပေမဲ့– မင်းသွားဟိုကလေးဝတို့ ဘာတို့ဆို ဘယ့်နှယ်လုပ်မလဲ၊ (သွားရမှာပါဘုရား) ဝတ္တရားကိုး–ဟုတ်လား၊ (မှန်ပါ) အဲဒီလိုဘဲတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စသမားဟာ ဘာနဲ့တူသလဲဆိုတော့ ကျွန်နဲ့တူတယ်တဲ့၊ ကိုယ့်ကိုယ် ကိုယ်မပိုင်ဘူးတဲ့၊ သူတပါးကသာ ပိုင်ဆိုင်ပြီးတော့နေတယ်တဲ့၊ ကိုယ်က ဒီအာရုံထားချင်တယ်၊ သူကနေရဲ့လား၊ (မနေပါဘူးဘုရား) အဲဒါ ကိုယ့်ကိုယ် ကိုယ်အစိုးမရဘူး၊ ဥဒ္ဓစ္စ ကုက္ကုစ္စသမား ဒီလိုဖြစ်တယ်။

"သော အပရေန သမယေန တမှာ၊ဒါသဗျာ မုစ္စေယျ အတ္တာဓီနော အပရာဓီနော ဘုဇိဿော ယေနကာမံဂမော"။

သော၊ ထိုယောကျ်ားသည်။ အပရေန သမယေန၊တပါးသောအခါ၌။ တမှာ ဒါသဗျာ၊ထိုကျွန်အဖြစ်မှ။ မုစ္စေယျ၊လွတ်ငြားအံ့။ (ကျွန်အဖြစ်မှလွတ်သွားတဲ့

အခါကျတော့) အတ္တာဓိနော၊ မိမိကိုယ်ကို မိမိအစိုးရသည်။အပရာဓိနော၊ သူတပါးတို့က အစိုးရခြင်းမရှိသည်။ ဘုဇိဿော၊ သူ့ကျွန်အဖြစ်မှ တော်လှန်နိုင်သည်။ ယေန ကာမံဂမော၊ အကြင်ကိုယ်အလိုရှိတဲ့နေရာ သွားနိုင်သည်။ ကိုယ်အလိုမရှိတဲ့နေရာကို မသွားဘဲနေနိုင်သည်။ အသာ-ဘဝေယျ၊ ဖြစ်ရာ၏။

လွတ်သွားပြီဆိုတော့ မင်းဟိုသွားဆိုပေတဲ့ ကိုယ်သွားချင်မှသွားမှာ မဟုတ်လား၊ (မှန်ပါဘုရား) မသွားနဲ့ဆိုပေမဲ့ ကိုယ်သွားချင်သွားမှာဘဲမဟုတ်လား၊ (မှန်ပါ) ကိုယ့်ကိုယ် ကိုယ်လွတ်လပ်သွားပြီမဟုတ်လား၊(မှန်ပါ)

"တဿ ဧဝ မဿ အဟံ ခေါ ပုဗ္ဗေ ဒါသော အဟောသိံ အနတ္တာဓိနော ပရာဓိနော န ယေနကာမံဂမော၊ သောမှိ ဧတရဟိ တမှာ ဒါသဗျာ မုတ္တော အတ္တာဓိနော အပရာဓိနော ဘုဇိဿော ယေနကာမံဂမော"တိ။

ဒါပါဠိတော်ပိုဒ်၊ အဓိပ္ပါယ်ဘဲပြောကြစို့၊ ဘာပြောသလဲ-ဒီပါဠိတော်ပိုဒ်က ငါ-ဟာ ရှေးတုန်းက သူတပါးကျွန်ဖြစ်နေတဲ့အတွက် ငါ့ကိုယ်ငါ အစိုးမရဘူး ငါမသွားချင်တဲ့နေရာလဲ သွားရတယ်၊ ငါသွားချင်တဲ့နေရာလဲ မသွားရဘူး၊ ခုတော့ ငါ သူတပါးကျွန်အဖြစ်က လွတ်ပြီဖြစ်သောကြောင့် ကိုယ့်ကိုယ်ကိုယ် အစိုးရသည်ဖြစ်သောကြောင့် ကိုယ်သွားချင်တဲ့နေရာ သွားလို့ရတယ်၊ မသွားချင်တဲ့နေရာ မသွားလို့ရတယ်ဆိုပြီး သူဝမ်းမြောက်မှုတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) ဥဒ္ဓစ္စကုက္ကုစ္စမှလွတ်တဲ့ ပုဂ္ဂိုလ်ဟာလဲ ဒီအတိုင်းဘဲ-ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်၊ "သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ"- ဟုတ်လား၊ (မှန်ပါ) ဥဒ္ဓစ္စကုက္ကုစ္စမှမလွတ်ယင် သူ့ကျွန်အဖြစ်က လွတ်သလား၊ မလွတ်ဘူး။

ဝိစိကိစ္ဆာ ပြောကြစို့ကွယ်-ဟုတ်လား၊ အချိန်ကဘယ်လောက် ရှိသွားပလဲ၊ (သုံးနာရီသာသာ ရှိသွားပါပြီဘုရား) ဟာ-ငါ ဒီနေ့နှစ်ပိုင်းလောက် ဟောမလို့စဉ်းစားထားတာ၊တပိုင်းတောင်မကုန်ဘူး ကျနေပြီဟုတ်လား၊ ကဲ-ဒီတပိုင်းတော့ ကုန်အောင်ဟောကြစို့ကွယ်၊ ဒါလေးတပိုဒ်ကလေး ကျန်နေတယ်။

**ခရီးဆိုးသို့ဥစ္စာထုပ်နှင့် သွားသူဥပမာ**

ဝိစိကိစ္ဆံ ပဟာယ-ကျတော့၊ ဝိစိကိစ္ဆာက ဘာနဲ့တူသလဲဆိုတော့-

"သေယျထာပိ ဘိက္ခဝေ ပုရိသော သဓနော သဘောဂေါ ကန္တာရဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ ဒုဗ္ဘိက္ခံ သပ္ပဋိဘယံ၊သော အပရေန သမယေန တံကန္တာရံ နိတ္ထရေယျ၊ သောတ္ထိနာ ဂါမန္တံ အနုပါပုဏေယျ

ခေမံ အပ္ပဋိဘယံ။ တသာ ဝေ မဘာ အဟံ ခေါ ပုဇ္ဇ သမေနာ
သဘောဂေ ကန္တာရဒ္ဒါနမဂ္ဂံ ပဋိပဇ္ဇ ဒုတ္တိကံ အပ္ပဋိဘယံ၊ သောမို
တေရဟိ တံကန္တာရံ နိတ္ထိဏ္ဏော သောတ္ထိနာ ဂါမန္တံ အနုပ္ပတ္တော ခေမံ
အပ္ပဋိဘယန္တိ။ သော တတော ဒါနိ လဘေထ ပါမောဇ္ဇံ၊
အဓိဂစ္ဆေယျ သောမနဿံ”။

ဟုင်း–ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်ကိုဘဲ ပြောကြစို့ကွယ်–နော်၊ (မှန်ပါ)
ဒီပါဠိတော်ပိုဒ်ရဲ့ အဓိပ္ပါယ်ပြောပြီးယင် တော်ကြစို့ကွယ်–နော်၊ (မှန်ပါ)

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ကား။
သဓနော၊ ဥစ္စာနှင့်တကွသော။ သဘောဂေါ၊ လက်ဝတ်လက်စားတွေနှင့်တကွ
သော။ ပုရိသော၊ အမျိုးကောင်းသားသည်။ ဒုဗ္ဘိက္ခံ၊ အစာရေစာ ရှားပါး။
သော။ သပ္ပဋိဘယံ၊ သူခိုးမြေ စသည့်ဘေးရန်ရှိသော။ ကန္တာရဒ္ဒါနမဂ္ဂံ၊
ခရီးရှည်ခရီးခဲကြီးကို။ ပဋိပဇ္ဇေယျ၊ သွားရာ၏။

ငွေလဲပါသွားတယ်၊ လက်ဝတ်လက်စား စိန်တွေ ရွှေတွေလဲ ပါသွားတယ်၊
သူသွားရတဲ့လမ်းကလဲ တယောက်ထဲ၊ လမ်းမှာဘာတွေရှိသလဲဆိုတော့ ဒိုးသား
မြေတွေရှိတယ်၊ အစာရေစာလဲရှားတယ်၊ ဒီလမ်းကြီးကို သူဖြတ်သွားရတော့
မယ်ဆိုတော့ ရွှေတွေ ငွေတွေ စိန်တွေနဲ့ ကျကျနန ချမ်းချမ်းသာသာ သွား
နိုင်ပါ့မလား၊(မသွားနိုင်ပါဘူးဘုရား)တော်ပေါ်ကြာ ဆစ်ရွက်တွေ ကြွေကျသံ
ကြားလိုက်၊ နောက်က လူတွေလိုက်လာပြီဆိုပြီးတော့ ရပ်နေလိုက်၊ ရွှတိုး
လိုက် ရပ်နေလိုက် တော်တော်ကြာ နောက်ပြန်လာလိုက်၊ ဒီလိုဖြစ်နေတယ်
မဟုတ်လား၊ (မှန်ပါ)

ဟော–သွားရင်းသွားရင်းက နေပြီးတော့ လမ်းခွကလေးတွေ၊ ဟိုဘက်
လမ်း လိုက်ရ မြန်မြန်ရောက်မလား၊ ဒီဘက်လမ်းလိုက်ရ မြန်မြန်ရောက်မလားနဲ့
ရပ်ပြီးတော့ ဒီလိုဖြစ်နေတယ် မဟုတ်လား၊ (မှန်ပါ) အဲဒီလိုဘဲတဲ့–ဝိစိကိစ္ဆာ
သမားဟာ။

သော၊ ထိုအမျိုးကောင်းသားသည်။ အပရေန၊ တပါးသော။ သမယေန၊
အခါ၌။ တံ ကန္တာရံ၊ ထိုခရီးခဲကြီးကို။ နိတ္ထရေယျ၊ ဖြတ်ကျော်လွန်မြောက်ခဲ့
ပေရာ၏။ သောတ္ထိနာ၊ ချမ်းချမ်းသာသာ။ ခေမံ၊ ဘေးမရှိရာဖြစ်သော။
အပ္ပဋိဘယံ၊ ဘေးအန္တရာယ်ကင်းသော။ ဂါမန္တံ၊ ရွာသို့။ အနုပါပုဏေယျ၊
ဆိုက်ရောက်ပေရာ၏။

ထိုဘေးရန်တွေပေါ်ထဲ့ ခရီးခဲကြီးက ချမ်းသာစွာ ဘေးရန်တွေကင်းကင်း
ရှင်းရှင်းနဲ့ လွတ်လာပြီမဟုတ်လား၊ (မှန်ပါ)

ပစ္စည်းကလဲ တခုမှ မကုန်ခဲ့ဘူး၊ ဝမ်းမြောက်မလား– မမြောက်ဘူးလား၊ (ဝမ်းမြောက်ပါတယ်ဘုရား) အဲဒီလိုဝမ်းမြောက်လို့–အဟံ ခေါ ပုဗ္ဗေ သာဓနော သဘောဂေါ ကန္တာရဒ္ဓါနမဂ္ဂံပဋိပဇ္ဇိံ– ရှေးတုန်းက ငါ ဥစ္စာပစ္စည်းတွေနဲ့ ဒီလမ်းကြီးကို ငါသွားခဲ့ရတယ်။

သော၊ ထို ငါသည်။ တေရဟိ၊ ယခုအခါ၌။ တံ ကန္တာရံ၊ ထိုခရီးခဲ ကြီးကို။ နိတ္ထိဏ္ဏော၊ လွန်မြောက်၍လာခဲ့ပြီ။ သောတ္ထိနာ၊ ချမ်းချမ်းသာသာ။ ခေမံ၊ ဘေးမရှိရာဖြစ်သော။ အပ္ပဋိဘယံ၊ ဘေးအန္တရာယ်ကင်းသော။ ဂါမန္တံ၊ ရွာသို့။ အနုပ္ပတ္တော၊ ဆိုက်ရောက်သည်။ အမှိ၊ ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့ သော အကြံသည်။ အဿ–ဘဝေယျ၊ ဖြစ်ရာ၏။ သော၊ ထိုသူသည်။ တတော နိဒါနံ၊ ထိုဘေးရန်က လွတ်လာခဲ့သောကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက် ခြင်းကို။ လဘေထ၊ ရရာ၏။ သောမနဿံ၊ ရွှင်လန်းခြင်းကို။ အဓိဂစ္ဆေယျ၊ ရရာ၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေမှာ ဝိပဿနာ သမ္မာဒိဋ္ဌိ ဟူသော ဥစ္စာပစ္စည်းထုပ်ကလေးနဲ့ သံသရာခရီးခဲထဲကို သွားနေတာ မဟုတ်လားလို့၊ (မှန်ပါ) အေး– အခုနကပြောသလို ဝိစိကိစ္ဆာသဘောတွေ ဝင်လာပြီးတော့ ဟုတ်မှဟုတ်ပါ့မလား– ဟုတ်မှဟုတ်ပါ့မလားနဲ့ အဲဒီလိုဖြစ်ပြီးတော့ စိတ် ဆင်းရဲနေရတယ်၊ ဝိစိကိစ္ဆာကလဲ လွန်မြောက်သွားရော ကိုယ့်တရားလေးနဲ့ သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးကလေး လက်ကိုင်ပါလာပြီး တစုံတခု မပျက်စီးဘဲနဲ့ ဝိစိကိစ္ဆာက လွန်မြောက်သွားယင် ဝမ်းမမြောက်ရဘူးလား၊ (ဝမ်းမြောက်ရပါတယ်ဘုရား)

**ပယ်ပြီးသော နီဝရဏတို့ကို ရှုဆင်ခြင်နေပုံ**

အဲဒါကြောင့် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားတို့....အဘိဇ္ဈာ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာတည်းဟူသော ဒီနီဝရဏတရားငါးမျိုးသည် ဘာနဲ့တူတုံး၊ ကာမစ္ဆန္ဒများတဲ့ပုဂ္ဂိုလ်သည် ကြွေး ပူတဲ့လူနဲ့တူတယ်၊ ဒေါသအားကြီးတဲ့ပုဂ္ဂိုလ်သည် လူနာနဲ့တူတယ်၊ ရောဂါ သည်နဲ့တူတယ်၊ ထိနမိဒ္ဓအားကြီးတဲ့ပုဂ္ဂိုလ်သည် ဗန္ဓနာဂါရ– နှောင်အိမ်ကြီး ထဲကျနေတဲ့ ပုဂ္ဂိုလ်နဲ့တူတယ်တဲ့– မြတ်စွာဘုရားက၊ ဟုတ်လား၊ (မှန်ပါ) ဥဒ္ဓစ္စကုက္ကုစ္စများတဲ့လူက သူတပါးရဲ့ကျွန်နဲ့တူတယ်၊ ဝိစိကိစ္ဆာအားကြီးတဲ့ ပုဂ္ဂိုလ်က ဥစ္စာထုပ်နှင့်တကွ ဘေးရန်ထူပြောတဲ့ ခရီးခဲကြီးကိုသွားနေရတဲ့ ပုဂ္ဂိုလ်နဲ့တူတယ်။

ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဟီနေ၊ ပယ်ပြီးကုန်သော။ ဣမေ ပဉ္စနီဝရဏေ၊ ဤငါးပါးသော နီဝရဏတရားတို့ကို။ အတ္တနိ၊ မိမိသန္တာန်၌။ သမနုပဿတိ၊ မြင်အောင်ရှု၍နေ၏။ ငါ့သန္တာန်မှာ ဒီတရားတွေပယ်ပြီးပလား, မပယ်ရသေးဘူးလား၊ အဲဒါ မြင်အောင်ရှုပါတဲ့-မြတ်စွာဘုရားက၊ အဲဒီတရားငါးမျိုးကို ပယ်ပြီးယင် ဘယ်လောက် အကျိုးများမလဲဆိုတော့ ဟုတ်လား၊ ရှေ့- ဈာန်ခန်းကိုဟောရမယ်၊ အခုဈာန်ခန်းကို မဟောနိုင်ဘူးကွဲ့–အချိန်မရှိတော့ဘူး၊ ဈာန်ခန်းပြီးတော့ အဘိညာဉ်ခန်းဟောရမယ်၊ အဘိညာဉ်ခန်းဟောပြီးတော့မှ အာသဝက္ခယဉာဏ်ပိုင်း ဟောပေးပြီးတော့မှ ဒီသုတ္တန်ဆုံးရမယ်-နော်၊ (မှန်ပါ) ဒီတော့ နောက်နှစ်ပတ်လောက်တော့ ဟောရလိမ့်မယ်၊ နှစ်ပတ်လဲဟောခပြီးရော-သိတင်းလဲကျွတ်ရောဆိုကြပါစို့ကွယ်-ဟုတ်လား၊ (မှန်ပါ) ကဲ-ဒီကနေ့ ဒီတရား ဒါလောက်နဲ့ ရပ်ကြအုံးစို့–နော်၊ (မှန်ပါ)

ဤသို့ အဘိဇ္ဈာ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာတို့ကို ကြွေးတင်တဲ့သူကဲ့သို့ရင်း, ရောဂါဝေဒနာ စွဲကပ်နေတဲ့ သူကဲ့သို့ရင်း, နှောင်အိမ်ထဲရောက်နေတဲ့သူကဲ့သို့ရင်း, သူတပါးရဲ့ ကျေးကျွန်အဖြစ်သို့ ရောက်နေတဲ့သူကဲ့သို့ရင်း, ဥစ္စာစည်းစိမ်နှင့်တကွ ခရီးခဲကိုသွားရတဲ့ သူကဲ့သို့ရင်း မြင်အောင်ရှုနိုင်ကြကုန်သည်ဖြစ်၍ ဈာန်ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပိတ်ပင်တားဆီးတတ်သော ဤနီဝရဏ တရားများ နည်းပါးအောင် လွယ်ကူစွာကြိုးစားအားထုတ်နိုင်ကြပြီးလျှင် တရားထူးတရားမြတ်ကို လျင်မြန်သော အသိဉာဏ်ဖြင့် မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

သာဓု သာဓု သာဓု

## မဟာအဿပုရသုတ္တန်

# အဋ္ဌမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်၊ ရန်ကုန်မြို့ ငါးထပ်ကြီး ဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်၌လာသော မဟာအဿပုရသုတ္တန် အဋ္ဌမပိုင်း တရားဒေသနာ။

(တရားတော် ပလ္လင်ခံစကားရပ်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်းပင်)

**အနုသန္ဓေစကားရပ်** ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် သာသနာတော်ကို သက်ဝင်ယုံကြည်ပြီးတော့ သာသနာ့ဘောင်အတွင်း ဝင်ရောက်လာကြတဲ့ သမဏ, ဗြာဟ္မဏအမည်ကို ခံယူနေကြကုန်သော၊ ဝါ-ကိလေသာ ငြိမ်းကြောင်း ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ, ရှင်သာမဏေများ, ရှင်ရဟန်းတော်များ၊ အဲဒီပရိသတ်လေးပါးကို သမဏဖြစ်ကြောင်းတရား, ဗြာဟ္မဏ ဖြစ်ကြောင်းတရားများကို သဗ္ဗညုရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ရာမှာ-

ပဌမ ဟိရီ, ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံဘို့၊ ထိုတရားနှစ်ပါး ပြည့်စုံပြီးနောက် ရောင့်ရဲတင်းတိမ်ကျေနပ်မနေဘဲ ရှေ့ကိုဆက်လက်ပြီးတော့ ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရ, အာဇီဝပါရိသုဒ္ဓိသီလ, ဣန္ဒြိယေသု ဂုတ္တဒွါရ, ဘောဇနေ မတ္တညုတာ, ဇာဂရိယာနုယောဂ, သတိသမ္ပဇည-ဒီတရားကိုးပါး ပြည့်စုံလုံလောက်ပြီးတဲ့အခါ ဆိတ်ငြိမ်ရာမှာ ချဉ်းကပ် ပြီးတော့ အဘိဇ္ဈာ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာ ခေါ်တဲ့ တရား ငါးမျိုးကို ပယ်ဘို့အတွက် ခုနစ်ပိုင်းမြောက်ထိအောင် ဘုန်းကြီးတို့ဟောထားခဲ့ပြီးပြီ။

ဒီသုတ္တန်ဒေသနာတော်က သုတ္တန်တခုလုံးကိုခြုံပြီးတော့ ကြည့်လိုက်မယ်ဆိုယင် ဟိရီ,ဩတ္တပ္ပတရား နှစ်ပါးကိုမူတည်၍ ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရဆိုတာ ပါတိမောက္ခသံဝရသီလပိုင်းကိုပြတာ၊ အာဇီဝပါသုဒ္ဓိခေါ်တာက အာဇီဝပါရိသုဒ္ဓိသီလပိုင်းကိုပြတာ၊ ဘောဇနေမတ္တညုတာလို့ ခေါ်

တာက ပစ္စယသန္နိဿိတသီလပိုင်းကိုပြတာ၊ ဣန္ဒြိယေသုဂုတ္တဒွါရလို့ ဆိုတာက ဣန္ဒြိယသံဝရ သီလပိုင်းကိုပြတာ။

အဲဒီလို သီလပိုင်းကိုပြပြီးတော့ သမာဓိပိုင်းကို တက်တော့မယ် ဆိုတော့ ဇာဂရိယာနုယောဂ, သတိသမ္ပဇည-ဒီအပိုင်းတွေကို မြတ်စွာဘုရား ဟောပေးတယ်၊ အဲဒါတွေဟော ပေးပြီးတော့မှ ဒီနီဝရဏတရားငါးပါးကို ခွာဘို့ရန် အတွက် ပြီးခဲ့တဲ့အပတ်က ဟောခဲ့ပြီ၊ ဒီနီဝရဏတရားငါးပါးကို ပယ်ခွာလို့ နီဝရဏတရားငါးပါး ကွာသွားတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာတွေပေါ်လာသလဲ ဆိုတော့ ပဌမဈာန်ပေါ်လာတယ်၊ ဒုတိယဈာန်ပေါ်လာတယ်၊ တတိယဈာန် ပေါ်လာတယ်၊ စတုတ္ထဈာန်ပေါ်လာတယ်၊သမာဓိပိုင်းရောက်တယ်။

အဲဒီ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ပိုင်းကနေပြီးတော့ ရှေ့တခါတက်လိုက်တော့ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ် လို့ခေါ်တဲ့ အဲဒီအဘိညာဉ်ပိုင်း ပေါ်လာတယ်၊ အဲဒီကနေ ရှေ့တခါတက်လိုက် တော့ အာသဝက္ခယလို့ခေါ်တဲ့ ဉာဏ်တွေပေါ်လာတယ်၊အဲဒီလို အစဉ်အတိုင်း သဗ္ဗညုရှင်တော် ဘုရားသည် ဤမဟာအဿပုရသုတ္တန် ဒေသနာတော်ကြီးကို ဟောကြားပေးခဲ့ရာဝယ် ဆယ်ပိုင်းမြောက်ဟောပြီးတော့ ဘယ်ရောက်သွားပလဲ ဆိုတော့ နီဝရဏကွာတဲ့အပိုင်းကို ရောက်သွားပြီ။

**နီဝရဏပိုင်း** ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏဆိုတဲ့ ဒီနီဝရဏတရား ငါးပါးကို ဘုန်းကြီးတို့ ပြီးခဲ့တဲ့အပတ်က ဟောခဲ့ပြီးပြီ၊ ကာမစ္ဆန္ဒနီဝရဏဆို တာ ဘာနဲ့တူတယ်၊ ကြွေးတင်နေတဲ့ ပုဂ္ဂိုလ်နဲ့တူတယ်၊ ဗျာပါဒနီဝရဏဆိုတာ ရောဂါစွဲနေတဲ့ပုဂ္ဂိုလ်နဲ့တူတယ်-စသည်ဖြင့် ဥပမာပေးပြီးတော့ နီဝရဏတရား ငါးပါးလုံးကို အပြည့်အစုံဟောပေးခဲ့ပြီးပြီ၊ နောက်ထပ်ပြန်မဟောတော့ဘူး၊ ရှေ့သွားရအောင်-နော်၊ (မှန်ပါ) အဲဒီ-နီဝရဏဆိုတာ အပိတ်အဖုံးတရားတွေ။

**နီဝရဏတရားငါးပါး** အခုပြောခဲ့တဲ့ ကာမစ္ဆန္ဒ,ဗျာပါဒ,ထိနမိဒ္ဓ,ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ခေါ်တဲ့ ဒီတရားငါးမျိုးဟာ မိမိစိတ်ကိုလဲ ညစ်နွမ်းအောင်လုပ်တာ ဒီတရားငါးပါး၊ မိမိရဲ့အသိဉာဏ်ပညာတွေကို ပိတ်ဖုံး ကွယ်ကာထားတာလဲဘဲ အဲဒီတရားငါးပါးဘဲ၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေမှာ ဝိပဿနာဉာဏ် တွေမပွင့်တာ ဘယ်သူဖုံး ထားလို့လဲ၊(နီဝရဏတရားကဖုံးထားလို့ပါဘုရား) အဲဒီတရားတွေ ဖုံးထားလို့ မပွင့်တာ-နော်၊ (မှန်ပါ) နီဝရဏတရားအားကြီးလေ ဝိပဿနာဉာဏ် မပွင့်

လေဘဲ၊ ကာမစ္ဆန္ဒအားကြီးတဲ့ပုဂ္ဂိုလ်, ဗျာပါဒအားကြီးတဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဝရဏ တွေ ဖုံးထား ပိတ်ပင်ထားသည် ဖြစ်သောကြောင့် ဝိပဿနာဉာဏ်တွေဟာ မပွင့်ဘူး၊ ဝိပဿနာဉာဏ်တွေကို အားသေးအောင်လုပ်ထားတာ ဒီတရားတွေ ဘဲနော်၊ (မှန်ပါ)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို စိတ် မချမ်းသာအောင် စိတ်ညစ်အောင် ပင်ပန်းအောင်လုပ်ထာဟာ အဲဒီတရား တွေဘဲ၊ ကာမစ္ဆန္ဒ– ကာမဂုဏ်မက်မောတယ်၊ ပုဂ္ဂိုလ်တယောက်က ပုဂ္ဂိုလ် တယောက်ကို သိပ်မြတ်နိုးနေပြီဆိုယင် အဲဒီပုဂ္ဂိုလ်အတွက် အမြဲတမ်းစိတ် ညစ်နေရမယ်၊ စိတ်မချတာကတမျိုး၊ မပြည့်စုံတာကို ပူရတာကတမျိုး၊ သူများလိုဝတ်ရမှာ မစားရမှာ ပူရတာကတမျိုး၊ အဲဒီပုဂ္ဂိုလ်အတွက် အမြဲ တမ်း စိတ်ဆင်းရဲနေရဘယ်၊ ဘာဖြစ်လို့လဲ–ဒီအပေါ်မှာ သိပ်ပြီးတော့ စွဲလမ်းမက်မောနေသည်ဖြစ်သောကြောင့် ကိုယ်လဲ စိုးပိုင်တာ မဟုတ်တော့ ကို ကိုယ်လိုသလို သူက ကိစ္စမပြီးဘူး၊ ကိုယ်လိုသလို ကိစ္စ မပြီးလေ စိတ်ဆင်းရဲလေဘဲ၊ အဲဒီလို စိတ်ဆင်းရဲမှုခံနေရတာက ကိုယ်ကတော့တနေ့လုံး၊ ကိုယ်လိုသလို စားမှုသောက်မှုကလေးကိစ္စ ပေးလိုက်ထာက ခဏကလေး၊ တနာရီလောက်တောင်မကြာဘူး၊ ဘယ်လောက်ပင်ပန်းတဲ့ ကာမစ္ဆန္ဒတရားလဲ ဆိုတာဟုတ်သား၊ (မှန်ပါ) အဲဒီကြားထဲက ပြောလိုက်အုံးဆိုလိုက်အုံး မခံရ ဘူးလား၊ (ခံရပါတယ်ဘုရား) ဘာတွေနဲ့ပတ်သက်ပြီးတော့ပြောပြော ခံမနေရ ဘူးလား၊ (ခံရပါတယ်ဘုရား) ဘာဖြစ်လို့ခံနေရသလဲ၊ ခံနေရခြင်းရဲ့ အကြောင်းက ဘာတုံး–ကာမစ္ဆန္ဒ။

**ဉာဏ်မျက်စိကိုကန်းအောင် ပြုလုပ်သည့်တရားများ**

ကိုယ်ကသာ မတွယ်တာ မမက်မောတဲ့ပုဂ္ဂိုလ်ဆို ယင် အဲဒီလို ခံရပါ့မလား၊ (မခံရပါဘူးဘုရား) အေး– အဲဒီ ကာမစ္ဆန္ဒတွေ၊ ဒီတော့ ဒီကာမစ္ဆန္ဒ သည် စိတ်ညစ်အောင်လုပ်တဲ့တရား၊ ဒေါသဗျာပါဒသည် စိတ်ညစ်အောင်လုပ် တဲ့တရား၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ် – ရန်အများဆုံးလိုနေတဲ့ ပုဂ္ဂိုလ်တယောက်ကို ဘယ်သူက စိတ်ချမ်းသာအောင်လုပ်လုပ် ဘယ်နေရာမှာနေနေ ဒေါသမပျောက် သမျှ တယောက်ထဲနေလဲ အဲဒီလူစိတ်မချမ်းသာဘူး၊ နှစ်ယောက် သုံးရောက် နေလဲ အဲဒီလူစိတ်မချမ်းသာရဘူး၊ ချမ်းသာရသလား၊ (မချမ်းသာပါဘုရား) ဘယ်သူက သူ့ကိုစိတ်မချမ်းသာအောင် လုပ်နေသလဲ၊ (ဒေါသကပါဘုရား) ဒေါသကြီးလေလေ အဲဒီလူပင်ပန်းလေလေ၊ ဘုန်းကြီးတလောကဟောခဲ့တယ်– မဟုတ်လား၊ အဲဒါကြောင့် ဒေါသမကြီးရဘူး။

ဒေါသကိုမခွါသေးသရွေ့ ဒေါသကိုအားသေးအောင် မလုပ်သေးသရွေ့ အဲဒီပုဂ္ဂိုလ် စိတ်ဆင်းရဲနေရမယ်၊ပြီးတော့ အဲဒီပုဂ္ဂိုလ် ဘယ်တော့မှပညာ မတတ်ဘူး။

ထိနမိဒ္ဓအားကြီးတဲ့ပုဂ္ဂိုလ်လဲ ဒီအတိုင်းဘဲ စိတ်ဆင်းရဲရမယ်၊ ဥဒ္ဓစ္စကုက္ကုစ္စ အားကြီးတဲ့ပုဂ္ဂိုလ်, စောစောပိုင်းကပြောခဲ့တဲ့ ဝိစိကိစ္ဆာအားကြီးတဲ့ ပုဂ္ဂိုလ်၊ အဲဒီတရားငါးမျိုးအားကြီးနေယင်–

"ပဉ္စနီဝရဏာနိ ဘိက္ခဝေ အန္ဓကရဏော အစက္ခုကရဏော အညာဏကရဏော ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော"တိ။ (ဣတိဝုတ်ပါဠိတော်များမှာ)

နီဝရဏတရားငါးမျိုးလုံးဟာ မျက်လုံးကန်းအောင်လုပ်တဲ့ တရားငါးမျိုးဘဲတဲ့၊ အစက္ခုကရဏော အညာဏကရဏော၊ အဲဒီနီဝရဏတရားငါးမျိုးစလုံးဟာ အသိဉာဏ်ပညာကိုရအောင် လုပ်ပေးတဲ့တရားမဟုတ်ဘူးတဲ့၊ ပညာနိရောဓိကော၊ နဂိုက ကိုယ့်မှာရှိနေတဲ့ အသိ အလိမ္မာ ဉာဏ်ပညာတွေကို တောင်မှ နီဝရဏတရားငါးပါးက ကုန်ခန်းအောင် ပျက်စီးအောင် လုပ်ပေးတတ်တယ်တဲ့၊ ဒေါသကြီးလာပြီဆိုယင် ရှပြီးသား စာလေးမေ့သွားရော၊ အမှန်၊ လက်တွေ့ လက်တွေ့ဟုတ်လား၊ တနေ့ စာတွေကျက်ထားလို့ ဟောဘို့ရတော့နေပြီ၊ နံနံကလေးများ အကြောင်းတခုခုကြောင့် မကျေနပ်ထာကလေးရှိလာပြီဆိုယင် အဲဒီရပြီးသားစာကလေး မေ့တယ်၊ ဘယ်လိုပြန်ပြန် ပြန်လို့မရဘူး၊ အဲဒါ ဘာကြောင့်လဲဆိုတော့–ဒေါသကြောင့်။

**နီဝရဏက္ခာအောင် ရှုဆင်ခြင်ပုံ** ထိနမိဒ္ဓတွေအားကြီးနေယင်လဲ စာပြန်လို့မရဘူး၊တရားအားထုတ်လို့ကောရပါ့မလား၊ (မရပါဘုရား) ဥဒ္ဓစ္စကုက္ကုစ္စ-စိတ်တွေပျံ့လွင့်ချောက်ချားနေယင် အဲဒီပုဂ္ဂိုလ် စာကျက်လို့မရဘူး၊ တရားအားထုတ်လို့မရဘူး၊ ဝိစိကိစ္ဆာတွေ အားကြီးနေတဲ့ပုဂ္ဂိုလ်လဲ ဒီလိုဘဲ၊ အဲဒီတော့ စောစောပိုင်းကဟောခဲ့တဲ့ ပါဠိတော်မှာ မြတ်စွာဘုရားက ချစ်သားတို့....နောက်ကပြခဲ့တဲ့ တရားအားလုံးတွေမှာ အခု ပြောတဲ့ နီဝရဏတွေကို မိမိသန္တာန်မှာမရှိအောင် ခွါပြီးတဲ့အခါ သူ့သန္တာန်မှာ ဘာဖြစ်သလဲ–

"သေယျထာပိ ဘိက္ခဝေ ယထာ အာဏဏျံ ယထာ အာရောဂျံ ယထာ ဗန္ဓနာမောက္ခံ ယထာ ဘုဇိဿံ ယထာ ခေမန္တဘူမိံ။ပေ။ဧဝမေဝ ဘိက္ခု ဣမေ ပဉ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ အာဏဏျံ ယထာ၊ ကြွေးမြီကင်းသောပုဂ္ဂိုလ်၏ အဖြစ်ကဲ့သို့ရင်း။ အာရောဂျံ ယထာ၊ အနာရောဂါကင်းသောသူ၏ အဖြစ်ကဲ့သို့ရင်း။ ဗန္ဓနာမောက္ခံယထာ၊ အချုပ်ထောင်တွင်းမှလွတ်ကင်းသောပုဂ္ဂိုလ်၏ အဖြစ်ကဲ့သို့ရင်း။ဘုဇိဿံ ယထာ၊ သူ့ကျွန်အဖြစ်မှ တော်လှန်သည်ဖြစ်၍ ကိုယ်စိုးကိုယ်ပိုင် နေနိုင်သောပုဂ္ဂိုလ်၏ အဖြစ်ကဲ့သို့ရင်း။ ခေမန္တဘူမိံ ယထာ၊ ဘေးမရှိသော မြေပြင်အရပ်ကဲ့သို့ရင်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဟီနေ၊ ပယ်အပ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေ နီဝရဏေ၊ ဤ နီဝရဏ တရားတို့ကို။ အတ္တနိ၊ မိမိသန္တာန်၌။ သမနုပဿတိ၊ ရှု၏။

ဒီတရားငါးပါးရဲ့ အပြစ် အာဒီနဝတွေကို မြင်လာပြီးတော့ စိတ်မညစ် ချင်လျှင် အဲ–နီဝရဏတရားငါးပါးကို ခွါထား၊ ဘယ်အပေါ်တင်ပြီးတော့ ဒီ နီဝရဏတရားငါးပါးကို ခွါရသလဲဆိုတော့ အာနာပါနအာရုံပေါ် တင်ပြီး တော့ ခွါရမယ်၊ မိမိရဲ့စိတ်ကို ထွက်လေဝင်လေဖြစ်တဲ့ အာရုံပေါ်ကို ရောက် အောင် တင်ပေးလိုက်၊ အဲဒီစိတ်ကို အာရုံပေါ်ရောက်အောင် ဘယ်သူက တင်ပေးသလဲဆိုတော့ သမ္မာ အဘိရောပန လက္ခဏာဖြစ်တဲ့ ဝိတက်စေတသိက် ကဘဲ အာရုံပေါ်တင်ပေးလိုက်လို့ ဒီအာရုံကလေးကို သုံးသပ်ဆင်ခြင်နေတဲ့ အခါ ဒါကိုဝိစာရလို့ ခေါ်တယ်၊ အာရုံကတော်တော်ကလေး ထင်ရှားလာပြီ ဆိုတဲ့အခါကျတော့ နှစ်သက်မှုကလေးတွေ ဝမ်းမြောက်မှုကလေးတွေ ဖြစ်လာ တတ်တယ်၊ အဲဒါကတော့ ဘုန်းကြီးတို့ ဟိုဂိရိမာနန္ဒသုတ္တန် ပါဠိတော်ဟော စဉ်ထဲမှာ အပိုင်းကိုးပိုင်း ဟောထားခဲ့တယ်မဟုတ်လား၊ ပဋိသမ္ဘိဒါမဂ်ပါဠိ တော်က–

"ဒီဃံ အဿာသပဿာသံ အဒ္ဓါနသင်္ခါတေ အဿသတောပိ ပဿသတောပိ ဆန္ဒော ဥပ္ပဇ္ဇတိ"။

စသည်ဖြင့် အပိုင်းကိုးပိုင်း ဟောထားတယ်၊ အဲဒါကိုတော့ ဘုန်းကြီး ဒီစာအုပ်ကိုဘဲ ညွှန်းလိုက်မယ်၊ **ဂိရိမာနန္ဒသုတ္တန်ပါဠိတော် ဟောစဉ် ဝိပဿနာ ရှုနည်းကျမ်း**ရဲ့ နောက်ဆုံး အာနာပါနပိုင်းမှာ အဲဒါရှိတယ်၊ ဒီမှာတော့ ထည့်ပြီးမပြောတော့ဘူး၊အဲဒီမှာ ပီတိသဘောတွေဖြစ်လာပုံ၊ ပဿဒ္ဓိသဘောတွေ ဖြစ်လာပုံ၊ ပီတိကြောင့် သုခဖြစ်လာပုံ၊အဲဒီလိုဟာတွေကို ဟောထားတာရှိတယ်။

**အာရမ္မဏူပဈာန်နှင့် လက္ခဏူပဈာန်**

အာနာပါနအာရုံကလေးပေါ်ကို မိမိစိတ်ကို တင်ပေး လိုက်၊ ဒီအာနာပါနအာရုံကို အရှည်အတို အပြန်ပြန် အလှန်လှန် သုံးသပ် ဆင်ခြင်လိုက်၊ ဒီလို လုပ်ယင်

ဆန္ဒဖြစ်လာမယ်၊ ပီတိဖြစ်လာမယ်၊ သုခဖြစ်လာမယ်၊ အဲဒီသုခဖြစ်နေတဲ့ စိတ် ပေါ်မှာ မိမိစိတ်ဟာ တည်ကြည်နေတယ်၊ ဝပ်တယ်၊ အဲဒါကို ဘာခေါ်တုံး၊ အာနာပါန အာရုံပေါ်မှာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ငါးပါးနဲ့ပြည့်စုံတဲ့ စျာန်စိတ်လို့ ဒီလိုခေါ်တယ်၊ စျာန်၊ စျာန်ဆိုတာ အာရမ္မဏူပနိဇ္ဈာနစျာန်,လက္ခဏူပနိဇ္ဈာနစျာန်လို့ နှစ်မျိုးရှိတယ်၊ အခုပြောခဲ့တဲ့ စျာန်က ဘာစျာန်လဲဆိုတော့- အာရမ္မဏူပနိဇ္ဈာနစျာန်- နော်၊ ဘာစျာန် တုံးကွဲ၊ (အာရမ္မဏူပနိဇ္ဈာနစျာန်ပါဘုရား)

အာရုံကိုစိုက်စိုက်ကြီး ရှုပြီးနေတာကို အာရမ္မဏူပနိဇ္ဈာနစျာန်လို့ခေါ်တယ်၊ ဝင်လေ ထွက်လေက အာရုံ၊ ကိုယ်က စိုက်ပြီး ရှုနေတာက စျာန်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ စျာန်ရတယ်ဆိုတာ ကောင်း ကင်ပျံတယ်ချည်း ထင်နေကြတယ်၊ စျာန်ရရုံနဲ့ ကောင်းကင်ကို မပျံနိုင်ဘူး၊ ကောင်းကင်ပျံတာဟာ စျာန်နဲ့ပျံတာမဟုတ်ဘူး၊ ကောင်းကင်ပျံတာ ဘာနဲ့ ပျံသလဲ၊ (အဘိညာဉ်ပါဘုရား) အေး-ဟုတ်ပြီ၊ အခု စျာန်ဖြစ်ပုံကို ဘုန်း ကြီးတို့ ပရိသတ် သဘောပေါက်ပြီလား၊ (ပေါက်ပါပြီဘုရား)

အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကို စိုက်ပြီးတော့ရှုတာကို လက္ခဏူပနိဇ္ဈာနစျာန်လို့ ဒီလိုခေါ်တယ်၊ ဒါ နားလည်ပြီနော်၊ (မှန်ပါဘုရား) ဒါဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ အခု တနင်္ဂနွေနေ့က ဒီကိုလာပြီး တရားအားထုတ်ကြသေးတယ် မဟုတ်လား၊ ဝင်လေ ထွက်လေ အာရုံကို ပွားကြတယ်မဟုတ်လား၊ (မှန်ပါ) ဝင်လေ ထွက်လေကို အာရုံ ပွားလိုက်တဲ့အခါကျတော့ ဝင်လေထွက်လေလို့ခေါ်တဲ့ ရုပ်အာရုံပေါ်ကို မိမိစိတ် ကလေး တင်မပေးဘူးလား၊ (တင်ပေးပါတယ်ဘုရား) အဲဒီစိတ်ကို ရုပ်အာရုံ ပေါ်ကို တင်ပေးလိုက်တာကို ဝိတက်လို့ခေါ်တယ်၊ ဝင်လေထွက်လေကို အပြန်ပြန်အလှန်လှန် ရှုပြီးသုံးသပ်နေတယ်, ဆင်ခြင်နေတယ်ဆိုတာက ဝိစာရ ဟုတ်လား၊ (မှန်ပါ) ဒါဗမာလိုအရင်ပြောပြီးမှ ပါဠိလိုပြန်ပြောတာ-နော်၊ (မှန်ပါ)

**စျာန်အင်္ဂါငါးပါး** စျာန်အင်္ဂါငါးပါးက ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ လို့ ဒီလိုငါးခုရှိတယ်၊အဲဒါ စာသုံးပေသုံးကတော့ ငယ် ငယ်က သင်္ဂြိုဟ်သင်တန်းတက်ကြဆိုကတဲက ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သောနဲ့ သင်္ဂြိုဟ်ဆိုရိုးရှိနေတာဘဲ- မဟုတ်လား၊(မှန်ပါ)အဲဒီ ဝင်လေထွက်လေဟူသော အာရုံပေါ်ကို မိမိစိတ် ကလေး တင်ပေးလိုက်ခြင်းသည် ဝိတက်၊တင်မပေးဘူးလား၊ (တင်ပေးပါ

ကြီးကို စွပ်စွဲတာမဟုတ်ဘူး၊ သူတို့ဘယ်သူ့ကို စွပ်စွဲတာတုံး၊ (မြတ်စွာဘုရားကို စွပ်စွဲတာပါဘုရား) အေး-အဲဒါ သိပ်အရေးကြီးတယ်-ဟုတ်လား၊ (မှန်ပါ)

အခုပြောနေတဲ့ ပါဠိတော် စကားပြေမှာ ဒီဈာန်တရားဟာ ပြောဘို့ အင်မတန်ခက်တယ်၊ နောက်တော့ အခြေတွေဘာတွေ လာအုံးမယ်၊ သမာဓိတွေ ဘာတွေနဲ့ သူကလာသေးတယ်၊ သို့သော်လဲ ပရိသတ်တွေ ဘုန်းကြီးတို့အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အလုပ်လုပ်နေတဲ့သဘောကလေးပေါ်မှာ မှီပြီးတော့ ကျမ်းဂန်ရဲ့နည်းက ပွတ်ပြီးတော့ ရနိုင်သရွေ့ အဓိပ္ပါယ်ကို ဆွဲသွင်းပြီးတော့ ပြောပေးနေရတာ၊နားလယ်အောင်ဆိုပြီးတော့-ဟုတ်လား၊ (မှန်ပါ)

ဝင်လေထွက်လေပေါ်ကို မိမိစိတ်ကလေးကိုတင်ပေးတယ်၊ ဝိတက်-အဘိနိရောပနလက္ခဏာ ရှိကယ်၊ ဝိတက်က စေတသိက်တရား-ဘာတရားတုံး၊ (စေတသိက် တရားပါဘုရား) ဝင်လေထွက်လေကို သုံးသပ်တယ် ဆင်ခြင်တယ်-ဝိစာရတရား၊ ဘယ်နှယ်သုံးသပ်သလဲ- ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံပဿသာမီတိ ပဇာနာတိ။ ရှည်ရှည်ဝင်လာတယ်၊ ရှည်ရှည်ထွက်လာတယ်၊ ဒီလို သုံးသပ်ဆင်ခြင်နေတာမဟုတ်လား၊ (မှန်ပါဘုရား) အဲဒီလို သုံးသပ်ဆင်ခြင်နေတဲ့တရားဟာ ဝိစာရ။

"ဒီဃံ အဿာသပဿာသဝသေန အဒ္ဓါနသင်္ခါတေ အဿသတောပိ ပဿသတောပိ ဆန္ဒော ဥပ္ပဇ္ဇတိ"။

ပီတိဖြစ်ပုံ အဲဒီကျတော့ဆန္ဒဖြစ်တယ်၊ ဝင်လေထွက်လေကို ရှည်ရှည်သုံးသပ်ဆင်ခြင်နေတဲ့ အခိုက်အတန့် အတောအတွင်းကလေးထဲမှာ ရှုလို့ကောင်းလာတယ်၊ ရှုချင်စိတ်တွေရှိလာတယ်ဆိုတဲ့ သဘောကလေးပေါ်လာယင် ဆန္ဒဖြစ်လာပြီတဲ့၊ ဘာဖြစ်လာတုံး၊ (ဆန္ဒဖြစ်လာပါတယ်ဘုရား)

"ဆန္ဒဝသေန တတော သုခုမတရံ ဒီဃံ အဿာသပဿာသံ အဒ္ဓါနသင်္ခါတေ အဿသတောပိ ပဿသတောပိ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ"။

ဝမ်းမြောက်လာတယ်၊ ဘယ်လိုဝမ်းမြောက်သလဲ- ဆန္ဒ၏အစွမ်းအားဖြင့် ဝင်လေထွက်လေကို သုံးသပ်ဆင်ခြင်ပြီး ကြည့်နေတဲ့အခါမှာ ဒီ ဝင်လေထွက်လေက ကြမ်းကြမ်းတမ်းတမ်းမဟုတ်ဘူး-တဖြေးဖြေး နူးညံ့သိမ်မွေ့ပြီး အင်မတန်သက်သာပြီးနေတော့ သူ့အပေါ်မှီပြီး ဝမ်းမြောက်မှုပါမောဇ္ဇဖြစ်လာတယ်၊ ဥဒဂ္ဂစိတ္တ- တက်ကြွတဲ့စိတ်, အလုပ်လုပ်ချင်တဲ့စိတ်၊ အဲဒါတွေဝင်လာတယ်၊ အဲဒီလို ဝမ်းမြောက်ပြီးတဲ့အခါကျတော့-

"ပါမောဇ္ဇဝသေန တတော သုခုမတရံ ဒီဃံ **အဿာသပဿာသံ**
အဒ္ဒါ**နုသင်္ခါ**တေ အဿသတောပိ ပဿသတောပိ ပီတိ ဥပ္ပဇ္ဇတိ"။

ပီတိဖြစ်တယ်၊ အဲဒီမှာ အဋ္ဌကထာဆရာတော်ကြီးက အဋ္ဌသာလိနီအဋ္ဌကထာများ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာများက အဲဒီပီတိဖြစ်ပြီဆိုယင် ဘယ်လိုပီတိဖြစ်သလဲဆိုတော့ ပီတိငါးမျိုးလောက်ပြတယ်။

**ပီတိငါးမျိုး၏ အဓိပ္ပါယ်** * ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ ဖရဏာပီတိလို့ဆိုပြီးတော့ ပီတိငါးမျိုးပြတယ်။

(၁) ခုဒ္ဒိကာပီတိဆိုတာ ကြက်သီးမွေးညှင်းလေးထလာ–ဖျဉ်းကနဲဆို ဝမ်းမြောက်သလိုကလေးဖြစ်လာတယ်၊ ခုဒ္ဒိကာပီတိ၊ တနည်းအားဖြင့် ခုဒ္ဒိကာပီတိလို့ဆိုဘာ–သမုဒ္ဒရာကမ်းပါးကြီးမှာ လှိုင်းကြီးရိုက်လိုက်တဲ့အခါ သမုဒ္ဒရာကမ်းကို လာရိုက်လိုက် လှိုင်းကပြန်ထွက်သွားလိုက် ဒီလိုဖြစ်သလို ခန္ဓာကိုယ်မှာ ပီတိလှိုင်းကလေးတွေ လှိုက်လှိုက် လှိုက်လှိုက်နဲ့ တက်လာလိုက် ပျောက်သွားလိုက် လှိုက်လှိုက်လှိုက်လှိုက်နဲ့ တက်လာလိုက် ပျောက်သွားလိုက်ဆိုယင် ဒါ ခုဒ္ဒိကာပီတိ။

(၂) ခဏိကာပီတိလို့ဆိုတာ စိတ္တက္ခဏလေးနဲ့ တချက်တဲ့တဲ့ပြီးတော့ တချက်တချက်ဝမ်းမြောက်ပေးလိုက် ပြီးယင် ပျောက်သွားပြန်ရော၊ တချက်တချက်ဝမ်းမြောက်ပေးလိုက်, ပြီးယင် ပျောက်သွားပြန်ရော၊ တချက်တချက် လျှပ်စီးလက်သလို ခဏခဏလေးဖြစ်တဲ့ပီတိ၊ အဲဒါ ခဏိကာပီတိလို့ခေါ်တယ်၊ တနည်းအားဖြင့် ခဏိကာပီတိလို့ဆိုတာ ကြက်သီးမွေးညှင်းထရုံကလေး ခဏလေး ဖျဉ်းကနဲဆိုပြီး ကြက်သီးမွေးညှင်းထရုံကလေးဖြစ်လာတဲ့ ပီတိမျိုး၊ခဏိကာပီတိ။

(၃) ဩက္ကန္တိကာပီတိလို့ဆိုတာ ခုနကပြောသလိုဘဲ သမုဒ္ဒရာထဲမှာ ရေလုံးတခု လာပြီးဆိုင်လိုက်တဲ့အခါ ဝုန်းကနဲ ဝုန်းကနဲနဲ့ တက်ကြွသလို ပီတိနဲ့ ပါမောဇ္ဇနဲ့ လာလာပြီးတော့ နှလုံးသားထဲမှာ ဆိုင်လိုက်ယင် လူ့ကိုကြွကြွသွားဘိသကဲ့သို့ ဝမ်းမြောက်သွားတဲ့ တက်ကြွလာတဲ့သဘောတွေကို ဩက္ကန္တိကာပီတိလို့ ခေါ်တယ်။

(၄) ဥဗ္ဗေဂါပီတိကျတော့ လူတကိုယ်လုံးကိုဘဲ ကောင်းကင်ကို ပျံတက်သွားနိုင်လောက်အောင်ဖြစ်တဲ့ပီတိမျိုး ဥဗ္ဗေဂါပီတိလို့ ခေါ်တယ်။

(၅) ဖရဏာပီတိလို့ဆိုဘာကတော့ တကိုယ်လုံးပျံ့နှံ့ပြီးတော့ အင်္ဂါအစိတ်အပိုင်း ကောဋ္ဌာသရှိသရွေ့ကို အကုန်လုံးပျံ့သွားတဲ့ ပီတိမျိုးကို ဖရဏာပီတိလို့ ခေါ်တယ်။

---

* ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ပထမတွဲ၊ နှာ–၁၃၉–၁၄၀။
ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ပထမတွဲ၊နှာ–၂၇၆–၂၇၇။

အဲဒီပီတိ၏ အစွမ်းအားဖြင့် သုခဖြစ်တယ်၊ ချမ်းသာနေပြီမဟုတ်လား။ (မှန်ပါ) သုခ–သူကဝေဒနာ၊ ဟို ပီတိကလဲ ဝေဒနာလိုဘဲ၊ စိတ်ကလေးတည်ပြီး ဘယ်အာရုံပေါ်မှ မရောက်တော့ဘူး ငြိမ်ပြီးနေတဲ့သဘောကို အဲဒီဝင်လေထွက်လေပေါ်က စိတ်ဘယ်တော့မှ ပြန်ထွက် မသွားဘဲနဲ့ တည်ငြိမ် နေတာကို ကေဂ္ဂတာစေတသိက်၊ သမာဓိလို့ခေါ်တယ်၊ အဲဒါ ပဋမစျာန်၊ ဒါ အာရမ္မဏူပ နိဇ္ဈာနစျာန်၊ ဝင်လေထွက်လေအာရုံကို ရှုနေတာ ဘာတုံး၊ (အာရမ္မဏူပ နိဇ္ဈာနစျာန်ပါဘုရား) အဲဒီ အာရမ္မဏူပနိဇ္ဈာနစျာန်ကို ရှုနေတဲ့အခါမှာ သမာဓိရှိနေသည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်သန္တာန်မှာ ကာမစ္ဆန္ဒရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)

**နီဝရဏငါးပါး၏ ဆန့်ကျင်ဘက် တရားများ**

သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော– သမာဓိတရားသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်တရား၊ ကာမစ္ဆန္ဒရှိနေတဲ့ ပုဂ္ဂိုလ်မှာ သမာဓိမရှိဘူး၊ သမာဓိရှိနေတဲ့ပုဂ္ဂိုလ်မှာ ကာမစ္ဆန္ဒမရှိဘူး၊ အခုတရားအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီနေရာမှာ အခုပြောခဲ့တဲ့ သမာဓိရှိနေယင် ကာမစ္ဆန္ဒရှိသေးလား၊ (မရှိတော့ပါဘူးဘုရား) ဟော–သမာဓိရှိတယ်၊ ကာမစ္ဆန္ဒမရှိဘူး။

ပီတိ၏ဆန့်ကျင်ဘက်သည် ဗျာပါဒ၊ ပီတိရှိနေတဲ့ပုဂ္ဂိုလ်မှာ ဘယ်လိုလုပ်ပြီး စိတ်ဆိုးမလဲ၊ ဟာ စိတ်ဆိုးပြီးဒေါသကြီးကြီးပြီးတော့ ဘယ်လိုပါ ညာလို ပါလို့ ပါးစပ်ကပြောနေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုနှစ်သက်ပါတယ်ဆိုတာ အလကား ပြောတာ၊ ဘယ်တော့မှ မဟုတ်ဘူး–ဟုတ်လား၊ စိတ်ဆိုးနေတာ ဘယ့်နှယ် လုပ် နှစ်သက်မှာတုံး၊ ဒီတော့ ဆိုလိုတဲ့အဓိပ္ပါယ်က နှစ်သက်၍ ပီတိဖြစ်နေတဲ့ အခါမှာ ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဗျာပါဒရှိသလား – မရှိဘူးလား၊ (မရှိပါ ဘူးဘုရား) ဒေါသတွေအားကောင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာကော ပီတိရှိ ပါ့မလား၊ (မရှိပါဘူးဘုရား) အခု တရားအားထုတ်နေတဲ့ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများမှာ ပီတိရှိနေယင် ဗျာပါဒရှိသေးလား၊ (မရှိပါ ဘူးဘုရား)

ဝိတက်သည် ထိနမိဒ္ဓ၏ဆန့်ကျင်ဘက်တရား၊ အာရုံပေါ်ကို မိမိစိတ်ထပ်ကာ ထပ်ကာ တင်ပေးနေတဲ့ပုဂ္ဂိုလ်မှာ ထိနမိဒ္ဓဝင်လို့ ရပါအုံးမလား၊ (မရပါ ဘူးဘုရား) ထိနမိဒ္ဓရှိနေတဲ့ပုဂ္ဂိုလ်ဟာ အာရုံပေါ်ကို စိတ်ကိုမကြာမကြာ တင် နိုင်ပါ့မလား၊ (မတင်နိုင်ပါဘူးဘုရား) ထိနမိဒ္ဓရှိတဲ့ပုဂ္ဂိုလ်မှာ ဝိတက်ရှိ သလား–မရှိဘူးလား၊ (မရှိပါဘူးဘုရား) ဝိတက်ရှိနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ

ထိနမိဒ္ဓကင်းသလား-မကင်းဘူးလား၊ (ကင်းနေပါတယ်ဘုရား) ကင်းနေတယ်၊ အခု ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ-ဟုတ်လား၊ (မှန်ပါ)

ဥဒ္ဓစ္စကုက္ကုစ္စ၊ သုခရှိနေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဥဒ္ဓစ္စကုက္ကုစ္စရှိနေကြသေးလား၊ (မရှိပါဘူးဘုရား) ဒီ အချိန်တခုပေါ်မှာ ကိုယ်ကသိပ်ပြီးတော့ ကျေနပ်နှစ်သက်နေတယ်ဆိုယင် စိတ်ပျံ့လွင့်အုံးမလား၊ (မပျံ့လွင့်ပါဘူးဘုရား) စိတ်ကောပူပန်အုံးမလား၊ (မပူပန်ပါဘူးဘုရား) သုခရှိနေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဥဒ္ဓစ္စကုက္ကုစ္စမရှိဘူး၊ ဥဒ္ဓစ္စကုက္ကုစ္စရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သုခမရှိဘူး ဟုတ်လား-ဆန့်ကျင်ဘက်တရားတွေ၊

အဲပြီးတော့ဘာလဲ- ဝိစိကိစ္ဆာသည် ဝိစာရရဲ့ဆန့်ကျင်ဘက်တရား၊ ဝိစာရရှိနေတဲ့ပုဂ္ဂိုလ်မှာ-ဝိစိကိစ္ဆာရှိပါအုံးမလား၊ (မရှိတော့ပါဘူးဘုရား) အဲဒီတော့ ဈာန်နဲ့ပတ်သက်လို့ပြည့်စုံရမဲ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာခေါ်တဲ့ ဒီအင်္ဂါငါးပါးပြည့်စုံနေယင် ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာခေါ်တဲ့ ဒီတရားငါးပါး ပယ်ပြီးသားဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား) တမင်လာ ကိုယ်ကပယ်ရသလား၊ (မပယ်ရပါဘူးဘုရား) ကိုယ်မှာ သမာဓိနဲ့ ပြည့်စုံအောင်လုပ်ပါ၊ ကာမစ္ဆန္ဒထွက်သွားပါလိမ့်မယ်၊ အကယ်၍ လက်ရှိလို့လက်ဆွဲထားတောင်မှ ကာမစ္ဆန္ဒကမနေဘူး၊ ဒါ နားလယ်ပြီနော်။ (မှန်ပါဘုရား)

**တရားငါးမျိုးဝင်လာအောင်လုပ် နီဝရဏများထွက်သွားမည်**

ခုနစောပိုင်းကပြောခဲ့တဲ့ ပီတိသာကိုယ်မှာ ရှိအောင်လုပ်ပါ၊ ဒေါသဆိုတဲ့ ဗျာပါဒတွေ ခဏနေပါအုံးဗျာလို့ဆိုလို့ သူနေမလား၊ (မနေပါဘူးဘုရား) သူ့ဖာသာသူ သွားမှာ၊ ကိုယ်က နှင်ထုတ်နေရမှာ မဟုတ်ဘူး၊ သဘောကျရဲ့လား၊ (ကျပါတယ်ဘုရား) တကာကြီးတွေသဘောပေါက်ပြီနော်၊ (မှန်ပါဘုရား) သဘောပေါက်ယင်အလုပ်လုပ်ရမယ်၊ အခုဘုန်းကြီး ဟောပေးနေတာက ဒီအပိုင်းမှာ အလုပ်လုပ်တတ်အောင် ဘုန်းကြီးဟောပေးနေတာ၊ ဒီ ပါဠိတော်ပိုင်းကနေပြီးတော့ ဈာန်ပိုင်းကိုပြန်ပြီးတော့ ပြောရတဲ့ဥစ္စာ ဘုန်းကြီးအဘို့က မလွယ်ဘူး၊ အင်မတန်ကို နားလယ်အောင် ထပ်ကာထပ်ကာ ပြောပေးနေရတာ – ဟုတ်လား၊ ဒီတော့ အခု သမာဓိ နော်၊ သမာဓိရှိနေတဲ့ပုဂ္ဂိုလ်ကို ကာမစ္ဆန္ဒက နေပါအုံးဆိုလို့ နေပါ့ မလား၊ (မနေပါဘူးဘုရား) ကိုယ်ကပယ်ရသလား၊ သူ့ဖာသာသူ သွားသလား၊ (သူ့ဖာသာသူသွားပါတယ်ဘုရား) ဒီတော့ – ကိုယ်ကဘာရှိအောင် လုပ်ရမလဲ၊ (သမာဓိရှိအောင်လုပ်ရမှာပါဘုရား)

ပီတိရှိနေတဲ့ပုဂ္ဂိုလ်မှာ ဒေါသနေပါအုံးမလား၊(မနေပါဘူးဘုရား) ဥပမာ ပုံဆိုပါတော့ သားကလေး, သမီးကလေးက မိဘကို ပူဆာနေတယ်ဆိုပါတော့ ဘာလုပ်ပေးပါ, ညာလုပ်ပေးပါ, ဒါလေးလုပ်မပေးချင်ဘူးလား– လုပ်ပေးပါဆိုတော့ ဒီက လုပ်မပေးသေးသလိုလိုဘဲ၊ လူကြီးဆိုတာရှေ့နောက် ချိန်နေတယ်မဟုတ်လား၊ ချိန်နေတော့ သူလိုချင်တာကလေးက မပြည့်စုံသေးတော့ ဒေါသတွေဖြစ်တယ်၊လူကြီးက ရှေ့နောက်ချိန်လို့ ရပြီဆိုတဲ့အခါကျတော့ ကိုင်း–လိုသလိုလုပ်ပေးမယ်လို့ ဆိုလဲဆိုလိုက်ကရော သူ့မှာဝမ်းမြောက်သွားပြီမဟုတ်လား၊(မှန်ပါ)အဲဒီလို သူ့မှာပီတိဖြစ်တာနဲ့ တပြိုင်နက်ထဲ သူ့မှာဒေါသရှိသေးသလား၊(မရှိတော့ပါဘူးဘုရား) မျက်နှာမှာကို ပေါ်လာတယ်၊ လန်းဆန်းပြီးတော့–ဟုတ်လား၊(မှန်ပါ)အခု ပီတိ–သမာဓိ။

ဝိတက်တရားရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ထိနမိဒ္ဓတရားဝင်လို့ ရပါ့မလား၊ (မရပါဘူးဘုရား) အဲဒီတော့ အာရုံပေါ်ကိုသာ မိမိစိတ်ကို မကြာမကြာတင်ပေး မရရအောင်တင်ပေးယင် ထိနမိဒ္ဓက သူ့ဖာသာသူ သွားရော၊ သူ့ကိုအတင်းပယ်ရသလား၊ (မပယ်ရပါဘုရား) ဝိတက်ရဲ့ဆန့်ကျင်ဘက် ထိနမိဒ္ဓ။

ဥဒ္ဓစ္စကုက္ကုစ္စ–စိတ်ပူပန်တယ်, ချောက်ချားတယ်လို့ဆိုတာ ဘယ်သူလဲ၊သုခရှိနေယင် စိတ်ပူပန်သေးလား၊ (မပူပန်ပါဘူးဘုရား) သုခဖြစ်လာယင် စိတ်ပျံ့လွင့်သေးလား၊ (မပျံ့လွင့်ပါဘူးဘုရား) အေး–ဒီတော့ ဒီစျာန်အင်္ဂါငါးပါးထဲမှာပါတဲ့ သုခလို့ခေါ်တဲ့တရားသည် တရားကိုယ်ကောက်တော့ ဝေဒနာစေတသိက်ကိုရတယ်နော်၊ (မှန်ပါဘုရား) အဲဒီလို သုခလေးဖြစ်လာတယ်ဆိုယင် စိတ်ပျံ့လွင့်တာတို့ စိတ်ပူပန်တာတို့ ရှိသေးလား၊ (မရှိပါဘူးဘုရား) ဒီတော့ ဝိစာရရှိနေယင် ဝိစိကိစ္ဆာမရှိတော့ဘူး–ဟုတ်လား။

**ပဟာနင်္ဂအင်္ဂါနှင့် သမ္ပန္နင်္ဂအင်္ဂါ**

ဒီတော့ဘုန်းကြီးတို့အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အာနာပါနတရား–ဝင်လေထွက်လေကို အာရုံတင်ပေးလိုက်ထာနဲ့ တပြိုင်နက် သူ့ကိုသုံးသပ်ဆင်ခြင်ယင် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ ဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံနေယင် ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာခေါ်တဲ့ တရားငါးပါး ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား) အခုပြောနေတာ ပဌမစျာန်မှာပြည့်စုံရမယ့် သမ္ပန္နင်္ဂ အင်္ဂါငါးပါး, ပဟာနင်္ဂ အင်္ဂါငါးပါးနော်၊ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာရှိနေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘယ်

တော့မှ ပဌမစျာန်မဖြစ်ဘူး-နော်၊ (မှန်ပါဘုရား) ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါငါးပါး ပြည့်စုံ၍နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ပဌမစျာန်ရှိတယ်။

ဒီတော့ ကိုယ်ကစိတ်ချမ်းသာချင်ယင် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ–ဒီတရားငါးလုံးနဲ့ ပြည့်စုံရမယ်၊ စိတ်ဆင်းရဲချင်ယင် ဘာနဲ့ပြည့်စုံရမလဲ-ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ-ဒါနဲ့ ပြည့်စုံရမယ်- ဟုတ်လား၊ (မှန်ပါ) ဘယ်တရားနဲ့ နေကြမလဲ-နေတိုကတော့ စျာန်အင်္ဂါငါးပါးနဲ့ဘဲ–ဟုတ်လား၊ (မှန်ပါ)ဒါပေတဲ့ စိတ်ကသူနဲ့ မပျော်ဘူးတဲ့ကွဲ၊ ဟင်-ပျော်လား၊ (မပျော်ပါဘုရား) စိတ်ကဘယ်သူနဲ့မှ ပျော်သလဲဆိုတော့ ကာမစ္ဆန္ဒနဲ့မှ သူက ပျော်တယ်၊ စိတ်အပျော်ဆုံးဟာ ဘာတုံး၊ (ကာမစ္ဆန္ဒပါဘုရား) အဲဒီ ကာမစ္ဆန္ဒနဲ့ ပျော်မိယင် နောက်က ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ တပြုံလုံး ဝိုင်းလိုက်ကြတော့တာဘဲ-ဟုတ်လား၊ (မှန်ပါ) အရေးကြီးတာက ကာမစ္ဆန္ဒ။

**ပဌမစျာန်ဖြစ်ပုံ** အဲဒီလို ပဟာနင်္ဂ အင်္ဂါ၊ သမ္ပယောဂင် အင်္ဂါတို့ဖြင့် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်မှာ ဘာပြုလဲ- စိတ်စင်ကြယ်မသွားဘူးလား၊ (စင်ကြယ်သွားပါတယ်ဘုရား) ဟော-ပါဠိတော် တပိုဒ်သွားမလို့။

"သော ဣမေ ပဉ္စ နီဝရဏေ ပဟာယ စေတသော ဥပက္ကိလေသေ ပညာယ ဒုဗ္ဗလီကရဏေ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

သော ဘိက္ခု၊ ထိုရဟန်းသည်။ စေတသော၊ စိတ်၏။ ဥပက္ကိလေသေ၊ ညစ်နွမ်းကြောင်းဖြစ်ကုန်သော။ ပညာယ၊ ပညာကို။ ဒုဗ္ဗလီကရဏေ၊ အား သေးအောင် ပြုတတ်ကုန်သော။ ဣမေ ပဉ္စ နီဝရဏေ၊ ဤ နီဝရဏတရား ငါးပါးတို့ကို။ ပဟာယ၊ ပယ်စွန့်၍။

နီဝရဏတရားငါးပါးကို ဘာနဲ့ပယ်တုံး၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ–ဒါနဲ့ပယ်တယ်၊ အခုနက ပယ်ပုံတွေလဲ ပြောခဲ့ပြီ-ဝိဝိစ္စေဝ ကာမေဟိ။

ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမ ထိုနှစ်ဝတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ် သုဉ်း၍သာလျှင်။ (သမာဓိရှိနေတော့ ဝတ္ထုကာမ, ကိလေသာ ကာမတွေ မလာတော့ဘူး) အကုသလေဟိ ဓမ္မေဟိ၊ လောဘ ဒေါသ မောဟတည်း ဟူသော အကုသိုလ်မူလ သုံးပါးတို့မှ။ ဝိဝိစ္စ၊ ကင်းဆိတ်၍သာလျှင်။ သဝိတက္ကံ၊

ဝိတက်နှင့်တကွဖြစ်သော။ သဝိစာရံ၊ သုံးသပ်ဆင်ခြင်ခြင်းဟု ဆိုအပ်သော ဝိစာရနှင့်တကွ ဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏတရားတွေ ကင်းခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်ခြင်း, ချမ်းသာခြင်းရှိသော။ ပဌမံဈာနံ၊ ပဌမ ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

အခုနကပြောတဲ့ ပဌမဈာန် ရောက်သွားပြီနော်၊ (မှန်ပါ) အဲဒီလို ရောက် သွားတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ပါဠိတော်က ဘာ ပြောသလဲ–

"သော ဣမမေဝ ကာယံ ဝိဝေကဇေန ပီတိသုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ၊နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဝိဝေကဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ"။

ဒီပဌမဈာန်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ခန္ဓာကိုယ် တခုလုံးဘယ့်နှယ်ဖြစ်နေသလဲ လို့ဆိုတော့–

သောဘိက္ခု၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ ဤရူပကာယကိုပင်လျှင်။ ဝိဝေကဇေန၊ နီဝရဏတရားတွေ ကင်းခြင်းကြောင့်ဖြစ်သော။ ပီတိသုခေန၊ နှစ်သက်ခြင်း, ချမ်းသာခြင်းဟုဆိုအပ်သော ပီတိ,သုခရေဖြင့်။ အဘိသန္ဒေတိ၊ တကိုယ်လုံးကိုစိုစွတ်စေ၏။ ပရိသန္ဒေတိ၊ ထက်ဝန်းကျင်မှစိုစွတ်စေ၏။ပရိပူရေတိ၊ တကိုယ်လုံးကို ထက်ဝန်းကျင်မှပြည့်စေ၏။ ပရိပ္ဖရတိ၊ ခန္ဓာကိုယ်တကိုယ် လုံးအကြွင်းအကျန်မရှိ ပီတိ,သုခတွေ ပျံ့နှံ့၍နေ၏။အဿ ဘိက္ခုနော၊ထိုရဟန်း၏။ သဗ္ဗာဝတော၊ အလုံးစုံသော ကောဋ္ဌာသ-အစိတ်အပိုင်းရှိသော။ကာယဿ၊ ရူပကာယ၏။ ဝိဝေကဇေန ပီတိသုခေန၊ နီဝရဏကင်းခြင်းကြောင့် ဖြစ်သော ပီတိ,သုခဖြင့် ။ အပ္ဖုဋံ၊ မပျံ့နှံ့အပ်သောနေရာအရပ်သည်။ ကိဉ္စိ၊ စိုးစဉ်း အနီးငယ်မျှ။ န ဟောတိ၊ မရှိ။

တကိုယ်လုံး ပီတိသုခတွေ ပျံ့ပြီးတော့ ခုန ဖရဏာပီတိသဘောမျိုး ရောက် ပြီးတော့ ကောဋ္ဌာသ အစိတ်အပိုင်းရှိသရွေ့ အကုန်လုံးပီတိ,သုခရေတွေနဲ့ စိမ်ပြီးတော့ ဒီလိုစိုနေတယ်၊ ဘယ်လောက်ချမ်းသာနေလဲလို့၊ ဒါ ဝိပဿနာ မဟုတ်သေးဘူးနော်၊ ဒါ-ဈာန်မှာကို ဘယ်လောက်ချမ်းသာနေလဲ၊ အဲဒီနေရာ မျိုး ရောက်ရောက်သွားတဲ့ ပုဂ္ဂိုလ်များဟာ အထင်မှားမှားပြီးသွားတတ်တယ်၊ အဲဒါ ဈာန်ဘဲရှိသေးတယ်၊ ဝိပဿနာမလုပ်ရသေးဘူး-ဟုတ်လား၊ (မှန်ပါ) ပါဠိတော်က ဥပမာ- ဘယ့်နှယ်ပြထားသလဲလို့ဆိုတော့–

"သေယျထာပိ ဘိက္ခဝေ ဒက္ခော နှာပကော ဝါ နှာပကန္တေဝါသီ ဝါ ကံသထာလေ နှာနီယစုဏ္ဏာနိ အာကိရိတွာ ဥဒကေန ပရိပ္ဖေါသကံ

"ပရိပ္ဖေါသကံ သန္ဒေယျ၊သာယံ န္ဟာနိယပိဏ္ဍိ သ္နေဟာနုဂတာ သ္နေဟပရေတာ သန္တရဗာဟိရာ ဖုဋ္ဌာ သ္နေဟေန န စ ပဃ္ဃရဏီ"။ (ဒါ ဥပမာဝါကျ။)

**ဆပ်ပြာမှုန့်နှင့် ရေဥပမာ** ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ ဒက္ခော၊ လိမ္မာကျွမ်းကျင်သော။ န္ဟာပကော ဝါ၊ ရေချိုးသမားသည်၎င်း။ န္ဟာပကန္တေဝါသီ ဝါ၊ ရေချိုးသမား၏ တပည့်သည်၎င်း။ (နာကြနော်၊ တဖြေးဖြေးနားလည်သွားမှာပါ ဒီ ပါဠိအနက်ပေးလိုက်ယင်) ကံသထာလေ၊ ကြေးခွက်၌။ န္ဟာနိယစုဏ္ဏာနိ၊ ရေချိုးမှုန့်ဖြစ်ကုန်သော ဆပ်ပြာမှုန့်တို့ကို။ (ရှေးကတော့ ကသယ်မှုန့်လို့ခေါ်တယ်) ရေချိုးတဲ့နေရာမှာ အသုံးပြုတဲ့ ဆပ်ပြာမှုန့်တို့ကို။ အာကိရိတွာ၊ဖျန်းပက်၍။ ဥဒကေန၊ရေဖြင့်။ပရိပ္ဖေါသကံပရိပ္ဖေါသကံ၊ ဆွတ်ဖျန်း၍ ဆွတ်ဖျန်း၍။ သန္ဒေယျ၊ဆုပ်နယ်ရာ၏။ (အခဲဖြစ်အောင်လုပ်ထား) သာယံန္ဟာနိယပိဏ္ဍိ၊ ထိုဆပ်ပြာမှုန့်အခဲသည်။ သ္နေဟာနုဂတာ၊ရေဟူသောအစေးသည်အစဉ်ဝင်ရောက်အပ်သည်ဖြစ်၍။သ္နေဟပရေတာ၊ရေဟူသောအစေးသည်အတွင်းအပြင်မခြားနားအောင် ပျံ့နှံ့အပ်သည်ဖြစ်၍။ သ္နေဟေန၊ ရေဟူသောအစေးဖြင့်၊ သန္တရဗာဟိရာ၊ အတွင်းအပြင်နှင့်တကွ။ ဖုဋ္ဌာ၊ ပျံ့နှံ့သည်။ နစပဃ္ဃရဏီ၊ ရေဟူသောအစေးစိမ့်၍မထွက်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်က ပဌမစျာန်ချမ်းသာဖြင့် ဝိဝေကသုခလို့ခေါ်တဲ့ ကာမစ္ဆန္ဒစသော နီဝရဏကင်းခြင်းကြောင့်ဖြစ်တဲ့ ပီတိ၊သုခချမ်းသာဖြင့် တကိုယ်လုံးစိမ့်ပြီးတော့ ပျံ့နှံ့နေတယ်တဲ့၊ ဥပမာဘာနဲ့တူတုံးတဲ့–ရေချိုးသမားသည်၎င်း, ရေချိုးသမားရဲ့တပည့်သည်၎င်း ကြေးခွက်ထဲမှာ ဆပ်ပြာမှုန့်ကို ထည့်ပြီးတော့ ရေနဲ့ဆွတ်ဖျန်းဆွတ်ဖျန်းပြီးတော့ ဆုပ်နယ်ပေးလိုက်ယင် အခဲကလေးဖြစ်မလာဘူးလား၊ (ဖြစ်လာပါတယ်ဘုရား) အဲဒီ ဆပ်ပြာအမှုန့်ကလေးတွေတိုင်းမှာ ရေစိမ့်လေးတွေဝင်ပြီးတော့ ဒီရေကို အမှုန့်ကလေးတွေထဲက ပြင်ဘက်ကိုမထွက်အောင် သူကရှိနေတယ်မဟုတ်လား၊ (ရှိနေပါတယ်ဘုရား) ဒါကြောင့် ဆပ်ပြာအခဲကလေးဖြစ်နေတယ်။

ဆိုလိုတဲ့ အဓိပ္ပါယ်က အမှုန့်ကလေးတွေတိုင်းမှာ ရေဟူသောအစေး စိမ့်ဝင်နေပုံကို သူပြောပြတယ်၊ အဲဒီအတိုင်းဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေဟာ ခန္ဓာကိုယ် အစိတ်အပိုင်းရှိသရွေ့ ပီတိ၊သုခနဲ့ မဆွတ်ဖျန်းရတဲ့နေရာ မရှိဘူး၊ ပီတိ၊သုခနဲ့ အကုန်လုံးပျံ့နှံ့နေပြီလို့ ဆိုလိုတယ်။

"ဝေမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဝိဝေကဇေန ပီတိသုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ၊ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဝိဝေကဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ"။

အဲဒီအတိုင်းဘဲတဲ့၊ ဒီပါဠိဝါကျကတော့ ခုနက အနက်ပေးပြီးပြီ-ဟုတ်လား (မှန်ပါ) ခန္ဓာကိုယ်တကိုယ်လုံး ပီတိ သုခတွေနဲ့ ပြည့်နေတယ်၊ ဒါ ပဌမစျာန်။

ဒုတိယစျာန်ကျတော့ ဘယ့်နှယ်တက်သွားသလဲဆိုတော့ ဒီ ပဌမစျာန်ကို ဝသီဘော်ငါးပါးနဲ့ အလေ့အလာလုပ်ပြီး နိုင်နင်းအောင် စျာန်ဝင်စားနေရတယ်၊ အဝဇ္ဇနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော်ဆိုတဲ့ အဲဒီဝသီဘော်တွေနဲ့ စျာန်ကထလိုက်ဝင်စားလိုက် စျာန်ကိုလှတ်ကြည့်လိုက် စျာန်ကိုပြန်ဝင်စား ကြည့်လိုက်နဲ့ ဒီ ပဌမစျာန်ကိုချည့် အကြိမ်များစွာ အလေ့အလာလုပ်ပြီးတော့မှ ဝသီဘော်ငါးတန် နိုင်ပြီဆိုတဲ့အခါကျတော့မှ စဉ်းစားကြည့်ရတယ်၊ ကြံရတာပင်ပန်းတယ်တဲ့၊ အာရုံပေါ်ကို တင်တင်ပေးရတာ ပင်ပန်းမနေဘူးလားလို့၊ (ပင်ပန်းပါတယ်ဘုရား) ဟင်- ဒီအာရုံကို ဟိုသုံးသပ်လိုက် ဒီသုံးသပ်လိုက်နဲ့ သုံးသပ်နေရတာကော ဘယ်နှယ်နေသလဲ၊ ပင်ပန်းလာတယ်၊ ဒီတော့ စိတ်ပျံ့လွင့်မှုနဲ့ မနီးဘူးလားလို့၊ (နီးပါတယ်ဘုရား) အဲဒီတော့ တဖြေးဖြေး တဖြေးဖြေး ပဌမစျာန်ကို နိုင်နင်းအောင် ဝင်စားပြီးတော့မှ ဒုတိယစျာန် တက်တော့မယ်ဆိုတော့ အဲဒီ ပဌမစျာန်ရဲ့ အပြစ်ကိုမြင်အောင် ကြည့်ရတယ်၊ ပဌမစျာန်မှာ အပြစ်ရှိတယ်၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဘာအပြစ်တုံး- အာရုံပေါ်ကို တင်တင်ပေးနေရတာကိုက လွင့်ချင် လွင့်သွားနိုင်တဲ့ အပြစ်တွေ ရှိတယ်၊ အာရုံကိုသုံးသပ် ဆင်ခြင်နေရတာကိုက စိတ်ပျံ့လွင့်မှုနဲ့ နီးလာ ပြန်တယ်။

**ဒုတိယစျာန်ဖြစ်ပုံ** အဲဒီလို ပဌမစျာန်မှာရှိတဲ့ ဝိတက် ဝိစာရတည်းဟူသော စျာန်အင်္ဂါရဲ့အပြစ်ကို သေသေချာချာ ကြည့်ပြီးတော့ ဒီအပြစ်ကိုမြင်ပြီဆိုတော့မှ ဝိတက် ဝိစာရမရှိဘဲနဲ့ ပဌမစျာန်သမာဓိကနေပြီးတော့ ဒုတိယစျာန်တက်သွားတယ်၊ ဟို ပဌမစျာန်မှာ ဝိတက် ဝိစာရက တက်တယ်နော်၊ အခု ဒုတိယစျာန်ကျတော့ ဘယ်ကတက်သလဲ၊ (သမာဓိကတက်ပါတယ်ဘုရား) ပဌမစျာန်သမာဓိကနေပြီးတော့ သူက တက်တယ်၊ဘယ့်နှယ်တက်သလဲဆိုတော့-

"ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ

သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ”။ (ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ ပရံ၊ နောက်ထပ်တဖန်။ ဘိက္ခု၊ရဟန်းသည်။ ဝိတက္ကဝိစာရာနံ၊ ဝိတက်, ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။

ဝိတက်, ဝိစာရပေါ်မှာ အပြစ်မြင်နေသည်ဖြစ်သောကြောင့် ဆင်ကိုမဆင်ခြင်တော့ဘူး၊ ဘင်ကိုမပေးတော့ဘူး၊သို့သော် သူ့မှာပဌမဈာန်သမာဓိတော့ရှိနေပြီ၊ ပဌမဈာန်အင်္ဂါငါးခုထဲက ဝိတက်နဲ့ဝိစာရကိုသာ အပြစ်မြင်တာ၊ ပီတိရယ်, သုခရယ်, ဧကဂ္ဂတာရယ်ကို သူအပြစ်မမြင်ဘူး၊ သူ့စိတ်အစဉ်က အဲဒီ ပီတိရယ်, သုခရယ်, ဧကဂ္ဂတာရယ်-ဒီတရားသုံးလုံးနဲ့သာ စိတ်ကနေချင်တယ်၊ ဝိတက်နဲ့ ဝိစာရကို သူနှလုံးမသွင်းတော့ဘူး၊ ဝိတက်နဲ့ ဝိစာရကို နှလုံးမသွင်းသည်ဖြစ်သောကြောင့် ပဌမဈာန်သမာဓိကိုလဲ နိုင်နင်းအောင်လေ့လာထားတဲ့အတွက် ဒီတရားသုံးလုံးရဲ့ စိတ်အစဉ်ကလေးနဲ့ နေပြီးတော့ သူဒုတိယဈာန်တက်သွားတယ်၊ဒီတော့ ဘာပြုလို့ဝိတက်, ဝိစာရ ငြိမ်းသွားသလဲ၊ ဝိတက်, ဝိစာရကို အပြစ်မြင်သလဲ-ပဌမဈာန်နဲ့ နေနေတဲ့ပုဂ္ဂိုလ်ဟာ အင်္ဂါငါးပါးနဲ့ နေနေတာ မဟုတ်လား၊(မှန်ပါ) ဝိတက်, ဝိစာရမပါတော့ကော မဖြစ်ဘူးလားလို့၊ (ဖြစ်ပါတယ်ဘုရား) ဘာပြုလို့ဖြစ်တုံး၊ ပီတိရှိနေတယ်၊ သုခရှိနေတယ်၊ ဧကဂ္ဂတာရှိနေတယ်၊ ဝိတက်နဲ့ ဝိစာရကို နှလုံးမသွင်းတော့ဘူး။

**ဝိတက်နှင့်ဝိစာရကင်းခြင်း** ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို ပွါးစေတတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ပီတိ,သုခရှိသော။ ဒုတိယံ ဈာနံ၊ဒုတိယ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ဝင်စား၍။ ဝိဟရတိ၊ နေ၏။

ဒုတိယဈာန်တက်သွားတယ်၊ ဒီတော့ ဝိတက်ပါသေးလား၊ (မပါပါဘူးဘုရား) ပိုပြီး ချမ်းသာမသွားဘူးလား၊ (ချမ်းသာပါတယ်ဘုရား) ဝိစာရကော- (မပါပါဘူးဘုရား) ပီတိရယ်, သုခရယ်, ဧကဂ္ဂတာရယ်-ဒီသုံးခုထဲ နေသွားတယ်၊ နှစ်သက်ထာလေးရယ်,ချမ်းသာတာလေးရယ်,စိတ်ငြိမ်နေတာ လေးရယ်–ဒါဘဲ၊ မကြံလဲ မကြံရဘူး၊ စဉ်းလဲ မစဉ်းစားရဘူး၊ သုံးသပ် ဆင်ခြင်

မှုလဲ မရှိတော့ဘူးဆိုတော့ တော်တော်သက်သာသွားပြီမဟုတ်လား၊ (မှန်ပါ) အဲဒါ ဒုတိယဈာန်၊ အဲဒီ ဒုတိယဈာန်ကျတော့ ဘယ်နှယ် ဥပမာပြသလဲ ဆိုတော့–

"သော ဣမမေဝ ကာယံ သမာဓိဇေန ပီတိသုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ၊ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ သမာဓိဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ"၁။

**စမ်းရေအိုင် ဥပမာ** ပဌမဈာန်မှာဖြစ်တဲ့ ပီတိ၊ သုခက နီဝရဏကင်းလို့ဖြစ်တဲ့ ပီတိ၊ သုခ၊ အခု ပီတိ၊ သုခက ပဌမဈာန်သမာဓိကြောင့် ဖြစ်တယ်၊ နှစ်သက်ခြင်း၊ ချမ်းသာခြင်းဆိုတဲ့ တရားနှစ်ပါးနဲ့ ခန္ဓာကိုယ် တကိုယ်လုံး အခုနက ပြောသလိုဘဲ အကုန်လုံးပျံ့နှံ့တယ်၊ အဲဒီပျံ့နှံ့ပုံ အခြင်း အရာ ဥပမာတွေကို မြတ်စွာဘုရားက ဥပမာ ဘာပြသလဲဆိုတော့–

"သေယျထာပိ ဘိက္ခဝေ ဥဒကရဟဒေါ ဥဗ္ဘိဒေါဒကော။ တဿ နေဝဿ ပုရတ္ထိမာယ ဒိသာယ ဥဒကဿ အာယမုခံ၊ န ပစ္ဆိမာယ ဒိသာယ ဥဒကဿ အာယမုခံ၊ န ဥတ္တရာယ ဒိသာယ ဥဒကဿ အာယမုခံ၊ န ဒက္ခိဏာယ ဒိသာယ ဥဒကဿ အာယမုခံ"၂။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာကား။ ဥဗ္ဘိဒေါဒကော၊ ထွက်သော စမ်းရေရှိသော။ ဥဒကရဟဒေါ၊ ရေအိုင်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုရေအိုင်၏။ ပုရတ္ထိမာယဒိသာယ၊ အရှေ့မျက်နှာအရပ်၌။ ဥဒကဿ၊ ရေ၏။ အာယမုခံ၊ ဝင်ရာအပေါက်သည်။ နေဝ အဿ၊ ရှိသည် မဖြစ်ရာ။

ပစ္ဆိမာယ ဒိသာယ ဥဒကဿ အာယမုခံ–အနောက်အရပ်ကလဲ ရေဝင်ပေါက် မရှိဘူး၊ မြောက်အရပ်ကလဲ ရေဝင်ပေါက်မရှိဘူး၊ တောင်အရပ်ကလဲ ရေဝင် ပေါက်မရှိဘူး–ဟုတ်လား၊ ဒီကန်ထဲ ဘယ်ကရေဝင်သေးလဲ၊ (ဘယ်ကမှ မဝင်ပါ ဘုရား) ဘယ်ကမှ မဝင်ဘူး–နော်။

"ဒေဝေါစ န ကာလေနကာလံ သမ္မာဓာရံ အနုပ္ပဝေစ္ဆေယျ"၃။

ဒေဝေါစ၊ မိုးသည်လည်း။ ကာလေနကာလံ၊ အခါတိုင်း အခါတိုင်း။ ဝါ၊ မပြတ်မလပ်။ သမ္မာ၊ ကောင်းစွာ။ ဓာရံ၊ မိုးရေကို။ န အနုပ္ပဝေစ္ဆေယျ၊ ရွာလည်း မရွာရာ။

မိုးလဲမရွာဘူး၊ ရေဝင်စရာအပေါက်လဲ မရှိဘူးဆိုယင် ဒီကန်ကြီးထဲမှာ ဘယ်ကရေလာသလဲ–

---

၁–၂–၃။ သီလက္ခန်ပါဠိတော်၊ နှာ–၇၀–လည်းရှု။

"အထ ခေါ တမှာဝ ဥဒကရဟာဒါ သီတာ ဝါရိဓာရာ ဥဋ္ဌိဇ္ဇတွာ တမေဝ ဥဒကရဟာဒံ သီတေန ဝါရိနာ အဘိသန္ဒေယျ ပရိသန္ဒေယျ ပရိပူရေယျ ပရိပ္ဖရေယျ"[၁]။

အထခေါ၊ ထိုသို့မရှာသော်လည်း။ တမှာဝ ဥဒကရဟာဒါ၊ထိုရေအိုင်မှပင်။ သီတာ၊အေးမြသော။ ဝါရိဓာရာ၊ရေအယဉ်သည်။ ဥဋ္ဌိဇ္ဇိတွာ၊ စိမ့်ထွက်၍။ တမေဝ ဥဒကရဟာဒံ၊ ထိုရေအိုင်ကိုပင်လျှင်။ သီတေန ဝါရိနာ၊ အေးမြသော ရေဖြင့်။ အဘိသန္ဒေယျ၊ စိုစွတ်စေရာ၏။ ပရိသန္ဒေယျ၊ ထက်ဝန်းကျင်စိုစွတ်စေရာ၏။ ပရိပူရေယျ၊ ပြည့်စေရာ၏။ ပရိပ္ဖရေယျ၊ ပျံ့နှံ့စေရာ၏။

**ပီတိခွါပုံ** ဒီရေအိုင်တခုလုံးမှာ ရေမရောက်တဲ့နေရာ ရေမပျံ့ထွက်တဲ့နေရာ ရှိသေးလား၊ (မရှိပါဘူးဘုရား)အဲဒီအတိုင်းပါဘဲတဲ့၊ ချစ်သားတို့.... ဝိတက်လဲမရှိ၊ဝိစာရလဲမရှိသော ပဋ္ဌမဈာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခတို့ဖြင့် ခန္ဓာကိုယ် တကိုယ်လုံးမပျံ့နှံ့တဲ့နေရာမရှိဘူး၊ အကုန်လုံးပျံ့နှံ့ပြီးတော့ နေတယ်၊ ဒါ ဒုတိယဈာန်ကို ရနေတာပါဘဲတဲ့။

တတိယဈာန်တက်ကြအုံးစို့၊ အဲဒီစောစောပိုင်းကပြောခဲ့တဲ့ အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်စတဲ့ ဝသီဘော်တွေနဲ့ တခါထဲလေ့လာလိုက်အုံး၊ ဝသီဘော်ဆိုတာ အလေ့အလာများနေတာ၊ အကြိမ်ကြိမ် လေ့လာပွားများ တော့ ဘာမြင်လာတုံး၊ ပီတိ နှစ်သက်တယ်ဆိုတာ သူမြင်လာတယ်၊ ဒုတိယ ဈာန်ကိုပင်လျှင် သူကနှစ်သက်တယ်၊ သိပ်နှစ်သက်အားကြီးလာတော့ ကာမစ္ဆန္ဒ နဲ့နီးတယ်တဲ့၊ မနီးဘူးလား၊ (နီးလာပါတယ်ဘုရား) ဒီတော့ နှစ်သက်ပါ အားကြီးလာယင်တဲ့– ဟိုပီတိပေါ်မှာ အပြစ်မြင်လာတယ်– တတိယဈာန်မှာ၊ တတိယဈာန်မှာ ပီတိခွါပစ်ရမှာကိုး။

သိပ်နှစ်သက်နေတာ ဘယ်နှယ်လုပ်ခွါမလဲ ဥပမာဆိုကြပါစို့၊သိပ်ကောင်းတဲ့အစာပေါ်မှာ ရောဂါဖြစ်လိမ့်မယ်လို့အပြစ်မြင်ယင် ဒီအစာကိုပယ်သလား– မပယ်ဘူးလား၊(ပယ်ပါတယ်ဘုရား) ဘုန်းကြီးရှေ့က မကြာမကြာပြောခဲ့တယ်၊ ဟောဒီဘက်က ဥပါသကာတကာကြီးက သူက ဒံပေါက်ထမင်းသိပ်ကြိုက်တဲ့ တကာကြီးဆိုပါတော့ သူကဒံပေါက်သာကျွေးချင်တဲ့တကာကြီးကိုး–ဟုတ်လား၊ (မှန်ပါ) သို့သော်လဲ စားမဲ့ပုဂ္ဂိုလ်တွေက အစာအိမ်ရောဂါသမားချည့်ဘဲ၊ ကျွေးလိုက်တဲ့ ဒံပေါက်ကလဲ မပြောနဲ့တော့ ချက်ထားလိုက်တာအကောင်း၊ နဂိုကူ. အစာအိမ်ရောဂါရှင်ကလဲ အစာအိမ်ရောဂါမစွဲကပ်ခင်က ဒံပေါက်

---

၁။ သီလက္ခန် ပါဠိတော်၊ နှာ–၇၀–လည်းရှု။

ထမင်းသိပ်ကြိုက်တဲ့လူ၊ သို့သော်လဲ ဆရာဝန်က သူ့ကိုပြောထားပြီမဟုတ်လား မတည့်ဘူးလို့၊အဟုတ်စားမိယင်လဲ သူဟာထွန့်ထွန့်လူးအောင် ခံရတယ်၊ဒီတော့ ကိုယ်ကသိပ်နှစ်သက်နေတဲ့ ဒံပေါက်ကိုကြည့်ဝံ့သေးလားကွဲ၊ (မကြည့်ဝံ့ပါဘူး ဘုရား)

အေး-အဲဒီအတိုင်းဘဲ ပီတိသည် ကာမစ္ဆန္ဒဆိုတဲ့ ရောဂါနဲ့မတည့်ဘူး၊ ကာမစ္ဆန္ဒနဲ့ နီးတယ်လို့ဆိုတာ မြင်လို့သိပ်နှစ်သက်တဲ့ ပီတိအပေါ် ဘယ့်နှယ် ဖြစ်လာသလဲ-သူအနားမကပ်ချင်တော့ဘူး၊ ဒံပေါက်နား မကပ်ချင်တော့ဘူး၊ စားပါခင်ဗျ, စားစမ်းပါခင်ဗျနဲ့ စေတနာအပြည့်နဲ့ ကျွေးနေတာပါ၊ ဘယ့်နှယ်ကြောင့် မကပ်ချင်သလဲ၊ သည်းခံပါခင်ဗျား, သည်းခံပါခင်ဗျားနဲ့ ပြောရတော့မယ် မဟုတ်လား၊ (မှန်ပါ)ပီတိကလဲဘဲဒီလိုဘဲ သူ့ကိုကိုင်ထားပါ အုံး,ကိုင်ထားပါအုံးဆိုပေတဲ့ မလုပ်ပါနဲ့ကိုပီတိရယ်၊အဲဒီပီတိကြောင့် တော်တော် ကြာတော့ ကာမစ္ဆန္ဒဘက်ကိုလည်သွားယင် ကျုပ်ရတဲ့ဈာန်ကလေး အကုန်ကုန် ပြီးတော့ သောက ပရိဒေဝမီးတွေ တောက်ရပါလိမ့်အုံးမယ်ဆိုပြီး ပီတိနားကို ကပ်ကို မကပ်ချင်တော့ဘူး-နော်၊ (မှန်ပါ) အဲဒါကို ပါဠိတော်က—

"ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ပီတိယာစ ဝိရာဂါ ဥပေက္ခကောစ ဝိဟရတိ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ' တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။ (တတိယဈာန်တက်သွားတယ်)

**တတိယဈာန်ဖြစ်ပုံ** ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ နောက်ထပ်တဖန်လည်း။ ဘိက္ခု၊ ရဟန်းသည်။ ပီတိယာစ၊ ပီတိကိုလည်း။ ဝိရာဂါ၊ စက်ဆုပ်ခြင်းကြောင့်။ ဥပေက္ခကောစ၊တတိယဈာန်ချမ်းသာကိုပင် လျစ်လျူရှု သည်ဖြစ်၍၎င်း။ သတောစ သတိရှိသည်ဖြစ်၍၎င်း။ သမ္ပဇာနောစ၊ ပညာအဆင် ခြင်ရှိသည်ဖြစ်၍၎င်း။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ ကာယိကသုခ, စေတသိကသုခကို လည်း။ (သုခဘဲကျန်တော့တယ်နော်၊ ပီတိမပါတော့ဘူး) ကာယေန၊ နာမကာ ယ ဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၍နေ၏။

ပီတိမပါဘဲနဲ့ ချမ်းသာတဲ့ချမ်းသာ၊ နှစ်သက်မှုမပါဘဲနဲ့ ချမ်းသာနေတဲ့ ချမ်းသာ ဟုတ်လား၊ (မှန်ပါဘုရား)

ယံ၊ အကြင် တတိယဈာန်ဟူသောအကြောင်းကြောင့်။ တံ၊ ထို တတိယ ဈာန်ယှဉ်ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဥပေက္ခကော၊ လျစ်လျူရှု၍နေနိုင်ပေသူ။ သတိမာ၊ သတိရှိနေသူ။သုခဝိဟာရီတိ၊

ချမ်းသာစွာနေလေ့ရှိသူဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းစကားပြောကြားကြလေကုန်၏။ တံတတိယံ ဈာနံ၊ ထိုတတိယဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

တတိယဈာန်ဟုတ်လား။ (မှန်ပါ) တတိယဈာန်ကျတော့ ပီတိပါသေးလား၊ (မပါတော့ပါဘူးဘုရား) ဝိတက်မပါဘူး၊ ဝိစာရမပါဘူး၊ပီတိလဲမပါတော့ဘူး၊ ပီတိမပါဘဲနဲ့ သူကချမ်းသာနေတယ်၊အဲဒီလို ပီတိမပါဘဲနဲ့ သုခနဲ့ ကေဂ္ဂတာနဲ့ဘဲ သူက သိပ်ချမ်းသာနေတယ်-နော်၊ (မှန်ပါ) သုခကေဂ္ဂတာ သဟိတံ-သဂြိုဟ်မှာ ဟုတ်လား၊(မှန်ပါ)အဲဒီလို သုခ,ကေဂ္ဂတာနဲ့ ဒါကလေးဘဲ ကျန်တော့တယ်၊ ပီတိကိုသူကခွာပစ်လိုက်ပြီ၊ ဥပမာ ဘယ်နှယ်ပြထားသလဲ ဆိုတော့–

> "သေယျထာပိ ဘိက္ခဝေ ဥပ္ပလိနိယံ ဝါ ပဒုမိနိယံ ဝါ ပုဏ္ဍရီကိနိယံ ဝါ အပ္ပေကစ္စာနိ ဥပ္ပလာနိ ဝါ ပဒုမာနိ ဝါ ပုဏ္ဍရီကာနိ ဝါ ဥဒကေ ဇာတာနိ ဥဒကေ သံဝဍ္ဍာနိ ဥဒကာနုဂ္ဂတာနိ အန္တောနိမုဂ္ဂပေါသီနိ"။

**ကြာနှင့်ရေဥပမာ** ဘိက္ခဝေ၊ ချစ်သားတို့။ ဥပ္ပလိနိယံ ဝါ၊ ဥပ္ပလကြာတော၌ ၎င်း။ ပဒုမိနိယံ ဝါ၊ ပဒုမ္မာကြာတော၌၎င်း။ ပုဏ္ဍရီကိနိယံ ဝါ၊ ပုဏ္ဍရိက်ကြာတော၌၎င်း။ ဥဒကေ၊ ရေ၌။ ဇာတာနိ၊ ပေါက်ရောက်ကုန်သော။ ဥဒကေ၊ ရေ၌။ သံဝဍ္ဍာနိ၊ ကြီးပွားကုန်သော။ ဥဒကာနုဂ္ဂတာနိ၊ ရေသို့အစဉ်လိုက်၍ နေကြကုန်သော။ အန္တောနိမုဂ္ဂပေါသီနိ၊ ရေအတွင်း၌ နစ်မြုပ်လျက်ကြီးပွားနေကြကုန်သော။ အပ္ပေကစ္စာနိ၊ အချို့ကုန်သော။ ဥပ္ပလာနိ ဝါ၊ ကြာဖြူကြာနီကြာညိုတို့သည်၎င်း။ ပဒုမာနိ ဝါ၊ ပဒုမ္မာကြာတို့သည်၎င်း။ ပုဏ္ဍရီကာနိ ဝါ၊ ကြာပုဏ္ဍရိက်တို့သည်၎င်း။ သန္တိ၊ ရှိကြပေကုန်၏။

> "တာနိ ယာဝ စဂ္ဂါ ယာဝ စ မူလာ သီတေန ဝါရိနာ အဘိသန္နာနိ ပရိသန္နာနိ ပရိပူရာနိ ပရိပ္ဖုဋ္ဌာနိ၊ နာဿ ကိဉ္စိ သဗ္ဗာဝတံ ဥပ္ပလာနံ ဝါ ပဒုမာနံ ဝါ ပုဏ္ဍရီကာနံ ဝါ သီတေန ဝါရိနာ အပ္ဖုဋ္ဌံ အဿ။"

ဥပမာ ဝါကျ၊ ရေထဲမှာ ကြာဖြူ ကြာနီ ကြာညိုတွေ ပဒုမ္မာကြာတွေ ပုဏ္ဍရိက်ကြာတွေ ငုပ်ပြီးတော့ကြီးပွားနေကြတယ်တဲ့-ဟုတ်လား၊ (မှန်ပါ) အဲဒီကြာတွေမှာအရင်းရော အဖျားရော ရေမပျံ့နှံ့တဲ့နေရာရယ်လို့ ရှိသေးလား၊(မရှိပါဘူးဘုရား)

"နိပ္ပီတိကေန သုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ"။

ဒီအခုတတိယဈာန်မှာလဲ ပီတိမပါဘဲနဲ့ သုခချည့်သက်သက် ခန္ဓာကိုယ်တကိုယ်လုံး အေးပြီးတော့နေတယ်၊ နှစ်သက်မှုမပါတော့ဘူး၊ဒါ တတိယဈာန်နော်၊(မှန်ပါ)

**စတုတ္ထဈာန်ဖြစ်ပုံ** တတိယဈာန်ပြီးလို့ စတုတ္ထဈာန်ဟက်တော့မယ်လို့ဆိုတော့ ဝသီဘော်ငါးတန်တို့ဖြင့် လေ့လာပြီးလို့ နိုင်ပြီဆိုတော့ သုခကိုခံစားနေရတာကိုဘဲ ဒုက္ခလို့ အဲဒီလိုနိုင်အောင်ရှုရတယ်၊ရှုတော့ ဘယ့်နှယ်ပြောလဲ-စတုတ္ထဈာန်တက်တော့-

"ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ ထိုမှတပါးလည်း။ ဘိက္ခု၊ ရဟန်းသည်။ သုခဿစ၊ကာယိကသုခကိုလည်း။ ပဟာနာ၊ပယ်ခဲ့ခြင်းကြောင့်။ (ကာယိကသုခကိုမခံစားချင်ဘူး၊ ခံစားနေရတာကိုဘဲ ပင်ပန်းလှန်းတယ်လို့မြင်တယ်)ဒုက္ခဿစ၊ ကာယိကဒုက္ခကိုလည်း။ ပဟာနာ၊ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝ၊စတုတ္ထဈာန်၏ရှေးဥပစာရက္ခဏ၌သာလျှင်။ သောမနဿဒေါမနဿာနံ၊ သောမနဿဝေဒနာဟုဆိုအပ်သော စေတသိကသုခ, ဒေါမနဿဝေဒနာဟုဆိုအပ်သော စေတသိကဒုက္ခတို့၏။ အတ္ထင်္ဂမာ၊ချုပ်၍နေခြင်းကြောင့်။ ဥပေက္ခာ သတိပါရိသုဒ္ဓိံ၊ဥပေက္ခာကြောင့်ဖြစ်သော သတိ၏စင်ကြယ်မှုရှိသော။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

စတုတ္ထဈာန်ကျတော့ ပီတိလဲမပါဘူး၊ သုခလဲမပါဘူး၊ ဥပေက္ခာနဲ့ ဧကဂ္ဂတာ နှစ်ပါးထဲနဲ့ သူကနေတော့တယ်၊ ဥပေက္ခာဆိုတော့ လျစ်လျူရှုပစ်တာမဟုတ်ဘူးနော်၊ ကာယိကသုခနဲ့ ကာယိကဒုက္ခကို အညီအမျှရှုတယ်၊ စေတသိက သုခနဲ့ စေတသိက ဒုက္ခကို အညီအမျှရှုတယ်၊ ဥပေက္ခာ ဆိုတိုင်း ပြန်မကြည့်တာ မဟုတ်ဘူး၊ ဥပေက္ခာဆိုတာ ကြည့်ကိုကြည့်တယ်၊ ကြည့်ပေတဲ့ အညီအမျှကြည့်တယ်၊ သုခနဲ့ ဒုက္ခကို အညီအမျှကြည့်တယ်။

**တကိုယ်လုံးဖြူစင် ကြည်လင်နေပုံ** သောမနဿ-ဝမ်းမြောက်တာနဲ့ ဒေါမနဿ-ဝမ်းနည်းတာကို အညီအမျှရှုတယ်၊ အဲဒီလို အညီအမျှ ရှုနိုင်တဲ့ ဥပေက္ခာသည် စင်ကြယ်စေအပ်သော စတုတ္ထဈာန် သမာဓိသို့ ရောက်လာတယ်။

အဲဒီလို စတုတ္ထစျာန် သမာဓိသို့ ရောက်တဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ–

"သော ဣမမေဝ ကာယံ ပရိသုဒ္ဓေန စေတသာ ပရိယောဒါတေန ဖရိတွာ နိသိန္နော ဟောတိ"။

ပရိသုဒ္ဓေန၊ အလွန်စင်ကြယ်သော။ ပရိယောဒါတေန၊ ဆွတ်ဆွတ်ဖြူ၍နေသော။ စေတသာ၊ စိတ်ဖြင့်။ ဣမမေဝ ကာယံ၊ ဤရူပကာယကိုပင်။ ဖရိတွာ။ ပျံ့နှံ့၍။ နိသိန္နော၊ နေသည်။ ဟောတိ၊ ဖြစ်၏။

ဒီတခါကျတော့ ခုနကစျာန်တွေထက် သိပ်ချမ်းသာပြီး ဖြူစင်ကြည်လင်တော့ လူတွေခံလို့ မရတော့ဘူး၊ အဲဒီနေရာမှာ-ဟုတ်လား၊ (မှန်ပါ) အဲဒီလို ကြည်ကြည်လင်လင်လေး ဖြစ်ပြီး၊ စိတ်ချမ်းသာနေတယ်၊ ဒီစတုတ္ထ စျာန်မှာ ဥပေက္ခာ, ဧကဂ္ဂတာ ဒီနှစ်ပါးနဲ့ဘဲ နေတော့တယ်၊ အဲဒီ စတုတ္ထစျာန် သမာဓိသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခုန ဥပေက္ခာ, ဧကဂ္ဂတာဆိုတဲ့ ချမ်းသာတွေ ဘယ်လောက် ပျံ့နှံ့နေသလဲဆိုတော့ ကာယိကသုခ, စေတသိကသုခ– ကာယိကဒုက္ခ, စေတသိကဒုက္ခတွေ မပါဘဲနဲ့ ချမ်းသာတယ်၊ ဘုန်းကြီးတို့ ပရိသတ်က သုခရှိမှ ချမ်းသာတယ်လို့ အောင့်မေ့နေကြတယ် မဟုတ်လား၊ (မှန်ပါ) အခု သုခကို မပါဘဲနဲ့ ချမ်းသာနေတဲ့ ချမ်းသာ၊ မဆန်းဘူးလား လို့-ဒီတရား၊ စတုတ္ထစျာန်မှာ သုခမပါဘဲနဲ့ ချမ်းသာတယ်၊ ဘာပြုလို့လဲ စိတ်ကလေးကလဲ တည်ငြိမ်နေတယ်၊ ပြီးတော့လဲ အညီအမျှလဲရှုတယ်၊ အညီအမျှရှုရတဲ့ ချမ်းသာက အတော်ကို ချမ်းသာနေတယ်။

အဲဒီ ချမ်းသာကို ခံစားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ–

"သေယျထာပိ ဘိက္ခဝေ ပုရိသော ဩဒါတေန ဝတ္ထေန သသီသံ ပါရုပေတွာ နိသိန္နော အဿ"။

**စောင်ဖြူကို ခေါင်းမြီးခြုံသူ ဥပမာ**

ချစ်သားတို့ .... ဥပမာအားဖြင့် လူတယောက်ဟာ စောင်အဖြူကို ခေါင်းမြီးခြုံထားလိုက်မယ် ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းမှာ စောင်အဖြူ မပျံ့နှံ့တဲ့နေရာ မရှိသလို ဒီစတုတ္ထစျာန်ချမ်းသာကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာလဲ ဖြူစင်သန့်ရှင်းသော စိတ်အစဉ်နဲ့ ခန္ဓာကိုယ်တကိုယ်လုံး အကုန်ပျံ့နှံ့ပြီးတော့ စတုတ္ထစျာန်ချမ်းသာကို ခံစားရတယ်။

ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်-ဒီစျာန်လေးပါးပြီးတော့ ဘယ်တက်သွားလဲဆိုတော့ အဘိညာဉ်ရယ်, အာသဝက္ခယရယ်- အဲဒီ နှစ်ပါးကိုတက်သွားတယ်၊ ပု-ဒိ-အာလို့ခေါ်တဲ့ ပုဗ္ဗေနိဝါသာနုဿတိ အဘိ

ညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်, အာသဝက္ခယဉာဏ်လို့ ခေါ်တဲ့ ဉာဏ်သုံးပါးကို နောက်သိတင်းကျွတ်လပြည့်မှာ ဟောကြစို့နော်၊ (မှန်ပါ) အခုစျာန်ခန်းပြီး သွားပြီဆိုကြပါစို့။

ဒီ စတုတ္ထစျာန်ရအောင် အခြေခံထားပြီးတော့မှ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်-ဒိဗ္ဗစက္ခုဉာဏ် ဆိတဲ့ အဘိညာဉ်,အာသဝက္ခဉာဏ်ဆိုတဲ့ အာသဝေါကုန်မှုအဲဒါကို သီတင်းကျွတ်လပြည့်မှာ ဟောပြီးတော့ ဒီသုတ္တန်အဆုံးသတ်ကြစို့ ဟုတ်လား၊ (မှန်ပါ)

ဤသို့ စျာန်တရားများကို ရအောင်ကြိုးစားပွားများ အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားတော်တို့၌ အာရမ္မဏူပနိဇ္ဈာနစျာန်ကိုအခြေခံ၍ လက္ခဏူပနိဇ္ဈာနစျာန်ကို ရှုနိုင်ပွားနိုင်ကြကုန်ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ချမ်းသာ တရားတော်ပြတ်ကို အသီးအသီး မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

### မဟာအဿပုရသုတ္တန်

## နဝမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ်၁၃၃၆-ခုနှစ်၊သီတင်းကျွတ်လဆန်း ၁၅-ရက်၊ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဗိမာန်တော်တွင် ဟောကြားအပ်သည့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် မဟာယမကဝဂ်၌လာသော မဟာအဿပုရသုတ္တန် နဝမပိုင်း တရားဒေသနာ။

(တရားပလ္လင်ခံစကားရပ်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

**တရားစဉ်ပြန်လည်ဟောချက် အကျဉ်းချုပ်** ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သမဏဟူသောအမည်,ဗြာဟ္မဏဟူသောအမည်ကို ခံယူကြကုန်သော ရဟန်းရှင်လူတို့အတွက် သမဏအမည်, ဗြာဟ္မဏအမည်နဲ့ဆီလျော်အောင် တာဝန်ခံချက်လဲ ပြည့်စုံအောင် လိုက်နာကျင့်သုံးဘို့ရန်အတွက် သမဏဖြစ်ကြောင်း,ဗြာဟ္မဏဖြစ်ကြောင်း တရားများကိုဟောကြားတော်မူခဲ့ရာဝယ် ဒီကနေ့ အဘိဇ္ဈာဥ်ပိုင်းနဲ့ အာသဝက္ခယဉာဏ်ပိုင်းကို ဟောပေးဘို့ အခွင့်ရောက်လာပါတယ်။

ချစ်သားတို့....သင်တို့သည် သမဏဟူသောအမည်,ဗြာဟ္မဏဟူသောအမည်ကို ခံယူကြကုန်သည်ရှိသော်-ခံယူကြခဲ့လို့ရှိယင် သမဏဖြစ်ကြောင်း တရား,ဗြာဟ္မဏဖြစ်ကြောင်းတရားများကို သင်ချစ်သားတို့ ကျင့်ကြရမယ်တဲ့။

အဲဒီတရားတွေက ဘာတွေတုံးဆိုတော့-ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးနဲ့ ပြည့်စုံရမယ်။

ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရလို့ခေါ်တဲ့ ပါတိမောက္ခသံဝရသီလနဲ့ပြည့်စုံရမယ်။

အသက်မွေးဝမ်းကျောင်း စင်ကြယ်မှုလို့ခေါ်တဲ့ အာဇီဝပါရိသုဒ္ဓိသီလနဲ့ ပြည့်စုံအောင်ကျင့်ရမယ်၊ အားထုတ်ရမယ်။

စက္ခု သောတ အစရှိသော ဣန္ဒြေကို လုံခြုံအောင် သတိဖြင့်စောင့်ရှောက်မှု ရှိရမယ်။

စားသောက်အပ်သော ဘောဇဉ်၌ အတိုင်းအရှည် ပမာဏကိုသိပြီးတော့ သုံးဆောင်စားသောက်ဖွယ်ရာတွေကို ခံယူခြင်း ရှာမှီးခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်းအတာပမာဏကို နှိုင်းချိန်ကြည့်ရှုပြီးတော့ သုံးဆောင်ခံစားရမယ်။

ဇာဂရိယာနုယောဂလို့ ခေါ်တဲ့ နိုးကြားမှုနှင့် ယှဉ်စပ်သော စိတ်ရှိ၍ နေရမယ်။

သတိတရား, ပညာတရားနဲ့ပြည့်စုံပြီးတော့ ဝိဝိတ္တသေနာသနလို့ခေါ်တဲ့ ဆိပ်ငြိမ်ရာကို ချဉ်းကပ်ပြီးသကာလ တရားနှလုံးကျင့်သုံးပြီးတော့ နီဝရဏဖြစ်တဲ့ ကာမစ္ဆန္ဒစသော တရားတွေကို ကွာအောင်ခွာဘို့အတွက် တရားအလုပ် အားထုတ်ကြရမယ်၊ အဲဒီလို တရားအလုပ်အားထုတ်လို့ နီဝရဏတွေကင်းကွာပြီးတဲ့အခါ ဘာတွေရောက်လာသလဲဆိုတော့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ခေါ်တဲ့ ဈာန်အင်္ဂါတွေ ရောက်လာတယ်။

ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ထိအောင် သဗ္ဗညုမြတ်စွာဘုရားက ပွားများပုံအားထုတ်ပုံတွေကို အစဉ်အတိုင်း ဟောကြားခဲ့တဲ့ သုတ္တန်ကြီးတခု ဖြစ်ပါတယ်၊ အဲဒီသုတ္တန်ကြီးကို ဘုန်းကြီးတို့ အစဉ်အတိုင်း ဟောပေးလာခဲ့တာ ဒီကနေ့ အာဘိညာဉ်ပိုင်း, အာသဝက္ခယဉာဏ်ပိုင်း ဖြစ်တဲ့ သုတ္တန်ရဲ့နိဂုံးပိုင်း ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

**ဈာန်အင်္ဂါငါးပါးနဲ့ ဝိတက်သုံးမျိုး**

ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးတို့ ဟောပေးခဲ့တဲ့ အာနာပါန အာရုံတခုကို မှီပြီးတော့ ထိုအာနာပါန၏ အာရုံပေါ်သို့ မိမိရဲ့စိတ်ကို တင်၍ပေးခြင်းလို့ ခေါ်တဲ့ ဝိတက်၊ အာနာပါန အာရုံကိုပင်လျှင် အရှည်အတိုစသည်ဖြင့် အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်တဲ့ ဝိစာရ၊ ထိုအာရုံကို နှစ်သက်ခြင်းဟုဆိုအပ်သော ပီတိ၊ ထိုအာရုံကို အမှီပြုပြီးတော့ ကိုယ်၏ချမ်းသာခြင်း ,စိတ်၏ချမ်းသာခြင်းဟုဆိုအပ်သော သုခ၊ ထိုအာရုံပေါ်မှာ မိမိစိတ်မလွင့်မပါမူ၍ တည်ငြိမ်နေခြင်း တည်းဟူသော ဧကဂ္ဂတာသမာဓိ။

ဤကဲ့သို့သော အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ ဈာန်အင်္ဂါကိုရအောင် ကြိုးစားလို့ပွားများအားထုတ်ပြီးတဲ့အခါ ထိုပဌမဈာန်အင်္ဂါ၌ ပါသောတရားတို့တွင် ဝိတက်နဲ့ဝိစာရတရားသည် ကြံစည်ရခြင်းသုံးသပ်ဆင်ခြင်ရခြင်းဖြင့် တရားအားထုတ်တဲ့ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အမြင်မှာ အမျိုးမျိုးသော ကြံစည်မှုဝိတက်က ကြံစည်နေတတ်တယ်၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်လို့ အဲဒီလို ဝိတက်တွေကိုလဲ ကြံမိတတ်တယ်၊ အဲဒီဝိတက်တွေနဲ့ ပတ်သက်ပြီးတော့ နေကွာမှ

ဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်လို့ဆိုတဲ့ ဝိတက်သုံးမျိုး-ပေါင်းလိုက်တော့ ကောင်းတဲ့ဝိတက်က သုံးမျိုး၊ မကောင်းတဲ့ဝိတက်က သုံးမျိုးလို့ဆိုပြီးတော့ အဲဒီလိုကြံစည်မှုတွေ ဖြစ်လာသောအားဖြင့်လဲဘဲ စျာန်ရဲ့ အန္တရာယ်တွေ ဖြစ်ပေါ်လာနိုင်တယ်လို့ဆိုပြီး ဘုန်းကြီးတို့ဒုတိယစျာန်လောက်ကျတော့ ဝိတက်နဲ့ ဝိစာရကို ပယ်ပြီးတော့ ပီတိ-နှစ်သက်မှု၊ သုခ-ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု၊ ဧကဂ္ဂတာ-အာရုံပေါ်၌ စိတ်တည်ငြိမ်မှုဆိုတဲ့ ဒီတရားသုံးပါးဘဲ ရှိတဲ့အကြောင်း ပြောခဲ့ပြီးပါပြီ။

ဒီတော့တရားအားထုတ်တဲ့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများရဲ့ စိတ်ဓာတ်အစဉ်မှာ ဒုတိယစျာန်လောက်ကို ရောက်လာတယ်ဆိုယင်ဘဲ ကာမဝိတက်ကိုကြံစည်မှု၊ ဗျာပါဒဝိတက်ကိုကြံစည်မှု၊ ဝိဟိံသာဝိတက်ကိုကြံစည်မှု-ဒီသဘောတရားတွေ ကင်းပြီးတော့နေတယ်၊ ကာမဝိတက်ကို ကြံစည်မှုကင်းနေသည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လောဘကင်းတယ်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက်တွေ ကြံစည်မှုကင်းသည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒေါသ၊ မောဟစသော တရားတွေကင်းကွာလာခဲ့တယ်။

အဲဒီ ဝိတက်ဝိစာရကွာပြီးတဲ့အခါ တတိယစျာန်ကိုတက်မယ်ကြံတော့ အဲဒီပီတိကိုဘဲ ဝိရာဂသညာပြုလုပ်ပြီးတော့ ပီတိကိုခွါ၊ ပီတိပေါ်မှာ အပြစ်မြင်အောင်ကြည့်ပြီးတော့ သုခနဲ့ဧကဂ္ဂတာအင်္ဂါနှစ်ပါးရှိတဲ့ တတိယစျာန်ကိုရောက်တယ်၊ အဲဒီတတိယစျာန်မှာ ပီတိမပါဘဲနဲ့ သုခနဲ့ ဧကဂ္ဂတာခေါ်တဲ့တရားနှစ်ပါးကိုဘဲ သုခသည် လောဘဖြစ်ခြင်းရဲ့အကြောင်းတရားဖြစ်ပါသောကြောင့် ၎င်းသုခကိုအပြစ်မြင်ပြီးခွာတော့ ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော တတြမဇ္ဈတ္တုပေက္ခာ၊ တနည်းစျာနုပေက္ခာလို့ခေါ်တဲ့ အဲဒီဥပေက္ခာဧကဂ္ဂတာ အင်္ဂါနှစ်ပါးနဲ့ တည်ငြိမ်နေတဲ့ စတုတ္ထစျာန်ကိုရောက်တယ်၊ ဒီစတုတ္ထစျာန်ကို ဝင်စားရှုမှတ်နေတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရဲ့ စိတ်အစဉ်သည် အင်မတန်ကြည်လင်နေတယ်၊ အင်မတန်သန့်ရှင်းနေတယ်၊ အင်မတန်ပျော့ပျောင်းနေတယ်၊ အင်မတန်နူးညံ့နေတယ်။

**စတုတ္ထစျာန်ချမ်းသာ** ဒီ အင်္ဂါအစိတ်အပိုင်းတွေကိုရလို့ စိတ်ဓာတ်ကြည်လင်သန့်ရှင်းလို့ စိတ်ဓာတ်သည် ကိုယ်ဆွဲဆောင်ရာကိုရောက်လို့ ကိုယ်အလိုရှိတဲ့နေရာကိုရောက်အောင် ညွှတ်နိုင် ကိုင်းနိုင် သိနိုင်တဲ့အဆင့် ရောက်တဲ့အခါကျတော့ ဘာကိုတက်အားထုတ်သလဲ- အဘိညာဉ်ပိုင်းတက်မယ်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ခေါ်တဲ့ ဉာဏ်သုံးပါးကိုတက်ဘို့အတွက် ယောဂါဝစရပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ဟာ စတုတ္ထ ဈာန်သမာဓိဖြင့် အင်မတန်စင်ကြယ်ပြီးတော့ နေတဲ့စိတ်အစဉ်ဖြစ်တော့–

"သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ စိတ္တံ အဘိနိန္နာမေတိ"။

သော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ စတုတ္ထဈာန် သမာဓိဖြင့်တည်ကြည်သည်ရှိသော်။

ဥပေက္ခာနဲ့ ဧကဂ္ဂတာကို စတုတ္ထဈာန်သမာဓိခေါ်တယ်၊ ဥပေက္ခာဆိုတာက ဘာတုံးဆိုတော့ မြင်သမျှအာရုံ, ကြားသမျှအာရုံ, နံသမျှအာရုံ, တွေ့ထိသမျှ အာရုံတွေမှာ ကောင်းတာတွေ့တွေ့ မကောင်းတာတွေ့တွေ့ သောမနဿလဲ မဖြစ် ဒေါမနဿလဲမဖြစ်၊ အညီအမျှရှုပြီးတော့နေတာခေါ်တယ်၊ ကောင်းတာ တွေလို့လဲ ဝမ်းမသာဘူး၊ မကောင်းတာတွေလို့လဲ ဝမ်းမနဲဘူး၊ ကောင်း တာကြားရလို့လဲ ဝမ်းမသာဘူး၊ မကောင်းတာကြားရလို့လဲ ဝမ်းမနဲဘူး၊ အဲဒီလို မြင်သမျှ တွေ့သမျှအာရုံတွေပေါ်မှာ အညီအမျှရှုပြီးတော့ နေတဲ့ စိတ်သည် စတုတ္ထဈာန်စိတ်တဲ့။

**စိတ်နူးညံ့တည်ကြည်လာပုံ** သော၊ ထို ဝိပဿနာရှုသော အမျိုးကောင်း သား, အမျိုးကောင်းသမီးသည်။ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်အစဉ်သည်။ သမာဟိတေ၊ စတုတ္ထဈာန်သမာဓိဖြင့် တည်ကြည် သည်ရှိသော်။ ပရိသုဒ္ဓေ၊ စင်ကြယ်သည်ရှိသော်။ (ဟော–ပရိသုဒ္ဓ၊ အဲဒါ လက်ခလေးတွေချိုးထား အားလုံးရှစ်ချက်ရှိလိမ့်မယ်) ပရိယောဒါတေ၊ ပြိုးပြိုး ပြက်ပြက် အရောင်ထွက်မတတ် ဖြစ်လာအောင် တလက်လက်ဖြူစင်ခဲ့သည်ရှိ သော်။ အနင်္ဂဏေ၊ ကာမဝိတက် အစရှိကုန်သော လောဘ ဒေါသ မောဟ တည်းဟူသော အညစ်အကြေးကင်းလတ်သော်။ (အဲဒီ စိတ်အစဉ်ကို လောဘလဲ ကပ်လို့မရဘူး၊ ဒေါသလဲကပ်လို့မရဘူး၊ မောဟလဲ ကပ်လို့မရဘူးဆိုတော့ စိတ်အစဉ်က အင်မတန်ကြည်လင်ပြီးတော့နေတယ်၊ အင်မတန်ဖြူစင်နေတယ်။)

ဝိဂတူပက္ကိလေသေ၊ စိတ်ညစ်ညူးကြောင်းဖြစ်တဲ့ အထူးထူးသောကိလေသာ တို့မှကင်း၍နေသည်ရှိသော်။ မုဒုဘူတေ၊ စိတ်နူးညံ့သိမ်မွေ့၍ နေသည်ရှိသော်။ ကမ္မနိယေ၊ ရွှေပန်းတိမ်သည်ဆရာများသည် ရွှေကိုပူးပြီးတော့ မိမိအလိုရှိရာ ပန်းခက်ပန်းရွက်စသည်တို့ကို ကိုယ်ဆွဲငင်သလိုပါအောင် အမှဲ့ခံသည်ရှိသော်။

(ရွှေပန်းတိမ်ဆရာများ အင်မတန်မာတဲ့ရွှေကို အရွက်ကလေးတွေ အပွင့်ကလေးတွေ ကြိုးကလေးတွေဖြစ်အောင် ကိုယ်လုပ်ချင်သလို လုပ်လို့ရအောင် ရွှေကို ပျော့ပျောင်း နူးညံ့ပြီးတော့နေအောင် ဒီလိုတေထားဘိသကဲ့သို့) မုဒုဘူတေ၊ အဲဒီလို တေထားတဲ့အခါ နူးညံ့သွားတော့- ကမ္မနိယေ၊ မိမိပြုလိုသည့်အမှုကိစ္စကို ပြုလုပ်ရန် သင့်လျော်လျောက်ပတ်သည်ရှိသော်။

စိတ်အစဉ်ကလေးက အင်မတန်နူးညံ့ပြီးတော့ နေသည်ဖြစ်သောကြောင့် ကိုယ်ညွှတ်လိုတဲ့ အာရုံကို သူက ဖြူးဖြူးဖြောင့်ဖြောင့်သွားတယ်။

ဌိတေ၊ တည်သည်ရှိသော်။ ဒီအာရုံပေါ်က ဘယ်မှမပြောင်းဘူး၊စိတ်က တည်ငြိမ်နေတယ်၊ အာနေဉ္ဇပ္ပတ္တေ၊ ထိုအာရုံပေါ်မှ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ပြီး တည်နေသည်ရှိသော်။ (တည်ဆိုတာ ခဏလေးတည်နေတာမဟုတ်ဘူး၊လှုပ်လို့ မရအောင် ကြံ့ကြံ့ခိုင်ပြီးတည်နေသည်ရှိသော်။ ၇-ချက်။)

**ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဖြစ်ပုံ**

ပရိသုဒ္ဓေ၊ ပရိယောဒါတေ၊ အနင်္ဂဏေ၊ ဝိဂတူပက္ကိလေသေ၊ မုဒုဘူတေ၊ ကမ္မနိယေ၊ ဌိတေ၊ အာနေဉ္ဇပ္ပတ္တေ၊ ကြံ့ကြံ့ခိုင်ပြီး စိတ်တည်ငြိမ်နေသည်ရှိသော်။ ဘယ်ညွှတ်လိုက်တုံး-ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ၊ ရှေးဘဝကနေခဲ့ဘူးသော ခန္ဓာအစဉ်တွေကို သိခြင်းဟုဆိုအပ်သော ပုဗ္ဗေနိဝါသဉာဏ်အကျိုးငှာ။ စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေဘိ၊ ရှေးရှုညွှတ်လိုက်၏။

ဒီဘဝကနေပြီးတော့ နောက်ဘဝက ဘာတွေဖြစ်ခဲ့ပါသလဲလို့ ပြန်ပြီးတော့ ကြည့်တယ်၊ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဆိုတာ ရှေးဘဝက နေဘူးတဲ့ ခန္ဓာအစဉ်တွေကို အမည် အမျိုးအနွယ်နှင့်တကွ သိနိုင်တဲ့ဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်လို့ ဒီလိုခေါ်တယ်၊ အဲဒီလို ဒီဘဝကပြန်ပြီးတော့ နောက်ဘဝအစဉ်တွေကို ကြည့်လိုက်တော့ ဘယ်လောက်ကြည့်သလဲ-

"ဧကံပိ ဇာတိံ ဒွေပိ ဇာတိယော တိဿောပိ ဇာတိယော စတဿောပိ ဇာတိယော ပဉ္စပိ ဇာတိယော ဒသပိ ဇာတိယော ဝီသံပိ ဇာတိယော တိံသံပိ ဇာတိယော စတ္တာလီသံပိ ဇာတိယော ပညာသံပိ ဇာတိယော ဇာတိသတံပိ ဇာတိသဟဿံပိ ဇာတိသတသဟဿံပိ အနေကေပိ သံဝဋ္ဋကပ္ပေ အနေကေပိ ဝိဝဋ္ဋကပ္ပေ အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ "အမုတြာသိံ ဧဝံနာမော ဧဝံဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံသုခဒုက္ခပဋိသံဝေဒီ ဧဝမာယုပရိယန္တော၊

သော တတော စုတော အမုတြ ဥဒပါဒိံ၊ တတြာပါသိံ ဧဝံနာမော ဧဝံဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ ဧဝမာယုပရိယန္တော၊ သော တတောစုတော ဣဓူပပန္နော”တိ။

ဒါ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ အဲဒီဉာဏ်မှာ အင်္ဂါခြောက်ချက်ပြတယ်၊ ဘယ်လောက်ဘဝတွေ ပြန်ကြည့်သလဲလို့ ဆိုတော့–

ဧကမ္ပိဇာတိံ၊ တခုသောဘဝကိုရင်း။ဒွေပိဇာတိယော၊ နှစ်ခုသောဘဝတို့ကိုရင်း။ တိဿောပိ ဇာတိယော၊သုံးခုသောဘဝတို့ကိုရင်း။စတဿောပိဇာတိယော၊ လေးခုသောဘဝတို့ကိုရင်း။ ပဉ္စပိ ဇာတိယော၊ ငါးခုသောဘဝတို့ကိုရင်း။ ဒသပိဇာတိယော၊ဆယ်ဘဝတို့ကိုရင်း။ဝီသံပိဇာတိယော၊ဘဝနှစ်ဆယ်တို့ကိုရင်း။ တိံသံပိ ဇာတိယော၊ ဘဝသုံးဆယ်တို့ကိုရင်း။ စတ္တာလီသံပိဇာတိယော၊ ဘဝလေးဆယ်တို့ကိုရင်း။ ပညာသံပိဇာတိယော၊ ဘဝပေါင်းငါးဆယ်တို့ကိုရင်း။ ဇာတိသတံပိ၊ ဘဝပေါင်းဟရာကိုရင်း။ဇာတိသဟဿံပိ၊ ဘဝပေါင်းတထောင်ကိုရင်း။ ဇာတိသတသဟဿံပိ၊ ဘဝပေါင်း တသိန်းကိုရင်း။ အနေကေပိ သံဝဋ္ဋကပ္ပေ၊ တပါးမကများလှစွာကုန်သော သံဝဋ္ဋကပ်တို့ကိုရင်း။ အနေကေပိ ဝိဝဋ္ဋကပ္ပေ၊ တပါးမကများလှစွာကုန်သော ဝိဝဋ္ဋကပ်တို့ကိုရင်း။ အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ၊ တပါးမကများလှစွာကုန်သော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကိုရင်း။ “အမုတြ၊ ထိုဘဝ၌။ အဟံ၊ ငါသည်။ ဧဝံနာမော၊ ဤသို့သောအမည်ရှိသည်။ ဧဝံဂေါတ္တော၊ ဤသို့သောအနွယ်ရှိသည်။ ဧဝံဝဏ္ဏော၊ ဤသို့သောအဆင်းရှိသည်။ ဧဝမာဟာရော၊ ဤသို့သောအစာရှိသည်။ ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ၊ ဤသို့သော ချမ်းသာ ဤသို့သော ဆင်းရဲ တွေ့ကိုခံစားခဲ့သည်။ ဧဝမာယုပရိယန္တော၊ ဤသို့သောအသက်အပိုင်းအခြားရှိသည်။ အာသိံ၊ ဖြစ်ခဲ့ဘူးလေပြီ။

**သံဝဋ္ဋကပ်ပတ်လုံးအမည် အနွယ်စသည်သိခြင်း**

ဘဝတွေကိုပြန်ကြည့်၊ တဘဝ နှစ်ဘဝ သုံးဘဝ လေးဘဝ ဘဝတထောင် ခုနကပြောခဲ့တဲ့ ဘဝတွေကို အကုန်ပြန်ကြည့်တယ်၊ ပြန်ကြည့်လိုက်တော့ ဘယ်ဘဝတုန်းက နာမည်ကဘယ်သူလဲ–အကုန်ပြန်ကြည့်တယ်၊ အခု မင်းတို့လဲဘဲ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကြီးရယင် ဒီဘဝပြန်ကြည့်ယင်တော့ ဟိုတုန်းက နာမယ်ကဘယ်သူလဲ– ထွန်းကျော်တဲ့၊ မင်းတို့လဲသိမယ်မဟုတ်လား၊ (မှန်ပါ) အနွယ်ကဘယ်လူမျိုးလဲ၊ လူမျိုးကလဲအသီးအသီးရှိတယ်မဟုတ်လား၊ (ရှိပါတယ်

၁။ သီလက္ခန်ပါဠိတော်၊ နှာ-၇၆-၇၇။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၂၆-စသည်လည်းရှု။

ဘုရား) အဲဒီအမျိုးအနွယ်ထဲမှာ ဘယ်အမျိုးအနွယ်မှာ ဖြစ်ခဲ့တယ်၊မင်းမျိုး ပုဏ္ဏားမျိုး သူဌေးမျိုး သူကြွယ်မျိုး ဟုတ်လား–(မှန်ပါ) ပြီးတော့လဲခုခေတ်မှာရှိနေတဲ့လူမျိုး အသီးအသီးတွေထဲက ဘယ်လူမျိုးဖြစ်ခဲ့တယ်ဆိုတာ ဒါလဲ ပြန်သိတယ်၊ ဧဝံဝဏ္ဏော၊ ဤသို့သောအဆင်းရှိသည်။ အသားမဲတဲ့လူ အသားဖြူတဲ့လူ အဆင်းလှတဲ့လူ–အဆင်းမလှတဲ့လူ ဒါတွေဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြီးတော့ သိတယ်။

**အဆင်းသဏ္ဌာန်အစားအစာ စသည်ကိုသိခြင်း** ဧဝမာဟာရော၊ ဘယ်လိုအစာမျိုးတွေစားခဲ့ရတယ်ဆိုတာ ဒါလဲပြန်ပြီးတော့သိတယ်၊ ဧဝံ–သုခဒုက္ခ ပဋိသံဝေဒီ၊ ဘယ်ဘဝတုန်းက ဘယ်လောက်တောင်ဆင်းရဲခဲ့တယ်၊ ဘယ်လောက်တောင်ချမ်းသာခဲ့တယ်၊ ဆင်းရဲဘယ်လောက်ခံစားခဲ့ရတယ်၊ ချမ်းသာဘယ်လောက်ခံစားခဲ့ရတယ် ဆိုတာကိုလဲ ပြန်သိတယ်၊ဧဝမာယုပရိယန္တော၊ အသက်ဘယ်လောက်နေခဲ့ရတယ်ဆိုတာ–ဒါလဲ ပြန်သိတယ်၊အားလုံးပေါင်းလိုက်တော့ ဘယ်နှစ်ချက်လဲကွဲ၊ (ခြောက်ချက်ပါဘုရား) အဲဒီခြောက်ချက်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နဲ့ ပတ်သက်တဲ့အသိဉာဏ်ထူး ခြောက်ချက်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နဲ့ သိတယ်ဆိုတာ နောက်ဘဝတွေကို ပြန်မြင်ရုံတင်မဟုတ်ဘူး၊အဲဒီလို အချက်ပေါင်းခြောက်ချက်နဲ့ ပြန်ပြီးတော့မြင်တယ်၊ အဲဒီဘဝက ပြောင်းပြီးတော့ ဒီနာမယ်နဲ့ ဒီအမျိုးအနွယ်နဲ့၊ဒီအမျိုးအနွယ်က ပြောင်းပြီးတော့ ဟိုဘဝ၊ဒီဘဝက ပြောင်းပြန်တော့ ဟောဒီဘဝကျတော့ နာမယ်ကဘယ်လိုခေါ်တယ်၊ အနွယ်ကဘယ်လိုနဲ့ ပြောင်းသွားတယ်မဟုတ်လား၊ (ပြောင်းသွားပါတယ်ဘုရား) နာမယ်လဲပြောင်း အမျိုးအနွယ်လဲ ပြောင်း အဆင်းအရောင်လဲပြောင်း အစာအာဟာရလဲပြောင်း–ဟုတ်လား၊ တဦးနဲ့တဦး အစာအာဟာရခြင်းမတူဘူး မဟုတ်လားလို့၊(မတူပါဘုရား) မြတ်စွာဘုရား အလောင်းတော်ကြီး လူ့ဘဝကျတော့ ဘာတွေစားရသလဲ–ထမင်းစားရတယ်၊ တောသမင်တို့ ဘာတို့ဖြစ်တဲ့ဘဝကျတော့ ဘာစားပြန်သလဲ၊ (မြက်စားပါတယ်ဘုရား)

သံသရာထဲ ကျင်လည်နေတယ်ဆိုတာ အဲဒီလို အစာအာဟာရအမျိုးမျိုး၊ မင်းတို့မစားဘူးတဲ့ အစာအာဟာရများ ရှိသလား–ထွန်းကျော်၊ (မရှိပါဘူးဘုရား) ဘဝတွေကျင်လည်လာတဲ့အခါမှာ အကုန်စားလာခဲ့ရတာ၊ မင်းတို့ မစားဘူးတဲ့အစာ ဘာမှမရှိဘူး။

ဝေမာယုပရိယန္တော၊အသက်အပိုင်းအခြားက ဟိုပဌမဘဝတုန်းက အသက်တရာနေခဲ့ရပေမဲ့ ဒီဘဝကျတော့ အသက်ခြောက်ဆယ် နေချင်နေရမယ်၊ ရှစ်ဆယ် နေချင်နေရမယ်– ဟုတ်လား၊ (မှန်ပါ) ဟိုဘဝတွေတုန်းက အသက်တန်းတွေ မြောက်မြားစွာနေတဲ့ ဘဝတွေမှာ အသက်တန်းရှေရှေ နေခဲ့ရပေမဲ့ ဒီဘဝကျတော့ အသက်တန်းတိုချင်တိုပြန်တယ်ကွဲ့–ဟုတ်လား၊ (မှန်ပါ) အဲလူဖြစ်ခဲ့တယ်၊ နတ်ဖြစ်ခဲ့တယ်၊ ဗြဟ္မာဖြစ်ခဲ့တယ်၊ တိရစ္ဆာန် သတ္တဝါတွေဖြစ်ခဲ့တယ်၊ ဗြဟ္မာ့ဘဝက နေပြီးတော့ လူ့ဘဝ, နတ်ဘဝ၊ နတ်ဘဝကနေပြီးတော့ နတ်လဲအမျိုးမျိုး မဟုတ်လား၊ (မှန်ပါ) လူ့ဘဝမှာလဲ လူအမျိုးမျိုး၊ လူ့ဘဝကနေပြီး တိရစ္ဆာန် ပြိတ္တာ ငရဲ အသူရကာယ် စသည်ဖြင့် သုခ ဒုက္ခတွေ ခံစားရပုံတွေကို ပြန်ကြည့်တယ်။

**ဘဝများစွာက ချမ်းသာဆင်းရဲကိုသိခြင်း**

ဝေံ သုခ ဒုက္ခပဋိသံဝေဒီ–လို့ဆိုတဲ့ အပိုဒ်ကလေး တခု ကယ်ပေလို့ကွယ်၊ နို့မဟုတ်ယင် အဲဒီ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်များဟာ လူသေလူဖြစ်ထဲ ကျနေမှာ ဟုတ်လား၊ (မှန်ပါ) စဉ်စားကြည့်မယ်ဆိုယင် သူ့ဉစ္စာက ဒီဘဝကနာမယ်ဘယ်သူတဲ့၊ အနွယ်ကဘယ်လိုတဲ့ဆိုဘော့ တဘဝပြန်ကြည့်လဲ နာမယ်ဘယ်သူဘဲ၊နာမယ်ဟာ ပေါ်လာတယ်မဟုတ်လား၊ (မှန်ပါ) နှစ်ဘဝ ကြည့်ကော၊ (ပေါ်လာပါတယ်ဘုရား) သုံးဘဝ လေးဘဝ ငါးဘဝ ဘယ်လောက်ဘဲကြည့်ကြည့် လာခဲ့တဲ့ဘဝတွေ ပြန်ကြည့်မယ်ဆိုယင် နာမည်က ဘယ်သူတဲ့, ဘာတဲ့ ဒီလိုဟာတွေ အကုန်ပြန်မြင်တယ်၊ သို့သော်လဲ ဝေံသုခဒုက္ခပဋိသံဝေဒီ–လို့ဆိုတဲ့ အပိုင်း ရောက်လာတဲ့အခါကျတော့ နတ်တွေကျတော့ သုခပဋိသံဝေဒီတွေ မဟုတ်လားလို့၊ (မှန်ပါ) ဒုက္ခပဋိသံဝေဒီက သူတို့မှာ နဲနဲရယ်၊ ဗြဟ္မာတွေကျတော့ သုခပဋိသံဝေဒီတွေက အတော်များတယ်၊ သုခ–ပဋိသံဝေဒီတွေချည်းဘဲ၊ ဒုက္ခပဋိသံဝေဒီက မြင်ကိုမမြင်ရဘူး၊ ဒုက္ခပဋိသံဝေဒီ ရှိတော့ရှိတယ်၊ ဒါပေမဲ့ ဗြဟ္မာများကျတော့ မမြင်ရဘူးကွဲ့ ဟုတ်လား၊ (မှန်ပါ) ဘာပြုလို့လဲ ဆိုတော့ ပီတိနဲ့သုခနဲ့ချည်း သူတို့ကနေကြတာကိုကွဲ့ ဟုတ်လား၊ (မှန်ပါ)

အဲဒီကနေပြီးတော့ နတ်ပြေရောက်လာတယ်ဆိုယင်ဘဲ သုခပဋိသံဝေဒီကများပြီးတော့ ဒုက္ခပဋိသံဝေဒီ သူက နဲလာတယ်၊ တခါ နတ်ပြေကနေပြီး လူ့ပြေပြန်ရောက်လာတယ်လို့ဆိုတော့ သုခနဲ့ဒုက္ခ, ဘယ်သူကများတုံးကွဲ၊ (သုခကများပါတယ်ဘုရား) တိုတိုဘဲပြောပေါ့ကွယ်၊ ညီညီမျှမျှရှိတယ်ဆိုကြပါစို့၊ လူ့ပြေကျတော့–ဟုတ်လား၊ ( ပျော်တဲ့အခါပျော်လိုက်၊ စိတ်ဆင်းရဲတဲ့အခါ စိတ်ဆင်းရဲ

လိုက်၊ဒါ သုခဒုက္ခညီမျှနေတယ် ထားအုံးတော့၊(မှန်ပါ) တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ငရဲကျတော့ သုခပဋိသံဝေဒီနဲ့ ဒုက္ခပဋိသံဝေဒီ ဘယ်သူက များတုံး၊(ဒုက္ခကများပါတယ်ဘုရား) အဲဒီကျတော့ ဒုက္ခကများတာချည့်ဘဲ၊ သုခဆိုတာ ရှိကိုမရှိဘူး။

အဲဒီလိုဆင်းရဲဒုက္ခတွေကို ခံစားခဲ့ရပုံတွေကို တရားအားထုတ်တဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရတဲ့ ပိုင်ရှင်က အကုန်လုံးပြန်ပြီးတော့ မြင်တယ်-နော်၊ (မှန်ပါ) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ အဲဒီပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ဒီကနေ့ ဟောနိုင်ဘို့ရန်အတွက် ဒီဉာဏ်လောက်ကို ရောက်ဘို့အတွက် ဘုန်းကြီးတို့ဟောလာခဲ့တာ ဟိရိ၊ ဩတ္တပ္ပက စခဲ့ရတာမဟုတ်လား၊ (မှန်ပါဘုရား) အခုမှ ဟောနေရတာ လွယ်လွယ်တော့ မထင်နဲ့၊နောက်ကဟောလာခဲ့တာ အများကြီး-နော်၊(မှန်ပါ)

ဝေဒနာ ဒုက္ခပဋိသံဝေဒီ– အဲဒီလိုခံစားပြီးတဲ့ ဘဝပြီးတော့ နောက်ဘဝ ပြောင်းပြန်ရော–ဟုတ်လား၊ (မှန်ပါ) နောက်ဘဝပြောင်းပြန်တော့ ဘာတွေ မြင်ပြန်တုံး၊ ခုန ဝေဒနာမောဝေဒနေ ါတ္တော ဝေဝဏ္ဏော ဝေမာဟာရော ဝေသုခဒုက္ခ ပဋိသံဝေဒီ ဝေမာယုပရိယန္တော- ဒီအတိုင်းဘဲ ခြောက်ခု ပြန်မြင်တယ်- ဟုတ်လား၊ (မှန်ပါ)

သော တတော စုတော ဣဓူပပန္နောတိ။ ။သော၊ ထိုသူသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေခဲ့သည်ဖြစ်၍။ ဣဓ၊ ဤယခု မျက်မှောက်ရောက်နေတဲ့ ပစ္စုပ္ပန်လောက၌။ ဥပပန္နော၊ လာ၍ဖြစ်၏။

အဲဒီလိုပြန်ကြည့်လာခဲ့တယ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တွေ ခေါက်တုံ့ခေါက်ပြန် ကြည့်လာတယ်၊ အဲဒီဉာဏ်အစဉ်မှာ ကြည့်လိုက်တော့ အာသဝက္ခယဉာဏ်ဘက်ကို သွားမယ်. ပုဗ္ဗေနိဝါသာနုဿတိဉာဏ်က ဘာတွေတွေ့လာခဲ့သလဲ ဆိုတော့ သတ္တဝါတွေ အသင်္ချေအနန္တ ဘယ်လောက်ဘဲများများ-ကမ္ဘာကြီး ပေါင်း ဘယ်လောက်ဘဲ ကြေကြေ-ခြောက်မျိုးသော အချင်းအရာတွေနဲ့ ဘယ်လောက်ဘဲ ပြောင်းပြောင်း ရုပ်တရားနဲ့ နာမ်တရား၊ ရုပ်တရားနဲ့ နာမ်တရား၊ ဒါဘဲပြောင်းလာတာဘဲ မဟုတ်လားလို့၊ (မှန်ပါ) အေး-ရုပ်တရားတွေ နာမ်တရားတွေချည့်ထဲ ပြောင်းလာတယ်။

**ရုပ်နာမ်များပြားသော်လဲ ခန္ဓာတခုတည်းသာ**

ဒါဖြင့် ဒီရုပ်တရားနာမ်တရားတွေ ဖြစ်ပြီးတိုင်း ဖြစ်ပြီးတိုင်း တဘဝပြီးရင်း တဘဝ ပျက်စီးရင်း၊ တဘဝပြီးရင်းတဘဝပျက်စီးရင်း၊ တဘဝဖြစ်လာရင်းတဘဝပျက်စီးရင်း၊ ဒီလိုချည့် သွားတာမဟုတ်လား၊ အဲဒီလို ဝိပဿနာ

အားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဖြူဖြူစင်စင် စင်ကြယ်သန့်ရှင်းပြီးလာတော့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နဲ့ သိလိုက်တဲ့အခါ ရှေးဘဝက နေဘူးခဲ့တာဟာ သတ္တဝါတွေလား, ခန္ဓာတွေလားဆိုတော့၊ (ခန္ဓာတွေပါဘုရား) ဘယ်လောက် ဘဲဘဝတွေများများ ခန္ဓာဘဲနေ၁်၊(မှန်ပါ) နတ်တွေကကော၊ (ခန္ဓာပါဘုရား) ဗြဟ္မာတွေလဲခန္ဓာဘဲ၊ တိရစ္ဆာန်တွေလဲခန္ဓာဘဲ၊ လူတွေကော- (ခန္ဓာပါဘုရား)

အေး-သတ္တဝါမှန်သမျှ ခန္ဓာတွေချည့်ထဲဘဲဆိုတော့ ကမ္ဘာတွေ ဘယ် လောက်ဘဲများများ လူဦးရေတွေ သတ္တဝါဦးရေတွေ ဘယ်လောက်ဘဲမရေတွက် နိုင်အောင် များများ ပရမတ္ထသစ္စာဒေသနာတော်နဲ့ ကြည့်လိုက်တော့ ခန္ဓာ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ခန္ဓာ ငါးပါးအပြင်ရှိသေးလား၊ (မရှိပါဘုရား) အဲဒီလို ဖြစ်ခြင်းပျက်ခြင်း- ခုနက နာမယ်တွေ အမျိုးမျိုးတပ်နေတာကတော့ သမုတိသစ္စာ၊ ဒေသနာတော်မှာ နာ မယ်ကဘယ်သူတဲ့၊ အမျိုးအနွယ်ကဘယ်လိုတဲ့ဆိုတဲ့ ဒါတွေ ရှောက်တပ်နေတာက တော့ သမုတိသစ္စာ၊ ဒီခန္ဓာတွေပေါ်မှာ မှည့်ထားတာ၊ဒီတော့ လောကကြီးထဲ မှာ မေးခွန်းလေးတခုရှိတယ်ကွဲ။

လူတွေလဲ နိဗ္ဗာန်ရောက်ရောက်နေတယ်လို့ပြောတယ်၊ အဲဒီနိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်တွေ ပြန်လဲမလာတော့ဘူးလို့ပြောတယ်၊အခုလူဦးရေတွေကလဲများလှချည့် လား၊ဘယ်ကရောက်လာကြတာလဲ-ဟုတ်လား (မှန်ပါ)အဲဒါ နိဗ္ဗာန်ချမ်းသာကို မယုံတဲ့လူတွေပြောတာ၊သူတို့က လူတွေနိဗ္ဗာန်ရောက်တယ် ထင်နေကြတာကိုးကွဲ- ဟုတ်လား၊ (မှန်ပါ) ခန္ဓာကွဲ ဟုတ်လား၊(မှန်ပါ) ခန္ဓာတခုပြောတာ၊ခန္ဓာက များများရှိတာမဟုတ်ဘူး၊ ငါးခုထဲရှိတာ၊ အခု ဒီမှာ တရားနာနေတဲ့ပရိသတ် တွေ အများကြီးမဟုတ်လား၊ (အများကြီးပါဘုရား) အေး-ဘယ်လောက်ဘဲ များများ ဒီပရိသတ်တွေထဲ တွက်ကြည့်ယင်၊ ဘာသာရှိမလဲ၊ (ခန္ဓာငါးပါးဘဲ ရှိပါတယ်ဘုရား)

အဲဒီလိုဘဲ ပုဗ္ဗေနိဂါသာနုဿတိနဲ့ မြင်လာတဲ့အခါမှာလဲ အခုနက-

"ဣတိ သာကာရံ သဥဒ္ဒေသံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ"။

ဣတိ၊ ဤသို့။ သာကာရံ၊ အမည်ဟုဆိုအပ်သော အချင်းအရာနှင့် တကွ သော။ သဥဒ္ဒေသံ၊ အမျိုးအနွယ်ဟုဆိုအပ်သော ညွှန်ကြားချက်နှင့်တကွ ဖြစ် သော။ အနေကဝိဟိတံ၊ တပါးမက များလှစွာသော။ ပုဗ္ဗေနိဝါသံ ရှေးဘဝက ဖြစ်ခဲ့ဘူးသည့် ခန္ဓာ အစဉ်ကို။ အနုဿရဘ်၊ အောက်မေ့ ဆင်ခြင်နိုင်၏။

ဖြစ်ခဲ့ဘူးသည့်ခန္ဓာအစဉ်ကို ဆင်ခြင်ပုံ ဥပမာ

ဆင်ခြင်နိုင်ပုံကလေးကို ·မြတ်စွာဘုရားကိုယ်တော်မြတ်က ပါဠိတော် ဘယ့်နှယ်ပြသလဲလို့ ဆိုတော့- ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ခန်းမှာ ဘယ်လိုသိသလဲ ဆိုတော့-ဥပမာပြတယ်။

"သေယျထာပိ မဟာရာဇ ပုရိသော သကမှာ ဂါမာ အညံ ဂါမံ ဂစ္ဆေယျ၊ တမှာပိ ဂါမာ အညံ ဂါမံ ဂစ္ဆေယျ၊ သော တမှာ ဂါမာ သကံယေဝ ဂါမံ ပစ္စာဂစ္ဆေယျ"၁။

မဟာရာဇ၊ မင်းကြီး။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရာကား။ ပုရိသော၊ အမျိုးကောင်းသားသည်။ သကမှာဂါမာ၊ မိမိနေရာဖြစ်သော ရွာမှ။ အညံ ဂါမံ၊ ဒုတိယရွာတပါးသို့။ ဂစ္ဆေယျ၊ သွားရာ၏။ (ကိုယ်နေတဲ့ရွာကနေပြီး တရွာသွားတယ်) တမှာပိဂါမာ၊ ထို ဒုတိယရွာမှလည်း။ အညံ ဂါမံ၊ တပါးသော တတိယရွာသို့။ ဂစ္ဆေယျ၊ သွားရာ၏။ (ဒုတိယရွာကနေ တတိယရွာသွားတယ်) သော၊ ထိုသူသည်။ တမှာ ဂါမာ၊ ထိုတတိယရောက်တဲ့ရွာမှ။ သကံယေဝ ဂါမံ၊ မိမိနေရာဖြစ်တဲ့ ရွာသို့သာလျှင်။ ပစ္စာ-ဂစ္ဆေယျ၊ တဖန်ပြန် ရောက်လာရာ၏။

ကိုယ်နေတဲ့ရွာကနေ ဒုတိယဖြစ်တဲ့ ရွာတခုသွား၊ ဒုတိယရွာကနေပြီးတော့ ဘယ်သွားတုံး၊ (တတိယရွာသွားပါတယ်ဘုရား) တတိယရွာကနေပြီးတော့ ကိုယ်နေတဲ့ရွာ ကိုယ်ပြန်လာခဲ့၊ (မှန်ပါ) ဆိုပါတော့-တဲ့ ဥပမာ။

တဿ ဧဝမဿ-အဲဒီပုဂ္ဂိုလ်ဟာ အသိဉာဏ်မပေါ်ဘူးလားလို့၊ (ပေါ်ပါတယ်ဘုရား) တဿ၊ ထိုပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့သောစိတ်အကြံသည်။ အဿ၊ ဖြစ်ရာ၏။ ဘယ်လိုဖြစ်တုံး–,

"အဟံ ခေါ သကမှာ ဂါမာ အမုံ ဂါမံ အဂစ္ဆိံ၊ တတြ ဧဝံ အဋ္ဌာသိံ၊ ဧဝံနိသီဒိံ၊ ဧဝံအဘာသိံ၊ ဧဝံတုဏှီ အဟောသိံ၊ တမှာပိ ဂါမာ၊အမုံဂါမံ အဂစ္ဆိံ၊ တတြာပိ ဧဝံအဋ္ဌာသိံ၊ ဧဝံနိသီဒိံ၊ ဧဝံအဘာသိံ၊ ဧဝံတုဏှီ အဟောသိံ၊ သောမှိ တမှာ ဂါမာ သကံယေဝ ဂါမံ ပစ္စာဂတော"တိ၂။

သော၊ ထိုသူသည်။ အဟံ၊ ငါသည်။ သကမှာ ဂါမာ၊ မိမိရွာမှ။ အမုံဂါမံ၊ ဤအမည်ရှိသောရွာသို့။ အဂစ္ဆိံ၊ သွားခဲ့ဘူးပြီ။ (ငါဒီပြင်တရွာသွားရတယ်ဆိုတာ သူသိတယ်၊အဲဒီရွာမှာ-တတြ၊ ထိုရွာ၌။ ဧဝံအဋ္ဌာသိံ၊ ဤသို့မတ်တတ်

၁-၂။ သီလက္ခန်ပါဠိတော်၊ နှာ-၇၇။

ရပ်ခဲ့ဘူးပြီ။ ဝေနိသိန္နံ၊ ဤသို့ထိုင်ခဲ့ဘူးပြီ။ ဝေံအဘာသိံ၊ ဤသို့စကားပြောခဲ့ဘူးပြီ။ ဝေံ၊ ဤသို့။ တုဏှိံ၊ ဆိတ်ဆိတ်။ အဟောသိံ၊ နေခဲ့ဘူးပြီ။ အဲဒီဒုတိယရွာကျတော့ ငါက ဘယ်လိုမတ်တတ်ရပ်တယ်၊ ဘယ်လိုထိုင်တယ်၊ ဘယ်လိုလျှောက်တယ်၊ ဘယ်လိုစကားပြောတယ်၊ ဘယ်လိုဆိတ်ဆိတ်နေခဲ့တယ်ဆိုတာ သူ မသိဘူးလား၊ (သိပါတယ်ဘုရား) ဒီရွာကနေပြီးတော့ နောက်တခါ တတိယရွာပြောင်းသွားပြန်တော့လဲ အဲဒီတတိယရွာမှာ ဘယ်လိုနေခဲ့တယ်၊ ဘယ်လိုထိုင်ခဲ့တယ်၊ ဝေံအဋ္ဌာသိံ ဝေံနိသီဒိံ ဝေံအဘာသိံ ဝေံတုဏှိအဟောသိံ-အဲဒီရွာမှာ ရပ်ခဲ့ပုံ ထိုင်ခဲ့ပုံ ပြောခဲ့ဆိုခဲ့ပုံ ဆိတ်ဆိတ်နေခဲ့ပုံတွေကို သူမသိဘူးလား၊ (သိပါတယ်ဘုရား)

သိပြီးတဲ့နောက် ကိုယ့်ရွာ ကိုယ်ပြန်ရောက်လာတဲ့အခါကျတော့ သူကပြန်ပြီးတော့ ဆင်ခြင်တယ်၊ ငါဘယ်ရွာကနေပြီးတော့ ဘယ်ရွာကိုသွားတယ်၊ အဲဒီရွာကျတော့ ငါဘယ်လိုမတ်တတ်ရပ်တယ်၊ ဘယ်လိုထိုင်တယ်၊ ဘယ်လိုနေတယ်၊ ဘယ်လိုစားတယ် သောက်တယ်၊ ဘယ်လိုပြောတယ်ဆိုတယ်၊ ဘယ်လိုဆိတ်ဆိတ်နေတယ်ဆိုတာ သူ အကုန်ပြန်သိတယ်၊ အဲဒီသိသလိုဘဲတဲ့-

**သတ္တဝါတို့၏စုတိနှင့် ပဋိသန္ဓေကိုသိခြင်း** ဒါ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ပိုင်း ပြီးရောကွဲ့-ဟုတ်လား၊ (မှန်ပါ) ပြောမယ်ဆိုယင်တော့ အဲဒီပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကြီးက ခပ်ကျယ်ကျယ်ပြောရမယ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ အဲဒါကို အစအကွာရာတလုံးကို ယူပြီးတော့ ရှေးပညာရှိကြီးများက ပု-လို့ရေးတယ်- ဟုတ်လား၊ (မှန်ပါ) အဲဒီဉာဏ်နဲ့ပြည့်စုံပြီးတဲ့အခါ သူဘာလုပ်ပြန်သလဲ။

"သော ဝေံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ သတ္တာနံ စုတူပပါတဉာဏာယ စိတ္တံ အဘိနိန္နာမေတိ"။

အခုနင်က ပြောသလိုဘဲ စိတ်ဟာစင်ကြယ်သန့်ရှင်းပြီးတော့-အင်္ဂါရှစ်ချက်နေ့- ခုနပြတာ၊ (မှန်ပါ) ပရိသုဒ္ဓေ, ပရိယောဒါတေ, အနင်္ဂဏေ, ဝိဂတူပက္ကိလေသေ, မုဒုဘူတေ, ကမ္မနိယေ, ဌိတေ, အာနေဉ္ဇပ္ပတ္တေ-ဘယ်နှစ်ချက်တုံး၊ (ရှစ်ချက်ပါဘုရား) အဲဒီရှစ်ချက်ရဲ့ စိတ်ဓာတ်အစဉ်စင်ကြယ်ပြီးတော့ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ညွှတ်ပြီးတော့ ဘာကိုသူကြည့်ပြန်တုံးဆိုတော့-

သတ္တာနံ၊ သတ္တဝါတို့၏။ စုတူပပါတဉာဏာယ၊ စုတိနဲ့ပဋိသန္ဓေကို သိတဲ့ဉာဏ်အကျိုးငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေတိ၊ ရှေးရှုညွှတ်စေ၏။

သတ္တဝါတို့ဟာ ဘယ်အချိန်သေမလဲ၊ သေပြီးတော့ ဘယ်မှာသွားဖြစ်မလဲ လို့ ကြည့်တယ်၊ ဒါ-စုတူပပါတဉာဏ်တဲ့-ဟုတ်လား၊ (မှန်ပါ) ဘာနဲ့ကြည့်ရ သလဲလို့ဆိုတော့–

"သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ၊ ယထာကမ္မူပဂေ သတ္တေ ပဇာနာတိ"။

သော၊ ထိုစုတူပပါတဉာဏ်ရသောပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓေန၊ အထူးစင်ကြယ် လှစွာသော။ အတိက္ကန္တမာနုသကေန၊ လူတို့၏မျက်စိအမြင်ကိုလွန်၍မြင်နိုင်သော။ ဒီ-စုတူပပါတဉာဏ်နဲ့ ဒိဗ္ဗစက္ခုဉာဏ်ဆိုတာ အတူတူဘဲကွဲ ဟုတ်လား၊ (မှန်ပါ) ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ စဝမာနေ၊ စုတိဆဲ (သေခါနီး) ဖြစ်ကုန်သော။ ဥပပဇ္ဇမာနေ၊ ဒီဘဝကစုတိပြီးတော့ ဟိုဘဝမှာသွားပြီး ပဋိ သန္ဓေနေစ ဖြစ်ကြကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ ဟီနေ၊ ယုတ်ညံ့ကုန်သော။ ပဏီတေ၊ မွန်မြတ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အရုပ်ဆိုးကုန် သော။ သုဂတေ၊ ကောင်းသောဘဝသို့လားကုန်သော။ ဒုဂ္ဂတေ၊ မကောင်း သောဘဝသို့လားကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်ရ၏။ ယထာကမ္မူပဂေ၊ ကံအားလျော်စွာလားကြကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာတိ၊ သိ၏။

သတ္တဝါတွေဟာ အသက်တိုတယ်၊ အသက်ရှေတယ်၊ အချို့တွေအသက် တိုတယ်၊ အချို့အသက်ရှေတယ်၊ အဲဒါ ယထာကမ္မူပဂတဲ့ကွဲ့၊ ကံအားလျော် စွာ သူတို့လားကြတယ်၊ ဟီနေ ပဏီတေ၊ အချို့ပုဂ္ဂိုလ်တွေက အောက်တန်း နောက်တန်းကျတယ်၊ အချို့ပုဂ္ဂိုလ်တွေ အထက်တန်းကျတယ်၊ လူချင်းအတူတူ အချို့ပုဂ္ဂိုလ်တွေဟာ ပညာလဲသင်လို့မတတ်၊ အောက်တန်းနောက်တန်းလဲကျ၊ စီးပွားဥစ္စာလဲရှာလို့ဖွေလို့မရ၊ အကြံဉာဏ်ကလဲမရှိ၊ အဲဒါ ဟီနသတ္တဝါ ဟုတ်လား၊ (မှန်ပါ)

လူချင်းအတူတူ ဘာဖြစ်လို့ တချို့က အောက်တန်း နောက်တန်းကျပြီး အချို့ကျတော့အထက်တန်းကျလိုက်တာလွန်လို့၊ပညာကလဲထူးချွန်လို့၊သူများ ထက်ပိုပြီးတော့ သူကတတ်တယ်၊ စီးပွားဥစ္စာ ဩဇာ အာဏာတိက္ကမကြီးပုံ ကြည့်လိုက်အုံးမလား၊ သူက သူများထက်ပိုတယ်၊ အဲဒါ ပဏီတသတ္တဝါ ဟုတ်လား၊ (မှန်ပါ)

သုဂတေ ဒုဂ္ဂတေ၊ပညာဇာတ်တာချင်းအတူတူပေမဲ့ တချို့ကကောင်းတဲ့နေရာ ရောက်တယ်၊ တချို့ကမကောင်းတဲ့နေရာ ရောက်တယ်၊ ဟိုအပါယ်လေးပါးတို့ ဘာတို့ ချန်ထားအုံးကွယ်၊အခု ပစ္စုပ္ပန်လောကမှာ ဉပမာဆိုပါစို့၊ လူနှစ်ယောက် ဂုဏ်ထူးဘွဲ့ထူးတွေရလာလို့ အစိုးရဆီ ရာထူးခန့်ကျပြီဆိုပါစို့ ဟုတ်လား၊ (မှန်ပါ) အဲ-တယောက်က ရာထူးအဆင့်အတန်းမြင့်မြင့် ရပြီးတော့ တယောက်က ဟိုရာထူး အဆင့်အတန်း နိမ့်နိမ့် ခပ်ညံ့ညံ့ရတယ်ဆိုပါစို့၊ (မှန်ပါ) အဲဒါ ဘာဖြစ်လို့လဲလို့၊ (ကံအကျိုးပေးကွဲပြားလို့ပါဘုရား)

သုဝဏ္ဏေဒုဗ္ဗဏ္ဏေ။ ။သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊အဆင်းမလှကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာတိ၊ ကွဲကွဲပြားပြားခွဲခြားသိမြင်၏။

လူချင်းအတူတူပေတဲ့ အချို့ပုဂ္ဂိုလ်တွေကျတော့ လှတယ်၊အချို ပုဂ္ဂိုလ်ကျတော့ အကျည်းတန်တယ်၊ တမိပေါက်ချင်းဘဲကြည့်အုံးတော့ အချို့သားသမီးကလှတယ်၊ အချို့ပုဂ္ဂိုလ်က သိပ်မလှဘူး၊ ညီအကိုမောင်နှမဆိုပေတဲ့ သိပ်ပြီးတော့ မတူတတ်ဘူးဟုတ်လား၊ (မှန်ပါ) အဲဒီလိုဘဲ သတ္တဝါတွေဟာ ကွဲပြားတယ်၊ အချို့ အဆင်းလှတယ်၊ အချို့အဆင်းမလှဘူး-ဟုတ်လား၊ (မှန်ပါ) အဲဒါ ဘာဖြစ်လို့လဲ-

ယထာကမ္မူပဂေ၊ ကံအားလျော်စွာ လားကြ ရောက်ကြ ကပ်ကြရကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို ။ ပဇာနာတိ၊ သိ၏။

**သတ္တဝါတို့၏လားရာဘုံဘဝကိုသိခြင်း**

ကောင်းပြီတဲ့-အဲဒီလို ပုဂ္ဂိုလ်တွေ နှစ်မျိုးစီနှစ်မျိုးစီ ကွဲပြားသွားတာ ဘာဖြစ်လို့လဲ-ကမ္မူပဂ- ကံအားလျော်စွာ ၌သွားကြရတယ်လို့ ကောင်းတဲ့ဘက်ကလေးခု့မကောင်းတဲ့ဘက်က လေးခု မဟုတ်လား-ခုပြတာ၊ (မှန်ပါ) ဟို မကောင်းတဲ့လေးခုဘက်ကို သွားကြတာ ဘာပြုလို့တုံး-

"ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနောဒုစ္စရိတေန သမန္နာဂတာ အရိယာနံ ဉပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဉပပန္နာ"[၁]။

ဝတ၊ စင်စစ်သော်ကား။ ဘောန္တော၊ အချင်းတို့။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ **ကာယ**ဒုစ္စရိတေန၊ ကာယဒုစရိုက်တရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ ကုန်၏။ ဝစီဒုစ္စရိတေန၊ ဝစီဒုစရိုက်တရားနှင့်။ သမန္နာဂတာ၊

---

၁။ ပါရာဇိကဏ်ပါဠိတော်၊ နှာ-၆။ မဟာနိဒ္ဒေသပါဠိတော်၊ နှာ-၂၇၆။

ပြည့်စုံကြကုန်၏။ (အချို့ပုဂ္ဂိုလ်က ကာယဒုစရိုက်သမား၊ ကိုယ်ကမကောင်း တာလုပ်ရမှ ကျေနပ်တယ်၊ အချို့ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ် ပြောပြော ကြမ်းကြမ်းတမ်းတမ်းပြောရမှ သူကကျေနပ်တယ်၊) မနောဒုစ္စရိတေန သမန္နာ ဂတာ၊ မနောဒုစရိုက်နဲ့လဲ ပြည့်စုံကြကုန်၏။ (အခု ဘုန်းကြီးတို့ ပရိသတ် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တော့ သိတယ်မဟုတ်လား၊ (သိပါ တယ်ဘုရား)

**ဒုစရိုက်ရှိသူသည် ဒုဂ္ဂတိဘုံသို့** ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသုမိစ္ဆာစာရာ က ကာယဒုစရိုက်ကွဲ၊ (မှန်ပါ) သူ့အသက်သတ်, သူ့ဥစ္စာခိုး, ကာမဂုဏ်တွေလွန်ကျူးစွာကျင့်– ဒါဘာတုံး၊ (ကာယ ဒုစရိုက်ပါဘုရား)

မုသာဝါဒါ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ– ဝစီဒုစရိုက် လေးခုမဟုတ်လား၊ (မှန်ပါ)

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ–ဒီသုံးခုက မနောဒုစရိုက်နော်၊ (မှန်ပါ)

မိစ္ဆာဒိဋ္ဌိကာ၊ မှားသောအယူရှိကြကုန်၏။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ မှား သောအယူ၌ ဆောက်တည်၍ကျင့်ကြကုန်၏။

ကိုယ်ယူထားတဲ့အယူက အမှားကြီးယူထားတဲ့အခါကျတော့ ဒီအမှားပေါ် မှာတည်ပြီးတော့ လုပ်သမျှအလုပ်တွေဟာ မှန်တာဘယ်နှစ်ခုရှိသလဲကွဲ၊ (တခုမှ မရှိပါဘုရား) အကုန်အမှားချည့်ဖြစ်ကုန်တယ်၊ အဲဒါ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ လို့ခေါ်တယ်–ဟုတ်လား၊ (မှန်ပါ) အဲဒီလိုပုဂ္ဂိုလ်များ ဘယ်သွားသလဲဆို တော့– အပါယ်ငရဲဆင်းရဲဘဝရောက်တတ်တယ်။

> "တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ"တိ။

တေ၊ ထိုကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်နဲ့ပြည့်စုံလို့ အရိယာ ပုဂ္ဂိုလ်တို့အား စွပ်စွဲကဲ့ရဲ့ ပြောဆိုပုတ်ခတ်တတ်ကုန်သော သူတို့သည်။ အရိ ယာနံ ဥပဝါဒကာကိုးကွဲ့–ဟုတ်လား၊ (မှန်ပါ) အရိယာပုဂ္ဂိုလ်ကို သူက ဟာ–အလကားလူတွေပါ၊ အင်း–မြတ်စွာဘုရားလက်ထက်က အရိယာပုဂ္ဂိုလ်တွေ ကို ကတုံးဦးပြည်းတွေလို့ စွပ်စွဲတာရှိတယ်ဟုတ်လား၊ (မှန်ပါ) "မုဏ္ဍောသမဏော ဂေါတမော"တဲ့။ ။သမဏောဂေါတမော၊ ရဟန်းဂေါတမသည်။ မုဏ္ဍော၊ ကတုံးကြီးသာလျှင်တည်း။ ခွက်ကြီးလက်စွဲပြီးတော့ တောင်းစားတယ်တဲ့ ဒီလို ဟာတွေပြောတယ်၊ အဲဒီဘက်ကလဲ သတိထားရမယ်ကွဲ့၊ ဘုန်းကြီးတို့သမဏ

ဂိုဏ်းဝင်ပုဂ္ဂိုလ်ကို ကရော်ကမယ်တောင် မပြောကောင်းဘူးကွဲ့-ဟုတ်လား၊ (မှန်ပါ) အေး-ဒါလေးတွေလဲအရေးကြီးတယ်၊ ဘုန်းကြီးတို့ထည့်ပြောဘို့တော့ အချိန်တော့ရောက်တယ်၊ သို့သော်လဲ နောက်လုပ်စရာ အစီအစဉ်ကရှိသေးလို့ နဲနဲဘဲပြောသွားကြစို့ကွယ်-နော်(မှန်ပါ)

အရိယာနံ၊ အရိယာပုဂ္ဂိုလ်အပေါင်းတို့အား။ ဥပဝါဒကာ၊ စွပ်စွဲကဲ့ရဲ့ ပြောဆိုပုတ်ခတ်တတ်ကြကုန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ မှားသောအယူ ရှိကြကုန်၏။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ မှားသောအယူ၌ တည်၍ကျင့်ကြကုန်၏။ မှားသော အယူကို ဆောက်တည်၍ ကျင့်ကြံကြိုးကုတ်အားထုတ်အပ်သော အကုသိုလ်ကံ ရှိကြလေကုန်၏။ တေ၊ ထိုသူတို့သည်။ ကာယဿ၊ ဇီဝိတိန္ဒြေ၏။ ဘေဒါ၊ ပျက်သည်ဟုဆိုအပ်သော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုမှကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသော သူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပန္နာ၊ ကပ်ရောက်ကြရလေကုန်၏။

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-ဒါတွေသူတို့ သွားကြတယ်-ဟုတ်လား၊ (မှန်ပါ) အဲဒါ ဘာဖြစ်လို့သွားသလဲ့, ဘယ်သူပို့လိုက်ထာလဲ-ကိုယ်အမူအရာမကောင်းလို့၊ နှုတ်အမူအရာမကောင်းလို့ကွဲ့၊ စိတ်အမူအရာ မကောင်းလို့ဟုတ်လား၊ (မှန်ပါ) အရိယာပုဂ္ဂိုလ်အပေါင်းကို စွပ်စွဲမိလို့၊ မှားသောအယူကို ယူခဲ့မိလို့၊ မှားသောအယူကိုမှီပြီးတော့ အလုပ်လုပ်ခဲ့မိလို့-ဟုတ်လား၊ (မှန်ပါ) အဲဒီတော့-ဘယ်သွားကြသလဲ၊ (အပါယ်သွားကြ ပါ တယ်ဘုရား) ဒါက အပါယ်လေးပါး သွားတဲ့သတ္တဝါ။

"ဣမေ ဝါ ပန ဘောန္တော သတ္တာ ကာယသုစရိတေန သမန္နာဂတာ ဝစီသုစရိတေန သမန္နာဂတာ မနောသုစရိတေန သမန္နာဂတာ အရိယာနံ အနုပဝါဒကာ သမ္မာဒိဋ္ဌိကာ သမ္မာဒိဋ္ဌိကမ္မ-သမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ"တိ³။

**သုစရိုက်ရှိသူသည် သုဂတိဘုံသို့** ဝါ ပန၊ တနည်းသော်ကား။ ဘောန္တော၊ အချင်းတို့။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ကာယသုစရိတေန၊ ကာယသုစရိုက်တရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်၏။ သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်တယ်၊ သူ့ဥစ္စာတွေကို ခိုးယူတိုက်ဖျက်

---

၃။ ပါရာဇိကဏ်ပါဠိတော်၊ နှာ-၆။ မဟာနိဒ္ဒေသပါဠိတော်၊ နှာ-၂၇၆။

လုယက်ခြင်းမှ ရှောင်ကြဉ်တယ်၊ ကာမဂုဏ်တွေ လွန်ကျူးဖောက်ပြန်ခြင်းမှ ရှောင်ကြဉ်တယ်၊ ဒါကာယသုစရိုက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်-ဟုတ်လား၊ (မှန်ပါ)

ဝစီသုစရိတေန၊ ဝစီသုစရိုက်တရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်၏။ (မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ-ဒီတရားလေးပါးမှ ရှောင်ကြဉ်တယ်၊) မနောသုစရိတေန၊ မနောသုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်၏။ (အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ-မနောသုစရိုက်)။ အရိယာနံ၊ ဘုရားအစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့ကို။ အနုပဝါဒကာ၊ စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း မရှိကြလေကုန်။ သမ္မာဒိဋ္ဌိကာ၊ မှန်သောအယူကို ယူကြကုန်၏။ (အယူမှန်ဆိုတာ သိပ်အရေးကြီးတယ်၊ အယူမှန်ကို သိဘို့လဲအရေးကြီးတယ်၊ သိပြီးတော့ အဲဒီအယူမှန်အတိုင်း ယူတတ်ဘို့လဲ အရေးကြီးတယ်၊ ယူဘို့လဲအရေးကြီးတယ်-နော်၊ (မှန်ပါ) ကဲ-ဒါနောင်ဖွင့်လျှင် အဲဒါအကျယ်ပြောပေးမယ်။)

သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ မှန်သောအယူ၌ ဆောက်တည်ရှိကျင့်ကြကုန်၏။ တေ၊ ထို ပုဂ္ဂိုလ်အပေါင်းတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်ဟုဆိုအပ်သော။ မရဏာ၊ သေသည်မှ။ ပရံ နောက်၌။ သုဂတိံ၊ ကောင်းသောသူတို့၏လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်လောက ဗြဟ္မာ့ပြည်လောကသို့။ ဥပပန္နာ၊ ကပ်ရောက်ကြရလေကုန်၏။

သတ္တဝါတွေ စုတေသွားတော့ တချို့ကအပါယ်ကျ၊ တချို့ကနတ်ပြည်ရောက်၊ တချို့ကလူ့ပြည်ရောက်၊ တချို့ကဗြဟ္မာ့ပြည်ရောက်၊ ဘာပြုလို့လဲ-အဲဒီကံတွေကွာသွားကြတယ်ဟုတ်လား၊ (မှန်ပါ) ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဒီတရားဒေသနာတော်ကို ကောက်နှုတ်ချက်ချကြည့်လိုက်မယ်ဆိုယင် ကိုယ်ကောင်းချင်ယင် မကောင်းတဲ့တရားတွေကိုရှောင်ကြဉ်ပြီးတော့ ကောင်းတဲ့တရားတွေဘက်ကို လိုက်ရမယ်၊ မင်းတို့ အထက်တန်း မကျချင်ဘူးလား၊ (ကျချင်ပါတယ်ဘုရား) ဒီပရိသတ်ထဲမှာ အောက်တန်းကျချင်တဲ့လူ ဘယ်နှစ်ယောက်ပါသလဲ၊ (တယောက်မှမပါပါဘူးဘုရား) ဘုန်းကြီး မကြာမကြာဟောပေးနေတယ်မဟုတ်လား- အထက်တန်းကျချင်တယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ကိုအထက်တန်းတင်ထားရမယ်၊ အထက်တန်းကျချင်ယင် ဘာလုပ်ရမလဲ၊ (စိတ်ကိုအထက်တန်းမှာ ထားရမှာပါဘုရား)

**အထက်ဘန်းစိတ်နှင့် အောက်တန်းစိတ်**

အောက်တန်းကျချင်ယင် စိတ်ကိုအောက်တန်းချထားရမယ်၊ စိတ်က အောက်တန်းစားစိတ် အထက်တန်းစားစိတ် အမြတ်ဆုံးစိတ်လို့ သုံးမျိုးလောက်ရှိတယ်၊

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မာနကြီးတဲ့စိတ်၊ ဣဿာ– မစ္ဆရိယ အားကြီးတဲ့စိတ်တွေဟာ အောက်တန်းစိတ်လား၊ အထက်တန်း စိတ်လား၊ (အောက်တန်းစိတ်ပါဘုရား) ထားရမလား၊ မထားရဘူးလား၊ (မထားရပါဘူး ဘုရား) မင်းတို့က မထားဘူးလား၊ (ထားပါတယ်ဘုရား) တခါတလေထားယင် တခါတလေကျမှာဘဲကွ၊ အေး–ကိုယ် စိတ်ကိုကိုယ်ကြည့်၊ ကိုယ်က အထက် တန်းကျချင်ယင် ကိုယ့်စိတ်ကို အထက်တန်းစိတ်မျိုးထားရမယ်။ (မှန်ပါ)

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မာနစိတ်ဆိုတာ သင်္ကိုဟ်စိတ်ပိုင်းထဲ ကြည့် အောက်ပိုင်းကစိတ်တွေမဟုတ်လားလို့၊ (မှန်ပါ) ကာမာဝစရကုသိုလ် စိတ်–ဒါနကုသိုလ်ပြုလိုတဲ့စိတ်၊ တရားနာလိုတဲ့စိတ်၊ တရားအားထုတ်ချင်တဲ့စိတ်၊ ဘုရားရှိခိုးချင်တဲ့စိတ်၊ ဘုရားပန်းကပ်ချင်တဲ့စိတ်၊ ဆွမ်းတော်ကပ်ချင်တဲ့စိတ်၊ လူကြီး မိဘကိုရိုသေလေးစားချင်တဲ့စိတ်၊ လူကြီးမိဘဆရာသမားတို့ ပြောကြားတဲ့စကား ကို ကိုယ်ကရိုသေစွာ နာခံချင်တဲ့စိတ်–ဟုတ်လား၊ (မှန်ပါ) အဲဒီစိတ်မျိုးသည် ကုသိုလ်စိတ်၊ တရားအားထုတ်တဲ့စိတ်၊ ဈာန်–ဈာန်ရအောင် အားထုတ်တဲ့စိတ် မျိုးဆိုယင် မဟဂ္ဂုတ်စိတ်၊ အဲဒါအထက်တန်းစားစိတ်၊ မဟဂ္ဂုတ်စိတ်လို့ ခေါ် တယ်၊ မဟဂ္ဂတဆိုတာ မြတ်ဘယ်၊ အထက်တန်းကျတယ်။

အမြတ်ဆုံးစိတ်ဆိုတာ လောကုတ္တရာစိတ်ကွဲ၊ မဂ်စိတ်တို့၊ ဖိုလ်စိတ်တို့ဆိုတာ တွေဟာ အမြတ်ဆုံးစိတ်–နော်၊ (မှန်ပါ) အေး–ဒီတော့ ကိုယ်က အောက် တန်းစားပုဂ္ဂိုလ်ဖြစ်ချင်ယင် လောဘတွေ ကြပ်ကြပ်မွေးကြ၊ ဒေါသတွေ ကြပ် ကြပ်ကြီးကြ၊ မာနတွေကြပ်ကြပ်ထောင်ကြ၊ အဲဒီပုဂ္ဂိုလ် ဘယ်တော့မှ အထက် တန်းမကျဘူး၊ အကယ်၍ အထက်တန်းရောက်တယ်ဆိုပေတဲ့ ခဲကိုကောင်းကင် မြှောက်လိုက်သလိုဘဲ အောက်ကိုပြန်ကျတော့ မြင့်လေအကျနာလေ အကျနာ မယ်–အဲဒီပုဂ္ဂိုလ်များ–ဟုတ်လား၊ (မှန်ပါ)

အထက်တန်းကျချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်က ခုနက ကောင်းမှုကုသိုလ် တွေကို ပြုလုပ်နေတဲ့ပုဂ္ဂိုလ်ဟာ တစ တစ အထက်တန်းကျတယ်–ဟုတ်လား၊ (မှန်ပါဘုရား) အမြတ်ဆုံးစိတ်လို့ဆိုတာကဘာတုံး၊ မဂ်စိတ်၊ ဖိုလ်စိတ်၊ အဲဒီစိတ် ရအောင်လုပ်ယင် အမြတ်ဆုံးစိတ်၊ ကိုယ်ကအမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်၊ သဗ္ဗညု မြတ်စွာဘုရားက လောကမှာ အမြတ်ဆုံးမဟုတ်လားလို့၊ (မှန်ပါ) လူရော နတ်ရော ဗြဟ္မာရော သတ္တဝါတိုင်းက ပူဇော်ရတယ်၊ သူ့ထက်မြတ်တဲ့ပုဂ္ဂိုလ် ရှိသေးလား၊ (မရှိပါဘူးဘုရား) အဲဒါ အမြတ်ဆုံးစိတ်ရှိလို့ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်တာ။

အဲဒီတော့ အထက်တန်းကျချင်ယင် အထက်တန်းကျတဲ့စိတ်မျိုးကို ထားပါ၊ ဘာတဲ့လဲ အထက်တန်းကျတဲ့စိတ်က–

"ကာယသုစရိတေန သမန္နာဂတာ ဝစီသုစရိတေန သမန္နာဂတာ မနောသုစရိတေန သမန္နာဂတာ အရိယာနံအနုပဝါဒကာ သမ္မာဒိဋ္ဌိကာ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ"–

စောစောပိုင်းက ပြောခဲ့တဲ့အတိုင်းဘဲဟုတ်လား၊ (မှန်ပါ) အဲဒီစိတ်မျိုးရှိတဲ့ ပုဂ္ဂိုလ်တွေ စုတေတဲ့အခါ ဘယ်သွားကြသလဲ-နတ်ပြည်တို့ ဗြဟ္မာ့ပြည်တို့ သွားကြတယ် မဟုတ်လား၊ (မှန်ပါ)

"သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ"–

ဒါဘဲပြန်ပြောတယ်-ဟုတ်လား၊ (မှန်ပါ) အဲဒီလို သတ္တဝါတို့ရဲ့ အယုတ် အလတ် အမြတ် စသည်တို့ကိုမြင်နိုင်တယ်၊ စုတိ-ပဋိသန္ဓေတို့ကို မြင်နိုင်တဲ့အသိဉာဏ်ကို ယထာကမ္မူပဂဉာဏ်၊ တနည်း-ဒိဗ္ဗစက္ခုဉာဏ်လို့ခေါ်တယ်၊ သဗ္ဗညုမြတ်စွာဘုရားက ဥပမာပြတယ်–

"သေယျထာပိ ဘိက္ခဝေ ဒွေ အဂါရာ သဒွါရာ။ တတ္ထ စက္ခုမာ ပုရိသော မဇ္ဈေ ဌိတော ပဿေယျ မနုဿေ ဂေဟံ ပဝိသန္တေပိ နိက္ခမန္တေပိ အနုစင်္ကမန္တေပိ အနုဝိစရန္တေပိ"။

**ဒိဗ္ဗစက္ခုဉာဏ်နှင့် အိမ်နှစ်လုံးဥပမာ** ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ အဲဒီ ဒိဗ္ဗစက္ခုဉာဏ်ကို ဥပမာ ပြရမယ်ဆိုယင်။ သဒွါရာ၊ မျက်နှာချင်းဆိုင် တံခါးပေါက်ရှိကုန်သော။ ဒွေ အဂါရာ၊ အိမ်နှစ်လုံးတို့သည်။ အဿု-ဘဝေယျုံ၊ ရှိသည်ဖြစ်ကုန်ရာ၏။ (ရှိတယ်ဆိုပါတော့) တတ္ထ မဇ္ဈေ၊ ထိုအိမ်နှစ်လုံး အလယ်၌။ ဌိတော၊ ရပ်လျက်နေသော။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဂေဟံ၊ အိမ်တွင်းသို့။ ပဝိသန္တေပိ၊ ဝင်သည်လည်း ဖြစ်ကုန်သော။ နိက္ခမန္တေပိ၊ အိမ်တွင်းမှ ထွက်သည်လည်း ဖြစ်ကုန်သော။ အနုစင်္ကမန္တေပိ-အနုဝိစရန္တေပိ၊ အိမ်၌ စင်္ကြံတို့ခေါက် လူးလာပြန်ခေါက်လျှောက်၍နေသည်လည်း ဖြစ်ကုန်သော။မနုဿေ၊ လူအပေါင်းတို့ကို။ ပဿေယျ သေယျထာပိ၊ မြင်နေရသကဲ့သို့–

အိမ်နှစ်လုံး အလယ်ကနေပြီး မျက်စိအမြင်ရှိတဲ့လူက ရပ်ပြီးကြည့်နေယင် ဟိုအိမ်ကိုဝင်သွားတဲ့ လူလဲသိတယ်၊ ဒီအိမ်ဝင်တဲ့လူလဲသိ၊ ဟိုအိမ်ကထွက်တဲ့ လူလဲသိ၊ ဒီအိမ်ကထွက်တဲ့လူလဲသိ၊ ဒီလိုသိနေသလိုဘဲတဲ့-ဟုတ်လား၊ (မှန်ပါ)

ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရနေတဲ့ ပုဂ္ဂိုလ်သည်အဘိညာဉ်နဲ့ကြည့်လိုက်ပလားဆိုယင် သူက သတ္တဝါတွေကို အကုန်မြင်တယ်၊ဒီလူသေပြီ၊ သူဟာဘယ်သွားဖြစ်တယ်၊ ဒီအိမ်ကနေပြီး ဘယ်အိမ်သွားဝင်တယ်ပေါ့– အဓိပ္ပါယ်က၊ (မှန်ပါ)ဒီအိမ်က ထွက် ဘယ်အိမ်သွားဝင်တယ်ဆိုတာ အတ္တလဲဖြစ်နေအုံးမယ်နော်–ဟုတ်လား၊ သေသွားတဲ့ပုဂ္ဂိုလ်က သွားဝင်နေထွက်နေတာ မဟုတ်ဘူး–နော်၊ (မှန်ပါ)

**အာသဝက္ခယဉာဏ်** အဲဒီလို ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အတွက် ဆိုတဲ့ အက္ခရာကို ထားပြီးတော့ ဒိဗ္ဗစက္ခု အဘိညာဉ်အတွက် ဘာထားတုံး–ဒိ–ဆိုတဲ့ အက္ခရာလေးတလုံးထားတယ်၊ ပု–ဒိ–ဟုတ်လား၊ (မှန်ပါ) အာ–အာသဝက္ခယဉာဏ်၊ ဒီဉာဏ်ရရတော့မယ်–နော်၊ (မှန်ပါ) အဲဒီ အာသဝက္ခယဉာဏ်ပိုင်းကျတော့ ငါစောစောက တွေးထားတယ်– အဘိညာဉ် တွေပြီးတော့ ဒီအာသဝက္ခယဉာဏ်ပိုင်းမှာ တော်တော်လေး ကျယ်ကျယ် ဟောမယ်လို့ ငါဒီလို နှလုံးသွင်းထားတယ်၊ အချိန်က မရဘူးဟုတ်လား၊ (မှန်ပါ) အဲဒီ–အာသဝက္ခယဉာဏ်ပိုင်းကျတော့ ဘယ်လိုလဲ–

> "သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနိန္နာမေတိ"။

အာသဝါနံ၊ အာသဝလေးပါးတို့၏။ ခယဉာဏာယ၊ ကုန်ခန်းခြင်းဉာဏ် အကျိုးငှာ။စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ အာသဝက္ခယဉာဏ်။

အာသဝ+ခယ+ဉာဏ=အာသဝကုန်တာကို သိတဲ့ဉာဏ်–အာသဝက္ခယဉာဏ်၊ အာသဝဆိုတာ ဘာတုံး–ယိုစီးတဲ့သဘောရှိတယ်–ဟုတ်လား၊ (မှန်ပါ)ဘယ်က နေ စီးသွားသလဲဆိုတော့ ရေများစီးယင် ဘယ်ရောက်အောင် စီးသွားသလဲ၊ ဟိုအောက် သမုဒ္ဒရာရောက်အောင် စီးသွားတယ်။

တရားကိုယ်ကောက်တော့ လောဘတို့ဒိဋ္ဌိတို့ မောဟတို့ကိုအာသဝလို့ခေါ်တယ် ကွဲ့၊ အဲဒီလောဘ ဒိဋ္ဌိ မောဟနဲ့တွဲတဲ့ ခန္ဓာတွေဟာ ဘယ်ရောက်အောင် စီးသလဲ ဆိုယင် အပါယ်လေးပါးရောက်အောင် စီးသွားမယ်၊ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ၊ အမျိုးကောင်းသမီးတွေ အခုလူ့ခန္ဓာကလေးရ၊ အဲဒီလူ့ခန္ဓာမှာ လောဘက ကပ် ဒိဋ္ဌိက ကပ် မောဟက ကပ်ယင် အဲဒီ လောဘ ဒိဋ္ဌိ မောဟက ဒီခန္ဓာမှာကပ်နေယင် အပါယ်လေးပါးရောက်အောင် စိမ့်ဝင်သွားလိမ့်မယ်တဲ့၊ အဲဒါကိုအာသဝလို့ခေါ်တယ်။

အဲဒီခန္ဓာမှာ အာသဝတွေကုန်သွားတဲ့ဉာဏ်ကို သိတဲ့အသိဉာဏ်ကို အာသဝက္ခယဉာဏ်လို့ ဒီလိုခေါ်တယ်–ဟုတ်လား၊ (မှန်ပါ) အာသဝလေးခုရှိတယ်မဟုတ်လား–ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ–အာသဝလေးခု၊ ကာမာသဝ–လောဘ၊ ဘဝါသဝ–လောဘ၊ဒိဋ္ဌာသဝ–ဒိဋ္ဌိ၊ အဝိဇ္ဇာသဝ–မောဟ လို့ဆိုပြီးတရားကိုယ်ကောက်တော့ လောဘ, ဒိဋ္ဌိ, မောဟ–တရားသုံးခုဘဲ၊ **အာသဝက္ခယဉာဏ်ကို စိတ်တော်အစဉ်ညွတ်လိုက်တော့မယ်ဆိုတော့** (ယောဂါဝစရပုဂ္ဂိုလ်, သဗ္ဗညုမြတ်စွာဘုရားလဲဒီလိုဘဲ) ဟို စတုတ္ထစျာန်ကို ပြန်ပြီးတော့ဝင်စားတယ်၊အာနာပါနစတုတ္ထစျာန်ကို ပြန်ပြီးဝင်စားပြီးတဲ့အခါကျတော့ စိတ်တော်အစဉ်က အင်မတန်ကြည်လင်ပြီးတော့ အင်မတန်ထက်တယ်။

**သတ္တဝါနှင့် ပဋိစ္စသမုပ္ပါဒ်**

အာနာပါနစတုတ္ထစျာန် ဝင်စားပြီးတော့ ရှေးတုန်းကဘာတွေသိခဲ့သလဲ–ပုဗ္ဗေနိဝါသာနုဿတိ, ပြီးတော့ဒိဗ္ဗစက္ခုဉာဏ်၊အဲဒီမှာ သတ္တဝါတွေ အစဉ်လိုက်အစဉ်လိုက် ကျွတ်သွားတာ ဒီသတ္တဝါတွေဘာလဲလို့ အာသဝက္ခယဉာဏ်ရဘို့အတွက် ရပ်ပြီးတော့စဉ်းစားလိုက်တော့ လောကဓာတ်တခု ကုဋေတသိန်းဆိုကြပါစို့၊အဲဒီလောကဓာတ် ကုဋေတသိန်းဆိုတဲ့ လောကဓာတ်တခု လောကဓာတ်တခုမှာ သတ္တဝါတွေ ဘယ်လောက်များမယ်ထင်သလဲ၊ (အများကြီးပါဘုရား) အများကြီးဘဲ၊အဲဒီလောကဓာတ်ကုဋေတသိန်းကို ရွှေဉာဏ်တော်နဲ့ ချိန်ပြီးကြည့်တော်မူတဲ့အခါကျတော့ ဘာတွေတွေ့သလဲ၊နောက်ကပြခဲ့တဲ့ သုဂတ ဒုဂ္ဂတ ယထာကမ္မူပဂ သတ္တလို့ သတ္တဝါခေါ်တဲ့ သမုတိသစ္စာတွေ့ခဲ့တယ်–မဟုတ်လား၊ (တွေ့ခဲ့ပါတယ်ဘုရား) ဒီ သတ္တဝါတွေဘယ်ကစလို့ ဘယ်မှာဆုံးရတာလဲဆိုတာတွေလဲ ကြည့်လိုက်တော့ သတ္တဝါကိုမတွေ့ဘဲနဲ့ ဘာတွေတွေ့သလဲ၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ရပ်ကို ဉာဏ်နဲ့စူးစိုက်ပြီးတော့ မြင်တယ်။

အဝိဇ္ဇာ, သင်္ခါရ ဟုဆိုအပ်သော အတိတ်အခွန့်၊

ဝိညာဉ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာလို့ခေါ်တဲ့ ပစ္စုပ္ပန်အကျိုး–ငါးခု၊

တဏှာ, ဉပါဒါန်, ကမ္မဘဝတည်းဟူသော ပစ္စုပ္ပန်အကြောင်း၊

ဉပပတ္တိဘဝတည်းဟူသော ဟိုဘက်ကဇာတိနဲ့ ဇရာ မရဏလို့ခေါ်တဲ့အနာဂတ်အကျိုး၊

အဲဒီလို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးမှာ–အတိတ်အကြောင်း–ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း–အနာဂတ်အကျိုးနဲ့ ဒီလိုချည့် ဆက်ဆက်

ဆက်ဆက်ပြီးလာလိုက်တော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်လို့ ပြောကြတယ် မဟုတ်လား။(မှန်ပါ)အဲဒီ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်ကို စကြာဝဠာကုဋေ တသိန်းနဲ့ မြှောက်လိုက်ယင် ဘယ်လောက်ရှိသလဲ၊ (ကုဋေ ၁၂-သိန်းပါဘုရား) အဲဒီကုဋေ ၁၂-သိန်းလို့ဆိုတဲ့ တရားကျော့ကို သဗ္ဗညုရှင်တော်မြတ်ဘုရား သိမတော်မူတယ် ဟုတ်လား၊ဘုန်းကြီးတို့ တရားအားထုတ်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းအမိးများကျတော့ ဉာဏ်မှီသလို တလုံးစီတလုံးစီ စိတ်ကအစဉ် လိုက်သိတယ်။

ကမ္မနှင့်ဝိပါက
အကြောင်းအကျိုးဆက်စပ်ဖြစ်မှုအစဉ်

ဘာတွေသာ တွေ့နေသလဲ ဆိုတော့ သတ္တဝါမတွေ့တော့ဘဲနဲ့ အဝိဇ္ဇာနဲ့ သင်္ခါရ အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်မှုတွေကိုဘဲ တွေ့တော်မူရတယ်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နဲ့ ဒိဗ္ဗစက္ခုဉာဏ်ခန်းမှာကြည့်တော့ ဒီဘဝကဟိုဘဝပြောင်း၊ ဒီလို ပြောင်းလာခဲ့တယ် မဟုတ်လားလို့၊ (မှန်ပါဘုရား)

ဟိုဘဝကြည့်လိုက်တော့ ဘာလဲဆိုတော့ အဝိဇ္ဇာနဲ့သင်္ခါရတဏှာဥပါဒါန် ဘဝဆိုတဲ့အကြောင်း။

ဒီဘဝကြည့်လိုက်ပြန်တော့ ဘာတွေတုံး- ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာအကျိုးတွေရတယ်-နော်၊(မှန်ပါ)

အဲဒီအကျိုးပေါ်မှာ တခါပြန်ပြီးတော့ တဏှာ,ဥပါဒါန်, ကုသိုလ်တွေပြုအကုသိုလ်တွေပြုမှုဆိုတဲ့ ကမ္မဘဝ အဝိဇ္ဇာသင်္ခါရဆိုတဲ့ ပစ္စုပ္ပန်အကြောင်း၊ ပြီးတော့မှ ဟိုဘက်ပြန်ကြည့်လိုက်တော့ ဇာတိ,ဇရာ မရဏ,အနာဂတ်အကျိုးတွေ ရမယ်၊ ဥပပတ္တိဘဝ-နော်၊(မှန်ပါ)

အဲဒီ ဇာတိ, ဇရာ မရဏဆိုတာ ဘာလဲဆိုတော့ ဝိညာဉ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာပါဘဲကွဲ-ဟုတ်လား၊(မှန်ပါ)အဲဒီ အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလသုံးရပ်ရဲ့အကြောင်းအကျိုး ဆက်စပ်ပုံတွေကို အာသဝက္ခယဉာဏ်အတွက် ဒီလိုမြင်လာတယ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ အကျိုးတရား ကိုမှီပြီးတော့ အကြောင်းတရားဖြစ်၊ အဲဒီအကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပြန်နဲ့ ဒါဘဲမြင်ခဲ့တယ် မဟုတ်လားလို့၊ (မှန်ပါဘုရား) ဒီတော့ အကြောင်းပြီးတော့ ဘာတုံး၊(အကျိုးပါဘုရား) အကျိုးပြီးတော့ဘာတုံးကွဲ၊ (အကြောင်းပါဘုရား) အကြောင်း ပြီးတော့ကော၊(အကျိုးပါဘုရား) အကြောင်းရယ်,အကျိုးရယ်၊ အကြောင်းရယ်အကျိုးရယ်၊ ဒီနှစ်ခုထဲဘဲတဲ့-ဟုတ်လား၊(မှန်ပါဘုရား)

အဲဒါကို အသိဉာဏ်ရှင်းအောင်လို့ ဆိုပြီးတော့ ကမ္မဋ္ဌာန်းဂန်များက ဘယ့်နှယ် ပြသလဲ-ကမ္မ,ဝိပါက- ကွဲဟုတ်လား၊ (မှန်ပါ) ကမ္မ-အကြောင်း၊ ဝိပါက- အကျိုး၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ အခုရနေတဲ့ခန္ဓာသည် ဝိပါက၊ မျက်လုံးဘာတုံးကွဲ၊ (ဝိပါကပါဘုရား) နား ကောကွဲ၊ (ဝိပါကပါဘုရား) နှာခေါင်း၊ လျှာ ခန္ဓာကိုယ် ဘာတွေတုံး၊ (ဝိပါကတွေပါဘုရား) အခုရှိနေတဲ့စိတ်၊ (ဝိပါကပါဘုရား)မျက်လုံးနဲ့ မြင်လို့ သိတဲ့စိတ်၊ နားနဲ့ကြားလို့ သိတဲ့စိတ်၊ နှာခေါင်းနဲ့ နံလို့ သိတဲ့စိတ်၊ လျှာနဲ့ အရသာပေါ်လာလို့ သိတဲ့စိတ်၊ ခန္ဓာကိုယ်နဲ့ လာပြီး ထိလို့ သိတဲ့စိတ်- ဘာ တုံးကွဲ့၊ (ဝိပါကပါဘုရား) ဝိပါကချည့်ထဲဘဲ-ဒိဥစ္စာ၊ (မှန်ပါ)

အကြောင်းအကျိုး ဆက်သွယ်ပုံ — ဒီ ခန္ဓာကိုယ် တကိုယ်လုံးသဲ ကြည့်၊ဆံပင် မွေးညှင်း လက်သည်း ခြေသည်း အကြမ်းစား ကြည့်မယ်ဆိုယင် ပေါ့လေ၊(မှန်ပါ) ကိုယ့်တကိုယ်လုံး အူအသဲသဲကနေ ပြောင်းပြန်လန်အောင် ရှောက်ကြည့်၊ ဒါဘာတုံးဆိုတော့ ရုပ်တရားအစု။

မျက်လုံးကလေးသည် စက္ခုပသာဒရုပ်၊ နားသည် သောတပသာဒရုပ်၊ နှာခေါင်းသည် ဃာနပသာဒရုပ်၊ ဒီအပေါ်က ပုံသဏ္ဌာန်ကြီး ပြောနေတာ မဟုတ်ဘူး-နော်၊ (မှန်ပါ) လျှာထဲမှာဇိဝှာပသာဒရုပ်၊ ခန္ဓာကိုယ်နဲ့ ထိလို့ သိတဲ့နေရာတိုင်းမှာ ကာယပသာဒရုပ်၊ ဒါတွေ အကုန်ပြန့်မနေဘူးလားလို့၊ အဲဒီရုပ်တရားတွေဟာ ဘာတုံး-ဝိပါက။

အဲဒီ ဝိပါကတွေ ဘယ်ကလာသလဲဆိုတော့ ကမ္မကလာတယ်၊လူဘယ်က လာတုံးကွဲ့၊ (ကမ္မကပါဘုရား) ဒါဖြင့် အဲဒီက ဘာမှီဖြစ်သလဲဆိုတော့ ဝိပါက လို့ ခေါ်တဲ့ လူမှီပြီးတော့ဖြစ်တယ်။

အခု ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အတိတ် ဘဝက အခုနကပြောတဲ့ အဝိဇ္ဇာ,သင်္ခါရတည်းဟူသော ကမ္မကြောင့် ခုဘဝမှာ သတ္တဝါဆိုတဲ့ ဝိပါကဖြစ်ပြီ မဟုတ်လားလို့၊ (ဖြစ်နေပါတယ်ဘုရား) အဲဒီ ဝိပါကခေါ်တဲ့ သတ္တဝါကိုမှီပြီးတော့ အခုကတွေဖြစ်မနေဘူးလား၊(ဖြစ်နေပါ တယ်ဘုရား) ဒီ ခန္ဓာကိုယ်ကြီးကို ငါလို့ စွဲလမ်းတယ်-ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်-ဥပါ ဒါန်-နော်၊ (မှန်ပါ) ဒီ ခန္ဓာကိုယ်ပေါ်မှာ စွဲလမ်းတယ် နှစ်သက်တယ်ဆိုတဲ့ တဏှာ၊ အဲဒီ တဏှာ, ဥပါဒါန်ကြောင့် ဒီခန္ဓာကိုယ်အတွက် စားရေး ဝတ် ရေး နေရေး သွားရေး လာရေး၊ ကိုယ်အမူအရာနဲ့ အလုပ်မလုပ်ရဘူးလား၊ (လုပ်ရပါတယ်ဘုရား) နှုတ်အမူအရာနဲ့ အလုပ်လုပ်၊ စိတ်အမူအရာနဲ့အလုပ်

လုပ်ရတော့ ကမ္မ-ဟုတ်လား၊ (မှန်ပါ) တဏှာ, ဥပါဒါန်, ကမ္မဘဝတွေဟာ ဒီခန္ဓာကိုယ်ကို မွေးပြီးတော့ဖြစ်တဲ့ ပစ္စုပ္ပန်ဖြစ်ကြောင်းတရားဘဲ။

အဲဒီ ပစ္စုပ္ပန်အကြောင်းတရားကနေပြီး ဒီဘဝစုတေယင် ဟိုဘက်ဘဝဖြစ် အုံးမလဲကွဲ့-ဝိပါကခေါ်တဲ့ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖြစ်အုံးမယ်မဟုတ်လား၊ (မှန်ပါဘုရား) ဖြစ်ယင်သေမလား, မသေဘူးလား ကွဲ့၊ (သေမှာပါဘုရား)

အဲဒီလို အဝိဇ္ဇာကြောင့် သင်္ခါရ, သင်္ခါရကြောင့် ဝိညာဉ်, ဝိညာဉ်ကြောင့် နာမ်ရုပ်, နာမ်ရုပ်ကြောင့် သဠာယတန, သဠာယတနကြောင့် ဖဿ, ဖဿကြောင့် ဝေဒနာ, ဝေဒနာကြောင့် တဏှာ, တဏှာကြောင့် ဥပါဒါန်, ဥပါဒါန်ကြောင့် ကမ္မဘဝ, ဘဝကြောင့် ဇာတိ, ဇာတိကြောင့် ဇရာမရဏတွေဖြစ်တယ်၊ ဇရာ မရဏဖြစ်တယ်ဆိုတာ ရုပ်နာမ်တွေ ရင့်ရော်အိုမင်းတာရယ်, သေတာရယ်ကွဲ့-ဟုတ်လား၊ (မှန်ပါ)

သေမှာတော့ အမှန်ဘဲမဟုတ်လား။ (အမှန်ပါဘုရား) ဘာဖြစ်လို့ သေ သလဲကွဲ့မင်းတို့၊ (ဇာတိကြောင့်ပါဘုရား)

အဲဒီ ဇာတိ ဘယ်ကလာတုံး- ကံကြောင့်၊ ဒီကံ ဘယ်ကလာတုံး-ဥပါဒါန် ကြောင့်ကွဲ့၊ ဒီဥပါဒါန် ဘယ်ကလာတုံး-တဏှာကြောင့်၊ ဒီတဏှာ ဘယ်ကလာ တုံး-ဝေဒနာကြောင့်၊ ဒီဝေဒနာဘယ်ကလာသလဲ-ဖဿကြောင့်၊ ဒီဖဿ ဘယ် ကလာသလဲ-သဠာယတနကြောင့်၊ သဠာယတန ဘယ်ကလာသလဲလို့ဆိုတော့-နာမ်ရုပ်ကြောင့်၊ နာမ်ရုပ် ဘယ်ကလာသလဲ-ဝိညာဉ်အကြောင်းခံ ဖြစ်တယ်။ ဝိညာဉ်ဘယ်ကလာလဲ- သင်္ခါရက၊ သင်္ခါရဘယ်ကလာသတုံး- အဝိဇ္ဇာ ဆိုတဲ့ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတယ်။

**ဝိပဿနာဉာဏ်ပွားပုံ** တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပါဒ် ၁၂-ရပ် လုံးကို အခေါက်ခေါက် အပြန်ပြန် သွားလိုက်တော့ သတ္တဝါရှာမတွေ့ဘူး၊ ဒုက္ခလား-သုခလား၊ (ဒုက္ခပါဘုရား) ဇာတိနဲ့ ဇရာ မရဏ-အိုတယ် သေတယ်၊ သူကဘာတုံး-ဒုက္ခလား,သုခလား၊ (ဒုက္ခပါဘုရား) ဒုက္ခချည်းထဲ သူက ဒီလိုမြင်လာတယ်၊ ဒီတော့ စောစောပိုင်းကလို ပြန်ကြည့် လိုက်မယ်ဆိုယင် ကုဋေတသိန်းမှာ ပဋိစ္စသမုပ္ပါဒ် ၁၂-ရပ်နဲ့ မြောက်လိုက် တော့ ဘယ်လောက်ရှိသလဲ၊ (ကုဋေ၁၂-သိန်းပါဘုရား) ကုဋေ၁၂-သိန်း ဆိုတော့ ကုဋေ ၁၂ – သိန်း တည်းဟူသော ဝိပဿနာဉာဏ် တွေ ရမနေဘူးလား၊ (ရနေပါတယ် ဘုရား) အဲဒီဉာဏ်ကို ရအောင်

အားထုတ်ကြစမ်းပါ- ဘုန်းကြီးတို့ပရိသတ်၊ ဒီဉာဏ်လေးသာရနေယင် ဝိပဿနာဉာဏ်ပေါင်း ကုဋေဘယ်လောက်ရမလဲ၊ (၁၂-သိန်းပါဘုရား)

ဒါဖြင့်ကောင်းပြီ၊ အဲဒီလိုကုဋေ ၁၂-သိန်းသော လောကဓာတ်ကြီးတခုလုံး သမုတိသစ္စာနဲ့ကြည့်လိုက်တော့ ခုနပြောတာတွေ မြင်လာတယ်၊ဒီ ၁၂-သိန်း၊ ဉာဏ်တွေဉာဏ်တွေ၊ ဒီဉာဏ်တွေကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါတချက်တချက်လျှင် အနိစ္စလက္ခဏာယာဉ်သို့တင်၍ရှင်း, ဒုက္ခလက္ခဏာယာဉ်သို့တင်၍ရှင်း, အနတ္တလက္ခဏာယာဉ်သို့တင်၍ရှင်း အင်္ဂါ ၁၂-ရပ်စလုံး ကုဋေပေါင်း ၁၂-သိန်းတို့ကို ရှုလိုက်တော့ ကုဋေ ၁၂-သိန်းကို ၃-နဲ့မြှောက် ဘယ်လောက်ရသလဲ၊ (၃၆-သိန်းပါဘုရား)ဝိပဿနာဉာဏ် ကုဋေပေါင်း-၃၆-သိန်း ရနိုင်၏၊ အင်မတန်လွယ်လွယ်လေး–ဘာမှခက်ထာမဟုတ်ဘူး။

**လက္ခဏာယာဉ်သို့တင်ပုံ** စကြာဝဠာကုဋေတသိန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ခုမှာ အဝိဇ္ဇာပေါင်း ကုဋေတသိန်း၊ သင်္ခါရပေါင်း ကုဋေတသိန်း၊ဝိညာဉ်ပေါင်း ကုဋေတသိန်း၊နာမ်ရုပ်ပေါင်း ကုဋေတသိန်း စသည်ဖြင့် အဲဒီ-ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်နဲ့မြှောက်တော့ ဘယ်လောက်ရသလဲ၊ (ကုဋေဆဲ့နှစ်သိန်းပါဘုရား)

အဲဒီ ကုဋေတဆယ့်နှစ်သိန်းသော ဝိပဿနာအာရုံတွေကို အနိစ္စလက္ခဏာယာဉ်တင်လိုက်၊ ဒုက္ခလက္ခဏာယာဉ်တင်လိုက်၊ အနတ္တလက္ခဏာယာဉ်တင်လိုက်ရမယ်၊ ဘယ်လိုတင်ရမှာလဲဆိုတော့ အဝိဇ္ဇာဆိုတာ ဖြစ်ပြီးယင် ကုန်ခြင်းပျောက်ခြင်း သဘောရှိသောကြောင့် ခယဋ္ဌေန အနိစ္စ၊ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့သဘော နှိပ်စက်သည်ဖြစ်သောကြောင့် ဒုက္ခ။

အလိုမရှိပါဘဲနဲ့ ကိုယ့်အလိုသို့မလိုက် အကြိုက်သို့မပါ အနှစ်သာရမရှိခြင်းသည် အနတ္တလို့ အဝိဇ္ဇာကို ဒီလိုဝိပဿနာဉာဏ်တင်လိုက်၊ အဝိဇ္ဇာပေါင်း ကုဋေတဆဲ့နှစ်သိန်းကို အနိစ္စလက္ခဏာယာဉ်တင်၍, ဒုက္ခလက္ခဏာယာဉ်တင်၍, အနတ္တလက္ခဏာယာဉ်တင်၍ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ်စလုံး အကုန်တင် ဝိပဿနာတွေပွားလိုက်လျှင် ကုဋေတဆယ့်နှစ်သိန်းကို သုံးနဲ့မြှောက်ပွားလိုက်တော့ ကုဋေပေါင်းသုံးဆယ့်ခြောက်သိန်းသော ဝိပဿနာ အသိဉာဏ်တွေကို ရကြရကုန်၏။

**သစ္စာလေးပါးသို့ ဆိုက်ရောက်လာပုံ** အဲဒီလို ဝိပဿနာဉာဏ်တွေ ရလိုက်တဲ့အခါကျတော့ ဘယ့်နှယ်ရွှေဉာဏ်တော် အကြံပေါ်လာသလဲဆိုတော့–

H 667—38 [ဟံသာဝတီ]

ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။ (အာသဝကယဉာဏ်ဟောတော့မလို့နော်)ဣဒံ၊ ဤတရားအားလုံးကို။ ဟောဘုမ္မကသ ါမှ ဆိုတဲ့ ဒီကုဋ္ဌေတသိန်းရှိသရွေ့သတ္တဝါ အားလုံးကို။ ဒုက္ခန္တိ၊ ဒုက္ခကရားအမှန်ဟူ၍။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ ကွဲကွဲပြားပြား သိ၍လာ၏။

"အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ"။

အယံ၊ ဤလိုချင်တဲ့လောဘသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ဖြစ်ကြောင်းတရားပါပေတည်း။ ဣတိ၊ဤသို့။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၍လာ၏။

"အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ"။

အယံ၊ဤနိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ငြိမ်းခြင်းဟုဆိုအပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်မည်၏။

"အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ယထာဘူတံ ဇာနာတိ"။

ဘာတဲ့တုံး သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခချုပ်ရာ နိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော လမ်းကြောင်းကြီးမှန်လှပေ၏။

အခုန သမ္မာဒိဋ္ဌိက မြင်လာကာ အဝိဇ္ဇာကစပြီး မြင်လာခဲ့တာမဟုတ်လား၊ (မှန်ပါ)

"ဣမေ အာသဝါတိ ယထာဘူတံ ပဇာနာတိ"။

"ဣမေ၊ ဤလောဘ, ဒိဋ္ဌိ, မောဟဟုဆိုအပ်သော တရားတို့သည်။ အာသဝါ၊ အာသဝတရားတို့ပါပေတည်း။ ဣတိ၊ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

အာသဝတရားဆိုတာ ယိုစီးတဲ့တရားတွေ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူသို့တိုင်အောင် ယိုစီးတဲ့တရားတွေ ခေါ်တယ်။

"အယံ အာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ"။

အယံ၊ဤလောဘတရားသည်။ အာသဝသမုဒယော၊ အာသဝဖြစ်ကြောင်းတရားပါပေတည်း။ အာသဝက သမုဒယလောဘကြောင့်ဖြစ်တယ်။

"အယံ အာသဝနိရောဓောတိ ယထာဘူတံ ပဇာနာတိ"။

နိရောဓသစ္စာနိဗ္ဗာန်သည် အာသဝ၏မရှိရာဖြစ်သော ချမ်းသာတရားပါပေတည်း။

"အယံ အာသဝနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ"။

မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် အာသဝမရှိရာဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောကျင့်ဝတ်ပဋိပတ် လမ်းစဉ်ကြီးပါပေတည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နေမယ်ဆိုယင် ဒုက္ခသစ္စာကိုသိမယ်၊ သမုဒယသစ္စာကိုသိမယ်၊ နိရောဓသစ္စာကိုသိမယ်၊ မဂ္ဂသစ္စာကိုလဲသိမယ်၊ အာသဝ တရားသိ၊ အာသဝဖြစ်ကြောင်းသိ၊ အာသဝမရှိရာဖြစ်တဲ့ နိဗ္ဗာန်ကိုသိ၊ အာသဝကုန်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုသိမယ်။

"တဿ ဧဝံ ဇာနတော ဧဝံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ"။

**အာသဝတရားတို့မှ လွတ်မြောက်ခြင်း**

ဧဝံ၊ ဤသို့။ ဇာနတော၊ သိသော။ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ကာမာသဝါပိ၊ ကာမာသဝမှလည်း။ ဝိမုစ္စတိ၊ လွတ်၏။

ဘဝါသဝါပိ စိတ္တံ ဝိမုစ္စတိ။ ။ဘဝါသဝါပိ၊ ဘဝါသဝမှလည်း။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။

အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိ။ ။အဝိဇ္ဇာသဝါပိ၊ အဝိဇ္ဇာသဝမှလည်း။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။

ဒိဋ္ဌာသဝ ဘယ်ကျန်ခဲ့လဲ၊ ဒီအထဲမှာ မပါဘူး၊ ဘာဖြစ်လို့မပါတုံး-အခု အာသဝက္ခယဉာဏ်ကို ပြောနေတာ၊ သောတာပတ္တိမဂ်ဉာဏ် ခဏ ကတည်းက ဒိဋ္ဌာသဝမရှိတော့ဘူး၊ ဒါရှင်းသွားပြီနော်၊ (မှန်ပါ) သဘောရပြီမဟုတ်လား၊ (မှန်ပါ-ရပါတယ်ဘုရား)

"ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"။

မြတ်သောအကျင့် ကျင့်သုံးပြီးပြီ၊ ပြုကျင့်စရာ မဂ်ဖိုလ်ကိစ္စလဲ ပြုပြီးပြီ၊ နောင်ဘဝခန္ဓာမရှိတော့လို့ ငါ့ဘဝကုန်ပြီ၊ ဒါတွေအကုန် ပစ္စဝေက္ခဏာ ဉာဏ်နဲ့သိတယ်-နော်၊ (မှန်ပါ) ဥပမာ ဘယ့်နှယ်ပြသလဲလို့ဆိုတော့-

"သေယျထာပိ ဘိက္ခဝေ ပဗ္ဗတသင်္ခေပေ ဥဒကရဟဒေါ အစ္ဆော ဝိပ္ပသန္နော အနာဝိလော၊ တတ္ထ စက္ခုမာ ပုရိသော တီရေ ဌိတော ပဿေယျ သိပ္ပိသမ္ဗုကမ္ပိ သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ"။

တောင်ထိပ်တခုပေါ်မှာ ကြည်လင်သော ရေအိုင်ထဲကို မျက်လုံးအမြင်ရှိတဲ့ ပုဂ္ဂိုလ်အနေနဲ့ ရပ်ကြည့်လိုက်မယ်ဆိုယင် ဒီရေအိုင်အတွင်းမှာရှိနေတဲ့ ကျောက်စရစ်အိုးခြမ်းကွဲတွေ သွားလာလှုပ်ရှားနေတဲ့ ယောက်သွား- ငါး-ခရုတွေကို အပေါ်က မမြင်ရဘူးလားလို့၊ (မြင်ရပါတယ်ဘုရား) အဲဒီလို မြင်ရသလိုဘဲတဲ့-

အာသဝ, အာသဝသမုဒယ, အာသဝနိရောဓ, အာသဝနိရောဓဂါမိနီ ပဋိပဒါ-ဆိုတဲ့ လေးချက်တို့ကိုပိုင်းပိုင်းခြားခြားကြီး မြင်သည်ဖြစ်သောကြောင့် ကာမာသဝမှလွတ်, ဘဝါသဝမှလွတ်, အဝိဇ္ဇာသဝမှ လွတ်မြောက်သည့် အာသဝက္ခယဉာဏ် ဖြစ်လာတယ်၊ အဲဒီလို အာသဝက္ခယဉာဏ်ကို ရတော့- "ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ"လို့ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပေါ်လာတယ်၊ သုတ္တန်နိဂုံးဟုတ်လား။

**သမဏဟုခေါ်ဆိုထိုက်သူ** အဲဒီလို ပြည့်စုံတဲ့ ရဟန်းမျိုးကိုမှ-

"အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု သမဏောဣတိပိ ဗြာဟ္မဏော ဣတိပိ နှာတကောဣတိပိ ဝေဒဂူဣတိပိ သောတ္တိယော ဣတိပိ အရိယော ဣတိပိ အရဟံဣတိပိ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အယံ ဘိက္ခု၊ ဤသို့သော ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ကို သုံးခန်းတိုင်မြောက် ပြည့်စုံတဲ့ ရဟန်းတော်မျိုးကို။ သမဏောဣတိပိ၊ သမဏဟူ၍ငင်း။ ဗြာဟ္မဏော ဣတိပိ၊ဗြာဟ္မဏဟူ၍ငင်း။ နှာတကော ဣတိပိ၊ နှာတကဟူ၍ငင်း။ ဝေဒဂူဣတိပိ၊ ဝေဒဂူဟူ၍ငင်း။ သောတ္တိယော-ဣတိပိ၊ သောတ္တိယဟူ၍ငင်း။ အရိယောဣတိပိ၊ အရိယဟူ၍ငင်း။ အရဟံ ဣတိပိ၊ အရဟံ ဟူ၍ငင်း။ ဝုစ္စတိ၊ ဆိုရ၏။ ဘာပြုလို့လဲ-

ကထဉ္စ ဘိက္ခဝေ ဘိက္ခု သမဏော ဟောတိ။ ။(ဒါလေးကို မြတ်စွာဘုရားက ဆက်ဟောထားတယ်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သမဏော၊ သမဏမည်သည်။ ဟောတိ၊ ဖြစ်သနည်း။

"သမိတာဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ သံကိလေ-သိကာ ပေါနောဘဝိကာ သဒရာ ဒုက္ခဝိပါကာ အာယတိံ ဇာတိဇရာမရဏီယာ။ ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု သမဏော ဟောတိ"။

**အကုသိုလ်တရားတို့ ငြိမ်းအေးပြီးသူ** အဿဘိက္ခုနော၊ ထိုရဟန်းအား။ ပါပကာ၊ ယုတ်မာကုန်သော။ သံကိလေသိကာ၊ စိတ်ကို ညစ်နွမ်းစေတတ် ပင်ပန်းစေတတ် ပူပန်စေတတ်သော သဘော

ရှိကုန်သော။ ပေါနောဗ္ဘဝိကာ၊ နောင်တဖန် ဘဝသစ်၌ဖြစ်စေတတ်ကုန်သော။ သဒရာ၊ ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ဒုက္ခဝိပါကာ၊ဆင်းရဲခြင်း၏အကျိုးဝိပါက်ကို ဖြစ်စေတတ်ကုန်သော။ အာယတိံ၊ ဘဝများစွာ နောင်အခါ၌။ ဇာတိဇရာ မရဏိယာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကို ဖြစ်စေတတ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ သမိတာ၊ ကိုယ်၌သန္တာန်၌ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ ခေါ၊ ဤသို့ ဘဝများစွာ သံသရာတွင် ပုပင်ညစ်ဆိုး မကောင်းကျိုးပေး အိုနာသေရေး ဒုက္ခဘေးတို့ကို ဖြစ်စေတတ်ငြား အကုသိုလ်တရားတို့ ငြိမ်းပြီးသည့် အတွက်ကြောင့်သာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ သမဏော၊ သမဏမည်သည်။ ဟောတိ၊ ဖြစ်ပေတော့၏။

အဲဒီတရားတွေ ငြိမ်းပြီးလို့ သမဏမည်တယ်၊ ဒီတရားတွေကို အပပြုပြီးတဲ့ အတွက် ဗြာဟ္မဏလဲမည်တယ်- ဟုတ်လား၊ ဒီတရားတွေကို ဆေးကြောပြီးတဲ့ အတွက် နှာပကလို့လဲခေါ်တယ်၊ အဲဒီတရားတွေကို မဂ်ဉာဏ်ဖြင့် ပယ်ပြီးတဲ့ ပယ်ခြင်းငှာ သိတဲ့အတွက် ဝေဒဂူ၊ (ဒီအတိုင်းသွားကြစို့၊ ပါဠိသွားကတော့ ဒီအတိုင်းချည့်ထဲ-ဟုတ်လား) အဲဒီကိလေသာအာရုံတွေကို ပယ်ပြီးတဲ့ အတွက် သောတ္တိယ၊ ဒီကိလေသာ ပယ်သတ်ပြီးတော်မူတဲ့အတွက် အရိယ၊ ဒီကိလေသာ အာရုံ ကင်းဝေးပြီးတော်မူတဲ့ အတွက်ကြောင့် အရဟံလို့လဲ ခေါ်ဆိုနိုင်၏ဟု ဤသို့ဟောကြားတော်မူပါတယ်၊ ကိုင်း-အာသဝက္ခယဉာဏ်လဲပြီးရော ဆိုပါ တော့-ဟုတ်လား၊ (မှန်ပါ)

"ဣဒ မဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒု"န္တိ။

**သုတ္တန်နိဂုံး** ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ ဣဒံ ဓမ္မ ဒေသနံ၊ ဤသုတ္တန် တရားဒေသနာတော်မြတ်ကို။ အဝေါစ၊ ဟောကြားတော်မူခဲ့ပါ ပေပြီ။ တေ ဘိက္ခူ၊ ထိုတရားတော်ကို နာကြားရကုန်သော ရဟန်းတော် တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်၏။ ဘာသိတံ၊ ဟော ကြားတော် မူအပ်သော တရားဒေသနာတော်မြတ်ကို။ အတ္တမနာ၊ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ အဘိနန္ဒုံ၊အလွန်နှစ်သက်အားရစွာ ခံယူကြလေ ကုန်၏။

ဉာတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ မဇ္ဈိမနိကာယေ၊ မဇ္ဈိမနိကာယ်၌။ မူလပဏ္ဏာသကေ၊ မူလပဏ္ဏာသ ပါဠိတော်၌။ မဟာယမကဝဂ္ဂေ၊ မဟာယမကဝဂ်၌။ မဟာ အဿပုရသုတ္တံ၊ မဟာအဿပုရသုတ္တန် တရားဒေသနာတော်မြတ်ကို။ ဒေသေတိ၊ ကောင်းစွာမသွေ ဟောကြားတော် မူခဲ့ပါပေ၏။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား, အမျိုးကောင်း သမီး အပေါင်းတို့။ တုမှေ၊ သင်အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့သည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရား ဒေသနာတော် မြတ်ကို။ သုတွာ၊ ကြားနာရကုန်သောကြောင့်။ ဥပနိဿယံ၊ မှီရာဖြစ်သော အကြောင်း ဥပနိဿယကို။ လဘိတွာန၊ ရကြကုန်ပြီးသည်ဖြစ်၍။ တေန ဥပနိဿယေန၊ ထိုတရားဒေသနာကို ရိုသေစွာ နာခံမှတ်သားရခြင်း တည်းဟူသော ဥပနိဿယ ပစ္စည်းဖြင့်။ ဥပကာရကံ၊ ကျေးဇူးပြုသော။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်ကို။ လဘိတွာ၊ ရကြကုန်သည်ဖြစ်၍။ တေန မဂ္ဂဉာဏေန၊ ထို မဂ်ဉာဏ်ဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ငြိမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောထ၊ ကောင်းစွာမသွေ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

# မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ် ပြီးပြီ။

# အက္ခရာစဉ်အညွှန်း

(အ)


အကုသိုလ်တရားတို့ ငြိမ်းအေးပြီးသူ ၃၀၀
အကြောင်းအကျိုးဆက်သွယ်ပုံ ၂၉၅
အကျင့်သိက္ခာမရှိဘဲ ရဟန်းယောင်ဆောင်သူ ၁၇
အတ္တသညာကိုမစွန့်လျှင် ဝိပဿနာမဖြစ် ၂၀၃
အထက်တန်းစိတ်နှင့် အောက်တန်းစိတ် ၂၀၉
အဓိစိတ္တသိက္ခာ ၁၂
အဓိပညာသိက္ခာ ၁၂
အဓိသီလသိက္ခာ ၁၁
အပါယ်ဘေးကိုကြောက်ခြင်း သြတ္တပ္ပ ၄၀
အပါယ်စသည်ကြောက်ပြီး မကောင်းမှုမှရှောင်လျှင် သြတ္တပ္ပ ၃၈
အဘိဇ္ဈာကိုပယ်ခြင်း ၂၂၉
အမျိုးဇာတ်ကိုဆင်ခြင်၍ရှက်ခြင်း ဟိရီ ၃၉
အမွေခံမှန်မြတ်သည်ကိုဆင်ခြင်၍ ရှက်ခြင်းဟိရီ ၃၉
အရွယ်ကိုအစွဲပြု၍ ဟိရီဖြစ်ပုံ ၂၄
အရှက်ကင်းသောရဟန်း၏ အဟိတ်ဝတ္ထု ၇၁
အလှူခံရာ၌ သိဖွယ်သုံးရပ် ၁၇၀
အလှူခံရမည့်ပမာဏသုံးရပ် ၁၇၁
အသုဘနိမိတ်ရှုပွား၍ ရာဂမီးပျောက်ပုံ ၁၄၀
အဿပုရနိဂုံးသားတို့ သာသနာကြည်ညိုပုံ ၆
အသက်သေလျှင်သေစေ အာဇီဝအပျက်မခံ ၁၂၅
အသက်မွေးမှုစင်ကြယ်ရပုံ ၁၀၄
အသမ္မောဟသမ္ပဇဉ် ၂၀၃


(အာ)


အာဇီဝပါရိသုဒ္ဓိသီလ ၁၂
အာဇီဝပါရိသုဒ္ဓိဖြင့် လေနာရောဂါပျောက်ခြင်း ၁၂၄
အာဇီဝပါရိသုဒ္ဓိနှင့် အရှင်သာရိပုတ္တရာ ၁၂၀
အာဇီဝပျက်ခြင်းကြောင့် သင့်သောအာပတ် ၆-မျိုး ၁၀၉
အာနာပါနကိုပွားလျှင် သိက္ခာသုံးပါးကျင့်သည်မည်ပုံ ၁၃

အာရမ္မဏူပစျာန်နှင့်လက္ခဏူပစျာန်
အာသဝက္ခယဉာဏ်
အာဟာရ၌စက်ဆုပ်ဖွယ်ဟုဆင်ခြင်ပုံ

(ဣ)

ဣန္ဒြိယသံဝရမရှိလျှင် သီလပျက်၏
ဣန္ဒြိယသံဝရသီလ
ဣန္ဒြေ ၆-ပါးကိုလုံခြုံစွာစောင့်ရှောက်ခြင်း
ဣန္ဒြေလုံခြုံ၍ရဟန္တာဖြစ်ပုံ
အိပ်ချိန်နှင့်အိပ်နည်း
အိပ်ခြင်းလေးမျိုး

(ဥ)

ဥဒ္ဒစ္စကုက္ကုစ္စသည်အစေခံကျွန်ဥပမာ
ဥဒ္ဒစ္စကုက္ကုစ္စနှင့်ဝိစိကိစ္ဆာကိုပယ်ခြင်း

(ဧ)

ဧကဂ္ဂတာသည်ကာမစ္ဆန္ဒ၏ဆန့်ကျင်ဘက်

(ဩ)

ဩဝါဒပေးခြင်းသည်ဘုရားလမ်းစဉ်
ဩတ္တပ္ပသည်ဗဟိဒ္ဓသမုဋ္ဌာန်
ဩတ္တပ္ပ၏ပြည့်တန်ဆာမနှင့်တူပုံ
ဩတ္တပ္ပ၏သံတွေခဲဥပမာ

(က)

ကာမဂုဏ်ခံစားသူတို့၏အိပ်ပုံ
ကာမစ္ဆန္ဒကင်းလျှင်ကြွေးကင်းပုံ
ကာမစ္ဆန္ဒသည်ကြွေးတင်သူဥပမာ
ကာလသုညာဂါရအဓိပ္ပါယ်
ကုမ္ဘကာရဇာတ်ဝတ္ထုမှထုတ်နုတ်ချက်
ကမ္မနှင့်ဝိပါကအကြောင်းအကျိုးဆက်စပ်ဖြစ်မှုအစဉ်
ကိုယ်ရုံကိုခွာ၍ဘုရားအားနှုတ်လုံထိုးသောရဟန်း
ကိုယ်ရုံနှင့်သင်းပိုင်းကိုချွတ်၍ရပ်သောရဟန်း
ကျား-မဟူ၍မမြင် အရိုးစုသာမြင်သောရဟန်း

ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ဘုရား ၂၂၃
ကြည့်မှန်ဥပမာ ၉၀
ကြောက်ခြင်း၏အကြောင်း-လေးပါး ၄၀
ကြောက်မက်ဖွယ်ဘေးရန်ငါးမျိုး ၂၂၂

(ခ)

ခွေးအန်ဖတ်နှင့်တူသောအစားအစာ ၁၆၇
ခန္ဓာကိုယ်နှင့်စားဖွယ်တို့အချင်းချင်းမသိပုံ ၁၇၆
ခြသေ့်တို့၏အိပ်ပုံ ၁၉၅

(ဂ)

ဂဟေတဗ္ဗအင်္ဂါသုံးပါးနှင့်အညီစားရကျိုး ၁၈၄
ဂေါစရသမ္ပဇဉ် ၂၁၃

(စ)

စတုပါရိသုဒ္ဓိသီလ ၁၂
စင်ကြယ်သောကိုယ်အမူအရာ ၇၈
စတုတ္ထဈာန်ဖြစ်ပုံ ၂၇၀
စတုတ္ထဈာန်တကိုယ်လုံးဖြူစင်ကြည်လင်နေပုံ ၂၇၀
စတုတ္ထဈာန်ချမ်းသာသည်စောင်ဖြူကိုခေါင်းမြီးခြုံသူနှင့်တူ ၂၇၁
စက္ခုတံခါးပေါက်မှလောဘဒေါသဝင်နိုင်ခြင်း ၁၃၁
စက္ခုန္ဒြေကိုသတိဖြင့်စောင့်ရှောက် ၁၃၀
စက္ခုန္ဒြေရှိ၍ကျော်ကြားသောရဟန်းတပါး ၁၄၃
စားသောက်ဖွယ်၌ပညာဖြင့် ဆင်ခြင်၍မှီဝဲခြင်း ၁၅၈
စားပိုးနှင့်သေသောရဟန်းနှင့်သုကဇာတ် ၁၆၁
စားသောက်ရာ၌ဆင်ခြင်ပုံဂါထာ ၁၆၇
စိတ်အမူအရာစင်ကြယ်ရပုံ ၁၀၂
စိတ်တမျိုးဖြစ်လျှင်စိတ်တမျိုးချုပ်ပုံ ၂၁၄

(ဆ)

ဆင်ခြင်ပုံပဋိက္ကူလအင်္ဂါလေးပါး ၁၆၀
ဆားတပွင့်သိမ်းဆည်းမိ၍ ရသေ့နှစ်ပါးငြင်းခုံကြပုံ ၁၁၃
ဆန္ဒ,ပါမောဇ္ဇ,ပီတိဖြစ်ပေါ်ပုံ ၂၅၄
ဆိတ်ငြိမ်ရာအရပ် ၉-ပါး ၂၁၈
ဆိတ်ငြိမ်သောအခါတရားအားထုတ် ၂၂၈

(ဇ)

ဇာဂရိယာနုယောဂတရား ၁၉၀
ဇာဂရိယာနုယောဂမှတဆင့်တက်ပုံ ၁၉၇
ဇာတ်ကိုအစွဲပြု၍ကိုရိုဖြစ်ပုံ ၂၃

(ဈ)

ဈာန်အင်္ဂါငါးပါး ၂၅၃

(ည)

ညဏ်မျက်စိကိုကန်းအောင်ပြုလုပ်သည့်တရားများ ၂၅၀

(ဌ)

ဌာနသုညာဂါရအဓိပ္ပါယ် ၂၂၆

(တ)

တရုဏဝိပဿနာဉာဏ်ကိုလျှင်ဗလဝဝိပဿနာဉာဏ်,မဂ်ဉာဏ်ပျက်၏ ၆၅
တတိယဈာန်ဖြစ်ပုံ ၂၆၀
တတိယဈာန်ရှိပီတိသည် ရေနှင့်ကြာဥပမာ ၂၇၀
တရားအားထုတ်တဲ့ပုဂ္ဂိုလ်များအိပ်ချိန် ၁၉၅
တံခါးပွင့်လျှင်လုယက်ဖျက်ဆီးခံရမည် ၁၃၃
တိရစ္ဆာန်တို့ကဲ့သို့အသိမျိုးသည်သမ္မာဉာဏ်မဖြစ် ၂၀၂

(ထ)

ထိနမိဒ္ဓသည်ထောင်ကျနေသူဥပမာ ၂၄၂
ထိနမိဒ္ဓကိုစွန့် ၂၃၂

(ဒ)

ဒေဝဓမ္မ-နတ်တရား ၂-ပါး ၄၆
ဒေဝဓမ္မဇာတ်ဝတ္ထု ၅၄
ဒေဝဓမ္မတရားကိုဖြေဆိုနိုင်သည့်မင်းသား ၆၁
ဒေါသသည်မိမိကိုအရင်ဖျက်ဆီးတတ်ခြင်း ၂၃၁
ဒေါသကိုခွာ ၂၃၀
ဒုတိယဈာန်၌ဝိတက်ဝိစာရကင်းခြင်း ၂၆၅
ဒုတိယဈာန်ဖြစ်ပုံ ၂၆၄
ဒုတိယဈာန်ရှိပီတိသုခသည်စမ်းရေအိုင်နှင့်တူပုံ ၂၆၆
ဒုတိယဈာန်၌ပီတိကိုခွာပုံ ၂၆၇
ဒုစရိုက်ရှိသူသည်ဒုဂ္ဂတိဘုံသို့ ၂၀၇
ဒိဗ္ဗစက္ခုအဘိညာဏ်နှင့်အိမ်နှစ်လုံးဥပမာ ၂၉၁

(ခ)

ခတ်အနေအားဖြင့်ဆင်ခြင်ပုံ ၁၇၅

(န)

နစ္စဇာတ်ဝတ္ထု ၆၉
နည်းနာမခံဘဲကျင့်သူသည်ကျွဲကန်းအကျင့် ၁၁၉
နည်းနည်းသာ အလှူခံသူ၏အကျိုး ၁၇၃
နီဝရဏတရားငါးပါး ၂၄၉
နီဝရဏတရား ငါးပါးကို ဥပမာဖြင့်ဟောပုံ ၂၃၄
နီဝရဏကွာအောင်ရှုဆင်ခြင်ပုံ ၂၅၁
နီဝရဏငါးပါး၏ဆန့်ကျင်ဘက်တရားများ ၂၅၀
နေ့နှင့်ညကို ၆-ပုံပုံ တပုံသာ အိပ်ရပုံ ၁၉၁
နို့ဃနာဖြင့် လေနာပျောက်ဘူးခြင်း ၁၂၁
နွားယောင်ဆောင်သော မြည်းဥပမာ ၁၅
နှစ်သက်စရာအာရုံမြင်ယင် အသုဘဟုဆင်ခြင် ၁၄၂
နှုတ်အမူအရာစင်ကြယ်ရခြင်း ၉၃

(ပ)

ပဋိကူလသညာဖြင့် ဆင်ခြင်နည်း ၁၆၇
ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ် ၂၉၃
ပဋိက္ခေပအင်္ဂါလေးချက်ကို မပယ်လျှင် ဝင်လာမည့်အကုသိုလ်များ ၁၇၇
ပဌမဈာန်ဖြစ်ပုံ ၂၆၁
ပစ္စယသန္နိဿိတသီလ ၁၂
ပစ္စည်းများသောရဟန်း ၄၀
ပယ်ပြီးသော နီဝရဏတို့ကို ရှုဆင်ခြင်နေပုံ ၂၄၆
ပဟာနင်္ဂအင်္ဂါနှင့် သမ္ပန္နင်္ဂ အင်္ဂါ ၂၆၀
ပါတိမောက္ခသံဝရသီလ ၁၂
ပြိတ္တာတို့၏အိပ်ပုံ ၁၉၄
ပီတိငါးမျိုး၏ အဓိပ္ပါယ် ၂၅၇
ပီတိသည် ဗျာပါဒ၏ဆန့်ကျင်ဘက် ၂၅၉
ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်ပုံ ၂၇၇
ပြောင်လှောင်သောစကားကိုပင် မဟုတ်မမှန်မပြောရခြင်း ၉၆

(ဖ)

ဖြစ်ခဲ့ဘူးသည့် ခန္ဓာအစဉ်ကို ဆင်ခြင်ပုံဥပမာ ၂၀၃

(ဗ)
ဗလဝဝိပဿနာဉာဏ်,မဂ်ဉာဏ် မရှိလျှင် ပစ္စဝေက္ခဏာဉာဏ်ပျက်၏ ၆၆
ဗဟုဿုတကို အစွဲပြု၍ ဟိရီဖြစ်ပုံ ၂၅
ဗျာပါဒသည် ရောဂါစွဲသူဥပမာ ၂၄၀
(ဘ)
ဘဝများစွာက ချမ်းသာဆင်းရဲကိုသိခြင်း ၂၈၀
ဘိက္ခုဟုခေါ်ဆိုခြင်း အကြောင်း ၈၄
ဘုရားရှင်၏ ဆုံးမချက် ၅၀
ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်၍ရှက်ခြင်းဟိရီ ၃၉
ဘေသဇ္ဇသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း ၁၁၁
ဘေးရန်ငါးမျိုးကို မကြောက်ရ ၂၂၄
ဘေးကာကွယ်ရန် လက်နက်ခြောက်မျိုး ၂၂၅
ဘောဇနေမတ္တညုတာ၌ ပမာဏနှစ်မျိုး ၁၆၉၊
(မ)
မကောင်းသောအကျင့်ကိုပင် အမှန်ဆို၍ရောဂါပျောက်ပုံ ၁၅၁
မစင်ကြယ်သော ကိုယ်အမူအရာ ၈၃
မယေရ်ကြီး နန်းတော်ကြွရခြင်း ၁၄၆
မယေ့ကြီးတော်သို့ ပြန်ကြွခြင်း ၁၄၇
မမှီဝဲအပ်သော ကိုယ်အမူအရာ ၈၈
မမြဲသောရုပ်နာမ်အဖြစ် ၉
မသုံးဆောင်ထိုက်သောနို့ဃနာ ၁၂၄
မဂ္ဂင်ရှစ်ပါးသည် သာမည ၇၉
မဂ်ဖိုလ်တရားသည် သာမညတ္တ ၈၁
မဂ္ဂင်ရှစ်ပါးနှင့် သိက္ခာသုံးပါးယှဉ်တွဲပုံ ၇၉
မင်းပြစ်မင်းဒဏ်ကို ကြောက်ခြင်း ဩတ္တပ္ပ ၄၀
မယ်တော်၏ရောဂါကို သစ္စာဆို၍ကုသောရဟန်း ၁၄၈
မျက်စိကိုသံပူဖြင့်ထိုးသည်ကမြတ်ပုံ ၁၃၃
မြတ်စွာဘုရားရှင်အိပ်ပုံ ၁၉၃
မိမိကိုယ်ကိုအလေးပြု၍ ဟိရီဖြစ်ပုံ ၂၇
မိမိကိုယ်ကို မိမိစွပ်စွဲမည့်ဘေးကိုကြောက်ခြင်းဩတ္တပ္ပ ၄၀
မိမိကိုယ်ကိုမမြှောက်ပင့်ရန် ၉၀
မိမိသားကိုသတ်စား မပျော်ပါးနိုင်သလို ၁၈၁

မိုဝဲအပ်သောကိုယ်အမူအရာ ၈၈
မိုဝဲရမည့်ဂဟေတဗ္ဗအင်္ဂါ ၁၈၀
မုသာဝါဒလေးမျိုးနှင့် အနရိယဝေါဟာရရှစ်မျိုး ၉၄
မုသားပြောသူသည်မပြုလုပ်ဝံ့သော အကုသိုလ်မရှိ ၉၈
မုသားနှင့်မဂ်ဖိုလ်ကို ဥပမာဖြင့်ဟောတော်မူခြင်း ၉၈

(ယ)

ယန္တရားရုပ်ဥပမာ ၂၀၉
ယညဒတ္တမြွေကိုက်ခံရ၍ ရသေ့ကြီးသစ္စာဆိုပုံ ၁၅၁
ယညဒတ္တအတွက်မိခင်သစ္စာဆိုပုံ ၁၅၂
ယညဒတ္တအတွက်ဘခင်သစ္စာဆိုပုံ ၁၅၂

(ရ)

ရဟန်းဟုဝန်ခံလျှင်ရဟန်းဖြစ်အောင်ကျင့် ၅
ရဟန်းတရားကျင့်မှုဒါယကာများအကျိုးမျှ ၈
ရဟန်းတော်များရဲ့လုပ်ငန်း ၁၁
ရဟန်းတော်များ၏နူးညံ့လှသောကျင့်ဝတ်များ ၁၀၄
ရာဂမီးလောင်ခံရသောဝင်္ဂီသမထေရ် ၁၃၉
ရှာဖွေ-ခံယူ-သုံးဆောင်သည့်အခါအပြစ်ကင်းရန် ၁၆၄
ရှိသေထိုက်သူကိုလေးစား၍မကောင်းမှုမှရှောင်လျှင်ဟိရီ ၃၈
ရုပ်နာမ်များပြားသော်လည်းခန္ဓာတစ်ခုတည်းသာ ၂၈၁
ရှက်ခြင်း၏အကြောင်းလေးပါး ၃၉
ရှက်ကြောက်ခြင်း၏အကျိုးတရား ၄၀
ရှင်ဘုရင်နှစ်ပါးတောထွက်ခြင်း ၁၁၂
ရှင်ဘုရင်ပင့်၍မရသောရဟန်း ၁၄၄

(လ)

လက္ခဏာယာဉ်သို့တင်ပုံ ၂၉၇
လူများနှင့်ကင်းအောင်နေရန် ၂၂၁
လောကကိုအလေးပြု၍သြတ္တပ္ပဖြစ်ပုံ ၂၇
လောကပါလတရား ၂-ပါး ၄၂
လှေနှင့်မြားပြေးသွားကြသည့်ဥပမာ ၂၀၆
လှုပ်ရှားမှုမှန်သမျှဝါယောကာယ ၂၀၄

(ဝ)

ဝါယောရုပ်အကြောင်းခံ၍သဏ္ဍာန်ကွဲပြားပုံ ၂၀၈

ဝိစာရသည်ဝိစိကိစ္ဆာ၏ဆန့်ကျင်ဘက် ၂၅၉
ဝိစိကိစ္ဆာသည်ဥစ္စာထုပ်နှင့်ခရီးဆိုးသွားသူဥပမာ ၂၄၄
ဝိတက်သည်ထိနမိဒ္ဓ၏ဆန့်ကျင်ဘက် ၂၅၀
ဝိပဿနာဉာဏ်ပွားပုံ ၂၉၆

(သ)

သတိသမ္ဗောဇ္ဈင်တရားများ ၁၉၀
သတိသမ္ဗောဇ္ဈင်တရားများနှင့်ကျေနပ်မနေရရန် ၂၁၆
သမဏဟုခေါ်ဆိုထိုက်သူ ၃၀၀
သမာဓိမရှိလျှင်တရုဏဝိပဿနာဉာဏ်ပျက်၏ ၆၅
သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ် ၄၆
သင်္ကန်းသုံးထည်သာဘုရားခွင့်ပြုပုံ ၄၉
သစ္စာအရာမှတ်စရာဇာတ်ဝတ္ထု ၁၅၀
သစ္စာလေးပါးကိုမသိထိုက်သူ ၆၀
သစ္စာလေးပါးသို့ဆိုက်ရောက်လာပုံ ၂၉၇
သတ္တဝါမှန်သမျှအရိုးစု ၁၃၆
သတ္တဝါတို့၏စုတိနှင့် ပဋိသန္ဓေကိုသိခြင်း ၂၀၄
သတ္တဝါတို့၏လားရာဘုံဘဝကိုသိခြင်း ၂၀၆
သတ္တဝါနှင့်ပဋိစ္စသမုပ္ပါဒ် ၂၉၃
သာတ္ထကသမ္ပဇဉ် ၂၁၂
သပ္ပါယသမ္ပဇဉ် ၂၁၂
သမ္ဗောဇ္ဈင်တရား ၇-ပါး ၂၀၁
သမ္ပဇဉ်တရားလေးပါး ၂၁၂
သာမညနှင့်သာမညတ္ထနှစ်မျိုး ၇၀
သားသည်အမေဟူသရွေ့နို့ကိုချုပ်ပိတ်ခြင်း ၁၄၅
သိက္ခာသုံးပါးအကျင့်တရား ၁၁
သိက္ခာသုံးပါးကိုကျင့်ပုံကျင့်နည်း ၁၄
သီတင်းသုံးဘော်တို့၏ဂုဏ်ကိုဆင်ခြင်၍ရှက်ခြင်း ဟိရီ ၃၉
သီလမရှိလျှင်သမာဓိပျက်၏ ၆၅
သုခသည် ဥဒ္ဓစ္စကုက္ကုစ္စ၏ဆန့်ကျင်ဘက် ၂၆၀
သုစရိုက်ရှိသူသည်သုဂတိဘုံသို့ ၂၀၀
သုဘာထေရီမနှင့်အရက်သမား ၁၄၁
သုဘာထေရီမမျက်လုံးချွတ်ပေးခြင်း ၁၄၂

သုညာဂါရ ၂-မျိုး ၂၂၆
သူရသတ္တိကိုအစွဲပြု၍ ဟိရီဖြစ်ပုံ ၂၄
သူတပါးတို့စွပ်စွဲမည့်ဘေးကို ကြောက်ခြင်းဩတ္တပ္ပ ၄၀
သူတပါးကိုမရှုတ်ချရန် ၉၀
သံဝေဂကပ်ပတ်လုံး အမည်အနွယ်စသည်သိခြင်း ၂၇၈
သိမ်းဆည်းသုံးဆောင်လျှင် အာဇီဝမစင်ကြယ်ပုံ ၁၀၇
သွားမှုရပ်မှုစသည်တို့ စိတ္တဇဝါယောကြောင့်ဖြစ်ပုံ ၂၁၀

(ဟ)

ဟိရီသည် အဇ္ဈတ္တသမုဋ္ဌာန် ၂၂
ဟိရီနှင့်ဩတ္တပ္ပအထူး ၂၂
ဟိရီ, ဩတ္တပ္ပမည်ပုံတနည်း ၃၆
ဟိရီ၏ အမျိုးကောင်း သမီးနှင့်တူပုံ ၃၆
ဟိရီ၏ ကျင်ကြီးစွန့်သူ ဥပမာ ၃၇
ဟိရီ, ဩတ္တပ္ပမရှိသူ တံရစ္ဆာန်နှင့်တူ ၄၄
ဟိရီ, ဩတ္တပ္ပမရှိလျှင် တရား ၆-မျိုးပျက်စီးခြင်း ၆၄
ဟိရီ, ဩတ္တပ္ပမရှိလျှင် ဣန္ဒြိယ သံဝရပျက်၏ ၆၄
ဟိရီ, ဩတ္တပ္ပပြည့်စုံရှိနှင့် မတင်းဟိမ်သင့်ပုံ ၇၅
ဟိရီ, ဩတ္တပ္ပမှစ၍ အဆင့်ဆင့်တက်ပုံ ၂၁၉
ဟိရီနှင့် ဩတ္တပ္ပသည် ရဟန်းဖြစ်ကြောင်းတရား ၂၁

ထူးကြီးဆရာတော်ဘုရား၏ ပါဠိတော်ဟောစဉ်

# ဝိပဿနာ ကျမ်းစာအုပ်များ

၁။ သီလဝန္တသုတ္တန် ပါဠိတော်ဟောစဉ် စာအုပ်သေး

၂။ ထူးကြီး ဝိပဿနာ ပါဠိတော်ဟောစဉ် (ပ) စာအုပ်လတ်

၃။ ထူးကြီးဝိပဿနာ ပါဠိတော်ဟောစဉ် (ဒု) စာအုပ်လတ်

၄။ ပါရာယနဝဂ်ပါဠိတော် ဟောစဉ် (ပ) စာအုပ်ကြီး

၅။ ပါရာယနဝဂ် ပါဠိတော်ဟောစဉ် (ဒု) စာအုပ်ကြီး

၆။ ဝိပဿနာ အလုပ်ပေးတရားတော် စာအုပ်လတ်

၇။ ဝိပဿနာအလုပ်ပေးတရားတော်မှ
ကောက်နုတ်ချက်များ စာအုပ်ငယ်

၈။ ပရိမာနန္ဒသုတ္တန် ပါဠိတော်ဟောစဉ် စာအုပ်ကြီး

၉။ မေဃိယသုတ္တန်ပါဠိတော်ဟောစဉ် စာအုပ်ကြီး

၁၀။ မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ် စာအုပ်ကြီး

* မဟာနိဒါနသုတ္တန် ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်း

( ပုံနှိပ်ထွက်တော့မည်)

ဟံသာဝတီ စာအုပ်တိုက်
၃၅၇ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့
(ဖုံး· ၁၀၁၀၅)